# မြန်မာ့ငြိမ်းချမ်းရေး
# လုပ်ငန်းစဉ်ကို ပုံဖော်ခြင်း

## ရည်ညွှန်းအကိုးအကား ၂၀၂၁ – ၂၀၂၂

# မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ပုံဖော်ခြင်း
# လမ်းညွှန်အကိုးအကား ၂၀၂၁ - ၂၀၂၂

နိုင်ငံတကာ မြန်မာ့သတင်း (Burma News International) က ရေးသားတည်းဖြတ်သည်။

| | | |
|---|---|---|
| ယခင်ထွက်ရှိခဲ့သည့် တအုပ်စီးရီးများ | - | ၂၀၁၃၊ ၂၀၁၄၊ ၂၀၁၅၊ ၂၀၁၆၊ ၂၀၁၇-၂၀၁၈၊ ၂၀၁၉-၂၀၂၀ |
| မူပိုင် | - | နိုင်ငံတကာ မြန်မာ့သတင်း (Burma News International) |
| Website | : | https://www.mmpeacemonitor.org |
| Twitter | : | https://twitter.com/mmpeacemonitor |
| Facebook | : | https://www.facebook.com/mmpeacemonitor |
| Instagram | : | https://www.instagram.com/mmpeacemonitor/mmpeacemonitor |

ပုံနှိပ်မှတ်တမ်း ........................................ ၁

မာတိကာ ........................................ ၂

ကျေးဇူးတင်လွှာ ........................................ ၃

စာဖတ်သူအသိပေးချက် ........................................ ၄

အနှစ်ချုပ် ........................................ ၆

အတိုကောက်စာလုံးအကွာရာများ ........................................ ၈

ကျွန်ုပ်တို့အကြောင်း ........................................ ၁၇

စစ်အာဏာသိမ်းမှုနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးတည်ရာ........................................ ၁၈

၂၁ ရာစု ပင်လုံလားရာ ........................................ ၂၈

စစ်အာဏာသိမ်းကာလအတွင်း ဖာတ်ကောင်အသစ်များ ........................................ ၃၃

ပဋိပက္ခတိုက်ပွဲဆိုင်ရာ တွေ့ရှိချက်များ ........................................ ၅၂

ပြည်နယ်နှင့် တိုင်းအလိုက် ဘာတွေဖြစ်ခဲ့သလဲ (သုံးသပ်တွေ့ရှိချက်များ) .......... ၆၀

စစ်ဘေးရှောင်များ အခြေအနေ ........................................ ၉၆

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအကြောင်း........................................ ၁၀၅

တွေ့ဆုံဆွေးနွေးမှုဆိုင်ရာ အညွှန်းကိန်းများ ........................................ ၁၄၆

နွေဦးတော်လှန်ရေး လှုပ်ရှားမှုများ ........................................ ၁၅၀

နိုင်ငံတကာ အခန်းကဏ္ဍ ........................................ ၁၉၅

အထူးလေ့လာသုံးသပ်ချက်များ ........................................ ၂၃၇

# ကျေးဇူးတင်လွှာ

နိုင်ငံတကာ မြန်မာ့သတင်း BNI ၏ အဖွဲ့ဝင် အဖွဲ့အစည်းများနှင့် အခြားသော အုပ်စုများမှ တင်ပြထားသည့် မြန်မာပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုင်ရာ နောက်ဆုံးရ သတင်းအချက်အလက်များကို စုစည်း၍ ဇန်နဝါရီ ၂၀၂၁ - မတ် ၂၀၂၂ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ရည်ညွှန်းအကိုးအကားစာအုပ် တင်ပြခွင့်ရသည့်အတွက် လွန်စွာဝမ်းမြောက်မိပါသည်။

ဤစာအုပ်ဖြစ်မြောက်ရေးအတွက် ပိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့သည့် BNI နှင့် ငြိမ်းချမ်းရေးစောင့်ကြည့်ရေးစီမံကိန်း (MPM) ပိုင်းတော်သားများကိုလည်း အထူးကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့အနေဖြင့် မြန်မာငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုင်ရာ ကိစ္စရပ်များကို လုပ်ဆောင်နေစဉ်အတွင်း ကူညီထောက်ပံ့ပေးခဲ့သူများအားလုံးကို လေးစားအသိအမှတ်ပြုပါကြောင်းကိုလည်း လိုက်လှဲစွာ တင်ပြလိုပါသည်။ ထို့အပြင် ဤစီမံကိန်းအတွက် ထောက်ပံ့ကူညီပေးခဲ့သော အလှူရှင်များအားလုံးကို ကျွန်ုပ်တို့အနေဖြင့် အထူးပင် ကျေးဇူးတင်ရှိကြောင်း ထပ်လောင်းတင်ပြအပ်ပါသည်။

# စာဖတ်သူ အသိပေးချက်

ဤစာအုပ် ဖြန့်ဝေသည့်အချိန်တွင် ကာချုပ်မင်းအောင်လှိုင် ဦးဆောင်သည့် စစ်အုပ်စုသည် ပြည်သူလူထု ရွေးကောက်တင်မြှောက်ထားသည့် နိုင်ငံတော်သမ္မတဦးဝင်းမြင့် အပါအဝင် အစိုးရအဖွဲ့ ခေါင်းဆောင်များကိုဖမ်းဆီးပြီး နိုင်ငံတော်အာဏာအရပ်ရပ်ကို သိမ်းယူခဲ့သည့် စစ်အာဏာသိမ်းကာလအချိန် ဖြစ်ပါသည်။ ဤစာအုပ်တွင် ပါဝင်သော အချက်အလက်များသည် ဇန်နဝါရီ ၂၀၂၁ - မတ်လ ၂၀၂၂ ခုနှစ်အထိသာ ပြုစုရေးသားခြင်း ဖြစ်ပါသည်။

ဤစာအုပ်ထဲတွင် ၂၀၂၁- ၂၀၂၂ ခုနှစ်အတွင်း စစ်အာဏာသိမ်းမှုနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးတည်ရာ၊ ပင်လုံတစ်ခန်းရပ်၊ စစ်အာဏာသိမ်းကာလအတွင်း ဇာတ်ကောင်အသစ်များ၊ ပဋိပက္ခ တိုက်ပွဲဆိုင်ရာ တွေ့ရှိချက်များ၊ ထူးထူးခြားခြား ပြောစကားများ၊ ပြည်နယ်နှင့် တိုင်းအလိုက် ဘာတွေဖြစ်ခဲ့သလဲ (သုံးသပ်တွေ့ရှိချက်များ)၊ စစ်ဘေးရှောင်များအခြေအနေ၊ တွေ့ဆုံဆွေးနွေးမှုဆိုင်ရာ အညွှန်းကိန်းများ၊ နွေဦးတော်လှန်ရေးလှုပ်ရှားမှုများ၊ နိုင်ငံတကာအခန်းကဏ္ဍ၊ အထူးလေ့လာ သုံးသပ်ချက်များ စုစည်းတင်ပြထားပါသည်။

အနာဂတ်တွင် စစ်အာဏာရှင် ပြုတ်ကျပြီး ဖယ်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရာအချိန်တွင် တိုင်းပြည်အတွင်း ငြိမ်းချမ်းရေးကြိုးပမ်းအားထုတ်မှုတွင် ပါဝင်ပတ်သက် ဆက်နွယ်နေသည့် လူပုဂ္ဂိုလ်များ၊ သုတေသနပြုလုပ်သူများအတွက် တစ်ဖက်တစ်လမ်းမှ လိုအပ်သော အချက်အလက်များ ထောက်ပံ့ပေးနိုင်မည့် စာအုပ်တစ်အုပ်သာ ဖြစ်ပါသည်။

ဤစာအုပ်တွင် ပါဝင်သော အချက်အလက်များမှာ မူလအရင်းအမြစ်များနှင့် ဆင့်ပွားရင်းမြစ်များမှ ရရှိသော အချက်အလက်များ ဖြစ်၍ တတ်နိုင်သမျှ တိကျပြည့်စုံအောင် စုစည်းထားပါသည်။ ပဋိပက္ခများနှင့် ငြိမ်းချမ်းရေးဆွေးနွေးမှုနစ်စုဝန်းကျင်၌ ရှိတတ်သော ရှုပ်ထွေးမှုများမှာ အကဲဆတ်မှုများ၏သဘာဝကြောင့် ဤစာအုပ်တွင် ကွာဟမှုနှင့် အမှားအယွင်းများ မလွဲမရှောင်သာ ရှိနိုင်ပါသည်။ ကျွန်ုပ်တို့အနေဖြင့် ဤသုတေသနစာတမ်းအတွက် တန်ဖိုးကြီးမားသော သတင်းအချက်

အလက်များအား ရက်ရောစွာ ပေးအပ်ခဲ့သည့် အဖွဲ့အစည်းများ လူပုဂ္ဂိုလ်များအားလုံးကို အထူး ကျေးဇူးတင်ရှိကြောင်း တင်ပြလိုပါသည်။

ဤစာအုပ်တွင် ပါဝင်သော အကြောင်းအရာ အချက်အလက်များကို စုဆောင်းရာတွင် အခက် အခဲများနှင့် ရင်ဆိုင်ရပါသည်။ သို့သော်လည်း ဤစာအုပ်ပါ အချက်အလက်များကို အသုံးပြု၍ ငြိမ်း ချမ်းရေးဖြစ်စဉ်ဆိုင်ရာ ကိစ္စရပ်များကို ဆောင်ရွက်ရာတွင် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြု လိမ့်မည်ဟု မျှော်လင့်ပါသည်။ သတင်းမီဒီယာနှင့် အခြားသော တရားဝင်အရင်းအမြစ်များမှ လိုအပ် သော အချက်အလက်များကို စုဆောင်းရာတွင် ကျွန်ုပ်တို့အနေဖြင့် မှားယွင်းမှုများ၊ အဓိပ္ပာယ်နှစ်ခွ ဖြစ်နေမှုများ စသည့် အခြေအနေများကို မကြာခဏ ရင်ဆိုင်ရပါသည်။ တစ်ချိန်တည်းတွင်လည်း အချို့သော အချက်အလက်များသည် ဆွေးနွေး ညှိနှိုင်းရေး လုပ်ဆောင်နေသော ကာလများအတွင်း အကဲဖြတ်သည့်သဘော ရှိသည်ကိုလည်း စာဖတ်သူများ နားလည်နိုင်လိမ့်မည်ဟု မျှော်လင့်မိ ပါသည်။

ဤဖြစ်စဉ်တွင် ပါဝင်နေသော အဖွဲ့အစည်းအသီးသီးများကြားတွင် မှားယွင်းမှုများ၊ အဓိပ္ပာယ် နှစ်ခွဖြစ်နေသော အခြေအနေများကြောင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ရှေ့သို့ရောက်ရှိရေး အတွက် တွန်းအားပေးရာတွင် နှောင့်နှေးကြန့်ကြာမှုများနှင့် ရင်ဆိုင်ရတတ်ပါသည်။ ထို့ကြောင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ပါဝင်သော သက်ဆိုင်ရာအဖွဲ့အစည်းများ အားလုံးကြားတွင် နား လည်မှုရှိရေး လိုအပ်ပါသည်။ ရလဒ်အားဖြင့် အနာဂတ် ငြိမ်းချမ်းရေး လုပ်ဆောင်မှုများအတွက် ပိုမို နီးကြားမှုရှိရေးနှင့် စနစ်ကျနသော သတင်းစုဆောင်းရေးတို့အတွက် ဤစာအုပ်သည် အထောက် အကူပြုမည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။

## မှတ်တမ်းအနှစ်ချုပ်

မြန်မာနိုင်ငံက ဒီမိုကရေစီ ပြေပမ်းရေမ်းပျိုးနေမှုတွေကို ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်၌ ၂၀၂၀ ပြည့်နှစ်တွင် စစ်တပ်က အာဏာသိမ်းပြီး ဖြိုချဖျက်ဆီးခဲ့ပါသည်။ စစ်တပ်မှ အာဏာသိမ်းပြီးနောက် ပြည်သူလူထုအပေါ် အရက်စက် အကြမ်းကြုတ်ဆုံးသော လုပ်ရပ်များကို ပြုလုပ်ခဲ့ပြီး၊ ပြည်သူကို ရန်သူသဖွယ်သဘောထားပြီး တိုက်ခိုက်ချေမှုန်းခဲ့ပါသည်။ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် တိုက်ခိုက်ချေမှုန်းရုံမျှမက ကယားချင်းနှင့် မြန်မာနိုင်ငံ အလယ်ပိုင်းတစ်ခွင်တွင် လေကြောင်းတိုက်ခိုက်မှုများကိုပင် ပြုလုပ်ခဲ့သည်။ စစ်တပ်၏ အကြမ်းဖက်မှုကြောင့် နေပြည်တော် ဆန္ဒပြပွဲတွင် ကျဆုံးခဲ့သည့် မမြသွဲ့သွဲ့ခိုင်အပါအဝင် သေဆုံးသူစုစုပေါင်း ၁၅၀၀ ကျော်ခဲ့ပြီး စစ်အာဏာရှင်လက်ပါးစေများသည် ပြည်သူလူထုကို ထပ်မံသတ်ဖြတ်ဆဲ ဖြစ်ပါသည်။ သို့သော် လူထု၏ဆန့်ကျင်ကြောင်း နည်းအမျိုးမျိုးဖြင့် လှုပ်ရှားမှုများသည် စစ်အာဏာရှင်တစ်စုအတွက် တုန်လှုပ်စရာ ဖြစ်စေဆဲ ဖြစ်သည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ(CRPH)၊ နိုင်ငံရေးပါတီများ၊ ဖက်ဒရယ်ယူနစ် လူမျိုးအလိုက် အတိုင်ပင်ခံကောင်စီများ၊ တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေး အဖွဲ့အစည်းများ၊ သပိတ်ကော်မတီများ၊ CDM လှုပ်ရှားမှုတွင် ပါဝင်သူများ၊ အရပ်ဘက် အဖွဲ့အစည်းများ (အမျိုးသမီး၊ လူငယ်အဖွဲ့အစည်းများ) စသည့် ကဏ္ဍအလိုက် အစုအဖွဲ့ ငါးစုဖြင့် ဖွဲ့စည်းထားသည့် NUCC သည် ၂၀၂၁ ခုနှစ် မတ် ၃၁ ရက်တွင် ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်ကို အတည်ပြုကာ အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ကို ရွေးချယ်ပေးခဲ့သည်။

တစ်ချိန်တည်းတွင် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်၊ စစ်အာဏာသိမ်းမှုနှင့်အတူ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) အရ ဖြစ်တည်လာသည့် ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံ - ၂၁ ရာစု ပင်လုံအစည်းအဝေးသည်လည်း ပြည်ထောင်စုသဘောတူညီမှု စာချုပ်အစိတ်အပိုင်း သုံးခုပါ အချက် ၇၁ ချက်တွင် ရပ်နားသွားပြီဟု ဆိုရပါမည်။ ၂၀၂၀ ပြည့်နှစ် ဩဂုတ်လ ၁၉ ရက်မှ ၂၁ ရက်အထိ စစ်အာဏာမသိမ်းခင် နောက်ဆုံးအကြိမ် ကျင်းပခဲ့သော ၂၁

ရာစု ပင်လုံစာချုပ်အစည်းအဝေးမှ ၂၀၂၀ ပြည့်နှစ်အလွန် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကြီး သုံးရပ်သည်လည်း လက်တွေ့အကောင်အထည်ဖော်ရန် နှစ်ကာလမည်မျှ ကြာမြင့်မည်ကို တွက်ဆနိုင်ရန် ခက်ခဲနေပါသည်။

အမျိုးသားညီညွတ်ရေးအစိုးရ (NUG) က ၂၀၂၁ ခုနှစ်၊ မေ ၅ ရက်တွင် ဖက်ဒရယ်တပ်မတော် တည်ထောင်နိုင်ရန် တိုင်းရင်းသားတော်လှန်ရေးတပ်များနှင့် ဆွေးနွေးညှိနှိုင်းလျက်ရှိပြီး ခရှေ့ပြေးအဖြစ် ပြည်သူ့ကာကွယ်ရေးတပ်မတော် (People Defence Force) ကို ကာကွယ်ရေးဆိုင်ရာမူဝါဒနှင့်အညီ ဖွဲ့စည်းလိုက်သည်ဟု ထုတ်ပြန်ခဲ့ပါသည်။ လက်ရှိအချိန်ထိ စစ်ကောင်စီသည် တိုင်းပြည်တစ်ခုလုံးကို ထိန်းချုပ်နိုင်ခြင်းမရှိသေးဘဲ ပြည်သူ့ကာကွယ်ရေးတပ်တွေနဲ့ မဟာမိတ် တိုင်းရင်းသား လက်နက်ကိုင်တွေဟာ ကျေးလက်ဒေသအတော်များများကို ထိန်းချုပ်ထားနိုင်ပြီဟု အမျိုးသား ညီညွတ်ရေးအစိုးရ (NUG) အစိုးရမှ ထုတ်ပြန်ထားပါသည်။

အမျိုးသားညီညွတ်ရေးအစိုးရ အပါအဝင် လွှတ်တော်ကိုယ်စားလှယ်များနဲ့ လွှတ်တော်ခေါင်းဆောင်များ၊ စစ်အာဏာသိမ်းတာကို ဆန့်ကျင့်တဲ့ အင်အားစုများ၊ တိုင်းရင်းသားလူမျိုးစုများရဲ့ ရည်မှန်းချက်သည် စစ်တပ်အုပ်စိုးမှုကို အဆုံးသတ်ပြီး ဒီမိုကရေစီ ပြန်လည်ဖော်ဆောင်ရေး ဖြစ်ပါသည်။ ပြည်သူလူထုအတွက်မှာ စစ်ပွဲများအဆုံးသတ်ပြီး ငြိမ်းချမ်းရေးကို လိုလားနေခြင်း ဖြစ်ပါသည်။

ဤစာအုပ်ထဲတွင် ၂၀၂၁- ၂၀၂၂ ခုနှစ်အတွင်း စစ်အာဏာသိမ်းမှုနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အကြောင်း၊ ရပ်တန့်သွားသည့် ပင်လုံသဘောတူညီချက်၊ စစ်အာဏာသိမ်းကာလအတွင်း ပေါ်ထွန်းလာသည့် အကြောင်းအရာအသစ်၊ အဖွဲ့စည်းအသစ်များ၊ ပဋိပက္ခတိုက်ပွဲဆိုင်ရာ တွေ့ရှိချက်များ၊ ထူးထူးခြားခြား ပြောစကားများ၊ ပြည်နယ်နှင့် တိုင်းအလိုက် ဖြစ်ခဲ့ပွားခဲ့သည့် သုံးသပ်တွေ့ရှိချက်များ၊ စစ်ဘေးရှောင်များ အခြေအနေ၊ တွေ့ဆုံဆွေးနွေးမှုဆိုင်ရာ အညွှန်းကိန်းများ၊ နွေဦးတော်လှန်ရေးလှုပ်ရှားမှုများ၊ နိုင်ငံတကာအခန်းကဏ္ဍ၊ အထွေထွေလေ့လာသုံးသပ်ချက်များ စုစည်းတင်ပြထားပါသည်။

ဤစာအုပ်သည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့်ပတ်သက်ဆက်နွှယ်နေသည့် လူပုဂ္ဂိုလ် အဖွဲ့အစည်းများ အပါအဝင် မီဒီယာလောကအတွက်လည်း လမ်းညွှန် အကိုးအကားတစ်ခုဖြစ်ပါသည်။ ဤစာအုပ်တွင် ပဋိပက္ခ ဆက်လက်ဖြစ်ပွားနေသော ဒေသများ၏ အခြေခံအကြောင်းအရင်းများ၊ အချက်အလက်များနှင့် အဖွဲ့အစည်းတည်ရှိမှုကို မြေပုံကားချပ်များဖြင့် အတူတကွ ဖော်ပြထားသည်။ အဓိကကျသော လူပုဂ္ဂိုလ်များ၏ ငြိမ်းချမ်းရေးဆိုင်ရာ စိတ်ဝင်စားမှုများနှင့် လုပ်ဆောင်မှုများကို အကဲဖြတ်ခြင်းအားဖြင့် ရှုပ်ထွေးခက်ခဲသော အပြန်အလှန် ဆက်ဆံရေးများအပေါ် ခြေရာခံမိနိုင်မည်ဖြစ်သည်။ ဤစာအုပ်တွင်ပါရှိသော သတင်းအချက်အလက်များသည် မည်သည့်လူပုဂ္ဂိုလ်၊ မည်သည့်အဖွဲ့အစည်း စသည်တို့ ငြိမ်းချမ်းရေးအတွက် မည်ကဲ့သို့ ဆောင်ရွက်နေသည်ကို စာဖတ်သူများ သိရှိ၍ အကိုးအကား လမ်းညွှန်မှု တစ်ခုအနေဖြင့် အသုံးဝင်ပါလိမ့်မည်။

# အတိုကောက်
# အက္ခရာများ

# အတိုကောက် အက္ခရာများ

| | |
|---|---|
| AAPP | - နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ) |
| ABSDF | - မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး |
| UNRA | - ပြည်ထောင်စုတာကွယ်ရေးတပ် |
| ALP | - ရခိုင်ပြည်လွတ်မြောက်ရေးပါတီ |
| ANC/AA | - ရခိုင်အမျိုးသားကောင်စီ/ရခိုင်တပ်မတော် |
| ASEAN | - အရှေ့တောင်အာရှနိုင်ငံများအသင်း |
| BGF | - နယ်ခြားစောင့်တပ် |
| BLO | - နယ်ခြားဆက်ဆံရေးရုံး |
| BNI | - နိုင်ငံတကာမြန်မာ့သတင်း |
| BRI | - ပိုးလမ်းမစီမံကိန်း |
| CMEC | - တရုတ်မြန်မာစီးပွားရေးစင်္ကြံလမ်း |
| CNF | - ချင်းအမျိုးသားတပ်ဦး |
| CSOs | - အရပ်ဘက်လူမှုအဖွဲ့အစည်းများ |

| | | |
|---|---|---|
| CSSU | - | ရှမ်းပြည်နယ်ညီညွတ်ရေးကော်မတီ |
| CT | - | ပူးပေါင်းညှိနှိုင်းရေး |
| DKBA | - | ဒီမိုကရက်တစ် ကရင်ဗုဒ္ဓဘာသာတပ်မတော် |
| DKBA | - | ဒီမိုကရေစီ ကရင်အကျိုးပြုတပ်မတော် (ယခင် တပ်မဟာ ၅) |
| DPN | - | နိုင်ငံရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးရေးကိုယ်စားလှယ်အဖွဲ့ |
| EAOs | - | တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ |
| EBO | - | ဥရောပ-မြန်မာရုံး |
| ENAC | - | တိုင်းရင်းသားလူမျိုးများရေးရာစင်တာ |
| ENC | - | တိုင်းရင်းသားလူမျိုးများကောင်စီ |
| EU | - | ဥရောပသမဂ္ဂ |
| EUMC | - | ဥရောပသမဂ္ဂ စစ်ဘက်ရေးရာကော်မတီ |
| FDI | - | နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု |
| FPD | - | နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင် |
| FPNCC | - | ပြည်ထောင်စုငြိမ်းချမ်းရေးတွေ့ဆုံညှိနှိုင်းရေးကော်မတီ |
| IC | - | စုံစမ်းစစ်ဆေးရေးကော်မရှင် |
| IDP | - | ပြည်တွင်းရွှေ့ပြောင်းဒုက္ခသည်များ |
| IPSG | - | နိုင်ငံတကာငြိမ်းချမ်းရေးအထောက်အကူပြုအဖွဲ့ |

| | |
|---|---|
| JICM | - တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက် ပူးတွဲ အကောင်အထည်ဖော်ရေးဆိုင်ရာ ညှိနှိုင်းရေးအစည်းအဝေး |
| JMC-L | - တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲ စောင့်ကြည့်ရေးကော်မတီ - ဒေသအဆင့် |
| JMC-S | - တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲ စောင့်ကြည့်ရေးကော်မတီ - ပြည်နယ်အဆင့် |
| JMC-U | - တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲ စောင့်ကြည့်ရေးကော်မတီ - ပြည်ထောင်စုအဆင့် |
| JPF | - ငြိမ်းချမ်းရေးပူးပေါင်းရန်ပုံငွေအဖွဲ့ |
| KAF | - ကော်သူးလေလက်နက်ကိုင်တပ်ဖွဲ့ |
| KIO/KIA | - ကချင်ပြည် လွတ်လပ်ရေးအဖွဲ့/တပ်မတော် |
| KNDP/A | - ကရင်နီအမျိုးသား ဒီမိုကရက်တစ်ပါတီ/စစ်တပ် |
| KNLP | - ကယန်းပြည်သစ်ပါတီ |
| KNO (Burma) | - ကူကီးအမျိုးသားအစည်းအရုံး (ဗမာ) |
| KNO | - ကချင်အမျိုးသားအစည်းအရုံး |
| KNPDP | - ကရင်နီအမျိုးသား ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီ |

| | | |
|---|---|---|
| KNPLF | - | ကရင်နီအမျိုးသား လူမျိုးပေါင်းစုံ လွတ်မြောက်ရေးတပ်ဦး |
| KNPP | - | ကရင်နီအမျိုးသား တိုးတက်ရေးပါတီ |
| KNSO | - | ကရင်နီအမျိုးသား သွေးစည်းညီညွတ်ရေးအဖွဲ့ |
| KNU | - | ကရင်အမျိုးသားအစည်းအရုံး |
| KPC | - | ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်( ငြိမ်းချမ်းရေးကောင်စီ)- KNLA/PC |
| KPF | - | ကရင်ငြိမ်းချမ်းရေးတပ်ဖွဲ့ |
| KWAT | - | ကချင်အမျိုးသမီးအစည်းအရုံး - ထိုင်းနိုင်ငံ |
| LDU | - | လားဟူဒီမိုကရက်တစ်အစည်းအရုံး |
| LNDO | - | လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ |
| MA | - | မြန်မာ့တပ်မတော် |
| MNDAA | - | မြန်မာအမျိုးသား ဒီမိုကရေစီမဟာမိတ်တပ်မတော် |
| MPC | - | မြန်မာနိုင်ငံငြိမ်းချမ်းရေးပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန |
| MPM | - | မြန်မာ့ငြိမ်းချမ်းရေးလေ့လာစောင့်ကြည့်ရေး (Myamar Peace Monitor) |
| MPSI | - | မြန်မာ့ငြိမ်းချမ်းရေးအထောက်အကူပြုအဖွဲ့ |
| NA-B | - | မြန်မာပြည်မြောက်ပိုင်းမဟာမိတ်တပ်ဖွဲ့ |
| NBF | - | ညီနောင်တိုင်းရင်းသားပါတီများ ဖက်ဒရယ်ရှင်း |
| NCA | - | တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် |

| | |
|---|---|
| NCA-NS ESOs | - NCA လက်မှတ်ရေးမထိုးသည့် တိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေးအဖွဲ့များ |
| NCA-S EAOs | - NCA လက်မှတ်ရေးထိုးသည့် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့များ |
| NCCT | - တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့ |
| NDA-K | - ဒီမိုကရေစီသစ်တပ်မတော် - ကချင် |
| NDAA-ESS | - အမျိုးသားမဟာမိတ်တပ်မတော် - ရှမ်းပြည်အရှေ့ပိုင်း |
| NDSC | - အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ |
| NLD | - အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် |
| NMSP | - မွန်ပြည်သစ်ပါတီ |
| NRPC | - အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန |
| NSAG | - အစိုးရမဟုတ်သည့် လက်နက်ကိုင်အဖွဲ့အစည်း |
| NSCN-K | - နာဂအမျိုးသားဆိုရှယ်လစ်ကောင်စီ - ခပ်ပလန် |
| OIC | - အစ္စလာမ်ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ |
| PC | - ငြိမ်းချမ်းရေးကော်မရှင် |
| PCG | - ငြိမ်းချမ်းရေးဆွေးနွေးရေးအကျိုးဆောင်အဖွဲ့ |
| PDSG | - ငြိမ်းချမ်းရေးအလှူရှင်များအုပ်စု |
| PI | - ပြည်ထောင်စုအင်စတီကျု |
| PMF | - ပြည်သူ့စစ်အုပ်စု၊ ပြည်သူ့စစ်တပ် |

| | | |
|---|---|---|
| PNLO | - | ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ |
| PNO | - | ပအိုဝ်းအမျိုးသား အစည်းအရုံး |
| PPST | - | ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ |
| PPWT | - | ငြိမ်းချမ်းရေးလုပ်ငန်း ဖော်ဆောင်မှုအဖွဲ့ |
| PRC | - | တရုတ်ပြည်သူ့သမ္မတနိုင်ငံ |
| PSLF/TNLA | - | ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး/တအာင်းအမျိုးသားတပ်မတော် |
| PYO | - | ပအိုဝ်းလူငယ်အဖွဲ့အစည်း |
| RCSS/SSA | - | ရှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ/ ရှမ်းပြည်တပ်မတော် |
| SAZ | - | အထူးအုပ်ချုပ်ရေးဇုန် |
| SEZ/SIZ | - | အထူးစီးပွားရေးဇုန်/အထူးစက်မှုဇုန် |
| SLORC | - | နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့<br>(ယခင်စစ်အစိုးရ ၁၉၈၈-၁၉၉၇) |
| SNA | - | ရှမ်းနီတိုင်းရင်းသားများတပ်မတော် |
| SNDP | - | ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ |
| SNLD | - | ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် |
| SPDC | - | နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ |
| SSPP/SSA | - | ရှမ်းပြည်တိုးတက်ရေးပါတီ/ ရှမ်းပြည်တပ်မတော် |
| ULA/AA | - | ရခိုင်အမျိုးသားအဖွဲ့ချုပ်/ ရက္ခိုင့်တပ်တော် |

| | | |
|---|---|---|
| UNFC | - | ညီညွတ်သော တိုင်းရင်းသားလူမျိုးများကောင်စီ |
| UNHCR | - | ကမ္ဘာ့ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး |
| UNODC | - | ကမ္ဘာ့ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ရာဇဝတ်မှုရုံး |
| UPCC | - | ပြည်ထောင်စု ငြိမ်းချမ်းရေး ဗဟိုကော်မတီ |
| UPDJC | - | ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီ |
| UPWC | - | ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းကော်မတီ |
| USDP | - | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| USIP | - | အမေရိကန်ပြည်ထောင်စု ငြိမ်းချမ်းရေး အင်စတီကျု |
| UWSA/P | - | ဝပြည်သွေးစည်းညီညွတ်ရေးတပ်မတော်၊ ပါတီ |
| WGEC | - | တိုင်းရင်းသားများ ပူးပေါင်းဆောင်ရွက်ရေးအလုပ်အဖွဲ့ |
| WLB | - | အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) |
| WNO/A | - | ဝအမျိုးသားအစည်းအရုံး/တပ်မတော် |
| ZRO | - | ဇိုမီးပြန်လည်ပေါင်းစည်းရေး အစည်းအရုံး |
| AFCC-Mdy | - | စစ်အာဏာရှင်ဆန့်ကျင်ရေး ပြည်သူ့အင်အားများ ချိတ်ဆက်ညှိနှိုင်းရေးကော်မတီ (မန္တလေး) |
| DPNS | - | လွှဲဘောင်သစ်ဒီမိုကရက်တစ်ပါတီ |
| GSC | - | စစ်အာဏာရှင်စနစ်တိုက်ဖျက်ရေးအထွေထွေသပိတ်ကော်မတီ |
| GSC-BHE | - | အခြေခံပညာပညာရေးဝန်ထမ်းများအထွေထွေသပိတ်ကော်မတီ |
| GSCB | - | အထွေထွေသပိတ်ပေါင်းစပ်ညှိနှိုင်းရေးအင်အားစု |

| | | |
|---|---|---|
| GSCC | - | အထွေထွေသပိတ်ပူးပေါင်းဆောင်ရွက်ရေးကော်မတီ |
| GSCN | - | လူမျိုးပေါင်းစုံအထွေထွေသပိတ်ကော်မတီ |
| ICNCC | - | ကြားကာလ ချင်းအမျိုးသားအတိုင်ပင်ခံကောင်စီ |
| KSCC | - | ကရင်နီပြည်နယ်အတိုင်ပင်ခံကောင်စီ |
| MSICC | - | မွန်ပြည် ကြားကာလ ပူးပေါင်းဆောင်ရွက်ရေးကော်မတီ |
| MTF | - | မြန်မာနိုင်ငံ ဆရာ၊ ဆရာမများ ဖက်ဒရေးရှင်း |
| NUG | - | အမျိုးသားညီညွတ်ရေးအစိုးရ |
| PNFC | - | ပအိုဝ်းအမျိုးသားဖက်ဒရယ်ကောင်စီ |
| SYNERGY | - | လူမှုသဟဇာတ ဖော်ဆောင်ရေးအသင်း |
| TPCC | - | တအာင်းနိုင်ငံရေးအတိုင်ပင်ခံကော်မတီ |
| TTF | - | နည်းပညာဆိုင်ရာ ဆရာ၊ ဆရာမများ ဖက်ဒရေးရှင်း |
| WAC-M | - | အမျိုးသမီးမဟာမိတ်အဖွဲ့ -မြန်မာ |
| WLB | - | အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) |
| CRPH | - | ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ |
| SURC | - | ကျောင်းသားသမဂ္ဂကိုယ်စားလှယ်များကော်မတီ |
| KPICT | - | ကြားကာလ ကချင်နိုင်ငံရေးပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ |
| BPLA | - | ဗမာပြည်သူ့လွတ်မြောက်ရေးတပ်တော် |
| SAF | - | ကျောင်းသားလက်ရုံးတပ်တော် |

# ကျွန်ုပ်တို့အကြောင်း

နိုင်ငံတကာမြန်မာ့သတင်းအဖွဲ့ (ဘီအင်န်အိုင်) သည် မြန်မာနိုင်ငံအနောက်ဘက် နယ်စပ်ဒေသများဖြစ်သော မြန်မာ-ဘင်္ဂလားဒေ့ရှ်၊ မြန်မာ - အိန္ဒိယ နယ်စပ်များတွင် အခြေပြုသည့် မီဒီယာအဖွဲ့အစည်းလေးခုဖြင့် ၂၀၀၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်တွင် အိန္ဒိယနိုင်ငံ၊ ကာလကတ္တားမြို့တွင် စတင်ဖွဲ့စည်းထူထောင်ခဲ့သည်။ ထူထောင်ခဲ့သောအဖွဲ့အစည်းများမှာ Mizzima News, Narinjara News, Kaladan Press Network နှင့် Khonumthung News တို့ ဖြစ်သည်။ နောက်ပိုင်းတွင် နိုင်ငံတကာမြန်မာ့သတင်းအဖွဲ့ကို ထိုင်းနိုင်ငံနှင့် ထိုင်း မြန်မာနယ်စပ်တွင် အခြေစိုက်သော သတင်းအဖွဲ့အစည်းများနှင့် မြန်မာနိုင်ငံအတွင်း၌ အခြေစိုက်သောအဖွဲ့များဖြင့် တိုးချဲ့ဖွဲ့စည်းခဲ့ကြသည်။ လက်ရှိတွင် တိုင်းရင်းသားမီဒီယာ၊ ဒေသခံမီဒီယာ ၁၆ ဖွဲ့ဖြင့် စုစည်းထားသည်။ နိုင်ငံတကာ မြန်မာ့သတင်းအဖွဲ့သည် မြန်မာနိုင်ငံနှင့် ဆက်နွယ်သည့်သတင်းများ တောင်အာရှနှင့် အရှေ့တောင် အာရှရှိ အစီရင်ခံစာများကို မြှင့်တင်ပေးရန် ရည်ရွယ်သည်။ ထို့အပြင် လွတ်လပ်သည့် မြန်မာမီဒီယာအဖွဲ့အစည်းများကြား အပြန်အလှန်နားလည်မှုရှိစေရန် ပေါင်းကူးပေးခြင်း၊ အတွေ့အကြုံများ ကျွမ်းကျင်မှုနှင့် အရင်းအမြစ်များ ဖလှယ်မှုပြုစေခြင်းနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ပေါ်ပေါက်စေရန် လုပ်ဆောင်ပေးလျက်ရှိသည်။

မြန်မာနိုင်ငံတွင် လက်ရှိဖြစ်ပေါ်နေသည့် စစ်အာဏာရှင်ကို ဆန့်ကျင်နေသည့် တော်လှန်ရေးကြောင့် ပဋိပက္ခဖြစ်ပွားနေသော ဒေသများ၏ သတင်းအချက်အလက်များကို BNI-MPM အဖွဲ့မှ စောင့်ကြည့်ရေးလုပ်ငန်းများကိုဆောင်ရွက်နေပြီး ငြိမ်းချမ်းရေးဖြစ်စဉ်များနှင့် အမျိုးသား ပြန်လည်သင့်မြတ်ရေးလုပ်ငန်းများကို ပိုမိုနားလည်နိုင်စေရန်နှင့်ချိတ်ဆက်လုပ်ဆောင်နိုင်စေရန် ရည်ရွယ်ပြီး နိုင်ငံတကာ မြန်မာ့သတင်းအဖွဲ့မှ မြန်မာ့ငြိမ်းချမ်းရေးဖြစ်စဉ် စောင့်ကြည့်ရေးလုပ်ငန်းများကို လုပ်ဆောင်နေသည်။ ထို့ကြောင့် ၂၀၁၉ - ၂၀၂၀ တွင် မိမိတို့ Myanmar Peace Monitor ၏ စုဆောင်းမှတ်တမ်းပြုစုထားသည့် စာအုပ်ထဲတွင် ရှုပ်ထွေးပွေလီလှပြီး အဆင့်များစွာပါဝင်နေသည့် ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် တိုက်ရိုက်ပတ်သက်နေသော အကြောင်းအရာများ၊ အဖြစ်အပျက်များ၊ လူပုဂ္ဂိုလ်များ၊ ငြိမ်းချမ်းရေးဖြစ်စဉ် ဦးတည်ချက် လားရာ စသည်တို့ကို သေချာဂနစွာ နားလည် သဘောပေါက်စေရန် ရည်ရွယ်သည်။

မြန်မာ့ငြိမ်းချမ်းရေး ဖြစ်စဉ်နှင့်စောင့်ကြည့်ရေးဝက်ဘ်ဆိုက် (www.mmpeacemonitor.org) ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ပတ်သက်သော နောက်ဆုံးရသတင်းများကို ပုံမှန်လွှင့်တင်လျက်ရှိနေပါသည်။ စာဖတ်သူများအနေဖြင့် နောက်ဆုံးရသတင်းများနှင့် အချက်အလက်များကို စိတ်ဝင်စားပြီး ရယူလိုပါက www.mmpeacemonitor.org တွင် အဖွဲ့ဝင်ထားပြီး ရယူနိုင်ပါသည်။ သတင်းအချက်အလက်များ ရယူခြင်း၊ အကြံဉာဏ်များ ပေးခြင်း၊ သတင်းအချက်အလက်များကို မျှဝေပေးမည်ဆိုပါက info@mmpeacemonitor.org ကို ဆက်သွယ်နိုင်ပါသည်။

# စစ်အာဏာသိမ်းမှုနှင့်
# ငြိမ်းချမ်းရေးလုပ်ငန်းစဉ်
# ဦးတည်ရာ

# စစ်အာဏာသိမ်းကာလအတွင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးတည်ရာ

၂၀၁၁ ခုနှစ်မှ စတင်ခဲ့သည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သည် ၂၀၂၀ ပြည့်နှစ်အထိ ဆယ်စုနှစ်တစ်စုနီးပါးအကြာတွင် ပြည်ထောင်စုသဘောတူညီမှုစာချုပ် အစိတ်အပိုင်း သုံးခု ရရှိသည့်တိုင် ကာချုပ်မင်းအောင်လှိုင်၏ စစ်အာဏာသိမ်းမှုကြောင့် ငြိမ်းချမ်းရေးလုပ်စဉ် လုံးဝ ရပ်တန့်သွားခဲ့ပြီဟု ဆိုရပါမည်။ အခက်အခဲများ၊ အတားအဆီးများကို ရင်ဆိုင်ကြုံတွေ့ခဲ့ရသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်း တပ်မတော်၏ အခန်းကဏ္ဍနှင့် နေရာယူမှုသည် ဖြစ်တည်လာသော အစိုးရများနှင့် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့များထက် ပိုမိုကြီးမားပြီး အကျွရာကျခဲ့သည်ဟု ဆိုနိုင်ပါသည်။

အကြောင်းမှ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တစ်လျှောက် NCA အရ ဖြစ်တည်လာသော အစုအဖွဲ့တိုင်းတွင် ကာချုပ်မင်းအောင်လှိုင်၏ တပ်ဘက်ဆိုင်ရာ ကိုယ်စားလှယ်များကသာ အဆုံးအဖြတ်ပေးနိုင်သည့် နေရာများကို ရယူထားပြီး ၎င်းနေရာယူမှုကိုလည်း အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းများက ခွင့်ပြုထားရသည်ကို တွေ့ရသည်။ စစ်အာဏာသိမ်းမသိမ်းခင် နောက်ဆုံး ကျင်းပပြုလုပ်ခဲ့သည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - ၂၁ ရာစု ပင်လုံ စတုတ္ထအကြိမ်အစည်းအဝေးတွင် ပြောကြားသော အစိုးရ၊ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့ခေါင်းဆောင်များ၏ မိန့်ခွန်းများ၊ ရှေ့လုပ်ငန်းစဉ်များကို ချုံငုံလေ့လာကြည့်လျှင် ငြိမ်းချမ်းရေးအပေါ် ထားရှိသော ကာချုပ်မင်းအောင်လှိုင်နှင့် အာဏာသိမ်းစစ်အုပ်စု သဘောထားကို သိနိုင်ပါလိမ့်မည်။

ကာချုပ်မင်းအောင်လှိုင်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်း လိုက်ပါဆောင်ရွက်ချက်များသည် ဦးသိန်းစိန်အစိုးရလက်ထက်တွင် အစိုးရနှင့် နီးကပ်စွာ လိုက်ပါဆောင်ရွက်ခဲ့သည်ကို တွေ့ရသော်လည်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဦးဆောင်သည့် အစိုးရလက်ထက်တွင်မူ အစေးမကပ်တော့ဘဲ အစိုးရနှစ်ရပ်သဖွယ် ပြုမူလာသည့်အတွက် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများအတွက် ငြိမ်းချမ်းရေးဆွေးနွေးရာတွင် စိန်ခေါ်မှုကြီးတစ်ရပ် ဖြစ်ခဲ့သည်ဟု တချို့သော တိုင်းရင်းသားခေါင်းဆောင်များကိုယ်တိုင် ထုတ်ဖော်ပြောဆိုခဲ့ပါသည်။

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကျင်းပပြီး တစ်ရက်အကြာ နိုဝင်ဘာ ၉ ရက်တွင်တော့ ကာချုပ်မင်းအောင်လှိုင်နှင့် စစ်အုပ်စုအနေဖြင့် ၎င်းတို့၏ တစ်ကိုယ်တော်ငြိမ်းချမ်းရေးခြေလှမ်းအဖြစ် တပ်မတော်ငြိမ်းချမ်းရေးဆွေး နွေးမှုကော်မတီကို ဖွဲ့စည်းကာ စစ်အာဏာသိမ်းသည့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်တွင်တော့ ၎င်းကော်မတီကို အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ (NSPNC) ဟု အမည်ပြောင်းကာ NLD ဦးဆောင်သည့်အစိုးရလက်ထက်တပ်မတော်သားကိုယ်စားလှယ်ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်ကို ဥက္ကဋ္ဌအဖြစ် ဦးဆောင်စေခဲ့ပါသည်။

NSPNC ဥက္ကဋ္ဌအနေဖြင့် NCA လက်မှတ်မထိုးရသေးသည့် UWSA အပါအဝင် FPNCC အဖွဲ့ဝင် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများကို ချဉ်းကပ်စည်းရုံးနိုင်ရန် ကြိုးပမ်းလျက်ရှိသော်လည်း ယနေ့အချိန်တော့ အောင်မြင်မှုမရရှိသေးသည့်အပြင် FPNCC အဖွဲ့ဝင်များဖြစ်သည့် KIO/KIA၊ MNDAA၊ TNLA၊ ULA/AA တို့နှင့်ပါ တိုက်ပွဲများ ဆက်လက်ဖြစ်ပွားလျက်ရှိပါသည်။ တစ်ဖက်တွင်ရှိသော NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ရှေ့ဆက်နိုင်ရေးသည်လည်း အပစ်ရပ် ၁၀ ဖွဲ့ဖြင့် ဖွဲ့စည်းထားသော PPST ၏ တရားဝင် ဆွေးနွေးမှုများ ရပ်ဆိုင်းထားသည့်အတွက် ရပ်တန့်နေခဲ့ပါသည်။ ထို့ပြင် အပစ်ရပ် တိုင်းရင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့များထဲတွင် အင်အားအကြီးဆုံးဟု ဆိုနိုင်သည့် KNUနှင့် အာဏာသိမ်းစစ်တပ်အကြား တိုက်ပွဲများ ပြင်းထန်စွာဖြစ်ပွားလျက်ရှိပါသည်။ အခြားသော အပစ်ရပ်အဖွဲ့များဖြစ်သည့် CNF ၊ DKBA ၊ RCSS/SSA တို့နှင့်လည်း အာဏာသိမ်းစစ်တပ်အကြား တိုက်ပွဲများ ဖြစ်ပွားလျက် ရှိနေပါသည်။ KNPPနှင့်လည်း ကရင်နီ(ကယား) ပြည်နယ်အတွင်း တိုက်ပွဲဖြစ်ပွားမှုများ ရှိနေပါသည်။

စစ်အာဏာရှင်စနစ် အမြစ်ပြတ်ချေမှုန်းရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေးအတွက် ဦးတည်ဆောင်ရွက်နေသည့် နွေဦးတော်လှန်ရေးကာလအတွင်း ကာချုပ်မင်းအောင်လှိုင် ဦးဆောင်သည့် အာဏာသိမ်း စစ်ကောင်စီသည် တရားဝင်ငြိမ်းချမ်းရေးဆွေးနွေးရန် မကြာခဏ ဖိတ်ခေါ်နေသည့်တိုင် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့များ၏ ယုံကြည်မှုကို မရရှိသေးသည့် အခြေအနေတွင် ရှိပါသည်။ ထို့ကြောင့် ၂၀၂၂ ခုနှစ်၊ ဧပြီလ ၂၂ ရက်တွင် အာဏာသိမ်းစစ်ခေါင်းဆောင်ကိုယ်တိုင် ရုပ်သံမိန့်ခွန်းမှ တစ်ဆင့် ငြိမ်းချမ်းရေးဆွေးနွေးဖို့ ဖိတ်ခေါ် ခဲ့ပါသည်။ သို့သော် ထိုနေ့တွင်ပင် ၎င်းတို့အား တိုက်ခိုက်ပါက ပြန်လည်တိုက်ခိုက်မည်ဟု ထုတ်ပြန်ခဲ့ပြန်ပါသည်။

ချုပ်၍ဆိုရသော် စစ်အာဏာသိမ်းကာလအတွင်း အာဏာသိမ်းစစ်အုပ်စုအပေါ် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ ယုံကြည်မှုသည် လွန်ခဲ့သော ဆယ်စုနှစ်တစ်စုနီးပါးကာလထက်

ပိုမိုကျဆင်းနေသည်ဟု ဆိုရမည်ဖြစ်ပြီး တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စစ်အာဏာသိမ်းမှုကို ဆန့်ကျင်တော်လှန်နေကြသော နွေဦးတော်လှန်ရေး၊ တစ်နည်းအားဖြင့် ပြည်သူ့တော်လှန်ရေးကို ယုံကြည် လက်ခံလာသည့် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းများ ရှိလာသည်ကို တွေ့ရသည်။ ဥပမာ - KIO ဥက္ကဋ္ဌ၏ ဓမ္မဘက်တွင် ရပ်တည်မည်ဆိုသော သဘောထားများကို မြင်တွေ့ရသကဲ့သို့ KNU ၏ နွေဦးတော်လှန်ရေးအတွင်း ရပ်တည်ဆောင်ရွက်ချက်များ၊ KNPP ၏ ကရင်နီပြည်သူများနှင့်အတူ ပူးပေါင်းဆောင်ရွက်ချက်များ၊ CNF ၏ ချင်းဒေသ ခုခံတော်လှန်ရေး အဖွဲ့အစည်းများနှင့် ပူးပေါင်းဆင်နွှဲမှုများ စသည်တို့ကို တွေ့နိုင်ပါသည်။

နွေဦးတော်လှန်ရေးကာလအတွင်း ဖြစ်တည်လာသည့် အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ (NUCC) တွင်လည်း KNU ၊ KNPP နှင့် CNFအပါအဝင် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်း ရှစ်ဖွဲ့ထက်မနည်း ပါဝင်ကြောင်းသိရပါသည်။ ထို့အပြင် ULA/AA ကဲ့သို့သော တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းများအား NUCC တွင်ပူးပေါင်းပါဝင်ရန် ဖိတ်ခေါ်မှုများရှိနေပါသည်။ NUCC သည် စစ်အာဏာရှင်စနစ် ဆန့်ကျင်သော သပိတ်ကော်မတီများ၊ ကဏ္ဍအလိုက် အဖွဲ့အစည်းများ၊ အမျိုးသမီးအင်အားစုများ၊ ရွေးကောက်ခံ ကိုယ်စားလှယ်များ စသဖြင့် အစုအဖွဲ့အင်အားစုများဖြင့် စုစည်းထားခြင်းဖြစ်ပြီး ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုတည်ဆောက်ရေးကို ဦးတည်ဆောင်ရွက်နေခြင်းဖြစ်သည်။ NUCCမှ ရွေးချယ်ကာ CRPH မှ ဖွဲ့စည်းပေးထားသည့် အမျိုးသားညီညွတ်ရေး အစိုးရ (NUG)ကလည်း နိုင်ငံခြားရေးဝန်ကြီး ဒေါ် ဇင်မာအောင်ကို ဦးဆောင် ကောမဟာမိတ်ဆက်ဆံရေးကော်မတီ ဖွဲ့စည်းဆောင်ရွက်လျက်ရှိနေပါသည်။

> အာဏာသိမ်းစစ်ခေါင်းဆောင် ကိုယ်တိုင် ရုပ်သံမိန့်ခွန်းမှတစ်ဆင့် ငြိမ်းချမ်းရေးဆွေးနွေးဖို့ ဖိတ်ခေါ် ခဲ့ပါသည်။ သို့သော် ထိုနေ့တွင်ပင် ၎င်းတို့အား တိုက်ခိုက်ပါက ပြန်လည် တိုက်ခိုက်မည်ဟု ထုတ်ပြန်ခဲ့ပြန်ပါသည်။

ထို့ကြောင့် စစ်အာဏာသိမ်းကာလအတွင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ ဦးတည်ရာသည် အာဏာသိမ်းစစ်ကောင်စီနှင့် NUCC တို့၏ ဦးဆောင်နိုင်စွမ်းပေါ် တွင် အခြေတည်လျက်ရှိနေသည်ကို တွေ့ရသည်။ NUCC အနေဖြင့် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်မှုကို ယခုထက်ပိုမိုရရှိရန်လိုအပ်နေသည်ကို တွေ့ရသော်လည်း စစ်အာဏာရှင်စနစ်ဆန့်ကျင်သော နွေဦးတော်လှန်ရေးအစုအဖွဲ့အင်အားစုများနှင့် ပြည်သူတရပ်လုံး၏ ထောက်ခံအားပေးမှု၊ ယုံကြည်ကိုးစားကိုမှု NUCC ၊ NUG တို့က အာဏာသိမ်းစစ်ကောင်စီထက် များစွာ ပိုမို ရရှိထားသည်ဟု ဆိုနိုင်ပါသည်။

ချုပ်၍ဆိုရသော် ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ ဦးတည်ရာသည် အာဏာသိမ်းစစ်ကောင်စီ၏ လက်ထဲတွင် ရှိနေသလား၊ NUCC နှင့် NUG တို့၏ လက်ထဲတွင် ရှိနေသလား၊ တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းများ၏ လက်ထဲတွင် ရှိနေသလား ဆိုသည်က စောင့်ကြည့်ရဦးမည့် အခြေအနေ ဖြစ်ပါသည်။ သို့နှင့်တိုင် ပြည်တွင်းငြိမ်းချမ်းရေး၏ အန္တိမပန်းတိုင်သည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် တန်းတူရေးကို အာမခံသည့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေးဖြစ်ပါက နွေဦးတော်လှန်ရေးအောင်ပွဲနှင့် တိုက်ရိုက်ချိတ်ဆက်နေသည်ဟု တင်ပြအပ်ပါသည်။

## ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ (PPST)

| | | |
|---|---|---|
| စတင်ဖွဲ့စည်းသည့် နေ့စွဲ | - | ၂၆ မတ် ၂၀၁၆ |
| ရုံးချုပ် | - | ချင်းမိုင် |
| လက်ရှိအဖွဲ့ခေါင်းဆောင် | - | နိုင်အောင်မင်း (NMSP) |
| ပေါင်းစပ်ညှိနှိုင်းရေးမှူး | - | ရဲဘော်မျိုးဝင်း (ABSDF) |
| အဖွဲ့ဝင်များ | - | NCA လက်မှတ်ထိုးသည့်<br>တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့ ၁၀ ဖွဲ့ |

၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၅ ရက်တွင် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးခဲ့ကြသည့် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့ ရှစ်ဖွဲ့ စုပေါင်းပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဦးဆောင်သော အစိုးရနှင့် ငြိမ်းချမ်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်နိုင်ရန်အတွက် PPST ကို ဖွဲ့စည်းခဲ့ခြင်း ဖြစ်သည်။

NCA အရဖြစ်ပေါ်လာသော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များဖြစ်သည့် UPDJC ၊ JMC နှင့် JICM စသည့် အစုအဖွဲ့များတွင် PPST အနေဖြင့် လိုက်ပါ ဆောင်ရွက်နေသည့်အပြင် ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလအတွင်း NCA လက်မှတ်ရေးထိုးခဲ့သည့် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့ နှစ်ဖွဲ့အား ထပ်မံပေါင်းထည့်ထားသည့်အတွက် ယခုအခါ PPST တွင် NCA လက်မှတ်ထိုးသည့် တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်း ၁၀ ဖွဲ့ ပါဝင်နေပြီ ဖြစ်သည်။

၂၀၁၈ ခုနှစ် နှောင်းပိုင်းနှင့် ၂၀၁၉၊ ၂၀၂၀ ခုနှစ်များအတွင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်း တစ်ဆို့မှုများ၊ ရှေ့မတိုးသာသည့် အခြေအနေများနှင့်အတူ PPST အဖွဲ့ခေါင်းဆောင် တာဝန်ယူထားသည့် KNU/KNLA နှင့် တပ်မတော်အကြား တိုက်ပွဲများ ပြန်လည်ဖြစ်ပွားမှုကို အကြောင်းပြုပြီး PPST အတွင်း ခေါင်းဆောင်ပိုင်းအပြောင်းအလဲ ဖြစ်ပေါ်ခဲ့ရာ RCSS ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးယွက်ဆစ်က ယာယီအဖွဲ့ခေါင်းဆောင်အဖြစ် တာဝန်ယူထားပါသည်။

၂၀၂၁ ခုနှစ် ဧပြီ ၃ - ၄ ရက်တွင် ပြုလုပ်ခဲ့သည့် PPST အစည်းအဝေးအရ လက်နက်မဲ့ ပြည်သူလူထုအား စစ်ကောင်စီ၏ အကြမ်းဖက်သတ်ဖြတ်၊ ပစ်ခတ်နှိမ်နင်းမှုကို ချက်ချင်းရပ်တန့်ရန်၊ ဖမ်းဆီးထိန်းသိမ်းထားသူများအားလုံးကို ခြွင်းချက်မရှိလွှတ်ပေးရန်၊ နွေဦးတော်လှန်ရေးအပါအဝင် CDM လှုပ်ရှားမှုများအား ဆက်လက်ပံ့ပိုးကူညီရန်၊ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေဖျက်သိမ်းကြောင်း CRPH ၏ ထုတ်ပြန်ချက်ကို ထောက်ခံကြောင်းနှင့် ဖက်ဒရယ်ဒီမိုကရေစီ ပဋိညာဉ် ကြေညာချက်နှင့်အတူ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေးအတွက် ကြိုးပမ်းမှုကို ကြိုဆိုကြောင်း ထုတ်ပြန်ခဲ့ပါသည်။

စတုတ္ထအကြိမ်မြောက် အပစ်ရပ် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ ထိပ်သီးခေါင်းဆောင်များ ညီလာခံ (ဒုတိယပိုင်း)တွင်တော့ PPST စုဖွဲ့မှုပုံစံအသစ်နှင့်အတူ ချပြနိုင်ခြင်း မရှိသေးသည့် နိုင်ငံရေးလမ်းပြမြေပုံကို အတည်ပြုခဲ့သည်ဟု ၂၀၂၂ ခုနှစ်၊ ဧပြီ ၃ ရက်တွင် PPST က ထုတ်ပြန်ခဲ့ပါသည်။ PPST အဖွဲ့ဝင် EAOs များအနေဖြင့် အာဏာသိမ်းစစ်ကောင်စီနှင့် တစ်ဖွဲ့ချင်းစီ သီးခြားတွေ့ဆုံဆွေးနွေးနိုင်သည့် အခွင့်အရေးများရှိနေသည့်အတွက် စစ်ကောင်စီနှင့် အလွတ်သဘော တွေ့ဆုံဆွေးနွေးမှုများရှိနေသည့် အပစ်ရပ်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ ရှိနေပါသည်။

ရွေးကောက်ခံအစိုးရ လွှတ်တော်စသည့် အစုအဖွဲ့များ မရှိတော့သည့် NCA လမ်းကြောင်းအရ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် PPST ရပ်တည်ဆောင်ရွက်ချက်များသည် စောင့်ကြည့်လေ့လာနေသူများအတွက် မေးခွန်းထုတ်ခြင်း၊ ဝေဖန်ခြင်းများရှိနေသည်ကို တွေ့ရပါသည်။

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် လက်မှတ်ရေးထိုးထားသော
တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ၏

## စတုတ္ထအကြိမ်မြောက် NCA-S EAO ထိပ်သီးခေါင်းဆောင်များညီလာခံ (ဒုတိယပိုင်း)

## ထုတ်ပြန်ကြေညာချက်

၂၀၂၂ ခုနှစ်၊ ဧပြီလ (၃) ရက်

စတုတ္ထအကြိမ်မြောက် NCA-S EAO ထိပ်သီးခေါင်းဆောင်များ ညီလာခံ (ဒုတိယပိုင်း)ကို ၂၀၂၂ ခုနှစ် မတ်လ (၂၉) ရက်နေ့မှ ဧပြီလ (၃) ရက်နေ့အထိ ထိုင်းနိုင်ငံ၊ ချင်းမိုင်မြို့တွင် အောင်မြင်စွာ ကျင်းပနိုင်ခဲ့သည်။

ယင်းညီလာခံမှ ငြိမ်းချမ်းရေး လုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ (PPST) ပြန်လည်ဖွဲ့စည်းမှုပုံ၊ PPST ဖွဲ့စည်းမှုအသစ်အတွက် လုပ်ငန်းလမ်းညွှန် (TOR)နှင့် PPST ၏ နိုင်ငံရေးလမ်းပြမြေပုံဆိုင်ရာအဆိုပြုချက်တို့အား အကျေအလည်ဆွေးနွေး ညှိနှိုင်းခဲ့ကြပြီး အတည်ပြုနိုင်ခဲ့ပါသည်။ ထို့အပြင် လက်ရှိမြန်မာနိုင်ငံ၏နိုင်ငံရေးအကျပ်အတည်းများကို နည်းလမ်းရှာ ဖြေရှင်းနိုင်ရန်၊ နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းလမ်းဖြင့် ဆွေးနွေးအဖြေရှာရန်နှင့် လက်တလော အရေးပေါ်လိုအပ်နေသည့် လူသားချင်းစာနာထောက်ထားမှု အကူအညီများအတွက် နိုင်ငံတကာအသိုင်းအဝန်းနှင့် ညှိနှိုင်းပူးပေါင်း ဆောင်ရွက်ရေးကိစ္စရပ်များအပါအဝင် နိုင်ငံတကာဆက်ဆံရေးကိစ္စရပ်များအား စုစုစည်းစည်းဖြင့် ဆွေးနွေးညှိနှိုင်းခဲ့ကြပြီးနောက် အောက်ဖော်ပြပါ ညီလာခံ၏ အတည်ပြုဆုံးဖြတ်ချက်များနှင့် ဘုံသဘောထားရပ်တည်ချက်များကို ထုတ်ပြန်ကြေညာအပ်ပါသည်။

၁။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ (PPST) ၏ ဖွဲ့စည်းမှုကို NCA-S EAO တစ်ဖွဲ့ချင်းစီမှ တာဝန်ပေးအပ်သော အဖွဲ့အစည်းကိုယ်စားပြု ကိုယ်စားလှယ် (၂) ဦးစီဖြင့် ဖွဲ့စည်းသည့် PPST ၏ ဖွဲ့စည်းမှုအသစ်နှင့် PPST ဦးဆောင်မှုကော်မတီကို အောက်ပါပုဂ္ဂိုလ်များအား ရွေးချယ်တာဝန်ပေးအပ်ခဲ့ကြပါသည်။

| | |
|---|---|
| (က) နိုင်အောင်မင်း | (အဖွဲ့ခေါင်းဆောင်) |
| (ခ) ဗိုလ်မှူးကြီး ခွန်ဥက္ကာ | (အဖွဲ့ဝင်) |
| (ဂ) ဗိုလ်ချုပ်နိုင်အောင် | (အဖွဲ့ဝင်) |
| (ဃ) ဒေါက်တာဆော့ခကပေါ်ထူး | (အဖွဲ့ဝင်) |
| (င) ရဲတော်မျိုးဝင်း | (Coordinator) |

၂။ PPST အနေဖြင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ၏ အနှစ်သာရများကို ဆက်လက် ကိုင်စွဲလျက် ရှုမှတ်ထားပြီးဖြစ်သည့် နိုင်ငံရေးရည်မှန်းချက် (၇) ရပ်ကို အခြေခံ၍ လက်ရှိနိုင်ငံရေး အကျပ်အတည်းများကို နိုင်ငံရေးနည်းလမ်းဖြင့် ဆွေးနွေးအဖြေရှာသွားရန် ဆုံးဖြတ်သည်။ ထိုကဲ့သို့ နိုင်ငံရေးနည်းလမ်းဖြင့် ဆွေးနွေးအဖြေရှာရာတွင် သက်ဆိုင်သူအားလုံးပါဝင်သည့်အစီရင်ပြည့်ဝသော နိုင်ငံရေးဆွေးနွေးမှုလမ်းကြောင်းကို အစဉ်တစိုက် ဦးတည်ဆောင်ရွက်သွားမည်။

၃။ အာဆီယံအထူးကိုယ်စားလှယ်၏ ပထမအကြိမ် မြန်မာနိုင်ငံခရီးစဉ်အတွင်း ကြိုးပမ်းဆောင်ရွက်ချက်များနှင့် ရှေ့ဆက်ဆောင်ရွက်မည့် အစီအစဉ်များအပါအဝင် နိုင်ငံတကာအသိုင်းအဝိုင်း၏ ကြိုးပမ်းမှုများအပေါ် ကြိုဆိုသည်။ နိုင်ငံတကာ၏ကြိုးပမ်းမှုများသည် မြန်မာနိုင်ငံ၏လက်တွေ့နိုင်ငံရေးလိုအပ်ချက်များနှင့်အညီ ဖြစ်စေရေးအတွက် PPST အနေဖြင့် ကြိုးပမ်းသွားမည်။ မြန်မာနိုင်ငံ၏ လက်ရှိနိုင်ငံရေးအကျပ်အတည်းကိုဖြေရှင်းရာတွင် သက်ဆိုင်သူအားလုံးပါဝင်သည့် နိုင်ငံရေးဆွေးနွေးမှုအခင်းအကျင်း တစ်ရပ်ပေါ်ပေါက်ရေးအတွက် ညှိနှိုင်းဆောင်ရွက်ရန် PPST အနေဖြင့် အဆင်သင့်ရှိပါသည်။ ထို့အပြင် အရေးပေါ်လိုအပ်နေသည့် လူသားချင်းစာနာမှု အကူအညီပေးရေးဆိုင်ရာကိစ္စရပ်များအတွက် နိုင်ငံတကာအင်အားစုများနှင့်အတူ တက်တက်ကြွကြွ ဆက်လက် ပူးပေါင်းဆောင်ရွက်သွားမည်။

၄။ စစ်အာဏာရှင်စနစ်ချုပ်ငြိမ်းရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေးအတွက် အသက်စွန့်နှင့်ဘဝကို ပေးဆပ်စွန့်လွှတ်ခဲ့ရသည့် လူငယ်များအပါအဝင် လူထုလူတန်းစားအလွှာအသီးသီးမှ တိုင်းရင်းသားပြည်သူများအား အလေးအနက် ဂုဏ်ပြုအပ်ပါသည်။

၅။ ညီလာခံဖွင့်ပွဲအခမ်းအနားသို့ ကြွရောက်ချီးမြှင့်ပေးခဲ့ကြသည့် အထူးဖိတ်ကြားသူများ၊ နိုင်ငံတကာသံတမန်များ၊ နိုင်ငံတကာအဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် သဝဏ်လွှာပေးပို့သူများအား ကျေးဇူးဥပကာရ အထူးတင်ရှိပါကြောင်း မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

၆။ PPST အနေဖြင့် မဟာလူမျိုးကြီးဝါဒနှင့် အာဏာရှင်စနစ်ချုပ်ငြိမ်းရေး၊ အမျိုးသားတန်းတူရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် စစ်မှန်သော ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုတည်ဆောက် ရေးအတွက် မဆုတ်မနစ် ဆက်လက် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

ဆက်သွယ်ရန်။

| | | |
|---|---|---|
| ၁။ ရဲတော်မျိုးဝင်း | (+၉၅) ၀၉၄၂၀၃၃၀၄၅၃ | (မြန်မာ) |
| | (+၆၆) ၆၅၀၀၈၆၈၇၂ | (ထိုင်း) |
| ၂။ စောမြရာဇာလင်း | (+၉၅) ၉၂၅၄၀၆၆၉၃၆ | (မြန်မာ) |
| | (+၆၆) ၆၅၅၄၀၄၂၈၁ | (ထိုင်း) |
| ၃။ နိုင်အောင်မငေး | (+၉၅) ၉၄၂၂၈၇၀၅၀၃ | (မြန်မာ) |
| | (+၆၆) ၉၀၃၈၉၁၀၄၅ | (ထိုင်း) |

# ပြည်ထောင်စု နိုင်ငံရေး ဆွေးနွေးညှိနှိုင်းရေးကော်မတီ – (FPNCC)

| | | |
|---|---|---|
| စတင်ဖွဲ့စည်းသည့် နေ့စွဲ | - | ၁၅ - ၁၉ ဧပြီ ၂၀၁၇ |
| အဖွဲ့ဝင်များ | - | UWSP/UWSA ၊ KIO/KIA ၊ SSPP/SSA ၊ MNDAA ၊ NDAA/ESS ၊ PSLF/TNLA ၊ ULA/AA |
| ဥက္ကဋ္ဌ - ၁ | - | ဦးပေါက်ယုချန် (UWSP/UWSA) |
| ဥက္ကဋ္ဌ - ၂ | - | ဗိုလ်ချုပ်ကြီး အင်ဘန်လ (KIO/KIA) |
| အတွင်းရေးမှူး | - | ဦးပေါက်ယုရီ |

၂၀၁၇ ခုနှစ်၊ ဧပြီ ၁၅ မှ ၁၉ ရက်အထိ ဝ အထူးဒေသ ၂ တွင် ပြုလုပ်သော တိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေးအဖွဲ့များ၏ လေးကြိမ်မြောက် ပန်ခမ်းညီလာခံ ဆုံးဖြတ်ချက်ဖြင့် ပြည်ထောင်စု နိုင်ငံရေးဆွေးနွေးညှိနှိုင်းရေးကော်မတီ (FPNCC) ကို ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ FPNCC သည် NCA မဟုတ်သော အခြားလမ်းကြောင်းဖြင့် အစိုးရနှင့် နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးနိုင်ရန် ကြိုးပမ်းလျက်ရှိပြီး နိုင်ငံရေးဆွေးနွေးညှိနှိုင်းရာတွင်လည်း FPNCC အမည်ဖြင့်သာ တစ်စုတစ်စည်းတည်းဆွေးနွေးသွားရန် မူဝါဒများချမှတ်ထားကြောင်းကြေညာထားသည်။ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်အတွင်း အစိုးရနှင့် ညှိနှိုင်းမရဘဲဖြစ်နေသော အချက်များ ရှိနေသေးသည့် UNFC ကိုလည်း ၎င်းတို့နှင့် ပူးပေါင်းဆောင်ရွက်ရန် FPNCC မှ ကမ်းလှမ်းခဲ့သလို တွေ့ဆုံဆွေးနွေးမှုလည်း ရှိခဲ့ပါသည်။

မြန်မာနိုင်ငံငြိမ်းချမ်းရေးဖြစ်စဉ် အောင်မြင်နိုင်ရန် တရုတ်နိုင်ငံအနေဖြင့် ပိုမို ပါဝင်ဆောင်ရွက်ရေး လုပ်ဆောင်ရန် FPNCC မှ မေတ္တာရပ်ခံထားသလို လက်ရှိ အစိုးရငြိမ်းချမ်းရေးကော်မရှင်နှင့် FPNCC အဖွဲ့ဝင်များအကြား အလွတ်သဘော တွေ့ဆုံဆွေးနွေးမှုများကို တရုတ်အစိုးရအကူအညီဖြင့် ပြုလုပ်လျက်ရှိပါသည်။

တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အပြည့်အဝ အာမခံချက်ပေးနိုင်သည့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုကို တည်ဆောက်ရေးအတွက် နိုင်ငံရေးနည်းလမ်းဖြင့် ဆွေးနွေးညှိနှိုင်းဖြေရှင်းရန် အမြဲတမ်း တံခါးဖွင့်ထားကြောင်း ကြေညာထားသော်လည်း ၂၀၂၀ ပြည့်နှစ်အတွင်း ကျင်းပသည့် ၂၁ ရာစုပင်လုံ ငြိမ်းချမ်းရေးညီလာခံ စတုတ္ထအစည်းအဝေးသို့ တက်ရောက်ရန် အစိုးရ၏ ဖိတ်ခေါ်မှုအပေါ် ရက္ခိုင့်တပ်တော် (ULA/AA) ကို မဖိတ်သဖြင့် ၂၁ ရာစု ပင်လုံအစည်းအဝေးသို့ မတက်ရောက်တော့ကြောင်း ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၁၃ ရက်တွင် FPNCC က ထုတ်ပြန်ခဲ့သည်။

စစ်အာဏာသိမ်းကာလအတွင်း အာဏာသိမ်းစစ်ကောင်စီ၏ ကိုယ်စားလှယ်အချို့နှင့် FPNCC အဖွဲ့ဝင်များအကြား အလွတ်သဘော တွေ့ဆုံဆွေးနွေးမှုအချို့ ရှိနေပါသည်။

# ညီညွတ်သောတိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ – (UNFC)

| | | |
|---|---|---|
| စတင်ဖွဲ့စည်းသည့် နေ့စွဲ | - | ၁၆ ဖေဖော်ဝါရီ ၂၀၁၁ |
| ရုံးချုပ် | - | ချင်းမိုင် |
| ဥက္ကဋ္ဌ | - | နိုင်ဟံသာ (NMSP) |
| ဒုဥက္ကဋ္ဌ | - | ဒေါက်တာခိုင်မောင် (ANC/AA) |
| အထွေထွေအတွင်းရေးမှူး | - | ခူဦးရာယ် |
| အဖွဲ့ဝင်များ | - | NMSP၊ KNPP ၊ SSPP၊ ANC၊ LDU |
| အဖွဲ့ယာယီရပ်ဆိုင်းသည့် နေ့စွဲ | - | ၂ ဩဂုတ် ၂၀၁၉ |

အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိသည့် စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးအတွက် ဦးတည်ပြီး KIO/KIA ဦးဆောင်ကာ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့ ၁၂ ဖွဲ့ဖြင့် ဖွဲ့စည်းထားသည့် UNFC တပ်ပေါင်းစုသည် ၂၀၁၃ ခုနှစ် အောက်တိုဘာလတွင် အဖွဲ့ဝင်အသစ် လေးဖွဲ့ ထပ်ပေါင်းကာ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့ (NCCT) ကို ထပ်မံဖွဲ့စည်းပြီး ဦးသိန်းစိန်အစိုးရနှင့် ဆွေးနွေးညှိနှိုင်းခဲ့သော်လည်း NCA မူကြမ်းရရှိသည်အထိ ခရီးပေါက်ခဲ့ပါသည်။

၂၀၁၅ ခုနှစ် NCA လက်မှတ်ရေးထိုးချိန်တွင်တော့ ဦးသိန်းစိန်အစိုးရ၏ NCCT အဖွဲ့ဝင်များအပေါ် ခွဲခြားဆက်ဆံခဲ့သဖြင့် နိုင်မာအားကောင်းခဲ့သော UNFC အတွင်း NCA လက်မှတ်ထိုးမည့်အဖွဲ့နှင့် မထိုးမည့်အဖွဲ့များ ပေါ်ပေါက်လာကာ UNFC စုဖွဲ့မှုလည်း ယိုင်နဲ့လာခဲ့ပါသည်။ NLD ဦးဆောင်သည့် အစိုးရသစ်လက်ထက်တွင်လည်း ကျန်ရှိသော UNFC အဖွဲ့ဝင်များနှင့် တွေ့ဆုံဆွေးနွေးမှုပေါင်း ငါးကြိမ်ထက်မနည်း ရှိခဲ့သော်လည်း အပစ်အခတ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် အဆိုပြုချက် ၉ ချက်ကိုသာ အစိုးရအား တင်ပြဆွေးနွေးနိုင်ခဲ့ပါသည်။

၂၀၁၉ ခုနှစ် ဩဂုတ်လ ၂ ရက်၊ ချင်းမိုင်မြို့တွင်ကျင်းပသော UNFC အရေးပေါ် အစည်းအဝေးတွင်တော့ ညီညွတ်သောတိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ(UNFC)ကိုယာယီရပ်ဆိုင်းကြောင်း ဆုံးဖြတ်ခဲ့သည်ဟု UNFC ဥက္ကဋ္ဌ နိုင်ဟံသာက ပြောပါသည်။

စစ်အာဏာသိမ်းကာလအတွင်း UNFC ၏ အခန်းကဏ္ဍသည် ပျောက်ကွယ်နေသည်ကို တွေ့ရပါသည်။

# အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန – NRPC

| | | |
|---|---|---|
| စတင်ဖွဲ့စည်းသည့် နေ့စွဲ | - | ၁၁ ဇူလိုင် ၂၀၁၆ |
| ရုံးချုပ် | - | နေပြည်တော် |
| ဥက္ကဋ္ဌ | - | နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် |
| ဥက္ကဋ္ဌ - ၁ | - | ဦးကျော်တင့်ဆွေ |
| ဥက္ကဋ္ဌ - ၂ | - | ဒေါက်တာတင်မျိုးဝင်း |


အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဦးဆောင်သော အစိုးရအဖွဲ့ ထွက်ပေါ်လာပြီး သုံးလအကြာတွင် ဦးသိန်းစိန်အစိုးရလက်ထက်အတွင်း ငြိမ်းချမ်းရေးလုပ်ငန်းများတွင် အဓိက အခန်းကဏ္ဍတွင်ရှိခဲ့သည့် မြန်မာငြိမ်းချမ်းရေးစင်တာ (MPC) ကို အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန(NationalReconciliationandPeaceCentre-NRPC)ဟု အမည်ပြောင်းလဲဖွဲ့စည်းခဲ့သည်။ တစ်ချိန်တည်းတွင် NCPC ဒုဥက္ကဋ္ဌ - ၂ အဖြစ် ပါဝင်လာသော ဒေါက်တာတင်မျိုးဝင်းကို ဥက္ကဋ္ဌအဖြစ် ဦးဆောင်စေကာ ငြိမ်းချမ်းရေးကော်မရှင်(PC) ကို ဖွဲ့စည်းခဲ့သည်။

တစ်ဖက်တွင် ဒေါ်အောင်ဆန်းစုကြည် ဥက္ကဋ္ဌအဖြစ် ဦးဆောင်ကာ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - ၂၁ ရာစု ပင်လုံ ကျင်းပရေးဗဟိုကော်မတီကို အစိုးရအဖွဲ့ဝန်ကြီးနှင့် ဒုဝန်ကြီးများ၊ PC ဥက္ကဋ္ဌနှင့် PC အတွင်းရေးမှူးတို့ဖြင့် ပါဝင်ဖွဲ့စည်းထားသည်။ ၎င်းဗဟိုကော်မတီမှတစ်ဆင့် ၂၁ ရာစု ပင်လုံ အကြိုပြင်ဆင်ရေးကော်မတီ ၁၊ ၂ တို့ကို ဖွဲ့စည်းကာ ဦးသိန်းစိန်အစိုးရလက်ထက်က ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံအား ၂၁ ရာစု ပင်လုံ ထည့်ပေါင်းကာ တစ်နိုင်ငံလုံး ပစ်ခတ် တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) အရ ထွက်ပေါ်လာသော ငြိမ်းချမ်းရေးဆွေးနွေးပွဲများကို ပြုလုပ်ရန် ပြင်ဆင်ခဲ့သည်။


ငြိမ်းချမ်းရေးကော်မရှင်အနေဖြင့် ၂၁ ရာစု ပင်လုံကျင်းပနိုင်ရေးအတွက် NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ရှစ်ဖွဲ့နှင့် ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ရသလို NCA လက်မှတ်ရေးထိုးထားခြင်း မရှိသော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများနှင့်လည်း NCA တွင်ပါဝင်လာနိုင်စေရန် အလွတ်သဘောဖြင့် ဖြစ်စေ၊ တရားဝင် ဖြစ်စေ တွေ့ဆုံဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ရလျက်ရှိသည်။ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလအတွင်း မွန်ပြည်သစ်ပါတီ(NMSP)၊ လားဟူအမျိုးသားအစည်းအရုံး (LDU) တို့နှင့် အစိုးရ၊ တပ်မတော်တို့အကြား NCA လက်မှတ်ရေးထိုးနိုင်ခဲ့သည်။ ထို့ကြောင့် NCA လက်မှတ်ရေးထိုးသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၀ ဖွဲ့အထိ ရှိလာခဲ့ပါသည်။ အခြားတစ်ဖက်တွင်တော့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- ၂၁ ရာစု ပင်လုံ အစည်းအဝေးကို လေးကြိမ်အထိ ပြုလုပ်နိုင်ခဲ့ကာ ပြည်ထောင်စုသဘောတူစာချုပ်(Union Accord) အစိတ်အပိုင်း ၁၊ ၂ နှင့် ၃ တို့ ရရှိခဲ့သည်။

NRPC ၏ အခန်းကဏ္ဍကတော့ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက် စစ်အာဏာသိမ်းမှုကြောင့် ရပ်တန့်သွားခဲ့ရပြီ ဖြစ်သည်။

## မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းအစီအစဉ်ပြမြေပုံ




Source: Myanmar Peace Monitor



# ၂၁ ရာစု ပင်လုံလားရာ

## ၂၁ ရာစု ပင်လုံ လားရာ

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်၊ စစ်အာဏာသိမ်းမှုနှင့်အတူ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA)အရ ဖြစ်တည်လာသည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - ၂၁ ရာစု ပင်လုံအစည်းအဝေးသည်လည်း ပြည်ထောင်စုသဘောတူညီမှုစာချုပ်အစိတ်အပိုင်း သုံးခုပါ အချက် ၇၁ ချက်တွင် ရပ်နားသွားပြီဟု ဆိုရပါမည်။ ၂၀၂၀ ပြည့်နှစ် ဩဂုတ်လ ၁၉ ရက်မှ ၂၄ ရက်အထိ စစ်အာဏာမသိမ်းခင် နောက်ဆုံးအကြိမ်ကျင်းပခဲ့သော ၂၁ ရာစု ပင်လုံစတုတ္ထ အစည်းအဝေးမှ ၂၀၂၀ ပြည့်နှစ်အလွန် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကြီး သုံးရပ်သည်လည်း လက်တွေ့အကောင်အထည်ဖော်ရန် နှစ်ကာလမည်မျှ ကြာမြင့်မည်ကို တွက်ဆနိုင်ရန် ခက်ခဲနေပါသည်။

အဆိုပါ ၂၁ ရာစုပင်လုံ စတုတ္ထအစည်းအဝေးမှ ရရှိလာသည့် ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း သုံးပါ အမျိုးသားပြန်လည်ရင်ကြားစေ့ရေး၊ ပြည်တွင်းငြိမ်းချမ်းရေး၊ ဒီမိုကရေစီအသွင် ကူးပြောင်းရေး၊ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးနှင့် ၂၀၀၈ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးဆိုသည့် ခေါင်းစဉ်ကြီးများသည် ၂၀၂၀ ပြည့်နှစ်အလွန် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ အဓိက ဦးတည်ရာများ ဖြစ်ပါသည်။

ယင်းအချက်များနှင့် ပတ်သက်ပြီး လက်ရှိအာဏာသိမ်းစစ်အုပ်စု၏ ဖမ်းဆီးထားရာခွဲဆိုခြင်း ခံထားရသူ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က "၂၀၂၀ အလွန် ရှေ့ဆက်မယ့် ငြိမ်းချမ်းရေး ပထမလုပ်ငန်းစဉ်ကတော့ အမျိုးသားရင်ကြားစေ့ရေးနဲ့ ပြည်တွင်းငြိမ်းချမ်းရေး လုပ်ငန်းစဉ် နှစ်ရပ်ကို ဒွန်တွဲ ဖော်ဆောင်ခြင်းပဲ ဖြစ်ပါတယ်။ ဒုတိယလုပ်ငန်းစဉ်ကတော့ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးနဲ့ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ် နှစ်ရပ်ကို ပူးတွဲ

ဖော်ဆောင်ခြင်းပဲဖြစ်ပါတယ်။ တတိယလုပ်ငန်းစဉ်ကတော့ ပထမလုပ်ငန်းစဉ်နဲ့ ဒုတိယလုပ်ငန်းစဉ်တွေကနေထွက်ပေါ်လာတဲ့သဘောတူညီချက်တွေကို အခြေခံပြီးဖွဲ့စည်းပုံအခြေခံ ဥပဒေပြင်ဆင်ရေးလုပ်ငန်းစဉ်ကို အကောင်အထည်ဖော်ကြရမှာ ဖြစ်ပါတယ်"ဟု ပြောဆိုထားပါသည်။

ပထမလုပ်ငန်းစဉ်အဖြစ် NCA လက်မှတ်မထိုးရသေးသော တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများနှင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက်များရရှိရန်အတွက် ဆွေးနွေးညှိနှိုင်းမှုများ ဆောင်ရွက်ပြီး NCA လက်မှတ်ရေးထိုးပြီးသား အဖွဲ့များနှင့်ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး နိုင်မာစေရန်အပြင် ရရှိထားသည့် ပြည်ထောင်စု သဘောတူစာချုပ်ပါ အခြေခံမှုများနှင့်အညီ တိုင်းရင်းသားအခွင့်အရေးများ မြှင့်တင်ပေးနိုင်ရေး၊ ဖက်ဒရယ်ကို ဦးတည်သော ဥပဒေရေးရာ ပြုပြင်ပြောင်းလဲမှုများ၊ တန်းတူရေးကို ရှေးရှုသော အုပ်ချုပ်ရေး ဆိုင်ရာ ဆောင်ရွက်ချက်များကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်သွားရမည် ဖြစ်သည်။

> ထာဝရငြိမ်းချမ်းရေးဆိုသည့်
> စကားလုံးကို မကြာခဏ
> ပြောဆိုလေ့ရှိသည့်
> အာဏာသိမ်းစစ်ခေါင်းဆောင်၏
> ငြိမ်းချမ်းရေးအစီအစဉ်များသည်
> စိတ်ကူးအိပ်မက်ကဲ့သို့သာ
> မြင်တွေ့ရပြီး ...

ဒုတိယလုပ်ငန်းစဉ်အဖြစ် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးဆိုင်ရာ လမ်းညွှန်အခြေခံမှုများကို ဆက်လက်ဆွေးနွေးညှိနှိုင်းပြီး အားလုံးသဘောတူလက်ခံသည့် ပြည်နယ်များ၏ ကိုယ်ပိုင်ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ကို ရှာဖွေကြရမည်ဖြစ်သည်။ ထို့ပြင် ဒီမိုကရေစီ အသွင်ကူးပြောင်းရေးနှင့် ဖက်ဒရယ်တည်ဆောက်ရေးဖော်ဆောင်ရာတွင် နိုင်ငံရေးနှင့် လုံခြုံရေးဆိုင်ရာ ပြန်လည်ပေါင်းစည်းရေးလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်နိုင်မည့်အစီအစဉ်များ၊ ယန္တရားများနှင့် လက်တွေ့ကျကျ အကောင်အထည်ဖော်နိုင်ရေးကို ဆွေးနွေးညှိနှိုင်းကြရမည်ဖြစ်သည်။ တတိယလုပ်ငန်းစဉ်တွင်တော့ နိုင်ငံရေးအရသဘောတူညီမှုများကို လုပ်ငန်းအဆင့်ဆင့်တွင် တတ်သိပညာရှင်များ ပါဝင်စေပြီး NCA ပါ လမ်းပြမြေပုံနှင့်အညီ ဖွဲ့စည်းပုံအခြေခံဥပဒေအပါအဝင် ဥပဒေများ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းတို့ကို ဆောင်ရွက်သွားရမည် ဖြစ်သည်။

ဆိုခဲ့ပါ ၂၀၂၀ အလွန် ငြိမ်းချမ်းရေး ရှေ့လုပ်ငန်းစဉ်များသည် အနာဂတ် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုအထိရည်မှန်းထားသော်လည်း လက်ရှိအာဏာသိမ်းစစ်ခေါင်းဆောင် ကာချုပ်မင်းအောင်လှိုင်ကတော့ "ပထမ အချက်အနေနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်ရာမှာ ပါဝင်ပတ်သက်နေတဲ့အဖွဲ့အစည်း (Stakeholder) တွေဟာ ရိုးသားကြဖို့ လိုပါတယ်။ ... ဒုတိယအချက်အနေနဲ့ ကျွန်တော်ပြောလိုတာကတော့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အခြားလုပ်ငန်းစဉ်နဲ့ တွဲဆက်ထားလို့မှုပဲ ဖြစ်ပါတယ်၊ ... တတိယအချက်အနေနဲ့ တိကျပြတ်သားတဲ့ အခြေခံမှုအပေါ်မှာ ခိုင်မြဲစွာရပ်တည်ရေး ဖြစ်ပါတယ်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေမှာ အခြေခံမှုများ ရှိပြီးဖြစ်ပါတယ်။ အခြေခံမှုကတော့ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပဲ ဖြစ်ပါတယ်" ဟု ပြောဆိုကာ ၎င်း၏ စိတ်သဘောထားကို ပြသခဲ့ပါသည်။

ချုပ်၍ဆိုရသော် ကာချုပ်မင်းအောင်လှိုင်နှင့် စစ်အုပ်စုသည် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-

၂၁ ရာစုပင်လုံအစည်းအဝေးများမှ ထွက်ပေါ်လာသော သဘောတူညီချက်များကို လက်မှတ်ရေးထိုးထားခဲ့သည့်တိုင် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံပြင်ဆင်ရေးအထိမှ စိုးရိမ်ကြောက်လန့်နေသည့် လက္ခဏာမျိုး တွေ့ရပါသည်။ ထို့ကြောင့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက် စစ်အာဏာသိမ်းမှု ဖြစ်စဉ်သည်ပင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့် တစ်နည်းတစ်ဖုံ ချိတ်ဆက်နေနိုင်ကြောင်း ရှုမြင်မိပါသည်။

အာဏာသိမ်းစစ်ကောင်စီသည် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ (NSPNC)ကို ဖွဲ့စည်းကာ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်ကို ဦးဆောင်စေပြီး NCA လက်မှတ်မထိုးရသေးသည့် မြောက်ပိုင်းဒေသ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ အချို့ အပါအဝင် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေးအဖွဲ့အချို့နှင့်ပါ သီးခြားစီတွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်လာသည်ကိုတွေ့ရသည်။ ထို့ပြင် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင်အနိုင်ရသည်အထိ ထောက်ခံဆန္ဒမဲ မရရှိခဲ့သည့် အာဏာသိမ်းစစ်တပ်နှင့် နီးစပ်သော ဆက်ဆံရေးရှိသည့် နိုင်ငံရေးပါတီအချို့ကို NCA အရ ဖြစ်တည်လာသော UPDJC ၏ နိုင်ငံရေးပါတီ များအစုအဖွဲ့တွင် ထည့်သွင်းကာ တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်လျက်ရှိပါသည်။

NCA မူဘောင်အရ အစိုးရ၊ လွှတ်တော်၊ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့များကို ဗဟို ပြုထားသည်ဟု ဆိုရမည်ဖြစ်သော်လည်း အစိုးရအဖွဲ့ ခေါင်းဆောင်များကို ဖမ်းဆီးပြီး လွှတ်တော်ကို ရပ်နားကာ တိုင်းပြည်အာဏာအရပ်ရပ်အား အဓမ္မ သိမ်းယူထားသည့် အာဏာသိမ်းစစ်အုပ်စုလက်ထက်တွင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - ၂၁ ရာစုပင်လုံ အစည်းအဝေးများသည် တစ်ခန်းရပ်ဇာတ်လမ်းဖြင့်သာ အဆုံးသတ်သွားခဲ့ပြီဟု မှတ်ယူရပါလိမ့်မည်။


အာဏာသိမ်းစစ်အုပ်စုသည် ၎င်းတို့၏ အာဏာသိမ်းကာလအတွင်း နောက်ကျောမလုံသည့် ၎င်းတို့၏ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို လိုအပ်သလို ဇာတေးပြုပြင်ကာ အထွေထွေ ရွေးကောက်ပွဲစနစ်ကိုပါ ပြောင်းလဲပြီး နောက်ထပ် ရွေးကောက်ပွဲတစ်ရပ် ကျင်းပနိုင်ရေး ကြိုးပမ်းနေသည်ကို တွေ့ရပါသည်။ ယင်းမှတစ်ဆင့် ထွက်ပေါ်လာမည့် လွှတ်တော်များ ဖြစ်တည်လာမှသာ ၎င်းတို့ ကိုင်စွဲထားသည့် NCA ကို ပြန်လည်အသုံးချလိမ့်မည်ဟု သုံးသပ်ရပါသည်။

ထာဝရငြိမ်းချမ်းရေးဆိုသည့် စကားလုံးကို မကြာခဏ ပြောဆိုလေ့ရှိသည့် အာဏာသိမ်းစစ်ခေါင်းဆောင်၏ ငြိမ်းချမ်းရေးအစီအစဉ်များသည် စိတ်ကူးအိပ်မက်ကဲ့သို့သာ မြင်တွေ့ရပြီး ၎င်းတို့၏ လက်တွေ့လုပ်ဆောင်ချက်များကမူ စစ်အာဏာသိမ်းကာလ တစ်လျှောက်လုံးတွင် ပြည်တွင်းစစ်မီး ပိုမို ကျယ်ပြန့်လာသည်ကိုသာ သတိပြုမိပါတော့သည်။

စစ်အာဏာရှင်စနစ် အမြစ်ပြတ်ချေမှုန်းရေး ဦးတည်နေကြသော နွေဦးတော်လှန်ရေး အစုအဖွဲ့များ၊ အင်အားစုများကမူ ၂၀၂၀ အလွန်ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ ဦးတည်ရာများနှင့် ကိုက်ညီလျက်ရှိနေသည်ကို ထူးခြားစွာ မြင်တွေ့ရပါသည်။ အထူးသဖြင့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ(CRPH)၏ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ဖျက်သိမ်းကြောင်း ကြေညာချက်၊ တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအင်အားစုများ၊ နိုင်ငံရေးပါတီများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် လူမျိုးစုအလိုက် အစုအဖွဲ့များ ပေါင်းစည်းပါဝင်နေသည့် အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ (NUCC) ၏ ဦးတည်ရာဖြစ်သော ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေး အစီအစဉ်များသည် ၂၁ ရာစုပင်လုံအစည်းအဝေးများ၏ လားရာနှင့် ကိုက်ညီလျက်ရှိသည်ကို တွေ့ရပါသည်။

# မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ပုံဖော်ခြင်း

မူလကတည်းက အနာဂတ်ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးအထိ ရည်မှန်းထားသည့် ၂၁ရာစု ပင်လုံ၏ လားရာသည် နွေဦးတော်လှန်ရေး၏ အောင်မြင်မှု တစ်နည်းအားဖြင့် ပြည်သူလူထု၏ အောင်ပွဲနှင့် တိုက်ရိုက်ချိတ်ဆက်နေကြောင်း သုံးသပ်တင်ပြအပ်ပါသည်။



# စစ်အာဏာသိမ်းကာလအတွင်း ဇာတ်ကောင်အသစ်များ

## ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြု ကော်မတီ – CRPH

| | | |
|---|---|---|
| ဖွဲ့စည်းသည့်ရက်စွဲ | - | ၅ ဖေဖော်ဝါရီ ၂၀၂၁ |
| ဥက္ကဋ္ဌ | - | ဦးအောင်ကြည်ညွန့် |
| အဖွဲ့ဝင် | - | ၁၇ ဦး |

၂၀၂၀ ပြည့်နှစ်အထွေထွေရွေးကောက်ပွဲတွင် မဲဆန္ဒရှင်ပြည်သူများ၏ ရွေးချယ်တင်မြှောက်ခြင်းခံရသော ပြည်ထောင်စုအဆင့်လွှတ်တော်လှယ်များသည် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်၊ နံနက် ၉ နာရီအချိန်တွင် ပြုလုပ်မည့် ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ရန်အတွက် နေပြည်တော်ရှိ စည်ပင်ရိပ်သာတွင် စောင့်ဆိုင်းနေခဲ့ကြသော်လည်း ထိုနေ့နံနက်ပိုင်း စစ်အာဏာသိမ်းမှုကြောင့် စည်ပင်ရိပ်သာဝင်းထဲတွင်ပင် ပိတ်မိနေခဲ့ပါသည်။

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၅ ရက်တွင်တော့ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် ၃၇၀ ဦး၏ တာဝန်လွှဲအပ်မှုဖြင့် ပြည်ထောင်စုလွှတ်တော်ကိုယ်စား ဥပဒေပြုရေးအပါအဝင် လွှတ်တော်တာဝန်များကို ထမ်းဆောင်ရန်အတွက် အဖွဲ့ဝင် ၁၅ ဦး ပါဝင်သော CRPH ကို ဖွဲ့စည်းခဲ့ပါသည်။ ဖေဖော်ဝါရီ ၁၀ရက်တွင်တော့ ကယားပြည်နယ်ဒီမိုကရက်တစ်ပါတီမှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်နှင့် တအာင်း(ပလောင်)အမျိုးသားပါတီမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တို့ကို ထပ်မံအားဖြည့်ကာ တိုးချဲ့ဖွဲ့စည်းခဲ့ပါသည်။

စစ်အာဏာရှင်စနစ်နှင့် စစ်အာဏာသိမ်းသံသရာ ချုပ်ငြိမ်းပြီး ဖက်ဒရယ်ဒီမိုကရေစီစနစ်ကို အခြေခံသော နိုင်ငံတော်တည်ဆောက်ရေးအတွက် စစ်အာဏာရှင်စနစ် ချုပ်ငြိမ်းရေး၊ နိုင်ငံတော်သမ္မတနှင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် အပါအဝင် ဖမ်းဆီးထိန်းသိမ်းခံထားရသူအားလုံး လွှတ်

မြောက်ရေး၊ ဒီမိုကရေစီရရှိရေး၊ ၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေ ဖျက်သိမ်းရေးနှင့် ဖက်ဒရယ် စနစ်ကို အခြေခံသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးဟူသည့် နိုင်ငံရေးရည်မှန်းချက်များကို ထုတ်ပြန်ခဲ့သည်။ တိုင်းနှင့်ပြည်နယ်အလိုက် လွှတ်တော်ကိုယ်စားပြုကော်မတီများ ဖွဲ့စည်းခြင်း၊ ကြားကာလ ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့များကို ဖွဲ့စည်းခြင်း စသည့် လုပ်ငန်းများအပြင် ပြည်ပနိုင်ငံ အသီးသီးရှိ မြန်မာသံအဖွဲ့များ၊ သံတမန်အကြီးအမှူးများနှင့် သံရုံးဝန်ထမ်းများအား CRPH ထံ တာဝန်ခံစေရန် ကြိုးပမ်းခဲ့ပါသည်။

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲမှ အနိုင်ရလွှတ်တော်ကိုယ်စားလှယ်များဖြင့် စုဖွဲ့ထားသည့် CRPH ကို အာဏာသိမ်းစစ်အုပ်စုမှ အကြမ်းဖက်အဖွဲ့အဖြစ် ကြေညာခဲ့သကဲ့သို့ CRPH ကလည်း အာဏာသိမ်းစစ်ကောင်စီအား အကြမ်းဖက်အုပ်စုအဖြစ် ၂၀၂၁ ခုနှစ် မတ်လ ၁ ရက်တွင် ကြေညာခဲ့ပါသည်။ ဖေဖော်ဝါရီ ၁ ရက်၊ စစ်အာဏာသိမ်းမှုသည် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေကို ချိုးဖောက်ခဲ့ခြင်းဖြစ်ကြောင်း ကြေညာကာ အာဏာရှင်စနစ် ပပျောက်ရေး၊ ဖွဲ့စည်းပုံ အခြေခံဥပဒေ(၂၀၀၈ ခုနှစ်) အပြီးသတ်ဖျက်သိမ်းရေး၊ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေး၊ ပြည်သူ့အစိုးရ ပေါ်ထွန်းရေး ရည်ရွယ်ချက်များဖြင့် ဖက်ဒရယ်ဒီမိုကရေစီအင်အားစုများ စုပေါင်းဆွေးနွေးဆုံးဖြတ်ပြီး ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်ကို အတည်ပြုကြောင်း ထုတ်ပြန်ခဲ့သည်။ ၂၀၂၁ ခုနှစ် မတ်လ ၃၁ ရက်တွင်တော့ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ကို အပြီးသတ် ဖျက်သိမ်းကြောင်း CRPH က ကြေညာခဲ့သည်။

CRPH သည် ကဏ္ဍအလိုက်ရေးရာကော်မတီများ ကိုးခုအထိ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပြီး နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုင်ရာ ဥပဒေနှင့် ပြည်သူ့ရဲ စည်းကမ်းထိန်းသိမ်းရေးဥပဒေ အပါအဝင် ဥပဒေ ကိုးခုကို ပြင်ဆင်ခြင်း၊ ဖျက်သိမ်းခြင်းနှင့် ပြဋ္ဌာန်းခြင်းများ ပြုလုပ်ခဲ့ပါသည်။ အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ (NUCC) နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး NUCC မှ ရွေးချယ်ပေးခဲ့သည့် အမျိုးသားညီညွတ်ရေးအစိုးရ (NUG)ကို ဖွဲ့စည်းပေးခဲ့သည်။ CRPH အနေဖြင့် ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သော်လည်း စစ်အာဏာရှင်စနစ် အမြစ်ပြတ်ချေမှုန်းရေးအတွက် ခေါင်းဆောင်မှုပေးသော ရေးပါသည့် အစုအဖွဲ့တစ်ခု ဖြစ်နေပါသည်။

## အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ– NUCC

| | | |
|---|---|---|
| စတင်ဖွဲ့စည်းသည့် ရက်စွဲ | - | ၈ မတ် ၂၀၂၁ |
| ကဏ္ဍအလိုက် အစုအဖွဲ့ | - | ၅ ခု |
| အဖွဲ့အစည်းပေါင်း | - | ၃၃ ဖွဲ့ |

ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ၊ နိုင်ငံရေးပါတီများ၊ ဖက်ဒရယ်ယူနစ် လူမျိုးအလိုက် အတိုင်ပင်ခံကောင်စီများ၊ တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းများ၊ သပိတ်ကော်မတီများ၊ CDM လှုပ်ရှားမှုတွင် ပါဝင်သူများ၊ အရပ်ဘက်အဖွဲ့အစည်းများ (အမျိုးသမီးလူငယ်အဖွဲ့အစည်းများ) စသည့် ကဏ္ဍအလိုက် အစုအဖွဲ့ ငါးခုဖြင့် ဖွဲ့စည်းထားသည့် NUCC

သည် ၂၀၂၁ ခုနှစ် မတ် ၃၁ ရက်တွင် ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်ကို အတည်ပြုကာ အမျိုးသား ညီညွတ်ရေးအစိုးရ (NUG)ကို ရွေးချယ်ပေးခဲ့သည်။

သို့သော် အဆိုပါ ပဋိညာဉ်အား ပြည့်စုံမှုမရှိသဖြင့် ဝေဖန်မှုများ ကြုံတွေ့ခဲ့ရပြီးနောက် မေလ တတိယအပတ်မှစတင်ကာ ၁၀ လ နီးပါး ကြာမြင့်စွာ ပြန်လည်ဆွေးနွေး သုံးသပ်ခဲ့ရပါသည်။ ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၇ ရက်မှ ၂၉ ရက်အထိ ပြည်သူ့ညီလာခံတစ်ရပ် ကျင်းပကာ ဖက်ဒရယ်ဒီမို ကရေစီ ပဋိညာဉ် အစိတ်အပိုင်းနှစ်ခုစလုံးကို အတည်ပြုခြင်းနှင့် အမျိုးသားညီညွတ်ရေးအစိုးရ (NUG)ကို ထပ်မံ အတည်ပြုခြင်းများ ဆုံးဖြတ်ထုတ်ပြန်ခဲ့ပါသည်။

စစ်အာဏာရှင်စနစ်အပါအဝင် မည်သည့်အာဏာရှင်စနစ်မဆို အပြီးတိုင်ချုပ်ငြိမ်းရေးနှင့် ဒီမို ကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးစသည်တို့ကို အပြည့်အဝ အာမခံချက်ပေးနိုင်သည့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုတည်ထောင်ရေးကို ဦးတည် ပြုလုပ်ခဲ့ သည့် ပထမအကြိမ် ပြည်သူ့ညီလာခံတွင် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ(CRPH) အပါအဝင် ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများ၊ သမဂ္ဂများ၊ အမျိုးသမီး များ၊ လူငယ်နှင့် လူနည်းစုဆိုင်ရာအဖွဲ့အစည်းများ အပါအဝင် အရပ်ဘက်အဖွဲ့အစည်းများ၊ အာဏာရှင်စနစ်ဆန့်ကျင်ရေး ပြည်သူ့ဝန်ထမ်း (CDM) လှုပ်ရှားမှုဆိုင်ရာ အဖွဲ့အစည်းများ၊ လူထု သပိတ် လှုပ်ရှားမှုဆိုင်ရာ အဖွဲ့အစည်းများ၊ တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများ၊ ကြား ကာလပြည်နယ်/ဖက်ဒရယ်ယူနစ်/လူမျိုးကိုယ်စားပြုကော်မတီများမှ ကိုယ်စားလှယ်များ၊ အမျိုး သားညီညွတ်ရေးအစိုးရအဖွဲ့ အဖွဲ့ဝင်များ၊ နိုင်ငံတကာသြဇာသည်တော်များနှင့် လေ့လာသူများ စုစုပေါင်း ၃၈၈ ဦး တက်ရောက်ခဲ့ကြောင်း NUCC က ထုတ်ပြန်ခဲ့သည်။

NUCC တွင် လူသိရှင်ကြားပူးပေါင်းဆောင်ရွက်နေသည့် KNU ၊ CNF ၊ KNPP နှင့် တိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်း ရှစ်ဖွဲ့၊ KPICT ၊ ICNCC ၊ KSCC ၊ MSICC ၊ PNFC ၊ TPCC စသည့် လူမျိုးအလိုက် အတိုင်ပင်ခံကောင်စီများ၊ NLD ၊ DPNS စသည့် နိုင်ငံရေးပါတီများ၊ သပိတ်ကော်မတီများ၊ အမျိုးသမီးကိုယ်စားပြု အဖွဲ့အစည်းများ၊ အရပ်ဘက်အဖွဲ့အစည်းများ ပါဝင် နေသည်ကို တွေ့ရပါသည်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားညီညွတ်ရေးအစိုးရ – NUG

| | | |
|---|---|---|
| ဖွဲ့စည်းသည့် ရက်စွဲ | - | ၁၆ ဧပြီ ၂၀၂၂ |
| နိုင်ငံတော်သမ္မတ | - | ဦးဝင်းမြင့် |
| နိုင်ငံတော်ဒုတိယသမ္မတ | - | ဒူဝါလရှီးလ |
| နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် | - | ဒေါ်အောင်ဆန်းစုကြည် |
| ပြည်ထောင်စုဝန်ကြီးချုပ် | - | မန်းဝင်းခိုင်သန်း |
| ပြည်ထောင်စုဝန်ကြီး | - | ၁၇ ဦး |
| ပြည်ထောင်စုဒုတိယဝန်ကြီး | - | ၁၆ ဦး |

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံရသည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဦးဆောင်သော အစိုးရအဖွဲ့သည် ကာချုပ်မင်းအောင်လှိုင်၏ စစ်အာဏာသိမ်းမှုကြောင့် သက်တမ်းစေ့ အုပ်ချုပ်ခွင့်မရဘဲ နိုင်ငံတော်သမ္မတနှင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် အပါအဝင် အစိုးရအဖွဲ့ထိပ်ပိုင်းခေါင်းဆောင်များ ဖမ်းဆီးခံခဲ့ရသည်။ ယင်းသို့ သက်တမ်းစေ့ အုပ်ချုပ်ခွင့်မရခဲ့သည့်တိုင် ၂၀၂၁ ခုနှစ် မတ်လ ၃၁ ရက်တွင် သက်တမ်းကုန်ဆုံးခဲ့သည့်အတွက် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ အနိုင်ရ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များဖြင့် စုဖွဲ့ထားသော ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ(CRPH)သည် ၂၀၂၁ ခုနှစ် ဧပြီလ ၁၆ ရက်တွင် အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ကို ဖွဲ့စည်းခဲ့သည်။

ဝန်ကြီးဌာန ၁၅ ခုပါဝင်သည့် NUG ကို အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ (NUCC) မှတစ်ဆင့် ရွေးချယ်ပေးကာ CRPH က ခန့်အပ်တာဝန်ပေးအပ်ခြင်း ဖြစ်သည်။ အာဏာသိမ်းစစ်အုပ်စု၏ ဖမ်းဆီးတရားစွဲဆိုခြင်းခံနေရသည့် ဦးဝင်းမြင့်နှင့် ဒေါ်အောင်ဆန်းစုကြည်တို့အား NUG ၏ နိုင်ငံတော်သမ္မတနှင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်အဖြစ် ဆက်လက် တာဝန်ပေးအပ်ထားပြီး ကချင်တိုင်းရင်းသားခေါင်းဆောင် ဒူဝါလရှီးလကို ဒုတိယသမ္မတအဖြစ် ခန့်အပ်ကာ ယာယီသမ္မတအဖြစ် ဦးဆောင်စေခဲ့ပါသည်။ NLD ထိပ်ပိုင်းခေါင်းဆောင်တစ်ဦးဖြစ်သူ ကရင်တိုင်းရင်းသား မန်းဝင်းခိုင်သန်းအား NUG ၏ ပြည်ထောင်စုဝန်ကြီးချုပ်အဖြစ် တာဝန်ယူစေခဲ့ပါသည်။

NUGတွင်ကချင်၊ကရင်နီ(ကယား)၊ကရင်၊ချင်း၊မွန်၊ဗမာစသည့်တိုင်းရင်းသားလူမျိုးများအပြင် အခြားသော တိုင်းရင်းသားမျိုးနွယ်စုဝင်များအား ပြည်ထောင်စုဝန်ကြီး၊ ဒုဝန်ကြီး တာဝန်ပေးအပ်ထား သည်ကို တွေ့ရပြီး အသက်အရွယ် အမျိုးအစား၊ ကျား မ အမျိုးအစားအလိုက် ပါဝင်မှုနှင့် တာဝန် ယူမှု အခြေအနေများသည်လည်း စစ်အာဏာရှင်စနစ် အမြစ်ပြတ်ချေမှုန်းရေးနှင့် ဖက်ဒရယ်ဒီမို ကရေစီပြည်ထောင်စု တည်ဆောက်ရေးအတွက် ဦးတည်ကြိုးပမ်းနေကြသော တိုင်းရင်းသား ပြည် သူများ၏ စိတ်ဝင်တစားကြိုဆိုမှုကို ရရှိခဲ့သကဲ့သို့ ဒီမိုကရေစီလိုလားသော နိုင်ငံတကာ အစိုးရများ၏ ထောက်ခံမှုများရရှိခဲ့သည်ကိုလည်း တွေ့ရပါသည်။ ယခုအခါ NUG အနေဖြင့် ဝန်ကြီးဌာန ၁၈ ခု အထိ တိုးချဲ့ဖွဲ့စည်းကာ နိုင်ငံခြားရေး၊ လူမှုရေး၊ စီးပွားရေး၊ စစ်ရေးနှင့် နိုင်ငံရေးဆိုင်ရာကိစ္စရပ်များကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရပါသည်။

## ကြားကာလ ချင်းအမျိုးသားအတိုင်ပင်ခံကောင်စီ – ICNCC

ချင်းပြည်နှင့် ချင်းလူမျိုးများ၏ နိုင်ငံရေးဆိုင်ရာလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်နိုင်ရေးအတွက် ပြည်တွင်း၊ ပြည်ပရှိ ချင်းအဖွဲ့အစည်းများအကြား ညှိနှိုင်းအစည်းအဝေးများ ပြုလုပ်ကာ ၂၀၂၁ ခုနှစ် ဧပြီလ ၁၃ ရက်တွင် ICNCC ကို ဖွဲ့စည်းကြောင်း ဆုံးဖြတ်ကြေညာခဲ့သည်။ အာဏာရှင်စနစ်ကို အဆုံးတိုင် ဆန့်ကျင်တော်လှန်ပြီး ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အတွက် အာမခံချက်ရှိသည့် ချင်းပြည်နယ်တည်ဆောက်ရေးနှင့် တန်းတူရေး အာမခံချက်ရှိသည့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုတည်ဆောက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားမည်ဟု ဆိုပါသည်။

ICNCC သည် ပြည်နယ်အဆင့်တွင် ချင်းပြည်နယ်အစိုးရအဖွဲ့ကို ဖွဲ့စည်းကာ ပြည်နယ်အတွင်း ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးကိစ္စရပ်များအား ဆောင်ရွက်ပြီး ဖက်ဒရယ်အဆင့်တွင် NUCC နှင့် NUG အတွက် ကိုယ်စားလှယ်များ စေလွှတ်၍ ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များနှင့်အတူ တန်းတူရည်တူ ပူးပေါင်းဆောင်ရွက်သွားမည်ဟု ကြေညာထားပါသည်။

စစ်အာဏာရှင်စနစ်ချုပ်ငြိမ်းရေး၊ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု ပေါ်ထွန်းရေးနှင့် ချင်းပြည်နယ် တည်ဆောက်ရေးဟူသော ရည်မှန်းကာ နွေဦးတော်လှန်ရေးကာလအတွင်း ချင်းအမျိုးသားနိုင်ငံရေးစုတစ်စုအဖြစ် စုစည်းဆောင်ရွက်နိုင်ရန် ဖွဲ့စည်းခဲ့သော ICNCC သည် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုပေါ်ထွန်းရေးအတွက် အရေးပါသည့် ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ် ရေးဆွဲအတည်ပြုနိုင်ရေး အပါအဝင် NUCC ၊ NUG တို့တွင်ပါဝင်သော အခြားပြည်ထောင်များ၊ ဖက်ဒရယ်ယူနစ်များ၊ တော်လှန်ရေးအဖွဲ့အစည်းများနှင့်အတူ စုပေါင်းဦးဆောင်မှုကဏ္ဍ အသီးသီးတွင် ပူးပေါင်းဆောင်ရွက်ခဲ့သည်ကို တွေ့ရပါသည်။

## ကြားကာလ ကချင်နိုင်ငံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ – KPICT

၂၀၂၁ ခုနှစ် မတ် ၉ ရက်မှ ၁၁ ရက်အထိ ပြုလုပ်သည့် ပြည်တွင်းပြည်ပရှိ ကချင်အဖွဲ့အစည်းများ အစည်းအဝေးမှ ကချင်အမျိုးသားများကိုယ်စား နိုင်ငံရေးဆိုင်ရာ လုပ်ငန်းများကို တာဝန်ယူ ညှိနှိုင်းဆောင်ရွက်ရန်အတွက် Kachin Political Interim Coordination Team (KPICT) ကို ဖွဲ့စည်းခဲ့သည်၊ လက်ရှိဖြစ်ပေါ်နေသော နိုင်ငံရေးအခင်းအကျင်းအပေါ် အခြေခံပြီး 'အချုပ်အခြာအာဏာသည် ပြည်သူထံမှ ဆင်းသက်ကြောင်း ခိုင်မာစေရန်၊ အာဏာရှင်စနစ်ကို အပြီးတိုင် တိုက်ဖျက်ကာ စစ်မှန်သော ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရန်နှင့် နိုင်ငံရေးရည်မှန်းချက်တူညီသောပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့်ပူးပေါင်းလက်တွဲဆောင်ရွက်သွားရန်' ဟူသည့် ရည်ရွယ်ချက် သုံးချက်ကို KPICT က ထုတ်ပြန်ခဲ့သည်။

အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ဖွဲ့စည်းခြင်းအပေါ် ကြိုဆိုထောက်ခံကြောင်း ၂၀၂၁ ခုနှစ် ဧပြီ ၁၇ ရက်တွင် သဘောထားထုတ်ပြန်ခဲ့ပြီး NUG ၏ ပြည်ထောင်စုဝန်ကြီးချုပ်ကိုယ်တိုင်ကလည်း "ပြည်ထောင်စုမျှော်ရည်မှန်းချက်ဖြစ်သော လွတ်လပ်မှု၊ တရားမျှတမှု၊ တန်းတူမှုရှိပြီး ငြိမ်းချမ်းသည့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေးအတွက် မိတ်ဖက်အဖွဲ့အစည်း အားလုံးနှင့်လက်တွဲကာ ရည်မှန်းချက်အောင်မြင်သည်အထိ စုပေါင်းဆောင်ရွက်သွားမည်"ဟု ဝန်ခံကတိပြုချက်ကို KPICT ထံ ပေးပို့ခဲ့ပါသည်၊

ယခုအခါ KPICT နှင့် NUG ပူးပေါင်းပြီး ဌေတိုက်စာချုပ်များအစီအစဉ်ကို စတင်ဆောင်ရွက်နေပြီး ကချင်လွတ်လပ်ရေးအဖွဲ့(KIO)၏ ငွေကြေးပို့ဆောင်မှုစနစ်၊ အုပ်ချုပ်ရေးစနစ်နှင့် ဘဏ်စနစ်များအတိုင်း ဆောင်ရွက်နေကြောင်း သိရပါသည်၊

## ကရင်နီပြည်နယ် အတိုင်ပင်ခံကောင်စီ– KSCC

အမျိုးသားတန်းတူရေး၊ တရားမျှတရေး၊ ဒီမိုကရေစီရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝရှိသည့် ဖက်ဒရယ်ပြည်ထောင်စုကို အခြားတိုင်းရင်းသားများနှင့်အတူ ယှဉ်တွဲနေထိုင်သွားရန် ရည်ရွယ်လျက် ကြားကာလမှစတင်၍ ဖက်ဒရယ်ပြည်ထောင်စု တည်ထောင်နိုင်သည်အထိ ကရင်နီပြည်နယ်အတွင်းရှိ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲမှ ရွေးကောက်ခံအမတ်များ၊ နိုင်ငံရေးပါတီများ၊တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ၊အရပ်ဘက်အဖွဲ့အစည်းများ၊ လူငယ်နှင့် အမျိုးသမီးအဖွဲ့အစည်းများ၊ တတ်သိပညာရှင်များ စုစည်းကာ KSCC ကို ၂၀၂၁ ခုနှစ်၊ ဧပြီလ ၉ ရက်တွင် ဖွဲ့စည်းခဲ့သည်၊

KSCC အနေဖြင့် ကရင်နီပြည်နယ်၏ နိုင်ငံရေးအခန်းကဏ္ဍကို ဦးဆောင်၍ ကြားကာလ ကရင်နီပြည်နယ် အမျိုးသားညီညွတ်ရေးအစိုးရ ဖွဲ့စည်းခြင်းနှင့် ပြည်နယ်၏ အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ တရားစီရင်ရေးကဏ္ဍများကို လမ်းညွှန်ဆောင်ရွက်သွားမည်ဖြစ်ပြီး ပြည်ထောင်စုအဆင့် ဖွဲ့စည်းထားသည့် NUCC ၊ NUG တို့နှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်ဟု ဆိုပါသည်။

၂၀၂၁ ခုနှစ် ဩဂုတ်လ ၂၅ ရက်တွင် စစ်အာဏာသိမ်းမှုဆန့်ကျင်သော CDM ရဲဝန်ထမ်း ၃၂၀ ဦး ပါဝင်သည့် ကရင်နီပြည်နယ်ရဲ (KSP)ကို KSCC ဦးဆောင်မှုအောက်တွင် ဖွဲ့စည်းကာ ပြည်သူ့ရဲဝန်ဆောင်မှုလုပ်ငန်းများ တာဝန်ယူလျက်ရှိသည်။ ထို့အပြင် အာဏာသိမ်းစစ်ကောင်စီတပ်များအား

ခုခံတော်လှန်စစ်ဆင်နွှဲနေသော ကရင်နီအမျိုးသားများကာကွယ်ရေးတပ် (KNDF) သည်လည်း KSCC ၏ ကြီးကြပ်မှုအောက်တွင် ရပ်တည်နေပြီး ကရင်နီတပ်မတော် (KA)နှင့် လက်တွဲဆောင်ရွက်လျက်ရှိပါသည်။ KSCC အနေဖြင့် ပညာရေးကော်မတီတစ်ရပ်ဖွဲ့စည်းကာ ပြည်နယ်အတွင်း ပညာရေးဆိုင်ရာ လိုအပ်ချက်များ ဖြည့်ဆည်းပေးရန်နှင့် ဖက်ဒရယ်ဒီမိုကရေစီ ပညာရေးမူဝါဒ ရေးဆွဲရေးလုပ်ငန်းစဉ်တွင် ပူးပေါင်းဆောင်ရွက်လျက် ရှိပါသည်။ NUG နှင့် KSCC ပူးပေါင်းကာ ငွေတိုက်စာချုပ်များ ရောင်းချသွားရန်လည်း စီစဉ်လျက်ရှိကြောင်း သိရပါသည်။

## မွန်ပြည် ကြားကာလပူးပေါင်းဆောင်ရွက်ရေး ကော်မတီ– MSICC

စစ်အာဏာရှင်ဆန့်ကျင်သော အင်အားစုများနှင့် ပူးပေါင်းကာ အာဏာရှင်စနစ်ဆန့်ကျင်တိုက်ဖျက်ရေး၊ ဒီမိုကရေစီရရှိရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေး၊ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးဆိုသည့် နိုင်ငံရေးရည်မှန်းချက်များထားရှိကာ MSICC ကို ဖွဲ့စည်းခဲ့ခြင်းဖြစ်ပြီး NUCC နှင့် ပူးပေါင်းဆောင်ရွက်မှုများ ရှိနေသကဲ့သို့ NUG ၏ ကာကွယ်ရေးဝန်ကြီးဌာန၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာနနှင့် အလုပ်သမားဝန်ကြီးဌာနများတွင် ပြည်ထောင်စုဝန်ကြီး၊ ဒုဝန်ကြီးတာဝန်များ ယူထားသည်ကို တွေ့ရပါသည်။

မွန်ပြည်သူများအနေဖြင့် အာဏာရှင်စနစ်အမျိုးမျိုးအား ချက်သိမ်းနိုင်သည်အထိ ဗမာအပါအဝင် တိုင်းရင်းသားလူမျိုးများနှင့် ပူးပေါင်းကာ နည်းလမ်းပေါင်းစုံဖြင့် လက်နက်ကိုင်တော်လှန်ရေး တိုက်ပွဲများကို ဆက်လက်ဆင်နွှဲသွားရန် လိုအပ်နေပြီး ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံနှင့် ဖက်ဒရယ်တပ်မတော်ပေါ် ပေါက်ရေးအတွက် ဝိုင်းဝန်း ကြိုးပမ်းကြရမည်ဟု ၇၄ ကြိမ်မြောက် မွန်တော်လှန်ရေးနေ့တွင် MSICC က ထုတ်ပြန်ကြေညာခဲ့သည်။

၂၀၂၁ ခုနှစ်? ဖေဖော်ဝါရီ ၁ ရက် စစ်အာဏာသိမ်းမှုသည် နိုင်ငံရေးတွင် စစ်တပ်မှ ထားဝစဉ်ကြီးစိုးသည့် ကြိုးပမ်းခြင်းဟု မှတ်ယူပြီး မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးနှင့် ဖက်ဒရယ်ပြည်ထောင်စုထူထောင်ရေးအတွက် လမ်းပိတ်သွားသည်ဟုလည်း MSICC က ယုံကြည်ထားသည်ကို တွေ့ရပါသည်။

## ပအိုဝ်းအမျိုးသားဖက်ဒရယ်ကောင်စီ– PNFC

ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ (ပအလဖ)ကို ဖွဲ့စည်းပြီး ပဒေသရာဇ်စနစ်အား လက်နက်ကိုင်လမ်းစဉ်ဖြင့် ဆန့်ကျင်တော်လှန်ခဲ့သည့် ၇၂ နှစ်မြောက် ပဒေသရာဇ်စနစ် ဆန့်ကျင်တော်လှန်ရေးနေ့ ၂၀၂၁ခုနှစ် ဒီဇင်ဘာ ၁၁ ရက်တွင် ပအိုဝ်းအမျိုးသားဖက်ဒရယ်ညီလာခံကျင်းပကာ PNFC ကို ဖွဲ့စည်းခဲ့ခြင်း ဖြစ်သည်။

စစ်အာဏာရှင်စနစ်အပါအဝင် အာဏာရှင်စနစ်အမျိုးမျိုးကို နည်းလမ်းပေါင်းစုံဖြင့် တော်လှန်ရေး၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ် ပျက်စီးဆုံးရှုံးမှုများ၊ လူ့အခွင့်အရေးချိုးဖောက်ခံရမှုများ၊ မြေ-သဘာဝအရင်းအမြစ်များ ဆုံးရှုံးဖျက်ဆီးခံရမှုများမှ ကာကွယ်စောင့်ရှောက်ရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အာမခံသည့် ပြည်နယ်သစ်များ ပေါ်ထွန်းခွင့်ရှိသော ဖက်ဒရယ်ဒီမိုကရေစီစနစ် တည်ဆောက်နိုင်ရေးအတွက် တိုင်းရင်းသားလူမျိုးပေါင်းစုံ ပါဝင်သော

ပြည်သူလူထုနှင့်အတူ ပူးပေါင်းဆောင်ရွက်သွားမည်ဟု PNFC က ထုတ်ပြန်ထားသည်။

PNFC သည် NUCC တွင် ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိသကဲ့သို့ အမျိုးသား ညီညွတ်ရေးအစိုးရ (NUG) နှင့် ပူးပေါင်းကာ ငွေတိုက်စာချုပ်ရောင်းချခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။

## တအာင်းအမျိုးသား အတိုင်ပင်ခံကော်မတီ – TPCC

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီနှင့် မတ်လများတွင် တအာင်းနိုင်ငံရေးအင်အားစုများ တွေ့ဆုံညှိနှိုင်းကာ တအာင်းလူမျိုးတို့၏ နိုင်ငံရေးဦးဆောင်မှု အခန်းကဏ္ဍတွင် ကိုယ်စားပြုဆောင်ရွက်နိုင်ရန်အတွက် TPCC ကို ၂၀၂၁ ခုနှစ် ဧပြီလ ၁၈ ရက်တွင် ဖွဲ့စည်းခဲ့ခြင်း ဖြစ်သည်။

စစ်အာဏာရှင်စနစ် အပြီးသတ်ချုပ်ငြိမ်းရေး၊ တအာင်းလူမျိုးများ အဓိနိုင်ခံဘဝမှ လွတ်မြောက်ရေး၊ တိုင်းရင်းသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝရရှိသော ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုတည်ဆောက်နိုင်ရေးတို့အတွက် မိတ်ဖက်အဖွဲ့အစည်းအားလုံးနှင့် လက်တွဲ ဆောင်ရွက်သွားမည်ဟု ဆိုပါသည်။

CRPH မှ ဖွဲ့စည်းသော အမျိုးသားညီညွတ်ရေးအစိုးရ (NUG)ကို ထောက်ခံကြိုဆိုထားပြီး CRPH၊ NUCC တို့နှင့်အတူ တော်လှန်ရေးပန်းတိုင် အောင်မြင်သည်အထိ ပူးပေါင်းဆောင်ရွက်သွားမည်ဟု TPCC က ထုတ်ပြန်ထားပါသည်။

## စစ်အာဏာရှင်စနစ် တိုက်ဖျက်ရေး အထွေထွေသပိတ်ကော်မတီ – GSC

စစ်မှန်သော ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုကို ထူထောင်ရန် ရည်ရွယ်၍ မတူညီသော နိုင်ငံရေးအင်းအားစု ၂၅ ဖွဲ့ဖြင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၂၁ရက်တွင် ဖွဲ့စည်းခဲ့သည့် GSC သည် စစ်အာဏာရှင်စနစ် ချုပ်ငြိမ်းရေး၊ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဖျက်သိမ်းရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုထူထောင်ရေး ဆိုသည့် အချက်သုံးချက်ကို တောင်းဆို ဆောင်ရွက်လျက်ရှိပါသည်။

GSC သည် အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ကို ထောက်ခံကြိုဆိုခဲ့သကဲ့သို့ ပိုမို အားကောင်းထိရောက်ပြီး အားလုံးပါဝင်သော အစိုးရတစ်ရပ်အဖြစ် ရပ်တည်လာနိုင်စေရေးအတွက်လည်း ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားမည်ဟု ထုတ်ပြန် ကြေညာထားပါသည်။ အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ (NUCC) တွင် GSC ကိုယ်စားလှယ်များ စေလွှတ်ကာ ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး NUCC မှ ဦးဆောင်ကျင်းပသည့် ပထမအကြိမ် ပြည်သူ့ညီလာခံတွင်လည်း ပူးပေါင်းဆောင်ရွက်ခဲ့သည်ကို တွေ့ရပါသည်။

## အထွေထွေသပိတ် ပေါင်းစပ်ညှိနှိုင်းရေးအင်အားစု – GSCB

စစ်အာဏာရှင်စနစ် အမြစ်ပြတ်ချေမှုန်းရေး၊ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအား ခြွင်းချက်မရှိ ပယ်ဖျက်ရေး၊ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေး၊ ဖမ်းဆီးခံ နိုင်ငံရေးခေါင်းဆောင်များနှင့် တက်ကြွလှုပ်ရှားသူ ကျောင်းသားပြည်သူများအား ချက်ချင်းလွှတ်ပေးရေးဟူသည့် ရည်ရွယ်တောင်းဆိုချက်များဖြင့် ဖွဲ့စည်းထားသော GSCB တွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စစ်အာဏာသိမ်းမှုဆန့်ကျင်သော အဖွဲ့အစည်းအပေါင်း ၃၇ ခုအထိ စုစည်း ပေါင်းစပ် ပါဝင်လျက်ရှိသည်ကို တွေ့ရပါသည်။

GSCB အနေဖြင့် အာဏာသိမ်းစစ်အုပ်စုမှ ပြုလုပ်သော NCA ခြောက်နှစ်ပြည့်အခမ်းအနားသို့ တက်ရောက်ခဲ့သည့် အပစ်ရပ် တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းများအား ပြင်းထန်စွာကန့်ကွက်ကြောင်း ၂၀၂၁ ခုနှစ်၊ အောက်တိုဘာ ၁၆ ရက်တွင် သဘောထား ထုတ်ပြန်ခဲ့သည်။ ၂၀၂၁ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်တွင် ထုတ်ပြန်သော PPST အထူးအစည်းအဝေးမှ ဆုံးဖြတ်ထုတ်ပြန်ချက်ကို ထောက်ပြကာ အာဏာသိမ်းစစ်အုပ်စုနှင့် ဆက်ဆံမှုမျိုး ထပ်မံ မပြုလုပ်ရန် တိုက်တွန်းခဲ့သည်။

အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ (NUCC) တွင် GSCB မှ ကိုယ်စားလှယ်များ စေလွှတ်ကာ ပူးပေါင်း ဆောင်ရွက်လျက်ရှိသကဲ့သို့ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စစ်အာဏာသိမ်းမှုဆန့်ကျင်ရေး သပိတ်လှုပ်ရှားမှုများအား ပေါင်းစပ်ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရပါသည်။

### GSCB အဖွဲ့ဝင်အဖွဲ့စည်းများ

၁။ စစ်အာဏာရှင်ဆန့်ကျင်ရေးပြည်သူ့အင်အားများချိတ်ဆက်ညှိနှိုင်းရေးကော်မတီ-မန္တလေး (AFCC-Mandalay)

၂။ အထွေထွေသပိတ်ပူးပေါင်းဆောင်ရွက်ရေးကော်မတီ (GSCC)

၃။ မြန်မာနိုင်ငံအလုပ်သမားတပ်ပေါင်းစု (MLA)

၄။ မန္တလေးသပိတ်အင်အားစု (MSF)

- (က) သံဃသမဂ္ဂစစ်ကြောင်း
- (ခ) မန္တလေးမဟာမိတ်တပ်ပေါင်းစုစစ်ကြောင်း
- (ဂ) မြတောင်စစ်ကြောင်း
- (ဃ) မန္တလာတက္ကသိုလ်ကျောင်းသားကျောင်းသူများစစ်ကြောင်း
- (င) ချမ်းမြသာစည်မြို့နယ်လူထုသပိတ်စစ်ကြောင်း
- (စ) မဟာအောင်မြေမြို့နယ်စုပေါင်းလူထုသပိတ်စစ်ကြောင်း
- (ဆ) မန္တလေးလူငယ်သပိတ်စစ်ကြောင်း
- (ဇ) အလက(၁၂) ထခွဲ အခြေခံပညာကျောင်းသားများသမဂ္ဂ(အကသ)
- (ဈ) သမဝါယမတက္ကသိုလ်ကျောင်းသူကျောင်းသားများသပိတ်စစ်ကြောင်း
- (ည) မန္တလေးမြို့အခြေစိုက်လူထုသပိတ်စစ်ကြောင်း
- (ဋ) ဘာသာပေါင်းစုံသပိတ်စစ်ကြောင်း

(ဌ) MIIT ကျောင်းသား/ကျောင်းသူများသပိတ်စစ်ကြောင်း
(ဍ) ဒေါင်းစစ်သည် သပိတ်စစ်ကြောင်း
(ဎ) စိန်ပန်းသပိတ်စစ်ကြောင်း
(ဏ) စက်မှုသပိတ်စစ်ကြောင်း

၅။ မန္တလေးအခြေစိုက် တက္ကသိုလ်ကျောင်းသားသမဂ္ဂများ သပိတ်စစ်ကြောင်း (MDY_SUs)
၆။ ရတနာပုံတက္ကသိုလ်ကျောင်းသားများသမဂ္ဂ(ရ.တ.က.သ)
၇။ တိုင်းရင်းသားလူငယ်များအထွေထွေသပိတ်ကော်မတီ (မန္တလေး)
၈။ မန္တလေးအင်ဂျင်နီယာများအဖွဲ့ (MEG)
၉။ ကျန်းမာရေးမိသားစု-မန္တလေး (MFM)
၁၀။ White Coat Society Yangon – WCSY
၁၁။ CDM ဆေးပညာကွန်ရက် (CDMMN)
၁၂။ ရန်ကုန်အခြေစိုက်တက္ကသိုလ်ကျောင်းသားသမဂ္ဂများ (တကသများ-ရန်ကုန်)
၁၃။ လူထုသတင်းအချက်အလက်စီးဆင်းမှုကွန်ရက် (CIN)
၁၄။ ရန်ကုန်ကွန်ရက် (YG Network)
၁၅။ စစ်အာဏာရှင်ဆန့်ကျင်ရေး ရန်ကုန်အင်အားစု
၁၆။ တကသကျောင်းသားဟောင်းများ အင်အားစု
၁၇။ မုံရွာလူထုသပိတ်တိုက်ပွဲဦးဆောင်ကော်မတီ (မုံရွာ)

(က) ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်(မုံရွာခရိုင်)
(ခ) တက္ကသိုလ်ကျောင်းသားသမဂ္ဂများ(တကသများ)ကွန်ရက်-မုံရွာ
(ဂ) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(မုံရွာမြို့နယ်)
(ဃ) ၈၈မျိုးဆက် ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်း(မုံရွာ)
(င) သခင်ကိုယ်တော်မှိုင်းကွန်ရက်(မုံရွာ)
(စ) နိုင်ငံရေးအကျဉ်းသားဟောင်းများနှင့် မျိုးဆက်သစ်အင်အားစုအဖွဲ့(မုံရွာ)
(ဆ) အရပ်ဖက်အဖွဲ့အစည်းများပူးပေါင်းဆောင်ရွက်ရေးကော်မတီ(မုံရွာ)

၁၈။ မုံရွာ-အမြင့်လမ်း သပိတ်ဦးဆောင်ကော်မတီ
၁၉။ ယင်းမာပင်-ဆားလင်းကြီး ရွာပေါင်းစုံသပိတ်ဦးဆောင် ကော်မတီ
၂၀။ ပုလဲမြို့နယ် လူထုသပိတ်တိုက်ပွဲ ဦးဆောင်ကော်မတီ
၂၁။ ဒီပဲယင်းမြို့နယ် တော်လှန်ရေးစစ်ကြောင်း ဦးဆောင်ကော်မတီ
၂၂။ လက်ပတောင်းတောင်ဒေသ ပင်မသပိတ်
၂၃။ ဝက်လက်မြို့နယ် လူထုသပိတ်တိုက်ပွဲ ဦးဆောင်ကော်မတီ
၂၄။ ကချင်ပြည်နယ်ကျောင်းသားသမဂ္ဂများ
၂၅။ တပ်ပေါင်းစုသပိတ်ကော်မတီ - ထားဝယ်
၂၆။ ထားဝယ်လူငယ်များ၏တော်လှန်ရေးလှုပ်ရှားမှုသပိတ်ကော်မတီ
၂၇။ ကလေးမြို့သပိတ်အင်အားစု
၂၈။ မကွေးလူထုတိုက်ပွဲကော်မတီ
၂၉။ မြင်းခြံလူထုလှုပ်ရှားမှုကော်မတီ
၃၀။ ကြားအင်းဆိပ်ကြီးမြို့နယ်လုံးဆိုင်ရာ နွေဦးတော်လှန်ရေးဦးဆောင်ကော်မတီ
၃၁။ ပညာရေးအထွေထွေသပိတ်ကော်မတီ (GSCBHE)

(က) အခြေခံပညာပညာရေးလုပ်သားသမဂ္ဂများတိုက်ပွဲဦးဆောင်ကော်မတီ (BEWU-SC)
(ခ) တက္ကသိုလ်ဆရာများသမဂ္ဂ ကိုယ်စားပြုကော်မတီ (RC of UTAs)
(ဂ) အခြေခံပညာအထွေထွေသပိတ်ကော်မတီ (BEGSC)

၃၂။ အခြေခံပညာကျောင်းသားထု လုပ်ငန်းဦးဆောင်ကော်မတီ

၃၃။ အမျိုးသမီးမဟာမိတ်အင်အားစု (WAB)
- (က) မန္တလေး အမျိုးသမီးသပိတ်စစ်ကြောင်း
- (ခ) ရန်ကုန် အမျိုးသမီးသပိတ်စစ်ကြောင်း
- (ဂ) မုံရွာပင်မ အမျိုးသမီးသပိတ်စစ်ကြောင်း
- (ဃ) မုံရွာ - အမြင့် လမ်းဘေးကျေးရွာများ အမျိုးသမီးသပိတ်စစ်ကြောင်း
- (င) ချင်းတွင်းမြစ်အနောက်ဘက် ကျေးရွာပေါင်းစုံ အမျိုးသမီးသပိတ်အင်အားစု
- (စ) ကလေးမြို့ အမျိုးသမီးသပိတ်စစ်ကြောင်း
- (ဆ) ဒီပဲယင်းမြို့နယ် အမျိုးသမီးသပိတ်စစ်ကြောင်း
- (ဇ) တန့်ဆည်မြို့နယ် အမျိုးသမီးသပိတ်စစ်ကြောင်း
- (ဈ) ထားဝယ်အရှေ့တော အမျိုးသမီးသပိတ်စစ်ကြောင်း
- (ည) ဂန့်ဂေါမြို့နယ် အမျိုးသမီးသပိတ်စစ်ကြောင်း
- (ဋ) သရက်ချောင်း အမျိုးသမီးသပိတ်စစ်ကြောင်း
- (ဌ) ဝက်လက်မြို့နယ် အမျိုးသမီးသပိတ်စစ်ကြောင်း
- (ဍ) အရာတော်မြို့နယ် အမျိုးသမီးသပိတ်စစ်ကြောင်း

၃၄။ လိင်စိတ်ခံယူမှုကွဲပြားသူများ ကွန်ရက် (LGBT ALLIANCE)
- (က) LGBT Union – Mandalay
- (ခ) မုံရွာ LGBTသပိတ်စစ်ကြောင်း
- (ဂ) LGBT Community Yangon
- (ဃ) LGBT Alliance - Myanmar (ကလေးဒေသ)
- (င) LGBT Alliance - Myanmar ( ကျောက်ဆည်ဒေသ)
- (စ) LGBT Alliance - Myanmar (ယင်းမာပင်ဒေသ)

၃၅။ ပြည်ကြီးတံခွန် သပိတ်အင်အားစု

၃၆။ အောင်မြေသာစံပညာရေးကျောင်းပေါင်းစုံ

၃၇။ ဒီမိုကရေစီအရေး လှုပ်ရှားမှု ထားဝယ်ဝယ်ခရိုင် သပိတ်ကော်မတီ(DDMSC)

## GSCB မိတ်ဖက်အဖွဲ့အစည်း

၁။ မြန်မာနိုင်ငံဘဏ်ဝန်ထမ်းများသမဂ္ဂ ( Myanmar Banker Union- MBU )

## အထွေထွေသပိတ်ပူးပေါင်းဆောင်ရွက်ရေးကော်မတီ – GSCC

စစ်အာဏာရှင်စနစ်ဆန့်ကျင်ရေး လူထုလှုပ်ရှားမှုများကို ပူးပေါင်းဆောင်ရွက်နိုင်ရန် ရည်ရွယ်ချက်ဖြင့် GSCC ကို ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၈ ရက်တွင် ဖွဲ့စည်းခဲ့ပါသည်။ သပိတ်လှုပ်ရှားမှုဆိုင်ရာ နည်းနာများ၊ လှုပ်ရှားမှုပုံစံများကို ဝေမျှခြင်းဖြင့် အရှိန်အဟုန်မပျက် ဆက်လက်ဖော်ဆောင်နိုင်ရေး၊ နိုင်ငံတစ်ဝန်းလုံးရှိ လူထုအသံများ တစ်ပြေးညီ ဖြစ်စေရေးအတွက် လှုပ်ရှားဆောင်ရွက်ခဲ့သည်ကို တွေ့ရပါသည်၊

CRPH မှ ထုတ်ပြန်သော နိုင်ငံရေးရည်မှန်းချက် လေးချက်ကို အပြည့်အဝထောက်ခံခဲ့ပြီး ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ် ပေါက်ရေးသည်မြန်မာ့နိုင်ငံရေးပြဿနာကို ဖြေရှင်းနိုင်မည်ဟု GSCC က ယုံကြည်ထားသည်၊ အမျိုးသားညီညွတ်ရေးအစိုးရ(NUG) ဦးဆောင်မှုဖြင့် ဖက်ဒရယ်ပြည်ထောင်စုတပ်မတော် အမြန်ဆုံးတည်ထောင်ကာ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်အရေးအထိ အောင်ပွဲရယူသွားရန် ၂၀၂၁ ခုနှစ် မတ်လ ၂၁ ရက်တွင် GSCC မှ တင်ပြခဲ့သည်။

လက်ရှိအမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ (NUCC)တွင်ကိုယ်စားလှယ်စေလွှတ်ကာ ပူးပေါင်းဆောင်ရွက်နေပြီး NUCC မှ ဦးဆောင်ကျင်းပသည့် ပြည်သူ့ညီလာခံတွင် ပူးပေါင်းပါဝင်ခဲ့သည်။

## လူမျိုးပေါင်းစုံထွေထွေသပိတ်ကော်မတီ – GSCN

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက်တွင် တိုင်းရင်းသားလူမျိုး ၂၇ မျိုးဖြင့် ဖွဲ့စည်းခဲ့သည့် GSCN သည် ယခုတွင် လူမျိုးပေါင်း ၃၀ မျိုးအထိ ပါဝင်လာခဲ့ပြီဖြစ်သည်။ လူမျိုးစုများ၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်နှင့် တန်းတူရေးကို အခြေခံသော ဆန္ဒတူညီသည့် ပြည်ထောင်စုကို လိုလားပြီး စစ်အာဏာရှင်သာမက အာဏာရှင်မှန်သမျှကို သက်ဆိုးရှည်စေမည့် NCA အပါအဝင် အတုအယောင် ငြိမ်းချမ်းရေးဆွေးနွေးပွဲများကို လုံးဝ အယုံအကြည်မရှိကြောင်း GSCN ဖွဲ့စည်းခြင်း တစ်နှစ်ပြည့်နေ့တွင် ထုတ်ပြန်ထားသည်။

အာဏာသိမ်းစစ်ကောင်စီမှ ဖိတ်ခေါ်သည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲသို့ တက်ရောက်ခြင်းသည် ဖိနှိပ်ခံပြည်သူများအတွက် မရပ်တည်ဘဲ မိမိလူမျိုးကို သစ္စာဖောက်သောလုပ်ရပ်ဟု မှတ်ယူပြီး ယင်းဆွေးနွေးပွဲသို့ တက်ရောက်မည့် ပုဂ္ဂိုလ်၊ နိုင်ငံရေးပါတီများနှင့် လက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းအသီးသီးကို ပြင်းထန်စွာ ရှုတ်ချသည်ဟု GSCN က ဆိုပါသည်၊

ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုကို အမှန်တကယ်လိုလားသူများအနေဖြင့် အာဏာသိမ်းစစ်ကောင်စီ၏ အတုအယောင် ငြိမ်းချမ်းရေးဆွေးနွေးပွဲသို့ မတက်ရန်၊ အတုအယောင် ရွေးကောက်ပွဲကို လက်မခံရန်၊ တော်လှန်သော ပြည်သူလူထုတစ်ရပ်လုံးနှင့်အတူ ရန်တည်ရန်နှင့် ခေါင်းဆောင်တော်လှန်ရေးမှသည် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုတည်ဆောက်နိုင်သည်အထိ ဆက်လက် တိုက်ပွဲဝင်ကြရန်အတွက် GSCN မှ တိုက်တွန်းတောင်းဆိုထားပါသည်၊

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ – SAC

ကာချုပ်မင်းအောင်လှိုင် ဦးဆောင်သည့် အာဏာသိမ်းစစ်အုပ်စုသည် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၂ရက်တွင်အာဏာသိမ်းစစ်ကောင်စီ(၎င်းတို့အခေါ် SAC)ကိုဖွဲ့စည်းခဲ့ပြီးကာချုပ်မင်းအောင်လှိုင်နှင့် ဒုကာချုပ်စိုးဝင်းတို့က ဥက္ကဋ္ဌနှင့် ဒုဥက္ကဋ္ဌတာဝန်များကို ရယူဆောင်ရွက်လျက်ရှိသည်။ ၎င်း စစ်ကောင်စီတွင် အရပ်သားများအဖြစ် ပဒိုမန်းငြိမ်းမောင်၊ ဦးသိန်းညွန့်၊ ဦးခင်မောင်ဆွေနှင့် ဒေါ်အေးနုစိန်တို့ကို ကောင်စီဝင်များအဖြစ် ဖြည့်သွင်းခဲ့ပြီး အခြားသော နိုင်ငံရေးပါတီများကို ပူးပေါင်းပါဝင်ရန် ဖိတ်ခေါ်ကမ်းလှမ်းခဲ့သော်လည်း ပါတီအများစု၏ ငြင်းပယ်ခြင်းကို ခံထားရသည်။

၂၀၂၁ခုနှစ် ဖေဖော်ဝါရီ ၁၉ ရက်တွင် ထုတ်ပြန်ခဲ့သည့် စစ်ကောင်စီ၏ စီမံခန့်ခွဲရေး ကော်မတီတွင်တော့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) မှ ထုတ်ပယ်ခြင်းခံထားရပြီး နိုင်ငံရေးပါတီ တည်ထောင်ကာ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ ရှုံးနိမ့်ခဲ့သည့် ဒေါ်သက်သက်ခိုင်ကို ဝန်ကြီးအဖြစ် ထည့်သွင်းတာဝန်ပေးခဲ့ပြီး ကော်မတီပါ ဝန်ကြီးအများစုသည် အာဏာသိမ်းစစ်ကောင်စီနှင့် နီးစပ်သည့် အသိုင်းအဝိုင်းမှ ပုဂ္ဂိုလ်များ ဖြစ်သည်ကို တွေ့ရသည်။

တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပြည်လူလူထု၏ ဆန့်ကျင်ခြင်းကို ခံနေရသည့် SAC သည် ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၁ ရက်တွင် ၎င်းတို့၏ စစ်ကောင်စီရုံးကို အိမ်စောင့်အစိုးရအဖွဲ့ရုံး အဖြစ် အမည်ပြောင်းလဲခဲ့သည်။ ထို့မှတစ်ဆင့် စက်တင်ဘာ ၁၁ ရက်တွင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး အဖြစ် ထပ်မံပြောင်းလဲခဲ့ပြန်သည်။ အာဏာသိမ်းစစ်ကောင်စီသည် ပြည်သူလူထုတစ်ရပ်လုံး အပြင် ၎င်းတို့၏ တပ်နှင့် ရဲအပါအဝင် နိုင်ငံဝန်ထမ်းများ၏ အကြမ်းမဖက်ပြည်သူ့အာဏာဖီဆန်ရေး လှုပ်ရှားမှု (CDM) ပြုလုပ်ခြင်းကို ရင်ဆိုင်နေရပြီး ၎င်းတို့၏ အုပ်ချုပ်ရေးယန္တရား တည်ငြိမ်စွာ လည်ပတ်နိုင်ရေး အခက်ကြုံနေရသကဲ့သို့ နိုင်ငံတကာအစိုးရများ၊ အဖွဲ့အစည်းများ၏ တရားဝင် အစိုးရ အဖြစ် အသိအမှတ်ပြုခြင်း မခံရဘဲ ဖြစ်နေပါသည်။

လက်ရှိတွင် အာဏာသိမ်းစစ်ကောင်စီအနေဖြင့် ပြည်သူလူထုတစ်ရပ်လုံး၏ စစ်အာဏာသိမ်းမှု ဆန့်ကျင်ရေးလှုပ်ရှားမှုများကို ကျယ်ပြန့်စွာကြုံတွေ့နေရဆဲဖြစ်သကဲ့သို့ ၎င်းတို့၏ အကြမ်းဖက်ဖြိုခွင်းမှုများ၊ ဖမ်းဆီးညှဉ်းပန်းနှိပ်စက်မှုများကြောင့် ရရာလက်နက်စွဲကိုင်ကာ ခုခံတော်လှန်နေကြသော ပြည်သူလူထု၏ ခုခံစစ်ကိုပါ ပြင်းထန်စွာ ရင်ဆိုင်ကြုံတွေ့နေရပါသည်။

## အာဏာသိမ်းစစ်ကောင်စီ သို့မဟုတ် SAC

| | | |
|---|---|---|
| ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် | - | ဥက္ကဋ္ဌ |
| ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း | - | ဒုတိယဥက္ကဋ္ဌ |
| ဗိုလ်ချုပ်ကြီး မြထွန်းဦး | - | အဖွဲ့ဝင် |
| ဗိုလ်ချုပ်ကြီး တင်အောင်စန်း | - | အဖွဲ့ဝင် |
| ဗိုလ်ချုပ်ကြီး မောင်မောင်ကျော် | - | အဖွဲ့ဝင် |
| ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း | - | အဖွဲ့ဝင် |
| ပဒိုမန်းငြိမ်းမောင် | - | အဖွဲ့ဝင် |
| ဦးသိန်းညွန့် | - | အဖွဲ့ဝင် |
| ဦးခင်မောင်ဆွေ | - | အဖွဲ့ဝင် |
| ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး | - | အတွင်းရေးမှူး |
| ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး | - | တွဲဖက်အတွင်းရေးမှူး |

## အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ – NSPNC

၂၀၂၀ ပြည့်နှစ်အထွေထွေရွေးကောက်ပွဲအပြီး တစ်ရက်အကြာ နိုဝင်ဘာ ၉ ရက်တွင် ဖွဲ့စည်းခဲ့သည့် တပ်မတော်ငြိမ်းချမ်းရေးဆွေးနွေးမှုကော်မတီကို စစ်အာဏာသိမ်းသည့် ပထမဆုံးနေ့ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်တွင် NSPNC အဖြစ် အမည်ပြောင်းလဲဖွဲ့စည်းခဲ့ပြီး NLD ဦးဆောင်သည့် အစိုးရလက်ထက် တပ်မတော်သားကိုယ်စားလှယ်ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်ကို ဥက္ကဋ္ဌအဖြစ် ဦးဆောင်စေခဲ့ပါသည်။

NSPNC ဥက္ကဋ္ဌအား အာဏာသိမ်းစစ်ကောင်စီ၏ အစိုးရအဖွဲ့ရုံး ပြည်ထောင်စုဝန်ကြီးအဖြစ် တာဝန်ပေးထားသကဲ့သို့ ၂၀၂၁ ခုနှစ် မေလ ၂၂ ရက်တွင် စစ်ကောင်စီ၏ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်အဖြစ်လည်း ထပ်မံ တာဝန်ပေးခဲ့ပြန်ပါသည်။

ဒုတိယပိုင်လ်ချုပ်ကြီးရာပြည့်သည် အာဏာသိမ်းစစ်အုပ်စု၏ ထာဝရငြိမ်းချမ်းရေး အစီအစဉ်အတွက် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ၊ လက်မှတ်မထိုးရသေးသည့် အဖွဲ့အစည်းများအားလုံးနှင့် တွေ့ဆုံညှိနှိုင်းနိုင်ရေးအတွက် ကြိုးပမ်းအားထုတ်လျက်ရှိသော်လည်း တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းများ၏ လုံလောက်သည့်ယုံကြည်မှုကို မရရှိသေးသည့်အတွက် လက်ရှိအချိန်အထိ တရားဝင်တွေ့ဆုံဆွေးနွေးမှုပုံစံမျိုးမရရှိဘဲ အလွတ်သဘော တွေ့ဆုံဆွေးနွေးမှုအချို့သာ အကောင်အထည်ဖော်နေနိုင်သည်ကို တွေ့ရပါသည်။ NCA အရ ဖြစ်တည်နေသော PPST အနေဖြင့်လည်း စစ်အာဏာသိမ်းမှုကြောင့် NCA လမ်းကြောင်းအရ တရားဝင် တွေ့ဆုံဆွေးနွေးမှု အစီအစဉ်များကို ရပ်ဆိုင်းထားပါသည်။

NSPNC ဥက္ကဋ္ဌသည် ၂၀၂၃ ခုနှစ်၊ အောက်တိုဘာ ၉ ရက်တွင် နိုင်ငံရေးပါတီအချို့နှင့် တွေ့ဆုံကာ အချိုးကျကိုယ်စားပြု-PRစနစ်ဖြင့် ရွေးကောက်ပွဲအကြောင်းရှင်းပြပြီးငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် နိုင်ငံရေးပါတီများအစုအဖွဲ့ကို ပြောင်းလဲဖွဲ့စည်းခဲ့သည့်အတွက် NCA အရ ဖြစ်ပေါ်လာသော UPDJC ၏ နိုင်ငံရေးပါတီများ အစုအဖွဲ့တွင် ရွေးကောက်ပွဲအနိုင်ရ နိုင်ငံရေးပါတီများ ပါဝင်မှုသည် မေးခွန်းထုတ်ဖွယ် ဖြစ်လာပါသည်။

အာဏာသိမ်းစစ်ကောင်စီ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အပါအဝင် ရှေ့လုပ်ငန်းစဉ် အရပ်ရပ်အတွက် အရေးပါသည့် အခန်းကဏ္ဍတွင်ရှိနေသော NSPNC သည် စစ်အာဏာသိမ်းကာလ တစ်နှစ်ကျော်အတွင်း အလုပ်မဖြစ်ခဲ့ဟု ဆိုရပါမည်။ အကြောင်းမှ ၂၀၂၂ ခုနှစ် ဧပြီလ ၂၂ ရက်၊ အာဏာသိမ်းစစ်ခေါင်းဆောင်၏ ငြိမ်းချမ်းရေးဖိတ်ခေါ်မှု မိန့်ခွန်းရပ်သံသည် အချိန်အခါမဟုတ်ဘဲ ထွက်ပေါ်လာခဲ့ခြင်းကြောင့် ဖြစ်ပါသည်။ အာဏာသိမ်းစစ်ခေါင်းဆောင်သည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ခေါင်းဆောင်များအား ၎င်းကိုယ်တိုင် တွေ့ဆုံပါမည်ဟု ဖိတ်ခေါ်ခဲ့ခြင်း ဖြစ်ပါသည်။

## နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း–AAPP

AAPP သည် ထိုင်းနိုင်ငံ၊ မဲဆောက်မြို့တွင် အခြေပြုသည့် အစိုးရ မဟုတ်သော လူ့အခွင့်အရေး အဖွဲ့အစည်းတစ်ခု ဖြစ်ပြီး ၂၀၀၀ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ကာ နိုင်ငံရေးအကျဉ်းသားဟောင်းများဖြင့် ပူးပေါင်းလုပ်ကိုင်နေသည့်အဖွဲ့ ဖြစ်သည်။ ၂၀၁၂ ခုနှစ်မှ စတင်ပြီး AAPP ၏ ရုံးခွဲများအား မြန်မာနိုင်ငံအတွင်းရှိ ရန်ကုန်မြို့နှင့် မန္တလေးမြို့များတွင် စတင်ဖွင့်လှစ်ခဲ့သည်၊ မြန်မာနိုင်ငံရှိ လက်ကျန် နိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်ရန်နှင့် ထို နိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်လာပြီးနောက် သူတို့၏ဘဝများ ပိုမိုကောင်းမွန်လာရန် စည်းရုံးလှုံ့ဆော်တိုက်တွန်းလျက်ရှိပြီး နိုင်ငံရေးအကျဉ်းသားများစွာနှင့် ၎င်းတို့၏ မိသားစုဝင်များအား ထောက်ပံ့ကူညီပေးနေပါသည်။

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်၊ စစ်အာဏာသိမ်းမှုစတင်ချိန်မှ လက်ရှိအချိန်အထိ အာဏာသိမ်းစစ်တပ်၏ အကြမ်းဖက် သတ်ဖြတ်ခံရသည့် အပြစ်မဲ့ အရပ်သားပြည်သူများ၊ အကြောင်းမဲ့ အဓမ္မ ဖမ်းဆီးခံရမှုများနှင့် အကျဉ်းထောင်အတွင်း အခြေအနေများ စသည့် စစ်အာဏာသိမ်းကာလ အတွင်း အရေးပါသည့် မှတ်တမ်းများ၊ ဖြစ်စဉ်ဖြစ်ရပ်များ၊ ကိန်းဂဏန်းများကို AAPP မှ ပြုစု ထုတ်ပြန်ပေးနေသည့်အတွက် မြန်မာ့နွေဦးတော်လှန်ရေးအတွက် များစွာ အထောက်အကူပြုခဲ့သည်ဟု ဆိုရပါမည်။ AAPP ၏ မှတ်တမ်းထုတ်ပြန်ချက်များကို ပြည်တွင်းပြည်ပ သတင်းဌာနများ၊ သုတေသန အဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများကလည်း ကိုးကား အသုံးပြုလျက် ရှိသည်ကို တွေ့ရပါသည်။

## လူ့ဘောင်သစ် ဒီမိုကရက်တစ်ပါတီ – DPNS

လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီသည် ၁၉၈၈ ခုနှစ် ဒီမိုကရေစီအရေးတော်ပုံကြီးက သန္ဓေတည် မွေးဖွားပေးခဲ့သော နိုင်ငံရေးပါတီတစ်ရပ် ဖြစ်ပြီး ယနေ့ ၂၁ ရာစု စစ်အာဏာသိမ်းကာလအတွင်း လူမျိုးစုံမြန်မာပြည်သူတို့ ဆင်နွှဲလျက်ရှိသော စစ်အာဏာရှင်စနစ် အမြစ်ပြုတ်ရေး ဆန့်ကျင်တော်လှန်နေသည့် နွေဦးတော်လှန်ရေးတွင် နိုင်ငံရေးပါတီတစ်ရပ်အနေဖြင့် သိသာထင်ရှားစွာ ပါဝင်လှုပ်ရှားလျက် ရှိပါသည်။

CRPH ၊ NUG တို့နှင့် ပတ်သက်ပြီး အမျိုးသားသွေးစည်းညီညွတ်ရေး အခွင့်အလမ်းများကို ဆုပ်ကိုင်နိုင်ရန်အတွက် တာဝန်ကြီးမားသည့် အင်အားစုများအဖြစ် DPNS က မှတ်ယူထားသည်။ NUCC သည် နွေဦးတော်လှန်ရေးတိုက်ပွဲဝင် အင်အားစုများ အားလုံးကို ကိုယ်စားပြုသည့် နီးနှော ဖလှယ်ဆွေးနွေးမှုများဖြင့် တိုက်ပွဲကြီးတစ်ခုလုံးကို နိုင်ငံရေးအရ စနစ်တကျဦးဆောင်နိုင်ရန် ဦးတည်စုစည်းခဲ့သော်လည်း 'ဆွေးနွေးဖလှယ်မှု ပြကြရုံသာရှိပြီး ကောင်စီတစ်ရပ်အဖြစ် ခိုင်မာသည့် စုဖွဲ့မှု မပြုနိုင်သေးခြင်း၊ ပါသင့်ပါထိုက်သော တိုက်ပွဲအင်အားစုများစွာ မပါဝင်နိုင်ဘဲ ရှိနေခြင်းနှင့် ပါဝင်သော အင်အားစုတချို့ကလည်း NUCC ၏ နိုင်ငံရေးဦးဆောင်မှုနှင့် ၎င်း၏ အခန်းကဏ္ဍအား အလေးထား နာခံမှု အားနည်းခြင်း စသည့် အားနည်းချက်များကြောင့် စစ်အာဏာရှင်စနစ် ဖျက်သိမ်းရေးတိုက်ပွဲတွင် တာဝန်ကျေပွန်ရေးအတွက် သည်းသည်းသန်သန် အားထုတ် ရုန်းကန်နေရကြောင်း DPNS က သဘောထားထုတ်ပြန်ထားပါသည်။

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေသည် နွေဦးတော်လှန်ရေးက လူထုနည်း (တိုက်ပွဲနည်း)ဖြင့် ဖျက်သိမ်းခံလိုက်ရပြီးနောက် DPNS အနေဖြင့်လည်း လူထုတိုက်ပွဲကို လေးစားယုံကြည်မှု အပြည့် ရှိသည့်အတွက် ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေကို အသိအမှတ်ပြုတော့မည် မဟုတ်ဘဲ အနှစ်သာရအားဖြင့် ဖက်ဒရယ်နှင့် ဒီမိုကရေစီကို အာမခံသော ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ရရှိလာရေးကိုသာ ဦးတည် ကြိုးပမ်းသွားမည်ဟု ဆိုပါသည်။ အလားတူ NCA ကို အခြေခံသည့် ငြိမ်းချမ်းရေး ဖြစ်စဉ်သည်လည်း ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက် အာဏာသိမ်းမှုနှင့် ၎င်း၏ နောက်ဆက်တွဲ ဖြစ်ပေါ်လာခဲ့သော နွေဦးတော်လှန်ရေးကြီး၏ တိုက်ပွဲဖြစ်စဉ်များအတွင်း အပြီးတိုင် နိဂုံးချုပ်သကဲ့သို့ ဖြစ်သွားပြီဟု သုံးသပ်ယူဆကြောင်း DPNS က သဘောထား ထုတ်ပြန်ထားပါသည်။

## အမျိုးသမီးများ အဖွဲ့ချုပ် (မြန်မာနိုင်ငံ) – WLB


၁၉၉၉ ခုနှစ်၊ ဒီဇင်ဘာ ၉ ရက်တွင် စတင်ဖွဲ့စည်းခဲ့သည့် WLB သည် ဒီမိုကရေစီနှင့် လူ့အခွင့်အရေး တိုက်ပွဲများတွင် အမျိုးသမီးများပါဝင်မှု တိုးမြှင့်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ်များတွင် အမျိုးသမီးများပါဝင်မှု မြှင့်တင်ရန်နှင့် အမျိုးသမီးအခန်းကဏ္ဍများ မြှင့်တင်နိုင်ရန်အတွက် ဖွဲ့စည်းခဲ့ခြင်း ဖြစ်သည်။ WLB တွင် ကွဲပြားသော တိုင်းရင်းသားလူမျိုးစုအလိုက် အမျိုးသမီးများအရေး လှုပ်ရှားဆောင်ရွက်လျက်ရှိသော အဖွဲ့ဝင်အဖွဲ့အစည်း ၁၃ ခု ရှိပါသည်။

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်၊ စစ်အာဏာသိမ်းမှုဖြစ်စဉ်နှင့်ပတ်သက်ပြီး ထိန်းသိမ်းခံထားရသည့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်အပါအဝင် နိုင်ငံရေးခေါင်းဆောင်များနှင့် တက်ကြွလှုပ်ရှားသူများအား ချက်ချင်းလွှတ်ပေး၍ နိုင်ငံရေးနှင့် စစ်ရေးခေါင်းဆောင်များအားလုံး ငြိမ်းချမ်းစွာ အဖြေရှာကြရန် WLB က တိုက်တွန်းတောင်းဆိုခဲ့ပါသည်။ စစ်အာဏာရှင်စနစ် ဆန့်ကျင်သော မြန်မာ့နွေဦးတော်လှန်ရေးတွင်လည်း အမျိုးသမီးများ၏ လှုပ်ရှားဆောင်ရွက်မှုများနှင့် ပတ်သက်ပြီး အစီရင်ခံစာများ ထုတ်ပြန်ပေးလျက်ရှိသကဲ့သို့ အမျိုးသမီးများနှင့်ပတ်သက်သည့် လှုပ်ရှားမှုကမ်ပိန်းများလည်း ပြုလုပ်လျက်ရှိပါသည်။

အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ(NUCC)တွင် ကိုယ်စားလှယ်စေလွှတ်ကာ ပူးပေါင်းဆောင်ရွက်မှုများရှိနေပြီး NUCC ၏ ပထမအကြိမ် ပြည်သူ့ညီလာခံတွင်လည်း WLB ကိုယ်စားလှယ်မှ အဖွင့်မိန့်ခွန်းပြောကြားကာ ဖက်ဒရယ်ဒီမိုကရေစီ ပဋိညာဉ်အတွက် ဆွေးနွေးညှိနှိုင်းမှုဖြစ်စဉ်များအတွင်း အခြေအနေများကို ရှင်းလင်းပြတ်သားစွာ ဝေဖန်ထောက်ပြခဲ့သည်ကို တွေ့ရပါသည်။ ၂၀၂၂ ခုနှစ်၊ မတ်လ ၈ ရက်တွင် ကျရောက်သော အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့တွင်တော့ ငြိမ်းချမ်းသာယာသော ဖက်ဒရယ်နိုင်ငံကို ထူထောင်နိုင်ရန်အတွက် WLB နှင့် အတူ လူငယ်များ၊ အမျိုးသမီးများ၊ နွေဦးတော်လှန်ရေးအင်အားစုများ အပါအဝင် အားလုံးသော တော်လှန်ရေးအင်အားစုများမှ 'တန်းတူရေးဖော်ဆောင်ဖို့ ဖိုဝါဒကို တိုက်ဖျက်စို့' ဟူသည့် ဖိုဝါဒ အခြေခံသည့် စစ်အာဏာရှင်စနစ် အပါအဝင်အာဏာရှင်စနစ်မှန်သမျှ အဆုံးသတ်ရေးအတွက် စုပေါင်း တော်လှန်ကြရန် WLB က တိုက်တွန်းထားပါသည်။

## ပြည်သူ့ကာကွယ်ရေးတပ် အရေအတွက်ပြ မြေပုံ

BNI- MPM မှ ကောက်ယူရရှိထားသော အချက်အလက်များအရ တစ်နိုင်ငံလုံး အတိုင်းအတာ အနေဖြင့် ပြည်သူ့ကာကွယ်ရေးတပ် အရေအတွက် စုစုပေါင်း ၂၂၅ ဖွဲ့ရှိပါသည်။ တိုင်းနှင့် ပြည်နယ် အလိုက်ကြည့်သော် စစ်ကိုင်းတိုင်းသည် အဖွဲ့ အရေအတွက် (၈၂) ဖွဲ့ဖြင့် အများဆုံး တွေ့ရပါသည်။



# ပဋိပက္ခတိုက်ပွဲဆိုင်ရာ
# တွေ့ရှိချက်များ

# စစ်အာဏာသိမ်းမှုကြောင့် ပြည်တွင်းစစ်အရှိန် ပိုမို မြင့်တက်လာ

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်၊ စစ်အာဏာသိမ်းမှုကြောင့် အာဏာသိမ်းစစ်တပ်နှင့် တိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေးတပ်ဖွဲ့များအကြား တိုက်ပွဲဖြစ်ပွားမှုသည် ပိုမို မြင့်တက်လာသကဲ့သို့ အာဏာသိမ်းစစ်တပ်အား ခုခံတော်လှန်စစ်ဆင်နွှဲလာသည့် တိုင်းနှင့် ပြည်နယ်အသီးသီးရှိ မြို့ပြဒေသအလိုက် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များအကြား တိုက်ပွဲဖြစ်ပွားမှုများ ပိုမို ကျယ်ပြန့်လာသဖြင့် ၂၀၂၁ ခုနှစ် ဇန်နဝါရီမှ ၂၀၂၂ ခုနှစ် မတ်လအထိ ၁၅ လတာ ကာလအတွင်း တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် တိုက်ပွဲဖြစ်ပွားသည့် ရက်ပေါင်း ၉၂၄ ရက်အထိ ရှိလာခဲ့သည်။

မိမိတို့ Myanmar Peace Monitor ၏ မှတ်တမ်းအရ အဆိုပါကိန်းဂဏန်းသည် ၂၀၁၉၊ ၂၀၂၀ ခုနှစ်များအတွင်း ဖြစ်ပွားခဲ့သော တိုက်ပွဲဖြစ်ရက်ပေါင်းထက် နှစ်ဆနီးပါး ပိုမို မြင့်တက်လာခြင်းဖြစ်ပြီး ပြည်တွင်းစစ်အရှိန်သည် ဆက်လက်မြင့်တက်နေဆဲဟု ဆိုရပါမည်။

စစ်အာဏာသိမ်းကာလအတွင်း အာဏာသိမ်းစစ်တပ်နှင့် တိုက်ပွဲဖြစ်ပွားမှုများကို လေ့လာကြည့်ပါက မြို့ပြဒေသအလိုက် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များနှင့် အာဏာသိမ်းစစ်တပ်အကြား တိုက်ပွဲဖြစ်ပွားမှုသည် ရက်ပေါင်း ၅၇၂ ရက်အထိ ရှိခဲ့ပြီး မူလရှိရင်းစွဲ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ အားလုံးနှင့် တပ်မတော်အကြား တိုက်ပွဲဖြစ်ပွားမှု ရက်ပေါင်း ၂၂၀ အထိ ပိုမို များပြားနေသည်ကို တွေ့ရပါသည်၊ မြို့ပြဒေသ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များနှင့် အာဏာသိမ်းစစ်တပ်အကြား တိုက်ပွဲဖြစ်ပွားမှု အများဆုံးဒေသသည် စစ်ကိုင်းတိုင်း ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့များနှင့် အာဏာသိမ်းစစ်တပ်အကြား တိုက်ပွဲဖြစ်ပွားမှုတွင်တော့ ကချင်လွတ်လပ်ရေးတပ်မတော် (KIA) နှင့် အာဏာသိမ်းစစ်တပ်အကြား တိုက်ပွဲ ဖြစ်ပွားမှုသည် ၁၅၅ ရက်အထိ ရှိခဲ့ပြီး တိုက်ပွဲဖြစ်ပွားမှု အများဆုံး ဖြစ်ခဲ့ပါသည်။ ထို့နောက် ဒုတိယတိုက်ပွဲဖြစ်ပွားမှု အများဆုံးအဖြစ် ကရင်အမျိုးသားအစည်းအရုံး (KNU) နှင့်အာဏာသိမ်းစစ်တပ်အကြား တိုက်ပွဲဖြစ်ပွားမှုသည် ရက်ပေါင်း ၁၀၅ ရက် ရှိခဲ့သည်ကို တွေ့ရပါသည်။ ရှမ်းပြည်နယ်မြောက်ပိုင်းဒေသရှိ ကိုးကန့်တပ်ဖွဲ့နှင့် အာဏာသိမ်းစစ်တပ်အကြား တိုက်ပွဲဖြစ်ပွားမှုသည် ရက်ပေါင်း ၄၆ ရက် အထိ ရှိပြီး တတိယမြောက် တိုက်ပွဲဖြစ်ပွားမှု အများဆုံးဟု ဆိုရပါမည်။

စစ်အာဏာသိမ်းကာလအတွင်း အာဏာသိမ်းစစ်တပ်နှင့် တိုက်ပွဲဖြစ်ပွားခဲ့သည့် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့များတွင်တော့ KIA၊ KNUနှင့်ကိုးကန့်တပ်ဖွဲ့(MNDAA)တို့အပြင် တအာင်းအမျိုးသားလွတ်မြောက်ရေးတပ် (TNLA)၊ ရှမ်းပြည်ပြန်လည်ထူထောင်ရေးတပ် (RCSS/SSA)၊ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ(KNPP /KA)၊ DKBA၊ ချင်းအမျိုးသားတပ်ဦး (CNF/CNA)၊ ရက္ခိုင့်တပ်တော်(ULA/AA) တို့ကို မြင်တွေ့ခဲ့ရပါသည်။


တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အချင်းချင်းတိုက်ပွဲဖြစ်ပွားမှုတွင်တော့ ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP/SSA) နှင့် RCSS/SSA အကြား တိုက်ပွဲဖြစ်ပွားမှုရှိခဲ့သကဲ့သို့ TNLA နှင့် RCSS/SSA အကြား တိုက်ပွဲဖြစ်ပွားမှု ရှိခဲ့ပါသည်။ ထို့ပြင် SSPP၊ TNLA ပူးပေါင်းအဖွဲ့နှင့် RCSS/SSA အကြား တိုက်ပွဲဖြစ်ပွားခဲ့သကဲ့သို့ ၂၀၂၂ခုနှစ် ဧပြီ လ ၅ရက်တွင် ဝ ပြည်သွေးစည်းညီညွတ်ရေးပါတီ (UWSP/UWSA) နှင့် RCSS/SSA အကြား တိုက်ပွဲဖြစ်ပွားသည်ကို တွေ့ရပါသည်။ ရှမ်းပြည်နယ်မြောက်ပိုင်းဒေသများအတွင်း တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့များ အချင်းချင်း တိုက်ပွဲဖြစ်ပွားမှုသည် ရှမ်းပြည်တောင်ပိုင်းဒေသအချို့အထိ ကူးစက်ကာ ပိုမို အပြန့်ကျယ်လာသည်ကို သတိပြုမိပါသည်။

၂၀၂၁ ခုနှစ် စက်တင်ဘာ ၇ ရက်၊ အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ယာယီသမ္မတကြီး ဒူဝါလရှီးလ၏ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အာဏာသိမ်းစစ်ကောင်စီတပ်အား ခုခံတော်လှန်စစ်ဆင်နွှဲကြရန် နှိုးဆော်တိုက်တွန်းမှုနှင့်အတူ နွေဦးတော်လှန်ရေး၏ ခုခံတော်လှန်စစ်သည်လည်း ပိုမိုအရှိန်မြင့်တက်လာခဲ့ပါသည်။ NUG ကာကွယ်ရေးဝန်ကြီးဌာနအနေဖြင့်လည်းတစ်နိုင်ငံလုံးအတိုင်းအတာအရ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ တပ်ရင်းပေါင်း ၂၅၉ ရင်းအထိ ဖွဲ့စည်းထားပြီး ဖြစ်ကြောင်းနှင့် မြို့ပြဒေသအလိုက်ဖြစ်တည်ပေါက်ဖွားကာ အာဏာသိမ်းစစ်တပ်အား ခုခံတော်လှန်စစ်ဆင်နွှဲနေသည့် တော်လှန်ရေးအဖွဲ့အစည်းပေါင်း ၄၀၀ ကျော်အနက် ၁၀၀ ကျော် ကို ချိတ်ဆက်ကာ NUG ကာကွယ်ရေးဝန်ကြီးဌာနပူးပေါင်းဆောင်ရွက်လျက်ရှိသည်ဟု ဆိုပါသည်။

**စစ်အာဏာသိမ်းခဲ့သည့် ကာချုပ်မင်းအောင်လှိုင်၏လုပ်ရပ်သည် ၎င်း၏ ထာဝရငြိမ်းချမ်းရေးအိပ်မက်ကို ဖြောင့်တန်းစွာ ဆန့်ကျင်နေသကဲ့သို့ တိုင်းပြည်အတွင်း ပြည်တွင်းစစ်အရှိန်ကိုသာ ပိုမို မြင့်တက်စေသကဲ့သို့ တောင်တန်းမြေပြန့် မြို့ပြဒေသအားလုံးတွင် ပြည်တွင်းစစ်ဒဏ်ကို ကျယ်ပြန့်စွာ သက်ရောက်စေခဲ့သည်**

ထို့ကြောင့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ မဲရလဒ်ကို အကြောင်းပြကာ စစ်အာဏာသိမ်းခဲ့သည့် ကာချုပ်မင်းအောင်လှိုင်၏လုပ်ရပ်သည် ၎င်း၏ထာဝရငြိမ်းချမ်းရေးအိပ်မက်ကို ဖြောင့်တန်းစွာ ဆန့်ကျင်နေသကဲ့သို့ တိုင်းပြည်အတွင်း ပြည်တွင်းစစ်အရှိန်ကိုသာ ပိုမို မြင့်တက်စေသကဲ့သို့ တောင်တန်း မြေပြန့် မြို့ပြဒေသအားလုံးတွင် ပြည်တွင်းစစ်ဒဏ်ကို ကျယ်ပြန့်စွာ သက်ရောက်စေခဲ့သည်ဟု ဆိုရမည် ဖြစ်ပါသည်။

**အာဏာသိမ်းစစ်တပ်နှင့် တိုင်းရင်းသား လက်နက်ကိုင်၊ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့တွေကြား တိုက်ပွဲဖြစ်ပွားမှု အခြေအနေပြမြေပုံ (ဇန်နဝါရီ ၂၀၂၁ - မတ် ၂၀၂၂)**



၂၀၂၁ ဇန်နဝါရီ - ၂၀၂၂ မတ်လအတွင်း ပြည်နယ်နှင့်တိုင်းအလိုက် အာဏာသိမ်းစစ်တပ်နှင့် တိုင်းရင်းသားလက်နက်ကိုင်၊ ပြည်သူ့ကာကွယ်ရေး တပ်ဖွဲ့များအကြား တိုက်ပွဲဖြစ်ပွားသည့်ရက်ပေါင်း စုစုပေါင်း ၄၂၀ ရက် ရှိခဲ့

တိုင်းဒေသကြီးအလိုက်ကြည့်သော် စစ်ကိုင်းတိုင်းမှာ တိုက်ပွဲဖြစ်ရက်ပေါင်း အများဆုံး တွေ့ရပြီး စုစုပေါင်း ၂၀၆ ရက်အထိ ဖြစ်ပွား

မြို့နယ်အလိုက်ကြည့်သော် မူဆယ်မြို့နယ်မှာ တိုက်ပွဲဖြစ်ရက်ပေါင်း အများဆုံးတွေ့ရပြီး စုစုပေါင်း ၃၈ ရက် ဖြစ်ပွားခဲ့ပါသည်။



## MA နှင့် EAOs အကြား နှစ်အလိုက် တိုက်ပွဲဖြစ်ပွားမှု နှိုင်းယှဉ်ပြပုံ





## တပ်မတော်နှင့် EAOs တစ်ဖွဲ့ချင်းစီ နှစ်အလိုက် တိုက်ပွဲဖြစ်ပွားမှု နှိုင်းယှဉ်ပြပုံ

| တပ်မတော် | EAOs | ၂၀၁၉ ခုနှစ် | ၂၀၂၀ ခုနှစ် | ၂၀၂၁ ခုနှစ် | ၂၀၂၂ ခုနှစ် (မတ်) |
|---|---|---|---|---|---|
| MA | ULA/AA | ၁၉၂ | ၁၀၄ | ၅ | |
| MA | DKBA | ၁ | - | ၄ | |
| MA | KIO/KIA | ၁၃ | ၇ | ၁၃၈ | ၁၇ |
| MA | KNPP | - | ၁ | ၇ | |
| MA | KNU | ၃ | ၈ | ၈၂ | ၂၃ |
| MA | MNDAA | ၁ | ၁ | ၄၇ | |
| MA | NA-B | ၆ | - | ၄ | |
| MA | RCSS/SSA | ၆ | ၈ | ၈ | |
| MA | SNA | - | ၂ | ၆ | |
| MA | SSPP/SSA | ၅ | - | | |
| MA | TNLA | ၃၃ | ၁၈ | ၁၀ | |
| MA | NSCN-K | ၃ | - | | |
| MA | ARSA | ၅ | ၁ | | ၁ |
| MA | CNF | | | ၁ | |
| MA | PDF | | | ၃၈၁ | ၁၉၄ |


### MPM မှတ်တမ်းအရ

### ၂၀၁၉-၂၀၂၀-၂၀၂၁-၂၀၂၂ (ဇန်နဝါရီ - မတ်) အတွင်း တိုက်ပွဲဖြစ်ပွားသည့် ရက်ပေါင်း

| ခုနှစ် | စစ်တပ်နှင့် EAOs အကြား တိုက်ပွဲဖြစ်ရက်ပေါင်း | EAOs အချင်းချင်းအကြား တိုက်ပွဲဖြစ်ရက်ပေါင်း |
|---|---|---|
| ၂၀၁၉ | ၂၆၉ | ၁၇ |
| ၂၀၂၀ | ၁၄၉ | ၇ |
| ၂၀၂၁ | ၆၉၃ | ၃၆ |
| ၂၀၂၂ | ၂၃၅ | ၂ |




## တပ်မတော်နှင့် EAOs တစ်ဖွဲ့ချင်းစီအကြား နှစ်အလိုက် တိုက်ပွဲဖြစ်ပွားမှု နှိုင်းယှဉ်ပြပုံ



# ရည်ညွှန်းအကိုးအကား (၂၀၂၁–၂၀၂၂)

## တွေ့ဆုံဆွေးနွေးမှုနှင့် တိုက်ပွဲ အရေအတွက်ပြဂရပ် -၂၀၂၁ ၊ ၂၀၂၂ (ဇန်နဝါရီ- မတ်)



# ပြည်နယ်နှင့် တိုင်းအလိုက်
# သုံးသပ်တွေ့ရှိချက်များ



# ဧရာဝတီတိုင်း

စစ်အာဏာသိမ်းပြီးကာလတွင် ဧရာဝတီတိုင်းအတွင်း အာဏာသိမ်းစစ်ကောင်စီကို ဆန့်ကျင်သည့် သပိတ်စစ်ကြောင်းများသည် အနယ်နယ် အရပ်ရပ်ကဲ့သို့ပင် ပေါ်ပေါက်လာခဲ့ပါသည်။ ထို့နောက် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များ၏ ပြောက်ကျားစစ်ဆင်ရေးများ တွင်ကျယ်လာကာ၊ မြို့တော် ပုသိမ် အပါအဝင် မအူပင်၊ ဘိုကလေး၊ ဓနုဖြူ၊ ဟင်္သာတ၊ ဇလွန်၊ ကျုံပျော်၊ ငပုတော၊ ဝါးခယ်မ၊ မော်လမြိုင်ကျွန်း အစရှိသဖြင့် မြို့နယ်အများစုတွင် ဒလန်ရှင်းလင်းရေးနှင့် စစ်ကောင်စီကားများ၊ ရဲစခန်းနှင့် အုပ်ချုပ်ရေးရုံး ဖောက်ခွဲမှုများ ဆက်တိုက် ပေါ်ပေါက်လာသည်ကို တွေ့ရှိရပါသည်။


စစ်အာဏာသိမ်းပြီးနောက် ဧရာဝတီတိုင်းအတွင်း သိသာထင်ရှားသော ဖြစ်စဉ်များတွင် ကျုံပျော်မြို့နယ်၊ လေ့ဆွဲကျေးရွာတွင် ၂၀၂၁ ခုနှစ် ဇွန် ၅ ရက်က ဒေသခံအရပ်သားများနှင့် စစ်

ကောင်စီတပ်တို့အကြား အပြန်အလှန် ပစ်ခတ်မှုတွေ ဖြစ်ပွားခဲ့ရာ၊ အရပ်သား သေဆုံးမှုများ ရှိခဲ့သည်ကို တွေ့ရှိရပါသည်။ ထို့ပြင် နိုဝင်ဘာ ၁၅ ရက်က ဖုသိမ်မြို့၊ ဖုသိမ်-ချောင်းသာ ကားလမ်းပေါ်တွင် စစ်ကောင်စီဝန်ကြီး ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီးနှင့် စစ်ကောင်စီဝန် တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့ လိုက်ပါလာသည့် ယာဉ်တန်းအား ဒေသအတွင်းရှိ PDF ညီနောင်လေးဖွဲ့က ပူးပေါင်းတိုက်ခိုက်ခဲ့ရာ စစ်ကောင်စီတပ်ဖွဲ့ဝင် ၁၀ ဦးထက် မနည်း သေဆုံးခဲ့သည်ကို BNI-MPM ၏ မှတ်တမ်းများအရ တွေ့ရှိရပါသည်။

စစ်ကောင်စီတပ်များကို ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များမှ တိုက်ခိုက်မှုများ ပြုလုပ်နေသဖြင့် ကာကွယ်နိုင်ရန် ဧရာဝတီတိုင်းအတွင်း ပြည်သူ့စစ်အဖွဲ့များကို စစ်ကောင်စီက ပြန်လည်ဖွဲ့စည်းခြင်းများရှိခဲ့ပါသည်။ စစ်ကောင်စီက ပြည်သူ့စစ်အဖွဲ့ကို ဒေသခံလူငယ်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များကို စည်းရုံးကာ ရပ်ကွက်တစ်ခုကို အနည်းဆုံး ၁၀ ဦးဖြင့် ဖွဲ့စည်းခဲ့ပါသည်။

သို့သော် စစ်တပ်အာဏာသိမ်းပြီးနောက်ပိုင်း အောက်တိုဘာ တစ်လတည်းတွင်ပင်လျှင် စစ်အုပ်စုနှင့် သက်ဆိုင်သောနေရာများနှင့် စစ်အုပ်စုပိုင် Mytel တာဝါတိုင်များကို ဗုံးခွဲဖျက်ဆီးခြင်း၊ ၁၃ ကြိမ်အထိ ရှိခဲ့ပြီး၊ တစ်လလုံး ဗုံး ၃၃ ကြိမ်ပေါက်ကွဲခဲ့တာ ရဲ နှစ်ဦး သေဆုံးခဲ့ကြောင်း မြစ်ဝကျွန်းပေါ် ပြောက်ကျားစစ်ဆင်ရေးတပ်ပေါင်းစုက သတင်းထုတ်ပြန်ခဲ့ပါသည်။

ဧရာဝတီတိုင်းတွင် နှစ်ဖက် တိုက်ပွဲ ကြီးမားစွာ ဖြစ်ပွားခြင်း မရှိသေးသည့်အတွက် စစ်ဘေးရှောင်များလည်း မရှိသော တိုင်းတစ်ခု ဖြစ်ပါသည်။ သို့သော် စစ်အာဏာသိမ်း ကာလတစ်လျှောက်တွင် ဗုံးပေါက်ကွဲသည့် ရက်ပေါင်း ၄၄ ရက် ရှိခဲ့ပြီး၊ မိုင်းပေါက်ကွဲမှု ရက်ပေါင်း ၅ ရက် ရှိခဲ့ရာ၊ ဟသာတမြို့တွင် ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ ၁၀ ရက်က စစ်ကောင်စီတပ် လေတပ်ဗိုလ်မှူး မိသားစုနေအိမ်ကို အမျိုးသမီး PDF တပ်ဖွဲ့က မိုင်းခွဲတိုက်ခိုက်ခဲ့ခြင်းလည်း သိသာထင်ရှားသည့် ဖြစ်စဉ်တစ်ခုအဖြစ် ပါဝင်ခဲ့ပါသည်။



# ပဲခူးတိုင်း

ပဲခူးတိုင်းတွင် စစ်အာဏာသိမ်းမှု မဖြစ်ခင် တစ်လအလို ၂၀၂၁ ခုနှစ် ဇန်နဝါရီကတည်းက စစ်ကောင်စီတပ်နှင့် KNU တို့အကြား တိုက်ပွဲများဖြစ်ပွားလျက်ရှိခဲ့ရာ စစ်အာဏာသိမ်းပြီးနောက်တွင် စစ်ကောင်စီနှင့် PDF အကြားလည်း တိုက်ပွဲများ ဖြစ်ပွားခဲ့ပြီး၊ ၂၀၂၁ ခု နှစ်ဝမှ ၂၀၂၂ ခုနှစ် မတ်လအထိ တိုက်ပွဲဖြစ်ပွားသည့် ရက်ပေါင်း ၁၆ ရက် ရှိခဲ့သည်ကို BNI-MPM ၏ မှတ်တမ်းများအရ တွေ့ရှိရပါသည်။ ပဲခူးတိုင်းရှိ KNU နယ်မြေများဖြစ်သော ကျောက်ကြီး၊ ညောင်လေးပင်နှင့်တောင်ငူ တစ်ဝိုက်တွင် တိုက်ပွဲအဖြစ်များခဲ့သည်ကို နှစ်ဝိုင်းတွင် တွေ့ရှိရသော်လည်း နောက်ပိုင်းကာလများတွင် ဇီးကုန်းမြို့နယ်၊ ပေါင်းတည်မြို့နယ်၊ ပြည်မြို့နယ်၊ တောင်ငူမြို့နယ်၊ နတ်တလင်းမြို့နယ်၊ သဲကုန်းမြို့နယ် အစရှိသည်တို့တွင် စစ်ကောင်စီနှင့် PDF တို့အကြား အပြန်အလှန် ပစ်ခတ်မှုများ ဖြစ်


ပွားခဲ့သည်ကို တွေ့ရှိလာရပါသည်။

ပဲခူးမြို့မှ သပိတ်စခန်းနေရာများကို ၂၀၂၁ ခုနှစ်၊ ဧပြီလ ၉ ရက်တွင် စစ်ကောင်စီမှ ဝင်ရောက် ပစ်ခတ်ဖြိုခွင်းသဖြင့် ဒါဇင်ချီရှိသော အရပ်သားများ သေဆုံးခဲ့ပြီး၊ ပဲခူးမြို့ ရွှေမော်ဓောဘုရားနှင့် လိပ်ပြာကန်အနီး ဆံတော်တွင်း၊ မဂ္ဂတစ် အင်းဝင်၊ ပုဏ္ဏားစု၊ မော်ကန်၊ လိပ်ပြာကန်ရပ်ကွက်များကို စစ်ကောင်စီတပ်တွေက ဝင်ရောက် စီးနင်းခဲ့ရာ၊ မြို့ခံလူထုဘက်မှလည်း ခံတပ်အတားအဆီးများကို ကာကွယ်နေသော လူငယ်များနှင့် စစ်ကောင်စီတပ်တို့အကြား အပြန်အလှန် ပစ်ခတ်မှုနှင့် ရှန်းရင်းဆန့်ခတ်ဖြစ်ပွားမှုသည် နွေဦးတော်လှန်ရေးသမိုင်းတွင် အထင်ကရ ဖြစ်စဉ်တစ်ခုအနေဖြင့် ပါဝင်လာခဲ့ပါသည်။

ယင်းသို့ သပိတ်စခန်းများ၊ သပိတ်စံတပ်များ ဖြိုခွင်းဖျက်ဆီးခံရပြီးနောက်တွင် တော်လှန်ရေးသည် ပုံစံတစ်မျိုး ပြောင်းလဲလာကာ ရဲစခန်းများကို ဖုံးဖောက်ခွဲခံရခြင်း၊ ဒလန်များကို သုတ်သင်ခံရခြင်းနှင့် စစ်ကောင်စီမှ ခန့်အပ်သည့် အုပ်ချုပ်ရေးမှူးများကို သတိပေးစာ ထုတ်ပေးခြင်းများသို့ ပြောင်းလဲလာခဲ့ရာ ပဲခူးတိုင်း၊ ထန်းတပင်မြို့နယ်မှ ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူး အယောက် ၂၀ ခန့် တစ်ပြိုင်နက် နုတ်ထွက်ကြသည်ကို တွေ့ရှိရပါသည်။

ပဲခူးတိုင်းအတွင်း စစ်အာဏာသိမ်းပြီးနောက်ကာလအတွင်း သိသာထင်ရှားသည့် ဖြစ်စဉ်များကို ကြည့်မည်ဆိုပါက ညောင်လေးပင်ခရိုင်၊ ကျောက်ကြီးမြို့နယ်တွင် ၂၀၂၁ ခုနှစ်၊ အောက်တိုဘာ ၁၄ ရက်က ကရင်အမျိုးသားကာကွယ်ရေးတပ်ဖွဲ့ (KNDO) နှင့် စစ်ကောင်စီတပ်တို့အကြား ဖြစ်ပွားသည့်တိုက်ပွဲတွင် စစ်ကောင်စီတပ်ဘက်မှ ဗိုလ်မှူး တစ်ဦး အပါအဝင် ခုနစ်ဦး ကျဆုံးပြီး ငါးဦး အဖမ်းခံရခဲ့သည်ကို တွေ့ရှိရပြီး၊ အင်းတကော်မြို့နယ်အတွင်း ရောဝတီဘဏ်၏ ကျပ်ငွေ သိန်းလေးသောင်းကျော်ပါသည့် ငွေသယ်ကားကို အမည်အသိအဖွဲ့အစည်းတစ်ခုက ဓားပြတိုက်ခံရခြင်းတို့ကို တွေ့ရှိရပါသည်။ ထို့ပြင် ပြည်မြို့၊ မော်ဇာကျေးရွာနှင့် မုဋ္ဌောကျေးရွာအနီးရှိ ရန်ကုန်- ပြည် ရထားသံလမ်းကို ဇူလိုင်လ ၅ ရက်က ဗုံးထောင် ဖျက်ဆီးခံခဲ့ရသည်ကိုလည်း မှတ်တမ်းများအရ တွေ့ရှိရပါသည်။

ပဲခူးတိုင်းသည် နွေဦးတော်လှန်ရေးကာလ အစောပိုင်း သပိတ်များတွင် ပိုမို တက်ကြွခဲ့သည်ကို တွေ့ရှိရပြီး နောက်ပိုင်းကာလများတွင် ဖြည်းဖြည်းမှန်မှန်ဖြင့် စစ်အာဏာရှင် အမြစ်ပြတ်ရေးမှန်းရေးလုပ်ငန်းစဉ်များကို ပြုလုပ်လျက် နွေဦးတော်လှန်ရေး ခရီးဆက်နေသည်ကို တွေ့ရှိရပါသည်။



## ချင်းပြည်နယ်

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်၊ စစ်အာဏာသိမ်းပြီးနောက် ချင်းပြည်နယ်တွင် တော်လှန်ရေးလှုပ်ရှားမှုများစွာ ထွက်ပေါ်လာခဲ့ပါသည်။ ချင်းပြည်နယ်အတွင်း ငြိမ်းချမ်းစွာ ဆန္ဒပြမှုများ အပါအဝင် ရရာလက်နက်ကို ဆွဲကိုင်ပြီး အာဏာရှင်စစ်ကောင်စီကို တော်လှန်နေကြသည်မှာ ယနေ့အချိန်ထိပင် ဖြစ်ပါသည်။

BNI - Myanmar Peace Monitor (MPM) မှ မှတ်တမ်းတင်ထားသည့် အချက်အလက်အရ နွေဦးတော်လှန်ရေးကာလ တစ်နှစ်ပြည့်အချိန်အထိ ချင်းပြည်နယ်အတွင်း မြို့နယ်အများစုတွင် စုစုပေါင်း တော်လှန်စစ်များ အားကောင်းခဲ့သည်ကို တွေ့ရှိရပါသည်။ မင်းတပ်၊ မတူပီ၊ ကန်ပက်လက်၊ ဟားခါး၊ ဖလမ်း၊ တွန်းဇံ၊ ထန်တလန်၊ တီးတိန်၊ ပလက်ဝ အစရှိသဖြင့် မြို့ကြီးများ အပါအဝင် မြို့ရွာ၊

ကျေးလက်အထိ ချင်းပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (CDF)များကို ဖွဲ့စည်းနိုင်ခဲ့ပြီး ချင်းအမျိုးသားတပ်ဦး၊ ချင်းအမျိုးသားတပ်မတော် (CNF/CNA)၊ Chin National Defence Force (CNDF) တို့နှင့်လည်း ပူးပေါင်းကာ စစ်ကောင်စီကို တော်လှန်တိုက်ထုတ်နေသည့် ပြည်နယ်တစ်ခု ဖြစ်ပါသည်။

MPM ၏ မှတ်တမ်းများအရ ၂၀၂၁ ခုနှစ်မှ ၂၀၂၂ ခုနှစ် မတ်လအထိ ချင်းပြည်နယ်အတွင်း တိုက်ပွဲပေါင်း အကြိမ်ရေ တစ်ရာကျော်ခန့် ဖြစ်ပွားခဲ့သည်ကို တွေ့ရှိရပါသည်။ ၂၀၂၁ ခုနှစ်အတွင်း ချင်းပြည်နယ်၏ တိုက်ပွဲအခြေအနေများတွင် ပလက်ဝမြို့နယ်မှအပ ကျန်ရှိသော မြို့နယ် အများစုတွင် ချင်းပြည်သူ့ကာကွယ်ရေးအဖွဲ့များ လှုပ်ရှားမှုကို ဆက်တိုက်လှုပ်ရှားခဲ့ပြီး၊ တစ်နှစ်တာအတွင်း စစ်ကောင်စီနှင့် အပြန်အလှန်တိုက်ပွဲများလည်း ဖြစ်ပွားခဲ့သည်ကိုလည်း တွေ့ရှိရပါသည်၊ သို့သော် ၂၀၂၂ ခုနှစ် နှစ်စမှ စတင်ကာ ပလက်ဝမြို့နယ်လည်း ပါဝင်လာပြီး ဆမီးမြို့အတွင်း CDF - Paletwa ၏ လှုပ်ရှားမှုများကို တွေ့ရှိလာရပါသည်။

တိုက်ပွဲအကြိမ်ရေ အများဆုံးရှိခဲ့သည့် ဟားခါး၊ ထန်တလန်၊ မင်းတပ်နှင့် ကန်ပက်လက်မြို့နယ်တို့တွင် ၂၀၂၁ ခုနှစ်အတွင်းက တိုက်ပွဲများ ဆက်တိုက်ဖြစ်ပွားခဲ့သည်ကို တွေ့ရှိရသော်လည်း၊ နှစ်ကုန်ပိုင်းမှ ၂၀၂၂ ခုနှစ် မတ်လအထိတွင် ဟားခါးနှင့် ထန်တလန်တွင် တိုက်ပွဲ အကြိမ်ရေ လျော့ကျလာသည်ကိုလည်း တွေ့ရှိရပါသည်။ သို့သော် ယနေ့အချိန်အထိ မင်းတပ်နှင့် ကန်ပက်လက်တို့တွင် စစ်ကောင်စီနှင့် ထိတွေ့မှုများ ရှိနေပြီး၊ တိုက်ပွဲများ အားကောင်းနေဆဲဖြစ်သည်ကို တွေ့ရှိရပါသည်။

ယခုအခါတွင် တိုက်ပွဲအားကောင်းနေဆဲ ဒေသတစ်ခုဖြစ်သည့် မင်းတပ်- မတူပီလမ်းပေါ်တွင် စစ်ကောင်စီ၏ထောက်ပို့စစ်ကြောင်းတစ်ခုကို CDFပူးပေါင်းတပ်များက ရက်ရှည်တိုက်ခိုက်နေကြရာ၊ စစ်ကောင်စီဘက်က အထိနာနေကြောင်း တွေ့ရှိရပါသည်၊ ထို့ပြင် ကန်ပက်လက်မှအပ ကျန်ရှိသည့် မြို့နယ်များအတွင်း တိုက်ပွဲကြိမ်ရေ လျော့ကျသွားသည်ကို တွေ့ရှိရသော်လည်း ရံဖန်ရံခါ ထိတွေ့တိုက်ပွဲ ဖြစ်ပွားသည်ကို တွေ့ရှိရပါသည်။

လက်နက်အင်အား၊ လူအင်အား အားနည်းသည့် ချင်းပြည်နယ်ကို စစ်ကောင်စီက အလွန်အကျွံ ထိုးစစ်ဆင်မှု၊ ဖိနှိပ်မှု၊ ထိန်းချုပ်မှုများစွာ ပြုလုပ်သည့်အပြင် ပြည်သူများ၏ အသက်အိုးအိမ် စည်းစိမ်များကိုလည်း လုံးဝ ဖျက်ဆီးခြင်းများ ပြုလုပ်ခဲ့ပါသည်။ ယင်းဖြစ်စဉ်များတွင် ၂၀၂၁ ခုနှစ်၊ အောက်တိုဘာ ၂၉ ရက်တွင် စစ်ကောင်စီက ထန်တလန်မြို့ကို မီးရှို့ခဲ့ခြင်းသည် သက်သေပင် ဖြစ်ပါသည်။ ယင်းမီးရှို့မှုကြောင့် ဘုရားကျောင်းများ အပါအဝင် လူနေအိမ်ပေါင်း ရာနှင့်ချီပြီး ပြာကျခဲ့ပြီး၊ ကျန်ရှိနေသည့် အိုးအိမ်အဆောက်အအုံများကိုလည်း စစ်ကောင်စီက ဆက်တိုက် မီးရှို့ခဲ့ခြင်းကြောင့် ထန်တလန်မြို့ပေါ်နေ ပြည်သူများမှာ စစ်ဘေး၊ မီးဘေးလွတ်ရာသို့ တိမ်းရှောင် ထွက်ပြေးခဲ့ကြရာကာ မြို့လုံးကျွတ် လူခြေတိတ်ဆိတ်ခဲ့ရပါသည်။

ချင်းပြည်နယ်တွင် စစ်ကောင်စီ အာဏာမသိမ်းခင်က ပလက်ဝမှအပ စစ်ဘေးရှောင်လူဦးရေ မရှိခဲ့ပေ။ သို့သော် ယခုအခါတွင် ချင်းပြည်နယ်အတွင်း စစ်ဘေးမရှောင်ရသည့် မြို့နယ်ဟူ၍ မရှိဟုပင် ဆိုနိုင်ပါသည်။ စစ်ကောင်စီ၏ ထိုးစစ်ဆင်မှုများနှင့် နှစ်ဖက်အပြန်အလှန်တိုက်ပွဲများကြောင့် အာဏာသိမ်း တစ်နှစ်ပြည့်ကာလအတွင်း ချင်းပြည်နယ်တွင် နေရပ်စွန့်ခွာပြီး စစ်ဘေးတိမ်းရှောင်သူ ဦးရေ တစ်သိန်းကျော်ခန့် ရှိကြောင်း ကုလသမဂ္ဂအဖွဲ့အစည်းတစ်ခုဖြစ်သည့်

UNOCHA က ထုတ်ပြန်ထားပါသည်။ ယင်းအထဲတွင် ဟားခါး၊ မင်းတပ်၊ ထန်တလန်၊ ကန်ပက်လက်မြို့နယ်တို့တွင် မြို့လုံးကျွတ်၊ ရွာလုံးကျွတ် စစ်ဘေးတိမ်းရှောင်နေကြရသည်များ ရှိပြီး၊ BNI- MPM ၏ မှတ်တမ်းများအရ ဟားခါးမြို့နယ်တွင် စစ်ဘေးရှောင် ၅၀၀၀ ကျော်၊ ကန်ပက်လက်တွင် ၂၀၀၀ ကျော်၊ မတူပီမြို့နယ်တွင် ၄၀၀၀ ကျော်ခန့်ထိ စစ်ဘေးရှောင်လျက်ရှိသည်ကို တွေ့ရှိရပါသည်။

အာဏာသိမ်းကာလ စစ်ကောင်စီ၏ အဆိုးရွားဆုံးလုပ်ရပ်များတွင် ချင်းပြည်နယ်အတွင်း အရပ်သားများကို လူသားဒိုင်းကာအဖြစ် ဖမ်းဆီးသတ်ဖြတ်ခြင်း အပါအဝင် ဘုရားကျောင်းများနှင့် ခရစ်ယာန် သာသနာပြုဆရာတော်များကိုလည်း ဖမ်းဆီးသတ်ဖြတ်ခြင်းပင် ဖြစ်ပါသည်။ မတူပီမြို့နယ်တွင် သတင်းထောက်နှင့် ကလေးအပါအဝင် လူ ၁၀ ဦးကို စစ်ကောင်စီက ဖမ်းဆီးပြီး ရက်စက်စွာ သတ်ဖြတ်ထားခြင်းသည် ချင်းပြည်နယ်အတွက် ဖြစ်ရပ်ဆိုးများထဲက တစ်ခုပင်ဖြစ်ပါသည်။

ချင်းပြည်နယ်တွင် စစ်ကောင်စီတော်လှန်ရေး စစ်မီးများသည် မြို့ကြီး၊ မြို့ငယ်နှင့် ကျေးလက်မြို့ရွာမကျန် ကူးစက်တောက်လောင်ခဲ့ပါသည်။ မြို့ရွာများတွင် စစ်ကောင်စီနှင့် CDF တို့အကြား တိုက်ပွဲများ ဆက်တိုက် ဖြစ်ပေါ်နေခြင်းကြောင့် ချင်းပြည်သူများမှာ တောတောင်လျှိုမြောင်များနှင့် အိန္ဒိယနိုင်ငံ၊ မီဇိုရမ်ပြည်နယ်အတွင်းသို့ စစ်ဘေးတိမ်းရှောင်နေကြသည်မှာ လူပေါင်း ထောင်ချီပင် ရှိနေပြီဖြစ်ပါသည်။ ချင်းပြည်နယ်၏ မြို့တော်များမှာ လူခြေတိတ်ဆိတ်နေသော်လည်း ချင်းပြည်သူများ လက်ထဲမှ တူမီးသံများမှာ ယနေ့အချိန်အထိ တိတ်ဆိတ်သွားခြင်းမရှိသေးဘဲ စစ်အာဏာရှင်ကို အမြစ်ပြတ် ချေမှုန်းနေဆဲ ဖြစ်သည်ကို တွေ့ရှိရပါသည်။



## ကချင်ပြည်နယ်

"တပ်မတော်အနေနဲ့ ပြည်သူလူထုကို ထိခိုက်မှုဖြစ်စေပြီဆိုရင်တော့ ကျွန်တော်တို့လည်း ပြည်သူလူထုကို ကာကွယ်ပေးဖို့ တာဝန်ကတော့ ကျွန်တော်တို့ဆီမှာလည်း ရှိတာပေါ့နော်။ ပြည်သူလူထုကိုတော့ ကျွန်တော်တို့ ကာကွယ်ရမှာ ဖြစ်ပါတယ်"ဟု ကချင်လွတ်မြောက်ရေးတပ်မတော် (KIA) ၏ ပြန်ကြားရေးတာဝန်ခံ ဗိုလ်မှူးကြီးနော်ဘူက ကချင်ပြည်နယ်အတွင်း လူထုအုံကြွမှုများ အရှိန်ကောင်းနေချိန်တွင် ကချင်လူထုအတွက် အားဖြစ်စေမည့် စကားကို ထုတ်ဖော်ပြောကြားခဲ့သည်ကို တွေ့ရှိရပါသည်။

စစ်အာဏာသိမ်းမှုကို ဆန့်ကျင်သည့် ဆန္ဒပြပွဲများသည် မြန်မာပြည်မြောက်ဖျားပိုင်း ကချင်ပြည်နယ်တွင် အရှိန်အဟုန်နှင့် ပေါ်ပေါက်ခဲ့ပြီး ယခင်ကတည်းက တိုက်ပွဲများ၊ စစ်ဘေးရှောင်များဖြင့် ရှုပ်ထွေးမှုများပြားသည့် ကချင်ပြည်နယ်သည် စစ်အာဏာသိမ်းကာလတွင် ပုံစံတစ်မျိုးဖြင့် ပါဝင်

လာသည်မှာ စိတ်ဝင်စားဖွယ်ရာ ကောင်းလှပါသည်။

ကချင်ပြည်နယ်တွင် ဆန္ဒပြမှု အစောဆုံး ပြုလုပ်သည့် နေရာဟု ယူဆကြသည့် ကမ္ဘာကျော် ကျောက်စိမ်းများထွက်ရှိရာ ဖားကန့်မြို့နယ်မှ အာဏာရှင် ဆန့်ကျင်သည့် သပိတ်သည် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၆ ရက်တွင် စတင်ခဲ့ပြီး ယနေ့အချိန်ထိ ဆက်လက် အားကောင်းနေဆဲဖြစ်ပါသည်။

မြို့တော် မြစ်ကြီးနားၡ လူထုအုံကြွမှုသည် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၇ ရက်တွင် အစပြုခဲ့ပြီး၊ ဖေဖော်ဝါရီ ၁၈ ရက်တွင် စစ်ကောင်စီတပ်သားများက မျက်ရည်ယိုဗုံးများ၊ ရာဘာကျည်များဖြင့် စတင်ဖြိုခွင်းခဲ့ရာ သံဃာတော်တစ်ပါးနှင့် ပြည်သူ နှစ်ဦး ဖမ်းဆီးခံခဲ့ရပါသည်။ သို့သော် သပိတ်အရှိန် သည် အားလျော့မသွားဘဲ မိုးညှင်း၊ ဖားကန့်၊ ဝိုင်းမော်၊ ဟိုပင်၊ တနိုင်း၊ ပူတာအိုစသည့် ကချင် ပြည်နယ် မြို့နယ်များမှ ဒေသခံတို့သည် အာဏာသိမ်းမှုအတွက် လမ်းပေါ်ထွက် ဆန့်ကျင်ကန့်ကွက် ခဲ့ကြသလို အာဏာဖီဆန်ရေးလှုပ်ရှားမှု (Civil Disobedience Movement - CDM) တွင်လည်း တက်ကြွစွာ ပူးပေါင်းခဲ့ကြသည်ကို တွေ့ရှိရပါသည်။ ထို့ပြင် မြန်မာပြည်၏မြောက်ဘက်အစွန်းဆုံးတွင် တည်ရှိသည့် ပူတာအိုမြို့ပေါ်တွင်လည်း ဖေဖော်ဝါရီ ၇ ရက်မှစ၍ ထောင်နှင့်ချီသည့် လူထုက ဆန္ဒပြခဲ့ကြပြီး၊ အစိုးရဝန်ထမ်းများ၏ CDM လှုပ်ရှားမှုသည်လည်း အားကောင်းခဲ့သည်ကို တွေ့ရှိရ ပါသည်။

သပိတ်လှုပ်ရှားမှုများမှသည် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များ ပေါ်ပေါက်လာချိန်တွင်လည်း ကချင်လူထုကို ကိုယ်စားပြုသော ကချင်လွတ်မြောက်ရေးတပ်မတော် (KIA) သည် မျက်ကွယ်ပြု မနေဘဲ လူထုနှင့်အတူ ရပ်တည်လာသည်ကို တွေ့ရှိရပါသည်။

ကချင်ပြည်နယ်အတွင်း ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (PDF) များ စတင်ဖွဲ့စည်းချိန်တွင် KIA က "လက်နက်ကိုင်တပ်ဖွဲ့သစ်တစ်ဖွဲ့ထပ်မံပေါ်ပေါက်လာပါက အနာဂတ်တွင် စစ်ရေးအရ၊ နိုင်ငံ ရေးအရ ပြဿနာများ ရှုပ်ထွေးလာနိုင်သဖြင့် PDF များ ဖွဲ့စည်းမည်ဆိုပါက KIO/KIA လက် အောက်ခံအဖြစ်သာ ဖွဲ့စည်းရန် KIO ဗဟိုက မူ ချမှတ်ထားခြင်း ဖြစ်သည်" ဟု ဗိုလ်မှူးကြီးနော်ဘူ က ၂၀၂၁ ခုနှစ် ဖွန်လတွင် ထပ်မံ ဖော်ထုတ် ပြောကြားခဲ့သည်ကိုလည်း တွေ့ရှိရပါသည်။

အခြားတိုင်းနှင့် ပြည်နယ်များကဲ့သို့ပင် ကချင်ပြည်နယ်အတွင်း PDF အဖွဲ့များ ရှိလာခဲ့ပြီး မြေ ပြင်တွင် KIA နှင့်ပူးပေါင်းကာ ဖွဲ့စည်းလှုပ်ရှားနေသည်ကိုလည်း တွေ့ရှိရပါသည်။ စစ်အာဏာသိမ်း ကာလတွင် စစ်ကောင်စီကို KIA နှင့် PDF ပူးပေါင်းတိုက်ခိုက်ခဲ့ရာ တိုက်ပွဲဖြစ်ပွားသည့် ရက်ပေါင်း ၈၇ ရက် ရှိခဲ့သည်ကို ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီမှ ၂၀၂၂ ခုနှစ်၊ မတ်လအထိ ကောက်ယူခဲ့သော MPM ၏ မှတ်တမ်းတွင် တွေ့ရှိရပါသည်။

ကချင်ပြည်နယ်တွင် ခရိုင် လေးခုနှင့် မြို့နယ် ၁၈ ခု ရှိသည့်အနက် ခရိုင်အနည်းစုတွင်သာ ဆန္ဒပြပွဲများ အရှိန်ကောင်းခဲ့သည်ကို တွေ့ရှိခဲ့ရသော်လည်း ခရိုင်အများစုတွင် စစ်ကောင်စီနှင့် မြေ ပြင်တိုက်ပွဲများ ပြင်းထန်ခဲ့သည်ကို တွေ့ရှိရပါသည်။

ဝိုင်းမော်ခရိုင်၊ ရွှေကူမြို့နယ်တွင် KIA နှင့် ရွှေကူ PDF တို့ ပူးပေါင်း၍ မြို့ပြတိုက်ပွဲအနေဖြင့် ပုံဖော်တိုက်ခိုက်မှုတစ်ခုကို ရွှေကူမြို့နယ်ရဲစခန်းနှင့်ငါးဘတ်ကြီးကျေးရွာရှိစစ်ကောင်စီကင်းပုန်းများ ကို ဇူလိုင် ၄ ရက် ညပိုင်းက ဝင်ရောက်တိုက်ခိုက်ခဲ့သည်ကို တွေ့ရှိရပါသည်။


ပူတာအိုမြို့နယ်၊ ဆွမ်ပီယာန်ရွာအနီးက ရှိန်ဂတ်ဘွမ်တောင်ရှိ စစ်ကောင်စီ ဗျူဟာတပ်စခန်း

ကို KIA-PDF ပူးပေါင်းတပ်ဖွဲ့တွေက ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီ ၁၈ ရက်က သွားရောက်တိုက်ခိုက်ခဲ့သည်ကိုလည်း တွေ့ရှိရပါသည်။

ထို့ပြင် မိုးညှင်း၊ မံစီ၊ တနိုင်း၊ ဆော့လော်၊ ဟိုပင်၊ မြစ်ကြီးနား၊ မိုးမောက်၊ ပိုင်းဗော် အစရှိသဖြင့် မြို့နယ်များတွင် KIA-PDFပူးပေါင်းအဖွဲ့သည် စစ်ကောင်စီကို ကုန်းကြောင်း၊ ရေကြောင်းမှ ယနေ့အချိန်အထိ တိုက်ခိုက်နေဆဲဖြစ်သည်ကို တွေ့ရှိရပါသည်။

ကချင်ပြည်နယ်တွင် ယခင်ကတည်းက နေရပ်မပြန်နိုင်သေးသော စစ်ဘေးရှောင်စခန်းများရှိနှင့်ပြီးဖြစ်သော်လည်း အာဏာသိမ်းပြီးချိန်တွင် စစ်ကောင်စီနှင့် KIA-PDF တို့အကြား ဖြစ်ပွားသည့် တိုက်ပွဲများကြောင့် စစ်ဘေးရှောင်ဦးရေ ၇၀၀၀ ခန့် ရှိလာသည်ကို တွေ့ရှိရပါသည်။

လက်ရှိအချိန်အထိ စစ်ကောင်စီနှင့် KIA-PDF တို့အကြား တိုက်ပွဲများ ဆက်တိုက်ဖြစ်ပွားနေပြီး တစ်ဖက်တွင်လည်း မြို့ပေါ်၊ ကျေးလက်မကျန် စစ်ကောင်စီသတင်းပေး ရှင်းလင်းရေးနှင့် စစ်ကောင်စီထောက်တိုင် စီးပွားရေးလုပ်ငန်းများကိုလည်း ရှင်းလင်းခြင်းများ ဆောင်ရွက်လျက်ရှိရာ၊ ကချင်ပြည်နယ်၏ နွေဦးတော်လှန်ရေး ခရီးစဉ်သည် လက်ရှိအချိန်အထိ အားတက်စရာ အခြေအနေတွင် ရှိနေသည်ဟု သုံးသပ်မိပါသည်။



## ကရင်နီ (ကယား)ပြည်နယ်

ဖေဖော်ဝါရီ ၁ ရက်၊ စစ်တပ်မှ အာဏာသိမ်းကြောင်း ကြေညာပြီးနောက် ကရင်နီလူထုသည်လည်း တစ်နိုင်ငံလုံးနှင့်အတူ အာဏာရှင်တော်လှန်ရေးတွင် ပါဝင်ခဲ့ကြပါသည်။ ဖေဖော်ဝါရီ ၈ ရက်တွင် မြို့တော် လွိုင်ကော်၌ ထောင်းနှင့်ချီသော ကရင်နီလူထုသည် လမ်းပေါ်ထွက်ကာ ငြိမ်းချမ်းစွာ ဆန္ဒဖော်ထုတ်ခဲ့ကြပါသည်။

ငြိမ်းချမ်းစွာ ဆန္ဒဖော်ထုတ်ခဲ့သော ပြည်သူလူထုကို စစ်ကောင်စီမှ အကြမ်းဖက် အင်အားသုံး ဖြိုခွင်းခဲ့ပြီး များမကြာမီတွင် အကြမ်းဖက်စစ်ကောင်စီတပ်များအား ရင်ဆိုင်တိုက်ခိုက်ရန် အမျိုးသားညီညွတ်ရေးအစိုးရမှ ပြည်သူ့ကာကွယ်ရေးတပ်များ ဖွဲ့စည်းရန် ထုတ်ပြန်ညွှန်ကြားခဲ့ပြီးနောက် ကရင်နီတွင်လည်း PDF များ ပေါက်ဖွားလာခဲ့ပြီး၊ မြေပြင်တွင် စစ်ကောင်စီနှင့် တိုက်ပွဲများ ပြင်းထန်ခဲ့ပါသည်။

အကြမ်းဖက်စစ်ကောင်စီတပ်သည် ကရင်နီပြည်နယ်အတွင်းရှိ ပြည်သူများအား ဖမ်းဆီးခြင်း၊ ပစ်သတ်ခြင်း၊ ဘုရားကျောင်းနှင့် အိုးအိမ်များ၊ စားနပ်ရိက္ခာများကို မီးရှို့ဖျက်ဆီးခြင်းများ ပြုလုပ်ခဲ့သဖြင့် ကရင်နီပြည်နယ်တွင် လူထုပေါင်းများစွာ အသက်ပေးခဲ့ရကာ၊ မေလ ၂၀ ရက်တွင် ရပ်ရွာလုံခြုံရေးယူနေသည့် ပြည်သူများကို စစ်ကောင်စီက ပစ်ခတ်သဖြင့် ဒီမောဆိုပြည်သူ့ကာကွယ်ရေးတပ်နှင့် စစ်ကောင်စီကြား တိုက်ပွဲများ စတင်ဖြစ်ပွားခဲ့ပါသည်။ BNI- MPM ၏ ကောက်ယူထားသည့် မှတ်တမ်းများအရ စစ်အာဏာသိမ်းပြီးနောက် ၂၀၂၁ ခုနှစ်၊ မတ်လမှ  အောက်တိုဘာ ၁၅ ရက်အတွင်း ကရင်နီပြည်နယ်တွင် တိုက်ပွဲကြောင့် အရပ်သား သေဆုံးမှု ၉၄ ဦး ထိရှိခဲ့ကြောင်း တွေ့ရှိရပါသည်။

မတရားအာဏာသိမ်းပြီး ပြည်သူများအား အကြမ်းဖက်နေသည့် စစ်ကောင်စီကို အင်အားအပြည့်ဖြင့် တန်ပြန်တိုက်ခိုက်နိုင်ရန်အတွက် ၂၀၂၁ ခုနှစ်၊ မေလ ၃၁ ရက်တွင် ကရင်နီပြည်နယ်အတွင်းရှိ ပြန့်ကျဲနေသော PDF များကို စုစည်းကာ ကရင်နီအမျိုးသားများကာကွယ်ရေးတပ် (KNDF) အမည်ဖြင့် ဖွဲ့စည်းလိုက်ကြောင်းနှင့် အကြမ်းဖက်စစ်ကောင်စီ၏ ဖိနှိပ်မှုများကို ဆက်လက်တွန်းလှန် တိုက်ပွဲဝင်သွားမည် ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့ကြပါသည်။

ယင်းနောက် အကြမ်းဖက်စစ်ကောင်စီတပ်နှင့် ကရင်နီပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များဖြစ်သည့် (KNPP၊ KNDF၊ KA၊ KNLP) တပ်ဖွဲ့များအကြား တိုက်ပွဲများ ဆက်တိုက်ဖြစ်ပွားခဲ့ရာ တိုက်ပွဲဖြစ်ပွားသည့် ရက်ပေါင်း ၅၈ ရက် ရှိခဲ့ကြောင်း BNI- MPM ၏ ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီမှ ၂၀၂၂ ခုနှစ်၊ မတ်လအထိ ကောက်ယူထားသော မှတ်တမ်းတွင် တွေ့ရှိရပါသည်။


စစ်ကောင်စီမှ အရပ်သားများကို ဖမ်းဆီးသတ်ဖြတ်မှုများကြောင့် ပုပ်ပွနေသည့် လူ့သေကောင်များ၊ ခန္ဓာကိုယ်အစိတ်အပိုင်းများနှင့် လူခြေတိတ်နေသည့် မြို့များအတွင်း အပုပ်နံ့များ ပျံ့နှံ့နေသည့် အခြေအနေအထိ ရောက်ရှိခဲ့ပါသည်။ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလအတွင်း လွိုင်ကော်မြို့၊ ပန်ကန်းရပ်ကွက်တွင် လူ့သေအလောင်း သုံးလောင်းနှင့် ရေပိုကျေးရွာတွင် နှိပ်စက်ခံရသည်ဟု ယူဆရသော  လည်ပင်းတွင် ကြိုးကွင်းစွပ်ထားသည့် အလောင်း ခြောက်လောင်းကို အိမ်သာကျင်းအတွင်း တွေ့ရှိရကာ၊ တစ်လအတွင်း အလောင်း ၂၀ ကျော် တွေ့ရှိခဲ့သည့် ဖြစ်စဉ်များရှိခဲ့သည်ကို တွေ့ရှိရပါသည်။

ကရင်နီပြည်တွင် စစ်အာဏာသိမ်းကာလအတွင်း ထူးခြားဖြစ်စဉ် များစွာရှိသည့်အနက် KNPP ထံတွင် စစ်သင်တန်းတက်ပြီး ပြန်လာသော လူငယ် ၇၀ ဦးအား ဖရူဆိုမြို့နယ်အတွင်း ဧပြီ ၃၀ ရက်က စစ်ကောင်စီတပ်မှ ဖမ်းဆီးခဲ့ခြင်းသည်လည်း တစ်ခု အပါအဝင်ဖြစ်ပြီး၊ လွိုင်ကော်မြို့တွင် ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက်က  စစ်ရှောင်ပြည်သူများကို ကူညီနေသူ အရပ်သား ၁၂ ဦးကို စစ်ကောင်စီက ဖမ်းဆီးခဲ့သည့် ဖြစ်စဉ်ကိုလည်း တွေ့ရှိရပါသည်။

ထို့ပြင် စစ်ကောင်စီသည် ကရင်နီပြည်အတွင်း ကျေးရွာနှင့် လူနေအိမ်များကိုသာမက ဘာသာရေးအဆောက်အအုံများကိုပါ လက်နက်ကြီး ပစ်ခတ်ဖျက်ဆီးမှုများလည်း ရှိခဲ့ရာ၊ ဒီမောဆို ၆ မိုင် စံပြကျေးရွာရှိ ဖွင့်ပွဲမလုပ်ရသေးသည့် ကက်သလစ်ဘုရားကျောင်းအသစ်ကို စစ်ကောင်စီတပ်ဖွဲ့မှ အောက်တိုဘာလ ၂၅ ရက်တွင် ပစ်ခတ်ဖျက်ဆီးသွားသည့် မှတ်တမ်းများလည်း ရှိခဲ့ပါသည်။

အဆိုပါ တိုက်ပွဲများကြောင့် ကရင်နီပြည်သူများမှာ စစ်ဘေးတိမ်းရှောင်နေကြရကာ၊ အာဏာသိမ်းကာလအတွင်း ကရင်နီစစ်ဘေးရှောင်ဦးရေမှာ နှစ်သိန်းနီးပါးအထိ ရှိခဲ့ပြီး၊ စားနပ်ရိက္ခာ အခက်အခဲနှင့် နေရာထိုင်ခင်း ခက်ခဲမှုများကို ရင်ဆိုင်နေရကြောင်း တွေ့ရှိရပါသည်။

စစ်အာဏာမသိမ်းခင်က ခရီးသွားလုပ်ငန်းများဖြင့် ဝေဆာစည်ကားနေသည့် ကရင်နီပြည်၏ အထင်ကရ နေရာများမှာ ယခုအခါတွင် စစ်ကောင်စီက တားဆီးပိတ်ပင်မှုများ၊ ဖျက်ဆီးခြင်းများကို ခံစားနေကြရပြီး ကရင်နီပြည်သူလူထုမှာလည်း ဇာတိ၊ အိုးအိမ်၊ လယ်ယာစိုက်ခင်းများကို စွန့်လွှတ်ကာ အာဏာရှင် အမြစ်ပြတ်ချေမှုန်းနိုင်ရေးတွင် ယနေ့အချိန်အထိ ပါဝင်နေကြပါသည်။ ကရင်နီပြည်သည် စစ်အာဏာသိမ်းမှုဒဏ်ကို အဆိုးရွားဆုံးခံရပြီး၊ အထိနာဆုံးပြည်နယ်နှင့် တိုင်းများအနက် တစ်ခုဖြစ်သည်ဟု သုံးသပ်နိုင်ပါသည်။



# ကရင်ပြည်နယ်

ကရင်ပြည်နယ်အတွင်း တိုက်ပွဲဖြစ်ပွားမှုကို လေ့လာကြည့်မည်ဆိုပါက ၂၀၂၁ခုနှစ်တွင် စစ်ကောင်စီနှင့် ကရင်အမျိုးသားအစည်းအရုံး KNUအကြား ဖြစ်ခဲ့သည့် ရက်ပေါင်း ၉ ရက်၊ BGF နှင့် DKBA အကြား တစ်ရက်၊ KNU/KNLA (PC) - NMSP တစ်ရက် စုစုပေါင်း တိုက်ပွဲဖြစ်သည့် ရက်ပေါင်း ၁၁ ရက်သာ ရှိခဲ့သည်ကို တွေ့ရှိရပါသည်၊ ၂၀၂၁ ခုနှစ် ဇန်နဝါရီလ၊ စစ်အာဏာသိမ်းမှု မစတင်မီ ရက်ပိုင်းအလိုတွင် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး လက်မှတ်ထိုးထားသည့် ကရင်အမျိုးသားအစည်းအရုံး KNU တပ်မဟာ ၁ နှင့် တပ်မဟာ ၅ နယ်မြေများ(ဖာပွန်မြို့နယ်)တွင် တပ်မတော်နှင့် တိုက်ပွဲများ ဆက်တိုက်ဖြစ်ပွားခဲ့ရာ တွေ့ရှိရပါသည်။

ကရင်ပြည်နယ်တွင် ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလမှ ၂၀၂၂ ခုနှစ်၊ မတ်လအထိ တိုက်ပွဲဖြစ်ခဲ့သည့် ရက်ပေါင်း ၁၁၀ ကျော် ရှိခဲ့သည်ကို တွေ့ရှိရပြီး၊ စစ်အာဏာသိမ်းပြီးနောက်တွင် ကရင်ပြည်နယ်

အတွင်း တိုက်ပွဲများ သိသိသာသာ များပြားလာသည်ဟု သုံးသပ်နိုင်ပါသည်၊ ယင်းကာလအတွင်း တိုက်ပွဲများမှာ စစ်ကောင်စီ၊ BGF၊ KNLA၊ PDF နှင့် DKBA တို့ အကြားဖြစ်ခဲ့သည့် တိုက်ပွဲများဖြစ်ရာ၊ BGFသည် စစ်ကောင်စီဘက်မှ ဝင်ရောက်ကာ KNLA၊ PDF နှင့် DKBA တို့နှင့် တိုက်ပွဲများ ဖြစ်ပွားခဲ့သည်ကို တွေ့ရှိရပါသည်။

ဖေဖော်ဝါရီ ၁ ရက် စစ်အာဏာသိမ်းပြီးနောက်တွင် ကရင်ပြည်နယ်သည်လည်း အများနည်းတူ အာဏာရှင်ဆန့်ကျင်ရေး ဆန္ဒပြပွဲများတွင် ပါဝင်ခဲ့သည်။ စစ်ကောင်စီက နိုင်ငံအဝန်းက ဆန္ဒပြပွဲများကို အင်အားသုံးဖြိုခွင်းပြီး၊ သပိတ်ခေါင်းဆောင်များနှင့် ပါဝင်လှုပ်ရှားသူများကို လိုက်လံဖမ်းဆီးချိန်တွင် အများစုမှာ KNU/KNLA ၏ အဓိက နယ်မြေဖြစ်သည့် ကရင်ပြည်နယ်သို့ တိမ်းရှောင် ခိုလှုံခဲ့ကြသည်ကို တွေ့ရှိရပါသည်။

အာဏာသိမ်းစစ်ကောင်စီအား ဆန့်ကျင်သည့် နိုင်ငံရေးတက်ကြွလှုပ်ရှားသူများ၊ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ - PDF များသည် မြဝတီမြို့နယ် လေးကော့ကော် မြို့သစ်ရပ်ကွက်များတွင် ခိုလှုံနေထိုင်နေသည်ဟုဆိုကာ စစ်ကောင်စီတပ်ဖွဲ့ဝင်များက ဒီဇင်ဘာ ၁၄ ရက်တွင် ရပ်ကွက်များအတွင်း ဝင်ရောက်ရှာဖွေ ဖမ်းဆီးမှုများ ပြုလုပ်ခဲ့ရာ လွှတ်တော်ကိုယ်စားလှယ် အပါအဝင် လူဦးရေ ၆၀ ခန့်ကို စစ်ကောင်စီက ဖမ်းဆီးခဲ့ပြီးနောက် နယ်မြေခံ KNLA တပ်ဖွဲ့နှင့် စစ်ရေးတင်းမာလာခဲ့ပါသည်။

၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာ ၁၅ ရက်တွင် လေးကော့ကော်မြို့သစ်အတွင်း စစ်ကောင်စီနှင့် KNU/KNLA တို့အကြား တိုက်ပွဲ စတင်ခဲ့ပါသည်။ ယင်းတိုက်ပွဲတွင် ကရင်လက်နက်ကိုင်တပ်များဘက်မှ စစ်ကောင်စီတပ်သား ရှစ်ဦးကို အရှင်ဖမ်းဆီးရမိခဲ့ပါသည်၊ လေးကော့ကော်တိုက်ပွဲသည် ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလကုန်ပိုင်းအထိ ဆက်တိုက်ဖြစ်ပွားခဲ့ပြီး ယင်းဒေသအတွင်းရှိ အိုးအိမ်အဆောက်အအုံ များစွာလည်း ထိခိုက်ပျက်စီးခဲ့သည့်အပြင် ယင်းတိုက်ပွဲသည် မြဝတီမြို့နယ်အတွင်း ဖလူးကြီး၊ ဖလူးလေးနှင့် အခြားကျေးရွာများအထိ ပျံ့နှံ့ခဲ့ပြီး ထောင်နဲ့ချီသော ပြည်သူလူထုသည် စစ်ဘေးလွတ်ရာ တိမ်းရှောင်ရင်း ထိုင်းနယ်စပ် သောင်းရင်းမြစ်ကမ်းနံဘေးများတွင် နေထိုင်ခဲ့ကြရသည်။ ယင်းနောက် စစ်ကောင်စီက ပစ်ခတ်သည့် လက်နက်ကြီးများသည် စစ်ဘေးရှောင်များ ရှိနေသည့် သောင်းရင်းမြစ်ကမ်းအနီးထိ ရောက်ရှိလာရာ မြစ်ကိုကူးပြီး ထိုင်းနိုင်ငံဘက်သို့ တိမ်းရှောင်ရသည်အထိ ဖြစ်ခဲ့ပါသည်။


စစ်အာဏာသိမ်းပြီးနောက် ယနေ့အချိန်တွင် ကရင်ပြည်နယ်အတွင်း မြို့နယ်အားလုံးတွင် အာဏာရှင်ဆန့်ကျင်မှုများ၊ စစ်ကောင်စီသတင်းပေး ရှင်းလင်းရေးနှင့် မြေပြင်တိုက်ပွဲများ ဆက်တိုက်ဖြစ်ပွားလျက်ရှိရာ၊ တိုက်ပွဲအများဆုံးဖြစ်ပွားသည့် မြို့နယ်များအဖြစ် မြဝတီ၊ ဖာပွန်နှင့် ကော့ကရိတ်မြို့နယ်တို့ကို BNI- MPM ၏ ကောက်ယူရရှိထားသည့် မှတ်တမ်းများတွင် တွေ့ရှိရပါသည်။

ထို့ပြင် ၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၇ ရက်က ထုတ်ပြန်သည့် KNU ၏ အနှစ်ချုပ် တိုက်ပွဲ အစီရင်ခံစာအရ ထိတွေ့တိုက်ပွဲများသည် တပ်မဟာ-၁(ဒူးသထူခရိုင်) ထိန်းချုပ်နယ်မြေတွင် ၂၄၉ ကြိမ်၊ တပ်မဟာ-၂(တောင်ငူခရိုင်) ထိန်းချုပ်နယ်မြေတွင် ၅၀ ကြိမ်၊ တပ်မဟာ-၃ (ညောင်လေးပင်ခရိုင်) ထိန်းချုပ်နယ်မြေတွင် ၁၀၀ ကြိမ်၊ တပ်မဟာ-၄ (မြိတ်ထားဝယ်ခရိုင်) ထိန်းချုပ် နယ်မြေတွင် ၉ ကြိမ်၊ တပ်မဟာ-၅ (မူတြော်ခရိုင်) ထိန်းချုပ်နယ်မြေတွင် ၂၆၉၆ ကြိမ်နှင့် တပ်မဟာ-၆

(ဒူးပလာယာခရိုင်) ထိန်းချုပ်နယ်မြေတွင် ၅၂ ကြိမ် ဖြစ်ပွားခဲ့ကြောင်းလည်း ဖော်ပြထားပါသည်။

စစ်ကောင်စီသည် ကရင်ပြည်နယ်အတွင်း လေကြောင်း၊ ကုန်းကြောင်း ထိုးစစ်များကို ဆင်နွှဲနေသည်သာမက စစ်ဘေးရှောင်များကိုပါ အလွတ်မပေးဘဲ စစ်ဘေးရှောင်နေရာများကို လက်နက်ကြီးဖြင့် ပစ်ခတ်မှုများ ပြုလုပ်ခဲ့သည့်အပြင် တိုက်ပွဲဖြစ်ပွားရာ လေးကော့ကော်မြို့သစ် ဧရိယာအတွင်း တပ်စွဲထားသည့် စစ်ကောင်စီတပ်များသည် မြို့သစ်အတွင်းရှိ နီပွန်ဖောင်ဒေးရှင်းမှ လှူဒါန်းထည့်ဝင်ထားသော ပညာရေး၊ ကျန်းမာရေး အဆောက်အအုံနှင့် စာသင်ကျောင်း သင်ကြားရေးအထောက်အကူပြုပစ္စည်းများအား ဝင်ရောက် ဖျက်ဆီးမှုများ ပြုလုပ်သွားခဲ့သည်ကို တွေ့ရှိရပါသည်။

၂၀၂၀ ခုနှစ်တွင် ကရင်ပြည်နယ်အတွင်း စစ်ဘေးရှောင်ပြည်သူ ထောင်ဂဏန်းသာ ရှိခဲ့ကြောင်း BNI- MPM ၏ မှတ်တမ်းများတွင် တွေ့ရှိရသော်လည်း ၂၀၂၁ ခုနှစ်အတွင်း KNU ထိန်းချုပ်နယ်မြေရှိ ပြည်သူလူထုများနေထိုင်ရာ ကျေးရွာအတွင်းနှင့် လုပ်ငန်းခွင်များအတွင်းသို့ အာဏာသိမ်းစစ်ကောင်စီတပ်များနှင့် ၎င်းတို့၏ လက်အောက်ခံတပ်များမှ လက်နက်ကြီး ရမ်းသမ်းပစ်ခတ်မှုနှင့် တိုက်ပွဲများကြောင့် ဒေသခံအရပ်သား ၅၀၀၀၀ ခန့် ထွက်ပြေးတိမ်းရှောင်ခဲ့ရကြောင်း တွေ့ရှိရပါသည်။



## မန္တလေး

မန္တလေးတိုင်းသည် အာဏာရှင်တော်လှန်ရေး သပိတ်လှုပ်ရှားမှုများတွင် အင်အားအကောင်းဆုံး တိုင်းနှင့် ပြည်နယ်များအနက် တစ်ခု ဖြစ်သည်။ စစ်အာဏာသိမ်းပြီး လေးရက်အကြာတွင် မန္တလေးမြို့၊ ဆေးတက္ကသိုလ်ရှေ့၌ ဒီမိုကရေစီကို ကာကွယ်ကြ၊ အကြမ်းဖက်မှု လူထုလက်မခံ၊ လက်နက်အားကိုးဝါဒ ဆန့်ကျင်ကြ အစရှိသည့် ဆိုင်းဘုတ်များကို ကန့်ကွက်ဆန္ဒပြခြင်းကို စတင်ခဲ့ပါသည်။

ထို့နောက် နိုင်ငံအဝန်း သပိတ်စစ်ကြောင်းများနှင့် ပြည်သူ့စံတပ်များကို စစ်ကောင်စီက အင်အားသုံး ဖြိုခွင်းချိန်တွင် မန္တလေးမြို့ အောင်ပင်လယ်၊ အောင်သာယာ၊ သမန်းကုန်း စသည့် ရပ်ကွက်များတွင် စစ်ကောင်စီတပ်က ပစ်ခတ်ခြင်းကြောင့် အသက် ၁၅ နှစ်အရွယ် ယောကျ်ားလေး တစ်ဦးအပါအဝင် ရှစ်ဦး ကျဆုံးခဲ့ပါသည်။ သို့သော် မန္တလေးမြို့အပါအဝင် မြို့နယ်များရှိ သပိတ်


စစ်ကြောင်းများမှာ အားလျော့ ပျက်ပြယ်သွားခြင်း မရှိဘဲ ဆက်လက်ချီတက်ခဲ့ကြရာ မြို့ပြပြောက်ကျားများနှင့် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များ ပေါ် ပေါက်လာသည့် ကာလထိပင် ချီတက်ကြဆဲဖြစ်ပါသည်။

တိုက်ပွဲနှင့် စစ်ဘေးရှောင်များ မရှိဖူးသည့် မန္တလေးတိုင်းတွင် ၂၀၂၁ ခုနှစ် ဇူလိုင်လမှ စတင်ကာ တိုက်ပွဲအသွင်ဆောင်သည့် တိုက်ခိုက်မှုများ ဆက်တိုက်ဖြစ်ပေါ်ခဲ့ပြီး စစ်ကောင်စီနှင့် ပြည်သူ့ကာကွယ်ရေး တပ်ဖွဲ့များအကြား ထိတွေ့တိုက်ပွဲဖြစ်ပွားသည့် ရက်ပေါင်း ၃၀ ခန့်ရှိသည်ကို BNI- MPM ၏ မှတ်တမ်းများအရ တွေ့ရှိရပါသည်။ တိုက်ခိုက်မှုအများဆုံးမှာ မန္တလေးမြို့ပေါ် ရပ်ကွက်နှင့် မြို့နယ်များအပါအဝင် ပလိပ်မြို့နယ်၊ မိတ္ထီလာမြို့နယ်၊ ကျောက်ဆည်မြို့နယ်၊ ညောင်ဦးမြို့နယ်၊ မိုးကုတ်မြို့နယ်၊ မတ္တရာမြို့နယ်၊ မြင်းခြံမြို့နယ်၊ စဉ့်ကူးမြို့နယ်နှင့် နွားထိုးကြီးမြို့နယ်တို့တွင် ဖြစ်ပွားသည်ကို တွေ့ရှိရပါသည်။

မန္တလေးတိုင်းအတွင်း စစ်အာဏာသိမ်းမှု ကာလတစ်လျှောက်တွင် သိသာထင်ရှားသည့် ဖြစ်စဉ်များစွာအနက် ချမ်းမြသာစည်မြို့နယ်တွင် ဒီဇင်ဘာလ ၆ ရက် ညနေပိုင်းက စစ်ကောင်စီတပ်ဖွဲ့ဝင်များ၏ ပစ်ခတ်မှုကြောင့် နေအိမ်အတွင်း ဆော့ကစားနေသည့် ကလေးငယ်တစ်ဦး ဦးခေါင်းကျည်ဆန် ထိမှန် သေဆုံးသွားခြင်း၊ မဟာအောင်မြေမြို့နယ်မှာ စစ်ကောင်စီသတင်းပေးလို့ စွပ်စွဲခံရသူ ပန်းချီဆရာတစ်ဦး နိုဝင်ဘာလ ၈ ရက်က သေနတ်ဖြင့် ပစ်ခတ်ခံခဲ့ရပြီး သေဆုံးခြင်း၊ စက်တင်ဘာ ၂၈ ရက်တွင် မဟာအောင်မြေမြို့နယ် ၃၇ လမ်း နှင့် ၃၈ လမ်းကြား၊ ၈၆ လမ်းနှင့် ၈၇ လမ်း ကြားရှိ ကင်းဝန်မင်းကြီးကျောင်းတိုက်ကို စစ်ကောင်စီတပ်သားများက အရပ်ဝတ်ဖြင့် နစ်ကြိမ် ဝင်ရောက်စီးနင်းခဲ့ပြီး သံဃာတော်အချို့ကို ဖမ်းဆီးကာ ကျောင်းအတွင်း မော်တော်ယာဉ်နှင့် ဆိုင်ကယ်များကို ယူဆောင်သွားခြင်း၊ မန္တလေးမြို့ အိုးဘိုထောင်အတွင်း ဩဂုတ် ၈ ရက်ညပိုင်းက အာဏာသိမ်းမှုကို ဆန့်ကျင်ကြောင်း ကြွေးကြော်စဉ် ထောင်ဝန်ထမ်းများ၏ လူမဆန်စွာ ရိုက်နှက်မှုကြောင့် တစ်ဦး ပွဲချင်းပြီးသေဆုံးကာ တိုက်ပိတ်ခံရသူ ၃၈ ဦး ရှိခဲ့ခြင်းတို့ကို တွေ့ရှိရပါသည်။

ထို့အပြင် စစ်အာဏာသိမ်းမှုကာလတွင် မန္တလေးတိုင်းအတွင်း ဗုံးနှင့် မိုင်းပေါက်ကွဲမှုများကို မှတ်တမ်းတင်ထားချက်အရ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလမှ ၂၀၂၂ ခုနှစ်၊ မတ်လအထိ ရက်ပေါင်း ၁၀၅ ရက် ထိရှိခဲ့သည်ကို BNI- MPM ၏ မှတ်တမ်းများအရ တွေ့ရှိရပါသည်။

သို့သော် လတ်တလောအချိန်အထိ တိုင်းဒေသကြီးအဝန်းတွင် စစ်ကောင်စီနှင့် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များအကြား အပြန်အလှန်တိုက်ခိုက်မှုများ ဆက်တိုက်ရှိနေခဲ့သော်လည်း မန္တလေးတိုင်းအတွင်း စစ်ဘေးတိမ်းရှောင်ရသည့် မြို့နှင့် ကျေးရွာများ မရှိသေးပေ။ သို့သော် မန္တလေးသည် မြို့ပြပြောက်ကျားစနစ်များဖြင့် အာဏာရှင်အမြစ်ပြတ်ချေမှုန်းရေးတွင် ယနေ့အထိ ခိုင်ခိုင်မာမာ ပါဝင်နေဆဲဖြစ်သည်ကို တွေ့ရှိရပါသည်။



# မွန်ပြည်နယ်

မွန်ပြည်နယ်တွင် သထုံခရိုင်နှင့် မော်လမြိုင်ခရိုင် နှစ်ခုတွင် မြို့နယ်ပေါင်း ၁၀ ခု ရှိရာ၊ အများစုကို KNU ထိန်းချုပ်နယ်မြေများအဖြစ် တွေ့ရှိရပြီး စစ်အာဏာသိမ်းကာလတွင် မွန်ပြည်နယ်အတွင်း စစ်ကောင်စီနှင့် လက်အောက်ခံ (နယ်ခြားစောင့်တပ်ဖွဲ့) BGFအဖွဲ့နှင့် (ကရင်အမျိုးသားတပ်မတော်) KNU/KNLA နှင့် မွန်ပြည်နယ်အတွင်း PDF အဖွဲ့တို့အကြား တိုက်ပွဲများ ဆက်တိုက်ဖြစ်ပွားလာသည်ကို BNI- MPM ၏ ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလမှ ၂၀၂၂ ခုနှစ်၊ မတ်လအထိ ကောက်ယူထားသည့် မှတ်တမ်းများအရ တွေ့ရှိရပါသည်။ မွန်ပြည်နယ်အတွင်း စစ်ကောင်စီနှင့် ဖြစ်ပွားသော တိုက်ပွဲဖြစ်ပွားသည့် ရက်ပေါင်း ၄၄ ရက်ရှိခဲ့ပြီး တိုက်ပွဲအများဆုံးကို ကျိုက်ထို၊ သထုံနှင့် ရေးမြို့နယ်တို့တွင် ဖြစ်ပွားခဲ့သည်ကို BNI- MPM၏ မှတ်တမ်းများအရ တွေ့ရှိရပါသည်။

စစ်အာဏာသိမ်းမှုကာလတွင် မွန်ပြည်နယ်အတွင်း ထူးခြားဖြစ်စဉ်များအနေဖြင့် NLD အစိုးရလက်ထက်တွင် မွန်ပြည်သူလူထု ကန့်ကွက်ခဲ့သည့် ဗိုလ်ချုပ်အောင်ဆန်းတံတားကို ၂၀၂၁ ခုနှစ်၊ ဖွန်လ ၁ ရက်တွင် အာဏာသိမ်းစစ်ကောင်စီက မူရင်းအမည်ဖြစ်သည့် သံလွင်တံတား (ချောင်းဆုံ) ဟုပြောင်းလဲပေးလိုက်ကာ အခမ်းအနားသို့အာဏာသိမ်းစစ်ခေါင်းဆောင်မင်းအောင်လှိုင်ကိုယ်တိုင်တက်ရောက်ခဲ့သည်ကိုတွေ့ရှိရပါသည်။ သို့သော် မွန်ပြည်သူလူထုအနေဖြင့် တံတားနာမည်ပြောင်းလိုက်ရုံဖြင့် စစ်ကောင်စီကို ထောက်ခံမည်မဟုတ်ကြောင်းလည်း ပြန်လည် ပြောကြားခဲ့ပါသည်။ ၂၀၂၁ ခုနှစ်၊ ဖွန်လ ၈ ရက်တွင် မွန်ညီညွတ်ရေးပါတီ (Mon Unity Party) မှ ကိုယ်စားလှယ်လောင်းမိဝသီဖြိုးသည် ဘုရားသုံးဆူအနီးတွင် သေနတ်ဖြင့် ပစ်ခတ်ခံရ၍ သေဆုံးခဲ့ပါသည်။

အာဏာသိမ်းကာလအတွင်း စစ်ကောင်စီသည် မွန်ပြည်နယ်အတွင်း ဆန္ဒပြပြည်သူလူထုကိုနေ့စဉ်နှင့်အမျှ လိုက်လံဖမ်းဆီးခဲ့ရာ ဧပြီလတွင် ဖမ်းဆီးခံရသူ အယောက် ၂၀၀ ခန့်ရှိခဲ့ပြီး ကျိုက်မရောမြို့နယ် ကဒါကျေးရွာအုပ်စုမှ ဒေသခံ ခြောက်ဦးနှင့် ဖနံကျေးရွာအုပ်စုမှ ၃ ဦးကို ဖေဖော်ဝါရီလ ၂၄ ရက်တွင် စစ်ကောင်စီလက်အောက်ခံ နယ်ခြားစောင့်တပ် ၁၀၂၁ က လာရောက် ဖမ်းဆီးခဲ့သည့် ဖြစ်စဉ်များ ရှိခဲ့ပါသည်။

နိုဝင်ဘာ ၁၆ရက်နှင့် ၁၇ ရက်တို့တွင် နယ်မြေကျော် ဝင်ရောက်လာမှုကြောင့် KNLA ၏ တိုက်ခိုက်ခြင်းခံခဲ့ရသောနယ်ခြားစောင့်တပ်(BGF)တပ်ဖွဲ့ဝင်များသည် လက်တုံ့ပြန်သည့် သဘောဖြင့် ဒေသတွင်း တိုက်နယ်ဆေးရုံတစ်ခုကို ဝင်ရောက်စီးနင်းထိန်းချုပ်ခဲ့ကာ ဆေးရုံမှ ဆေးဝါးပစ္စည်းများနှင့် လူနာအသုံးအဆောင်ပစ္စည်းများကို အဓမ္မသိမ်းယူခဲ့ပြီး ဆေးရုံအတွင်း တပ်စွဲခဲ့ပါသည်။

မွန်ပြည်နယ်၊ ရေးမြို့နယ်၊ ဝယ်ပေါင်ကျေးရွာအနီးတွင် ပစ်ခတ်မှုဖြစ်ပွားခဲ့ပြီး၊ ဓာတ်ဆီဆိုင်တွင်ဆိုင်ကယ်ဆီလာဖြည့်သည့် ရေးမြို့၊ အဏ္ဏဝါရပ်ကွက်မှ အသက် ၁၅ နှစ်အရွယ် မိုင်ကျော်လင်းထွန်းအား စစ်တပ်က ဖမ်းဆီးပစ်သတ်ခဲ့ကာ အလောင်းအား မိသားစုထံသို့ ပြန်မပေးဘဲ စစ်ကောင်စီကမီးသင်္ဂြိုဟ်ခဲ့ပါသည်။

မွန်ပြည်နယ်အတွင်း တိုက်ပွဲများအပြင် စစ်ကောင်စီသတင်းပေးများကို ရှင်းလင်းရေးနှင့် မိုင်းဆွဲတိုက်ခိုက်ခြင်း၊ ဗုံးဖောက်ခွဲခြင်းများမှာလည်း အာဏာသိမ်းစကာလမှ ယနေ့အချိန်ထိ ဖြစ်ပွားလျက်ရှိပြီး၊ စစ်ကောင်စီဘက်မှာလည်း ကျေးရွာများအတွင်း လက်နက်ကြီး လက်နက်ငယ်ဖြင့် ပစ်ခတ်ခြင်း၊ ဒေသခံပြည်သူလူထုကို ဖမ်းဆီးခြင်းများကို ဆက်တိုက်ပြုလုပ်ခဲ့သည်ကို တွေ့ရပါသည်။



# ရခိုင်ပြည်နယ်

စစ်အာဏာသိမ်းပြီးနောက် အစောပိုင်းကာလတွင် နိုင်ငံအဝန်း ငြိမ်းချမ်းစွာ ဆန္ဒပြပွဲများ အုံလိုက်ကျင်းလိုက် ထွက်ပေါ်လာခဲ့ပြီး စစ်ကောင်စီက ဆန္ဒပြပွဲများကို ကျည်ဆန်အစစ်များဖြင့် ပြင်ပြင်းထန်ထန်ဖြိုခွင်းကာ သပိတ်ခေါင်းဆောင်နှင့် ပါဝင်လှုပ်ရှားသူများကို လိုက်လံဖမ်းဆီးမှုများ စတင်ပြုလုပ်ခဲ့ပါသည်။ နိုင်ငံအဝန်း ဆူပူမှုဖြစ်လာပြီးနောက် လူငယ်များ စုဖေါင်းသည့် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များလည်း အလျှိုလျှို ထွက်ပေါ်လာခဲ့ကာ စစ်ကောင်စီကို စုံစေတော်လှန်ခဲ့ကြပါသည်။ ယင်းသို့ ပြည်နယ်နှင့်တိုင်းအားလုံး ဆူပူထကြွပြီး၊ မငြိမ်းမချမ်း ဖြစ်နေကြသည့်အချိန်တွင် ရခိုင်ပြည်နယ်တောင်ပိုင်းရှိ မြို့နယ်အချို့က လွဲ၍ ကျန်မြို့နယ်အများစုတွင် အေးချမ်း တည်ငြိမ်လျက် ရှိနေခဲ့ပါသည်။

BNI- MPM ၏ ၂၀၁၉- ၂၀၂၁ ခုနှစ် မှတ်တမ်းများအရ ရခိုင့်မြေပြင်တွင် စစ်ကောင်စီနှင့် ရက္ခိုင့်တပ်တော် (AA) တို့အကြား တိုက်ပွဲဖြစ်ပွားမှု ပြင်းထန်ခဲ့သကဲ့သို့ များစွာရှိခဲ့သလို တစ်ဖက်မှာလည်း Arakan Rohingya Salvation Army (ARSA) နှင့်လည်း ထိတွေ့တိုက်ပွဲများကြောင့် ရခိုင်လူထုသည် ကာလကြာရှည် နယ်မြေမအေးချမ်းမှုကို ကြုံတွေ့ ခံစားခဲ့ကြရပါသည်၊ သို့သော် ၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းပြီးကာလတွင် နိုင်ငံတဝှမ်း စိတ်ပင်ပန်းမှု မြင့်တက်နေခဲ့သည့် ရခိုင်ပြည်နယ်၏ လူမျိုးရေး ပဋိပက္ခများနှင့် တိုက်ပွဲအခြေအနေသည် သိသာစွာ လျော့နည်းတည်ငြိမ်သွားခဲ့သည်ကို ထူးခြားစွာပင် တွေ့ရှိရပါသည်။

ရခိုင်ပြည်နယ်တွင် စစ်ကောင်စီနှင့် ရက္ခိုင့်တပ်တော် (AA) တို့အကြား တိုက်ပွဲကြိမ်ရေမှာ ၂၀၁၉ ခုနှစ်တွင် တိုက်ပွဲဖြစ် ရက်ပေါင်း ၁၉၂ ရက်နှင့် ၂၀၂၀ ပြည့်နှစ်အတွင်း တိုက်ပွဲဖြစ်ရက်ပေါင်း ၁၀၄ ရက်အထိ ရှိခဲ့သည်ကို တွေ့ရှိရပါသည်။ သို့သော် စစ်အာဏာသိမ်းကာလ ၂၀၂၁ အတွင်း စစ်ပွဲမှတ်တမ်းများကို ကြည့်မည်ဆိုပါက နိုဝင်ဘာလတွင် မောင်တောခရိုင်တွင် စစ်ကောင်စီနှင့် AA တို့အကြား တိုက်ပွဲတစ်ကြိမ်သာ ရှိခဲ့ပြီး၊ ကျောက်တော်မြို့နယ်အတွင်း နှစ်ဖက်အကြား တင်းမာမှု အနည်းငယ်ရှိခဲ့သော်လည်း တိုက်ပွဲအဆင့်ထိ မရောက်ရှိခဲ့သည်ကို တွေ့ရှိရပါသည်၊

ထို့ပြင် ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလတွင်လည်း မောင်တောခရိုင်အတွင်း တစ်ကြိမ် ထပ်မံဖြစ်ပွားခဲ့သည်ကို တွေ့ရှိရပြီး၊ တိုက်ပွဲကြိမ်ရေ သိသိသာသာ လျော့ကျသွားသည်ကို တွေ့ရှိရပါသည်။ တိုက်ပွဲကာလများတွင် ရပ်နားထားခဲ့ရသည့် နှစ်စဉ်ကျင်းပလေ့ရှိသော ပုံမှန်ပွဲလမ်းသဘင်များကိုပင် ပြန်လည်ကျင်းပလာခဲ့ပြီး၊ ပြည်နယ်အတွင်း ခရီးသွားလုပ်ငန်းများပင် ပြန်လည်စည်ကားလာသလို လူမှုရေးလှုပ်ရှားမှုများလည်း ပေါ်များလာခဲ့သည်ကိုတွေ့ရှိရပါသည်၊

တစ်ဖက်မှာ စစ်ကောင်စီဘက်က လှုပ်ရှားမှုများရှိသလို ULA/ AA အနေဖြင့်လည်း ရခိုင်ပြည်နယ်အတွင်း အုပ်ချုပ်ရေး၊ တရားဥပဒေစိုးမိုးရေးအပိုင်းများအထိ ဝင်ရောက် နေရာယူလာခဲ့သည်ကိုလည်း တွေ့ရှိရပါသည်၊ ဒီဇင်ဘာလတွင် မြောက်ဦးမြို့နယ်၊ မုရှာကျေးရွာမှ လယ်သမားတစ်ဦး ပိုင်ဆိုင်သည့် နွားငါးကောင် ဓားဖြင့် ခုတ်ခံခဲ့ရသည့် ကိစ္စနှင့်ပတ်သက်ပြီး နွားပိုင်ရှင်မှ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးတို့ထံ တိုင်ကြားသလို တစ်ဖက်မှာ ULA/ AA ထံသို့လည်း တစ်ပြိုင်တည်း တိုင်ကြားခဲ့သည်ကို တွေ့ရှိရပါသည်၊


ထို့ပြင် လူမျိုးရေးပဋိပက္ခအသွင် ဆောင်နိုင်သည့် ဖြစ်စဉ်များကိုလည်း အမည်မသိအဖွဲ့များမှ ဆက်တိုက် လုပ်ဆောင်ခဲ့သည်များလည်း ရှိခဲ့ပါသည်။ ၂၀၂၁ ခုနှစ်အတွင်း ထူးခြားဖြစ်စဉ်များကို ကြည့်မည်ဆိုပါက ပေါက်တောမြို့နယ်၊ အနောက်ရဲ မွတ်စလင်ဒုက္ခသည်စခန်းရှိ NGO အမျိုးသမီးအဆောင်ကို ဇန်နဝါရီ ၆ ရက်နှင့် ၁၂ ရက်တို့တွင် နှစ်ကြိမ်တိုင်တိုင် မီးရှို့ခံခဲ့ရမှု၊ ဘူးသီးတောင်မြို့နယ်၊ သရက္ခောင်းမနူး(မွတ်စလင်)ကျေးရွာအနီးတွင် လုံခြုံရေးတာဝန်ယူနေသည့် စကခ ၁၅ လက်အောက်ခံ ခမရ ၅၅၂ မှ ဒုတပ်ကြပ်အဆင့်ရှိ မြန်မာစစ်သားတစ်ဦး ဩဂုတ်လ ၂၁ ရက်က အသတ်ခံရမှု၊ ပုဏ္ဏားကျွန်း-ရသေ့တောင် ကားလမ်းတွင် သစ်သားဘောလီတံတားတစ်စင်း မီးရှို့ခံရမှု၊ စပါးရိတ်သိမ်းခြွေလှေ့စက် မီးရှို့ခံရမှု၊ ရိတ်သိမ်းပြီး စပါးစည်း (ကောက်လှိုင်းစည်း) များ မီးရှို့ခံရမှု၊ ရခိုင်အမျိုးသမီးတစ်ဦးအား မွတ်စလင် နှစ်ဦးမှ မုဒိမ်းပြုကျင့်ရန် ကြံစည်မှု၊ မူလတန်း

(လွှန်)ကျောင်းအား မီးရှို့ဖျက်ဆီးမှုကို တွေ့ရှိရကာ ULA/ AA မှ ဝင်ရောက်ဖြေရှင်းရသည်များကိုလည်း တွေ့ရှိရပါသည်။

စစ်အာဏာသိမ်းမှုနှင့် ဆက်စပ်ပြီး ကြည့်မည်ဆိုပါက ရခိုင်ပြည်နယ်အတွင်း လှုပ်ရှားမှုများ မရှိသလောက် နည်းပါးခဲ့သော်လည်း ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီတွင် ဖွန့်သည် သံတွဲမြို့နယ်တို့တွင် အာဏာရှင် ဆန့်ကျင်ဆန္ဒပြမှုများရှိခဲ့သည်ကို BNI-MPM ၏ မှတ်တမ်းများတွင် တွေ့ရှိရပါသည်။

ယင်းနှင့်ပတ်သပ်ပြီး စစ်ကောင်စီက ရခိုင်လူငယ်အချို့ကို ပြည်သူ့ကာကွယ်ရေးအဖွဲ့များနှင့် ပတ်သက်သည်ဟု စွပ်စွဲကာ ဖမ်းဆီးထောင်ချခြင်းအချို့ ပြုလုပ်ခဲ့ပါသည်။ သံတွဲမြို့နယ်မှ အမျိုးသမီးလေးဦးကို ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (PDF) နှင့် ဆက်စပ်သည်ဟု စွပ်စွဲချက်ဖြင့် စစ်ကောင်စီက နိုဝင်ဘာ ၃ ရက်တွင် ဖမ်းဆီးခဲ့ပြီး၊ ပေလီမြို့မှ ဦးစိန်ချစ်နှင့် ကိုရဲနိုင်ဦးတို့ကိုလည်း PDF နှင့် ဆက်စပ်သည်ဟုဆိုကာ အောက်တိုဘာလက စစ်ကောင်စီက ဖမ်းဆီးခဲ့သည်ကို တွေ့ရှိရပါသည်။

ရခိုင်ပြည်နယ်တွင် တိုက်ပွဲများ လျော့ကျသွားသည်ကို တွေ့ရှိရသော်လည်း စစ်မီးငြိမ်းအေးသွားပြီး အလုံးစုံစိတ်ချရသည့် အခြေအနေကို ရောက်ရှိသွားသည်ဟု ဆိုနိုင်ဖွယ် မရှိခဲ့ပါ။ ရခိုင်ပြည်နယ်သည် မီးစတစ်ဖက် ရေမှုတ်တစ်ဖက်ဆိုသလို အခြေအနေတွင် တောက်လျှောက်ရှိနေခဲ့ပြီး၊ အချိန်အခါမရွေး တင်းမာမှုများ၊ တိုက်ပွဲများ ပြန်လည် စတင်နိုင်ကြောင်းကို သုံးသပ် တင်ပြအပ်ပါသည်။



## စစ်ကိုင်းတိုင်း

အာဏာရှင်စစ်ကောင်စီ၏ ညှဉ်းပန်းနှိပ်စက်မှုကို အခံရဆုံး တိုင်းနှင့် ပြည်နယ်များထဲမှာ နောက်ထပ်တစ်နေရာသည် စစ်ကိုင်းတိုင်းပင် ဖြစ်ပါသည်။ စစ်အာဏာသိမ်းပြီးနောက် နိုင်ငံအဝန်းတွင် သပိတ်များ ထွက်ပေါ်ခဲ့ချိန်တွင်လည်း စစ်ကိုင်းတိုင်းမှ သပိတ်စစ်ကြောင်းများတွင် အာဏာရှင်မလိုလားသော သိန်းသောင်းချီသည့် လူထုသည် လမ်းမများပေါ်သို့ ထွက်ပေါ်လာခဲ့သည်ပင် ဖြစ်သည်။ စစ်ကိုင်းတိုင်း သပိတ်များထဲက မုံရွာ၊ တန့်ဆည်၊ ကလေး၊ တမူး၊ ကနီ၊ မင်းကင်း၊ ဒီပဲယင်း၊ စစ်ကိုင်း အစရှိသဖြင့် မြို့ကြီးများမှ သပိတ်စစ်ကြောင်း အားကောင်းခဲ့သလို ကျေးရွာပေါင်းစုံသပိတ်များကလည်း ဆက်တိုက် အားကောင်းခဲ့သည်ကို တွေ့ရှိရပါသည်။

တစ်ဖန် လက်နက်ကိုင်တော်လှန်ရေးကို သွားချိန်တွင်လည်း ယင်းတော်လှန်ရေးကို အကြွင်းမဲ့ယုံကြည်ပြီး လမ်းပေါ်က သပိတ်တိုက်ပွဲများ ပျောက်ကွယ်သွားသည့် ဒေသများ ရှိခဲ့သော်လည်း စစ်ကိုင်းတိုင်းတွင် ယနေ့အချိန် သပိတ်အရှိန်လျော့သွားခြင်း မရှိသည်ကို တွေ့ရှိရပါသည်။ 'ငါတို့နိုင်မှ တစ်နိုင်ငံလုံး အားတင်းတား' ဆိုသည့် ကလေးမြို့ ပင်မသပိတ်စစ်ကြောင်း ချီတက်ဆန္ဒပြခဲ့သည်မှာ ၂၀၂၂ ခုနှစ် မတ်လ ၂၃ ရက်တွင် ၄၀၉ ရက် ပြည့်ခဲ့ပြီး၊ မတ်လ ၉ ရက်က 'လွတ်မြောက်ခြင်းသည် အလကား မရ' ဆိုသည့် ခေါင်းစဉ်ဖြင့် ယင်းမာပင်မြို့နယ် အရှေ့ခြမ်းနှင့် ဆားလင်းကြီးမြို့နယ် မြောက်ခြမ်းရှိ ရွာပေါင်းစုံ ဆန္ဒပြမှုသည်လည်း ရက်ပေါင်း ၃၆၅ ရက် ပြည့်ခဲ့သည်ကို တွေ့ရှိရပါသည်။


အားမလျော့၊ ဖွဲ့မလျော့ဘဲ အင်အားတောင့်တင်းသည့် သပိတ်စစ်ကြောင်းများမှသည် လက်နက်ကိုင်တော်လှန်ရေးအသွင်သို့ ကူးပြောင်းလာပြီး နောက်ပိုင်းတွင် စစ်ကိုင်းတိုင်းသည် စစ်အာဏာရှင်ခေါင်းဆောင်အတွက် ကြောက်မက်ဖွယ်ရာ ဒေသတစ်ခုအဖြစ် တည်ရှိနေခဲ့သည်ကို တွေ့ရှိရပါသည်။

ယင်းကြောင့်လည်း စစ်ကောင်စီသည် အညာမြေ စစ်ကိုင်းတိုင်း၏ စစ်ရေးအတွေ့အကြုံ တိုက်ပွဲအတွေ့အကြုံ အားနည်းလှသည်ဟု ထင်မြင်ယူဆရကာ နည်းလမ်းမျိုးစုံသုံးပြီး အကြမ်းဖက်ဖိနှိပ်ခဲ့သည့်အတွက် တမာ၊ ထနောင်းရနံ့ မွှေးကြိုင်သည့် အညာမြေကို စစ်တလင်းမြေဖြစ်အောင် ဖန်တီးခဲ့သည်ကို တွေ့ရှိရပါသည်။ ထို့ပြင် စစ်ကိုင်းအတွင်း အရပ်သားပြည်သူများကို ဖမ်းဆီးသတ်ဖြတ်ခဲ့သည်သာမက မရေမတွက်နိုင်အောင်အထိ လူနေအိမ်များနှင့် ကျေးရွာမီးရှို့မှုတို့ကိုလည်း ဆက်တိုက် လုပ်ဆောင်ခဲ့ပါသည်။ အထူးသဖြင့် ကျေးရွာမီးရှို့မှုများကို ဒီပဲယင်းမြို့နယ်၊ တန့်ဆည်မြို့နယ်၊ ဝန်းသိုမြို့နယ်၊ ကလေးမြို့နယ်၊ ကျွန်းလှမြို့နယ်၊ အရာတော်မြို့နယ်၊ ပင်လယ်ဘူး၊ ဝက်လက်၊ ရွှေဘို၊ ရေဦး၊ ခင်ဦး၊ ပုလဲ၊ ယင်းမာပင်၊ မြောင်၊ ကနီ၊ ကသာ၊ ချောင်းဦး၊ ဆားလင်းကြီး၊ အရာတော်၊ တန့်ဘလူ၊ ကောလင်း အစရှိသဖြင့် မြို့နယ်အများစုတွင် တွေ့ရှိရပါသည်။

စစ်ကိုင်းတိုင်းအတွင်းရှိ ပြည်သူ့ကာကွယ်တပ်ဖွဲ့များကလည်း အင်အားတောင့်တင်းပြီး စစ်ကောင်စီတပ် ကားများကို မိုင်းခွဲတိုက်ခိုက်ခြင်း၊ အပြန်အလှန်ပစ်ခတ်ခြင်း၊ စခန်းများကို ဝင်ရောက်စီးနင်းခြင်း၊ စစ်ကြောင်းများကို တားဆီးတိုက်ခိုက်ခြင်းများအထိ အားတက်သရော တိုက်ခိုက်ခဲ့ကြသည်ကို တွေ့ရှိရပါသည်။ ပြည်သူ့ကာကွယ်ရေးဘက်က ထိခိုက်ဆုံးရှုံးခဲ့ရသည့် ရဲဘော် များစွာရှိခဲ့သော်လည်း စစ်ကိုင်းတိုင်း၏ အာဏာရှင်ဆန့်ကျင်ရေး တိုက်ပွဲများတွင် စစ်ကောင်စီဘက်ကလည်း များစွာ အထိနာ ဆုံးရှုံးခဲ့သည်ကိုလည်း တွေ့ရှိရပါသည်။ BNI- MPM ၏ အာဏာသိမ်းကာလတစ်နှစ်တာမှတ်တမ်းများအရ စစ်ကိုင်းတိုင်းတွင် စစ်ကောင်စီနှင့် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များ အပြန်အလှန်တိုက်ခိုက်ခဲ့သည့် တိုက်ပွဲရက်ပေါင်း ၁၇၉ ရက်အထိ ရှိခဲ့သည်ကို တွေ့ရှိရပြီး၊ အချို့နေရာများတွင် ကချင်လွတ်မြောက်ရေးတပ်မတော် (KIA) နှင့် စစ်ကောင်စီအကြား ဖြစ်သည့် တိုက်ပွဲများလည်း ရှိခဲ့ပါသည်။ စစ်အာဏာသိမ်း အစောပိုင်းကာလဖြစ်သော ၂၀၂၁ ခုနှစ်၊ ဇွန်လ ၂ ရက်တွင်ပင်လျှင် အာဏာသိမ်းစစ်ကောင်စီဘက်က အယောက် ၂၀ ခန့်သည် တစ်ရက်အတွင်း ထီးချိုင့်နှင့် ကောလင်းတိုက်ပွဲတွင် ကျဆုံးခဲ့သည်ကို တွေ့ရှိရပါသည်။ ထို့ပြင် စစ်ကောင်စီနှင့် နီးနွယ်သည့် နေအိမ်အဆောက်အအုံများနှင့် Mytel တာဝါတိုင်များ ဖျက်ဆီးခံရခြင်း အပါအဝင်

မိုင်းနှင့် ဗုံးပေါက်ကွဲသည့် ရက်ပေါင်းလည်း ၁၄၅ ရက် အထိ ရှိခဲ့သည်ကို တွေ့ရှိရပါသည်။

စစ်ကိုင်းတိုင်းတွင် စစ်ကောင်စီမှ လေကြောင်းဗုံးကြဲတိုက်ခိုက်ခြင်း၊ ရေကြောင်းဖြင့် စစ်လက်နက်အင်အားထောက်ပံ့ခြင်း၊ ကုန်းကြောင်းစစ်ကြောင်းထိုး တိုက်ခိုက်ခြင်းအစရှိသဖြင့် နည်းမျိုးစုံဖြင့် အကြမ်းဖက်တိုက်ခိုက်နေခြင်းကြောင့် ပြည်သူဘက်ကလည်း ပြန်လည်ချေမှုန်းခြင်းများကို လုပ်ဆောင်ခဲ့ရာ စစ်ကိုင်းတိုင်းတွင် ယခင်က မရှိဖူးသည့် စစ်ဘေးရှောင်အရေအတွက်အထိ မြင့်တက်ခဲ့သည်ကို တွေ့ရှိရပါသည်။ ရွာလုံးကျွတ် တိမ်းရှောင်ထွက်ပြေးရခြင်း များပြားခဲ့ရာ၊ ကနီမြို့နယ်တွင် စစ်ဘေးရှောင် ၄၀၀၀ ကျော်၊ ဒီပဲယင်းတွင် ၆၀၀၀ ကျော်နှင့် ကလေးမြို့နယ်၊ နတ်ချောင်းဒေသတွင် စစ်ဘေးရှောင် ၅၀၀၀ ကျော်အပါဝင် စစ်ကိုင်းတိုင်းတစ်ခုလုံးတွင် စစ်ဘေးရှောင်ဦးရေ နှစ်သိန်းကျော် ရှိနေသည်ကို တွေ့ရှိရပြီး၊ စစ်ဘေးရှောင်စခန်းအနေဖြင့် သီးသန့်ရှိမနေခြင်းကြောင့် စစ်ဘေးလွတ်ရာ ရွာနားနီးစပ် တောစပ်များတွင် နေရာထိုင်ခင်း အခက်အခဲ၊ ရေနှင့် အစားအသောက် အခက်အခဲများကို ရင်ဆိုင်ပြီး ရှောင်တိမ်းကြရသည်ကို တွေ့ရှိရပါသည်။



## ရှမ်းပြည်နယ်

ရှမ်းပြည်နယ်သည် စစ်အာဏာသိမ်းကာလ မတိုင်ခင်ကတည်းက တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များစွာ ရှိနေပြီး ၎င်းတို့အချင်းချင်း သော်လည်းကောင်း စစ်တပ်နှင့် သော်လည်းကောင်း တိုက်ပွဲများ အမြဲလိုလို ဖြစ်ပွားလေ့ရှိသည့် ဒေသတစ်ခု ဖြစ်သည်။

အထူးသဖြင့် ရှမ်းပြည်နယ်တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ များပြားပြီး မြန်မာအမျိုးသားဒီမိုကရက်တစ် မဟာမိတ်တပ်မတော်( MNDAA)၊ တအာင်းအမျိုးသား လွတ်မြောက်ရေးတပ်မတော် (TNLA) ၊ ကချင်လွတ်မြောက်ရေး တပ်မတော် (KIA) ၊ ရက္ခိုင့်တပ်တော် (ULA/AA) ၊ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ( RCSS/SSA)၊ ရှမ်းပြည်တိုးတက်ရေးပါတီ( SSP/SSA) နှင့် ဝ ပြည် သွေးစည်းညီညွတ်ရေးတပ်မတော် (UWSA) အစရှိသည်တို့၏ လှုပ်ရှားမှုများကို

တွေ့မြင်နိုင်သည့်အပြင် မြန်မာစစ်တပ်နှင့်လည်း တိုက်ပွဲ ဆက်တိုက်ဖြစ်ပွားခဲ့ရာ ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီမှ ၂၀၂၂ ခုနှစ်၊ မတ်လအထိ ရှမ်းပြည်နယ်အတွင်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် စစ်တပ်အကြား တိုက်ပွဲဖြစ်ပွားသည့် ရက်ပေါင်း ၉၈ ရက် ရှိခဲ့သည်ကို BNI- MPM ၏ မှတ်တမ်းများအရ တွေ့ရှိရပါသည်။

မြန်မာစစ်တပ်နှင့် တိုင်းရင်းသားလက်နက်ကိုင်များအကြား တိုက်ပွဲအများဆုံးဖြစ်ပွားရာ ဒေသများအဖြစ် မူဆယ်၊ လားရှိုး၊ ကွတ်ခိုင်၊ မုံးကိုး၊ မုံးပေါ်၊ သီပေါ၊ သိန္နီ၊ မိုင်းယော်၊ မိုင်းယု၊ ပန်ဆိုင်း (ပန်ကြုတ်)၊ ကျောက်မဲ၊ နမ့်ခမ်းနှင့် ဖောင်းဆိုင်း အစရှိသည့် မြို့နယ်တို့ကို တွေ့ရှိရပါသည်။

ထို့ပြင် ရှမ်းပြည်အတွင်း တိုင်းရင်းသားလက်နက်ကိုင်အချင်းချင်း ဖြစ်ပွားသည့် တိုက်ပွဲရက်ပေါင်း ၃၄ ရက်ရှိသည်ကို တွေ့ရှိရကာ အများဆုံးဖြစ်ခဲ့သည့် အဖွဲ့များမှာ RCSS/SSA နှင့် SSP/SSA၊ TNLA နှင့် NA-B (မြောက်ပိုင်းမဟာမိတ်) တို့အကြား တိုက်ပွဲများကို တွေ့ရှိရပါသည်။ သို့သော် ၂၀၂၁ ခုနှစ်တွင် ဖေဖော်ဝါရီလမှအပ စစ်ကောင်စီနှင့် RCSS/SSA တို့အကြား တိုက်ပွဲဖြစ်ပွားသည့် ရက်ပေါင်း လျော့နည်းသွားခဲ့သည်ကို ထူးခြားစွာ တွေ့ရှိရပြီး၊ သီပေါမြို့နယ်အတွင်း တိုက်ပွဲ နှစ်ရက် ရှိခဲ့သည်ကို ထူးခြားစွာ တွေ့ရှိရပါသည်။

ယင်းသို့ လက်နက်ကိုင်အဖွဲ့ပေါင်းများပြား အစဉ်အမြဲ တိုက်ပွဲများ ရှိနေခဲ့သည့် ရှမ်းပြည်နယ်သည် စစ်အာဏာသိမ်းကာလတွင်လည်း သွေးစည်းမနေခဲ့ဘဲ ယနေ့အချိန်အထိ နွေဦးတော်လှန်ရေးခရီးတွင် တစ်နိုင်ငံလုံးနှင့်အတူ ပူးပေါင်းပါဝင်ခဲ့သည်ကို တွေ့ရှိရပါသည်။ အာဏာရှင်တော်လှန်ရေး ဆန္ဒပြပွဲ များ အပါအဝင် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (PDF) များကိုလည်း ဖွဲ့စည်းနိုင်ခဲ့ပြီး၊ စစ်ကောင်စီနှင့် PDF တို့အကြား တိုက်ပွဲဖြစ်ပွားသည့် ရက်ပေါင်း ၂၁ ရက် အထိ ရှိခဲ့ကာ၊ အများဆုံးမှာ ရှမ်းပြည်နယ် တောင်ပိုင်း၊ ကယားပြည်နယ်နှင့် ထိစပ်နေသော ဖယ်ခုံနှင့် မိုးဗြဲမြို့နယ်တို့တွင် ဖြစ်ခဲ့သည်ကို တွေ့ ရှိရပါသည်။


၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီ ၁၇ ရက်က မိုးဗြဲမြို့တွင် စစ်ကောင်စီနှင့် PDF တို့ တိုက်ပွဲဖြစ်ပွားခဲ့ရာ နှစ်ဖက် အကျအဆုံးများ အပါအဝင် အရပ်သားများမှာ ထိခိုက်မှုများ ရှိခဲ့ပြီး၊ PDF တပ်ဖွဲ့ဘက်မှ ၁၀ ဦးခန့် ကျဆုံးခဲ့ခြင်းသည် ပြည်သူလူထုအတွက် ရတက်မအေးစရာ ဖြစ်စေခဲ့ပါသည်။ စစ်ကောင်စီဘက်မှ မိုးဗြဲနှင့် ဖယ်ခုံမြို့နယ်တို့ကို လက်နက်ကြီး၊ လက်နက်ငယ် အပါအဝင် လေကြောင်းတိုက်ခိုက်မှုများပါ ပြုလုပ်ခဲ့ရာ ဒေသခံများမှာ အိုးအိမ်စွန့်ခွာပြီး ရွာလုံးကျွတ် ထွက်ပြေးတိမ်းရှောင်ခဲ့ကြရပါသည်။ ယင်းကြောင့် ၎င်းဒေသများသည် ရှမ်းပြည်နယ်အတွင်း အာဏာသိမ်းစစ်ကောင်စီလက်ထက်တွင် အထိနာဆုံးဒေသများဟုပင် သုံးသပ်နိုင်ပါသည်။

ယင်း စစ်မီးများသည် ၂၀၂၁ ခုနှစ် နှစ်ကုန်ပိုင်းမှ ၂၀၂၂ ခုနှစ် မတ်လတို့တွင် ရှမ်းပြည်တောင်ပိုင်းမှ သဘာဝအလှများဖြင့် ခရီးသွားများကို အဓိက ဆွဲဆောင်သော ကလော၊ ရွာငံ၊ အောင်ပန်း၊ ပင်းတယ၊ တောင်ကြီး အစရှိသည့် မြို့များအထိ ကူးစက်လာခဲ့သည်ကို တွေ့ရှိရပါသည်။ ၎င်းနေရာများတွင် မြို့ပေါ် တိုက်ပွဲများ မရှိသော်လည်း ဗုံးပေါက်ကွဲမှုနှင့် စစ်ကောင်စီသတင်းပေးများ ပစ်သတ်ခံရမှုများမှာ ဆက်တိုက်ထွက်ပေါ်လာခဲ့ရာ တောင်ကြီးမြို့ပေါ်တွင် ကမ္ဘောဇဘဏ် ငွေထုတ်စက်များ ဖောက်ခွဲခံရခြင်း၊ ရွာငံမြို့နယ်၊ ဝိန္နိုကုန်းကျေးရွာနှင့် ညောင်အိမ်ကြားရှိ စစ်ကောင်စီပိုင် Mytel တာဝါတိုင် မီးရှို့ဖျက်ဆီးခံရခြင်း၊ ပင်းတယမြို့နယ် အုံ့အက်ကျေးရွာမှ စစ်တပ်

သတင်းပေးသူဟု နာမည်ကြီးနေသော ဆိုင်းဆရာတစ်ဦး ဆိုင်းတီးနေစဉ် သေနတ်ပစ်သတ်ခံရခြင်း၊ ရှာငံမြို့နယ်မှ ကော်ဇီစက်ရုံတွင် နေထိုင်သည့် အသက် ၆၀ ကျော် အမျိုးသားတစ်ဦး သေနတ်ပစ်သတ်ခံရခြင်း အစရှိသည့် ဖြစ်စဉ်များစွာကို တွေ့ရှိရပါသည်။

ယခင်ကတည်းက တိုက်ပွဲများကြောင့် စစ်ဘေးရှောင်ဦးရေ များပြားနေသည့် ရှမ်းပြည်နယ်တခွင်တွင် ကယားပြည်နှင့် နယ်စပ်ဖြစ်သော မိုးဗြဲနှင့် ဖယ်ခုံများမှ ကယားစစ်ဘေးရှောင်များပါ တောင်ပိုင်းမြို့ကြီးများဆီသို့ ရောက်ရှိလာခဲ့ပါသည်။ ယခင်က ရှမ်းပြည်နယ်မြောက်ပိုင်းက စစ်ဘေးရှောင်များမှာလည်း နေရပ်မပြန်နိုင်သည့်အပြင် ထပ်တိုးတိုက်ပွဲများကြောင့် ထပ်မံ စစ်ဘေးရှောင်ကြရသည့် အဖြစ်များကို တွေ့ရှိရကာ နေရာအခင်းအကျင်းနှင့် စားနပ်ရိက္ခာလိုအပ်ချက်များပြားလာသည်ကိုလည်း တွေ့ရှိရပါသည်။ MPM ၏ မှတ်တမ်းတင်ထားသည့် စာရင်းအရ လက်ရှိ ရှမ်းပြည်နယ်အတွင်း တိုးမြင့်လာသည့် စစ်ဘေးရှောင်များ အပါအဝင် ယခင်ရှိနှင့်ပြီးသား စစ်ဘေးရှောင်ဦးရေ အားလုံးပေါင်း ၁၇၅၀၀ ကျော်ခန့် ရှိသည်ကို တွေ့ရှိရပါသည်။

ထို့သို့ လက်နက်ကိုင်အဖွဲ့များ၏ လှုပ်ရှားမှုများအပါအဝင် စစ်ကောင်စီ၏ နိုင်ထက်စီးနင်းမှုများကို ခါးစည်းခံနေသည့် ရှမ်းလူထုသည် လက်ရှိအချိန်အထိ အာဏာရှင်တော်လှန်ရေးခရီးတွင် အားတက်သရော ပါဝင်နေသည်ဟု သုံးသပ်နိုင်သည့်အပြင် ရှမ်းပြည်သူ့ကာကွယ်ရေးအဖွဲ့များကလည်း လက်မလျှော့ဘဲ တိုက်ပွဲဝင်နေသည်ကို တွေ့ရှိရပါသည်။



## တနင်္သာရီတိုင်း

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက် စစ်အာဏာသိမ်းပြီးနောက် တနင်္သာရီတိုင်းသည်လည်း နွေဦးတော်လှန်ရေးခရီးတွင် တက်ကြွစွာ ပါဝင်ခဲ့သည်ကို တွေ့ရှိရပါသည်။ ဖေဖော်ဝါရီ ၈ ရက်တွင် စစ်အာဏာသိမ်းအစိုးရ အလိုမရှိကြောင်း ပြည်သူလူထု တစ်သိန်းခန့် ပါဝင်သည့် ဆန္ဒပြပွဲကို မြို့တော် ထားဝယ်တွင် ပြုလုပ်ခဲ့ကြပါသည်။ ထို့နောက် စစ်ကောင်စီက ဆန္ဒပြပွဲများကို ဖြိုခွင်းခဲ့ပြီး၊ မြို့ပေါ် ကျေးလက်မကျန် လူနေအိမ်များ၊ လက်ဖက်ရည်ဆိုင်နှင့် တားသောက်ဆိုင်များအထိ ဝင်ရောက်မွှေနှောက်ပြီး နေ့စဉ်နှင့်အမျှ ဖမ်းဆီးမှုများ ပြုလုပ်ခဲ့ရာ ၂၀၂၂ ခုနှစ်၊ မတ်လအထိ အာဏာသိမ်းကာလတစ်လျှောက်တွင် စစ်ကောင်စီက အရပ်သားပြည်သူ ၁၇၆ ဦးကို မတရား

ဖမ်းဆီးခဲ့သည်ဟု BNI- MPM ၏ ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလမှ ၂၀၂၂ ခုနှစ်၊ မတ်လအတွင်း မှတ်တမ်းများအရ တွေ့ရှိရပါသည်။

မွန်၊ ကရင်ပြည်နယ်တို့နှင့် ထိစပ်နေသော်လည်း တိုက်ပွဲများ၊ စစ်ဘေးရှောင်တိမ်းရြှောင်းများနှင့် ကင်းကွာနေသော မြန်မာနိုင်ငံ၏ တောင်ဘက်အကျဆုံး တနင်္သာရီတိုင်းသည် စစ်အာဏာသိမ်းပြီးနောက်မှာတော့ လူထုအုံကြွမှု၊ ဗုံးပေါက်ကွဲမှု၊ မိုင်းပေါက်ကွဲမှု၊ သေနတ်ဖြင့် ပစ်ခတ်ခံရမှု၊ စစ်ကောင်စီထံတွင် မတရားဖမ်းဆီး သတ်ဖြတ်ခံရမှုများ အပါအဝင် မြို့နယ်အများအပြားတွင် စစ်ကောင်စီနှင့် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (PDF) တို့အကြား တိုက်ပွဲများ မကြာခဏ ဖြစ်ပွားလာခဲ့ပါသည်။ တနင်္သာရီတိုင်းတွင် တိုက်ပွဲဖြစ်ပွားသည့် ရက်ပေါင်း ၂၇ ရက် ရှိခဲ့သည်ကို BNI- MPM ၏ ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလမှ ၂၀၂၂ ခုနှစ်၊ မတ်လအတွင်း မှတ်တမ်းများအရ တွေ့ရှိရပါသည်။

ယင်းတိုက်ပွဲများတွင် စစ်ကောင်စီဘက်က စစ်ကြောင်းထိုးပြီး တိုက်ခိုက်မှုများ ရှိသကဲ့သို့ PDF ဘက်မှလည်း ပြောက်ကျားစနစ်ဖြင့် ဝင်ရောက်တိုက်ခိုက်ခဲ့ပြီး အပြန်အလှန် တိုက်ခိုက်ခဲ့ကြသည်ကိုလည်း တွေ့ရှိရပါသည်။ ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာ ၂၁ ရက်တွင် လောင်းလုံးမြို့နယ်တွင် လောင်းလုံးပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (LPDF) နှင့် အင်အားစု ပြောက်ကျားတပ်ဖွဲ့တို့က စစ်ကောင်စီ ကားတစ်စီးကို မိုင်းခွဲတိုက်ခဲ့စဉ် အပြန်အလှန် ပစ်ခတ်မှုဖြစ်ခဲ့ပြီး ယင်းဖြစ်စဉ်တွင် စစ်ကောင်စီဘက်မှ ခြောက်ဦး ကျဆုံးပြီး သုံးဦး အကျဉ်းရရှိကာ PDF ဘက်မှလည်း တစ်ဦး ကျဆုံးခဲ့ပါသည်။

၂၀၂၁ ခုနှစ်၊ စက်တင်ဘာ ၈ ရက်တွင် တနင်္သာရီတိုင်းရှိ ပြည်သူ့ကာကွယ်ရေးတပ် Tanintharyi Defense Force (TDF) သည် စစ်သည်အင်အား ၁၀၀ ခန့်နှင့် အမျိုးသားညီညွတ်ရေးအစိုးရ၊ ကာကွယ်ရေးဝန်ကြီးဌာန၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်သို့ ဝင်ရောက်ပူးပေါင်းကြောင်း၊ ၎င်းတို့သည် စစ်အာဏာရှင်စနစ် ကျူးရေးအတွက် အမျိုးသားညီညွတ်ရေးအစိုးရ၏ ကာကွယ်ရေးဆိုင်ရာမူဝါဒများနှင့်အညီ လိုက်နာဆောင်ရွက်သွားမည်ဖြစ်ပြီး အကြမ်းဖက်စစ်ကောင်စီကို အမြစ်ကုန် တွန်းလှန်ချေမှုန်းသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့ပါသည်။

တစ်ဖက်တွင်လည်း တနင်္သာရီတိုင်းအတွင်း စစ်ကောင်စီသတင်းပေး ရှင်းလင်းရေးလုပ်ငန်းစဉ်များ အားကောင်းလျက်ရှိသည်ကို တွေ့ရှိရပါသည်။ ၂၀၂၁ ခုနှစ်၊ အောက်တိုဘာတွင် တနင်္သာရီမြို့နယ်၊ ပဝရွာကြီးမှ ပြည်သူ့စစ်ခေါင်းဆောင် ဦးမြင့်ဌေး၏ အိမ်ကို မျက်နှာဖုံးစွပ်ထားသည့် အဖွဲ့တစ်ဖွဲ့ ရောက်လာပြီး ၎င်းအားခေါ်ထုတ်စဉ် မတွေ့လာဘဲ သေနတ်ပစ်ခတ်ခံရသဖြင့် နေအိမ်မီးရှို့ခံရကာ ၎င်းအပါအဝင် မိသားစုဝင် လေးဦးလည်း သေဆုံးခဲ့ကြောင်း၊ ဦးမြင့်ဌေးသည် စစ်ကောင်စီခန့် အုပ်ချုပ်ရေးမှူးတစ်ဦးလည်း ဖြစ်၊ ပြည်သူ့စစ်ခေါင်းဆောင် တာဝန်ယူထားသူလည်း ဖြစ်သည့်အပြင် ကျေးရွာအတွင်းရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) အဖွဲ့ဝင်များနှင့် CDM ဝန်ထမ်းများကို ဖိအားပေးခြိမ်းခြောက်ခြင်း၊ PDF များ၏ လှုပ်ရှားမှုများကို စစ်ကောင်စီတပ်ထံ သတင်းပေးပို့ခြင်းများ လုပ်ဆောင်နေသူဖြစ်သည်ဟု မှတ်တမ်းများတွင် တွေ့ရှိရပါသည်။

စစ်ကောင်စီတပ်အား မိုင်းခွဲတိုက်ခိုက်မှုများနှင့် ဒလန်ရှင်းလင်းရေးလုပ်ငန်းများ အားကောင်းလာသည့် တနင်္သာရီတိုင်းတွင် စစ်ကောင်စီဘက်ကလည်း ကျေးရွာများအထိ ဖမ်းဆီးမှုများ ဆက်

တိုက်ပြုလုပ်လာသည်ကို တွေ့ရှိရပြီး ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာတွင် ထားဝယ်မြို့နယ်မှ သစ်ကတိုးရွာ၊ မြေခန့်ရွာ၊ ရေပုရွာနှင့် ထန်းတလုံးရွာသည် ရွာလုံးကျွတ် တိမ်းရှောင်နေခဲ့ရပါသည်။

ယခင်က စစ်ဘေးရှောင် မရှိသည့် တနင်္သာရီတိုင်းတွင် စစ်အာဏာသိမ်းကာလတစ်နှစ်အတွင်း စစ်ဘေးရှောင် ၂၀၀၀ ကျော်အထိ ရှိလာခဲ့ပြီး၊ ဒေါနတနင်္သာရီ - စစ်ဘေးရှောင်များ အထောက်အကူပြုရေးအဖွဲ့မှကောက်ယူထားသော စာရင်းများအရ စစ်ဘေးရှောင် အရေအတွက်မှာ ပုလောမြို့နယ် ဒုရင်းပင်ရှောင်ရွာ၊ မိကျောင်းသိုက်ရွာတို့တွင် ၁၃၀၀ ဦး၊ ထားဝယ်မြို့နယ် ခေါင်တိုင်ပြင်ရွာ၊ ကမ်းကုန်ရွာ၊ ပဒိုင်းရှောင်းရွာ၊ မြေခန့်ရွာတွင် ၅၇၀ ဦး၊ ရေဖြူမြို့နယ် သစ်ကတိုးရွာတွင် ၈၀ ဦး၊ သရက်ချောင်းမြို့နယ် စော်ဖျားရွာ၊ တောင်ပျောက်ရွာတွင်လည်း ၁၆၀ ဦးနှင့် စုစုပေါင်း ၂၁၁၀ ဦး ရှိကြောင်း တွေ့ရှိရပါသည်။ ထို့ပြင် စစ်ကောင်စီမှ စစ်ဘေးရှောင်များကို ကူညီပေးနေသည့် အဖွဲ့များကို ဟန့်တားနှောင့်ယှက်မှုများနှင့် ရိက္ခာပို့သည့် လမ်းကြောင်းများကို ပိတ်ထားသည်များ ရှိရာ ၎င်းစစ်ဘေးရှောင်များမှာ အရေးပေါ် အကူအညီများ လိုအပ်လျက် ရှိနေပါသည်။



# ရန်ကုန်

ရန်ကုန်တိုင်းထဲက ရန်ကုန်မြို့သည် နိုင်ငံ၏ စီးပွားရေးမြို့တော် ဖြစ်ခဲ့သည့်အလျောက် အာဏာသိမ်းမှုမဖြစ်ခင်မှာ သိသာသည့် ပြောင်းလဲတိုးတက်မှု၊ စည်ကားသိုက်မြိုက်မှုများကို ရန်ကုန်နေ ပြည်သူလူထုအနေဖြင့် ခံစားခဲ့ကြရသည်ပင် ဖြစ်ပါသည်။ သို့သော် စစ်အာဏာသိမ်းမှု ဖြစ်ပြီးနောက် ရန်ကုန်ပုံရိပ်ကို မြင်ယောင်ကြည့်မည်ဆိုပါက ယခင်က ရှိခဲ့သည့် အနေအထားနှင့် များစွာ ကွဲပြားသွားသည်ကို ခံစားမိကြမှာ အမှန်ပင် ဖြစ်ပါသည်။ နွေဦးမှာပွင့်သည့် ပန်းများနှင့်အတူ စတင်လာသော နွေဦးတော်လှန်ရေးတွင် ပေတရာလမ်းမပေါ်သို့ ပုံစံမျိုးစုံနှင့် ထွက်လာကြသည့် ရန်ကုန်လူထုသည် လှပင်လယ်ကြီးပမာပင် တင်စားနိုင်အောင်ထိ များပြားခဲ့ပါသည်။

ရန်ကုန်တိုင်းထဲက အမြို့မြို့အနယ်နယ်တွင် ဆန္ဒပြပွဲများစွာ ရှိခဲ့ပြီး ရန်ကုန်မြို့လယ်ကောင် ဆူးလေဘုရားအနီးတစ်ဝိုက် ဆန္ဒပြပွဲ၊ လှည်းတန်းဆန္ဒပြပွဲများနှင့် နိုင်ငံတကာသံရုံးများရှေ့က ဆန္ဒပြပွဲများ၏ထူးထူးခြားခြားသပိတ်လှုပ်ရှားမှုပုံစံများသည်နိုင်ငံတကာသတင်းစာမျက်နှာများပေါ် အထိ ရောက်ရှိခဲ့ပြီး စိတ်ဝင်စားမှုများ မြင့်တက်ခဲ့ကြရပါသည်။ အရောင်အဆင်းစုံစုံ၊ လူတန်းစားစုံစုံနှင့် သပိတ်စစ်ကြောင်းများအပါအဝင် CDM လှုပ်ရှားမှုတွင် ပါဝင်သည့် ထောင်နှင့်ချီသော နိုင်ငံ့ဝန်ထမ်းများ၏ သပိတ်စစ်ကြောင်းများဖြင့် ရန်ကုန်၏ နွေဦးတော်လှန်ရေး အစပျိုးကာလသည် ပြည်သူလူထုအပေါ် တစ်မျိုးတစ်ဖုံ အားတက်စေခဲ့ပါသည်။

ရန်ကုန်လူထုသည် နေ့ခင်းဘက်တွင် သပိတ်၊ ညဆို သံပုံးများ တီးပြီး အာဏာသိမ်း စစ်ကောင်စီကို မကောင်းဆိုးဝါးသဖွယ် မောင်းထုတ်ခဲ့ကြသလို၊ တစ်ဖက်မှာလည်း အာဏာသိမ်း စစ်ကောင်စီ၏ အကြမ်းဖက်ယုတ်မာမှုမျိုးစုံကို ခါးစည်း ခံစားလာရပါသည်။ တစ်နေ့တစ်မျိုး မရိုးရသည့် စစ်ကောင်စီ၏ အကြမ်းဖက်မှုများတွင် ဆန္ဒပြပွဲများကို ကျည်အစစ်သုံးကာ ဖြိုခွင်းမှုများနှင့် ရန်ကုန်မြို့အနှံ့တွင် ဗုံးပေါက်ကွဲမှုများ ဆက်တိုက်ဖြစ်လာခဲ့ပြီး၊ အထပ်မြင့်အဆောက်အအုံများ အထိပါ စစ်ကောင်စီက ရမ်းသမ်းပစ်ခတ်မှုများ ပြုလုပ်ခဲ့ပါသည်။

အာဏာသိမ်းစစ်ကောင်စီ၏ ဆန္ဒပြပွဲများကို ကျည်အစစ်ဖြင့် ဖြိုခွင်းမှုကြောင့် အပြစ်မဲ့ အရပ်သား သေဆုံးမှုများစွာ ရှိခဲ့ပြီး ယင်းအနက် ဧပြီလ ၂၈ ရက် လှည်းတန်းသပိတ်တွင် ပါဝင်ခဲ့သူ ညီညီအောင်ထက်နိုင်သည် စစ်ကောင်စီ၏ ပစ်ခတ်မှုကြောင့် သေဆုံးခဲ့ရပါသည်။

ဆေးကျောင်းသား ခန့်ညားဟိန်းသည် ၂၀၂၁ ခုနှစ်၊ မတ်လ ၁၄ ရက်က အုံ ၁ ကျောင်းသား၊ ကျောင်းသူဟောင်းများ ပါဝင်အားဖြည့်သော တာမွေ သပိတ်တွင် ဒိုင်းကာ အနေဖြင့် ပါဝင်ခဲ့ရင်း စစ်ကောင်စီစစ်တပ်၏ အကြမ်းဖက် ဖြိုခွင်းပစ်သတ်ခြင်းကို ခံခဲ့ရပြီး ကျဆုံးခဲ့ရပါသည်။ ထို့ပြင် မြောက်ဥက္ကလာပသပိတ် ဖြိုခွင်းခံရခြင်း၊ လှိုင်သာယာသပိတ် ဖြိုခွင်းခံရခြင်းတို့တွင်လည်း အရပ်သားပြည်သူ သေဆုံးမှုများစွာ ရှိခဲ့ပြီး ထိုဖြစ်စဉ်များသည် နွေဦးတော်လှန်ရေးကာလ ရန်ကုန် ပုံရိပ်ကို ပိုမို ထင်ဟပ်ခဲ့ပါသည်။

ထို့နောက် ဆူပူထကြွမှု အားကောင်းနေသည့် ရန်ကုန်မြို့ကို ထိန်းချုပ်ရန် ကြိုးပမ်းမှုအနေဖြင့် စစ်ကောင်စီက ၂၀၂၁ ခုနှစ်၊ မတ်လတွင် မြောက်ဒဂုံမြို့နယ်၊ တောင်ဒဂုံမြို့နယ်၊ ဒဂုံဆိပ်ကမ်း မြို့နယ်နှင့် မြောက်ဥက္ကလာပမြို့နယ်၊ လှိုင်သာယာမြို့နယ်နှင့် ရွှေပြည်သာမြို့နယ်တို့တွင် စစ်အုပ်ချုပ်ရေးကျင့်သုံးရန် ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးကို အာဏာပေးလိုက်ကြောင်း စစ်ကောင်စီ အတွင်းရေးမှူး ဒုဗိုလ်ချုပ်ကြီး အောင်လင်းဒွေးက အမိန့်ထုတ်ပြန်ခဲ့သည်ကို တွေ့ရှိရပါသည်။

တစ်ဖက်မှာလည်း ပြည်သူလူထုအားထားရာ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များကို တရားဝင် ဖွဲ့စည်း ခဲ့ပါသည်။ ၂၀၂၁ ခုနှစ်၊ မေလ ၁၈ ရက်တွင် မြေနီကုန်း၊ ဒေါပုံမြို့နယ်၊ မရမ်းကုန်းမြို့နယ် တို့တွင် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များ ဖွဲ့စည်းလိုက်ပြီဖြစ်ကြောင်း တပ်ဖွဲ့များမှ အသီးသီး ကြေညာချက်များ ထုတ်ပြန်ခဲ့သည်ကို တွေ့ရှိရပါသည်။

ရန်ကုန်တိုင်းတွင် အာဏာသိမ်းကာလတစ်လျှောက် စစ်ကောင်စီနှင့် ပြည်သူ့ကာကွယ်ရေး တပ်ဖွဲ့များအကြား တိုက်ပွဲကြီးများ မရှိသော်လည်း၊ စစ်ကောင်စီကားများအား မိုင်းခွဲတိုက်ခိုက်ခြင်း၊ စစ်ကောင်စီရဲကင်းများ၊ ရဲစခန်းများနှင့် လုံခြုံရေးယူထားသည့် နေရာများကို မြို့ပြ ပြောက်ကျား

များက ဝင်ရောက်တိုက်ခိုက်မှု ဆက်တိုက် ပြုလုပ်ခဲ့ရာ အပြန်အလှန်ပစ်ခတ်မှုများလည်း တွေ့ရှိရပါသည်။ ယင်းတိုက်ခိုက်မှုများကို ရန်ကုန်မြို့ပေါ် အပါအဝင် ကော့မှူး၊ တွံတေး၊ ခရမ်း၊ သုံးခွ၊ မှော်ဘီ၊ လှိုင်သာယာ၊ ရွှေပြည်သာ အစရှိသည့် မြို့နယ်များတွင်လည်း တွေ့ရှိရပါသည်။


၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းမှုကာလတွင် ရန်ကုန်တိုင်းအတွင်း ထူးခြားဖြစ်စဉ်များစွာ ရှိခဲ့ပါသည်။ ယင်းအနက် ကြည့်မြင်တိုင်မြို့နယ်၊ ပန်းပင်ကြီးလမ်းတွင် ဒီဇင်ဘာလ ၅ ရက် နံနက် ၈ နာရီခွဲ ဝန်းကျင်က စစ်အာဏာရှင်ဆန့်ကျင်ရေး ပြောက်ကျားသပိတ်ကို စစ်ကားဖြင့်တိုက်ကာ ပစ်ခတ်ဖမ်းဆီးခဲ့ရာ ဆန္ဒပြလူငယ် လေးဦးထက်မနည်း သေဆုံးခဲ့ပြီး ၁၀ ဦးကျော် ဖမ်းဆီးခံခဲ့ရခြင်း၊ ဒိုလ်တထောင်မြို့နယ် ၄၄ လမ်း(အောက်ဘလောက်) ရှိ တိုက်ခန်းတစ်ခုရှိ လူငယ်များကို ဒလန်သတင်းပေးမှုကြောင့် စစ်ကောင်စီတပ်များ ဝင်ဖမ်းရာမှာ ဘေးလွတ်ရာသို့ ထွက်ပြေးရင်း တိုက်ပေါ်မှ ခုန်ချခဲ့ကြရာ လူငယ် ငါးဦးသေဆုံးခဲ့ပြီး၊ ထိခိုက်ဒဏ်ရာဖြင့် ဖမ်းဆီးခံခဲ့ရခြင်းနှင့် နိုဝင်ဘာ ၁၇ ရက်တွင် ရန်ကုန်တိုင်းအတွင်း PDF အဖွဲ့ဝင် ၃၉ ဦးနှင့် ထောက်ပံ့ကူညီသူ ရှစ်ဦးကို ဖမ်းဆီးရမိကြောင်း စစ်ကောင်စီက ထုတ်ပြန်ရာ အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ၏ ရန်ကုန်တိုင်းစစ်ဒေသခွဲ ကွပ်ကဲရေးအဖွဲ့က ၎င်းတို့အဖွဲ့ဝင် ၂၀ ဦးခန့် အဖမ်းခံရကြောင်း ပြောကြားခဲ့ပါသည်။

ရန်ကုန်တိုင်းသည် နွေဦးတော်လှန်ရေးကာလကို ပုံစံမျိုးစုံနှင့် ခါးစည်းခံကျော်ဖြတ်ခဲ့ရ၊ အစပိုင်းတွင် ငြိမ်းချမ်းရေးအသွင်ဆောင်သည့် အသွင်ပုံစံမျိုးစုံဖြင့် ဆန္ဒဖော်ထုတ်ပွဲများမှ၊ စစ်ကောင်စီ၏ အကြမ်းဖက်နှိမ်နင်းမှုများကြောင့် ယခုအခါ အာဏာရှင် အမြစ်ပြတ်ရေးကို စစ်ဆင်ရေးများဖြင့် တိုက်ခိုက်လျက်ရှိရာ ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်တွင် အစပြုခဲ့သော ဖျံလွှားအောင် စစ်ဆင်ရေးအတွင်း ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တော်လှန်ရေးအင်အားစုများသည် အကြမ်းဖက်စစ်ကောင်စီလက်အောက်ခံ နေရာများနှင့် စီးပွားရေးပစ်မှတ်များကို တိုက်ခိုက်ခဲ့ရာ စစ်ဆင်ရေးပြီးဆုံးချိန်တွင် စစ်ကောင်စီလက်အောက်ခံ ဗဟိုဘဏ် ဒု‌ဥက္ကဋ္ဌ အပါအဝင် ၂၅၃ ဦး သေဆုံးခဲ့ကြောင်း တွေ့ရှိရပါသည်။ လက်ရှိအချိန်တွင် ရန်ကုန်တိုင်းသည် သပိတ်အင်အားများလည်း အားလျော့ပျောက်ကွယ်ခြင်း မရှိသေးသည့်အပြင် တိုက်ခိုက်မှုများမှာလည်း အကြိမ်ရေ စိပ်လာပြီး၊ ပြင်းထန်လာသည်ကို BNI- MPM ၏ မှတ်တမ်းများတွင် တွေ့ရှိရပါသည်။


# စစ်ဘေးရှောင်များ
# အခြေအနေ

# ရည်ညွှန်းအကိုးအကား (၂၀၂၁–၂၀၂၂)

စစ်ဘေးရှောင် အခြေပြမြေပုံ - ၂၀၂၁၊ ၂၀၂၂ (ဇန်နဝါရီ - မတ်)



## မြို့နယ်အလိုက် IDP အခြေပြ ဂရပ် - ၂၀၂၁၊ ၂၀၂၂ (ဇန်နဝါရီ - မတ်)



# အာဏာသိမ်းကာလအတွင်း စစ်ဘေးရှောင်ပြည်သူများ

စစ်အာဏာသိမ်းကာလအတွင်း ပြည်တွင်းစစ်အရှိန် မြင့်တက်ကျယ်ပြန့်လာသကဲ့သို့ စစ်ဘေးရှောင်ပြည်သူ အရေအတွက်သည်လည်း တောင်တန်းမြေပြန့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပိုမိုကျယ်ပြန့်စွာ ရင်ဆိုင်ကြုံတွေ့ခဲ့ရပါသည်။ မိမိတို့ Myanmar Peace Monitor မှ ပြည်တွင်းပြည်ပ သတင်းဌာနများတွင်ဖော်ပြခဲ့သော နေ့စဉ် သတင်းစောင့်ကြည့်စုဆောင်းထားသည့် မှတ်တမ်းများအရ ကရင်၊ ကရင်နီ (ကယား)၊ ချင်း၊ မကွေးနှင့် စစ်ကိုင်းဒေသများအတွင်း စစ်ဘေးရှောင်ပြည်သူ အရေအတွက်သည် ၃၂၁၈၇၈ ဦးအထိ အများဆုံး ရှိနေသည်ကို တွေ့ရပါသည်။ အခြားသော ကချင်၊ မွန်၊ ပဲခူးနှင့် တနင်္သာရီဒေသများတွင်လည်း စစ်ဘေးရှောင်အရေအတွက် စုစုပေါင်း ၁၇၀၀၀ ကျော်အထိ ရှိနေပါသည်။ တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အချင်းချင်း အကြားတိုက်ပွဲဖြစ်ပွားရာ ရှမ်းပြည်နယ်အတွင်းတွင်လည်း စစ်ဘေးရှောင်ပြည်သူ ၆၀၀၀၀ နီးပါး ရှိနေသည်ကို တွေ့ရပါသည်။

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်၊ စစ်အာဏာသိမ်းမှုကြောင့် မြန်မာတစ်နိုင်ငံလုံး အမှောင်ဖုံးလွှမ်းခဲ့ရသည့် အခြေအနေတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စစ်အာဏာသိမ်းမှု ဆန့်ကျင်ဆန္ဒဖော်ထုတ်မှုများ၊ သပိတ်စစ်ကြောင်း ချီတက်မှုများသည် လပေါင်း ၁၄ လ ကျော်လာသည်အထိ ရပ်တန့်တွန့်ဆုတ်မသွားဘဲ စစ်အာဏာရှင် အမြစ်ပြတ်ရေးအထိ ဦးတည်ချီတက်နေဆဲအချိန်တွင် တောင်တန်းမြေပြန့်ဒေသအလိုက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ ရပ်တည်ရှင်သန်ရေးသည် အာဏာသိမ်းစစ်အုပ်စု၏ အကြမ်းဖက်ဖြိုခွင်းမှုများ၊ ဖိနှိပ်ညှဉ်းပန်းနှိပ်စက်မှုများကို နေ့စဉ်နှင့်အမျှ ရင်ဆိုင်ကြုံတွေ့နေရပါသည်။

အာဏာသိမ်းစစ်တပ်အား ခုခံတော်လှန်စစ် ဆင်နွှဲလျက်ရှိသည့် တိုင်းနှင့် ပြည်နယ်အလိုက် မြို့ပြကျေးလက်ဒေသအသီးသီးတွင်လည်း အာဏာသိမ်းစစ်တပ်၏ အကြမ်းဖက်နှိမ်နင်းမှုများ၊ ဖမ်းဆီးသတ်ဖြတ်မှုများ၊ လူသားဒိုင်းကာအဖြစ် ဖမ်းဆီးအသုံးပြုခံရမှု၊ မီးရှို့သတ်ဖြတ်ခံရမှုများ၊ မြို့လုံးကျွတ် ရွာလုံးကျွတ် မီးရှို့ဖျက်ဆီးမှုများကို ရင်ဆိုင်ကြုံနေရပါသည်။ ထိုအနက် နေရပ်စွန့်ခွာ ထွက်ပြေးတိမ်းရှောင်နေကြရသည့် စစ်ဘေးရှောင်ပြည်သူများ၏ အသက်ရှင်သန်ရပ်တည်ရေးသည် ပိုမို ခက်ခဲကြမ်းတမ်းနေသည်ဟု ဆိုရပါမည်။

ကရင်နီ(ကယား)ပြည်နယ်ကဲ့သို့ စစ်ဘေးရှောင်စခန်းများတွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှု ကြုံတွေ့ရသကဲ့သို့ စစ်ဘေးရှောင်ပြည်သူများအတွက် စားနပ်ရိက္ခာနှင့် ဆေးဝါးများကိုပင် အာဏာသိမ်းစစ်တပ်အနေဖြင့် မီးရှို့ဖျက်ဆီးခဲ့ပါသည်။ Myanmar Peace Monitor ၏ လေ့လာမှတ်တမ်းတင်ထားမှုများအရ အာဏာသိမ်း စစ်တပ်၏ ကောက်ပဲသီးနှံနှင့် စားနပ်ရိက္ခာ မီးရှို့ဖျက်ဆီးခံရမှုဖြစ်စဉ်များကို စစ်ကိုင်း၊ မကွေး၊ ချင်းနှင့် ကယားပြည်နယ်တို့တွင် တွေ့ရှိရပါသည်။ ထို့ပြင် အာဏာသိမ်းစစ်တပ်အနေဖြင့် စစ်ဘေးရှောင်စခန်းများအား ပစ်မှတ်ထားကာ လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်မှုများကို ပြုလုပ်လာနေသည်ကို တွေ့ရပါသည်။

ချုပ်၍ဆိုရသော် စစ်အာဏာ သိမ်းမှုကြောင့် ပြည်တွင်းစစ်အရှိန် မြင့် တက်လာသည်နှင့်အမျှ စစ်ဖြစ်ပွားရာ အရပ်ဒေသများရှိ အရပ်သားပြည်သူများ ၏ အသက်ရှင်နေထိုင်ရေး၊ လုံခြုံရေး သည် လုံးဝဆိတ်သုဉ်းသွားခဲ့ရပြီး ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်ကြရသည့် စစ်ဘေးရှောင် ပြည်သူများအဖြစ် ရောက်ရှိသွားပါသည်။ အသက်ရှင်သန်ရေးအတွက် အိုးအိမ်စည်းစိမ်၊ ကျွဲ နွား စသည့် အိမ်မွေးတိရစ္ဆာန်အားလုံး ထားရစ်ခဲ့သည့် စစ်ဘေးရှောင်ပြည်သူများ အတွက် ပြည်တွင်း ပြည်ပ လူသားချင်း စာနာမှု အကူအညီများ နေ့စဉ်နှင့်အမျှ အရေးပေါ် လိုအပ်နေပါသည်။

> **အာဏာသိမ်းစစ်တပ်၏ အကြမ်းဖက်နှိမ်နင်းမှုများ၊ ဖမ်းဆီးသတ်ဖြတ်မှုများ၊ လူသားဒိုင်းကာအဖြစ် ဖမ်းဆီး အသုံးပြုခံရမှု၊ မီးရှို့သတ်ဖြတ်ခံရမှုများ၊ မြို့လုံးကျွတ် ရွာလုံးကျွတ် မီးရှို့ဖျက်ဆီးမှုများကို ရင်ဆိုင်ကြုံနေရပါသည်။**

သို့နှင့်တိုင် အစားအသောက်၊ အဝတ်အထည်၊ အမိုးအကာ၊ ဆေးဝါး စသည့် လူသားချင်း စာနာထောက်ထားမှု အကူအညီများသည် အာဏာသိမ်းစစ်အုပ်စု၏ ဖြတ်တောက် ကန့်သတ်မှုများ၊ ဟန့်တားနှောင့်ယှက်မှုများ ကင်းရှင်းစွာဖြင့် စစ်ဘေးရှောင် ပြည်သူများထံ ရောက်ရှိရေးသည် ပို၍ အရေးကြီးသည်ဟု ဆိုရပါလိမ့်မည်။

# စစ်ဘေးရှောင်အရေအတွက် မြင့်တက်နေပြီ

(အပတ်စဉ် သတင်းသုံးသပ်ချက်၊ အမှတ်စဉ် ၄၃)

## နိဒါန်း

၄၅၃,၂၀၀။ စစ်အာဏာသိမ်းမှုစတင်သည့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက်အထိ မြန်မာနိုင်ငံတစ်ဝှမ်းလုံးတွင် အသစ်ထပ်မံနေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်နေကြရသည့် လူဦးရေစာရင်း ဖြစ်သည်။ ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ (UNHCR) ၏ ဖေဖော်ဝါရီ ၁၅ ရက် ထုတ်ပြန်ချက်အရဆိုလျှင် မြန်မာတစ်နိုင်ငံလုံးတွင် နေရပ်စွန့်ခွာ ထွက်ပြေးတိမ်းရှောင်နေကြရသည့် ဒုက္ခသည် (IDP) စုစုပေါင်း ၈၂၃၀၀၀ အထိ ရှိနိုင်သည်ဟု ဆိုပါသည်။

ယခုတစ်ပတ် Myanmar Peace Monitor ၏ အပတ်စဉ်သုံးသပ်ချက်တွင် စစ်အာဏာသိမ်းကာလအတွင်း စစ်ဘေးရှောင်ပြည်သူများ၏ အခြေအနေများ၊ ဖြစ်စဉ်ဖြစ်ရပ်များကို စုစည်းတင်ပြသွားပါမည်။

## အချက်အလက်နှင့် ဖြစ်စဉ်ဖြစ်ရပ်များ

UNHCR ၏ မှတ်တမ်းအရ စစ်အာဏာသိမ်းကာလအတွင်း စစ်ဘေးကြောင့် နေရပ်စွန့်ခွာ ထွက်ပြေးတိမ်းရှောင်နေရသည့် ဒေသအလိုက် အခြေအနေများကို လေ့လာကြည့်လျှင် ကရင်နီ

(ကသယား) ပြည်နယ်တွင် ၉၁၉၀၀ ဦး၊ ရှမ်းပြည်နယ်တွင် ၅၈၇၀၀ ဦး၊ ကရင်ပြည်နယ်တွင် ၇၁၈၀၀ ဦး၊ စစ်ကိုင်းတိုင်းတွင် ၁၄၆၅၀၀ ဦး၊ ချင်းပြည်နယ်တွင် ၃၄၀၀၀ ဦး၊ မကွေးတိုင်းတွင် ၂၁၄၀၀ ဦး၊ မွန်ပြည်နယ်တွင် ၇၅၀၀ ဦး၊ တနင်္သာရီတိုင်းတွင် ၂၆၀၀ ဦးနှင့် ပဲခူးတိုင်းတွင် ၈၀၀ ဦးအထိ စုစုပေါင်း ၄၅၃၂၀၀ ဦး ရှိခဲ့သည်ကို တွေ့ရပါသည်။

ဆိုခဲ့ပါ သိန်းနှင့်ချီသော စစ်ဘေးရှောင်ဒုက္ခသည် ပြည်သူများအတွက် နိုင်ငံနေထိုင်ရာ အခက်အခဲများ၊ အစားအစာနှင့် ရေမလုံလောက်မှုများ၊ ဆောင်းရာသီသုံး ပစ္စည်းများ(ဥပမာ-အနွေးထည်၊ စောင်)၊ ကျန်းမာရေးဆိုင်ရာ ဆေးဝါးများ စသည်ဖြင့် နေရာဒေသအလိုက် မတူညီသော လိုအပ်ချက်များ ရှိနေကြောင်းလည်း UNHCR က ဆိုပါသည်။ ဆယ်စုနှစ်ပေါင်းများစွာ ရှည်ကြာသည့် ပြည်တွင်းစစ်အတွင်း ထွက်ပြေးတိမ်းရှောင်နေကြရသည့် မြန်မာပြည်ဖွားတိုင်းရင်းသားပြည်သူများအတွက်ပင် လုံလောက်သည့် ကူညီထောက်ပံ့မှုများ မရရှိနိုင်သေးသည့်အချိန်တွင် တစ်နေ့တစ်ရက်၊ တစ်နံနက်၊ တစ်မိုးချုပ်အတွင်း စစ်ဘေးရှောင်ဒုက္ခသည်ဘဝ ရောက်ရှိသွားသည့် သောင်းနှင့် သိန်းနှင့်ချီသော တိုင်းရင်းသားပြည်သူများအတွက် အခက်အခဲများစွာဖြင့် ရင်ဆိုင်ကြုံတွေ့နေရသည်မှာ အံ့ဩဖွယ် မဟုတ်သော်လည်း စစ်အာဏာသိမ်းကာလအတွင်း မြင်တွေ့ကြားသိခဲ့ရသည့် စစ်ဘေးရှောင် ပြည်သူများ၏ အခြေအနေများသည် တုန်လှုပ်ဖွယ်ရာ ဖြစ်ပါသည်။

ဇေဖော်ဝါရီ ၇ ရက်၊ အာဏာသိမ်းစစ်ကောင်စီတပ်မှ တာဝေးလက်နက်ကြီးများ ရမ်းသမ်းပစ်ခတ်မှုကြောင့် ချင်းပြည်နယ် မင်းတပ်မြို့နယ် လျှိုမြောင်အတွင်း ပုန်းရှောင်နေသည့် အသက် ၈နှစ်နှစ်အရွယ် ကျောင်းသားတစ်ဦး သေဆုံးခဲ့ရပါသည်။ ကရင်နီ(ကသယား)ပြည်နယ် ဖရူဆိုမြို့ အနောက်ဘက်ခြမ်းရှိ စစ်ဘေးရှောင်စခန်းတစ်ခုကို အာဏာသိမ်းစစ်ကောင်စီတပ်မှ ဇန်နဝါရီ ၁၇ ရက် နံနက်ပိုင်းတွင် လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်သဖြင့် အသက် ၁၀ နှစ်အောက် ကလေးငယ် အပါအဝင် စစ်ဘေးရှောင်ပြည်သူ သုံးဦး သေဆုံးခဲ့ရသည်။ ဒီမောဆိုမြို့ အနောက်ဘက်ခြမ်းရှိ စစ်ဘေးရှောင်စခန်းတစ်နေရာတွင် ကိုယ်ဝန်ရင့်နေသည့် စစ်ဘေးရှောင်အမျိုးသမီးတစ်ဦး သေဆုံးခဲ့ရပါသည်။

ဇေဖော်ဝါရီ ၈ ရက် နံနက်ပိုင်းကလည်း အာဏာသိမ်းစစ်ကောင်စီတပ်အနေဖြင့် တိုက်ပွဲဖြစ်ပွားမှုမရှိဘဲ လက်နက်ကြီးများ ရမ်းသမ်းပစ်ခတ်နေသဖြင့် ကရင်နီ(ကသယား)ပြည်နယ်၊ သံလွင်မြစ်အရှေ့ခြမ်း ရှားတောမြို့နယ်အတွင်းမှ စစ်ဘေးရှောင်ပြည်သူများအတွက် စိုးရိမ်ထိတ်လန့်ဖွယ်ရာ ဖြစ်ခဲ့ရပါသည်။ စစ်အာဏာသိမ်းကာလအတွင်း စစ်ဘေးရှောင်ပြည်သူများအနေဖြင့် စစ်ကောင်စီတပ်၏ အကြမ်းဖက်ပစ်ခတ်တိုက်ခိုက်မှုများ၊ လေကြောင်းတိုက်ခိုက်မှုများကြောင့် ဘေးလွတ်ရာဟု ဆိုဖွယ်ရာမရှိတော့ဘဲ မူလတိမ်းရှောင်ရာနေရာမှ အခြားနေရာသို့ ထပ်ဆင့် ထွက်ပြေးတိမ်းရှောင်ခဲ့ရသည့် ဖြစ်စဉ်များလည်း ကရင်နီပြည်နယ်အတွင်းတွင် တွေ့ရှိရပါသည်။

ငြိမ်းချမ်းရေးသင်္ကေတမြို့ဟု တင်စားခေါ်ဝေါ်ကြသည့် ကရင်ပြည်နယ် လေးကေကော်ဒေသအား အာဏာသိမ်းစစ်ကောင်စီတပ်မှ ဇန်တီးခေါ် ဆောင်လာသည့် လေကြောင်းတိုက်ခိုက်မှုများ၊ လက်နက်ကြီး လက်နက်ငယ်များစွာဖြင့် ပစ်ခတ်ထိုးစစ်ဆင်မှုကြောင့် နေ့ချင်းညချင်းဆိုသလို စစ်ဘေးရှောင်ဒုက္ခသည်များအဖြစ် ရောက်ရှိသွားသည့် ဒေသခံတိုင်းရင်းသားပြည်သူပေါင်း သောင်းနှင့်ချီရှိနေပါသည်။ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာ ၁၅ ရက်က စတင်ခဲ့သည့် အဆိုပါစစ်ဘေးရှောင်ပြည်သူများအတွက် ယနေ့အထိ လုံလောက်သည့် ကူညီထောက်ပံ့မှုများ မရရှိသေးသည့်အပြင် ၂၀၂၂ ခုနှစ်၊ ဇေဖော်ဝါရီ ၂၃ ရက် KIC သတင်းအရ လေးကေကော်ဒေသခံ စစ်ဘေးရှောင်ပြည်သူ ၁၈ ဦး တွင် အိုမီခရွန်ပိုင်းရပ်စ် ကူးစက်ခံနေပြီး ထိုအနက် နှစ်နှစ်၊ သုံးနှစ်အရွယ် ကလေးငယ်များပင် ပါဝင်နေသည်ဟု ဆိုပါသည်။

## တွေ့ရှိချက်များ

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲရလဒ်များကို ပယ်ဖျက်ကာ စစ်အာဏာသိမ်းကာတည်းက အမှန်တကယ် ဆန္ဒမဲပေးခဲ့ကြသည့် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ စိတ်ဆန္ဒလိုလားချက်များကို ကာချုပ်မင်းအောင်လှိုင် ဦးဆောင်သည့် အာဏာသိမ်းစစ်အုပ်စုအနေဖြင့် ပြည်သူလူထုနှင့် ဆန့်ကျင်ဘက်တွင် ရောက်ရှိနေသည်ဟု ဆိုရပါမည်။ ထို့ကြောင့် ၎င်းတို့စစ်အုပ်စုအား ဆန့်ကျင်ဗီဆန်သည့် ရဟန်းရှင်လူ၊ လူကြီးလူငယ်၊ ယောက်ျားမိန်းမ မခွဲခြားဘဲ ဖမ်းဆီးသတ်ဖြတ်၊ ဖိနှိပ်ချိုးနှိမ်ခဲ့သည့် ဖြစ်စဉ်ဖြစ်ရပ်များ ထောင်ချီ သောင်းချီ ရှိနေသည့်အတွက် ယခု တွေ့ရှိသုံးသပ်ချက်တွင် အားလုံးကို ထည့်သွင်းဖော်ပြနိုင်ရန် အခက်အခဲရှိပါသည်။

သို့သော် ကရင်နီ(ကယား)နယ်အတွင်း စစ်ဘေးရှောင်ရင်း အသက်ဆုံးရှုံးခဲ့ရသည့် ဖြစ်စဉ်များနှင့် ၂၀၂၁ ခုနှစ်၊ ဧပြီ ၁၇ ရက် နံနက်ပိုင်းက စစ်ဘေးရှောင်များအတွက် ဆေးဝါးရိက္ခာ ယူဆောင်သွားသည့် ဒီမောဆိုမြို့နယ်မှ စေတနာ့ဝန်ထမ်းကားအား စစ်ကောင်စီတပ်မှ သေနတ်ဖြင့် ပစ်ခတ်သည့် ဖြစ်စဉ်များ၊ ၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၂၄ ရက် ဖရူဆိုမြို့နယ်၊ မိုဆိုရွာအနီး အစုလိုက်အပြုံလိုက် မီးရှို့သတ်ဖြတ်မှုဖြစ်စဉ်အတွင်း Save The Children မှ ဝန်ထမ်းနှစ်ဦး ပါဝင်နေခြင်း စသည့် ဖြစ်စဉ်များသည် စစ်အာဏာသိမ်းကာလအတွင်း စစ်ဘေးရှောင်ပြည်သူများ၏ မလုံခြုံမှုများကို ထင်ရှားစေပါသည်။

စစ်အာဏာသိမ်းကာလအတွင်း မြန်မာတစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အာဏာသိမ်း စစ်ကောင်စီနှင့် အဖေအပေါင်းများအား ခုခံတော်လှန်စစ် ဆင်နွှဲနေသည့် တိုင်းနှင့် ပြည်နယ်အသီးသီးတွင်လည်း စစ်ကောင်စီတပ်၏ အကြမ်းဖက်လုပ်ရပ်များ၊ မီးရှို့သတ်ဖြတ်မှုများကြောင့် အရပ်သား ပြည်သူများ၏ မလုံခြုံမှုများ၊ အကာအကွယ်မဲ့နေမှုများကို တွေ့ရှိရပါသည်။ စစ်ကိုင်းတိုင်း၊ ကောလင်းမြို့နယ်၊ ကျောက်ပြင်သာအုပ်စု၊ မင်းကုန်းရွာထိပ် တောင်ကုန်းတွင် ဖေဖော်ဝါရီလ ၂၃ ရက်က စစ်ကောင်စီတပ်များ သတ်ဖြတ်ထားသော ရုပ်အလောင်းလေးလောင်း တွေ့ရှိခဲ့ပြီး ထိုအနက် အမျိုးသမီးနှစ်ဦးသည် မုဒိမ်းကျင့် သတ်ဖြတ်ခံရခြင်းဖြစ်ကြောင်း သိရသည်။ ဖေဖော်ဝါရီလ ၂၂ ရက် ကောလင်းမြို့နယ်၊ ကုက္ကိုကုန်းရွာရှိ ဆေးခန်းတစ်ခုကိုမီးရှို့ကာ ဆေးပစ္စည်းများကို ဖျက်ဆီးခဲ့ပြီး ဥမင်ကုန်းရွာရှိ ပြည်သူပိုင်နေအိမ်များကိုလည်း စစ်ကောင်စီတပ်များက လက်နက်ကြီးများဖြင့် ပစ်ခတ်ဖျက်ဆီးခဲ့ကြောင်းသိရသည်။ ဖေဖော်ဝါရီ ၁၈ ရက် နံနက် ၉ နာရီခန့်တွင် ပုလဲမြို့နယ်၊ ရှောင်းဦးရွာကို စစ်ကောင်စီတပ်များ ဝင်ရောက်စီးနင်းကာ မီးရှို့

> ကော်ကော်လေး ကြိုက်နေလိုက်သေးတယ် (ရွာမှာ)။ ဒါပေမဲ့ လေယာဉ်လာတော့ မနေရဲတော့ဘူး။ သူတို့ ကျည်သီးတစ်လုံး၊ တစ်လုံးက နည်းတာမှမဟုတ်တာ။ ပြေးလို့လည်း မနိုင်ပါဘူး။ သူမှာက ကိုယ့်ကို ထမ်းပြေးရတာချည်းပဲ

ဖျက်ဆီးခဲ့ပြီး ရွာလုံးကျွတ်နီးပါး မီးလောင် ပြာကျခဲ့ရပါသည်။

ရှမ်း-ကယားနယ်စပ် ဖယ်ခုံမြို့နယ်၊ ငါ့ရီဆုပလိုရွာကိုလည်း ဖေဖော်ဝါရီ ၁၇ ရက်တွင် စစ်ကောင်စီတပ်များက မီးရှို့ဖျက်ဆီးခဲ့သဖြင့် ကျေးရွာလုံးကျွတ် ဒေသခံပြည်သူ ထောင်နှင့်ချီပြီး ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရပါသည်။ စစ်ဘေးရှောင်ပြည်သူများအား ကူညီကယ်ဆယ်ရေးအတွက် သွားရောက်သည့် ကက်သလစ်ဘုန်းတော်ကြီး နှစ်ဦးနှင့် အသက်မပြည့်သေးသည့် ကလေးနှစ်ဦးတို့အား ရှမ်းတောင်ပိုင်း စစ်ဆေးရေးဂိတ်တစ်ခုတွင် စစ်ကောင်စီတပ်သားများက ဖမ်းဆီးထားကြောင်း ကန္တာရဝတီတိုင်းမ်က ဖော်ပြပါသည်။

## သုံးသပ်ချက်

အာဏာသိမ်းစစ်ကောင်စီတပ်နှင့် ဒေသတွင်း ခုခံကာကွယ်ရေးတပ်ဖွဲ့များအကြား တိုက်ပွဲကြောင့် ၂၀၂၁ ခုနှစ် မေလကတည်းက နေရပ်စွန့်ခွာ ထွက်ပြေးတိမ်းရှောင်လာခဲ့ရသည့် ဒီမောဆိုမြို့နယ်၊ ဓမ္မတောင်ရွာမှ အသက် ၅၀ အရွယ် စစ်ဘေးရှောင် အမျိုးသမီးတစ်ဦးကတော့ "ဘာဆက်လုပ်လို့ လုပ်ရမှန်းမသိတော့ဘူး။ ဘယ်ကို ထပ်ပြီး ပြေးလို့ ပြေးရမှန်း မသိတော့ဘူး"ဟု ညည်းတွားပါသည်။ သူသည် တစ်နေရာမှ တစ်နေရာသို့ ထပ်ကာထပ်ကာ ရွှေ့ပြောင်းတိမ်းရှောင်နေရသည့် စစ်ဘေးရှောင် ပြည်သူတစ်ဦးလည်း ဖြစ်ပါသည်။

ကရင်ပြည်နယ် လေးကေကော်ဒေသတိုက်ပွဲများကြောင့် မိသားစုဝင် ကိုးဦးနှင့်အတူ စစ်ဘေးရှောင်နေရသည့် ရဘော့ဝ္ရွာမှ အသက် ၇၀ အရွယ် အဘွား ဒေါ်အေးသန်းသည်လည်း သူ့ဘဝတစ်လျှောက်လုံး စစ်ဘေးရှောင်နေရသည့်ကာလက ခပ်များများဟု ဆိုပါသည်။ သေနတ်သံ၊ ဗုံးသံများအကြား ကြီးပြင်းခဲ့ရသည့် အဘွားအတွက် ယခု စစ်အာဏာသိမ်းကာလအတွင်း ကြုံတွေ့ခဲ့ရသည့် အခြေအနေကို ယခုလို ပြောပါသည်။

"တော်တော်လေး ကြိတ်နေလိုက်သေးတယ်(ရွာမှာ)။ ဒါပေမဲ့ လေယာဉ်လာတော့ မနေရဲတော့ဘူး။ သူတို့ ကျည်သီးတစ်လုံး၊ တစ်လုံးက နည်းတာမှ မဟုတ်တာ။ ပြေးလို့လည်း မနိုင်ပါဘူး။ သူများက ကိုယ့်ကို ထမ်းပြေးရတာချည်းပဲ"


စစ်အာဏာသိမ်းကတည်းက မြန်မာပြည်သူလူထုတစ်ရပ်လုံး၏ အနာဂတ်များ၊ ရည်သန်ရာ ဘဝအခြေအနေများ ပျောက်ဆုံးပျက်စီးခဲ့ရသည်ဟု ဆိုရမည်ဖြစ်သော်လည်း အာဏာသိမ်း စစ်ကောင်စီတပ်များ၏ ထိုးစစ်ဆင်မှုများ၊ လေကြောင်းတိုက်ခိုက်မှုများ၊ လက်နက်ကြီးပစ်ခတ်မှုများ၊ ကျေးရွာအလိုက် မီးရှို့ဖျက်ဆီးမှုများ၊ ဖမ်းဆီးသတ်ဖြတ်မှုများ စသည့် ဖြစ်စဉ်ဖြစ်ရပ်များ ကြုံတွေ့ရာ အရပ်ဒေသများရှိ တိုင်းရင်းသားပြည်သူများ၊ အထူးသဖြင့် စစ်ကောင်စီတပ်များ ပစ်မှတ်ထားရာ အရပ်သားပြည်သူများနှင့် စစ်ဘေးရှောင်ပြည်သူများအတွက် အသက်အန္တရာယ် လုံခြုံမှုပေးနိုင်မည့် နေရာတစ်ခုကိုမှ မျှော်လင့်နေကြပါသည်။

အာဏာသိမ်းစစ်ကောင်စီအနေဖြင့် ၎င်းတို့အတွက် စစ်ရေးအရ အသားစီးရလိုမှုဖြင့် လေကြောင်းတိုက်ခိုက်မှုများကို အပြင်းအထန် လုပ်ဆောင်နေသောကြောင့် စစ်ဘေးရှောင်ပြည်သူများ အပါအဝင် မြန်မာပြည်သူလူထုတစ်ရပ်လုံးအတွက် စိုးရိမ်ထိတ်လန့်ဖွယ်ရာ ဖြစ်နေပါသည်။ ထို့ကြောင့် စစ်အာဏာသိမ်းခံထားရသည့် မြန်မာနိုင်ငံတွင် စစ်ရေးအရ လေယာဉ်မပျံသန်းရ ဇုန်များ ကြေညာခြင်းနှင့် အရပ်သားပြည်သူများကို အကာအကွယ်ပေးနိုင်မည့် လုံခြုံရာနေရာများ သတ်မှတ်ကြေညာပေးနိုင်ရန် နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် အလေးပေး ဆောင်ရွက်သင့်ကြောင်း ရှုမြင်မိပါသည်။

# တိုင်းရင်းသားလက်နက်ကိုင်
# အဖွဲ့အစည်းများ
# အကြောင်း

| | | |
|---|---|---|
| ကချင်ပြည်လွတ်မြောက်ရေးအဖွဲ့ | ■ | (KIOKIA) |
| ကရင်နီအမျိုးသားတိုးတက်ရေးပါတီ | ■ | (KNPP/KA) |
| ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (ငြိမ်းချမ်းရေးကောင်စီ) | ■ | KNU/KNLA PC (KPC) |
| ကရင်အမျိုးသားအစည်းအရုံး | ■ | KNU/KNLA |
| ချင်းအမျိုးသားတပ်ဦး | ■ | (CNF/CNA) |
| တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်ဦး | ■ | (PSLF/TNLA) |
| ဒီမိုကရေစီ အကျိုးပြု ကရင်တပ်မတော် | ■ | Democratic Karen Benevolent Army (DKBA) |
| နာဂအမျိုးသားဆိုရှယ်လစ်ကောင်စီ(ကပ်ပလန်) | ■ | (NSCN-K) |
| ပအိုဝ်း အမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် | ■ | (PNLO) |
| မြန်မာအမျိုးသားဒီမိုကရေစီမဟာမိတ်အဖွဲ့(ကိုးကန့်တပ်ဖွဲ့) | ■ | MNDAA |
| မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး | ■ | (ABSDF) |
| မွန်ပြည်သစ်ပါတီ | ■ | (NMSP) |
| ရခိုင်ပြည်အမျိုးသားကောင်စီ | ■ | (ANC/AA) |
| ရခိုင်ပြည်လွတ်မြောက်ရေးပါတီ | ■ | Arakan Liberation Party /Army– ALP/ALA |
| ရခိုင်အမျိုးသားအဖွဲ့ချုပ် | ■ | (ULA/AA) |
| လားဟူဒီမိုကရက်တစ်အစည်းအရုံး | ■ | (LDU) |
| 'ဝ' ပြည်နယ်သွေးစည်းညီညွတ်ရေးပါတီ | ■ | (UWSP/UWSA) |
| ရှမ်းပြည်တိုးတက်ရေးပါတီ | ■ | (SSPP / SSA) |
| ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ | ■ | (RCSS / SSA) |
| အမျိုးသားဒီမိုကရေစီ သွေးစည်းညီညွတ်ရေးအဖွဲ့ | ■ | NDAA/ESS |

## တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့များ (EROs) ၏ အင်အားအခြေအနေ




ဖော်ပြပါအချက်အလက်များသည် သတင်းဌာန တစ်ခုချင်းစီမှ ထုတ်ပြန်သော အချက်အလက်များကို စိစစ်ပြီး ဖော်ပြထားခြင်းဖြစ်သကဲ့သို့ သက်ဆိုင်ရာ ERO တစ်ဖွဲ့ချင်းစီထံလည်း MPM သတင်းထောက်များမှတဆင့် လက်လှမ်းမီသမျှ ဆက်သွယ်အတည်ပြုချက် ရယူထားပါသည်။ မပြည့်စုံသည့် သတင်းအချက်အလက်များအား ချန်လှပ်ထားရသည့်အတွက် မြေပြင်အရေအတွက်နှင့် ကွဲလွဲမှု ရှိနိုင်ပါသည်။



## ကချင်ပြည်လွတ်မြောက်ရေးအဖွဲ့ (KIO/KIA)

| | | |
|---|---|---|
| စတင်ဖွဲ့စည်းသည့် နေ့စွဲ | - | ၅ ဖေဖော်ဝါရီ ၁၉၆၁ |
| ရုံးချုပ် | - | လိုင်ဇာ ၊ ကချင်ပြည်နယ် |
| လှုပ်ရှားရာ နယ်မြေ | - | ကချင်ပြည်နယ်တစ်ဝန်းလုံးနှင့် ရှမ်းပြည်နယ် မြောက်ပိုင်းဒေသများ |
| အင်အား | - | ၁၅၀၀၀ အထက် (တပ်မဟာ ၁၀ ခု) |
| ဥက္ကဋ္ဌ | - | ဗိုလ်ချုပ်ကြီးအင်ဘန်လ |
| ဒုဥက္ကဋ္ဌ | - | ဗိုလ်ချုပ်ကြီး ဂွန်ထန်ဝမ်ရှောင် |
| အထွေထွေအတွင်းရေးမှူး | - | ဆလန်ကာဘာ ကွမ်ထပ်ထိန်နန် |

၁၉၉၄ ခုနှစ်၊ ဖေဖော်ဝါရီ ၂၄ ရက်တွင် တပ်မတော်အစိုးရနှင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီမှု ရယူထားသည့် KIO/KIA သည် ၂၀၁၀ ပြည့်နှစ်အလွန် ဦးသိန်းစိန်အစိုးရလက်ထက်မှသည် ယနေ့အချိန်အထိ တပ်မတော်နှင့် တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေဆဲ ဖြစ်သည်။ တိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေးအဖွဲ့များ အားလုံးပါဝင်ရေးမူကို ကိုင်ဆွဲထားပြီး ဦးသိန်းစိန်အစိုးရ၏ NCA လက်မှတ်ထိုးရေး ကမ်းလှမ်းချက်ကို KIO က ငြင်းပယ်ခဲ့ပါသည်။ NCA ကြောင့် ပြိုပျက်သွားသည့် ညီညွတ်သောတိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ(UNFC) မှ နုတ်ထွက်ကာ UWSA ဦးဆောင်သည့် မြောက်ပိုင်းတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ခုနစ်ဖွဲ့ဖြင့် ဖွဲ့စည်းထားသော FPNCC တွင် ပါဝင်လျက်ငြိမ်းချမ်းရေးနှင့်နိုင်ငံရေးဆိုင်ရာ တွေ့ဆုံဆွေးနွေးမှုများကိုကြိုးပမ်းလျက်ရှိပါသည်။

၂၀၁၉ ခုနှစ် ဩဂုတ်လ ၃၁ ရက်၊ ရှမ်းပြည်နယ် ကျိုင်းတုံမြို့တွင် KIO ဦးဆောင်သည့် မြောက်ပိုင်းမဟာမိတ် လေးဖွဲ့မှ ကိုယ်စားလှယ်များနှင့် အမျိုးသားပြည်လည်သင့်မြတ်ရေးနှင့် ငြိမ်းရေးဗဟိုဌာနမှ ကိုယ်စားလှယ်များ တွေ့ဆုံပြီး တိုက်ပွဲများ အမြန်ဆုံးရပ်တန့်ရေးနှင့် နှစ်ဖက်အပစ်ရပ်စဲရေး သဘောတူညီမှုရရှိရေးအတွက် ဆွေးနွေးခဲ့ကြသည်။ Bilateral Ceasefire Agreement လက်မှတ်ရေးထိုးပြီးမှသာ NCA အတွက် ဆက်လက်ဆွေးနွေးရန် သဘောတူညီမှု ရရှိခဲ့သည်။ ၂၀၂၀ ခုနှစ်အတွင်း တရုတ်သမ္မတ၏ မြန်မာနိုင်ငံခရီးစဉ်အား KIO မှ ကြိုဆိုခဲ့ကြောင်း ထုတ်ပြန်ခဲ့ပါသည်။

၂၀၂၀ ခုနှစ်အတွင်း COVID-19 ကာကွယ်နှိမ်နင်းရေးဆိုင်ရာ လုပ်ငန်းများကို အစိုးရနှင့် ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များအတွက် တွေ့ဆုံဆွေးနွေးမှုများ ရှိပြီး အစိုးရ၏ COVID-19 ဆိုင်ရာ မူဝါဒတစ်ရပ်ဖြစ်သည့် နိုင်ငံတော်၏ ပိုင်နက်နယ်မြေအတွင်း ဗိုတင်းနေထိုင်သူ မည်သူကိုမျှ ချန်လှပ်မထားရေးမူဝါဒအား ထောက်ရှုကာ ငြိမ်းချမ်းရေးဆိုင်ရာ ကြေညာချက်များ ထုတ်ပြန်ပေးရန် KIO မှ အကြံပြု တိုက်တွန်းခဲ့ပါသည်။ စစ်အာဏာသိမ်းကာလအတွင်း ဓမ္မဘက်မှ ရပ်တည်ကြရန် KIO ဥက္ကဋ္ဌ အင်ဘန်လက တိုက်တွန်းခဲ့သလို KIO အနေဖြင့်လည်း ဓမ္မဘက်မှ ရပ်တည်ကြောင်း

ပြောဆိုခဲ့ပါသည်။ အာဏာသိမ်းစစ်ကောင်စီတပ်နှင့် KIO/KIA အကြားတိုက်ပွဲဖြစ်ပွားမှု ရက်ပေါင်း ၁၅၅ ရက်အထိ ဖြစ်ပွားပွဲခဲ့ပြီး အကြိမ်ရေအားဖြင့် ယခုထက် ပိုများနိုင်ပါသည်။ KIO/KIA အနေဖြင့် ဒေသတွင်း ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များနှင့် ပူးပေါင်းကာ စစ်ကောင်စီတပ်နှင့် ၎င်းတို့လက်အောက်ခံ ပြည်သူ့စစ်စခန်းများအား တိုက်ခိုက်သိမ်းယူလျက်ရှိပါသည်။

နွေဦးတော်လှန်ရေးအတွင်း ဖြစ်တည်လာသည့် အမျိုးသားညီညွတ်ရေးအစိုးရ (NUG)၏ ငွေတိုက်စာချုပ်ရောင်းချမှုတွင်လည်း KIO ၏ ငွေကြေးစီးဆင်းမှုစနစ်ကို အသုံးပြုကာ ပူးပေါင်းဆောင်ရွက်မှုများ ရှိနေပါသည်။

### အပစ်အခတ်ရပ်စဲရေးနှင့်ငြိမ်းချမ်းရေးလုပ်ငန်းစဉ်

ငြိမ်းချမ်းရေး ဓေ့ဝေးဆွေးနွေးခြင်းများနှင့် အစည်းအဝေးများ

- ယခင် အပစ်အခတ်ရပ်စဲရေး-ဖေဖော်ဝါရီ ၂၄၊ ၁၉၉၄
- ပြည်ထောင်စုအဆင့် နှစ်ဘက်သဘောတူညီချက် (ပဋိပက္ခလျှော့ချရေးအတွက်) -အောက်တိုဘာ ၁၀၊ ၂၀၁၃
- ပဋိပက္ခဖြေရှင်းရေး အဖွဲ့ (CRT) ကို ၂၀၁၃ ခုနှစ်သဘောတူညီချက်ရရှိပြီးနောက် ဖွဲ့စည်းခဲ့သည်။

### တပ်မတော်နှင့် တိုက်ပွဲဖြစ်ပွားမှုပေါင်း

၂၀၁၉ - ၁၃၊
၂၀၂၀ - ၇၊
၂၀၂၁ - ၁၃၈၊
၂၀၂၂ (မတ်) - ၁၃။

### ပဋိပက္ခဖြေရှင်းရေး အဖွဲ့၏အဖွဲ့ဝင်များ

အစိုးရကိုယ်စားလှယ်အဖွဲ့မှ အဖွဲ့ဝင် (၅) ဦး

၁။ ဗိုလ်မှူးချုပ် အအေးထောင် (ခေါင်းဆောင်)
၂။ ဒုဗိုလ်မှူးကြီး နော်လီ
၃။ ဦးအဲ
၄။ ဦးလာရစ်
၅။ မင်ဇာခါဂေါ်ယန်

### ဆက်ဆံရေးရုံး - နည်းပညာအကြံပေးရုံး

မြစ်ကြီးနား

### မဟာမိတ်များ

၂၀၀၉ မှ ၂၀၁၅ - ညီညွတ်သော တိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ၊ တစ်နိုင်ငံလုံး အပစ်အခတ် ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့ ၊အကြီးတန်းကိုယ်စားလှယ်အဖွဲ့၊ နိုင်ငံရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးရေး ကိုယ်စားလှယ်အဖွဲ့

၂၀၁၇ မှ လက်ရှိ - ပြည်ထောင်စု နိုင်ငံရေး ဆွေးနွေးညှိနှိုင်းရေး ကော်မတီ၊ မြောက်ပိုင်းမဟာမိတ်အဖွဲ့-ဖော့ပြည်

### ဆက်သွယ်ရန်

ဝက်ဆိုဒ်: http://kachinnet.net
အီးမေးလ်: kachinnet.net@outlook.com



| ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP/KA) | | |
|---|---|---|
| စတင်ဖွဲ့စည်းသည့် နေ့စွဲ | - | ၁၉၅၇ |
| ရုံးချုပ် | - | ညာမူ၊ ရှားတောမြို့နယ်၊ ကရင်နီ(ကယား)ပြည်နယ် |
| လှုပ်ရှားရာ နယ်မြေ | - | လွိုင်ကော်၊ ဒီးမော့ဆို၊ ဖရူဆို၊ ရှားတော၊ ဖားဆောင်း၊ မော်ချီးနှင့်ဘောလခဲမြို့နယ်များ၊ကရင်နီ(ကယား)ပြည်နယ် |
| အင်အား | - | ၂၀၀၀ အထက် |
| ဥက္ကဋ္ဌ | - | ခူဦးရယ် |
| ဒုဥက္ကဋ္ဌ | - | ခွန်းအေဘယ်တွဒ် |
| အတွင်းရေးမှူး (၁) | - | ခူဒယ်နီယာယ် |

၁၉၉၅ ခုနှစ်တွင် တပ်မတော်အစိုးရနှင့် KNPP အကြား အပစ်ရပ်လက်မှတ်ရေးထိုးနိုင်ခဲ့သော်လည်း သုံးလအကြာတွင်နှစ်ဖက်တိုက်ပွဲများပြန်လည်ဖြစ်ပွားကာ အပစ်ရပ်သဘောတူညီချက်လည်း ပျက်ပြယ်ခဲ့ရသည်။ ဦးသိန်းစိန် အစိုးရလက်ထက်တွင် UNFC နှင့်အတူ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်အတွင်း ပါဝင်ခဲ့ပြီး ၂၀၁၂ ခုနှစ် မတ်လနှင့် ဇွန်လများတွင် ပြည်နယ်အဆင့်၊ ပြည်ထောင်စုအဆင့် အပစ်ရပ်ရေး လက်မှတ်ရေးထိုးနိုင်ခဲ့သော်လည်း ၂၀၁၅ ခုနှစ် NCA လက်မှတ်ရေးထိုးချိန်တွင်တော့ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့ အားလုံးပါဝင်ရေးမူကို ကိုင်စွဲကာ NCA လက်မှတ်ရေးထိုးရန် ငြင်းပယ်ခဲ့သည်။

သို့နှင့်တိုင် NCA အရ ဖြစ်ပေါ်လာသော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်လာနိုင်ရေးအတွက် အစိုးရနှင့် KNPP အကြား တွေ့ဆုံဆွေးနွေးမှုများ ရှိနေသည့်အပြင် COVID-19 ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများအတွက် မြန်မာအစိုးရအပါဝင် နယ်မြေချင်းထိစပ်နေသော ထိုင်းအစိုးရတို့နှင့်ပါ ပူးပေါင်းဆောင်ရွက်သွားမည်ဟု KNPP က ၂၀၂၀ ပြည့်နှစ် ဧက်တင်ဘာ ၃ ရက်တွင် ထုတ်ပြန်ခဲ့ပါသည်။

နိုင်ငံအတွင်း လက်နက်ကိုင်ပဋိပက္ခအားလုံး ချုပ်ငြိမ်းရေးနှင့် နိုင်ငံရေးတွေ့ဆုံဆွေးနွေးအခြေရှာနိုင်ရေးအတွက် အစိုးရနှင့် တပ်မတော်တို့အနေဖြင့် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးကို ထုတ်ပြန်ရန်၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်း အားလုံးပါဝင်မှုကို ဖော်ဆောင်ရန်နှင့် အပြန်အလှန် အသိအမှတ်ပြုခြင်း၊ တန်းတူရေးကို အခြေခံသော နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှု အခင်းအကျင်းကို ဖော်ဆောင်ရန်ဆိုသည့် အချက်သုံးချက်ကို ၂၀၁၈ ခုနှစ် နှစ်ကုန်ပိုင်းတွင် KNPP က တောင်းဆိုထားပါသည်။

စစ်အာဏာသိမ်းကာလအတွင်း KNPP ၏ ရပ်တည်ချက်သည် စစ်အာဏာရှင်စနစ်အမြစ်ပြုတ်ချေမှုန်းရေးကို ဦးတည်ကာ ဒေသတွင်း ဖြစ်တည်လာသော ပြည်သူ့ကာကွယ်ရေးအင်အားစုများနှင့် ပူးပေါင်းပြီး စစ်ကောင်စီတပ်များကို ခုခံတော်လှန်လျက်ရှိသည်။ အမျိုးသားညီညွတ်ရေး

အတိုင်ပင်ခံကောင်စီ (NUCC) တွင် ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိသလို စစ်ကြောင့် ဖြစ်ပေါ်လာသည့် စစ်ဘေးရှောင်ပြည်သူများအရေးလည်း ကူညီပေးလျက်ရှိသည်ကို တွေ့ရပါသည်။ စစ်ကောင်စီ၏ ငြိမ်းချမ်းရေးကမ်းလှမ်းချက်ကို ပြတ်သားစွာ ငြင်းပယ်ကာ ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုတည်ဆောက်ရေးအတွက် ဒေသတွင်း အစုအဖွဲ့အင်အားစုများနှင့်အတူ ပူးပေါင်းကြိုးပမ်းလျက်ရှိသည်ကို တွေ့ရသည်။

### အပစ်အခတ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်

**ငြိမ်းချမ်းရေး ဖေ့စပ်ဆွေးနွေးခြင်း**

- အစိုးရနှင့် အပစ်အခတ်ရပ်စဲရေးလက်မှတ်ထိုးသည့် (၁၀) စုမြောက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့
- အဆင့် ၁ - ပြည်နယ်အဆင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် (မတ် ၇, ၂၀၁၂)
- အဆင့် ၂ - ပြည်ထောင်စုအဆင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် (ဇွန် ၉, ၂၀၁၂)
- တရားဝင်ကိုယ်စားပြုအဖွဲ့ (အလှည့်ကျ)

### စစ်ဘက်ခေါင်းဆောင်များ

စစ်ဦးစီးချုပ် - ဗိုလ်ချုပ် ဘီထူး
ဒုစစ်ဦးစီးချုပ် - ဗိုလ်ချုပ်အောင်မြတ်
စစ်ရေးချုပ် - ဗိုလ်မှူးကြီး ဘုန်းနိုင်

### ဆက်ဆံရေးရုံးများ

၁။ လွိုင်ကော် (၂၅-၇-၂၀၁၂ ခုနှစ်တွင် စတင်ဖွင့်လှစ်)
၂။ ရှားတော (၁-၈-၂၀၁၂ ခုနှစ်တွင် စတင်ဖွင့်လှစ်)

### မဟာမိတ်များ

ညီညွတ်သော တိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ၊ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့၊ နိုင်ငံရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးရေး ကိုယ်စားလှယ်အဖွဲ့။

### ဆက်သွယ်ရန်

ဝက်ဆိုဒ်: https://www/khpphq.org/
အီးမေးလ်: knpphq2013@gmail.com

## ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (ငြိမ်းချမ်းရေးကောင်စီ)

## KNLA (Peace Council) - (KPC)

| | | |
|---|---|---|
| စတင်ဖွဲ့စည်းသည့် နေ့စွဲ | - | ၁၁ ဖေဖော်ဝါရီ ၂၀၀၇ |
| ရုံးချုပ် | - | ကော့ကရိတ်မြို့နယ် ၊ ကရင်ပြည်နယ် |
| လှုပ်ရှားရာ နယ်မြေ | - | ကော့ကရိတ်မြို့နယ်၊ လှိုင်းဘွဲ့မြို့နယ် ကရင်ပြည်နယ် |
| အင်အား | - | ၅၀၀ အထက် |
| ဥက္ကဋ္ဌ | - | ဗိုလ်ချုပ်ကြီးစောထော့လေး |
| အထွေထွေအတွင်းရေးမှူးချုပ် | - | ဒေါက်တာနော်ကပေါ်ထူး |

ကရင်အမျိုးသားအစည်းအရုံး(KNU)ဗဟို၏ ခွင့်ပြုချက်မရဘဲ စစ်အစိုးရနှင့် ငြိမ်းချမ်းရေး ဆွေးနွေးခဲ့သည့်အတွက် KNU ဗဟိုမှ ထုတ်ပယ်ခြင်းခံရပြီးနောက် ဗိုလ်မှူးချုပ်စောထိန်မောင် ဦးဆောင်ပြီး KNU/KNLA PC (KPC) ကို ဖွဲ့စည်းကာ ၂၀၀၇ ခုနှစ် ဖေဖော်ဝါရီ လဆန်းပိုင်းတွင် စစ်အစိုးရနှင့် KPC အကြား ငြိမ်းချမ်းရေး လက်မှတ်ရေးထိုးခဲ့သည်။ ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလတွင် ပြည်နယ်အဆင့်၊ ပြည်ထောင်စုအဆင့် အပစ်အခတ်ရပ်စဲရေး လက်မှတ်ရေးထိုးခဲ့ပြီး ၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၅ ရက်တွင်တော့ ဦးသိန်းစိန်အစိုးရနှင့် NCA လက်မှတ်ရေးထိုးကာ NCA အရ ဖြစ်ပေါ်လာသော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်း လိုက်ပါ ဆောင်ရွက်ခဲ့သည်။

၂၀၁၆ ခုနှစ်တွင် ကျင်းပသည့် ကရင်လက်နက်ကိုင်အဖွဲ့အစည်းများ ပေါင်းစည်းရေးဆွေးနွေးပွဲတွင် ပါဝင်ခဲ့ပြီး KNU ဗဟို၏ နိုင်ငံရေးဦးဆောင်မှုကို ခံယူရန်အတွက် သဘောတူချက် ရရှိခဲ့သည်။ ၂၀၁၈ ခုနှစ် ဇန်နဝါရီလထဲတွင်တော့ KPC တပ်ဖွဲ့ဝင်များ လက်နက်နှင့် ငြိမ်းချမ်းရေးလဲလှယ်ကြောင်း တပ်မတော်၏ ထုတ်ပြန်ချက်ကြောင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်း တပ်မတော်နှင့် KPC အကြား အစုအထစ်များ ဖြစ်စေခဲ့ပါသည်။

၂၀၂၀ ပြည့်နှစ် မေလ ၃ ရက်တွင် ကွယ်လွန်သွားခဲ့သည့် ဗိုလ်ချုပ်ကြီးစောထိန်မောင်၏ နေရာတွင် ဒုဥက္ကဋ္ဌဖြစ်သူ ဗိုလ်ချုပ်ကြီးစောထော့လေးက ဥက္ကဋ္ဌအဖြစ် ရွေးချယ်ခြင်းခံရပြီး KPC ကို ဆက်လက်ဦးဆောင်နေပါသည်။ လက်ရှိ ငြိမ်းချမ်းရေးနှင့် နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲများတွင် အခက်အခဲ၊ အကျပ်အတည်းများစွာ ရှိနေသကဲ့သို့ NCA လမ်းကြောင်းအတွင်း တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့များ အားလုံးပါဝင်လာခြင်း မရှိသေးခြင်းသည်လည်း ကြီးမားသည့် စိန်ခေါ်မှုတစ်ရပ်ဖြစ်ကြောင်း KPC ၏ ၁၃ ကြိမ်မြောက် ငြိမ်းချမ်းရေးကောင်စီနေ့တွင် ဗိုလ်ချုပ်ကြီး စောထော့လေးက ပြောဆိုခဲ့ပါသည်။

စစ်အာဏာသိမ်းကာလအတွင်း အာဏာသိမ်းစစ်ကောင်စီနှင့် အလွတ်သဘော သွားရောက်တွေ့ဆုံဆွေးမှုများ ရှိခဲ့ပြီး PPST နှင့်အတူ အဖွဲ့ဝင်အဖြစ် ရပ်တည်ဆောင်ရွက်လျက်ရှိပါသည်။

### အပစ်အခတ်ရပ်စဲရေးနှင့်ငြိမ်းချမ်းရေးလုပ်ငန်းစဉ်

- အစိုးရနှင့် အပစ်အခတ်ရပ်စဲရေးလက်မှတ်ထိုးသည့် (၉) ခုမြောက်
  တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ။
- အဆင့် ၁-ပြည်နယ်အဆင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် (ဖေဖော်ဝါရီ ၇၊ ၂၀၁၂)
- အဆင့် ၂- တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် (အောက်တိုဘာ ၁၅, ၂၀၁၅)
- ယခင် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်- (ဖေဖော်ဝါရီ ၁၁၊ ၂၀၁၇)

### တရားဝင်ကိုယ်စားပြုအဖွဲ့

စောဒွေးမောင်
ဒေါက်တာ တီမောသေ လက်လန်
စောယဉ်နု
ဒေါက်တာနော် တဖေါ်ထူး
စောအယ်လ်ဝိကောထူး
ဒေါက်တာ စောအောင်သန်း
နော်ကာယန်းန

### ဆက်ဆံရေးရုံး

၁။ မန္တလေး
၂။ ဘုရားသုံးဆူ

### မဟာမိတ်များ

ကရင်လက်နက်ကိုင်အဖွဲ့များ



| ကရင်အမျိုးသားအစည်းအရုံး - KNU | | |
|---|---|---|
| စတင်ဖွဲ့စည်းသည့် နေ့စွဲ | - | ၅ ဖေဖော်ဝါရီ ၁၉၄၇ |
| ရုံးချုပ် | - | ရွေ့လျား |
| ရုံးခွဲများ | - | အမေရိကန်နှင့် ဩစတြေးလျ |
| လှုပ်ရှားရာ နယ်မြေ | - | မွန်ပြည်နယ် သထုံ၊ ဘီးလင်း၊ ကျိုက်ထိုမြို့နယ်များ၊ ပဲခူးတိုင်း ကျောက်ကြီး၊ ရွှေကျင်၊ မုန်းမြို့နယ်များ၊ တနင်္သာရီတိုင်း မြိတ်၊ ထားဝယ်မြို့နယ်များနှင့် ကရင်ပြည်နယ် တစ်ဝန်းလုံး |
| အင်အား | - | ၁၀၀၀၀ အထက် |
| ဥက္ကဋ္ဌ | - | ဗိုလ်ချုပ်ကြီးစောမူတူးစေးဖိုး |
| ဒုဥက္ကဋ္ဌ | - | ပဒိုစောကွယ်ထူးဝင်း |
| အထွေထွေအတွင်းရေးမှူး | - | ပဒိုစောတာဒိုမူး |

၂၀၁၂ ခုနှစ် ဇန်နဝါရီလနှင့် ဧပြီလများအတွင်း ပြည်နယ်အဆင့်၊ ပြည်ထောင်စုအဆင့် အပစ်အခတ်ရပ်စဲရေး သဘောတူလက်မှတ်ထိုးခဲ့သည့် KNU သည် ၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၅ ရက်တွင် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ကို လက်မှတ်ရေးထိုးခဲ့ပြီး အခြားသော NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့ ၁၀ ဖွဲ့အား ဦးဆောင်မှုအခန်းကဏ္ဍမှ ပါဝင်ကာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် တစ်လျှောက်တွင် ဆောင်ရွက်ခဲ့ပါသည်။

သို့သော် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်း ရင်ဆိုင်ကြုံတွေ့နေရသည့် တစ်ဆို့မှုများ၊ စိန်ခေါ်မှုများနှင့်ပတ်သက်ပြီး အဖြေမရှာနိုင်ခြင်း၊ NCA တွင် ဖော်ပြ ပါဝင်သည့် စကားလုံးများအပေါ် လိုသလို ကွဲလွဲစွာ အဓိပ္ပာယ်ဖွင့်ဆိုပြီး ပြုမူဆောင်ရွက်ချက်များကြောင့် တပ်မတော်နှင့် ဖြစ်စေ၊ အစိုးရအဖွဲ့နှင့် ဖြစ်စေ နှစ်ဖက်အကြား ဘုံသဘောထားရယူ ဖြေရှင်းနိုင်ရေးအတွက် ၂၀၁၉ခုနှစ် ဇန်နဝါရီ ၂၆ ရက်တွင် KNU က ထုတ်ပြန်တောင်းဆိုခဲ့သည်။ ထို့ပြင် KNU ထိန်းချုပ်နယ်မြေအတွင်း လူထုဆွေးနွေးပွဲများပြုလုပ်ကာ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ခိုင်မာစေရေးအတွက် ပထမဦးစားပေး ပြုလုပ်ရန်၊ ယင်းသို့ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ခိုင်မာပြီးမှသာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ပြုလုပ်သွားရန် စသဖြင့် အချက်ခြောက်ချက်ပါ သဘောထားထုတ်ပြန်ချက်ကို ၂၀၂၀ ပြည့်နှစ် မေလ ၂၇ ရက်တွင် ထုတ်ပြန် ခဲ့သည်။

NCA အရ ဖြစ်တည်လာသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်း KNU ၏ လုပ်ဆောင်ချက်များအပေါ် တပ်မတော်မှဟန့်တားမှုများ ပြုလုပ်ခဲ့သဖြင့် ထိပ်တိုက်တွေ့မှုများ မကြာခဏ ဖြစ်ပွားလေ့ရှိသကဲ့သို့ KNU နယ်မြေအတွင်း ဒေသဖွံ့ဖြိုးရေးအကြောင်းပြကာ တပ်မတော်မှ လမ်းဖောက်လုပ်သည့်ကိစ္စနှင့်ပတ်သက်ပြီးလည်း နှစ်ဖက်တိုက်ပွဲဖြစ်ပွားမှုများ ရှိခဲ့ပါသည်။ KNU အနေဖြင့် အပစ်ရပ် တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့များဖြင့် ဖွဲ့စည်းထားသည့် PPST မှ နုတ်ထွက်ခွင့်ပြုရန် တင်ပြခဲ့သော်လည်း ၂၀၁၉ ခုနှစ်၊ မေလတွင် ပြုလုပ်သည့် အပစ်ရပ် ၁၀ ဖွဲ့၏ ထိပ်သီးခေါင်းဆောင်များ အစည်းအဝေးမှ နုတ်ထွက်ခွင့်မပြုဘဲ ယာယီဆိုင်းငံ့ထားရန်သာ ဆုံးဖြတ်ခဲ့ပါသည်။

# ရည်ညွှန်းအကိုးအကား (၂၀၂၁–၂၀၂၂)

စစ်အာဏာသိမ်းကာလအတွင်း အကြမ်းမဖက်ပြည်သူ့အာဏာဖီဆန်ရေးလှုပ်ရှားမှု (CDM) ပြုလုပ်သော နိုင်ငံ့ဝန်ထမ်းများအား ကူညီထောက်ပံ့ပေးခဲ့ပြီး နွေဦးတော်လှန်ရေးနှင့်အတူ ရပ်တည်ကာ စစ်အာဏာသိမ်းမှုကို ကန့်ကွက်ခဲ့ပါသည်။ ယခုအခါ အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ (NUCC) တွင် ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိသည့် KNU ထိန်းချုပ်နယ်မြေများတွင် အာဏာသိမ်းစစ်ကောင်စီတပ်မှ အပြင်းအထန် ထိုးစစ်ဆင်တိုက်ခိုက်မှုများ ပြုလုပ်လျက်ရှိပါသည်။

၂၀၂၂ ခုနှစ်အတွင်း ကျင်းပသော အပစ်ရပ် ၁၀ ဖွဲ့ ထိပ်သီးအစည်းအဝေးသို့ KNU ဥက္ကဋ္ဌအနေဖြင့် ၎င်း၏ ပုဂ္ဂိုလ်ရေးအရသာ တက်ရောက်မိန့်ခွန်းပြောခဲ့ပြီး အာဏာသိမ်းစစ်အုပ်စု၏ ငြိမ်းချမ်းရေးဆွေးနွေးရန် ကမ်းလှမ်းချက်ကိုမူ တပ်မတော်အနေဖြင့် နိုင်ငံရေးမှ လုံးဝထွက်ခွာမှသာ စဉ်းစားမည်ဟု KNU ပြောခွင့်ရသူက ဆိုထားပါသည်။

### အပစ်အခတ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်

- အစိုးရနှင့် အပစ်အခတ်ရပ်စဲရေးလက်မှတ်ထိုးသည့် (၆) ခုမြောက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့။
- အဆင့် ၁ - ပြည်နယ်အဆင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် (ဇန်နဝါရီ ၁၂၊ ၂၀၁၂)
- အဆင့် ၂ - ပြည်ထောင်စုအဆင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် (ဧပြီ ၇၊ ၂၀၁၂)
- အဆင့် ၃ - တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် (အောက်တိုဘာ ၁၅, ၂၀၁၅)

### တရားဝင် ကိုယ်စားလှယ်များ

(အလုညွှ်ကျ)

### တပ်မတော်နှင့် တိုက်ပွဲဖြစ်ပွားမှုရက်ပေါင်း

၂၀၁၉ - ၃

၂၀၂၀ - ၈

၂၀၂၀ - ၈၂

၂၀၂၂ (မတ်) - ၂၃

### ဆက်ဆံရေးရုံးများ

၁။ ဘားအံ ၊ ဇက်တင်ဘာ ၂၉၊၂၀၀၂

၂။ ဘုရားသုံးဆူ၊ ဧမေ ၁၅၊ ၂၀၀၂

၃။ ထီးစီ ဧပြီ ၁၂ ၂၀၀၂

၄။ ကျောက်ကြီး ဧပြီ ၉၊ ၂၀၀၂

၅။ သထုံ မတ် ၅၊ ၂၀၀၂

### စီးပွားဆက်ဆံရေးရုံး

၁။ မော်လမြိုင်၊ နိုဝင်ဘာ ၂၂၊ ၂၀၀၃

၂။ ဘားအံ

၃။ ရန်ကုန်

### မဟာမိတ်များ

အခြားကရင်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ။

### ဆက်သွယ်ရန်

ဝက်ဆိုဒ်: http://www.knu hq.org/

အီးမေးလ်: info@knuhq.org



| ချင်းအမျိုးသား တပ်ဦး (CNF/CNA) | |
|---|---|
| စတင်ဖွဲ့စည်းသည့် နေ့စွဲ | - ၂၀ မတ် ၁၉၈၈ |
| ရုံးချုပ် | - ချင်းပြည်နယ် ထန်တလန် (ဗစ်တိုးရီးယားစခန်း) |
| လှုပ်ရှားရာနယ်မြေ | - ချင်းပြည်နယ် ထန်တလန်၊ ဟားခါး၊ တီးတိန်၊ မတူပီ၊ ပလက်ဝ |
| အင်အား | - ၁၅၀၀ အထက်၊ တပ်မဟာ - ၅၃ |
| ဥက္ကဋ္ဌ | - ပူးဇင်ကျုံး (Pu Zing Cung) |
| ဒုဥက္ကဋ္ဌ - ၁ | - ပူးထန်းနိန်းကီး (Pu Thang Ning Kee) |
| အထွေထွေအတွင်းရေးမှူး | - ဆလိုင်း တလာဟဲ (Salai Thla Hei) |

ချင်းပြည်သူများ၏ ကိုယ်ပိုင်အုပ်ချုပ်ရေး၊ ဒီမိုကရေစီအရေးနှင့် ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးအတွက် ချင်းပြည်နယ်အတွင်း ဒေသများနှင့် အိန္ဒိယ-မြန်မာနယ်စပ်တစ်လျှောက် လှုပ်ရှား တိုက်ပွဲဝင်နေသည့် CNF သည် စစ်အုပ်စုအလိုကျ ရေးဆွဲပြဋ္ဌာန်းထားသည့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေကို ကန့်ကွက်ထားသည်။

၂၀၁၂ ခုနှစ် ဇန်နဝါရီလနှင့် မေလများတွင် ပြည်နယ်အဆင့်၊ ပြည်ထောင်စုအဆင့် အပစ်အခတ်ရပ်စဲရေးအတွက် ဦးသိန်းစိန်အစိုးရနှင့် လက်မှတ်ရေးထိုးခဲ့ပြီး ၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၅ ရက်တွင် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ကို လက်မှတ်ရေးထိုးကာ NCA အရ ဖြစ်ပေါ်လာသည့် ငြိမ်းချမ်းရေးလုပ်ငန်းလုပ်ငန်းစဉ်အတွင်း လိုက်ပါဆောင်ရွက်ခဲ့ပါသည်။

တစ်ဖက်တွင်တော့ ချင်းပြည်နယ် ပလက်ဝမြို့နယ်အတွင်း ဖြစ်ပွားနေသည့် ရက္ခိုင့်တပ်တော်(AA)နှင့် တပ်မတော်အကြား စစ်ရေးပဋိပက္ခများသည်လည်း ချင်းအမျိုးသားအပေါ် သက်ရောက်မှုရှိနေသည့်အတွက် နှစ်ဖက်တပ်ဖွဲ့များအား ချင်းအမျိုးသားပိုင်နက်အတွင်း တိုက်ပွဲများ ရပ်တန့်ရန်နှင့် ချင်းလူမျိုးများ နေထိုင်ရာဒေသများတွင် စစ်ရေးအရ အခြေချလှုပ်ရှားနေထိုင်ခြင်းများ မပြုလုပ်ကြရန် ၂၀၂၀ပြည့်နှစ်တွင် ကျင်းပသော ချင်းအမျိုးသားတပ်ဦး (CNF) ၏ သဘ္ဘာမအကြိမ် ညီလာခံက ကြေညာချက် ထုတ်ပြန်တောင်းဆိုခဲ့သည်။

အဆိုပါ ညီလာခံမှတစ်ဆင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ပြန်လည်ရရှိရေး၊ နိုင်ငံရေးတန်းတူမှုရှိသော ဖက်ဒရယ်ပြည်ထောင်စုထူထောင်ရေးနှင့် ဒီမိုကရေစီနှစ်တည်ဆောက်ရေးဆိုသည့် နိုင်ငံရေး ရည်မှန်းချက် သုံးချက်ကို ချမှတ်ခဲ့ပါသည်။

စစ်အာဏာသိမ်းကာလအတွင်း CNF အနေဖြင့် ချင်းပြည်သူလူထုနှင့်အတူ ရပ်တည်ကာ နွေဦးတော်လှန်ရေးတွင် ပါဝင်ပြီး အာဏာသိမ်းကောင်စီတပ်များအား ခုခံတော်လှန်စစ်ဆင်နွှဲလျက်ရှိပါသည်။ အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီ (NUCC) တွင် ပူးပေါင်းဆောင်ရွက်လျက်ရှိကာ အမျိုးသားညီညွတ်ရေးအစိုးရ (NUG) တွင်လည်း CNF ခေါင်းဆောင်တစ်ဦးဖြစ်သူ ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်းက ဖက်ဒရယ်ရေးရာပြည်ထောင်စုဝန်ကြီးအဖြစ် တာဝန်ယူဆောင်ရွက်လျက် ရှိပါသည်။

# ရည်ညွှန်းအကိုးအကား (၂၀၂၁–၂၀၂၂)

## အပစ်အခတ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်

- အစိုးရနှင့် အပစ်အခတ်ရပ်စဲရေးလက်မှတ်ထိုးသည့် (၁၁) ဖွဲ့မြောက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့။
- အဆင့် ၁ - ပြည်နယ်အဆင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် (ဇန်နဝါရီ ၆ ၊ ၂၀၁၂)
- အဆင့် ၂- ပြည်ထောင်စုအဆင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် (မေ ၇၊ ၂၀၁၂)
- အဆင့် ၃- တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် (အောက်တိုဘာ ၁၅, ၂၀၁၅)

## အပစ်အခတ်ရပ်စဲရေးပြုလုပ်ပြီးနောက် တိုက်ပွဲဖြစ်ပွားမှုများ

၂၀၂၀ - ၁

## တရားဝင်အပစ်အခတ်ရပ်စဲရေးအဖွဲ့

အဖွဲ့ဝင် (၂၀) ဦးပါဝင်သည့် ကော်မတီအတွက် ဗဟိုအလုပ်အမှုဆောင်ကော်မတီ၊ ဗဟိုကော်မတီနှင့် အမြင့်ဆုံးကောင်စီအဖွဲ့ဝင်များမှ ရွေးထုတ်ထားပါသည်။ ပြည်ထောင်စုအဆင့် နှစ်ဘက်သဘောတူညီချက်ကို ၂၀၁၂ ခုနှစ် မေလတွင် ရရှိပြီးနောက် ချင်းပြည်နယ် တည်ငြိမ်ရေးနှင့် ငြိမ်းချမ်းရေးကော်မတီအဖွဲ့ဝင် ၂၄ - ၃၀ ဩဂုတ်, ၂၀၁၂။

## ဆက်ဆံရေးရုံးများ

၁။ တီးတိန် (၂၅/၀၉/၂၀၁၂)
၂။ ထန်တလန် (၂၉/၀၆/၂၀၁၂)
၃။ မတူပီ (၂၃/၀၆/၂၀၁၂)

## စီးပွားဆက်ဆံရေးရုံးများ

၁။ ပလက်ဝ (၁၉/၁၀/၂၀၁၃)
၂။ ရန်ကုန်
၃။ အိန္ဒိယမြန်မာနယ်စပ်
၄။ ဇလမ်း (ဖွင့် ဇူလိုင်၊ ၂၀၁၄ နေ့တွင် ခွင့်ပြုချက်ရရှိခဲ့သည်)
၅။ မင်းတပ် (ဖွင့် ဇူလိုင်၊ ၂၀၁၄ နေ့တွင် ခွင့်ပြုချက်ရရှိခဲ့သည်)


## ဆက်သွယ်ရန်

ဝက်ဆိုက်: www.chinland.org
အီးမေးလ်: chianlandweb@gmail.com
ဖုန်း: +9189741215887 (အမြင့်ဆုံးကောင်စီ)

၁။ ပူထန်ရန်
၂။ ဆလိုင်း ကပ်နိုလမ်
၃။ ဒေါက်တာ ဇလေးထန်
၄။ ပူလိုင်အုပ်
၅။ သာစီလိန်မောန် (ဗဟိုအလုပ်အမှုဆောင်)
၆။ ပူပဲ့ခန်း
၇။ ပူလယ်ရှမ်းလောမာ
၈။ ပူနန်ထောင်
၉။ ပူမာန်လင်း
၁၀။ ပူတာန်ဆနိုင်
၁၁။ ပူအောင်လိန်ထန်

## ဒေသဆိုင်ရာ ကော်မတီ

၁။ ပူတာဝီကျူး
၂။ ပူတာလပန်
၃။ ပူငုံကျူးလိန်
၄။ ဆလိုင်းပေါ်တန်း
၅။ ပူတောစီသူ



| တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်ဦး (PSLF/TNLA) | |
| --- | --- |
| စတင်ဖွဲ့စည်းသည့် နေ့စွဲ | - ၁၉၆၃ ၊ ၁၉၇၆ ၊ ဇန်နဝါရီ ၁၉၉၂ ၊ ဇန်နဝါရီ ၂၀၀၉ |
| ရုံးချုပ် | - ရွှေ့လျား |
| လှုပ်ရှားရာ နယ်မြေ | - ရှမ်းပြည်နယ်မြောက်ပိုင်း နောင်ချို၊ ကျောက်မဲ၊ သီပေါ၊ ကွတ်ခိုင်၊ နမ္မတူ၊ မန်တုံ၊ နမ့်စန်၊ နမ့်ခမ်း၊ မူဆယ်၊ မိုးမိတ်နှင့် မန္တလေးတိုင်း မိုးကုတ် |
| အင်အား | - ၆၀၀၀ အထက် |
| ဥက္ကဋ္ဌ | - တာအိုက်ဘုန်း |
| ဒုဥက္ကဋ္ဌ | - တာဂျော့ကြာ |
| အထွေထွေအတွင်းရေးမှူး | - ဗိုလ်မှူးချုပ်တာဘုန်းကျော် |

၁၉၆၃ ခုနှစ်တွင် ပလောင်အမျိုးသားတပ်ဖွဲ့ ၊ ၁၉၇၆ ခုနှစ်တွင် ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဖွဲ့(PSLA)၊ ၁၉၉၂ ခုနှစ် ဇန်နဝါရီလတွင် ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး(PSLF) စသဖြင့် ဖြစ်တည်လာခဲ့သည့် PSLF သည် ၂၀၀၉ခုနှစ် ဇန်နဝါရီလတွင်တော့ တအာင်းပလောင်ဒေသကို လက်တွေ့ကာကွယ်နိုင်ရန်အတွက်ဟုဆိုကာ တအာင်းအမျိုးသားလွတ်မြောက်ရေး တပ်မတော် (TNLA)ကို ဖွဲ့စည်းခဲ့သည်။ ၁၉၉၁ ခုနှစ်၊ ဧပြီလတွင် တပ်မတော်အစိုးရနှင့် PSLA အကြား အပစ်ရပ်လက်မှတ်ရေးထိုးခဲ့ပြီးနောက် PSLA အဖွဲ့တွင်း သဘောထားကွဲလွဲမှုများက PSLF ကို ဖြစ်ပေါ်စေခဲ့ပြီး ယခုအခါ PSLF/TNLA အနေဖြင့် ဒီမိုကရေစီ၊ လူ့အခွင့်အရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အာမခံသည့် ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်နိုင်ရေးဟူသော နိုင်ငံရေးဦးတည်ချက်များ ချမှတ် ဆောင်ရွက်လျက်ရှိပါသည်။

KIO/KIA ပါဝင်သည့် မြောက်ပိုင်းမဟာမိတ် လေးဖွဲ့၊ MNDAA – ULA/AA ပါဝင်သည့် ညီနောင် မဟာမိတ် သုံးဖွဲ့နှင့်အတူ စစ်ရေး၊ နိုင်ငံရေးအရ ပူးပေါင်းဆောင်ရွက်မှုများရှိနေပြီး UWSA ဦးဆောင် သည့် FPNCC တွင်လည်း အဖွဲ့ဝင်အနေဖြင့် ပူးပေါင်းပါဝင်လျက် ရှိနေပါသည်။ အပစ်အခတ်ရပ်စဲရေးအတွက် အစိုးရအဖွဲ့ကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးမှုများ ရှိနေသော်လည်း တပ်မတော်နှင့် တိုက်ပွဲများ ပြင်းထန်စွာ ဖြစ်ပွားနေဆဲ ဖြစ်ပါသည်။ ထို့ပြင် ရှမ်းပြည်နယ် မြောက်ပိုင်းဒေသများအတွင်း ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS/SSA) နှင့်လည်း ထိတွေ့တိုက်ပွဲဖြစ်ပွားမှုများ ရှိနေပါသည်။

၂၀၁၉-၂၀၂၀ ခုနှစ်များအတွင်း ညီနောင်မဟာမိတ် သုံးဖွဲ့ပူးပေါင်းကာ TNLA အနေဖြင့် တစ်ဖက်သတ်အပစ်ခတ်ရပ်စဲကြောင်း ခုနစ်ကြိမ်တိုင်တိုင် ကြေညာခဲ့သော်တည်း တပ်မတော်၏ ထိုးစစ်ဆင်မှုများကြောင့် တိုက်ပွဲအချို့ ဆက်လက်ဖြစ်ပွားနေဆဲ ဖြစ်ပါသည်။ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲရလဒ်များကို အသိအမှတ်ပြုကာ ရွေးကောက်ပွဲအလွန် နိုင်ငံရေးအခင်းအကျင်းတွင် ပြည်တွင်းစစ်ချုပ်ငြိမ်းရေးအတွက် အချက် လေးချက် ပါဝင်သည့် ကြေညာချက်ကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၁၁ ရက်တွင် ထုတ်ပြန်ခဲ့သည်။ အဆိုပါ အချက် လေးချက်တွင် တိုင်းရင်းသားဒေသများ။ အထူးသဖြင့် ရခိုင်ပြည်နယ်တွင် တပ်မတော်၏ ထိုးစစ်ဆင်တိုက်ခိုက်မှုများ ရပ်တန့်ရန်ဆိုသည့် အချက်လည်း ပါဝင်နေပါသည်။

# ရည်ညွှန်းအကိုးအကား (၂၀၂၁–၂၀၂၂)

စစ်အာဏာသိမ်းကာလအတွင်း စစ်ကောင်စီတပ်များနှင့် တိုက်ပွဲဖြစ်ပွားမှုများ ရှိခဲ့သကဲ့သို့ RCSS/SSA နှင့် တိုက်ပွဲဖြစ်ပွားမှုအချို့ ရှိခဲ့ပါသည်။ စစ်အာဏာသိမ်းမှုကို ကန့်ကွက်ရှုတ်ချကြောင်း ကြေညာထားပြီး နွေဦးတော်လှန်ရေး၏ ဦးတည်ရာဖြစ်သည့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေးအတွက် ပူးပေါင်းပါဝင်သွားမည်ဟု ပြောဆိုမှုများရှိသော်လည်း လက်ရှိအချိန်အထိတော့ NUCC အတွင်း PSLF/TNLA ၏ ပါဝင်မှုကို မမြင်တွေ့ရသေးဟု ဆိုရပါမည်။ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်က ရှမ်းပြည်နယ် အရှေ့ပိုင်းရှိ NDAA အုပ်ချုပ်သော မိုင်းလားမြို့တွင် မြောက်ပိုင်းမဟာမိတ်အဖွဲ့ဝင်များနှင့် စစ်ကောင်စီ၏ ကိုယ်စားလှယ်များကြား ပြုလုပ်သည့် အလွတ်သဘော တွေ့ဆုံဆွေးနွေးမှုတွင် TNLA အနေဖြင့် တက်ရောက်ခဲ့ပါသည်။

### အပစ်အခတ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်

အပစ်အခတ်ရပ်စဲရေးလက်မှတ်မထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့။

### တိုက်ပွဲများ

တပ်မတော်နှင့်တိုက်ပွဲဖြစ်ပွားမှု

၂၀၁၂-၁၇၊

၂၀၁၃-၆၅၊

၂၀၁၄-၁၃၆၊

၂၀၁၅-၂၁၉၊

၂၀၁၆-၃၀၉။

RCSS/SSA နှင့် တိုက်ပွဲဖြစ်ပွားမှု

၂၀၁၉ - ၃၃

၂၀၂၀ - ၁၈

၂၀၂၁ - ၁၀

၂၀၁၅ - ၁၇

၂၀၁၆ - ၁၄၅

### ခေါင်းဆောင်များ

ဗိုလ်မှူးချုပ် တာအိုက်ဘုန်း (ဥက္ကဋ္ဌ)
ဗိုလ်မှူးချုပ် တာဇူလန်း(ဒုတိယဥက္ကဋ္ဌ)
ဗိုလ်မှူးချုပ် တာဘုန်းကျော် (အတွင်းရေးမှူး)
ပြန်ကြားရေးရုံး-မိုင်အိုက်ကျော်
နိုင်ငံခြားဆက်ဆံရေးရုံး-တာပန်လှ
ဗဟိုကော်မတီ - ၂၃ ဦး
အမှုဆောင်ကော်မတီ - ၈ ဦး
တရားဝင်ကိုယ်စားပြုအဖွဲ့ - မရှိ
ဆက်ဆံရေးရုံး - မရှိ

### မဟာမိတ်များ

ပြည်ထောင်စု နိုင်ငံရေး ဆွေးနွေးညှိနှိုင်းရေး ကော်မတီ၊
မြောက်ပိုင်းမဟာမိတ်အဖွဲ့ - မြန်မာပြည်။

### ဆက်သွယ်ရန်

ဝက်ဆိုဒ်: http://www.pslftnla.org/
အီးမေးလ်: pslftnlanews@gmail.com

## ဒီမိုကရေစီ အကျိုးပြု ကရင်တပ်မတော် -

## Democratic Karen Benevolent Army (DKBA)

| | |
|---|---|
| စတင်ဖွဲ့စည်းသည့် နေ့စွဲ | - ၈ နိုဝင်ဘာ ၂၀၁၀ |
| ရုံးချုပ် | - ကရင်ပြည်နယ် မြဝတီမြို့နယ် |
| လှုပ်ရှားရာနယ်မြေ | - လှိုင်းဘွဲ့မြို့နယ်၊ ကြာအင်းဆိပ်ကြီး - ဘုရားသုံးဆူ တောင်ကြား၊ ကော့ကရိတ်မြို့နယ်၊ မြဝတီမြို့နယ် |
| အင်အား | - ၃၀၀၀ နီးပါး |
| စစ်ဦးစီးချုပ် | - ဒုဗိုလ်ချုပ်ကြီး စောစတီး |
| စစ်ထောက်ချုပ် | - ဗိုလ်မှူးကြီး စောစိန်ဝင်း |

၂၀၁၀ ခုနှစ် နိုဝင်ဘာလနှင့် ဒီဇင်ဘာလများအတွင်း ပြည်နယ်အဆင့်၊ ပြည်ထောင်စုအဆင့် အပစ်အခတ်ရပ်စဲရေး လက်မှတ်ရေးထိုးခဲ့သည့် DKBA သည် ၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၅ ရက်တွင် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ကို ဦးသိန်းစိန်အစိုးရနှင့် လက်မှတ်ရေးထိုးခဲ့ပါသည်။

DKBA အနေဖြင့် NCA အရ ဖြစ်ပေါ်လာသော ငြိမ်းချမ်းရေးလုပ်ငန်းအတွင်း အခြားသော တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့များနည်းတူ လိုက်ပါဆောင်ရွက်နေသည့်အကြား မှပင် ၂၀၁၇ ခုနှစ် ဇန်နဝါရီလအတွင်း တပ်မတော်လက်အောက်ခံ နယ်ခြားစောင့်တပ် (BGF) နှင့် လှိုင်းဘွဲ့မြို့နယ်တွင် တိုက်ပွဲ ဖြစ်ပွားခဲ့ပါသည်။ ၂၀၁၈ နှစ် ဇန်နဝါရီလ ၆ ရက်၊ ၇ ရက်နေ့များတွင်လည်း လှိုင်းဘွဲ့မြို့နယ်တွင် ကရင်အမျိုးသားအစည်းအရုံး (KNU) နှင့် တိုက်ပွဲ ဖြစ်ပွားခဲ့ပါသည်။

DKBA လှုပ်ရှားရာ နယ်မြေများအတွင်း တပ်ပိုင်းဆိုင်ရာ နယ်မြေပိုင်းခြားနိုင်ခြင်း မရှိသေးဘဲ တိုက်ပွဲများဖြစ်ပွားလေ့ရှိသကဲ့သို့တိုက်ပွဲကြောင့်ဖြစ်ပေါ်လာသည့်စစ်ဘေးရှောင်ပြည်သူများလည်း ထောင်နှင့်ချီကာ ရှိနေပါသည်။ ငြိမ်းချမ်းရေးဆိုင်ရာ ရပ်တည်ချက်များနှင့် ရည်မှန်းချက်များအဖြစ်မှ NCA လမ်းကြောင်းကိုသာ တွေ့ရပါသည်။

စစ်အာဏာသိမ်းကာလ ၂၀၂၁ ခုနှစ်အတွင်း DKBA နှင့် အာဏာသိမ်းစစ်တပ်အကြား တိုက်ပွဲဖြစ်ပွားမှု လေးရက် ရှိခဲ့ပါသည်။ DKBA အနေဖြင့် အဖွဲ့အစည်းအတွင်း ခေါင်းဆောင်မှု အပြောင်းအလဲ ရှိခဲ့သော်လည်း PPST ၏ အဖွဲ့ဝင်အဖြစ် ဆက်လက်ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ ကွယ်လွန်သူ DKBA စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီးစောမိုရှေး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ၂၀၂၂ ခုနှစ် ဧပြီလ ၂၆ ရက်က အာဏာသိမ်းစစ်ကောင်စီ၏ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ (NSPC)နှင့် နေပြည်တော်တွင် အလွတ်သဘော သွားရောက် တွေ့ဆုံဆွေးနွေးခဲ့ပါသည်။

## အပစ်အခတ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်

- အစိုးရနှင့် အပစ်အခတ်ရပ်စဲရေးလက်မှတ်ထိုးသည့် (၃) ဖွဲ့ချမြောက်
  တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့
- အဆင့် ၁ - ပြည်နယ်အဆင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် (နိုဝင်ဘာ ၃ ၊ ၂၀၁၁)
- အဆင့် ၂ - ပြည်ထောင်စုအဆင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် (ဒီဇင်ဘာ၁၁၊ ၂၀၁၁)
- အဆင့် ၃ - တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် (အောက်တိုဘာ ၁၅, ၂၀၁၅)

## အပစ်အခတ်ရပ်စဲပြီးနောက် တိုက်ပွဲဖြစ်ပွားမှု

၂၀၁၂ - ၁
၂၀၁၃ - ၄
၂၀၁၄ - ၁၃
၂၀၁၅ - ၄၀+
၂၀၁၆ - မသိရ
၂၀၁၉ - ၁
၂၀၂၀ -
၂၀၂၁ - ၄
၂၀၂၂ (မတ်) -

| | |
|---|---|
| ဌာနချုပ် လုံခြုံရေးအဖွဲ့များ | - ၉၀၄၊ ၉၀၆၊၉၀၈ |
| စစ်ကြောင်း - ၁ | - တပ်ရင်း - ၉၀၇၊ ၉၀၉၊ ၉၁၀ |
| စစ်ကြောင်း ၂ | - တပ်ရင်းများ- ၉၁၁၊ ၉၁၂၊ ၉၁၃ |

## ဆက်ဆံရေးရုံးများ

ဘားအံ (၂၀၁၁ ခုနှစ် နိုဝင်ဘာလတွင်ဖွင့်လှစ်ခဲ့သည်)
မြဝတီ (၂၀၁၁ ခုနှစ် နိုဝင်ဘာလတွင်ဖွင့်လှစ်ခဲ့သည်)
ကြာအင်းဆိပ်ကြီး၊ ကျိုက်ဒုံ၊ ဘုရားသုံးဆူ၊ မြိုင်ကြီးငူ (ဖျက်သိမ်းထားပြီး)

## မဟာမိတ်

ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော်သည် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းမှုအဖွဲ့၏အဖွဲ့ဝင်ဖြစ်သည်။



| နာဂအမျိုးသားဆိုရှယ်လစ်ကောင်စီ(ကပ်ပလန်) – (NSCN-K) | | |
|---|---|---|
| စတင်ဖွဲ့စည်းသည့် နေ့စွဲ | - | ၁ ဇန်နဝါရီ ၁၉၈ဝ |
| ရုံးချုပ် | - | တဂါးနယ်မြေ ၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ စစ်ကိုင်းတိုင်း |
| လှုပ်ရှားရာ နယ်မြေ | - | လဟယ်၊ လေရှီးနှင့် နန်းယွန်းမြို့နယ်များ၊ စစ်ကိုင်းတိုင်းဒေသကြီး |
| အင်အား | - | ၅ဝဝ အောက် |
| ဥက္ကဋ္ဌ | - | အက်စ်အက်စ်ကပ်ပလန် |
| ဒုဥက္ကဋ္ဌ | - | |
| အတွင်းရေးမှူး | - | ဒါလီမန်းဂရူးဆို |

စစ်ကိုင်းတိုင်းဒေသကြီးနှင့် အိန္ဒိယနိုင်ငံအရှေ့မြောက်ပိုင်းတွင် အခြေစိုက်ကာ ၁၉၈ဝ ခုနှစ်တွင် ဖွဲ့စည်းခဲ့သော နာဂအမျိုးသားဆိုရှယ်လစ်ကောင်စီ (NSCN) သည် ၁၉၈၈ ခုနှစ်တွင် နှစ်ဖွဲ့ကွဲသွားခဲ့သည်။ NSCN-K သည် ၎င်းနှစ်ဖွဲ့အနက်မှ လဟယ်၊ လေရှီး၊ ခန္တီးနှင့် နန်းယွန်းဒေသတို့အခြေစိုက်လှုပ်ရှားသော အဖွဲ့ဖြစ်ကာ SS Kaplan က ဦးဆောင်သည်။ ကျန်တစ်ဖွဲ့ကမူ NSCN-IM အမည်ဖြင့် အိန္ဒိယနိုင်ငံထဲတွင် အခြေစိုက် Isak Chisi Swu က ဦးဆောင်သည်။ ၂ဝဝ၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ NSCN-K လှုပ်ရှားရာ လဟယ်၊ လေရှီးနှင့် နန်းယွန်းဒေသတို့ကို နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဖြစ် သတ်မှတ်ခဲ့ပြီး ၂ဝ၁၂ ခုနှစ် ဧပြီ ၉ ရက်တွင်တော့ ဦးသိန်းစိန်အစိုးရနှင့် တိုင်းဒေသကြီးအဆင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီမှု လက်မှတ်ရေးထိုးခဲ့သည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဦးဆောင်သည့် အစိုးရလက်ထက်၊ ၂၁ ရာစုပင်လုံငြိမ်းချမ်းရေးညီလာခံသို့ လေ့လာသူအနေဖြင့် တက်ရောက်ခဲ့ပြီး ငြိမ်းချမ်းရေးအတွက် တွေ့ဆုံဆွေးနွေးမှုအချို့ ရှိခဲ့သော်လည်း ၂ဝ၁၉ ခုနှစ်၊ ဇန်နဝါရီ ၂၉ ရက်တွင်တော့ အနောက်မြောက်ပိုင်းစစ်ဌာနချုပ်၊ ခန္တီးမြို့ဟာ တပ်ရင်း မြောက်စုမှ အင်အား ၄ဝဝ ခန့်သည် NSCN-K ဌာနချုပ်ရှိရာ တဂါးနယ်မြေကို ဝင်ရောက် နေရာယူခဲ့သည့်အတွက် တပ် ပြန်လည်ရုပ်သိမ်းပေးရန် ကာကွယ်ရေးဦးစီးချုပ်နှင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ထံသို့ NSCN-K မှ စာပေးပို့ မေတ္တာရပ်ခံခဲ့သည်။ သို့သော် ၂ဝ၁၉ ခုနှစ် ဖေဖော်ဝါရီလဆန်းပိုင်းတွင်တော့ အစိုးရနှင့် သဘောတူလက်မှတ်ရေးထိုးထားသော ငြိမ်းချမ်းရေးစာချုပ် ချိုးဖောက်သည်ဟု စွပ်စွဲကာ အရေးယူသွားမည်ဟု တပ်မတော်မှ သတင်းထုတ်ပြန်ခဲ့သည်။

NSCN-K အနေဖြင့်တော့ ငြိမ်းချမ်းရေးစာချုပ်ပါ အချက် ငါးချက်ကို ထုတ်ပြန်ကာ တပ်မတော်၏ ရန်လိုသည့် အပြုအမူများသည် အစိုးရ၏ အပစ်အခတ်ရပ်စဲရေးဆိုင်ရာ ကြိုးပမ်းအားထုတ်မှုများအပေါ် ရှုပ်ထွေးစေနိုင်ကြောင်း ၂၀၁၉ ခုနှစ် မေ ၂၇ ရက်တွင် ထုတ်ပြန်ခဲ့ပါသည်။

စစ်အာဏာသိမ်းကာလအတွင်း NSCN-K ၏ လှုပ်ရှားမှုကို မမြင်တွေ့ရသော်လည်း နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း အာဏာသိမ်းစစ်ကောင်စီ၏ အုပ်ချုပ်ရေးယန္တရားကို အဓိကထောက်တိုင်များအား ခေါင်းဆောင်လုပ်ရေးကာလအတွင်း ထွက်ပေါ်လာသည့် နာဂပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့၏ သတင်းပေးမှုများ ရှိနေပါသည်။

### အပစ်အခတ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်

အစိုးရနှင့် အပစ်အခတ်ရပ်စဲရေးလက်မှတ်ထိုးသည့် (၁၂) ဖွဲ့မြောက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့၊
အဆင့် ၁-ပြည်နယ်အဆင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် (ဧပြီ ၉၊ ၂၀၁၂)
အပစ်အခတ်ရပ်စဲရေး ပြုလုပ်ပြီးနောက် ပဋိပက္ခဖြစ်ပွားမှုများ-မရှိ၊
တရားဝင်ကိုယ်စားပြုအဖွဲ့ - မရှိ၊

### ခေါင်းဆောင်များ

ဥက္ကဋ္ဌ - အက်စ်အက်စ်ကပ်ပလန်
အတွင်းရေးမှူး - ခါလီမန် ဂါလူအို
စစ်ဦးစီးချုပ် - နိုလီခွန်းရက်

### ဆက်ဆံရေးရုံးများ

ခန္တီး၊
စစ်ကိုင်းတိုင်း



| ပအိုဝ်း အမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO) | | |
|---|---|---|
| စတင်ဖွဲ့စည်းသည့် နေ့စွဲ | - | ၁၁ ဒီဇင်ဘာ ၁၉၄၉ (ပထမအကြိမ်)၊<br>၇ - ၉ ဒီဇင်ဘာ ၂၀၀၉ (ဒုတိယအကြိမ်) |
| ရုံးချုပ် | - | လေးဗွားစခန်း ၊ ရှမ်းပြည်နယ် တောင်ပိုင်း |
| လှုပ်ရှားရာ နယ်မြေ | - | ဆီဆိုင် ၊ ဟိုပုန်း ၊ နမ့်စန်၊ လင်းခေးနှင့်<br>မောက်မယ်မြို့နယ်များ၊ ရှမ်းပြည်နယ် |
| အင်အား | - | ၄၀၀ အထက် |
| ဥက္ကဋ္ဌ | - | ဗိုလ်ချုပ် ခွန်သုရိန် |
| ဒုဥက္ကဋ္ဌ | - | ခွန်ထွန်းတင် |
| အထွေထွေအတွင်းရေးမှူး | - | ဗိုလ်မှူးကြီး ခွန်အောင်မန်း |

၂၀၁၂ ခုနှစ် ဩဂုတ်လနှင့် ၂၀၁၃ ခုနှစ် မတ်လအတွင်း ပြည်နယ်အဆင့်၊ ပြည်ထောင်စုအဆင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုရရှိခဲ့သည့် PNLO သည် ၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၅ ရက်တွင် ပြုလုပ်သော NCA လက်မှတ်ရေးထိုးပွဲတွင် ဦးသိန်းစိန်အစိုးရနှင့် လက်မှတ်ရေးထိုးခဲ့ပါသည်။ NCA အခြေခံပေါ်လာသော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တစ်လျှောက်တွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့(PPST)နှင့်အတူ လိုက်ပါဆောင်ရွက်ခဲ့ပါသည်။

ပထမဆုံးအကြိမ် PNLO စတင်ဖွဲ့စည်းခြင်းနှင့် ၇၁ ကြိမ်မြောက် ပအိုဝ်းဒေသရာဇဝင်စနစ်ဆန့်ကျင်တော်လှန်ရေးနေ့ ဖြစ်သော ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၁၁ ရက်တွင်တော့ 'အမျိုးသားပြန်လည် သင့်မြတ်ရေး၊ အမျိုးသားညီညွတ်ရေးနှင့် ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်နိုင်ရေး' အတွက် ၂၁ ရာစု ပင်လုံအပါအဝင် နိုင်ငံရေးဆွေးနွေးပွဲအဆင့်ဆင့်တွင် ပါဝင်သွားမည်ဟု ထုတ်ပြန်ခဲ့ပါသည်၊ ထို့ပြင် အားလုံးပါဝင်ရေးမူကို အခြေခံသည့် 'ပအိုဝ်းအမျိုးသားညီလာခံ' တစ်ရပ် ကျင်းပနိုင်ရေး အတွက်လည်း ကြိုးပမ်းသွားမည်ဟု ဆိုပါသည်၊

PNLO အနေဖြင့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက်လည်း 'လူတစ်ကိုယ် မဲတစ်ပြား' ဟူသော တန်းတူနိုင်ငံသားအခွင့်အရေးကို အမိအရ အသုံးချကြရန် တိုက်တွန်းထားပြီး ၂၀၂၀ ရွေးကောက်ပွဲအလွန် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၊ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စု တည်ဆောက်ရေးလုပ်ငန်းစဉ်များ အောင်မြင်ရေးအတွက် အမျိုးသားပြန်လည်သင့်မြတ်ရေးကို အခြေခံသည့် အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ပေါက်ပေါက်လာရေးအတွက်လည်း PNLO က ထောက်ခံကြိုဆိုထားပါသည်။

စစ်အာဏာသိမ်းမှုကာလအတွင်းအာဏာသိမ်းစစ်ကောင်စီ၏အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ (NSPC) နှင့် PNLO အကြား အလွတ်သဘော တွေ့ဆုံဆွေးနွေးမှုအချို့ ရှိခဲ့သော်လည်း PNLO ဒုဥက္ကဋ္ဌဖြစ်သူ ခွန်မြင့်ထွန်းကတော့ ပအိုဝ်း အမျိုးသားဖက်ဒရယ်ကောင်စီ (PNFC) တွင် ဥက္ကဋ္ဌအဖြစ် တာဝန်ယူကာ အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီ (NUCC) တွင် ပူးပေါင်းပါဝင်ဆောင်ရွက်လျက် ရှိပါသည်၊

## အပစ်အခတ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်

အစိုးရနှင့် အပစ်အခတ်ရပ်စဲရေးလက်မှတ်ထိုးသည့်
(၁၃) ဖွဲ့မြောက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့၊
အဆင့် ၁-ပြည်နယ်အဆင့် အပစ်အခတ်ရပ်စဲရေး
သဘောတူညီချက် (ဖြေဂုတ် ၂၅၊ ၂၀၁၂)
အဆင့် ၂- ပြည်ထောင်စုအဆင့် အပစ်အခတ်ရပ်စဲရေး
သဘောတူညီချက် (မတ် ၂၃၊ ၂၀၁၃)
အဆင့် ၃- တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး
သဘောတူညီချက် (အောက်တိုဘာ ၁၅, ၂၀၁၅)

## တရားဝင်ကိုယ်စားလှယ်အဖွဲ့

### ပြည်နယ်အဆင့်- ၇ ဦး

၁။ ခွန်မြင့်ထွး (အဖွဲ့ခေါင်းဆောင်)
၂။ ဗိုလ်မှူးကြီး ခွန် သူရိန် (ဒုအဖွဲ့ခေါင်းဆောင်)
၃။ ဗိုလ်မှူးချုပ် ခွန်တီးဆောင် (အဖွဲ့ဝင်)
၄။ ဗိုလ်မှူး ခွန်ကျော်ထင် (အဖွဲ့ဝင်)
၅။ ခွန်ဦး (အဖွဲ့ဝင်)
၆။ ခွန်ထွန်းတင် (အဖွဲ့ဝင်)
၇။ ဗိုလ်မှူး ခွန်ဆွေထူး (အဖွဲ့ဝင်)

### ပြည်ထောင်စုအဆင့်-၁၂ ဦး

၁။ ဗိုလ်မှူးကြီးခွန် ဥက္ကာ (အဖွဲ့ခေါင်းဆောင်)။
၂။ ခွန်မြင့်ထွန်း (ဒုအဖွဲ့ခေါင်းဆောင်)
၃။ ဗိုလ်မှူးကြီး ခွန်သူရိန် (အဖွဲ့ဝင်)
၄။ ဗိုလ်မှူးကြီးအောင်ကျော် (အဖွဲ့ဝင်)
၅။ ခွန်ဦး (အဖွဲ့ဝင်)
၆။ ခွန်တင်ရွှေဦး (အဖွဲ့ဝင်) ပအိုဝ်းအမျိုးသား
လွတ်မြောက်ရေးအဖွဲ့ချုပ်ငြိမ်းချမ်းရေး
တည်ဆောက်ရေးအဖွဲ့
၇။ ဗိုလ်မှူး ခွန်ဆွေထူး (အဖွဲ့ဝင်)
၈။ခွန်တီး (အဖွဲ့ဝင်)
၉။ ခွန်ထွန်းတင် (အဖွဲ့ဝင်)
၁၀။ ခွန်သောမတ် (အဖွဲ့ဝင်)
၁၁။ နန်းနွယ်နွယ် (အဖွဲ့ဝင်)
၁၂။ နန်းမြင့် (အဖွဲ့ဝင်)

## ဆက်ဆံရေးရုံးများ

၁။ တောင်ကြီး (၂၆/၁၁/၂၀၁၃)
၂။ သထုံ (၂၁/၀၈/၂၀၁၃)
၃။ မောက်မယ် (၀၈/၁၂/၂၀၁၃)
၄။ ဆီဆိုင် (မကြာမီဖွင့်လှစ်မည်)

## မဟာမိတ်များ

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဦးဆောင်အဖွဲ့
ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အလုပ်အဖွဲ့/
လုပ်ငန်းဆွေးနွေး ညှိနှိုင်းရေးအဖွဲ့
ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ၊
ပူးတွဲစောင့်ကြည့်ရေးကော်မတီ။

## ဆက်သွယ်ရန်

ဝက်ဆိုဒ်:
အီးမေးလ်: pnlopower@gmail.com



| မြန်မာအမျိုးသားဒီမိုကရေစီမဟာမိတ်အဖွဲ့(ကိုးကန့်တပ်ဖွဲ့) - MNDAA | | |
|---|---|---|
| စတင်ဖွဲ့စည်းသည့် နေ့စွဲ | - | ၁၁ မတ် ၁၉၈၉ |
| ရုံးချုပ် | - | ရွှေ့လျားဌာနချုပ် |
| လှုပ်ရှားရာ နယ်မြေ | - | ကိုးကန့်ဒေသ မုံးကိုးနှင့် လောက်ကိုင်မြို့နယ်များ |
| အင်အား | - | ၂၀၀၀ အထက် |
| ဥက္ကဋ္ဌ | - | ဖုန်ကြားရှင် |
| ဒုဥက္ကဋ္ဌ | - | |
| အတွင်းရေးမှူး | - | ဖုန်ဒီယန် (ခ) ဖုန်ဒါးရှန် |

ဗမာပြည်ကွန်မြူနစ်ပါတီ(ဗကပ)မှ ခွဲထွက်ကာ ၁၉၈၉ ခုနှစ်တွင်ပင် ဖွဲ့စည်းတည်ထောင်ပြီး တပ်မတော်အစိုးရနှင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီမှု ရယူခဲ့သည့် MNDAA သည် ရှမ်းပြည်နယ်အတွင်း အထူးဒေသ (၁) အဖြစ် သတ်မှတ်ကာ ကိုးကန့်ဒေသတွင် အခြေပြု ရပ်တည်လာသည်။ ၂၀၀၉ ခုနှစ်၊ စက်တင်ဘာလတွင် တပ်မတော်လက် အောက်ခံ နယ်ခြားစောင့်တပ်အဖြစ် အသွင်ပြောင်းရေး ဖိအားပေးခံရပြီးနောက် အပစ်အခတ်ရပ်စဲထားမှု ပျက်ပြယ်ကာ တပ်မတော်နှင့် MNDAA အကြား တိုက်ပွဲများ ပြန်လည်ဖြစ်ပွားလာခဲ့သည်။

ဦးသိန်းစိန်အစိုးရလက်ထက်တွင် UNFC နှင့်အတူ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်း ပါဝင်ခဲ့သော်လည်း တပ်မတော်နှင့် ဦးသိန်းစိန်အစိုးရတို့က တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အဖြစ် မသိအမှတ်ပြုခဲ့သည့်အတွက် ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလမှစကာ တိုက်ပွဲများ ပြင်းထန်းစွာ ဖြစ်ပွားခဲ့ပြီးနောက် ထိုနှစ် ဇွန်လ ၁၀ ရက်တွင် MNDAA က တစ်ဖက်သတ် အပစ်ရပ်ကြောင်း ကြေညာခဲ့သည်။ ၂၀၁၇ ဖေဖော်ဝါရီ ဒုတိယအပတ်ထဲတွင်လည်း ကွမ်းလုံမြို့နယ်အတွင်း တပ်မတော်နှင့် တိုက်ပွဲအချို့ ဖြစ်ပွားခဲ့ပါသည်။ MNDAA သည် KIO/KIA ၊ TNLA ၊ ULA/AA တို့နှင့်အတူ မြောက်ပိုင်းမဟာမိတ် လေးဖွဲ့တွင် ပါဝင်သလို KIO/KIA မပါဘဲ ညီနောင်မဟာမိတ် သုံးဖွဲ့တွင်လည်း ပါဝင်နေပြီး စစ်ရေးအရ ပူးပေါင်းဆောင်ရွက်မှုများ ရှိနေပါသည်။ ၂၀၁၉ ခုနှစ် စက်တင်ဘာ ၂၀ ရက်၊ ကျိုင်းတုံဆွေးနွေးပွဲအပြီး ဒီဇင်ဘာလကုန်အထိ တစ်ဖက်သတ်အပစ်ရပ်ကြောင်း MNDAA၊ ULA/AA နှင့် TNLA ပါဝင်သည့် ညီနောင်မဟာမိတ် သုံးဖွဲ့က ထုတ်ပြန်ခဲ့ပါသည်။

MNDAA သည် UWSA ဦးဆောင်သည့် FPNCC နှင့်အတူ NCA မဟုတ်သော အခြားလမ်းကြောင်းဖြင့် ငြိမ်းချမ်းရေးဆွေးနွေးမှုများတွင် ပါဝင်ရန် ပြင်ဆင်နေပြီး ကိုးကန့်ဒေသ ကိုယ်ပိုင်အုပ်ချုပ်ခွင့် ပြန်လည်ရရှိပြီး ကိုးကန့်ပြည်သူများအနေဖြင့် နိုင်ငံသားအခွင့်အရေး အပြည့်အဝရရှိရေးအတွက် ဦးတည်မျှော်လင့်ထားသကဲ့သို့ တပ်မတော်နှင့် စစ်ရေးအရ ထိတွေ့တိုက်ပွဲများလည်း ရှမ်းမြောက်ပိုင်း မုံးကိုး၊ ကွတ်ခိုင် စသည့် ဒေသတစ်ကြောတွင် မကြာခဏ ဖြစ်ပွားလေ့ရှိပါသည်။

စစ်အာဏာသိမ်းကာလအတွင်း MNDAA နှင့် စစ်ကောင်စီတပ်အကြား တိုက်ပွဲဖြစ်ပွားသည့် ရက်ပေါင်း ၄၆ ရက်အထိ ရှိခဲ့သော်လည်း ၂၀၂၂ ဒီဇင်ဘာလ ၁၅ ရက်က ရှမ်းပြည်နယ် အရှေ့ပိုင်း NDAA အုပ်ချုပ်သော မိုင်းလားမြို့တွင် မြောက်ပိုင်းမဟာမိတ်အဖွဲ့ဝင် လက်နက်ကိုင်အဖွဲ့များနှင့်

စစ်ကောင်စီ၏ ကိုယ်စားလှယ်များအကြား အလွတ်သဘောတွေ့ဆုံပွဲသို့ MNDAA အနေဖြင့် တက်ရောက်ခဲ့ပါသည်။

၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၁၆ ရက်တွင် MNDAA ခေါင်းဆောင် ဖုန်ကြားရှင် ကွယ်လွန်သွားခဲ့ပြီး ၎င်း၏ ဈာပနအခမ်းအနားသို့ စစ်ကောင်စီကိုယ်စားလှယ်၊ အမျိုးသားညီညွတ်ရေးအစိုးရ(NUG) ကိုယ်စားလှယ်နှင့် ULA/AA စစ်ဦးစီးချုပ် အပါအဝင် မိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့သည်ကို တွေ့ရပါသည်။ MNDAA အတွင်း ခေါင်းဆောင်ပိုင်း အပြောင်းအလဲများကို မြင်တွေ့ရဖွယ် ရှိပါသည်။

### အပစ်အခတ်ရပ်စဲရေးနှင့်ငြိမ်းချမ်းရေးလုပ်ငန်းစဉ်

အပစ်အခတ်ရပ်စဲရေးပြုလုပ်ထားခြင်းမရှိသည့်အဖွဲ့၊

### တိုက်ပွဲများ

၂၀၀၉ - တပ်မတော်နှင့်ထိတွေ့တိုက်ပွဲဖြစ်ပွားမှု
အကြိမ်အရေအတွက်ကို မသိရ။
၂၀၀၆ - မြောက်ပိုင်းမဟာမိတ်အဖွဲ့(မြန်မာ)နှင့်
တိုက်ပွဲဖြစ်ပွားမှု
မိတ်ဖက် - ညီညွတ်သောတိုင်းရင်းသားလူမျိုးများ
ဖက်ဒရယ်ကောင်စီ၊ တနိုင်ငံလုံးဆိုင်ရာ
အပစ်အခတ်ရပ်စဲရေးညှိနှိုင်းအဖွဲ့
မြောက်ပိုင်း မဟာမိတ်အဖွဲ့(မြန်မာ)

### ဦးဆောင်မှု

ဦးဖုန်ကြားရှင် (နာယက)
အတွင်းရေးမှူးနှင့် စစ်ဦးစီးချုပ် ဖုန်ဒီးရှန်(ခ) ဖုန်ဒါရှန်
ဒုတိယ စစ်ဦးစီးချုပ် - ယန်ဝင်းရှန်
စစ်ဦးစီးအရာရှိချုပ် - ဖန်ဒီးချူ
ပြောခွင့်ရပုဂ္ဂိုလ် - ဦးထွန်းမြတ်လင်း

### နိုင်ငံရေးတောင်းဆိုမှုများ

ကိုးကန့်ဒေသတွင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရရှိရေး၊
အခြားတိုင်းရင်းသားအဖွဲ့များကဲ့သို့ တိုင်းရင်းသား
အခွင့်အရေးတူညီစွာရရှိရေး၊
ကိုးကန့်တိုင်းရင်းသားများအတွက် နိုင်ငံသား
အခွင့်အရေးအပြည့်အဝရရှိရေး၊

### ဆက်သွယ်ရန်

ဝက်ဆိုဒ်: http://www.kokang123.com



## မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး (ABSDF)

| | | |
|---|---|---|
| စတင်ဖွဲ့စည်းသည့် နေ့စွဲ | - | ၁ နိုဝင်ဘာ ၁၉၈၈ |
| ရုံးချုပ် | - | KNU ထိန်းချုပ်နယ်မြေအတွင်း |
| ရုံးခွဲများ | - | အမေရိကန်နှင့် ဩစတြေးလျ |
| အခြေပြုဒေသ | - | KIA နှင့် KNU ထိန်းချုပ်နယ်မြေများအတွင်း |
| အင်အား | - | ၄၀၀ အထက် |
| ဥက္ကဋ္ဌ | - | ရဲဘော်သံခဲ |
| ဒုဥက္ကဋ္ဌ | - | ရဲဘော်မျိုးဝင်း |
| အထွေထွေအတွင်းရေးမှူး | - | ရဲဘော်ဆန်နီ |

၂၀၂၀ ပြည့်နှစ်တွင်း မြန်မာနိုင်ငံ၏ နိုင်ငံရေးအခင်းအကျင်းများသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ တုံ့ဆိုင်းလေးဖင့်နေမှုများ၊ စစ်ရေးပဋိပက္ခများ မြင့်တက်နေမှုနှင့် ကျန်းမာရေးဆိုင်ရာ စိန်ခေါ်မှုအသစ်များကို ထိပ်တိုက်ရင်ဆိုင်နေရကြောင်း ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၁ ရက်တွင် ၃၂ နှစ်တင်းတင်းပြည့်သည့် မကဒတ(ABSDF) က သုံးသပ်ထားသည်။ စစ်ရေးဆိုင်ရာ လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားရာ ဒေသများအတွင်း နှစ်ဖက်တပ်ဖွဲ့များအနေဖြင့် အပြစ်မဲ့ အရပ်သားပြည်သူများ၏ လူ့အခွင့်အရေး၊ အသက်အိုးအိမ်စည်းစိမ် ထိခိုက်ဆုံးရှုံးမှုများနှင့် ကလေးငယ်များ၊ မျိုးဆက်သစ် လူငယ်များ ကြွေလွင့်ကျဆုံးခဲ့ရမှုများကို ဆင်ခြင်သုံးသပ်သင့်ကြောင်း တိုက်တွန်းထားပါသည်။

ABSDF တည်ထောင်ခြင်း ၃၂ နှစ်ပြည့် ကြေညာချက်တွင်တော့ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကို အင်အားစုအားလုံးက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြရန် တိုက်တွန်းထားပြီး ပြည်တွင်းငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး၊ အင်အားစုအားလုံးပါဝင်သောနိုင်ငံရေးဆွေးနွေးပွဲများဖြစ်မြောက်ရေး၊ ဒီမိုကရေစီ၊ တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တို့ကို အာမခံချက်ရှိသည့် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတစ်ရပ် ပေါ်ပေါက်လာရေးနှင့် ဒီမိုကရက်တစ် ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးဆိုသည့် နိုင်ငံရေးလုပ်ငန်းစဉ် သုံးရပ်ကို ထုတ်ဖော်ထားသည်။

၁၉၈၈ ခုနှစ် ဒီမိုကရေစီအရေးအတွက် လူထုအရေးတော်ပုံနှင့်အတူ ဖြစ်တည်ပေါက်ဖွားလာခဲ့သည့် ABSDF သည် ၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၂ ရက်တွင် အစိုးရ၏ မတရားအသင်းအဖြစ် ကြေညာထားခြင်းအား ပယ်ဖျက်ခံခဲ့ရပြီး ၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၅ ရက်တွင် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲမှုသဘောတူစာချုပ် (NCA) ကို လက်မှတ်ရေးထိုးကာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်း လိုက်ပါဆောင်ရွက်နေပါသည်။

အာဏာသိမ်းစစ်ကောင်စီမှ ကျင်းပသည့် NCA ခြောက်နှစ်ပြည့်အခမ်းအနားသို့ ABSDF အနေဖြင့် တက်ရောက်ခဲ့သည့်အတွက် ဝေဖန်မှုများ ကြုံတွေ့ခဲ့ရပြီး အဆိုပါ တက်ရောက်သည့်ကိစ္စအား ဗဟိုကော်မတီဆုံးဖြတ်ချက် မဟုတ်ကြောင်း ၂၀၂၁ ခုနှစ် အောက်တိုဘာ ၂၄ ရက်တွင် ထုတ်ပြန် ရှင်းလင်းခဲ့ရပါသည်။ နိုဝင်ဘာ ၂ ရက် ညနေ ငါးနာရီခန့်က စစ်ကောင်စီတပ်နှင့် ရဲတပ်ဖွဲ့ဝင်များ မြဝတီမြို့ ABSDF ဆက်ဆံရေးရုံးကို ရောက်ရှိလာပြီး ဆက်ဆံရေးရုံးမှ တာဝန်ခံ ရဲဘော် အောင်ဘော်၊ ရဲဘော် တင်စိုး အပါအဝင် လေးဦးကို ဖမ်းဆီးသွားခဲ့ပါသည်။

စစ်ကိုင်းတိုင်းအတွင်း ဒေသခံပြည်သူကာကွယ်ရေးတပ်ဖွဲ့များနှင့် ပူးပေါင်းကာ အာဏာသိမ်း

# ရည်ညွှန်းအကိုးအကား (၂၀၂၁–၂၀၂၂)

စစ်ကောင်စီတပ်များအား တိုက်ခိုက်လာသည်ကို သတင်းများအရ တွေ့ရပါသည်။ ABSDF ဥက္ကဋ္ဌ အနေဖြင့်လည်း စစ်ကောင်စီ၏ ငြိမ်းချမ်းရေးဖိတ်ခေါ်မှုနှင့်ပတ်သက်ပြီး တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအစုအဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးခြင်းဖြင့် ငြိမ်းချမ်းရေး မရရှိနိုင်တော့ကြောင်း ပြောဆိုထားပါသည်။

### အပစ်အခတ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေးဖြစ်စဉ်

၂၀၁၅ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့တွင်
NCA လက်မှတ်ရေးထိုးခဲ့သည်။
NCA လက်မှတ်ရေးထိုးပြီးနောက်
တိုက်ပွဲပြန်လည်ဖြစ်ပွားခဲ့သည်။
၂၀၁၅ - ၂၀၁၆ (အတိအကျမသိရ)

### တရားဝင်ကိုယ်စားလှယ်အဖွဲ့

ဦးမျိုးဝင်း (UPDJC)
ဆလိုင်းဖေသာအောင် (JMC)

### ဆက်ဆံရေးရုံးများ

(၁) မြဝတီး (၂) မှုဆယ်
(၃) တင်ပြထားသည့်နေရာများ - လွိုင်ကော်၊ ဂါလေး၊ ဘုရားသုံးဆူ၊ မြိတ်

### မဟာမိတ်အဖွဲ့များ

KIA ထိန်းချုပ်နယ်မြေရှိ ABSDF တပ်စခန်းများ

### ဆက်သွယ်ရန်

အီးမေးလ် - absdfinfo@gmail.com

### ဗဟိုကော်မတီအဖွဲ့ဝင်များ

(၁) ရဲဘော်သံခဲ - ဥက္ကဋ္ဌ
(၂) ရဲဘော်မျိုးဝင်း - ဒု-ဥက္ကဋ္ဌ
(၃) ရဲဘော်ဆန်နီ - အထွေထွေအတွင်းရေးမှူး
(၄) ရဲဘော်မြင့်ဦး - အတွင်းရေးမှူး - ၁
(၅) ရဲဘော်လှထွေး @ Hla Htay - အတွင်းရေးမှူး - ၂
(၆) ရဲဘော်လွမ်းနီ - ဗဟိုအလုပ်မှုဆောင်ကော်မတီဝင်
(၇) ရဲဘောာ်မိရှေးလွှင် @ Ma Lay Lone - ဗဟိုအလုပ်မှုဆောင်ကော်မတီဝင်
(၈) ရဲဘော်မောင်ဦး - ဗဟိုအလုပ်မှုဆောင်ကော်မတီဝင်
(၉) ရဲဘော်ဆလိုင်းဖေသာအောင် - ဗဟိုအလုပ်မှုဆောင်ကော်မတီဝင်



## မွန်ပြည်သစ်ပါတီ (NMSP)

| | | |
|---|---|---|
| စတင်ဖွဲ့စည်းသည့် နေ့စွဲ | - | ၂၀ ဇူလိုင်၊ ၁၉၅၈ |
| ရုံးချုပ် | - | ရေးရောင်းဗျား ၊ မွန်ပြည်နယ် |
| လှုပ်ရှားရာ နယ်မြေ | - | မွန်ပြည်နယ် သထုံ၊ ပေါင် ၊ ချောင်းဆုံ၊ မော်လမြိုင်၊ ဖားအံ၊ ကော့ကရိတ်၊ ကျိုက်မရော၊ မုဒုံ၊ သံဖြူဇရပ်၊ ရေး၊ ဘုရားသုံးဆူတောင်ကြား၊ တနင်္သာရီတိုင်း၊ မြိတ်-ထားဝယ်ခရိုင် ရေဖြူမြို့နယ်နှင့် ကရင်ပြည်နယ်၊ ကြာအင်းဆိပ်ကြီး |
| အင်အား | - | ၁၀၀၀ အထက် (အရန်အင်အား - ၃၀၀၀ အထက်) |
| ဥက္ကဋ္ဌ | - | နိုင်ဟံသာ |
| ဒုဥက္ကဋ္ဌ | - | နိုင်အောင်မင်း |
| အထွေထွေအတွင်းရေးမှူး | - | နိုင်ကျော်ယှဲ |

၁၉၉၅ ခုနှစ်၊ ဇွန်လ ၂၉ ရက်တွင် စစ်အစိုးရနှင့် အပစ်အခတ်ရပ်စဲကြောင်း သဘောတူညီမှု ရယူထားသော်လည်း စစ်အစိုးရမှ နယ်ခြားစောင့်တပ် အသွင်ပြောင်းရန် ဖိအားပေးတောင်းဆိုခြင်းကြောင့် ၂၀၁၀ ခုနှစ် ဧပြီလမှစကာ နှစ်ဇက် အဆက်အသွယ် ပြတ်တောက်သွားခဲ့သည်။

ဦးသိန်းစိန်အစိုးရလက်ထက် ငြိမ်းချမ်းရေးဆွေးနွေးရန် ဖိတ်ခေါ်မှုအပေါ် အခြားသော တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့များနှင့်အတူ လိုက်ပါဆောင်ရွက်ခဲ့ပြီး ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်တွင် ပြည်နယ်အဆင့် အပစ်အခတ် ရပ်စဲရေးအတွက် နှစ်ဖက်သဘောတူညီမှု ရရှိခဲ့သော်လည်း ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလတွင် ပြုလုပ်သည့် NCA လက်မှတ်ထိုးပွဲတွင်တော့ မွန်ပြည်သစ်ပါတီအနေဖြင့် ပါဝင်လက်မှတ်ရေးထိုးခြင်း မပြုခဲ့ပါ။ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဦးဆောင်သည့် သမ္မတ ဦးထင်ကျော် လက်ထက်တွင်မှသာ အစိုးရနှင့် NCA လက်မှတ်ရေးထိုးခဲ့ပြီး NCA အရ ဖြစ်ပေါ်လာသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် လိုက်ပါဆောင်ရွက်ခဲ့ပါသည်။

လှုပ်ရှားရာနယ်မြေ ထိစပ်နေခြင်းကြောင့် ကရင်အမျိုးသားအစည်းအရုံး (KNU/KNLA) နှင့် NMSPတို့၏အောက်ခြေတပ်ဖွဲ့များအကြားထိတွေ့တိုက်ပွဲအချို့ရှိခဲ့ပြီးမကြာခဏတွေ့ဆုံဆွေးနွေးရန် ကြိုးပမ်းခဲ့ရသည်ကို တွေ့ရပါသည်။ ၂၀၁၉ ခုနှစ် အောက်တိုဘာလအတွင်း KNU တပ်မဟာ ၆ ခေါင်းဆောင်များနှင့် NMSP ခေါင်းဆောင်များ တွေ့ဆုံဆွေးနွေးပြီးနောက် အင်အားသုံးဖြေရှင်းခြင်းမပြုဘဲ တွေ့ဆုံဆွေးနွေး အဖြေရှာရန်နှင့် မွန်-ကရင် ပြည်သူလူထုအချင်းချင်း ငြိမ်းချမ်းစွာ အတူနေထိုင်သွားကြရန် သဘောတူညီမှု ရရှိခဲ့သည်၊ ၂၀၂၀ ပြည့်နှစ် အောက်တိုဘာ ၁၁ ရက်တွင်တော့ KNU/KNLA PC နှင့် NMSP အကြား နှစ်ဖက် အပြန်အလှန်ပစ်ခတ်မှု ဖြစ်ပွားခဲ့ပြီးနောက် နှစ်ဖက် တွေ့ဆုံဆွေးနွေးခဲ့ရပါသည်။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်း တစ်ဆို့ဟန့်တားမှုများနှင့် ပတ်သက်ပြီး တပ်မတော်အနေဖြင့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ကိုင်စွဲကာ ငြိမ်းချမ်းရေးမှ ရှောက်ရပ်ကို အလျှော့မပေးသည့်

အတွက်ဖြစ်ကြောင်း NMSP ဥက္ကဋ္ဌက ဗိဗိတို့ Myanmar Peace Monitor ၏ မေးမြန်းသတင်းထောက်နှင့် အင်တာဗျူးတွင် ပြောဆိုထားပါသည်။

စစ်အာဏာသိမ်းကာလအတွင်း NMSP အနေဖြင့် PPSTနှင့်အတူ ရပ်တည်ဆောင်ရွက်လျက်ရှိပြီး အာဏာသိမ်းစစ်ကောင်စီ၏ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ (NSPNC)နှင့် တွေ့ဆုံဆွေးနွေးမှုအချို့ ရှိခဲ့သကဲ့သို့ စစ်ကောင်စီ ကျင်းပသည့် NCA ခြောက်နှစ်ပြည့်အခမ်းအနားသို့ တက်ရောက်ခဲ့ပါသည်။

သို့သော် ၇၄ ကြိမ်မြောက် မွန်တော်လှန်ရေးနေ့အတွက် NMSP ဥက္ကဋ္ဌ နိုင်ဟံသာ၏ နှီးနှောဖလှယ်ပွဲတွင် ထုတ်ပြန်သည့်ဆောင်းပါးဟုဆိုကာ 'ဗမာလူထုတွေ တပ်မတော်ကို ဆန့်ကျင်လာတာကို အခွင့်ကောင်းယူပြီး ရသမျှအားကို စုစည်းကာ တိုက်ပွဲဝင်သွားဖို့လိုတယ်၊ NUG ကို အားပေးဖို့လိုတယ်၊ စကစ နဲ့ ပူးပေါင်းတာ အကျိုးမရှိဘူး' ဆိုပြီး ၂၀၂၁ခုနှစ် ဩဂုတ်လ ၂၂ ရက်စွဲဖြင့် သတင်းဖော်ပြမှုများ ရှိခဲ့သည်ကို တွေ့ရပါသည်။

လက်ရှိ PPST အဖွဲ့ခေါင်းဆောင်အစုအဖွဲ့တွင် NMSP ဒုဥက္ကဋ္ဌ နိုင်အောင်မင်းက ဦးဆောင်ပါဝင်လျက် ရှိပါသည်။

### အပစ်အခတ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေးဖြစ်စဉ်

ငြိမ်းချမ်းရေးဆွေးနွေးမှုများ

အဆင့် (၁) - နိုင်ငံတော်အဆင့်
အပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ်
(ဖေဖော်ဝါရီလ ၁ ရက်၊ ၂၀၁၂)။
NCA - ဖေဖော်ဝါရီလ ၁၃ ရက်၊ ၂၀၁၈
ယခင်အပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ် -
ဇွန်လ ၂၉ ရက်၊ ၁၉၉၅

### တရားဝင်ကိုယ်စားလှယ်အဖွဲ့

မြန်မာနိုင်ငံပြင်ပ

(၁) နိုင်ဟံသာ၊
(၂) နိုင်တလညီ၊

မြန်မာနိုင်ငံတွင်း

(၁) နိုင်စောမွန်၊
(၂) နိုင်တလညီ၊
(၃) ဗိုလ်ချုပ်ဖေယျ
(၄) နိုင်အောင်မင်း (အတွင်းရေးမှူး -၁)၊
(၅) ဗိုလ်မှူးချုပ်လဒီကောင်း

### ဆက်ဆံရေးရုံးများ

(၁) မုဒုံ၊
(၂) သံဖြူဇရပ်၊
(၃) ရေး၊
(၄) ရေဖြူ (ရေဖြူရွာ)၊
(၅) ကျိုက်မရော၊
(၆) ခင်းကျိုက် (ပေါင်မြို့နယ်)၊
(၇) မြိတ်

### လုပ်ငန်းများ

(၁) မြဝတီ၊
(၂) ဘုရားသုံးဆူ၊
(၃) မော်လမြိုင်၊

### မဟာမိတ်အဖွဲ့များ

UNFC ၊
NCCT ၊
SD နှင့် DPN အဖွဲ့ဝင်

## ရက္ခိုင့်ပြည်အမျိုးသားကောင်စီ (ANC/AA)

| | | |
|---|---|---|
| စတင်ဖွဲ့စည်းသည့် နေ့စွဲ | - | ၂၀၀၄ ၊ ၂၀၁၀ |
| ရုံးချုပ် | - | DKBA တပ်မဟာ (၅) နယ်မြေ ကရင်ပြည်နယ် |
| လှုပ်ရှားရာ နယ်မြေ | - | ကရင်ပြည်နယ်အတွင်း |
| အင်အား | - | ၃၅၀ အထက် |
| စစ်ဦးစီးချုပ် | - | ဗိုလ်မှူးကြီးမင်းထွန်း (ခ) မင်းဇံဝေ |
| ဥက္ကဋ္ဌ | - | |
| အထွေထွေအတွင်းရေးမှူး | - | ဦးထွန်းဇော် |

ရခိုင်ပြည်လုံးဆိုင်ရာ ကျောင်းသားနှင့်လူငယ်များအစည်းအရုံး (AASYC)၊ ရခိုင်အမျိုးသားညီညွတ်ရေးတပ်ပေါင်းစု (UNFA)နှင့် ရခိုင်ပြည်လွတ်မြောက်ရေးတပ်မတော် (ALA)တို့မှတစ်ဆင့် ဖြစ်တည်လာသည့် ANC/AA သည် ကရင်ပြည်နယ်အတွင်းရှိ DKBA ၊ KNU/KNLA တို့နှင့် ပူးပေါင်းဆောင်ရွက်မှုများ ရှိနေသကဲ့သို့ ဦးသိန်းစိန်အစိုးရ လက်ထက်တွင်လည်း UNFC အဖွဲ့ဝင်အဖြစ် ငြိမ်းချမ်းရေးဆွေးနွေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့သည့်တိုင် NCA လက်မှတ်ရေးထိုးရန်အတွက် ဦးသိန်းစိန်အစိုးရ၏ ဖယ်ကြဉ်ခြင်းကို ခံခဲ့ရသည်။

လူမျိုးစုံ ရခိုင်ပြည်သူလူထုတစ်ရပ်လုံး ကိုယ့်ကံကြမ္မာကိုယ်ဖန်တီးခွင့်ရရှိရေး၊ အမျိုးသားရေးလက္ခဏာနှင့် ယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်စေရန် ထိန်းသိမ်းစောင့်ရှောက်ရေး၊ မြန်မာပြည်ရှိ လူမျိုးစုတိုင်း၊ နိုင်ငံသူ/နိုင်ငံသားတိုင်း အာဏာရှင်စနစ်လက်အောက်မှ လွတ်မြောက်ရေးစသည်တို့သည် ANC/AA ၏ ရည်မှန်းချက်များ ဖြစ်ပါသည်။

၂၀၁၉ ခုနှစ် ဇွန်လ ၂၀ ရက်၊ ရခိုင်ပြည်နယ်မြောက်ပိုင်းမြို့နယ်များအတွင်း အစိုးရမှ အင်တာနက်လိုင်းဖြတ်တောက်ခြင်းအပေါ် ပြင်းထန်စွာ ရှုတ်ချကြောင်းနှင့် ယင်းသို့ အင်တာနက်ဖြတ်တောက်ခြင်းသည် တပ်မတော်မှ ကျူးလွန်နေသော စစ်ရာဇဝတ်မှုနှင့် လူသားဖြစ်တည်မှုကို ခြိမ်းခြောက်သော ရာဇဝတ်မှုများအား ဖုံးဖိရန် ကြိုးစားသည့် လုပ်ရပ်သာ ဖြစ်ကြောင်း ANC က သဘောထား ထုတ်ပြန်ခဲ့ပါသည်။

စစ်အာဏာသိမ်းကာလအတွင်း ကရင်အမျိုးသားအစည်းအရုံး (KNU) တပ်မဟာ ၅ နှင့် ပူးပေါင်းကာ စစ်ကောင်စီတပ်များအား ခုခံတိုက်ခိုက်လျက်ရှိကြောင်း ANC/AA စစ်ဦးစီးချုပ်က ဆိုပါသည်။ ၂၀၂၁ ခုနှစ် မေလ ၇ ရက်တွင်တော့ မူကြော် (ဖာပွန်) ခရိုင်အတွင်းရှိ အာဏာသိမ်းစစ်ကောင်စီ တပ်စခန်းတစ်ခုကို သိမ်းပိုက်မီးရှို့ဖျက်ဆီးခဲ့ကာ လက်နက်ကြီးကျည်အများအပြားသိမ်းဆည်းရမိခဲ့ကြောင်းသတင်းထုတ်ပြန်ခဲ့ပါသည်။ အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ဖွဲ့စည်းခြင်းအပေါ် ANC/AA အနေဖြင့် ထောက်ခံကြိုဆိုပြီး ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေးနှင့် ဖက်ဒရယ်တပ်မတော်ဖွဲ့စည်းထူထောင်ရေးအတွက် မည်သည့်အဖွဲ့အစည်းနှင့်မဆို ပူးပေါင်းပါဝင်ဆောင်ရွက်သွားရန် အဆင်သင့်ရှိကြောင်း ANC/AA စစ်ဦးစီးချုပ်က ပြောဆိုထားပါသည်။

**အပစ်အခတ်ရပ်စဲမှု**

မရှိ

**မဟာမိတ်အဖွဲ့များ**

- KNU/KNLA
- DKBA
- UNFC အဖွဲ့ဝင်

**ဆက်သွယ်ရန်**

anc.hq1@gmail.com
FB lanc.arakannationalcouncil

## ရခိုင်ပြည်လွတ်မြောက်ရေးပါတီ -

## Arakan Liberation Party /Army– ALP/ALA



| | | |
|---|---|---|
| စတင်ဖွဲ့စည်းသည့် နေ့စွဲ | - | ၉ ဧပြီ ၁၉၆၇ (ပထမအကြိမ်)၊ |
| | | ၁ ဇွန် ၁၉၇၄ (ဒုတိယအကြိမ်) |
| ရုံးချုပ် | - | အိန္ဒိယ - မြန်မာ နယ်စပ် |
| လှုပ်ရှားရာနယ်မြေ | - | ရခိုင်ပြည်နယ် မြောက်ပိုင်း နှင့် ကရင်ပြည်နယ် |
| အင်အား | - | ၁၀၀ ခန့် |
| ဥက္ကဋ္ဌ | - | ခိုင်ရဲခိုင် |
| ဒုဥက္ကဋ္ဌ - ၁ | - | စောမြရာဇာလင်း |
| အထွေထွေအတွင်းရေးမှူး | - | ခိုင်ကျော်ခိုင် |

'ရန်သူလက်နက်၊ ကိုယ့်လက်နက်' မူကို ချမှတ်ပြီး ဒုတိယအကြိမ် ပြန်လည်ဖွဲ့စည်းခဲ့သည့် ALP/ALA သည် ၂၀၁၂ ခုနှစ် ဧပြီ ၅ ရက်တွင် ပြည်နယ်အဆင့် အပစ်အခတ်ရပ်စဲရေးလက်မှတ်ရေးထိုးခဲ့ပြီး ၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၅ ရက်တွင် ဦးသိန်းစိန်အစိုးရနှင့် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ် (NCA) ကို လက်မှတ်ရေးထိုးခဲ့ပါသည်။ NCA အရ ဖြစ်ပေါ်လာသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တစ်လျှောက်တွင် အခြားသော NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကော်လှန်ရေးအဖွဲ့ ၁၀ ဖွဲ့နှင့်အတူ လိုက်ပါဆောင်ရွက်ခဲ့သည်ကို တွေ့ရပါသည်။ ၂၀၁၉ ခုနှစ်၊ ရခိုင်ပြည်နယ်တစ်ဝန်းလုံးတွင် ရက္ခိုင့်တပ်တော် (AA) နှင့် တပ်မတော်အကြား တိုက်ပွဲများ ပြင်းထန်စွာ ဖြစ်ပွားခဲ့သည့်အတွက် ရခိုင်မျိုးနွယ်စုဝင်များ၊ နိုင်ငံသားများ ပိုင်ဆိုင်သည့် အိုးအိမ်အဆောက်အအုံများ ပျက်စီးဆုံးရှုံးခြင်း၊ အထူးသဖြင့် သမိုင်းဝင် ရှေးဟောင်းအမွေအနှစ်များ ပျက်စီးဆုံးရှုံးမှုများအပေါ် အထူးစိုးရိမ်ကြောင်း ALP က ထုတ်ပြန်ခဲ့ပါသည်။ စစ်ကြောင့် အပြစ်မဲ့ပြည်သူများ ဘေးဒုက္ခမရောက်စေရေးအတွက် နှစ်ဖက်တပ်ဖွဲ့များအား အထူးသတိထားရှောင်ရှားကြရန် မေတ္တာရပ်ခံခဲ့ပါသည်။

၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်များအတွင်း ရက္ခိုင့်တပ်တော် (AA) နှင့် အိန္ဒိယ-မြန်မာနယ်စပ် မီဇိုရမ်ပြည်နယ်အနီးရှိ ALP ဌာနချုပ် ရှိရာဒေသတွင် တိုက်ပွဲဖြစ်ခဲ့ကာ ဌာနချုပ် ဆုံးရှုံးခဲ့ဖူးသည့် ALP အနေဖြင့် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့်သာ ဆွေးနွေးဖြေရှင်းလိုသော ဆန္ဒရှိနေပါသည်။ ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားနေသော လက်နက်ကိုင်ပဋိပက္ခများ၏ အရင်းခံပြဿနာသည် နိုင်ငံရေးပြဿနာဟု အခိုင်အမာမှတ်ယူထားပြီး စစ်ရေးနည်းဖြင့် အပြတ်တိုက်ဖြေရှင်းရန် ကြိုးပမ်းခြင်းသည် အဖြစ်မထွက်နိုင်ဟု သုံးသပ်ကာ NCA တွင် ပြဋ္ဌာန်းထားသည့် နည်းလမ်းများဖြင့်သာ ဆွေးနွေးညှိနှိုင်းအဖြေရှာနိုင်မည်ဟု ALP က ယုံကြည်နေပါသည်။

စစ်အာဏာသိမ်းကာလအတွင်း စစ်ကောင်စီ၏ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ (NSPNC) နှင့် အလွတ်သဘောတွေ့ဆုံဆွေးနွေးမှုအချို့ ရှိခဲ့သကဲ့သို့ စစ်ကောင်စီမှ ဦးဆောင်ကျင်းပသည့် NCA ခြောက်နှစ်ပြည့် အခမ်းအနား အပါအဝင် ပြည်ထောင်စုနေ့အခမ်းအနား စသည်တို့တွင် ALP အနေဖြင့် တက်ရောက်ခဲ့သည်ကို တွေ့ရပါသည်။ စစ်အာဏာသိမ်းကာလအတွင်း ALP အဖွဲ့အစည်းအတွင်းတွင်လည်း ခေါင်းဆောင်ပိုင်း အပြောင်းအလဲအချို့ ဖြစ်ပေါ်ခဲ့ပါသည်။

### အပစ်အခတ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေးဖြစ်စဉ်

ပြည်နယ်အဆင့်၊ ပြည်ထောင်စုအဆင့်
အပစ်အခတ်ရပ်စဲရေး - ဧပြီလ ၅ ရက်၊ ၂၀၁၂

### ငြိမ်းချမ်းရေးဆွေးနွေးမှုများ

NCA လက်မှတ်ထိုးရက် - ၁၅ အောက်တိုဘာ၊ ၂၀၁၅

### တရားဝင်ကိုယ်စားလှယ်အဖွဲ့

ဒေါ်စောမြရာဇာလင်း (UPDJC)

### လက်နက်ကိုင်တပ်ဖွဲ့

ရခိုင်ပြည်လွတ်မြောက်ရေးတပ်မတော် (ALA)

### စစ်ရေး

ကာကွယ်ရေးဦးစီးချုပ် - ခိုင်ရဲခိုင်
ဒုတိယဗိုလ်မှူးကြီး - ခိုင်စိုးနိုင်
ဗိုလ်မှူး ခိုင်မျိုးဝင်း
ဗိုလ်မှူး ခိုင်သုန်းမြင့်ဇော်
(ရှမ္ဘာဝတီတပ်ရင်းမှူး)
ဗိုလ်မှူး ခိုင်နေမင်း (ရှမ္ဘာဝတီ ၃-တပ်ရင်းမှူး)
ဒေါ်စောမြရာဇာလင်းသည် NCCT
အဖွဲ့ဝင်ဟောင်းတစ်ဦးဖြစ်သည်။

### ဆက်ဆံရေးရုံးများ

(၁) ကျောက်တော် (ရခိုင်ပြည်နယ်)
အောက်တိုဘာလ ၃ ရက်၊ ၂၀၁၂
(၂) ပလက်ဝ (ချင်းပြည်နယ်) - လျှောက်ထားဆဲ

### ဆက်သွယ်ရန်

ဝက်ဘ်ဆိုက် - http://www.arakanalp.com/
အီးမေးလ် - alpinfoandorg@gmail.com
ဖုန်း - +၉၅၉၄၂၅၀၁၀၀၅၄

## ရက္ခိုင့်အမျိုးသားအဖွဲ့ချုပ်(ULA/AA)

| | | |
|---|---|---|
| စတင်ဖွဲ့စည်းသည့် နေ့စွဲ | - | ၁၀ ဧပြီ ၂၀၀၉ |
| ရုံးချုပ် | - | KIO ထိန်းချုပ်နယ်မြေ၊ ကချင်ပြည်နယ် |
| လှုပ်ရှားရာ နယ်မြေ | - | ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် မြောက်ပိုင်း၊ ချင်းပြည်နယ် ပလက်ဝနှင့် ရခိုင်ပြည်နယ်တစ်ဝန်းလုံး |
| အင်အား | - | ၃၀၀၀၀ အထက် |
| စစ်ဦးစီးချုပ် | - | ဗိုလ်ချုပ်ထွန်းမြတ်နိုင် |
| ဒုစစ်ဦးစီးချုပ် | - | ဒေါက်တာညိုထွန်းအောင် |
| အတွင်းရေးမှူး - ၁ | - | ဗိုလ်မှူးကြီး ကျော်ဟန် |

၂၀၁၁ ခုနှစ် နောက်ပိုင်း ကချင်လွတ်လပ်ရေးတပ်မတော်(KIA)နှင့်အတူ ပူးပေါင်းကာ တပ်မတော်နှင့် တိုက်ပွဲများ စတင်ဖြစ်ပွားလာခဲ့သည့် ULA/AA သည် KIO/KIA ၊ PSLF/TNLA၊ MNDAA တို့နှင့် မဟာမိတ်ဆက်ဆံရေး ရှိသကဲ့သို့ ဦးသိန်းစိန်အစိုးရလက်ထက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အတွင်း UNFC အဖွဲ့ဝင်အနေဖြင့် လိုက်ပါဆောင်ရွက်ခဲ့သော်လည်း NCA လက်မှတ်ရေးထိုးချိန်တွင် တော့ ဦးသိန်းစိန်အစိုးရ၏ ဖယ်ကြဉ်ခြင်းကို ခံခဲ့ရပါသည်။ တစ်ဖက်တွင်လည်း ULA/AA နှင့် တပ်မတော်အကြား တိုက်ပွဲဖြစ်ပွားမှုများသည်လည်း ဆက်လက်ဖြစ်ပွားလာခဲ့ပြီး ၂၀၁၉ ၊ ၂၀၂၀ ခုနှစ်များအတွင်း ULA/AAနှင့် တပ်မတော်အကြား တိုက်ပွဲဖြစ်ပွားမှုသည် အပြင်းထန်ဆုံးအခြေအနေ အထိ ရောက်ရှိခဲ့ကာ စစ်ဖြစ်ပွားရာနယ်မြေသည်လည်း ကချင်ပြည်နယ်၊ ရှမ်းမြောက်ဒေသနှင့် ရခိုင်ပြည်နယ်တစ်ဝန်းလုံးအပြင် ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်အထိပါ ကျယ်ပြန့် ပြင်းထန်ခဲ့ပါ သည်။

UWSA ဦးဆောင်သည့် FPNCC တွင် အဖွဲ့ဝင်အဖြစ် ပါဝင်ကာ အစိုးရ၊ တပ်မတော်တို့နှင့် ထိ တွေ့ဆွေးနွေးမှုများ ပြုလုပ်ခဲ့သော်လည်း တိုက်ပွဲများ လျော့ကျသွားခြင်းမရှိဘဲ နှစ်ဖက်အပစ်ရပ်ရေး ကြန့်ကြာနေသကဲ့သို့ တိုက်ပွဲများလည်း ဆက်လက်ဖြစ်ပွားနေခဲ့ပါသည်။ ၂၀၂၀ ပြည့်နှစ် အထွေ ထွေရွေးကောက်ပွဲ ကျင်းပချိန်အထိပင် လုံခြုံရေးအရ အာမခံချက်မရှိသည့်အတွက် ရခိုင်ပြည်နယ် အတွင်းမှ မဲဆန္ဒနယ်အချို့ကို ရွေးကောက်ပွဲကျင်းပနိုင်ခြင်း မရှိခဲ့သည်ကို တွေ့ရသည်။ သို့နှင့်တိုင် ရွေးကောက်ပွဲအလွန်ကာလတွင်တော့ ULA/AA နှင့် တပ်မတော်အကြား ရုတ်တရက် တိုက်ပွဲများ ရပ်တန့်သွားခဲ့ပြီး ရွေးကောက်ပွဲ မကျင်းပနိုင်ခဲ့သည့် မဲဆန္ဒနယ်များအား ရွေးကောက်ပွဲပြန်လည် ကျင်းပပေးရေးနှင့် ပတ်သက်ပြီး ပြောဆိုမှုများ ရှိလာသည်ကို တွေ့ရပါသည်။ ULA/AA နှင့် တပ်မတော်အကြား နားလည်မှုဖြင့် အပစ်ရပ်ထားသည်ဟုလည်း သိရပါသည်။

စစ်အာဏာသိမ်းကာလအတွင်း စစ်ကောင်စီတပ်နှင့် ULA/AA အကြား တိုက်ပွဲဖြစ်ပွားမှုအချို့ ပြန်လည်မြင်တွေ့ လာရပြီး ရခိုင်ပြည်နယ်အတွင်း နယ်မြေစိုးမိုးအုပ်ချုပ်ရေးအတွက် စစ်ကောင်စီနှင့် ULA/AA အကြား အားပြိုင်မှုများ ရှိနေပါသည်။ ၂၀၂၁ ဒီဇင်ဘာလ ၁၅ ရက်က ရှမ်းပြည်နယ် အရှေ့ပိုင်း NDAA အုပ်ချုပ်သော မိုင်းလားမြို့တွင် မြောက်ပိုင်းမဟာမိတ်အဖွဲ့ဝင်များနှင့် စစ်ကောင်စီ၏ ကိုယ်စားလှယ်များအကြား ပြုလုပ်သည့် အလွတ်သဘော တွေ့ဆုံပွဲသို့ တက်ရောက်ခဲ့သည်ကို တွေ့ရပြီး အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ၏ ပူးပေါင်းဆောင်ရွက်ရေး ဖိတ်ခေါ်ခြင်းကို ခံထား ရပါသည်။

### အပစ်အခတ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေးဖြစ်စဉ်

အပစ်အခတ်ရပ်စဲရေးလက်မှတ်ရေးထိုးခြင်းမရှိသေးသည့် EAO တိုက်ပွဲဖြစ်ပွားမှု

၂၀၁၅ - ၅ ကြိမ်နှင့်အထက်

၂၀၁၆ - ၁၀ ကြိမ်နှင့်အထက်

၂၀၁၉ - ၁၉၂ ကြိမ်

၂၀၂၀ - ၁၀၄ ကြိမ်

၂၀၂၁ - ၅ ကြိမ်

၂၀၂၂ (မတ်) -

### တရားဝင်ကိုယ်စားလှယ်အဖွဲ့

ခိုင်လွှမ်းကျော်ဟန်

ပြောခွင့်ရပုဂ္ဂိုလ် - ခိုင်သုခ

### ဆက်ဆံရေးရုံးများ

မရှိ

### မဟာမိတ်အဖွဲ့များ

FPNCC နှင့် မြန်မာပြည်မြောက်ပိုင်းမဟာမိတ်အဖွဲ့

### ဆက်သွယ်ရန်

ဝက်ဘ်ဆိုက် - http://thearakanarmy.com/

အီးမေးလ် - unitedleagueofarakan@yahoo.com


| လားဟူဒီမိုကရက်တစ်အစည်းအရုံး(LDU) | |
|---|---|
| စတင်ဖွဲ့စည်းသည့် နေ့စွဲ | - ၁ ဇန်နဝါရီ ၁၉၇၃ ၊ ၁၉၈၇၊ ၁၉၉၇၊ ဧပြီ ၂၀၀၈ |
| ရုံးချုပ် | - ရှမ်းပြည်နယ် မိုင်းဆက်ခရိုင် လွယ်လန်းဒေသ |
| လှုပ်ရှားရာနယ်မြေ | - ရှမ်းပြည်နယ် မိုင်းဆက်ခရိုင် လွယ်လန်းဒေသ |
| လားဟူလူထုအင်အား | - အတည်မပြုနိုင် |
| ဥက္ကဋ္ဌ | - ကျာဟား |
| ဒုဥက္ကဋ္ဌ - ၁ | - |
| အထွေထွေအတွင်းရေးမှူး | - ကျာဆော်လမွန် |

LDU သည် ၁၉၇၃ ခုနှစ်တွင် ဖွဲ့စည်းခဲ့သည့် လားဟူညီညွတ်ရေးပါတီ(LUP) ၊ ၁၉၈၇ ခုနှစ် လားဟူအမျိုးသားအဖွဲ့အစည်း၊ ၁၉၉၇ခုနှစ် လားဟူဒီမိုကရက်တစ်တပ်ဦး (LDF) တို့မှ အဆင့်ဆင့်ပြောင်းလဲ ဖွဲ့စည်းပေါ် ပေါက်လာခဲ့ခြင်းဖြစ်သည်။

ညီညွတ်သော တိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ(UNFC) အဖွဲ့ဝင်အနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်း ပါဝင်ဆွေးနွေးခဲ့သော်လည်း ဦးသိန်းစိန်အစိုးရ၏ NCA လက်မှတ်ရေးထိုးချိန်တွင်တော့ လက်နက်ကိုင်အဖွဲ့အစည်းမဟုတ်ဟု အကြောင်းပြကာ NCA လက်မှတ်ရေးထိုးရန် ဖိတ်ခေါ်ခြင်း မခံခဲ့ရပါ။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဦးဆောင်သည့် အစိုးရလက်ထက်၊ ၂၀၁၈ ခုနှစ်နှစ် ဖေဖော်ဝါရီ ၁၃ ရက်တွင်မှသာ NCA ကို လက်မှတ်ရေးထိုးနိုင်ခဲ့ပြီး မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်း သက်ဆက်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ခဲ့သည်။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် နိုင်ငံရေးဆွေးနွေးပွဲများတွင် ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုကို ဖော်ဆောင်ရန် ဦးစားပေးအစီအစဉ်တစ်ရပ်အဖြစ် ချမှတ်ခဲ့ပြီး ပြန့်ကျဲနေသော လားဟူလူများများကို စုစည်းကာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်သွားမည့်အကြောင်း LDU အထွေထွေအတွင်းရေးမှူးက ပြောဆိုဖူးသည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့်အတူ နိုင်ငံရေးဆွေးနွေးပွဲများတဆင့် လားဟူလူမျိုးတို့၏ ကိုယ်ပိုင်အုပ်ချုပ်ပိုင်ခွင့်အထိ တစ်ဆင့်ချင်း ဖော်ဆောင်သွားမည်ဟု ဆိုပါသည်။

စစ်အာဏာသိမ်းကာလအတွင်း စစ်ကောင်စီ၏ NCA ဖြောက်နှစ်ပြည့်အခမ်းအနားသို့ တက်ရောက်ခဲ့သည်ကို တွေ့ရပြီး PPST နှင့်အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။



| 'ဝ' ပြည်နယ်သွေးစည်းညီညွတ်ရေးပါတီ (UWSP/UWSA) | | |
|---|---|---|
| စတင်ဖွဲ့စည်းသည့် နေ့စွဲ | - | ၁၇ ဧပြီ ၁၉၈၉ |
| ရုံးချုပ် | - | ပန်ခမ်း (ပန်ဆန်း) |
| လှုပ်ရှားရာ နယ်မြေ | - | ပန်ဆန်း၊ မိုင်းမ၊ ပန်ဝေ၊ နားဖန်း၊ မိုင်းပေါက်၊ မိုင်းယန်း၊ ဟိုပန်၊ မက်မန်း၊ မိုင်းတုံ၊ မိုင်းဆတ်၊ တာချီလိတ်၊ မိုင်းပန်၊ မိုင်းယောင်း |
| အင်အား | - | ၃၀၀၀၀ အထက် |
| ဥက္ကဋ္ဌ | - | ပေါက်ယူချန်း |
| ဒုဥက္ကဋ္ဌ | - | ပေါက်ယူယိ |
| အထွေထွေအတွင်းရေးမှူး | - | |

ဗမာပြည်ကွန်မြူနစ်ပါတီ(ဗကပ) ပြိုကွဲပြီးနောက်ပိုင်း တည်ထောင်လာသည့် UWSP/UWSA သည် ၁၉၈၉ ခုနှစ် မေလ ၁၈ ရက်တွင် တပ်မတော်အစိုးရနှင့် အပစ်အခတ်ရပ်စဲခဲ့ပြီး တရုတ်အစိုးရနှင့် နီးစပ်သည့် ဆက်ဆံရေးရှိသဖြင့် တရုတ်ဘာသာစကားကိုပင် ပါတီသုံးစကားအဖြစ် ကျင့်သုံးနေပါသည်၊ တပ်မတော်မှ နယ်ခြားစောင့်တပ်အဖြစ် အသွင်ပြောင်းရန် ဖိအားပေးမှုကို ငြင်းဆန်ခဲ့သော်လည်းနစ်ဖက်တိုက်ပွဲဖြစ်ပွားခြင်းမရှိသည့်အပြင် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို အကြောင်းပြု ဖြစ်ပေါ်လာသည့် မြို့နယ် ခြောက်ခုပါဝင်သော 'ဝ' ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင်လည်း မြို့နယ် လေးခုသည် UWSP/ UWSA ၏ ထိန်းချုပ်မှုအောက်တွင် ရှိနေပါသည်။

ဦးသိန်းစိန်အစိုးရလက်ထက် ၂၀၁၁ ခုနှစ် စက်တင်ဘာနှင့် ဒီဇင်ဘာလများအတွင်း ပြည်နယ်အဆင့်၊ ပြည်ထောင်စုအဆင့် အပစ်အခတ်ရပ်စဲရေး လက်မှတ်ရေးထိုးခဲ့သော်လည်း NCA ကိုမူ လက်မှတ်ရေးထိုးခဲ့ခြင်း မရှိပါ။ သို့သော် ဦးသိန်းစိန်အစိုးရ သက်တမ်းမကုန်ခင် ၂၀၁၆ ခုနှစ် ဇန်နဝါရီတွင် ကျင်းပသည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံသို့ တက်ရောက်ကာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဝ ပြည်နယ်အဖြစ် အသိအမှတ်ပြုပေးရန် တောင်းဆိုခဲ့သည်၊

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဦးဆောင်သည့် အစိုးရလက်ထက်၊ ပထမဆုံးအကြိမ် ကျင်းပသည့် ၂၁ ရာစု ပင်လုံ ငြိမ်းချမ်းရေးညီလာခံသို့ FPNCC အဖွဲ့ဝင် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့များနှင့်အတူ တက်ရောက်လေ့လာခဲ့သော်လည်း ၎င်းဦးဆောင်သော FPNCC အနေဖြင့် NCA မဟုတ်သော အခြားလမ်းကြောင်းတစ်ခုကိုသာ စိတ်အားထက်သန်နေခဲ့ပြီး အစိုးရ၏ ငြိမ်းချမ်းရေးကော်မရှင်၊ တပ်မတော်တို့နှင့် တွေ့ဆုံဆွေးနွေးမှုအချို့ ရှိခဲ့ပါသည်။ မြန်မာ့ငြိမ်းချမ်းရေးဖြစ်စဉ်အတွင်း တရုတ်အစိုးရအနေဖြင့် ပိုမို ပါဝင်ဆောင်ရွက်ပေးရန် FPNCC မှ တရားဝင် တောင်းဆိုထားသည်ကို တွေ့ရသည်၊

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ မဲရလဒ် ထွက်ပြီးနောက် နိုဝင်ဘာ ၁၆ ရက် NLD ပါတီ၏ အနိုင်ရရှိခြင်းကို ဝမ်းမြောက်ဂုဏ်ပြုကြောင်းနှင့် NLD ပါတီအနေဖြင့် တစ်နိုင်ငံလုံး၏ အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းမှု ခရီးစဉ်တွင် အောင်မြင်မှုများရရှိစေရန် ဆုတောင်းမေတ္တာပို့သည့် UWSA ခေါင်းဆောင် ဦးပေါက်ယူချန်းသည် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်၊ စစ်အာဏာသိမ်းမှုဖြစ်စဉ်နှင့် ပတ်သက်ပြီး နှုတ်ဆိတ်နေခဲ့ပါသည်။ စစ်

အာဏာသိမ်းကာလအတွင်း စစ်ကောင်စီကိုယ်စားလှယ် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် ဦးဆောင်သည့် အဖွဲ့နှင့် တွေ့ဆုံဆွေးနွေးမှုအချို့ ရှိခဲ့ပါသည်။

၀ လူမှုအရပ်ဘက်အဖွဲ့အစည်း ရှစ်ဖွဲ့နှင့် ၀ ပြည်သူများက UWSA ကို လူထုနှင့်အတူ ရပ်တည်ကြောင်း၊ စစ်တပ်၏ အာဏာသိမ်းမှုလုပ်ရပ်ကို လက်မခံကြောင်း ပြသပေးရန် မတ် ၃၀ ရက်က အိတ်ဖွင့်ပေးစာ ပေးပို့ တောင်းဆိုထားသော်လည်း UWSA ခေါင်းဆောင်များက ယနေ့ထိ အကြောင်းပြန်ခြင်း မရှိဘဲ နှုတ်ဆိတ်နေဆဲ ဖြစ်သည်။

UWSAနှင့် RCSS/SSA တို့အကြား ၂၀၂၂ ဧပြီလ ၅ ရက်က ရှမ်းပြည်အရှေ့ပိုင်း မိုင်းဆတ်ခရိုင် မိုင်းတုံမြို့နယ် မုန်းတော မုန်းထဒေသတွင် တိုက်ပွဲဖြစ်ပွားခဲ့ပြီး နှစ်ဖက် ထိခိုက်ကျဆုံးမှုများ ရှိခဲ့သည်ကို တွေ့ရသည်။

### အပစ်အခတ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေးဖြစ်စဉ်

ပထမဆုံး NCA လက်မှတ်ရေးထိုးသည့် EAO
အဆင့် (၁) နိုင်ငံတော်အဆင့် ငြိမ်းချမ်းရေးသဘောတူစာချုပ် (စက်တင်ဘာလ ၆ ရက်၊ ၂၀၁၁)
အဆင့် (၂) ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးသဘောတူစာချုပ် (ဒီဇင်ဘာလ ၂၅ ရက်၊ ၂၀၁၁)

### ယခင်အပစ်အခတ်ရပ်စဲရေးလက်မှတ်ရေးထိုးမှု

မေလ ၁၈ ရက်၊ ၁၉၈၉

### အပစ်အခတ်ရပ်စဲရေး လက်မှတ်ရေးထိုးပြီး တိုက်ပွဲဖြစ်ပွားမှု

မရှိ

၂၀၀၆ ခုနှစ် UWSA က NDAA တပ်စခန်းတစ်ခုကို သိမ်းပိုက်ပြီးနောက် တပ်မတော်နှင့်တင်းမာမှု တစ်ကြိမ်ဖြစ်ပေါ်။
တရားဝင်ကိုယ်စားလှယ်အဖွဲ့ - မသိရ

### ဆက်ဆံရေးရုံးများ

(၁) လားရှိုး၊ (၂) တန့်ယန်း၊ (၃) ကျိုင်းတုံ၊ (၄) တာချီလိတ်၊ (၅) တောင်ကြီး၊ (၆) မန္တလေး၊ (၇)ရန်ကုန်

### ဗဟိုအလုပ်မှုဆောင်ကော်မတီအဖွဲ့ဝင်များ


| | | |
|---|---|---|
| ဥက္ကဋ္ဌ | - | ပေါက်ယုချန်း၊ |
| ဒု-ဥက္ကဋ္ဌ | - | ပေါက်ယုယီ၊ |
| ဒု-ဥက္ကဋ္ဌ | - | ချောက်မီလျံ၊ |
| စစ်ဦးစီးချုပ် | - | ပေါက်ယုချမ်း၊ |
| ဒု-စစ်ဦးစီးချုပ် | - | ကျောက်ဝချူတန်း၊ |
| ပြောခွင့်ရပုဂ္ဂိုလ် | - | ဦးအောင်မြင့် @ Le Kyu Lee၊ |
| ဆက်ဆံရေးအရာရှိ | - | ကျောက်ကော်အန်း၊ |
| ဒု- ဆက်ဆံရေးအရာရှိ | - | ဆမ်ခွန်း၊ |
| တရားသူကြီးချုပ် | - | လီကျောက်ကော်၊ |
| ဘဏ္ဍာရေးနှင့် | | |
| စီးပွားရေးအရာရှိ | - | ပေါက်ယုလျံ |

### နိုင်ငံရေးအဖွဲ့

ဝပြည်သွေးစည်းညီညွတ်ရေးပါတီ (UWSP)
အစိုးရဌာနများ၏ နယ်မြေညွှန်းဆိုမှု -
ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၂)
လက်နက်ကိုင်တပ်ဖွဲ့
ဝပြည်သွေးစည်းညီညွတ်ရေးတပ်မတော် (UWSA)

### မဟာမိတ်အဖွဲ့များ

FPNCC



## သျှမ်းပြည်တိုးတက်ရေးပါတီ (SSPP / SSA)

| | | |
|---|---|---|
| စတင်ဖွဲ့စည်းသည့် နေ့စွဲ | - | ၂၄ မေပြီ ၁၉၆၄ ၊ ၁၉၇၁ |
| ရုံးချုပ် | - | ဝမ့်ဟိုင်း၊ ကျေးသီးမြို့နယ်၊ ရှမ်းပြည်နယ်တောင်ပိုင်း |
| လှုပ်ရှားရာနယ်မြေ | - | သျှမ်းပြည်တောင်ပိုင်း လန်းခေး၊ မိုင်းရှူး၊ ကျေးသီး၊ မိုင်းကိုင်၊ လဲချား၊ ပင်လုံ၊ လွိုင်လင်၊ ဟိုပုံးနှင့် ရပ်စောက်မြို့နယ်များ၊ သျှမ်းပြည်မြောက်ပိုင်း၊ မိုင်းရယ်၊ တန့်ယန်း၊ လားရှိုး၊ သီပေါ၊ ကျောက်မဲ၊ နောက်ချို၊ မိုးမိတ်၊ နမ္မတူ၊ နမ့်ဆန်၊ မန်တုံ၊ သိန္နီ ၊ ကွတ်ခိုင်၊ မူဆယ်နှင့် နမ့်ခမ်းမြို့နယ်များ |
| အင်အား | - | ၁၀၀၀၀ ကျော် |
| ဥက္ကဋ္ဌ | - | ဗိုလ်ချုပ်ကြီးပန်ဖ |
| ဒုဥက္ကဋ္ဌ | - | ဒုတိယဗိုလ်ချုပ်ကြီး ခေးတိုင်း |
| အထွေထွေအတွင်းရေးမှူး | - | ဗိုလ်မှူးကြီး ကျော်လှ |

ညောင်ရွှေစော်ဘွားကြီး စဝ်ရွှေသိုက်၏ မဟာဒေဝီ စဝ်မယ်နန်းဟိန်းခမ်းက ဦးစီးပြီး ၁၉၆၄ ခုနှစ်တွင် သျှမ်းပြည်တပ်မတော် (SSA) ကို တည်ထောင်ကာ ၁၉၇၁ ခုနှစ်တွင် ရှမ်းပြည် တိုးတက်ရေးပါတီ(SSPP) ကို ဖွဲ့စည်းခဲ့သည်။ ၁၉၈၉ ခုနှစ် စက်တင်ဘာ ၂ ရက်တွင် တပ်မတော်အစိုးရနှင့် SSPP/SSA အကြား အပစ်အခတ်ရပ်စဲရေး သဘောတူညီမှု ရရှိခဲ့သော်လည်း ၂၀၁၀ ခုနှစ် နိုင်ငံရေးအရ အသင်ကူးပြောင်းကာလအတွင်း နယ်ခြားစောင့်တပ်ဖွဲ့အဖြစ် အသွင်ပြောင်းရန် တပ်မတော်မှ ဖိအားပေးရာ ငြင်းဆန်ခဲ့ပြီး တိုက်ပွဲများ ပြန်လည်ဖြစ်ပွားခဲ့သည်။

ဦးသိန်းစိန်အစိုးရ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်း UNFC အဖွဲ့ဝင်အနေဖြင့် ပါဝင်ဆောင်ရွက်ခဲ့ပြီး ၂၀၁၂ ခုနှစ် ဇန်နဝါရီလတွင် ပြည်နယ်အဆင့်၊ ပြည်ထောင်စုအဆင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုရရှိခဲ့သော်လည်း ၂၀၁၅ခုနှစ် အောက်တိုဘာလ NCAလက်မှတ်ရေးထိုးချိန်တွင်တော့ SSPP/SSA အနေဖြင့် ပါဝင်လက်မှတ်မထိုးခဲ့သည်ကို တွေ့ရသည်။ SSPP/SSA အနေဖြင့် ၎င်းတို့ လှုပ်ရှားရာနယ်မြေအတွင်း တပ်မတော်နှင့် တိုက်ပွဲဖြစ်ပွားမှုအချို့ ရှိခဲ့သလို RCSS/SSA နှင့်လည်း မကြာခဏ ထိတွေ့တိုက်ပွဲဖြစ်ပွားမှုများ ရှိနေပါသည်။

UWSA ဦးဆောင်သည့် FPNCC တွင် ပါဝင်နေပြီး အစိုးရ၊ တပ်မတော်တို့မှ ကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးမှုအချို့ ရှိခဲ့သော်လည်း ငြိမ်းချမ်းရေးအရ ဖြစ်ပေါ် တိုးတက်မှု တစ်စုံတစ်ရာ မြင်တွေ့ရခြင်း မရှိသေးပါ။ ထို့အပြင် RCSS/SSA နှင့်အတူ ရှမ်းနိုင်ငံရေးပါတီများ၊ လူမှုအခြေပြု အဖွဲ့အစည်းများဖြင့် စုဖွဲ့ထားသည့် ရှမ်းပြည်ညီညွတ်ရေးကော်မတီ (CSSU) တွင် ပူးပေါင်းပါဝင်လျက်ရှိသော်လည်း RCSS/SSA နှင့် SSPP/SSA အကြား စစ်ရေးပဋိပက္ခများ ဆက်လက်မြင်တွေ့နေရပါသည်။

၂၀၂၀ ပြည့်နှစ်၊ နှစ်ချုပ်ဖဟိုကော်မတီ မျက်နှာစုံညီအစည်းအဝေးတွင်တော့ ရှမ်းပြည်နယ်အတွင်းရှိ တိုင်းရင်းသား စည်းလုံးညီညွတ်ရေး၊ ပြည်ထောင်စုတိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ဦးတည်ပြီး တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အာမခံသည့် စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စု

ပေါ်ထွန်းသည်အထိ ဆောင်ရွက်သွားရန်နှင့် ပြည်တွင်းငြိမ်းချမ်းရေးအတွက် အစိုးရ၊ တပ်မတော်၊ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများ၊ လူမှုအဖွဲ့အစည်းများနှင့်အတူ ဆက်လက်ပူးပေါင်းသွားရန်ဆိုသည့် အချက်များအပါအဝင် အချက်လေးချက်ကို SSPP/SSA ၏ ရှေ့လုပ်ငန်းစဉ်များအဖြစ် ဆုံးဖြတ်ချက်ချထားပါသည်။

စစ်အာဏာသိမ်းကာလအတွင်း စစ်ကောင်စီကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးမှုအချို့ ရှိခဲ့ပြီး ၂၀၂၁ ဒီဇင်ဘာ လ ၁၅ ရက်၊ ရှမ်းပြည်နယ် အရှေ့ပိုင်း NDAA အုပ်ချုပ်သော မိုင်းလားမြို့တွင် မြောက်ပိုင်းမဟာမိတ်အဖွဲ့ဝင်များနှင့် စစ်ကောင်စီ၏ ကိုယ်စားလှယ်များအကြား ပြုလုပ်သည့် အလွတ်သဘောတွေ့ဆုံပွဲတွင် SSPP တက်ရောက်ခဲ့သည်ဟု သိရပါသည်။

တစ်ဖက်တွင်တော့ RCSS/SSA နှင့် တိုက်ပွဲဖြစ်ပွားမှုများ ရှိနေပါသည်။ ၂၀၂၂ ခုနှစ် မတ် ၃၀ ရက်၊ နေပြည်တော်ရှိ NSPNC နှင့် တွေ့ဆုံဆွေးနွေးပွဲတွင် ရှမ်းပြည်နယ်တောင်ပိုင်းရှိ SSPP/SSA တပ်အချို့ ပြန်ရုပ်သိမ်းပေးရန် စစ်ကောင်စီမှ တောင်းဆိုခဲ့ပါသည်။ သို့သော် တပ်များ ပြန်လည်ရုပ်သိမ်းရန် မရှိကြောင်း SSPP အတွင်းရေးမှူး ၂ ဗိုလ်မှူးကြီး စိုင်းစုက ပြောဆိုထားပါသည်။

### အပစ်အခတ်ရပ်စဲရေးနှင့် ငြိမ်းချမ်းဖြစ်စဉ်

သဘောတူမြောက် အပစ်အခတ်ရပ်စဲရေး
လက်မှတ်ရေးထိုးသည့် EAO
အဆင့် (၁) နိုင်ငံတော်အဆင့်
အပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ်
(ဇန်နဝါရီလ ၂၈ ရက်၊ ၂၀၁၂)
အဆင့် (၂) ပြည်ထောင်စုအဆင့်
အပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ်
(ဇန်နဝါရီ ၂၈ ရက်၊ ၂၀၁၂)

### ယခင်အပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ်

ဧက်တင်ဘာလ ၂ ရက်၊ ၁၉၈၉

### အပစ်အခတ်ရပ်စဲရေးလက်မှတ်ရေးထိုးပြီးနောက် တိုက်ပွဲဖြစ်ပွားမှု

၂၀၁၂ - အကြိမ် ၁၃၀
၂၀၁၃ - ၇၀ ကြိမ် ထိပ်တိုက်တွေ့ဆုံမှု
၂၀၁၄ - အကြိမ် ၁၀၀ နှင့်အထက်
၂၀၁၅ - ၃၄ ကြိမ် (သတင်းဖော်ပြချက်)
၂၀၁၆ - ၁၀ ကြိမ် (သတင်းဖော်ပြချက်)
၂၀၁၉ - ၅ ကြိမ်

### တရားဝင်ကိုယ်စားလှယ်အဖွဲ့

အလှည့်ကျ

### ဆက်ဆံရေးရုံးများ

(၁) လားရှိုး
(၂) တောင်ကြီး
(၃) ဒီလယ်
(၄) မူဆယ် (ဖွင့်လှစ်ခြင်းမရှိသေး)
(၅) တာချီလိတ် (အတည်ပြုခြင်းမရှိသေး)

### မဟာမိတ်အဖွဲ့များ

UNFC ၊ FUA ၊ NCCT၊ DPN အဖွဲ့ဝင်

### ဆက်သွယ်ရန်

အီးမေးလ် - sspp.hq@gmail.com



## သျှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ (RCSS / SSA)

| | | |
|---|---|---|
| စတင်ဖွဲ့စည်းသည့် နေ့စွဲ | - | ၁၉၆၄ ၊ ၁၉၉၆ |
| ရုံးချုပ် | - | လွယ်တိုင်လျဲန်း ၊ မိုင်းဆိုင်ပန်မြို့နယ်၊ လင်းခေးခရိုင်၊ ရှမ်းပြည်နယ်တောင်ပိုင်း |
| လှုပ်ရှားရာနယ်မြေ | - | သျှမ်းပြည်အရှေ့ပိုင်း မိုင်းတုံ၊ မိုင်းဆတ်၊ တာချီလိတ်၊ ကျိုင်းတုံ၊ မိုင်းဖြတ်၊ မိုင်းယောင်းနှင့် မိုင်းပြင်းမြို့နယ်များ။ သျှမ်းပြည်တောင်ပိုင်း မိုင်းပန်၊ လင်းခေး၊ မိုးနဲ၊ နမ့်စန်၊ ကွန်ဟိန်း၊ ကျေးသီး၊ လှိုင်လင်၊ ဟိုပုံး မောက်မယ်၊ တောင်ကြီး၊ ပင်လုံ၊ လဲချား၊ မိုင်းကိုင်နှင့် ရပ်စောက်မြို့နယ်များ သျှမ်းပြည်မြောက်ပိုင်း မူဆယ်၊ နမ့်ခမ်း၊ သီပေါ၊ ကျောက်မဲနှင့် နမ္မတူမြို့နယ်များ |
| အင်အား | - | ၁၀၀၀၀ ကျော် |
| ဥက္ကဋ္ဌ | - | ဗိုလ်ချုပ်ကြီး ယွက်စစ် |
| ဒုဥက္ကဋ္ဌ - ၁ | - | ဒုတိယဗိုလ်ချုပ်ကြီး စိုင်းယီ |
| အတွင်းရေးမှူး - ၁ | - | ဗိုလ်မှူးကြီးစိုင်းငင်း |

၂၀၁၁ ဒီဇင်ဘာနှင့် ၂၀၁၂ ဇန်နဝါရီလများတွင် ပြည်နယ်အဆင့်၊ ပြည်ထောင်စုအဆင့် အပစ်အခတ်ရပ်စဲရေးအတွက် လက်မှတ်ရေးထိုးခဲ့ပြီး ၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၅ ရက် တွင်တော့ ဦးသိန်းစိန်အစိုးရနှင့် RCSS/SSA အကြား တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ် (NCA) ကို လက်မှတ်ရေးထိုးခဲ့ပါသည်။ NCA အရ ဖြစ်ပေါ်လာသော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်း အခြားသော NCA လက်မှတ်ထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့များနှင့်အတူ လိုက်ပါဆောင်ရွက်ခဲ့သည်ကို တွေ့ရသည်။

သို့သော် ၂၀၁၉ ၊ ၂၀၂၀ ခုနှစ်များအတွင်း RCSS လှုပ်ရှားရာ မိုင်းကိုင်၊ ကျေးသီး၊ မိုင်းနောင်၊ မိုင်းတုံ၊ မိုင်းဆက်၊ ကျောက်မဲနှင့် နမ့်ခမ်းမြို့နယ်များအတွင်း တပ်မတော်နှင့် တိုက်ပွဲဖြစ်ပွားမှုများ ရှိခဲ့ပြီး အထူးသဖြင့် ကျောက်မဲမြို့နယ်အတွင်း ဖြစ်ပွားသည့် တိုက်ပွဲများသည် ပြင်းထန်ခဲ့ပါသည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်း တစ်ဆို့မှုများ၊ ရှေ့မတိုးသာသည့် အခြေအနေများအကြားတွင် RCSS အနေဖြင့် တပ်မတော်နှင့် တိုက်ပွဲဖြစ်ပွားမှုများ ရှိခဲ့သလို အခြားသော လှုပ်ရှားရာနယ်မြေချင်း ထိစပ်နေသည့် SSPP/SSA ၊ TNLA နှင့် PNLO စသည့် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့များနှင့်လည်း တိုက်ပွဲဖြစ်ပွားမှုများ ရှိခဲ့ပါသည်။

NCA လက်မှတ်ထိုးခြင်း လေးနှစ်ပြည့်အခမ်းအနားကိုတော့ တပ်မတော်အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၏ ကန့်သတ်တားမြစ်မှုကြောင့် RCSS ခေါင်းဆောင် ဗိုလ်ချုပ်ကြီးယွက်စစ် တက်ရောက်နိုင်ခဲ့ခြင်း မရှိသကဲ့သို့ အစိုးရ၊ တပ်မတော်ကိုယ်စားလှယ်များနှင့် RCSS အကြား အလွတ်သဘော တွေ့ဆုံဆွေးနွေးမှုများလည်း တွေ့ရှိရပါသည်။ ထူးခြားသည်က ၂၀၂၀ ပြည့်နှစ် မတ်လ ၁၅ ရက်နေ့ ၊ တပ်မတော်နှင့် RCSS အကြား နေပြည်တော် တွေ့ဆုံဆွေးနွေးမှုအပြီး မတ်လ ၂၅ ရက်တွင် ၎င်းတို့နှစ်ဖက်အကြား တိုက်ပွဲများ ပြန်လည်ဖြစ်ပွားခြင်းဖြစ်သည်။

၂၀၂၀ ပြည့်နှစ်တွင် ကျင်းပသည့် ၂၁ ရာစု ပင်လုံငြိမ်းချမ်းရေးညီလာခံ အဖွင့်မိန့်ခွန်းပြောကြားရာတွင်လည်း RCSS ဥက္ကဋ္ဌအနေဖြင့် ရှမ်းဘာသာစကားဖြင့်မပြောဘဲ မြန်မာဘာသာဖြင့်သာ ပြောဆိုရန် တပ်မတော်မှ ဖိအားပေးခဲ့သည်ကို တွေ့ရပါသည်။ RCSS အနေဖြင့် တစ်ဆို့နေသည့် ငြိမ်းချမ်းရေးလုပ်ငန်းဆိုင်ရာ စိန်ခေါ်မှုများ၊ နှစ်ဖက် ထိတွေ့တိုက်ပွဲများ ရှိနေသည့်တိုင် NCA လမ်းကြောင်းကို ဆက်လက်စွဲကိုင်ထားသည်ကို တွေ့ရပါသည်။

စစ်အာဏာသိမ်းကာလအတွင်း စစ်ကောင်စီတပ်နှင့် တိုက်ပွဲအချို့ ဖြစ်ပွားခဲ့သော်လည်း စစ်ကောင်စီ၏ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ (NSPNC) နှင့် အလွတ်သဘော တွေ့ဆုံဆွေးနွေးမှုများ ရှိခဲ့သည်။ ၂၀၂၂ ခုနှစ် မတ်လ ၂၈ ရက်၊ နေပြည်တော်ရှိ အလွတ်သဘော တွေ့ဆုံဆွေးနွေးမှုအပြီးတွင် ၎င်းတို့အနေဖြင့် ပြည်နယ်အဆင့်၊ ပြည်ထောင်စုအဆင့် အပစ်ရပ်သဘောတူစာချုပ်ကို စွဲကိုင်ပြီး စစ်ကောင်စီနှင့် ဆွေးနွေးမှုများကို ဆက်လက် လုပ်ဆောင်သွားမည်ဟု RCSS အတွင်းရေးမှူး - ၁ ဗိုလ်မှူးကြီး စိုင်းငင်းက ပြောဆိုပါသည်။ PPST ၏ အဖွဲ့ဝင်ဖြစ်သည့်အတွက် PPST ၏ နိုင်ငံရေး ဦးတည်ချက် ခုနှစ်ချက်အတိုင်း ရပ်တည်ဆောင်ရွက်နေသည်ဟုလည်း ဆိုပါသည်။

### အပစ်အခတ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေးဖြစ်စဉ်

စတုတ္ထမြောက် အပစ်အခတ်ရပ်စဲရေး
လက်မှတ်ရေးထိုးသည့် EAO
အဆင့် (၁) နိုင်ငံတော်အဆင့် အပစ်အခတ်ရပ်စဲရေး
သဘောတူစာချုပ် (ဒီဇင်ဘာလ ၂ ရက်၊ ၂၀၁၁)
အဆင့် (၂) ပြည်ထောင်စုအဆင့် အပစ်အခတ်ရပ်စဲရေး
သဘောတူစာချုပ် (ဇန်နဝါရီ ၁၆ ရက်၊ ၂၀၁၂)
အဆင့် (၃) NCA (အောက်တိုဘာလ ၁၅ ရက်၊ ၂၀၁၅)

### အပစ်အခတ်ရပ်စဲရေးလက်မှတ်ရေးထိုးပြီးနောက် တိုက်ပွဲဖြစ်ပွားမှု

၂၀၁၂ - ၆၈ ကြိမ်။
၂၀၁၃ - ၇၆ ကြိမ်။
၂၀၁၄ - ၂၀ ကြိမ်။
၂၀၁၅ - ၁၃ ကြိမ်။
၂၀၁၆ - ၄ ကြိမ်
၂၀၁၉ - ၆ ကြိမ်၊
၂၀၂၀ - ၈ ကြိမ်၊
၂၀၂၀ - ၈ ကြိမ်

### တရားဝင်ကိုယ်စားလှယ်အဖွဲ့

ဆွေးနွေးညှိနှိုင်းရေးအဖွဲ့ခေါင်းဆောင် - ယော့ဝ်စစ်

### ဆက်ဆံရေးရုံးများ

(၁) တောင်ကြီး (ဖေဖော်ဝါရီလ ၂၂ ရက်၊ ၂၀၁၂)
(၂) ကျိုင်းတုံ (ဖေဖော်ဝါရီလ ၂၂ ရက်၊ ၂၀၁၂)
(၃) တာချီလိတ် (ဖေဖော်ဝါရီလ ၂၉ ရက်၊ ၂၀၁၂)
(၄) မိုင်းတုံ (ဖေဖော်ဝါရီလ ၂၉ ရက်၊ ၂၀၁၂)
(၅) နိုလမ် (မတ်လ ၂၉ ရက်၊ ၂၀၁၂)
(၆) မူဆယ် (စီးပွားရေးဆိုင်ရာဆက်ဆံရေးရုံး)
(၇) မိုင်းပန် (မတ်လ ၆ ရက်၊ ၂၀၁၄)

### မဟာမိတ်အဖွဲ့များ

PPST ၊ PPWT/CT ၊ UPDJC ၊ JMC အဖွဲ့ဝင်

### ဆက်သွယ်ရန်

ဝက်ဘ်ဆိုက် - http://www.taifreefom.com ၊ http://www.rcssanc.org
အီးမေးလ် - rcssinfordepartment@gmail.com

| အမျိုးသားဒီမိုကရေစီ သွေးစည်းညီညွတ်ရေးအဖွဲ့ - NDAA/ESS | | |
|---|---|---|
| စတင်ဖွဲ့စည်းသည့် နေ့စွဲ | - | ၁၉၈၉ |
| ရုံးချုပ် | - | မိုင်းလား ၊ ရှမ်းပြည်နယ်အရှေ့ပိုင်း |
| လှုပ်ရှားရာ နယ်မြေ | - | မိုင်းလား ၊ ရှမ်းပြည်နယ် (အထူးဒေသ ၄) |
| အင်အား | - | ၃၀၀၀ အထက် |
| ဥက္ကဋ္ဌ | - | စိုင်းလင်း |
| ဒုဥက္ကဋ္ဌ | - | စံဖဲ |
| အထွေထွေအတွင်းရေးမှူး | - | စင်ဆဲန်လ |

ဗမာပြည်ကွန်မြူနစ်ပါတီ(CPB)မှ ခွဲထွက်ကာ ၁၉၈၉ ခုနှစ်တွင် တည်ထောင်ခဲ့သည့် NDAA-ESS သည် ထိုနှစ် ဇွန် ၃၀ ရက်တွင်ပင် တပ်မတော်အစိုးရနှင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုရယူကာ မိုင်းလားမြို့တွင် အခြေစိုက်သော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ဖြစ်သည်။ ၂၀၁၁ ခုနှစ် စက်တင်ဘာနှင့် ဒီဇင်ဘာ လများအတွင်း ဦးသိန်းစိန်အစိုးရနှင့် ပြည်နယ်အဆင့်၊ ပြည်ထောင်စုအဆင့် အပစ်အခတ်ရပ်စဲရေး လက်မှတ်ထိုးခဲ့သော်လည်း NCA ကိုမူ လက်မှတ်ရေးထိုးခဲ့ခြင်း မရှိသည်ကို တွေ့ရပါသည်။

တပ်မတော်နှင့် NDAA-ESS အကြား တိုက်ပွဲဖြစ်ပွားမှုမရှိသော်လည်း NCA တွင် ပါဝင်လက်မှတ်ရေးထိုးရန်အတွက် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် ဦးဆောင်သည့် အစိုးရ၏ ငြိမ်းချမ်းရေးကော်မရှင်နှင့် အလွတ်သဘော ဆွေးနွေးမှုများရှိခဲ့သော်လည်း ၎င်းပါဝင်သည့် FPNCC နှင့်အတူ ၂၁ ရာစု ပင်လုံငြိမ်းချမ်းရေးညီလာခံအတွက် လေ့လာသူအနေဖြင့်သာ တက်ရောက်နိုင်ခဲ့ပါသည်။

သို့သော် NDAA-ESS အနေဖြင့် ၎င်းတို့၏ ပစ်ခတ်မှုရပ်စဲခြင်း နှစ် ၃၀ အတွင်း ငြိမ်းချမ်းရေးတည်ဆောက်မှုသည် အောင်မြင်သည်ဟု ယုံကြည်နေပြီး ငြိမ်းချမ်းဖွံ့ဖြိုးရေးလမ်းစဉ်အတိုင်း လျှောက်လှမ်းမှ သာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ခြင်းနှင့် ပြည်သူလူထု၏ နေထိုင်မှုဘဝ သာယာဝပြောနိုင်မည်ကို သက်သေပြခဲ့ပြီဟု ၂၀၁၉ ခုနှစ် နိုဝင်ဘာ ၃၀ ရက်တွင် ထုတ်ပြန်ခဲ့ပါသည်။

စစ်အာဏာသိမ်းကာလအတွင်း NDAA-ESS ၏ လှုပ်ရှားဆောင် ရွက်မှုအနေဖြင့်မူ ၂၀၂၁ ခုနှစ်ဒီဇင်ဘာလ၁၅ရက်က၎င်းတို့အုပ်ချုပ်သောမိုင်းလားမြို့တွင်မြောက်ပိုင်းမဟာမိတ်အဖွဲ့ဝင်များနှင့် စစ်ကောင်စီ၏ ကိုယ်စားလှယ်များကြား ပြုလုပ်သည့် အလွတ်သဘော တွေ့ဆုံဆွေးနွေးမှုတွင် ပြုလုပ်ခွင့်ပြုခဲ့ပြီး NDAA-ESS လည်း တက်ရောက်ခဲ့သည်။

### အပစ်အခတ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေးဖြစ်စဉ်

ဒုတိယမြောက် အပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ်လက်မှတ်ရေးထိုးသည့် EAO
အဆင့် (၁) နိုင်ငံတော်အဆင့် အပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ်
(စက်တင်ဘာလ ၇ ရက်၊ ၂၀၁၁)
အဆင့် (၂) ပြည်ထောင်စုအဆင့် အပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ်
(ဒီဇင်ဘာလ ၂၇ ရက်၊ ၂၀၁၁)
ယခင်အပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ်
ဇွန်လ ၃၀ ရက်၊ ၁၉၈၉

### တရားဝင်ကိုယ်စားလှယ်အဖွဲ့

အလှည့်ကျ

### ဆက်သွယ်ရေးရုံးများ

ရန်ကုန်၊
တောင်ကြီး၊
ကျိုင်းတုံ၊
တာချီလိတ်၊
မန္တလေး (ပြန်လည်ဖွင့်လှစ်)

# တွေ့ဆုံဆွေးနွေးမှုဆိုင်ရာ အညွှန်းကိန်းများ

# တွေ့ဆုံဆွေးနွေးမှုမှတ်တမ်းများ

စစ်အာဏာမသိမ်းခင် ၂၀၂၁ ခုနှစ် ဇန်နဝါရီလအတွင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဦးဆောင်သည့် အစိုးရကိုယ်စားများနှင့် အပစ်ရပ်တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့များအကြား တွေ့ဆုံဆွေးနွေးမှုများ ရှိခဲ့သော်လည်း ဖေဖော်ဝါရီ ၁ ရက်၊ စစ်အာဏာသိမ်းမှုနှင့်အတူ နိုင်ငံတော်သမ္မတ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အပါအဝင် အစိုးရအဖွဲ့ခေါင်းဆောင်များ ဖမ်းဆီးခံရပြီးနောက် ငြိမ်းချမ်းရေးအရတွေ့ဆုံဆွေးနွေးရေးလုပ်ငန်းစဉ်များလည်း ရပ်တန့်သွားခဲ့ပါသည်။

အာဏာသိမ်းစစ်အုပ်စုအနေဖြင့် ၎င်းတို့စစ်အာဏာမသိမ်းခင် ၂၀၂၁ခုနှစ် နှစ်ဆန်းပိုင်းတွင် ၎င်းတို့၏ လက်အောက်ခံနယ်ခြားစောင့်တပ်ဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးမှုများ ရှိခဲ့သည်ကို တွေ့ရသည်။ ထို့ပြင် အပစ်ရပ်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့်လည်း တွေ့ဆုံဆွေးနွေးမှုရှိခဲ့ပါသည်။ စစ်အာဏာသိမ်းပြီးနောက်ပိုင်းတွင်တော့ ရွေးကောက်ခံအစိုးရ၏ လုပ်ရှားဆောင်ရွက်ချက်များ မြင်တွေ့ရခြင်း မရှိတော့ဘဲ အာဏာသိမ်းစစ်ကောင်စီ၏ ကိုယ်စားလှယ်အဖွဲ့နှင့် တိုင်းရင်းသားလက်နက်တော်လှန်ရေးအဖွဲ့များအကြား အလွတ်သဘောတွေ့ဆုံဆွေးနွေးမှုအချို့ရှိခဲ့ပါသည်။ NCA အရ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကတော့ လုံးဝရပ်တန့်သွားခဲ့သည်ဟု ဆိုရပါသည်။

နွေဦးတော်လှန်ရေးကာလအတွင်း ထွက်ပေါ်လာသည့် အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ (NUCC) တွင် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်း (၈)ဖွဲ့အထိ ပါဝင်ကြောင်း သိရသည့်အတွက် စစ်အာဏာသိမ်းမှုနှင့် စစ်အာဏာရှင်စနစ်ကို ဆန့်ကျင်သော အစုအဖွဲ့များအကြား တွေ့ဆုံဆွေးနွေးမှုများ၊ ပူးပေါင်းဆောင်ရွက်ချက်များရှိနေသည်ကိုတော့ လက်ရှိနိုင်ငံရေးအခြေအနေအရ သိမြင်နိုင်ပါသည်။ NUCC သည် ပြည်သူ့ညီလာခံကျင်းပကာ ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်ကို အတည်ပြုခဲ့ပြီး အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ကို CRPHမှ တဆင့်ဖွဲ့စည်းခဲ့သည်။ ထို့ကြောင့် NUG နှင့် နိုင်ငံတကာအစိုးရများအကြား တရားဝင်ဆက်ဆံရေးကို မြင်တွေ့လာရပါသည်။

ဖော်ပြပါဇယားတွင် ပါရှိသော မှတ်တမ်းအချို့သည် စစ်အာဏာမသိမ်းခင် ၁လအလိုနှင့် စစ်အာဏာသိမ်းကာလ အတွင်း အစုအဖွဲ့အလိုက်တွေ့ဆုံဆွေးနွေးမှုများထဲမှ အချို့သာဖြစ်ပါသည်။

| ရက်စွဲ | အစုအဖွဲ့ ( ၁ ) | အစုအဖွဲ့ ( ၂ ) | အကြောင်းအရာ | Links |
|---|---|---|---|---|
| 18-Jan-2021 | အစိုးရ | အပစ်ရပ်အဖွဲ့များ | အစိုးရနှင့် ဆွေးနွေးပွဲကျင်းပရေး NCA လက်မှတ်ထိုးတိုင်းရင်းသားလက်နက် ကိုင်အဖွဲ့များ ညှိနှိုင်း | https://tinyurl.com/y6ddrwho |
| 24-Jan-2021 | အစိုးရ | အပစ်ရပ်အဖွဲ့များ | အပစ်ရပ် အဖွဲ့များနှင့် အစိုးရတို့ ယခုလကုန် တွင် ဆွေးနွေးနိုင်ရန် ညှိနှိုင်းလျက်ရှိ | https://tinyurl.com/y4rgg9m6 |
| 26-Jan-2021 | အစိုးရ | အရပ်ဖက်အဖွဲ့များ | Government representatives, stakeholders discuss peace processes | https://bit.ly/2Ma0GoE |
| 28-Jan-2021 | အစိုးရ | အပစ်ရပ်အဖွဲ့များ | အစိုးရတပ်မတော်နှင့် အပစ်ရပ် ၁၀ ဖွဲ့ ယနေ့ဆွေးနွေးမည် | https://tinyurl.com/y27th346 |
| 26-Jan-2021 | အစိုးရ | လွှတ်တော် | Government representatives, stakeholders discuss peace processes | https://tinyurl.com/y2v7en4j |
| 22-Mar-2021 | NUG | မိနိုရမ်ဝန်ကြီးချုပ် | မိနိုရမ်ပြည်နယ်ဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံခြား ရေးဝန်ကြီးတို့ အွန်လိုင်းကနေ တွေ့ဆုံဆွေးနွေး | https://bit.ly/3rbMXfz |
| 10-Mar-2022 | NUG | ဩစတြေးလျအမတ် များ | မြန်မာစစ်တပ်ကို တရားစွဲနိုင်ရေး NUG ကိုယ်စားလှယ်နှင့် ဩစတြေးလျလွှတ် တော် အမတ်များ ဆွေးနွေး | https://tinyurl.com/y9gg6w9u |
| 15-Jan-2021 | တပ်မတော် | နယ်ခြားစောင့်တပ် | BGF နှင့် တပ်မတော်ထိပ်ပိုင်း ခေါင်း ဆောင် များဆွေးနွေးမှု အပြီးသတ်ရလဒ် မထွက် | https://tinyurl.com/yxg2szy3 |
| 10-Oct-2021 | အာဏာသိမ်း စစ်တပ် | နိုင်ငံရေးပါတီအချို့ | စစ်ကောင်စီနဲ့ နိုင်ငံရေးပါတီတချို့ တွေ့ဆုံ၊ အချိုးကျ PR စနစ် ကျင့်သုံးရေး ဆွေးနွေး | https://tinyurl.com/yzshmm7x |
| 15-Oct-2021 | အာဏာသိမ်း စစ်တပ် | အပစ်ရပ်အဖွဲ့များ | RCSS အပါအဝင် လက်နက်ကိုင်အများစု NCA(၆)နှစ်ပြည့် အခမ်းအနားတက် | https://tinyurl.com/yf4cuqpq |
| 1-Nov-2021 | အာဏာသိမ်း စစ်တပ် | ကချင်ငြိမ်းချမ်းရေး အကျိုးတော်ဆောင် | ကချင်ငြိမ်းချမ်းရေး အကျိုးဆောင်များ စစ်ကောင်စီနှင့်တွေ့ဆုံ | https://tinyurl.com/ydwfkow2 |
| 15-Dec-2021 | အာဏာသိမ်း စစ်တပ် | FPNCC | မိုင်းလားတွင် စစ်ကောင်စီနှင့် မြောက်ပိုင်း မဟာမိတ် တပ်ဖွဲ့ (FPNCC) တွေ့ဆုံ | https://tinyurl.com/y4s5mrbp |
| 23-Jan-2021 | အပစ်ရပ် အဖွဲ့များ | အစိုးရ | အပစ်ရပ် အဖွဲ့များနှင့် အစိုးရတို့ ယခုလကုန်တွင် ဆွေးနွေးနိုင်ရန် ညှိနှိုင်းလျက်ရှိ | https://bit.ly/39eAfab |
| 19-Feb-2021 | အပစ်ရပ် အဖွဲ့များ | | ငြိမ်းချမ်းရေး လုပ်ငန်းစဉ် ဆက်လက် အကောင်အထည်ဖော်သင့် မဖော်သင့် အပစ်ရပ်အဖွဲ့များအကြား ဆွေးနွေးနေ | https://tinyurl.com/y8chbm2c |

| | | | | |
|---|---|---|---|---|
| 25-Apr-2021 | PPST | | ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဦးဆောင်အဖွဲ့ (PPST) အစည်းအဝေး (၁၅/၂၀၂၁) Video Conferencing ဖြင့် ကျင်းပ | https://cutt.ly/Mv8PsNi |
| 27-May-2021 | PPST | | ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဦးဆောင်အဖွဲ့ (PPST) အစည်းအဝေး (၁၆/၂၀၂၁) Video Conferencing ဖြင့် ကျင်းပ | https://tinyurl.com/yzgawg2u |
| 1-Jul-2021 | PPST | | တိုင်းရင်းသားအချင်းချင်း စစ်ရေးပွတ်တိုက်မှုတွေ ပိုလာနိုင်တယ်လို့ PPST ခေါင်းဆောင်သတိပေး | https://tinyurl.com/yhpok2w4 |
| 1-Jul-2021 | PPST | | စစ်အာဏာသိမ်းမှုကြောင့် ပြည်သူလူထုအတိဒုက္ခရောက်နေဟု ဗိုလ်ချုပ်ကြီးယွက်စစ်ပြော | https://tinyurl.com/yep4b6ma |
| 7-Jul-2021 | PPST | | NCA-S များ၏ ဦးဆောင်အဖွဲ့ PPST က တပ်မတော်နှင့် ဆွေးနွေးပွဲများ ရပ်ထားမည် | https://tinyurl.com/ye64x8yr |
| 4-Aug-2021 | PPST | | ငတ်မွတ်ခေါင်းပါးမှု ဘေးကြုံရဖွယ်ရှိကြောင်း PPST ခေါင်းဆောင် သတိပေး | https://tinyurl.com/yzqdmlhd |
| 7-Sep-2021 | PPST | | ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဦးဆောင်အဖွဲ့ (PPST) အစည်းအဝေး (၁၉/၂၀၂၁) Video Conferencing ဖြင့် ကျင်းပ | https://tinyurl.com/yznqym8g |
| 13-Oct-2021 | PPST | | Peace Process Steering Team (PPST) Meeting (20/ 2021) | https://bit.ly/3k3RboT |
| 11-Mar-2022 | PPST | | လာမယ့် အစည်းအဝေးမှာ PPST ရဲ့ နိုင်ငံရေးလမ်းပြမြေပုံ ဆွေးနွေးအတည်ပြုမယ်လို့ ဆို | https://tinyurl.com/ya2pvfy2 |
| 22-Jan-2021 | မြောက်ပိုင်း မဟာမိတ် (၄)ဖွဲ့ | အစိုးရ | Four ethnic groups in negotiations to find new meeting venue: PCG | https://bit.ly/3c58VNm |
| 10-Mar-2022 | KNU | Nippon | KNU နှင့် နိပွန်ဖောင်ဒေးရှင်း ဥက္ကဋ္ဌများတွေ့ ဆုံမှု နိုင်ငံရေးကိစ္စ ဆွေးနွေးခြင်းမဟုတ် | https://tinyurl.com/y84yv9bm |
| 10-Mar-2022 | EAOs | Nippon | ဂျပန် ကိုယ်စားလှယ်နှင့် လက်နက်ကိုင်အဖွဲ့အချို့ တွေ့ဆုံ | https://tinyurl.com/y9ny6lpy |
| 28-Mar-2022 | RCSS | အာဏာသိမ်းစစ်တပ် | ဓရှာတောင်ချိန်□ဂျ ထုတ်နေမေ□မဂြ ဆက်ရှပ်ဟုဘွာမည်ဟု RCSS ပွဲဓာ | https://tinyurl.com/y8udda7t |

# နွေဦးတော်လှန်ရေး
# လှုပ်ရှားမှုများ

“

ငါတို့

ငြိမ်ချင်ငြိမ်မယ်၊

လုပ်ချင်လုပ်မယ်၊

လုံးဝ

အုပ်ချုပ်ခွင့်

မရစေရ။

”

(နွေဦးတော်လှန်ရေးကြွေးကြော်သံ)

(အပတ်စဉ် သတင်းသုံးသပ်ချက်၊ အမှတ်စဉ် ၄၈)

## နိဒါန်း

၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်သည် စစ်အာဏာသိမ်းခြင်း တစ်နှစ်တင်းတင်းပြည့်သည့်နေ့ ဖြစ်သည်။ သို့သော် 'အလံမလိတ် အသံမတိတ် တော်လှန်ရေးသပိတ်' ဆိုသည့် ကြွေးကြော်သံကဲ့သို့ပင် ပြည်သူလူထုသည် စစ်တပ်က အကြမ်းဖက် အနိုင်ကျင့်နေသည့် ကြားက နည်းမျိုးစုံနှင့် စစ်အာဏာရှင် အလိုမရှိကြောင်း ဆန္ဒဖော်ထုတ်နေကြဆဲ ဖြစ်သည်။

## ဖြစ်စဉ်များ

တပ်မတော်မှ အာဏာသိမ်းလိုက်ပြီဆိုသည့် သတင်းဆိုးတစ်ခုသည် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက် နံနက်ခင်းတွင် ပြည်သူလူထုထံသို့ ရုတ်ခြည်း ရောက်ရှိလာခဲ့သည်။ ကိုဗစ်ကပ်ဆိုးမှ လွတ်မြောက်စပြုနေသည့်လူထုသည်စစ်အာဏာရှင်လက်အောက်ကိုမမျှော်လင့်ဘဲရောက်ခဲ့ကြရသည်။ သို့သော် ခေါင်းငုံ့အငြိမ်နေပြီး အုပ်ချုပ်ခံခြင်းမရှိဘဲ နွေဦးတော်လှန်ရေးဆိုသည့် ဆန္ဒပြပွဲများ တစတစ တိုးပွားပြီး အရှိန်မြင့်လာခဲ့ပါတော့သည်။ နွေဦးတော်လှန်ရေး၏ လက္ခဏာတစ်ခုဖြစ်သည့် လက်သုံးချောင်းထောင်ပြီး လူမှုကွန်ရက်များမှ စစ်အာဏာသိမ်းမှုကို ဆန့်ကျင်ခြင်းမှတစ်ဆင့် လမ်းပေါ်မှာ စီးတန်းလှည့်လည်သည့် သပိတ်များ၊ နေ့စဉ် သံပုံးတီးခြင်းသပိတ်၊ ဓါကြိုးနီလှုပ်ရှားမှု၊

အာဏာသိမ်းစစ်ကောင်စီ၏ အုပ်ချုပ်ရေးယန္တရား ယိုယွင်းပျက်စီးစေသော အာဏာရှင်ဖီဆန်သည့် CDM လှုပ်ရှားမှုစသဖြင့် အနယ်နယ်အရပ်ရပ်မှာ ဆန္ဒပြပွဲများ စတင်ခဲ့ပါတော့သည်။

သိသာထင်ရှားသည့် ဆန္ဒပြပွဲများတွင် နိုင်ငံအနှံ့ ဆေးရုံများမှ လက်တောက်ဆရာဝန်များ အလုပ်မဆင်းရန် ဖေဖော်ဝါရီ ၁ ရက်တွင် ဆုံးဖြတ်ခဲ့ကြပြီး ဖေဖော်ဝါရီ ၂ ရက်မှ စတင်ကာ အလုပ်မဆင်းကြတော့ဘဲ 'ရုံးမတက်နဲ့ ရှုန်းထွက်' ဟု ဟစ်ကြွေးခဲ့ကြပါသည်။ ယင်းနေ့တွင် ရန်ကုန် အပါအဝင် မြို့အချို့၌ အနည်းငယ်သော လူထုက လမ်းပေါ်ထွက်စပြခဲ့ကြသော်လည်း ဖေဖော်ဝါရီ ၄ ရက်တွင် မန္တလေးဆေးတက္ကသိုလ်ရှေ့က လူအယောက် ၃၀ ခန့် ဆန္ဒပြခဲ့မှုကို စစ်ကောင်စီမှ လိုက်လံဖမ်းဆီးခြင်းက လူထုကို သတိပြုမိစေခဲ့သည်။ ဆန္ဒပြပွဲများသည် တစ်ရက်ထက် တစ်ရက် အရှိန်အဟုန်မြင့်တက်ခဲ့ပြီး ဖေဖော်ဝါရီ ၂ ရက်တွင် ၂၂၂၂ ပြည်လုံးကျွတ် သပိတ်ဖြင့် တစ်နိုင်ငံလုံး လှုပ်ခတ်သွားခဲ့ပြီး

> ငြိမ်းချမ်းစွာဆန္ဒပြနေသူများကို စစ်ကောင်စီက စစ်ကားဖြင့် ဝင်တိုက်ခဲ့သည်။ တစ်ဖက်မှာ စစ်ကောင်စီက ရက်စက်မှုအပေါင်း သရုပ်ဆောင်းပြီး ငြိမ်းချမ်းစွာ ဆန္ဒပြသည့် ပြည်သူလူထုကို အသက်အိုးအိမ်ပျက်စီးဆုံးရှုံးအောင်ထိ အကြမ်းဖက်ဖြိုခွင်းမှုများကို ပြုလုပ်ခဲ့သည်။

လှည်းနေလှေအောင်း မြင်းဖောင်းမကျန် စစ်အာဏာရှင်ကို အလိုမရှိကြောင်း ဖော်လှန်ခဲ့ကြပါ သည်။

ပြည်သူလူထုသည် နေ့ဘက်တွင် ပုံစံမျိုးစုံဖြင့် ဆန္ဒပြခဲ့ကြပြီး ညဘက်တွင်လည်း အာဏာသိမ်းစံရသည့် ညမှစပြီး ည ၈ နာရီမှ ၈ နာရီ ၁၅ မိနစ်အထိ သံပုံးတီး ဆန္ဒပြမှုကို တက်ညီလက်ညီ ပြုလုပ်ခဲ့ကြသည်။ သံပုံးတီးသံနှင့်အတူ ကမ္ဘာမကြေဘူးနှင့် သွေးသစ္စာသီချင်း ဟစ်ကြွေးသံတို့ သည်လည်း သောသောညံခဲ့ရသည်။

တစ်ဖက်မှာလည်း နေပြည်တော် ပြည်ထောင်စု ဝန်ကြီးရုံးမှ ဝန်ထမ်းများ၊ ကျန်းမာရေးဝန်ထမ်းများ၊ ပညာရေးဝန်ထမ်းများ၊ မီးရထားဝန်ထမ်းများနှင့် အခြားဌာနဆိုင်ရာများမှ ဝန်ထမ်းများအပါအဝင် ဝန်ကြီးဌာန ၂၂ ခုမှ ဌာနပေါင်း ၈၀၀ ကျော်မှ ဝန်ထမ်းများသည် အာဏာဖီဆန်ရေးလှုပ်ရှားမှုတွင် ပါဝင်ခဲ့သည်၊ ဖေဖော်ဝါရီ ၈ ရက်တွင် မြန်မာ့မီးရထားမှ ဝန်ထမ်းများအားလုံး အာဏာဖီဆန်ရေး လှုပ်ရှားမှုတွင်ပါဝင်ခဲ့ပြီး မီးရထားလုပ်ငန်းတစ်ခုလုံး ရပ်တန့်ခဲ့သည်၊ ဖေဖော်ဝါရီ ၁၇ ရက်တွင်ပြုလုပ်ခဲ့သည့် ကားပျက်လှုပ်ရှားမှုနှင့် အနေးကားမောင်းလှုပ်ရှားမှုသပိတ်ကလည်း စစ်အာဏာရှင်ကို ဗျာများစေခဲ့သည်၊

ဆန္ဒပြပွဲများသည် လက်သုံးချောင်းထောင်ထားသည့် အရေးတော်ပုံအောင်ရမည်မှ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု မုချတည်ဆောက်နိုင်ရမည်၊ အာဏာရှင်စနစ်ဟူသမျှ မုချ ကျရှုံးရမည်၊ သွေးအေးသွားရင် ခွင့်မလွှတ်ကြေး၊ အဆုံးသတ်တိုက်ပွဲ ဒို့ဆင်နွှဲ၊ ပြည်တော်ဝင်ဖို့ရှန်းကြစို့ စသဖြင့်ထိ တော်လှန်ရေးစနီး ကြာမြင့်လာသည်နှင့်အမျှ ဆန္ဒပြပွဲကြွေးကြော်သံများလည်း တစစ ပြောင်းလဲခဲ့သည်။

ဒီဇင်ဘာ ၅ ရက်တွင် ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ပန်းပင်ကြီးလမ်းတွင် စစ်အာဏာရှင် ဆန့်ကျင်ရေးဆန္ဒပြပွဲ ပြုလုပ်ခဲ့ပြီး၊ ငြိမ်းချမ်းစွာဆန္ဒပြနေသူများကို စစ်ကောင်စီက စစ်ကားဖြင့် ဝင်တိုက်ခဲ့သည်၊ တစ်ဖက်မှာ စစ်ကောင်စီက ရက်စက်မှုအပေါင်း သရုပ်ဆောင်းပြီး ငြိမ်းချမ်းစွာ

ဆန္ဒပြသည့် ပြည်သူလူထုကို အသက်အိုးအိမ် ပျက်စီးဆုံးရှုံးအောင်ထိ အကြမ်းဖက်ဖြိုခွင်းမှုများကို ပြုလုပ်ခဲ့သည်။ သို့သော် 'ငါတို့ ငြိမ်ချင် ငြိမ်မယ် လှုပ်ချင် လှုပ်မယ် လုံးဝ အုပ်ချုပ်ခွင့် မရစေရ' ဆိုသည့် သပိတ်ကြွေးကြော်သံကဲ့သို့ပင် ယနေ့အချိန်ထိ ဆန္ဒပြပွဲများ ဆိုတက်နေကြဆဲဖြစ်သည်။

## သုံးသပ်ချက်

စစ်အာဏာရှင် မလိုလားသော ပြည်သူလူထုသည် သပိတ်များကို မည်သူမည်ဝါ ဦးဆောင်သည်ကိုပင် ဂရုမမူနိုင်တော့ဘဲ အာဏာသိမ်းစစ်ကောင်စီ အလိုမရှိကြောင်း ပြသရမည်ဆိုလျှင် ပါဝင်လိုက်သည်ပင် ဖြစ်သည်။ ၂၀၂၁ ဖေဖော်ဝါရီ၁ရက်၊ စစ်အာဏာသိမ်းချိန်မှစတင်ပြီး တစ်နှစ်ပြည့်ချိန်အထိ စစ်အာဏာသိမ်းမှုနှင့် စစ်အာဏာသိမ်းရှင်ဆန့်ကျင်အတွက်မှ 'လမ်းပေါ်ထွက် စုဝေးပြရမလား၊ အပြင်မထွက်ဘဲ အိမ်တွင်းနေပြရမလား၊ ဟစ်ကြွေးပြရမလား၊ ငြိမ်သက်ပြရမလား' မည်သည့်နည်းလမ်းတွင်မဆို ပြည်သူလူထုအတွက် အဆင်သင့်ဖြစ်နေခဲ့သည်ကို တွေ့ရပါသည်။

၂၀၂၂ ဖေဖော်ဝါရီ ၁ ရက်၊ စစ်အာဏာသိမ်းကာလ တစ်နှစ်ပြည့်အဖြစ် မြန်မာတစ်နိုင်ငံလုံးအတိုင်းအတာဖြင့် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအထိ လမ်းပေါ်မထွက်၊ ရုံးမတက်၊ ဈေးမရောင်းစသဖြင့် တိတ်ဆိတ်ငြိမ်သက်ခြင်းကို ပြသခဲ့ကြပြီး ညနေ လေးနာရီကျော်သည်နှင့် လက်ခုပ်လက်ဝါးများ တီးခတ်ကာ 'အရေးတော်ပုံ အောင်ရမည်' ဆိုသည့် ဟစ်ကြွေးသံများကို ကျယ်လောင်စေခဲ့သည်။ တိုင်းပြည်အာဏာ လုယူထားသည့် အာဏာသိမ်းစစ်ခေါင်းဆောင်နှင့် အစေအပါးတစ်သိုက်အတွက် ယင်းအသံတိတ် သပိတ်သည် တုန်လှုပ်ချောက်ချားစေခဲ့သည်ကတော့ ၎င်းတို့၏ ဖိနှိပ်မှုများကို ရှုကြည့်လျှင် သိနိုင်ပါသည်။

အာဏာသိမ်းစစ်ကောင်စီသည် အာဏာသိမ်းကာလတစ်လျှောက် ပြည်သူလူထုအပေါ် အရက်စက် အကြမ်းကြုတ်ဆုံး လုပ်ရပ်များကို ပြုလုပ်ခဲ့ပြီး ပြည်သူကို ရန်သူသဖွယ်သဘောထားပြီး တိုက်ခိုက် ချေမှုန်းခဲ့သည်။ လက်နက်ကြီး လက်နက်ငယ်များဖြင့် တိုက်ခိုက်ချေမှုန်းရုံမက ကယား၊ ချင်းနှင့် မြန်မာနိုင်ငံအလယ်ပိုင်းတစ်ခွင်တွင် လေကြောင်းတိုက်ခိုက်မှုများ ပြုလုပ်ခဲ့သည်။ စစ်တပ်၏ အကြမ်းဖက်မှုကြောင့် နေပြည်တော်ဆန္ဒပြပွဲမှာ ကျဆုံးခဲ့သည့် မြသွဲ့သွဲ့ခိုင်အပါအဝင် သေဆုံးသူပေါင်း ၁၅၀၀ ကျော်ခဲ့ပြီး စစ်အာဏာရှင်လက်ပါးစေများသည် ပြည်သူလူထုကို သတ်ဖြတ်ဆဲဖြစ်သည်။ သို့သော် လူထု၏ လှုပ်ရှားသံနှင့် တိတ်ဆိတ်သံတို့သည် စစ်အာဏာရှင်တစ်စုအတွက် တုန်လှုပ်စရာ ဖြစ်နေဆဲ ဖြစ်သည်။

# အပြန့်ကျယ်လာသည့် နွေဦးတော်လှန်ရေး၏ ခုခံတော်လှန်စစ်

(အပတ်စဉ် သတင်းသုံးသပ်ချက်၊ အမှတ်စဉ် ၅၁)

## နိဒါန်း

ကာချုပ်မင်းအောင်လှိုင်၏ စစ်အာဏာသိမ်းမှုနှင့်အတူ တစ်ပြိုင်တည်း ကပ်ပါလာသည့် ပြည်သူလူထု၏ စစ်အာဏာသိမ်းမှု ဆန့်ကျင်ရေးလှုပ်ရှားမှုသည် အကြမ်းမဖက် ငြိမ်းချမ်းစွာ ဆန့်ကျင် ဆန္ဒဖော်ထုတ်ရေးမှ ခုခံတော်လှန်စစ်အထိ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အပြန့်ကျယ် လာခဲ့ပါသည်။ ယနေ့အချိန်၊ စစ်အာဏာသိမ်းကာလ ၁၅ လ ကျော် ကြာမြင့်လာသည့်တိုင် အကြမ်း မဖက် ငြိမ်းချမ်းစွာ ဆန္ဒဖော်နေကြသော စစ်အာဏာသိမ်းမှုဆန့်ကျင်ရေး သပိတ်စစ်ကြောင်းများ၊ ပြောက်ကျားသပိတ်လှုပ်ရှားမှုများသည် အသွင်သဏ္ဌာန်အမျိုးမျိုး၊ ကြွေးကြော်သံအဖုံဖုံဖြင့် တက် ကြွစွာ လှုပ်ရှားနေကြဆဲ ဖြစ်ပါသည်။

ထိုအနက် အာဏာသိမ်းစစ်ကောင်စီနှင့် အစေအပါးတစ်သိုက်၏ အကြမ်းဖက်ဖြိုခွင်းမှုများ၊ ဖမ်းဆီးညှဉ်းပန်းသတ်ဖြတ်မှုများ၊ ဦးခေါင်းတည့်တည့်ကို ချိန်ရွယ်ပစ်ခတ်ခြင်းစသည့် ပစ် ခတ်သတ်ဖြတ်မှုများကြောင့် စစ်အာဏာရှင်စနစ်ဆန့်ကျင်သော ရဟန်းရှင်လူ၊ ကျောင်းသားပြည်သူ လူငယ်လူရွယ်များအနေဖြင့် ရရာလက်နက်စွဲကိုင်ကာ မိမိကိုယ်မိမိ ကာကွယ်ရေးအစီအမံများ ပြု လုပ်ပြီး ခုခံတော်လှန်စစ် ဆင်နွှဲကြသည်အထိ နွေဦးတော်လှန်ရေးသည် အဆင့်ဆင့် ပြောင်းလဲ ဖြစ်တည်လာခဲ့ပါသည်။

## တွေ့ရှိချက်များ

မိမိတို့ Myanmar Peace Monitor ၏ မှတ်တမ်းများအရ ၂၀၂၁ ခုနှစ် မေလမှ ၂၀၂၂ ခုနှစ် မတ်လကုန်အထိ ၁၁ လ အတွင်း ပြည်နယ်နှင့် တိုင်းအလိုက် စစ်တော်လှန်စစ်ဆင်နွှဲနေကြသော မြို့ပြဒေသအလိုက် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (PDF) များနှင့် အာဏာသိမ်းစစ်ကောင်စီအကြား တိုက်ပွဲဖြစ်ပွားမှုပေါင်း ၅၇၅ ရက်အထိ ရှိခဲ့ပြီး အကြိမ်ရေ အားဖြင့်မှ ယခုထက် ပိုမိုများပြားနိုင်ပါသည်။ တိုက်ပွဲဖြစ်ပွားမှုအများဆုံးဒေသအဖြစ် စစ်ကိုင်းတိုင်းအတွင်း တိုက်ပွဲဖြစ်ရက်ပေါင်း ၁၉၀ အထိ ရှိခဲ့ပြီး ဒုတိယမြောက် တိုက်ပွဲဖြစ်ပွားမှု အများဆုံးဒေသအဖြစ် ချင်းပြည်နယ်အတွင်း တိုက်ပွဲဖြစ်ရက်ပေါင်း ၁၀၀ အထိရှိခဲ့ပါသည်။ ထို့ပြင် မကွေးတိုင်းအတွင်း တိုက်ပွဲဖြစ်ရက်ပေါင်း ၇၀၊ ကရင်နီ (ကယား) ပြည်နယ်တွင် တိုက်ပွဲဖြစ်ရက်ပေါင်း ၅၉ ရက်၊ ရှမ်းပြည်နယ် တွင် တိုက်ပွဲဖြစ် ရက်ပေါင်း ၃၆ ရက်အထိ အာဏာသိမ်းစစ်ကောင်စီနှင့် PDF များအကြား တိုက်ပွဲဖြစ်ပွားခဲ့ပါသည်။ ရန်ကုန်၊ မန္တလေး၊ တနင်္သာရီတိုင်းနှင့် မွန်ပြည်နယ်အတွင်းတွင်လည်း တိုက်ပွဲဖြစ်ရက်ပေါင်း ၈၈ ရက်အထိ ဖြစ်ပွားခဲ့သည်။ တိုင်းရင်းသားလက်နက်ကိုင်တော်လှန် ရေးအဖွဲ့များ အားကောင်းရာ ကချင်နှင့် ကရင်ပြည်နယ်အတွင်းတွင် လည်း စစ်ကောင်စီတပ်နှင့် PDF အကြား တိုက်ပွဲဖြစ်ပွားမှုရက်ပေါင်း ၁၉ ရက် ရှိခဲ့ပါသည်။ နေပြည်တော်၊ ပဲခူးနှင့် အာဏာသိမ်းစစ်အုပ်စုအကြီးအကဲများနေထိုင်ရာနေပြည် တော်ကောင်စီနယ်မြေအတွင်းတွင်ပင် အာဏာသိမ်းစစ်ကောင်စီတပ်အား မိုင်းဆွဲတိုက်ခိုက်မှု အပါအဝင် ထိတွေ့တိုက်ပွဲဖြစ်ပွားမှုများ ရှိခဲ့သည်။

> **စစ်အာဏာရှင်ဟောင်း အငြိမ်းစား ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ နေအိမ် လုံခြုံရေးယူပေးထားသည့် စစ်ကောင်စီတပ်သား သုံးဦးအား ကျောက်ဆည်ခရိုင်ကာကွယ်ရေးတပ်ဖွဲ့ (KDDF) က ဗုံးသီးဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ပါသည်။**

NUG ၏ အစီရင်ခံစာအရ ၎င်းတို့၏ ကာကွယ်ရေးဝန်ကြီးဌာန အနေဖြင့် ပြည်သူ့ကာကွယ်ရေး တပ်မတော် (PDF) တပ်ရင်းပေါင်း ၂၅၉ ခုအထိ ဖွဲ့စည်းထားသည့်အပြင် မြို့နယ်ပေါင်း ၂၅၀ တွင်လည်း ပြည်သူ့ကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းထားပြီဟုဆိုပါသည်။ ထို့ပြင် ၎င်းတို့၏ စာရင်းအရ ပြည်နယ်နှင့်တိုင်းအသီးသီးမှ မြို့ပြကျေးလက် ဒေသအလိုက် ကာကွယ်ရေးတပ်ဖွဲ့ပေါင်း ၄၀၀ ခု အနက် ၁၀၀ကျော် ကို ချိတ်ဆက်ပူးပေါင်းထားနိုင်ပြီဟု သိရပါသည်။ NUG အနေဖြင့် စစ်ဒေသများခွဲခြန်ကာ မြို့ပြတိုက်ပွဲကဲ့သို့ စစ်ကောင်စီ၏ စီးပွားရေး ထောက်တိုင်များကို ပစ်မှတ် ထား ပြီးချက်တိုက်ခိုက်လျက်ရှိကြောင်း သိရပါသည်၊ ဥပမာ - ပုံလွှားအောင် စစ်ဆင်ရေး၊ နန်းထိုက်အောင် စစ်ဆင်ရေး စသဖြင့်။

## ထူးခြားဖြစ်စဉ်များ

၂၀၂၂ ခုနှစ် ဧပြီလ ၂၂ ရက် နံနက် ၁၀ နာရီခွဲဝန်းကျင်တွင် မန္တလေးတိုင်း၊ ကျောက်ဆည်မြို့၊ ဆူးကုန်းရပ်ကွက်ရှိ စစ်အာဏာရှင် ဟောင်း အငြိမ်းစားဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ နေအိမ်လုံခြုံရေး ယူပေးထားသည့် စစ်ကောင်စီ တပ်သားသုံးဦးအား ကျောက်ဆည်ခရိုင်ကာကွယ်ရေးတပ်ဖွဲ့ (KDDF) က ဗုံးသီးဖြင့် ပစ်ခတ် တိုက်ခိုက်ခဲ့ပါသည်။ KDDF သည် ၂၀၂၁ ခုနှစ် စက်တင်ဘာ ၁၁ ရက်ကလည်း ၎င်းနေအိမ်ကို ဗုံးဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ဖူးပါသည်။

အာဏာသိမ်းစစ်ခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အခြားစစ်ခေါင်းဆောင်များ

နေထိုင်ရာ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အင်းလျားလမ်းရှိ ဖော်ဂျီလမ်းနှင့် ပန်းဝါလမ်းထောင့်ရှိ နေအိမ်မြံဝင်းအဝင်တွင် လုံခြုံရေးယူထားသော စစ်ကောင်စီတပ်သားများအား ဧပြီ ၁၀ ရက် ညနေ ၄ နာရီခန့်တွင် မြို့ပြတော်လှန်ရေးတပ်ဖွဲ့ဝင်များက ပစ်ခတ်တိုက်ခိုက်ခဲ့ပါသည်။ အဆိုပါ ပစ်ခတ်တိုက်ခိုက်မှုသည် NUG ကာကွယ်ရေးဝန်ကြီးဌာန တောင်ပိုင်းတိုင်းမှ နန်းထိုက်အောင် စစ်ဆင်ရေး၏ အစိတ်အပိုင်းဖြစ်ပြီး စစ်ကောင်စီနှင့် ဆက်နွယ်နေသည့်ပစ်မှတ်များ တိုက်ခိုက်သွားမည့်အကြောင်း ပစ်ခတ်တိုက်ခိုက်မှု ရုပ်သံဖိုင်နှင့်အတူ ရန်ကုန်တိုင်းစစ်ဒေသကွပ်ကဲရေးဌာနက ထုတ်ပြန်ခဲ့ပါသည်။

ရန်ကုန်မြို့ လမ်းမတော်မြို့နယ်၏ လုံခြုံရေးနှင့် အုပ်ချုပ်ရေးပိုင်ဆိုင်ရာ တာဝန်ယူထားသည့် အာဏာသိမ်းစစ်ကောင်စီမှ ဗိုလ်မှူးကျော်မြင့်အောင်ကို ဧပြီလ ၁၀ ရက်တွင် နန်းထိုက်အောင် စစ်ဆင်ရေး-မြို့ပြပြောက်ကျားအဖွဲ့က ပစ်ခတ်ရှင်းလင်းခဲ့ပါသည်။ အဆိုပါ ပစ်ခတ်ခံရပြီး သေဆုံးသွားသူသည် DSA အပတ်စဉ် ၄၈ ဆင်း၊ ကွန်မျူတာအထူးပြုဘွဲ့ရဖြစ်ပြီး ရုရှားနိုင်ငံမှ ME ဘွဲ့ရရှိထားသူ ဖြစ်ကြောင်း သိရပါသည်။

ဆိုခဲ့ပါ ဖြစ်စဉ်အချို့သည် ယခု ဧပြီလအတွင်း မြင်တွေ့ရသော ခုခံတော်လှန်စစ်၏ အချို့သော မြင်ကွင်းမျှသာ ဖြစ်ပါသည်။ အာဏာသိမ်းစစ်ကောင်စီနှင့် အဓေအပါးများသည် နွေဦးတော်လှန်ရေး၏ ခုခံတော်လှန်စစ် အပြန့်ကျယ်လာသည်နှင့်အမျှ ၎င်းတို့အတွက် လုံခြုံမှု မရှိတော့သည်ကို ဆိုခဲ့ပါ ဖြစ်စဉ်အချို့က သက်သေပြနေသည်ဟု ဆိုရပါမည်။

## သုံးသပ်တင်ပြချက်

အာဏာသိမ်းစစ်ကောင်စီ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် ရရာလက်နက်စွဲကိုင်ကာ ခုခံတော်လှန်ခဲ့ကြသော တောင်တန်းမြေပြန့်ဒေသအလိုက် မြို့ပြဒေသကာကွယ်ရေးအင်အားစုများသည် ချွန်းနှင့် စစ်ကိုင်းတွင် လက်လုပ် တူမီးသေနတ်ဖြင့် စသည်၊ ရန်ကုန်မြို့ပြတွင်မူ လေးခွ၊ တုတ်၊ ဓားမှ စသည့် လက်လုပ်လေသေနတ်ဖြင့် စသည်၊ ယခုအခါ လက်လုပ်မိုင်းများ ထုတ်လုပ်တိုက်ခိုက်လာနိုင်ပြီဖြစ်သည်။ ရှေ့တိုက်ဒုံးများ တီထွင်ထုတ်လုပ်လာနိုင်ပြီ ဖြစ်သည်။ သို့သော် ဆယ်စုနှစ်ပေါင်းများစွာ အချိန်ယူ တည်ဆောက်ထားသည့် အာဏာသိမ်းစစ်ကောင်စီတပ်သည် ကြည်း၊ ရေ၊ လေ ပူးပေါင်းစစ်ဆင်ရေးများပါ အသုံးပြုတိုက်ခိုက်နေသည်။

သို့နှင့်တိုင် နွေဦးတော်လှန်ရေး၏ ခုခံတော်လှန်စစ်အင်အားစုများသည် စစ်ကောင်စီတပ်၏ ခြေလှမ်းစစ်ကြောင်းတိုင်းကို ချေမှုန်းတိုက်ခိုက်လာနိုင်သည်ကို တွေ့ရသည်။ မြို့ပြတိုက်ပွဲများတွင် စစ်ကောင်စီ၏ အဓိကထောက်တိုင်များကို ဦးစားပေး ဖြိုဖျက် တိုက်ခိုက်လျက်ရှိသည်။ ဆိုရသော် နွေဦးတော်လှန်ရေး၏ ခုခံတော်လှန်စစ်သည် မြန်မာတစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျယ်ပြန့်နက်ရှိုင်းစွာ စိမ့်ဝင် ဖြိုဖျက်လျက်ရှိသည်ဟု ဆိုနိုင်ပါသည်။

မိမိတို့ Myanmar Peace Monitor ၏ စစ်အာဏာသိမ်းကာလအတွင်း မှတ်တမ်းများအရ တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းများ၊ မြို့ပြဒေသအလိုက်ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့(PDF)များနှင့် အာဏာသိမ်းစစ်တပ်အကြား တိုက်ပွဲဖြစ်ပွားမှုရက်ပေါင်း ၉၂၈ ရက်အထိ ရှိခဲ့ပြီး ထိုအနက် ရက်ပေါင်း ၅၇၅ ရက်သည် PDF နှင့် စစ်ကောင်စီတပ်အကြားဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် နွေဦးတော်လှန်ရေး၏ ခုခံတော်လှန်စစ်သည် အရှိန်အဟုန်ဖြင့် အပြန့်ကျယ်လျက် ရှိနေသည်ဟု ဆိုရပါမည်။

၂၀၂၂ ခုနှစ် ဧပြီ ၂၂ ရက်နေ့ စစ်ခေါင်းဆောင်ကိုယ်တိုင်ထွက်ကာ တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းများ၏ ခေါင်းဆောင်များအား တွေ့ဆုံဆွေးနွေးရေးအတွက် မျက်နှာပြောင်တိုက်ကာ ဖိတ်ခေါ်ခဲ့ခြင်းဖြစ်သည်၊ အကြောင်းမှ အာဏာသိမ်းစစ်ဦးစီးချုပ်ရုံးမှ နောက်ဆက်တွဲထုတ်ပြန်ချက်သည် ၎င်းတို့၏ စိတ်မလုံခြုံမှုကို ပိုမိုထင်ရှားစေသည်ဟု သုံးသပ်ရပါသည်။

# ပြည်သူ့ညီလာခံ ပြည်သူ့ဆန္ဒ တစ်ထပ်တည်း ကျ မကျ

(အပတ်စဉ် သတင်းသုံးသပ်ချက်၊ အမှတ်စဉ် ၄၁)

## နိဒါန်း

အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ (NUCC) မှ ဦးဆောင်ပြုလုပ်သော သုံးရက်ကြာ ပထမအကြိမ် ပြည်သူ့ညီလာခံတွင် မြန်မာ့နွေဦးတော်လှန်ရေး၏ အဓိကရည်မှန်းချက်ပန်းတိုင်များကို အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)က အချက်နှစ်ချက်ဖြင့် သရုပ်ခွဲပြသည်။ 'အာဏာရှင်စနစ်ပေါင်းစုံကို အမြစ်ဖြုတ် တော်လှန်ရေးနှင့် စစ်မှန်သည့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေး' ဟူ၏။

၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၇ ရက်မှ ၂၉ ရက်အထိ ကျင်းပခဲ့သည့် ပြည်သူ့ညီလာခံ ပြီးဆုံးချိန်တွင်တော့ ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ် အစိတ်အပိုင်း ၂ ကို အတည်ပြုခဲ့ပါသည်။ ၂၀၂၁ ခုနှစ် မတ်လထဲတွင် ကြေညာခဲ့ပြီး ပြည့်စုံမှုမရှိသဖြင့် ဝေဖန်ခံခဲ့ရသည့် ဆိုခဲ့ပါ ပဋိညာဉ်ကို ၂၀၂၁ ခုနှစ် မေလမှ ၂၀၂၂ ခုနှစ် ဇန်နဝါရီလထဲအထိ ကိုးလကျော် ဆယ်လနီးပါး ပြန်လည်ဆွေးနွေး အတည်ပြုနိုင်ခဲ့ခြင်း ဖြစ်ပါသည်။

## ပြည်သူ့ညီလာခံနှင့် ပြည်သူ့ဆန္ဒ

စစ်အာဏာရှင်စနစ် အပါအဝင် မည်သည့်အာဏာရှင်စနစ်မဆို အပြီးတိုင်ချုပ်ငြိမ်းရေးနှင့် ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးစသည်တို့ကို အပြည့်အဝအာမခံချက်ပေးနိုင်သည့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ထောင်ရေးကို ဦးတည်ပြုလုပ်ခဲ့သည့် ပထမအကြိမ် ပြည်သူ့ညီလာခံတွင် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ (CRPH) အပါအဝင် ရွေးကောက်ခံ လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများ၊ သမဂ္ဂများ၊ အမျိုးသမီးများ၊ လူငယ်နှင့် လူနည်းစုဆိုင်ရာ အဖွဲ့အစည်းများ အပါအဝင် အရပ်ဘက်အဖွဲ့အစည်းများ၊ အာဏာရှင်စနစ်ဆန့်ကျင်ရေး ပြည်သူ့ဝန်ထမ်း (CDM) လှုပ်ရှားမှုဆိုင်ရာ အဖွဲ့အစည်းများ၊ လူထုသပိတ်လှုပ်ရှားမှုဆိုင်ရာ အဖွဲ့အစည်းများ၊ တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများ၊ ကြားကာလပြည်နယ်/ ဖက်ဒရယ်ယူနစ်/ လူမျိုးကိုယ်စားပြုကော်မတီများမှ ကိုယ်စားလှယ်များ၊ အမျိုးသားညီညွတ်ရေး အစိုးရအဖွဲ့ အဖွဲ့ဝင်များ၊ နိုင်ငံတကာ ဧည့်သည်တော်များနှင့် လေ့လာသူများစုစုပေါင်း ၃၈၈ ဦး တက်ရောက်ခဲ့ကြောင်း NUCC က ထုတ်ပြန်သည်။

> **အာဏာသိမ်းစစ်ကောင်စီနှင့် အစေအပါးများ၏ ဖက်ဆစ်ရှုပ်ကွယ် လုပ်ရပ်များအတွင်း ပေးဆပ်ခဲ့ရသည့် ပြည်သူများအသက်၊ အိုးအိမ်၊ စည်းစိမ်များသည် ရာဂဏန်း၊ ထောင်ဂဏန်းမကတော့ သောင်းဂဏန်းသိန်းဂဏန်းအထိ ရောက်ရှိနေခဲ့ပြီဖြစ်သည်။**

တချက်နှာ သုံးစုပါ NUCC ၏ ဇန်နဝါရီ ၃၀ ရက်ထုတ်ပြန်ချက်တွင် လေ့လာကြည့်လျှင် ပြည်သူ့ညီလာခံနှင့် ပြည်သူ့ဆန္ဒအဖြစ် အပိုင်းနှစ်ခုကို မြင်တွေ့ရပြီး တစ်နှစ်ကျော်ကြာမြင့်လာသည့် စစ်အာဏာသိမ်းကာလအတွင်း မြန်မာပြည်သူလူထု အမှန်တကယ်ရင်ဆိုင်ကြုံတွေ့ခဲ့ရသည့် ဖြစ်စဉ်ဖြစ်ရပ်များ၊ အကြမ်းဖက်တိုက်ခိုက်ခံရမှုများ၊ ဖမ်းဆီး သတ်ဖြတ်ခံရမှုများကို တွေ့ရှိရပါသည်။

ညီလာခံအပြီး ဆုံးဖြတ်ချက်များအဖြစ် ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ် အစိတ်အပိုင်း ၁ နှင့် အစိတ်အပိုင်း ၂ ကြားကာလ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အစီအမံကို အတည်ပြုကြောင်းနှင့် အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ (NUCC) ကို အစုအဖွဲ့ ငါးဖွဲ့အား ကိုယ်စားပြုသည့် အစုအဖွဲ့ဝင် အဖွဲ့အစည်း ၃၃ ဖွဲ့ဖြင့် ဖွဲ့စည်းလိုက်ပြီဟု ဆိုပါသည်။ NUCC အဖွဲ့ဝင် အစုအဖွဲ့များ အနေဖြင့် ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်ကို အတူတကွ ကတိကဝတ်ပြု သန္နိဋ္ဌာန်ချ၍ လက်တွေ့ အကောင် အထည်ဖော် ဆောင်ရွက်သွားကြရန် သဘောတူအတည်ပြု (Ratify) ကြောင်းနှင့် ၂၀၂၁ ခုနှစ်၊ ဧပြီ လ ၁၆ ရက်တွင် CRPH ၏ အဆိုပြုချက်ဖြင့် အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ (NUCC)က ဖွဲ့စည်းပေးခဲ့သော အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ကို ပြည်သူ့ညီလာခံ ရှေ့မှောက်တွင် ထပ်လောင်းအတည်ပြုကြောင်း ဆုံးဖြတ်ခဲ့ပြီး နိုင်ငံတကာအနေဖြင့် အာဏာသိမ်း စစ်ကောင်စီအား အသိအမှတ်မပြုဘဲ အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ကိုသာ တရားဝင်အစိုးရအဖြစ် အသိ

အမှတ်ပြုရန် ပြည်သူ့ညီလာခံက တိုက်တွန်းထားပါသည်။

ချုပ်၍ဆိုရသော် ပထမအကြိမ်ပြည်သူ့ညီလာခံ၏ သတင်းထုတ်ပြန်ချက်တွင် စစ်အာဏာသိမ်းခံထားရသည့် မြန်မာပြည်သူလူထုအတွက် အနာဂတ်နိုင်ငံသစ်နှင့် အရေးပေါ် လိုအပ်နေသည့် ပြည်သူလူထု၏ လိုလားချက် ဆန္ဒများကို မြင်တွေ့ခဲ့ရသည်။

အာဏာသိမ်းစစ်ကောင်စီနှင့် အစေအပါးတစ်သိုက်၏ ပြည်ထောင်စုတစ်ဝန်းလုံးရှိ အပြစ်မဲ့ပြည်သူများအား ရည်ရွယ်ချက်ရှိရှိ ဖမ်းဆီးနှိပ်စက်သတ်ဖြတ်မှုများ၊ လူသားမျိုးနွယ်စုများအပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများ (Cri-mes Against Humanity)၊ စစ်ရာဇဝတ်မှု (War Crimes)ကျူးလွန်မှုများ၊ လူမျိုးတုံးသတ်ဖြတ်မှုများ (Genocides) စသည့် ကျူးလွန်နေမှုမှန်သမျှကို ပြည်သူ့ညီလာခံကြီးမှ ကန့်ကွက်ရှုတ်ချပြီး အာဏာသိမ်းစစ်ကောင်စီအား ကမ္ဘာ့ကုလသမဂ္ဂလုံခြုံရေးကောင်စီမှတစ်ဆင့် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုခုံရုံး (International Criminal Court) သို့ အရေးယူဆောင်ရွက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားမည်ဟု ဆိုပါသည်။

ထို့ပြင် အရပ်သားပြည်သူလူထုများအပေါ် ပစ်မှတ်ထားတိုက်ခိုက်နေခြင်းနှင့် အစုလိုက်အပြုံလိုက်သတ်ဖြတ်ခြင်း ကျူးလွန်ခံနေရမှုများမှ အကာအကွယ်ပေးရန် အရေးပေါ် လိုအပ်ချက်အရ ကရင်ပြည်နယ်၊ ကရင်နီပြည်နယ်၊ ချင်းပြည်နယ်၊ မကွေးတိုင်းနှင့် စစ်ကိုင်းတိုင်းများတွင် နိုင်ငံတကာ အာမခံမှုဖြင့် အရပ်သားပြည်သူလူထုများအား အကာအကွယ်ပေးသည့် လုံခြုံသောနေရာများ (Internationally Guaranteed Civilians Protection - Safe Zones) ဖြစ်ပေါ်ရေးနှင့် လူထုအတွက် အရေးပေါ် လူသားချင်းစာနာမှု အကူအညီများအား ကမ္ဘာ့ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအသိုက်အဝန်းမှ ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးကြရန် ပြည်သူ့ညီလာခံကြီးက တောင်းဆိုထားပါသည်။

ချုပ်၍ဆိုရသော် ပထမအကြိမ် ပြည်သူ့ညီလာခံ၏ သတင်းထုတ်ပြန်ချက်တွင် စစ်အာဏာသိမ်းခံထားရသည့် မြန်မာပြည်သူလူထုအတွက် အနာဂတ်နိုင်ငံသစ်နှင့် အရေးပေါ် လိုအပ်နေသည့် ပြည်သူလူထု၏ လိုလားချက်ဆန္ဒများကို မြင်တွေ့ခဲ့ရသည်ဟု ဆိုရပါလိမ့်မည်။

## တွေ့ရှိချက်များ

ပြည်သူ့ညီလာခံ ပထမနေ့ အမျိုးသမီးများအဖွဲ့ချုပ်(မြန်မာနိုင်ငံ) ၏ အဖွင့်မိန့်ခွန်းကို ကောက်နှုတ်ကြည့်လျှင် ယခုလို တွေ့နိုင်ပါသည်။

"ဖက်ဒရယ်ဒီမိုကရေစီရှာတာကို ကြည့်မယ်ဆိုရင် စစ်မှန်တဲ့ ဖက်ဒရယ်ဒီမိုကရေစီစနစ်နဲ့ ဆန့်ကျင်ကွဲလွဲနေတဲ့ အချက်တွေ၊ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ အရိပ်အငွေ့မကင်းတဲ့ အချက်တွေ၊ တိုင်းရင်းသား တန်းတူရေးနဲ့ မကိုက်ညီတဲ့ အချက်တွေ၊ ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်တွေရဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို နှောင့်ယှက်ဟန့်တား ဖြစ်လာစေမယ့် အချက်တွေ အများကြီး ရှင်းထုတ်ဖို့ ကျန်ရှိနေပါသေးတယ်"

သို့နှင့်တိုင် စစ်အာဏာရှင်စနစ်အပါအဝင် အာဏာရှင်မှန်သမျှ ဖယ်ရှား၍ ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အာမခံသော ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုကြီး တည်ဆောက်နိုင်သည်အထိ စုပေါင်းခေါင်းဆောင်မှု၊ စုပေါင်းညီညွတ်မှုအင်အားတို့ဖြင့် ဆက်လက်တိုက်ပွဲဝင်သွားမည်ဟု ဆုံးဖြတ်ကြောင်း ညီလာခံအပြီးတွင် ကြေညာနိုင်ခဲ့သည့်အတွက် စစ်

အာဏာရှင်စနစ် အမြစ်ပြတ်ချေမှုန်းရေး ဟစ်ကြွေးထားကြသည့် နွေဦးတော်လှန်ရေးအလွှာ အသီးသီးအတွက် ခွန်အားတစ်ရပ် ဖြစ်စေခဲ့ပါသည်။ စုပေါင်းခေါင်းဆောင်မှု၊ စုပေါင်းညီညွတ်မှု အင်အားကို အသုံးချ ကိုင်တွယ်ရာတွင်တော့ အားနည်းချက်များစွာ ရှိနေသေးသည်ကိုတော့ NUCC အနေဖြင့် သတိမူကာ ကျော်လွှားနိုင်ရပါလိမ့်မည်။

နွေဦးတော်လှန်ရေး၏ အစ၊ ဖေဖော်ဝါရီ ၁ ရက် စစ်အာဏာသိမ်းမှုစတင်ပြီး သုံးရက်အကြာ ဖေဖော်ဝါရီ ၄ ရက်၊ မန္တလေးမြို့ ဆေးတက္ကသိုလ်ရှေ့မှ ပထမဦးဆုံး စစ်အာဏာသိမ်းမှုဆန့်ကျင် ဆန္ဒပြမှုမှသည် ဖေဖော်ဝါရီ ၆ ရက် ရန်ကုန်မြို့ပေါ်ရှိ စစ်အာဏာသိမ်းမှုဆန့်ကျင်ရေး သပိတ်စစ်ကြောင်းများအပါအဝင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မြို့ပြကျေးလက်ပါမကျန် စစ်အာဏာသိမ်းမှု ဆန့်ကျင်ရေးလှုပ်ရှားမှုများတွင် အာဏာသိမ်းစစ်အုပ်စု၏ သပ်လျှို သွေးခွဲမှုပုံစံအမျိုးမျိုးကို ရင်ဆိုင်ကြုံတွေ့ခဲ့ရပါသည်။ လက်နက်မဲ့ ငြိမ်းချမ်းစွာဆန္ဒဖော်ထုတ်နေသည့် ပြည်သူလူထုအပေါ် ဦးခေါင်းကို သေနတ်ဖြင့် ချိန်ရွယ်ပစ်ခတ်သတ်ဖြတ်ခဲ့သည့် အာဏာသိမ်းစစ်အုပ်စု၏ အစေအပါးများ၏ လုပ်ရပ်မှသည် ကြည့်မြင်တိုင်မြို့နယ်၊ ပန်းပင်ကြီးလမ်းပေါ်မှ လူငယ်များအား အရှိန်မြှင့်မောင်းနှင်လာသည့် ကားဖြင့် တိုက်မိုက်ကာ အကြမ်းဖက် ဖြိုခွင်းခဲ့သည့် လုပ်ရပ်များအဆုံး ပြည်သူလူထု အတွက် ပေးဆပ်မှုများ ကြီးမားခဲ့ပါသည်။

ထို့အပြင် အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုဖြစ်စဉ်များ၊ မြို့ရွာအလိုက် မီးရှို့ဖျက်ဆီးမှု ဖြစ်စဉ်များ၊ တိုက်ပွဲများအတွင်း အရပ်သားများအား ဖမ်းဆီးကာ လူသားဒိုင်းအဖြစ် အသုံးပြုခဲ့သည့် ဖြစ်စဉ်များ၊ အရပ်သားပြည်သူများကို ပစ်မှတ်ထားကာ လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်မှုဖြစ်စဉ်များ စသဖြင့် အာဏာသိမ်းစစ်ကောင်စီနှင့် အစေအပါးများ၏ ဝက်ဆုတ် ရှုံ့ရှာဖွယ်လုပ်ရပ်များအတွင်း ပေးဆပ်ခဲ့ရသည့် ပြည်သူများအသက်၊ အိုးအိမ်၊ စည်းစိမ်များသည် ရာဂဏန်း၊ ထောင်ဂဏန်း မကတော့ သောင်းဂဏန်း၊ သိန်းဂဏန်းအထိ ရောက်ရှိနေခဲ့ပြီဖြစ်သည်။ စစ်အာဏာသိမ်းကာလ အတွင်း အကြောင်းအမျိုးမျိုးကြောင့် ပြည်တွင်းပြည်ပ၊ အရပ်ဒေသ အသီးသီးသို့ ထွက်ပြေးတိမ်း ရှောင်နေကြရသည့် ပြည်သူပေါင်း သိန်းနှင့်ချီကာ ရှိနေပါသည်။

တစ်ဖက်တွင်လည်း အာဏာသိမ်းစစ်ကောင်စီနှင့် အစေအပါးများအား ခုခံတော်လှန်စစ် ဆင်နွှဲနေကြသည့်မြို့ပြကျေးလက်၊တိုင်းနှင့်ပြည်နယ်အသီးသီးမှပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များ၏ လှုပ်ရှားဆောင်ရွက်မှုများသည်လည်း အာဏာသိမ်းစစ်အုပ်စု၏ လူအား၊ လက်နက်အင်အား အလွန်အကျွံသုံးမှုအပြင် လေကြောင်းမှ ထိုးစစ်ဆင် ဖိအားပေးမှုအကြားမှပင် အာဏာသိမ်းစစ်အုပ်စု ကို ဖိအားပေးထားနိုင်သည်ကို တွေ့ရသည်။ အထူးသဖြင့် ကရင်နီ(ကယား)ပြည်နယ်၊ ချင်းပြည် နယ်နှင့် စစ်ကိုင်းတိုင်းအတွင်းရှိ မြို့ရွာများသည် အာဏာသိမ်းစစ်ကောင်စီအတွက် အုပ်ချုပ်ရေး ယန္တရားများ ပျက်ပြားနေသည်ကို ထင်ရှားပါသည်။

အလားတူ ကရင်ပြည်နယ်အတွင်းရှိ ကရင်အမျိုးသားအစည်းအရုံး (KNU/KNLA)၊ ကချင်ပြည် နယ်အတွင်း ကချင်လွတ်လပ်ရေးတပ်မတော် (KIO/KIA)၊ ချင်းပြည်နယ်အတွင်း ချင်းအမျိုးသား တပ်ဦး (CNF)၊ ကရင်နီ(ကယား) ပြည်နယ်အတွင်း ကရင်နီတပ်မတော်(KA) စသဖြင့် နယ်မြေဒေသ အသီးသီးတွင် နွေဦးတော်လှန်ရေးနှင့်အတူ ဖြစ်တည်ပေါက်ဖွားလာသည့် ဒေသအလိုက် ပြည်သူ့ ကာကွယ်ရေးတပ်ဖွဲ့များနှင့် ပူးပေါင်းကာ အာဏာသိမ်းစစ်ကောင်စီနှင့် အစေအပါးများအား ခုခံ တော်လှန်စစ်ဆင်နွှဲလျက်ရှိပြီး စစ်ကောင်စီ၏ ထောက်တိုင်များကို ဖြိုချက်လျက်ရှိပါသည်။

## သုံးသပ်ချက်

ယခုအခါ အာဏာသိမ်းစစ်ခေါင်းဆောင် ကာချုပ်မင်းအောင်လှိုင်နှင့် စစ်အုပ်စုအတွက် ပြည်ထောင်စုတစ်ဝန်းလုံးရှိ ခုခံတော်လှန်စစ် အပြန့်ကျယ်လာနေသကဲ့သို့ လက်နက်မဲ့ ငြိမ်းချမ်းစွာ ဆန္ဒဖော်ထုတ်နေသည့် သပိတ်လှုပ်ရှားမှုများလည်း အသွင်သဏ္ဍာန်မျိုးစုံဖြင့် ဖိအားပေးလျက်ရှိပါသည်။ တရုတ်၊ ရုရှားအပါအဝင် နိုင်ငံတကာအသိုင်းအဝိုင်း၏ တရားဝင် အစိုးရတစ်ရပ်အသွင် အသိအမှတ်ပြုခြင်းမျိုးလည်း မရရှိသေးသည့် အာဏာသိမ်းစစ်အုပ်စုအတွက် ထွက်ပေါက်သည် ရေစစ်ညှိနှိုင်းရေးဆိုသော လှပပြီး ဉာဏ်နီဉာဏ်နက်များသော စကားလုံးတစ်ခုသာ ရှိသည်ဟု ဆိုရပါလိမ့်မည်။

အာဏာသိမ်းစစ်ခေါင်းဆောင်အနေဖြင့် ၎င်းတို့အား အကြမ်းဖက်အဖွဲ့အစည်းအဖြစ် သတ်မှတ်ကြေညာထားမှုကို မျက်ကွယ်ပြီး ပြည်တွင်းရှိ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများအားလုံးကို ထာဝရငြိမ်းချမ်းရေးအတွက် အကြိုဆွေးနွေးနိုင်ရန် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၆ ရက်က ဖိတ်ခေါ်ခဲ့သည်။ သို့သော် ၎င်းတို့၏ စစ်အာဏာသိမ်းမှုကို ဆန့်ကျင်ပြီး စစ်အာဏာရှင်မှန်သမျှ အမြစ်ပြုတ်ရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေးအတွက် တာဆူနေသည့် ပြည်သူလူထုတစ်ရပ်လုံးကိုမူ ပြောင်ပြောင်တင်းတင်း လျစ်လျူရှုထားသည်ကို တွေ့ရပါသည်။ အာဏာသိမ်း စစ်ခေါင်းဆောင်နှင့် အစေအပါးတစ်သိုက်သည် ၎င်းတို့၏ စစ်အာဏာသိမ်းမှု တစ်နှစ်ကျော် ကြာမြင့်သည်အထိ အကြမ်းဖက်ဖြိုခွင်းမှုများ၊ ဖမ်းဆီးသတ်ဖြတ်မှုများ၊ အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုများ၊ မီးရှို့ဖျက်ဆီးမှုများနှင့် လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်မှုများကို အကြိမ်ကြိမ်ကျူးလွန်ထားခဲ့သော်လည်း ပြည်သူလူထု၏ ဆန္ဒကို မျက်ကွယ်ပြုကာ လုယူထားသည့် အာဏာတည်မြဲရေးအတွက် ဆက်လက်ကြိုးပမ်းနေဆဲ ဖြစ်သည်။

ချုပ်၍ဆိုရသော် စစ်အာဏာသိမ်းမှု တစ်နှစ်ကျော်လာချိန်အထိ တစ်နေ့တစ်ရက်မျှ ရပ်တန့်သွားခြင်းမရှိသေးသည့် ပြည်သူလူထုတစ်ရပ်လုံး၏ စစ်အာဏာသိမ်းမှုဆန့်ကျင်ရေး လှုပ်ရှားမှုများအတွက် ပြည်သူ့ညီလာခံ၏ ဆုံးဖြတ်ချက်များသည် ပြည်သူလူထု၏ စိတ်ဆန္ဒများနှင့် နီးစပ်မှုရှိသည်ဟု ဆိုနိုင်သော်လည်း လက်တွေ့လုပ်ကိုင် ဆောင်ရွက်ချက်များကိုမူ စောင့်ကြည့်ရလိမ့်မည်ဟု ရှုမြင်မိပါသည်။ အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ (NUCC)၏ ဦးဆောင်မှုဖြင့် ယိုင်နဲ့နေသော စစ်အုပ်ချုပ်ရေးယန္တရားကို ဖြိုဖျက်နိုင်ခြင်းသည်သာ ပြည်သူလူထုတစ်ရပ်လုံး၏ စိတ်ဆန္ဒဖြစ်ပေလိမ့်မည်ဟု ရှုမြင်မိပါသည်။

# ဖက်ဒရယ်ဒီမိုကရေစီ ပဋိညာဉ်
# အစိတ်အပိုင်း (၁)
# ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု ကြေညာစာတမ်း
# ၂၀၂၁ ခုနှစ်

## Federal Democracy Charter
## Part - I
## Declaration of Federal Democratic Union
## 2021

၂၀၂၁ ခုနှစ် မတ်လ ၃၁ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။ ၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၂၇ ရက်နေ့မှ ၂၉ ရက်နေ့အထိ ကျင်းပခဲ့သည့် ပထမအကြိမ်ပြည်သူ့ညီလာခံတွင် ပြင်ဆင်ဖြည့်စွက်ချက်များဖြင့် အတည်ပြုခဲ့သည်။

မာတိကာ

နိဒါန်း
အခန်း (၁) ဦးတည်ချက်၊ ရည်ရွယ်ချက်
အခန်း (၂) ပဋိညာဉ်တွင် ပါဝင်သည့်အဖွဲ့အစည်းများ (Members of the Charter)
အခန်း (၃) အကောင်အထည်ဖော်မည့် လုပ်ငန်းစဉ် (သို့မဟုတ်) နိုင်ငံရေးလမ်းပြမြေပုံ
အခန်း (၄) ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲခြင်း
အပိုင်း (၁) ပြည်ထောင်စုမျှော်ရည်ချက်နှင့် စံတန်ဖိုး
အပိုင်း (၂) ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေးဆိုင်ရာ လမ်းညွှန်အခြေခံမူများ
အပိုင်း (၃) ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေးဆိုင်ရာ အခြေခံမူဝါဒများ
အခန်း (၅) ဝန်ခံကတိပြုချက်
နိဂုံး

## ဖက်ဒရယ်ဒီမိုကရေစီ ပဋိညာဉ်
## Federal Democracy Charter

### နိဒါန်း

သမိုင်းစဉ်ဆက် သီးခြားလွတ်လပ်စွာနေထိုင်ခဲ့ကြသော တိုင်းရင်းသားလူမျိုးများသည် လွတ်လပ်ရေးကို အတူတကွရယူပြီး ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုကို ပူးပေါင်းထူထောင်ရန် ကြိုးပမ်းခဲ့ကြသည်။ သို့ရာတွင် လွတ်လပ်ရေးရရှိသည့် အချိန်မှစ၍ ရေးဆွဲပြဋ္ဌာန်းကျင့်သုံးခဲ့ကြသော ၁၉၄၇ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ၁၉၇၄ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေတို့သည် ပင်လုံစာချုပ်တွင် သဘောတူညီထားခဲ့ကြသော ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများကို အပြည့်အဝ အကောင်အထည်ဖော်နိုင်ခြင်း မရှိသောကြောင့် ဤတိုင်းပြည်တွင် နှစ်ပေါင်း (၇၀) ကျော် ပြည်တွင်းစစ်နှင့် ရင်ဆိုင်နေရသည့်အပြင် စစ်အာဏာသိမ်းမှု အကြိမ်ကြိမ် ဖြစ်ပွားပြီး စစ်အာဏာရှင်စနစ်နှင့် တစ်ပါတီအာဏာရှင်စနစ်တို့၏ ဆိုးကျိုးများကို ပြည်သူလူထု တစ်ရပ်လုံး ခါးစည်းခံနေကြရသည်။

စစ်အုပ်စုက တစ်ပါတီအာဏာရှင်စနစ် ထူထောင်နိုင်ရေးအတွက် ရေးဆွဲပြဋ္ဌာန်းခဲ့သော ၁၉၇၄ ဖွဲ့စည်းပုံ အခြေခံဥပဒေကို ရှစ်လေးလုံးအရေးတော်ပုံကြီးဖြင့် ပြည်သူလူထု တစ်ရပ်လုံးက ဖျက်သိမ်းနိုင်ခဲ့ပြီး စစ်အာဏာရှင်စနစ် ထူထောင်ရေးအတွက် လူထုဆန္ဒ မပါဘဲ အတင်းအဓမ္မ ရေးဆွဲပြဋ္ဌာန်းခဲ့သည့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကိုလည်း ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ (၁) ရက်နေ့တွင် ဖြစ်ပွားခဲ့သော စစ်အာဏာသိမ်းမှုကို ဆန့်ကျင်သည့် လူထုလှုပ်ရှားမှုကြီးဖြင့် ဖျက်သိမ်းနိုင်ခဲ့ပါသည်။ စစ်ကောင်စီသည် သူတို့ကိုယ်တိုင် ရေးဆွဲပြဋ္ဌာန်းခဲ့သော ဖွဲ့စည်းပုံအခြေခံဥပဒေကို ဆန့်ကျင်၍ အာဏာသိမ်းခဲ့သောကြောင့် ထိုအာဏာသိမ်းမှုသည်ပင်လျှင် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဖျက်ပြယ်သွားစေခဲ့သည်။

၂၀၂၀ ခုနှစ် နိုဝင်ဘာလတွင် ကျင်းပခဲ့သော ရွေးကောက်ပွဲတွင် မဲစာရင်းမှားယွင်းသည်ဟု အကြောင်းပြ၍ ဖြစ်ပွားသော စစ်အာဏာသိမ်းမှုကို ဆန့်ကျင်ပြီး အကြမ်းမဖက် ငြိမ်းချမ်းစွာဖြင့် ဆန္ဒဖော်ထုတ်သည့် လူထုလှုပ်ရှားမှုများကို CDM လှုပ်ရှားမှု၊ ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ ဖွဲ့စည်းခြင်း အပါအဝင် လူငယ်၊ အမျိုးသမီး၊ ဝန်ထမ်း၊ အလုပ်သမားနှင့် သမဂ္ဂများက အစပြု၍ အမျိုးသမီး အဖွဲ့အစည်းများအပါအဝင် အရပ်ဖက်လူထုအဖွဲ့အစည်းများ၊ သပိတ်ကော်မတီများ၊ တိုင်းရင်းသားလူမျိုးပေါင်းစုံ၊ လူထုလူတန်းစား အလွှာအသီးသီး၊ စစ်အာဏာသိမ်းမှုကို လက်မခံသော နိုင်ငံရေးပါတီများ ပူးပေါင်း ဆောင်ရွက်သော လူထုလှုပ်ရှားမှုသပိတ်တိုက်ပွဲများ ပြည်ထောင်စုတစ်ဝှမ်းလုံးတွင် ပြုလုပ်နေကြသည်။ ထိုအာဏာသိမ်းမှု ဆန့်ကျင်ရေး လှုပ်ရှားမှုတွင် ပူးပေါင်းပါဝင်သော သက်ဆိုင် သူများ (Stakeholders) ၏ စုပေါင်း ခေါင်းဆောင်မှုဖြင့် တစ်ခုတည်းသောအင်အားစုကို ဖွဲ့စည်းထူထောင်နိုင်မှသာ စစ်အာဏာရှင် စနစ်ကို အပြီးသတ် တိုက်ဖျက်ချေမှုန်းသွားနိုင်မည်ဟု ယုံကြည်သည်။ စစ်အာဏာရှင်စနစ် အပါအဝင် အာဏာရှင်စနစ်မှန်သမျှကို အမြစ်ပြုတ်တိုက်ဖျက်နိုင်မှသာ ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများကို အပြည့်အဝ အာမခံချက် ပေးနိုင်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို

ရေးဆွဲပြဋ္ဌာန်းပြီး နိုင်မာသော ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုကို ထူထောင်နိုင်မည်ဟု ယုံကြည်သည်။

ဤ"ပဋိညာဉ်"အား လက်ခံသဘောတူညီကြသည့် အဖွဲ့အစည်းများသည် ဖော်ပြပါ စံတန်ဖိုးများကို ကိုင်စွဲပြီး အာဏာရှင်စနစ်ပပျောက်ရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုပေါ်ပေါက်ရေးတို့အတွက် အဆင့်လိုက်ဆောင်ရွက်သွားမည်။ ထိုသို့ ဆောင်ရွက်ရာတွင် နိုင်ငံရေးလမ်းပြမြေပုံ၊ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် အခြေခံရမည့် လမ်းညွှန်အခြေခံမှုများ၊ အခြေခံမူဝါဒများဖြင့် ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုကြီးကို ကြိုးပမ်းတည်ဆောက်သွားမည်ဖြစ်ကြောင်း သန္နိဋ္ဌာန်ချအပ်ပါသည်။ ပဋိညာဉ်ကို လက်ခံသဘောတူညီကြသူများ၏ စုပေါင်းခေါင်းဆောင်မှုမှတဆင့် စုပေါင်းအကောင်အထည်ဖော် ဆောင်ရွက်မှုများသည် လိုရာပန်းတိုင်သို့ တွန်းပို့ရောက်ရှိနိုင်မည့် စုပေါင်းအင်အားကို ဖြစ်ပေါ်စေမည်ဖြစ်ကြောင်း နိုင်မာသော ယုံကြည်ချက်ဖြင့် ဤပဋိညာဉ်ကြီးအား အတည်ပြုပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)
## ဦးတည်ချက်၊ ရည်ရွယ်ချက်

အာဏာသိမ်းစစ်ကောင်စီသည် ပြည်သူလူထု၏ ဖက်ဒရယ်နှင့် ဒီမိုကရေစီ အခွင့်အရေးဆိုင်ရာ ဆန္ဒသဘောထားများကို လျစ်လျူရှုကာ နိုင်ငံအဆင့် အကြမ်းဖက်မှုလုပ်ရပ်များ ဆောင်ရွက်နေသည်။ ဤအခြေအနေတွင် ပြည်သူလူထု ကိုယ်စားပြုမှုရှိသော အဖွဲ့အစည်းများ၏ အခွင့်အာဏာပေးအပ်ထားသည့် ညီလာခံ (Assembly) တစ်ရပ်နှင့် အမျိုးသားညီညွတ်ရေးအစိုးရ (National Unity Government) ကို ဖွဲ့စည်းရန် လိုအပ်ပါသည်။

ဤအခြေအနေတွင် အာဏာရှင်ကို ဆန့်ကျင်သည့် ပြည်သူလူထုကိုယ်စားပြုမှုရှိသော အဖွဲ့အစည်းများက ဦးဆောင်၍ အခန်း (၃) တွင် ဖော်ပြထားသော နိုင်ငံရေးလမ်းပြမြေပုံနှင့်အညီ တိုင်းပြည် ပြန်လည်တည်ငြိမ် အေးချမ်းသာယာစေရန်၊ ပိုမိုကောင်းမွန်သော အနာဂတ်တိုင်းပြည်အတွက် ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်တစ်ခု ပေါ်ထွက်လာရန်နှင့် ထိုဖွဲ့စည်းပုံအခြေခံဥပဒေအားဖြင့် စစ်မှန်သော အရပ်သား အစိုးရများ ပေါ်ထွက်လာရန်အတွက် ဤသဘောတူ ပဋိညာဉ်ကြေညာစာတမ်းကို ကတိကဝတ်ပြုသည့် အဖွဲ့အစည်းများသည် အတူတကွ စုပေါင်းသန္နိဋ္ဌာန်ပြု၍ ဆောင်ရွက်သွားရန် ရည်ရွယ်ခြင်းဖြစ်သည်။

ထို့အပြင် အဓိကအရေးကြီးသည့် ပြည်ထောင်စုအတွင်း ဖြစ်ပွားခဲ့သည့် ပဋိပက္ခများ၊ အရင်းခံပြဿနာများကို အပြီးသတ်ချုပ်ငြိမ်းစေနိုင်ရန် အတွက်လည်းကောင်း၊ တိုင်းရင်းသား ပြည်သူလူထု တစ်ရပ်လုံး ပူးပေါင်းပါဝင် လက်တွဲနိုင်ရန်အတွက်လည်းကောင်း၊ ဒီမိုကရေစီ စနစ်ကို ကျင့်သုံးပြီး တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တို့ကို အာမခံသော ဖက်ဒရယ် ဒီမိုကရေစီ ပြည်ထောင်စုတွင် ပြည်ထောင်စုဝင်လူမျိုးများအားလုံး၊ နိုင်ငံသားများ အားလုံး လွတ်လပ်ခြင်း၊ တန်းတူညီမျှခြင်း၊ တရားမျှတခြင်းတို့ကို အခြေခံကာ အပြန်အလှန် အသိအမှတ်ပြုလေးစားမှု၊ ချစ်ကြည်ရင်းပင်းမှု၊ သွေးစည်းညီညွတ်မှုတို့ကို တည်ဆောက်ပြီး ငြိမ်းချမ်းစွာ အေးအတူပူအမျှ အတူတကွ ယှဉ်တွဲနေထိုင်နိုင်သော သာယာဝပြောသည့် ဖက်ဒရယ် ဒီမိုကရေစီ ပြည်ထောင်စုအား တည်ဆောက်ရန် လည်းကောင်း အောက်ဖော်ပြပါ လုပ်ငန်းများကို ဆောင်ရွက်သွားရန် ရည်ရွယ်သည်။

## အခန်း (၂)
## ပဋိညာဉ်တွင် ပါဝင်သည့် အစုအဖွဲ့များ (Members of the Charter)

ဤပဋိညာဉ်တွင် ဖော်ပြပါ ဦးတည်ချက်၊ ရည်ရွယ်ချက်တို့ကို စုပေါင်း အကောင်အထည် ဖော်ဆောင်ရွက်ရန်အတွက် အောက်ပါနယ်ပယ်များမှ အစုအဖွဲ့များ ပူးပေါင်းပါဝင်ကြသည်။

၁။ ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ အပါအဝင် ရွေးကောက်ခံလွှတ်တော် ကိုယ်စားလှယ်များ

၂။ နိုင်ငံရေးပါတီများ

၃။ သမဂ္ဂများ၊ အမျိုးသမီးများ၊ လူငယ်နှင့်လူနည်းစုဆိုင်ရာ အဖွဲ့အစည်းများ အပါအဝင် အရပ်ဖက်လူထုအဖွဲ့အစည်းများ၊ အာဏာရှင်စနစ်ဆန့်ကျင်ရေး CDM လှုပ်ရှားမှုဆိုင်ရာ အဖွဲ့အစည်းများ၊ လူထုသပိတ်လှုပ်ရှားမှုဆိုင်ရာ အဖွဲ့အစည်းများ

၄။ တိုင်းရင်းသား တော်လှန်ရေး အဖွဲ့အစည်းများ (Ethnic Resistance Organizations)

၅။ ကြားကာလ ပြည်နယ်/ဖက်ဒရယ်ယူနစ် ကိုယ်စားပြုနှင့် လူမျိုးအခြေပြု အဖွဲ့အစည်း/ကောင်စီများ

## အခန်း (၃)
## အကောင်အထည်ဖော်မည့် လုပ်ငန်းစဉ် (သို့မဟုတ်) နိုင်ငံရေးလမ်းပြမြေပုံ

၁။ စစ်အာဏာသိမ်းမှု အဆုံးသတ်နိုင်ရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု ထူထောင်ရေးအတွက် စစ်အာဏာရှင်စနစ်အပါအဝင် အာဏာရှင်စနစ်မှန်သမျှ ပြုတ်ကျသည်အထိ ဝန်ထမ်းများ၏ CDM လှုပ်ရှားမှုများ အပါအဝင် လူထုအထွေထွေသပိတ်လှုပ်ရှားမှုများကို အဆက်မပြတ် ဆက်လက်လှုပ်ရှား ဆောင်ရွက်နိုင်ရေး စည်းရုံးလှုံ့ဆော်ခြင်း၊ အားပေးခြင်းနှင့် ပံ့ပိုးကူညီခြင်း။

၂။ ရွေးကောက်ခံ လွှတ်တော်ကိုယ်စားလှယ်များဖြင့် လွှတ်တော်ကိုယ်စားပြုကော်မတီများ ဖွဲ့စည်း၍ ကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်ခြင်း။

၃။ နိုင်ငံရေးဆိုင်ရာသဘောတူညီချက်များ ဆွေးနွေးအတည်ပြုနိုင်ရေးနှင့် ရှေ့လုပ်ငန်းစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် မိတ်ဖက် နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများနှင့် သမဂ္ဂများ၊ အမျိုးသမီးများ၊ လူငယ်နှင့် လူနည်းစုဆိုင်ရာအဖွဲ့အစည်းများအပါအဝင် အရပ်ဖက်လူထုအဖွဲ့အစည်းများ လက်တွဲဆောင်ရွက်နိုင်သည့် အခင်းအကျင်း ဖော်ဆောင်ခြင်း။

၄။ ဖက်ဒရယ်ဒီမိုကရေစီ ပဋိညာဉ်ကို ရေးဆွဲအတည်ပြုခြင်း။

၅။ ဤပဋိညာဉ်နှင့်အညီ ကြားကာလအမျိုးသားညီညွတ်ရေးအစိုးရ (Interim National Unity Government) ဖွဲ့စည်းခြင်း၊ ဥပဒေပြုရေးနှင့် တရားရေးမဏ္ဍိုင်ဆိုင်ရာ အဖွဲ့အစည်းများကို ဖွဲ့စည်းခြင်း။

၆။ အာဏာရှင်စနစ် အပြီးတိုင်ချုပ်ငြိမ်းရေး နှင့် ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုနိုင်ငံ တည်ဆောက်ရေးအတွက် ဘုံပန်းတိုင်တူ အင်အားစုအားလုံးပါဝင်သော ပြည်သူ့ ညီလာခံတစ်ရပ် ခေါ်ယူကျင်းပခြင်း။

၇။ အာဏာရှင်စနစ် ပပျောက်ရေး၊ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ဖျက်သိမ်းရေးနှင့် ဖက်ဒရယ် ဒီမိုကရေစီ ပြည်ထောင်စုတည်ဆောက်ရေးအတွက် မဟာဗျူဟာချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း။

၈။ အသွင်ကူးပြောင်းရေးကာလ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲခြင်း။

၉။ အသွင်ကူးပြောင်းရေးကာလ အစိုးရဖွဲ့စည်းခြင်း။

၁၀။ တိုင်းပြုပြည်ပြုညီလာခံ (Constitutional Assembly) ခေါ်ယူကျင်းပပြီး ဖက်ဒရယ် ဒီမိုကရေစီ ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲအတည်ပြုခြင်း။

၁၁။ တိုင်းပြုပြည်ပြုညီလာခံက ရေးဆွဲအတည်ပြုထားသည့် ဖက်ဒရယ်ဒီမိုကရေစီ ဖွဲ့စည်းပုံအခြေခံဥပဒေကို လူထုဆန္ဒခံယူပွဲ ကျင်းပပြီး အတည်ပြုပြဋ္ဌာန်းခြင်းနှင့် ရွေးကောက်ပွဲကျင်းပခြင်း။

၁၂။ အတည်ပြုပြဋ္ဌာန်းလိုက်သည့် ဖက်ဒရယ်ဒီမိုကရေစီ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး နှင့် တရားစီရင်ရေးမဏ္ဍိုင်များကို ဖွဲ့စည်းပြီး ဖွဲ့စည်းပုံ အခြေခံဥပဒေစနစ် (Constitutionalism) အရ လိုက်နာကျင့်သုံးခြင်း။

## အခန်း (၄)
## ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲခြင်း

ဤပဋိညာဉ်ကိုအခြေခံ၍ အောက်ဖော်ပြပါ လမ်းညွှန်အခြေခံမူများ ချမှတ်ကာ အနာဂတ် ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု တည်ဆောက်ရေးအတွက် လိုအပ်သည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေ (မူကြမ်း)ကို ရေးဆွဲရမည်။

အပိုင်း (၁) ပြည်ထောင်စုမျှော်ရည်ချက်နှင့် စံတန်ဖိုး
အပိုင်း (၂) ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုတည်ဆောက်ရေးဆိုင်ရာ လမ်းညွှန်အခြေခံ မူများ
အပိုင်း (၃) အခြေခံမူဝါဒများ

### အပိုင်း (၁)
### ပြည်ထောင်စုမျှော်ရည်ချက်နှင့် စံတန်ဖိုး

**ပြည်ထောင်စုမျှော်ရည်ချက် (Union Vision)**

လွတ်လပ်မှု၊ တရားမျှတမှု၊ တန်းတူညီမျှမှုကို အာမခံပြီး ငြိမ်းချမ်းသည့် ဖက်ဒရယ် ဒီမိုကရေစီ ပြည်ထောင်စု တည်ဆောက်မည်။

**ပြည်ထောင်စုစံတန်ဖိုး (Union Values)**

ပြည်ထောင်စုကြီးကို တည်ဆောက်ရန်အတွက် အောက်ပါတို့ကို စံတန်ဖိုးအဖြစ် ယုံကြည်လက်ခံသည်။

၁။ အခြေခံလူ့အခွင့်အရေး (Fundamental Human Rights)
၂။ ဒီမိုကရေစီအခွင့်အရေး (Democratic Rights)
၃။ လူနည်းစုအခွင့်အရေး (Minority Rights)
၄။ တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် (Equality and Self-Determination)
၅။ စုပေါင်းခေါင်းဆောင်မှု (Collective Leadership)
၆။ စုံလင်ကွဲပြားမှုကို အပြန်အလှန်လေးစား အသိအမှတ်ပြုခြင်း (Pluralism, Mutual Respect and Mutual Recognition)
၇။ သဟဇာတဖြစ်ခြင်းနှင့် မတူကွဲပြားမှုကို လက်ခံသော ညီညွတ်ခြင်း (Unity in Diversity)
၈။ ကျွန်ဒါ တန်းတူရေး (Gender Equality)
၉။ ခွဲခြားဆက်ဆံမှုမရှိခြင်း (လူမျိုး၊ ကိုးကွယ်ယုံကြည်မှု၊ ဘာသာစကား၊ ဓာပေ၊ ယဉ်ကျေးမှု၊ ကျား/မ၊ မသန်စွမ်းမှု၊ လိင်စိတ်ခံယူမှု) (Non-Discrimination)

## အပိုင်း (၂)
## ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေးဆိုင်ရာ လမ်းညွှန်အခြေခံမူများ

၁။ ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များနှင့် ယင်းပြည်နယ်များအတွင်းရှိ ပြည်သူတို့သည် အချုပ်အခြာအာဏာ၏ မူရင်းပိုင်ရှင်များ ဖြစ်သည်။

၂။ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုကို တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝရှိသော ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များဖြင့် ဖွဲ့စည်းသည်။ ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များအားလုံး (ဖက်ဒရယ်ယူနစ်အားလုံး) တို့သည် နိုင်ငံရေးအရ တန်းတူသည်။

၃။ ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များသည် သက်ဆိုင်ရာ ပြည်နယ်ဖွဲ့စည်းပုံ အခြေခံဥပဒေကို ရေးဆွဲပြဋ္ဌာန်းခွင့်ရှိသည်။

၄။ အာဏာခွဲဝေမှု (Division of Power)၊ သယံဇာတခွဲဝေမှု (Revenue Sharing) နှင့် ဖက်ဒရယ် ဘဏ္ဍာရေးစနစ် (Fiscal Federalism) တို့ကို ကျင့်သုံးသည်။ ထိုသို့ ခွဲဝေရာတွင် ပြည်သူလူထုနှင့် အနီးကပ်ဆုံးအစိုးရအဆင့်က လုပ်ဆောင်နိုင်သည်အထိ လုပ်ပိုင်ခွင့်ပြုသောစနစ် (Subsidiarity Principle) ကို ကျင့်သုံးသည်။

၅။ ဖက်ဒရယ် ပြည်ထောင်စုလုံခြုံရေးနှင့် ကာကွယ်ရေးဆိုင်ရာတပ်ဖွဲ့များ အားလုံးသည် ဒီမိုကရေစီနည်းကျ ရွေးကောက်တင်မြှောက်ထားသော အရပ်သားအစိုးရ၏ ကွပ်ကဲမှုနှင့် စီမံအုပ်ချုပ်မှုအောက်တွင် ရှိရမည်။ လူသားလုံခြုံရေးကို အခြေခံသည့် မူဝါဒ ကျင့်သုံးရမည်။

## အပိုင်း (၃)
## ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေးဆိုင်ရာ အခြေခံမူဝါဒများ

### ပြည်ထောင်စု၏အသွင်သဏ္ဌာန်

၁။ ဒီမိုကရေစီအခွင့်အရေးများ အပြည့်အဝကျင့်သုံးသော၊ တန်းတူရေးနှင့် ကိုယ်ပိုင် ပြဋ္ဌာန်းခွင့် အပြည့်အဝရှိသော၊ ဖက်ဒရယ်ပြည်ထောင်စုအင်္ဂါရပ်များနှင့် ပြည့်စုံသော ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုကို တည်ဆောက်မည်။

၂။ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုကို ဒီမိုကရေစီရေး၊ တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝရှိသော ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များဖြင့် ဖွဲ့စည်းသည်။

၃။ ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်တိုင်းတွင် သီးခြားဥပဒေပြုရေးအာဏာ၊ သီးခြား အုပ်ချုပ်ရေး အာဏာနှင့် သီးခြားတရားစီရင်ရေးအာဏာတို့ ရှိသည်။

### ပြည်ထောင်စုအချုပ်အခြာအာဏာ

၄။ ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များနှင့် ယင်းပြည်နယ်များရှိ ပြည်သူလူထုသည် အချုပ်အခြာအာဏာ၏ မူရင်းပိုင်ရှင်များဖြစ်ကြသည်။

၅။ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုအချုပ်အခြာအာဏာ၏မဏ္ဍိုင် (၃) ရပ်ဖြစ်သည့် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတို့ကို လွတ်လပ်စွာ ပိုင်းခြားကျင့်သုံးခြင်းနှင့် အပြန်အလှန် ထိန်းကျောင်းခြင်း ရှိစေရမည်။

၆။ ဖက်ဒရယ်ပြည်ထောင်စု၏ အချုပ်အခြာအာဏာကို ပြည်ထောင်စုနှင့် ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များအကြား ခွဲဝေကျင့်သုံးခြင်း ရှိရမည်။ ထိုကဲ့သို့ ပြည်ထောင်စုနှင့် ပြည်နယ်များအကြား စနစ်တကျ အာဏာခွဲဝေကျင့်သုံးနိုင်ရေးအတွက် ပြည်ထောင်စုအာဏာ၊ ပြည်နယ်အာဏာနှင့် ထပ်တူပြုအာဏာများကို သတ်မှတ်ပြဋ္ဌာန်းရမည်။ ဖက်ဒရယ် ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များအားလုံး၏ ဘုံအကျိုးစီးပွားအတွက် ကျင့်သုံးရန် လိုအပ်သော အခွင့်အာဏာများကိုသာ ပြည်ထောင်စုသို့ အပ်နှင်းသည်။ ပြည်ထောင်စုအာဏာ၊ ပြည်နယ်အာဏာနှင့် ထပ်တူပြုအာဏာများတွင် ထည့်သွင်းဖော်ပြထားခြင်းမရှိသည့် ကြွင်းကျန်အာဏာများသည် ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များတွင် တည်ရှိသည်။

### ပြည်ထောင်စုဥပဒေပြုရေး

၇။ ဖက်ဒရယ်လွှတ်တော်ကို အာဏာတူသည့် ဖက်ဒရယ်အထက်လွှတ်တော်နှင့် ဖက်ဒရယ်အောက်လွှတ်တော်တို့ဖြင့် ဖွဲ့စည်းသည်။ အထက်လွှတ်တော်ကို ဖက်ဒရယ် ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်အသီးသီးက တူညီသော အရေအတွက်ဖြင့် ရွေးချယ်စေလွှတ်သည့် ရွေးကောက်ခံ ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းသည်။ အောက်လွှတ်တော်ကို မြို့နယ်အပေါ်တွင် အခြေခံ၍သော်လည်းကောင်း၊ လူဦးရေအပေါ်တွင် အခြေခံ၍ သော်လည်းကောင်း ရွေးကောက်ပွဲများတွင် မဲဆန္ဒရှင်ပြည်သူများက ရွေးကောက်တင် မြှောက်လိုက်သည့် ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းသည်။ ယင်းလွှတ်တော်နှစ်ရပ်က ပြည်ထောင်စု ဥပဒေများကို ရေးဆွဲပြဋ္ဌာန်းသည်။

### ပြည်ထောင်စုအုပ်ချုပ်ရေး

၈။ ဖက်ဒရယ်ပြည်ထောင်စု၏ အုပ်ချုပ်ရေးစနစ်သည် ဝန်ကြီးချုပ်ဦးဆောင်သောစနစ် (Parliamentary System) ဖြစ်သည်။ ဝန်ကြီးချုပ်ဦးဆောင်သောစနစ်တွင် ပြည်ထောင်စုဦးသျှောင် သို့မဟုတ် ပြည်ထောင်စု သမ္မတ ထားရှိသောစနစ် ဖြစ်သည်။

### ပြည်ထောင်စုတရားစီရင်ရေးနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး

၉။ ဖက်ဒရယ်ပြည်ထောင်စု တရားစီရင်ရေးအာဏာကို ကျင့်သုံးနိုင်ရန်အတွက် ဖက်ဒရယ်ပြည်ထောင်စု တရားလွှတ်တော်ချုပ်နှင့် ဖက်ဒရယ်ပြည်ထောင်စု တရားရုံးများ အဆင့်ဆင့် ဖွဲ့စည်းထားရှိရမည်။ ဖက်ဒရယ်ပြည်ထောင်စုသမ္မတက အဆိုပြု တင်သွင်းလာသော ဖက်ဒရယ်ပြည်ထောင်စု တရားသူကြီးချုပ်အား ဖက်ဒရယ်လွှတ်တော်က စိစစ်အတည်ပြုပေးရမည်။

၁၀။ ဖက်ဒရယ်ပြည်ထောင်စုနှင့် ပြည်နယ်အကြားတွင်သော်လည်းကောင်း၊ ပြည်နယ် အချင်းချင်းအကြားတွင်သော်လည်းကောင်း ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ပတ်သက်သော အငြင်းပွားမှုများကို ဖြေရှင်းဆောင်ရွက်ရန်အတွက် လွတ်လပ်သော ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာတရားရုံးကို ဖွဲ့စည်းထူထောင်ရမည်။

၁၁။ ဖက်ဒရယ် ဒီမိုကရေစီ ပြည်ထောင်စု ဖွဲ့စည်းပုံ အခြေခံ ဥပဒေသည် ပြည်ထောင်စု၏ အမြင့်ဆုံးဥပဒေဖြစ်သည်။

### ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေ

၁၂။ ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များသည် ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေများကို ရေးဆွဲ ပြဋ္ဌာန်းခွင့်ရှိသည်။

၁၃။ ပြည်နယ်တွင်း ဒေသန္တရအဆင့် လုပ်ပိုင်ခွင့်အာဏာကို ပြည်နယ်ဖွဲ့စည်းပုံအခြေခံ ဥပဒေတွင် ရှင်းလင်းတိကျစွာ ဖော်ပြပြီး ၎င်း၏အခွန်ဘဏ္ဍာကောက်ယူနိုင်သည့် စာရင်းများကို တိကျစွာ သတ်မှတ်ပြဋ္ဌာန်းထားရမည်။

၁၄။ ပြည်နယ်အတွင်းရှိ တိုင်းရင်းသားလူမျိုးတိုင်း၏ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုလေ့ထုံးတမ်း စသည့် ကဏ္ဍအသီးသီးနှင့် သက်ဆိုင်သော အခွင့်အရေးများကို ကာကွယ်ထိန်းသိမ်း မြှင့်တင်ပေးရမည်။

၁၅။ ပြည်နယ်များ၏ ရုံးသုံးဘာသာစကားကို သက်ဆိုင်ရာပြည်နယ်က သင့်လျော်သလို သတ်မှတ်နိုင်သည်။

### လွတ်လပ်သော ကော်မရှင်များ

၁၆။ ဖက်ဒရယ်ပြည်ထောင်စုတွင် အောက်ဖော်ပြပါ လွတ်လပ်သော ကော်မရှင်များကို ဖွဲ့စည်းရမည်။ ထို့အပြင် အခြားကော်မရှင်များကိုလည်း လိုအပ်သလိုတိုးချဲ့ ဖွဲ့စည်းနိုင်သည်။

(က) အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေးကော်မရှင် (Anti-Corruption Commission)

(ခ) ရွေးကောက်ပွဲကော်မရှင် (Election Commission)

(ဂ) ခွဲခြားမှုပပျောက်ရေးနှင့် လူ့အခွင့်အရေးကော်မရှင် (Anti-Discrimination and Human Rights Commission)

(ဃ) သတင်းအချက်အလက် သိပိုင်ခွင့်ကော်မရှင် (Right to Information Commission)

(င) ဂျန်ဒါအခြေပြုအကြမ်းဖက်မှုနှင့် အိမ်တွင်းအကြမ်းဖက်မှုဆိုင်ရာ ကော်မရှင် (Commission on Gender-based Violence and Domestic Violence)

(စ) အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုဆိုင်ရာ အမှန်တရားနှင့် ပြန်လည်သင့်မြတ်ရေးကော်မရှင် (Transitional Justice, Truth and Reconciliation Commission)

(ဆ) လူနည်းစုအခွင့်အရေး ကာကွယ်စောင့်ရှောက်မြှင့်တင်ရေးကော်မရှင် (Minority Rights Commission)

(ဇ) နေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးကော်မရှင် (Commission for the Resettlement of the Displaced People)

(ဈ) အမျိုးသမီးအခွင့်အရေးကော်မရှင် (Women Rights Commission)

(ည) ကလေးသူငယ်အခွင့်အရေးကော်မရှင် (Child Rights Commission)

(ဋ) အလုပ်သမားနှင့် လယ်သမားအခွင့်အရေးကော်မရှင် (Labor and Farmer Rights Commission)

(ဌ) တောင်သူလယ်သမားနှင့် မြေယာဆိုင်ရာအခွင့်အရေးကော်မရှင် (Farmer and Land Rights Commission)

(ဍ) ခြားနားစွမ်းသူများအခွင့်အရေးကော်မရှင် (Rights of the Differently Abled Commission)

(ဎ) လူငယ်ရေးရာကော်မရှင် (Youth Affairs Commission)

(ဏ) ဂျန်ဒါတန်းတူရေးကော်မရှင် (Gender Equality Commission)

**နိုင်ငံရေးနှင့်ဘာသာရေး**

၁၇။ ဖက်ဒရယ်ပြည်ထောင်စုသည် နိုင်ငံရေးနှင့် ဘာသာရေး ရောယှက်ခြင်း မရှိသော၊ ဘာသာရေးကို အခြေမခံသော နိုင်ငံရေးစနစ်ကို ကျင့်သုံးသည်။

**ဘဏ္ဍာရေးဆိုင်ရာ ဖက်ဒရယ်စနစ် (Fiscal Federalism)**

၁၈။ ပြည်ထောင်စုအဆင့် အစိုးရနှင့် ပြည်နယ်အဆင့် အစိုးရများအကြား တိကျ၍ စည်းစနစ်ကျသော အခွန်ဘဏ္ဍာ ကောက်ခံသည့် စာရင်းကို တိကျစွာ ဥပဒေပြု ပြဋ္ဌာန်းထားရမည်။ ပြည်ထောင်စုအခွန်ဘဏ္ဍာ ကောက်ခံသော ယန္တရားနှင့် ပြည်နယ်အခွန်ဘဏ္ဍာ ကောက်ခံသော ယန္တရားတို့ သီးခြားစီ ရှိရမည်။

၁၉။ ဖက်ဒရယ်ပြည်ထောင်စုနှင့် ပြည်နယ်တို့အကြား ဘဏ္ဍာရေးဆိုင်ရာစီမံခန့်ခွဲခြင်းနှင့် ခွဲဝေခြင်း (Fiscal Management and Sharing) ဆိုင်ရာဥပဒေများကို ရေးဆွဲပြဋ္ဌာန်းရမည်။ ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များ ဘက်စုံညီမျှဖွံ့ဖြိုး တိုးတက်ရေးအတွက် ဘဏ္ဍာရေးဆိုင်ရာ သာတူညီမျှရေးအစီအစဉ်ကို ရေးဆွဲပြဋ္ဌာန်းထားရမည်။

**မြေနှင့် သဘာဝသယံဇာတ**

၂၀။ မြေနှင့် သဘာဝသယံဇာတ စီမံခန့်ခွဲခြင်းဆိုင်ရာ ဥပဒေများကို သက်ဆိုင်ရာ ပြည်နယ်များက လွတ်လပ်စွာ ရေးဆွဲပြဋ္ဌာန်းပိုင်ခွင့်ရှိသည်။

၂၁။ ပြည်နယ်အတွင်းရှိ မြေနှင့် သဘာဝသယံဇာတအရင်းအမြစ်များအားလုံး၏ မူရင်းပိုင်ရှင်သည် ပြည်နယ်အတွင်းနေထိုင်သော ပြည်နယ်သားများဖြစ်သည်။ ပြည်နယ်

အတွင်းရှိ သဘာဝသယံဇာတ အရင်းအမြစ်များ စူးစမ်းရှာဖွေခြင်း၊ တူးဖော်ထုတ်လုပ်သုံးစွဲခြင်း၊ ရောင်းဝယ်ဖောက်ကားခြင်း၊ ထိန်းသိမ်းကာကွယ်ခြင်း စသည်တို့ကို ပြည်နယ်က လွတ်လပ်စွာ စီမံခန့်ခွဲပိုင်ခွင့် ရှိသည်။

၂၂။ ဖက်ဒရယ်ပြည်ထောင်စုတွင် သယံဇာတမှ ရရှိသော ဘဏ္ဍာငွေများကို သက်ဆိုင်ရာ ပြည်နယ်က စီမံခန့်ခွဲပိုင်ခွင့် နှင့် အကျိုးခံစားပိုင်ခွင့်ရှိသည်။

၂၃။ သဘာဝသယံဇာတ အရင်းအမြစ်များ ထုတ်ယူသုံးစွဲရာတွင် သက်ဆိုင်ရာ ဒေသခံများ၏ သဘောဆန္ဒကို ရယူရမည့်အပြင် ထိုဒေသ၏ ဖွံ့ဖြိုးတိုးတက်မှုကိုလည်း တိုက်ရိုက်အကျိုးပြုမှု ရှိရမည်။ သဘာဝသယံဇာတများ ထုတ်ယူသည့်အတွက် ဖြစ်ပေါ်လာမည့် လူထုနှင့် သဘာဝပတ်ဝန်းကျင်အပေါ် သက်ရောက်သည့် ဆိုးကျိုးများနှင့် ပျက်စီးဆုံးရှုံးသွားသော ဂေဟစနစ်ကို ပြန်လည်ကုစားရေးအတွက် သီးခြားအခွန်ငွေ ကောက်ခံပြီး ရန်ပုံငွေအစီအစဉ် တစ်ရပ်ကို ရေးဆွဲပြဋ္ဌာန်းထားရမည်။

**အခြေခံအခွင့်အရေးများ**

၂၄။ ပြည်ထောင်စုတွင် နေထိုင်သူတိုင်းသည် အခြေခံလူ့အခွင့်အရေးများကို အပြည့်အဝ ခံစားခွင့် ရှိရမည်။

၂၅။ ပြည်ထောင်စုမှ တိုင်းရင်းသားလူမျိုးများအားလုံးသည် လူပုဂ္ဂိုလ်တစ်ဦးချင်းအလိုက် ခံစားခွင့်ရှိသည့် တသီးပုဂ္ဂလအခွင့်အရေးများနှင့် တိုင်းရင်းသားလူမျိုးများ၏ လူမျိုးအလိုက် ခံစားခွင့်ရှိသည့် စုပေါင်းအခွင့်အရေးများနှင့် အစုအဖွဲ့အလိုက် ခံစားခွင့်ရှိသည့် စုပေါင်းအခွင့်အရေးများကို အပြည့်အဝ ခံစားပိုင်ခွင့်ရှိရမည်။

၂၆။ ပြည်ထောင်စု၏ နိုင်ငံသားအဖြစ် ခံယူထားသော ပြည်ထောင်စု နိုင်ငံသားတိုင်းသည် နိုင်ငံသားများ၏ အခြေခံအခွင့်အရေး (Citizen Rights) များ၊ တသီးပုဂ္ဂလ အခွင့်အရေးများ (Individual Rights) နှင့် ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးများ (Cultural Self-Determination) ကို အပြည့်အဝ ခံစားခွင့်ရှိရမည်။

၂၇။ နိုင်ငံသားတိုင်းသည် အခြေခံအကျဆုံးဖြစ်သည့် တသီးပုဂ္ဂလအခွင့်အရေးများကို လူမျိုး၊ ယုံကြည်ကိုးကွယ်မှု၊ ကျား/မ၊ မသန်စွမ်းမှု၊ လိင်စိတ်ခံယူမှုတို့ကို အခြေမခံဘဲ အပြည့်အဝ ခံစားပိုင်ခွင့်ရှိစေရမည်။

**စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးများ**

**စီးပွားရေးဆိုင်ရာအခွင့်အရေးများ**

၂၈။ ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံသားတိုင်းသည် တရားသဖြင့် ရှာဖွေရရှိထားသော ပစ္စည်းဥစ္စာများ ပိုင်ဆိုင်ခွင့်၊ လွှဲပြောင်းခွင့်၊ ထုခွဲရောင်းချပိုင်ခွင့်၊ အမွေဆက်ခံပိုင်ခွင့် ရှိရမည်။

၂၉။ ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံသားတိုင်း၏ ပစ္စည်းဥစ္စာပိုင်ဆိုင်ခွင့်ကို အများပြည်သူ အကျိုးအတွက်သာလျှင် ဥပဒေနှင့်အညီ ရုပ်သိမ်းမှု ပြုလုပ်နိုင်စေရမည်။ ရုပ်သိမ်းခံရသူ၏ အကျိုးနှင့် အများပြည်သူတို့၏ အကျိုးကို တရားမျှတစွာ ချိန်ဆ၍ ထိုက်တန်သော လျော်ကြေးပေးပြီးမှသာ သိမ်းယူခွင့်ရှိစေရမည်။

၃၀။ ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံသားတိုင်းသည် ဇာတိ၊ ကိုးကွယ်ရာဘာသာ၊ အဆင့်အတန်း၊ ကျား/မ လိင်စိတ်ခံယူမှု၊ မသန်စွမ်းမှု၊ အသား အရောင်၊ လူမျိုး၊ အသက်အရွယ် အပေါ် မူတည်၍ ခွဲခြားခံရခြင်း မရှိစေရဘဲ အလုပ်ရွေးချယ်ပိုင်ခွင့်နှင့် အလုပ်လုပ်ပိုင်ခွင့် အခွင့်အရေး ရှိစေရမည်။

၃၁။ ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံသားတိုင်းသည် မိမိ၏ အသက်မွေးဝမ်းကျောင်းအတွက် လွတ်လပ်စွာ စီးပွားရှာဖွေခွင့်နှင့် စီးပွားရေးဆိုင်ရာအဖွဲ့အစည်းများကို လွတ်လပ်စွာ တည်ထောင်ခွင့်ရှိသည်။

၃၂။ အထက်အပိုဒ်(၃၁)ပါ အခွင့်အရေးကို ကျင့်သုံးရာတွင် ပြည်ထောင်စုက ချမှတ်ထားသော စီးပွားရေးဆိုင်ရာမူဝါဒများ၊ စီမံကိန်းများ၊ နိုင်ငံတော်လုံခြုံရေး၊ ပြည်သူလူထု၏ အကျိုးစီးပွားနှင့် ကျန်းမာရေးတို့ကို ထိခိုက်မှု မရှိစေရ။

၃၃။ ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံသားတိုင်းသည် လွတ်လပ်စွာ တီထွင်ဖန်တီးပိုင်ခွင့်နှင့် နည်းပညာ မူပိုင်ခွင့်တို့ကို ဥပဒေနှင့်အညီ ခံစားပိုင်ခွင့် ရှိစေရမည်။

၃၄။ မိရိုးဖလာ သဘာဝအမွေအနှစ်များ၊ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များနှင့် ဓလေ့ထုံးတမ်းအစဉ်အလာအရ သီးသန့်ပိုင်ဆိုင်လာခဲ့သော နည်းပညာဆိုင်ရာ အမွေအနှစ်များကို သက်ဆိုင်ရာ လူမှုအသိုင်းအဝိုင်းမှ အစဉ်အဆက် ထိန်းသိမ်းပိုင်ခွင့်၊ အသုံးပြုပိုင်ခွင့်၊ စီမံခန့်ခွဲပိုင်ခွင့်နှင့် လက်ဆင့်ကမ်းပိုင်ဆိုင်ခွင့် ရှိစေရမည်။

၃၅။ ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံသားတိုင်းသည် မိမိနေရင်းပြည်နယ်မှ အခြားပြည်နယ်တခုခုသို့ အခြေချနေထိုင်ခြင်း၊ စီးပွားရှာဖွေခြင်းတို့သည် သက်ဆိုင်ရာပြည်နယ်၏ တရားဥပဒေ ပြဋ္ဌာန်းချက် များနှင့်အညီသာလျှင် ဖြစ်စေရမည်။

၃၆။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများနှင့် ပတ်သက်၍ ပြည်ထောင်စုလုပ်ပိုင်ခွင့်၊ ပြည်နယ် လုပ်ပိုင်ခွင့်၊ ထပ်တူပြုလုပ်ပိုင်ခွင့်များကို သတ်မှတ်ပေးရမည်။ ကြွင်းကျန်လုပ်ပိုင်ခွင့် များသည် ပြည်နယ်များ၌ တည်ရမည်။

**လူမှုရေးဆိုင်ရာအခွင့်အရေး**

၃၇။ ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံသားတိုင်းသည် -

(က) လွတ်လပ်စွာ ပညာသင်ကြားပိုင်ခွင့်ရှိသည်။

(ခ) မိမိနှစ်သက်ဝါသနာပါရာ အတတ်ပညာ၊ အသက်မွေးဝမ်းကျောင်းပညာ၊ အဆင့်မြင့်ပညာများကို လွတ်လပ်စွာရွေးချယ်ပိုင်ခွင့် ရှိစေရမည်။

(ဂ) အခြေခံပညာရေးကို မသင်မနေရအဖြစ် အခမဲ့သင်ကြားခွင့် ရရှိစေရမည်။

၃၈။ တိုင်းရင်းသားများ၏ မိခင်ဘာသာစကားအခြေပြု ဘာသာစကားစုံပညာသင်ကြားရေးစနစ်ကို ပြည်နယ်များ၏ ကိုယ်ပိုင်ပြဋ္ဌာန်းပိုင်ခွင့်နှင့်အညီ အကောင်အထည်ဖော်ဆောင်ရမည်။ ဖယ်ဒရယ်ဒီမိုကရေစီပညာရေးကို အကောင်အထည်ဖော် ကျင့်သုံးမည်။

၃၉။ တက္ကသိုလ်များ၊ ကောလိပ်များ၊ သိပ္ပံများ၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ အဆင့်မြင့်ပညာသင်ကျောင်းများနှင့် ပုဂ္ဂလိကကျောင်းများကို သတ်မှတ်ပြဋ္ဌာန်းထားသော ဥပဒေနှင့်အညီ တည်ထောင်ပိုင်ခွင့်ကို အာမခံရမည်။

၄၀။ ဖက်ဒရယ်ပြည်ထောင်စု နိုင်ငံသားတိုင်းသည် အခြေခံကျန်းမာရေး ကာကွယ်စောင့်ရှောက်မှုနှင့်ကုသမှုကို အခမဲ့ ရယူခံစားပိုင်ခွင့် ရှိစေရမည်။ ဖက်ဒရယ် ကျန်းမာရေးစနစ် ဖော်ဆောင်ကျင့်သုံးရမည်။

၄၁။ ပြည်ထောင်စုအတွင်း နေထိုင်သူများအားလုံးသည် လူမှုရေးဆိုင်ရာ အခွင့်အရေးများကိုလည်း တန်းတူညီမျှစွာ ခံစားခွင့်ရှိရမည်။

**သတင်းမီဒီယာအခွင့်အရေးများ**

၄၂။ သတင်းမီဒီယာများ၏ လွတ်လပ်စွာ ရပ်တည်ပိုင်ခွင့်၊ လွတ်လပ်စွာ သတင်းရယူပိုင်ခွင့်၊ လွတ်လပ်စွာ သတင်း တင်ပြပိုင်ခွင့်တို့အား အကာအကွယ်ပေးရမည်။

**ယဉ်ကျေးမှုဆိုင်ရာအခွင့်အရေးများ**

၄၃။ တိုင်းရင်းသားလူမျိုးများ၏ အစုအဖွဲ့အခွင့်အရေးများဖြစ်သော ဘာသာစကား၊ သမိုင်းအမွေအနှစ်၊ ရိုးရာဓလေ့ထုံးတမ်းအစဉ်အလာများနှင့် အထိမ်းအမှတ် လက္ခဏာများကို ထိန်းသိမ်းကာကွယ်မြှင့်တင်ခွင့် ရှိစေရမည်။

၄၄။ ဖက်ဒရယ်ပြည်ထောင်စုတွင် မှီတင်းနေထိုင်သူတိုင်းသည် မိမိတို့လူမျိုး၏ ဘာသာစကားနှင့် စာပေတို့ကို လွတ်လပ်စွာ ပြောဆိုခွင့်၊ သင်ကြားပိုင်ခွင့်၊ တိုးတက်ပြန့်ပွားအောင် ဆောင်ရွက်ပိုင်ခွင့်ရှိစေရမည်။

**အထူးစီမံဆောင်ရွက်မှုဆိုင်ရာအခွင့်အရေးများ**

၄၅။ တိုင်းရင်းသားလူမျိုးစုများ၏ ရိုးရာဓလေ့ ထုံးတမ်းအစဉ်အလာများ၊ ဘာသာစကားများကို နိုင်ငံတကာ လူ့အခွင့်အရေးဆိုင်ရာ စံနှုန်းများနှင့်အညီ လွတ်လပ်စွာ ထိန်းသိမ်းကာကွယ်မြှင့်တင်ခွင့် ရှိစေရမည်။ တိုင်းရင်းသားလူမျိုးများ၏ မွေးရာပါ အခွင့်အရေးအဖြစ် ပိုင်ဆိုင်ထားသော အမျိုးသားလက္ခဏာနှင့် ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးများကို မည်သည့်အခြေအနေတွင်မျှ ရုတ်သိမ်းဟန့်တားခြင်း မရှိစေရ။

၄၆။ တိုင်းရင်းသားများသည် လူမှုစီးပွား၊ ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးများ သာတူညီမျှစွာ ခံစားခွင့်ရှိရမည်ဖြစ်ပြီး တိုးတက်မြှင့်တင်ပေးသည့် ဆောင်ရွက်ချက်များ (Progressive actions/Affirmative Actions) များကိုလည်း ခံစားခွင့်ရှိစေရမည်။

၄၇။ လူမျိုး၊ ဘာသာ၊ ကျား/မ၊ မသန်စွမ်းမှု(ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ)၊ လိင်စိတ်ခံယူမှု၊ အသားအရောင်ကို အခြေခံပြီး တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ခွဲခြားဆက်ဆံမှုများနှင့် အခြားသော မည်သည့်ခွဲခြားဆက်ဆံမှု မှန်သမျှကိုမဆို လုံးဝ ပိတ်ပင် ဟန့်တားရမည့်အပြင် ထိုအခွင့်အရေးများကို မြှင့်တင်ခြင်း၊ ကာကွယ်ခြင်းနှင့် လေးစားလိုက်နာခြင်းများ ရှိရမည်။

၄၈။ ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုအတွင်း တန်းတူရေးကို အကောင်အထည်ဖော်နိုင်ရန်အတွက် ဆုံးဖြတ်ချက်ချမှတ်သည့် အခန်းကဏ္ဍ အဆင့်ဆင့်တွင် အမျိုးသမီးများ အနည်းဆုံး ၃၀ ရာခိုင်နှုန်း ပါဝင်ရေးမူကို ချမှတ်ဆောင်ရွက်ရမည်။

၄၉။ ကလေးသူငယ်များဆိုင်ရာအခွင့်အရေး

(က) ကလေးငယ်တိုင်းသည် အရွယ်မရောက်သေးသူအဖြစ် ကာကွယ်စောင့်ရှောက်မှုကို ရရှိခံစားပိုင်ခွင့်ရှိသည်။ ကလေးငယ်တိုင်းသည် အမျိုးသားထုတရပ်လုံး၏ ဖေးမကူညီမှုကို ခံစားပိုင်ခွင့်ရှိစေရမည်။

(ခ) ကလေးများအား မိဘ သို့မဟုတ် အုပ်ထိန်းသူတို့၏ ဆန္ဒမပါဘဲ ၎င်းတို့၏ မိသားစုထံမှ ကွဲကွာအောင် မပြုလုပ်ရ။ ကလေးများကို ပြုစုစောင့်ရှောက်ခြင်းနှင့် သွန်သင်ပြုပြင်ခြင်းတို့သည် မိဘတို့၏ သဘာဝအခွင့်အရေးဖြစ်သည်။ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂညီလာခံ သဘောတူစာချုပ်နှင့်အညီ ဖက်ဒရယ် ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းထားသော ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များကိုလည်း လိုက်နာကျင့်သုံးရမည်။ အကယ်၍ မိဘ သို့မဟုတ် အုပ်ထိန်းသူတို့က ဝတ္တရားပျက်ကွက်လျှင် သော်လည်းကောင်း၊ တနည်းနည်းကြောင့် ကလေးများ ဒုက္ခိတရောမဲ့ဘဝသို့ ရောက်ရှိမည့် အခြေအနေမျိုးတွင်သော်လည်းကောင်း၊ ကလေးများအား မိသားစုနှင့် ကွဲကွာစေခြင်းကို ဥပဒေအတိုင်း ဆောင်ရွက်ရမည်။

(ဂ) ကလေးများကို စီးပွားရေးနှင့် လူမှုရေးအရ ခေါင်းပုံဖြတ်ခြင်းမှ ကာကွယ်စောင့်ရှောက်မှု ပြုရမည်။ ၎င်းတို့၏ ကိုယ်ကျင့်တရား၊ ကျန်းမာရေး၊ အသက်အန္တရာယ်၊ ကိုယ်ခန္ဓာကြီးထွားဖွံ့ဖြိုးမှု၊ ပညာသင်ကြားခွင့် တစ်ခုခုကို ထိခိုက်စေသော အလုပ်လုပ်ကိုင်စေခြင်းများမှ ကာကွယ်စောင့်ရှောက်ရမည်။

(ဃ) ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်က ကလေးများအခွင့်အရေးဆိုင်ရာ ဥပဒေကို ပြဋ္ဌာန်းပေးရမည်။

၅၀။ အလုပ်သမားအခွင့်အရေး

အလုပ်သမားအခွင့်အရေးဆိုင်ရာ ဥပဒေများပြဋ္ဌာန်းရာတွင် အောက်ပါအချက်များ အပါအဝင် နိုင်ငံတကာစံချိန်စံညွှန်းသတ်မှတ်ချက်များ၊ သဘောတူညီချက်များနှင့်အညီ ပြည်နယ်လွှတ်တော်များနှင့် ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်တို့မှ ပြဋ္ဌာန်းရမည်။

(က) အလုပ်လုပ်သူတိုင်း လူ့ဂုဏ်သိက္ခာနှင့်အညီ ရှင်သန်ရပ်တည်နိုင်ရေးအတွက် -

(၁) သင့်တင့်လျောက်ပတ်သော လုပ်ငန်းခွင်အခြေအနေများရရှိခွင့်

(၂) လူမှုဖူလုံရေးခံစားခွင့်နှင့် လူမှုကာကွယ်စောင့်ရှောက်ရေးခံစားခွင့်

(၃) မျှတသောအလုပ်ချိန်သတ်မှတ်ချက်နှင့်အညီ အလုပ်လုပ်ခွင့်

(၄) အားလပ်ရက်နှင့် ခွင့်ရက်များခံစားခွင့်

(၅) အလုပ်သမားသမဂ္ဂများ လွတ်လပ်စွာ တည်ထောင်ဖွဲ့စည်းခွင့် (ILO Convention 87) နှင့် စုပေါင်းညှိနှိုင်းတောင်းဆိုခွင့် (ILO Convention 98) များရရှိစေရမည်။

(ခ) ပြည်တွင်း၊ ပြည်ပရွှေ့ပြောင်းအလုပ်သမားများနှင့် နိုင်ငံခြားမှ ဝင်ရောက် လုပ်ကိုင်သော နိုင်ငံခြားသား အလုပ်သမားများအတွက် ဥပဒေများ ရေးဆွဲပြဋ္ဌာန်းပေးရမည်။

၅၁။ တောင်သူလယ်သမားအခွင့်အရေး

(က) တောင်သူလယ်သမားတိုင်းသည် -

(၁) သီးနှံများကို လွတ်လပ်စွာ စိုက်ပျိုးခွင့်၊ ရောင်းချခွင့်၊ ထုတ်လုပ်ခွင့်၊

(၂) အခွန်ဟူသမျှ ငွေကြေးဖြင့် ပေးဆောင်ခွင့်၊

(ဃ) တောင်သူလယ်သမားသမဂ္ဂများ လွတ်လပ်စွာဖွဲ့စည်းခွင့် ရှိစေရမည်။

(င) တောင်သူလယ်သမား အခွင့်အရေးဆိုင်ရာ ဥပဒေများကို သက်ဆိုင်ရာကဏ္ဍ အလိုက် ပြည်နယ်လွှတ်တော်များနှင့် ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်တို့က ပြဋ္ဌာန်းပေးရမည်။

**တန်းတူအခွင့်အရေးဖော်ဆောင်ခြင်း**

၅၂။ အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်မှုနောက်ကျခြင်းနှင့် အခွင့်အရေးများ ဆုံးရှုံးခြင်းတို့ကို ခံစားနေရသော တိုင်းရင်းသားလူမျိုးများနှင့် အစုအဖွဲ့များအတွက်ဖြစ်စေ၊ စွမ်းဆောင် နိုင်မှုအခြေအနေနိမ့်ပါးလျက်ရှိသော နိုင်ငံသားအစုအဖွဲ့များအတွက်ဖြစ်စေ၊ အချို့သော ထုံးတမ်းစဉ်လာများအရ နှိမ့်ချဖယ်ကြဉ်ခြင်း ခံထားရသော နိုင်ငံသားအစုအဖွဲ့များ အတွက်ဖြစ်စေ၊ ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်က ဥပဒေပြဋ္ဌာန်း၍ အထူးစီမံ ဆောင်ရွက်ချက်များဖြင့် အကာအကွယ်ပေးခြင်း၊ စီမံဆောင်ရွက်ခြင်းတို့သည် နိုင်ငံသားတိုင်း တန်းတူအခွင့်အရေး ရရှိစေရမည်ဟူသော ပြဋ္ဌာန်းချက်ကြောင့် အဟန့်အတား မဖြစ်စေရ။

၅၃။ ပြည်နယ်များအတွင်းရှိ လူနည်းစုများ (Minority within Minority) နိုင်ငံရေးဆုံးဖြတ်ချက် အခန်းကဏ္ဍတွင် ပူးပေါင်းပါဝင်နိုင်စေရန် အဆင့်ဆင့်သော နိုင်ငံရေးကဏ္ဍတို့တွင် ပါဝင်နိုင်ခွင့် အခွင့်အလမ်းများကို ဖန်တီးပေးရမည်။ ထို့အပြင် အခြားသော ကဏ္ဍအသီးသီးတွင် အထူးစီမံဆောင်ရွက်ချက် (affirmative action) များကိုလည်း မူဝါဒချမှတ်ဖော်ဆောင်ပေးရမည်။

၅၄။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာအခွင့်အရေး

(က) ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံသားတိုင်းသည် သဘာဝပတ်ဝန်းကျင် ထိခိုက် ပျက်စီးမှုကြောင့် ကြုံတွေ့ခံစားရမည့် အတိဒုက္ခများမှ ကင်းလွတ်စေရမည့် အပြင် သဘာဝတရားနှင့် ကိုက်ညီ၍ ကျန်းမာရေးနှင့် ညီညွတ်သည့် သဘာဝ ပတ်ဝန်းကျင်ကို ရရှိရန် အခွင့်အရေး ရှိသည်။

(ခ) လူနည်းစုဌာနေတိုင်းရင်းသားတို့၏ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့် ရှောက်ခွင့်နှင့် ၎င်းတို့အခြေချနေထိုင်ရာဒေသအတွင်း သဘာဝပတ်ဝန်းကျင် ထိခိုက်မှုကို ဖြစ်စေနိုင်သည့် သဘာဝသယံဇာတများ အလွန်အကျွံ ထုတ်ယူ သုံးစွဲခြင်းအပေါ် ကန့်သတ်ထိန်းချုပ်ခွင့်ရှိခြင်းကို ဖက်ဒရယ် ပြည်ထောင်စု နှင့် သက်ဆိုင်ရာ ပြည်နယ်အစိုးရများကလည်း အသိအမှတ်ပြုရမည်။

**ဖက်ဒရယ်လုံခြုံရေးနှင့်ကာကွယ်ရေးဆိုင်ရာအခြေခံမူ**

၅၅။ ဖက်ဒရယ်ပြည်ထောင်စု၏ လုံခြုံရေးနှင့် ကာကွယ်ရေးဆိုင်ရာမူဝါဒများသည် လူသား လုံခြုံရေးကို အခြေခံရမည်။ ဖက်ဒရယ်ပြည်ထောင်စု လုံခြုံရေးနှင့် ကာကွယ်ရေး ဆိုင်ရာ တပ်ဖွဲ့များ အားလုံးသည် ဒီမိုကရေစီနည်းကျ ရွေးကောက်တင်မြှောက်ထားသော အရပ်သားအစိုးရ၏ အုပ်ချုပ်မှုအောက်တွင် ရှိရမည်။

၅၆။ ဖက်ဒရယ်လွှတ်တော်သည် ပြည်ထောင်စု၏ လုံခြုံရေးနှင့် ကာကွယ်ရေးဆိုင်ရာ မူဝါဒများနှင့် ဥပဒေများကို ရေးဆွဲပြဋ္ဌာန်းပေးရမည်။ လုံခြုံရေးနှင့် ကာကွယ်ရေးဆိုင်ရာ အသုံးစရိတ်များကို ဖက်ဒရယ်လွှတ်တော်က စိစစ် အတည်ပြုပေးရမည်။

၅၇။ ပြည်ထောင်စုရဲတပ်ဖွဲ့နှင့် ပြည်နယ်ရဲတပ်ဖွဲ့တို့ကို သီးခြားစီ ဖွဲ့စည်းရမည်။ ပြည်နယ်လုံခြုံရေးတပ် ဖွဲ့စည်းခွင့်ရှိသည်။ ပြည်နယ်ရဲတပ်ဖွဲ့နှင့် ပြည်နယ်လုံခြုံရေးတပ်တို့သည် သက်ဆိုင်ရာပြည်နယ်အစိုးရ၏ အုပ်ချုပ်မှုအောက်တွင်ရှိသည်။ ပြည်နယ်ရဲတပ်ဖွဲ့နှင့် ပြည်နယ်လုံခြုံရေးတပ်တို့၏ အသုံးစရိတ်များကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော်က စိစစ်အတည်ပြုပေးရမည်။

၅၈။ ပြည်ထောင်စုလုံခြုံရေးနှင့် အရေးပေါ်အခြေအနေတွင်လည်းကောင်း၊ သဘာဝကပ်ဘေးအန္တရာယ်များနှင့် ကယ်ဆယ်ရေးဆိုင်ရာလုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်နိုင်ရန်အတွက်သော်လည်းကောင်း လုံခြုံရေးတပ်ဖွဲ့များအား အသုံးပြုမှုနှင့် ပတ်သက်၍ ပြည်ထောင်စုအစိုးရနှင့် သက်ဆိုင်ရာ ပြည်နယ်အစိုးရတို့က ညှိနှိုင်းဆုံးဖြတ်ဆောင်ရွက်ရမည်။

၅၉။ ဖက်ဒရယ်ပြည်ထောင်စု၏ အမျိုးသားလုံခြုံရေးနှင့် ကာကွယ်ရေးကောင်စီကို ဖွဲ့စည်းရမည်။ ၎င်းကောင်စီတွင် ပြည်နယ်လုံခြုံရေးနှင့် ကာကွယ်ရေးကောင်စီများမှ အနည်းဆုံးတစ်ဦးစီ အပါအဝင် ကောင်စီဝင် စုစုပေါင်း၏ (၃၀) ရာခိုင်နှုန်းထက် မကျော်သော ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်။

**ဖက်ဒရယ်ပြည်ထောင်စုလုံခြုံရေးစနစ်**

၆၀။ ပြည်ထောင်စု၊ ပြည်နယ် နှင့် ဒေသန္တရအရပ်သားအစိုးရများအကြား လုပ်ပိုင်ခွင့်ဆိုင်ရာ အာဏာများခွဲဝေခြင်း၊ အစုအဖွဲ့ သို့မဟုတ် လူပုဂ္ဂိုလ်အတွက် သီးခြားပေးအပ်ထားသော အခွင့်အရေးများဆိုင်ရာ ခွဲဝေခြင်းနှင့် ဆုံးဖြတ်ချက်ချမှတ်ခြင်းဆိုင်ရာ အာဏာခွဲဝေခြင်းတို့ ကျင့်သုံးပြီး ဒေသခံတို့၏ ဓလေ့ထုံးတမ်းများ၊ စိုးရိမ်ချက်များနှင့် လိုအပ်ချက်များကို ထင်ဟပ်ပုံဖော်သည့် သက်ဆိုင်ရာ ပထဝီအနေအထားအခြေခံ မဟာဗျူဟာများချမှတ်မှုနှင့် လုံခြုံရေးဆိုင်ရာတာဝန်ရှိသူများ တာဝန်ခံထားမှုတို့ကို လုပ်ဆောင်ကာ ပြည်သူလူထုလုံခြုံရေး၊ ရပ်ရွာဘေးအန္တရာယ်ကင်းဆီးရေးနှင့် ပြည်ထောင်စုကာကွယ်ရေးကို အာမခံသည့် လူမျိုးပေါင်းစုံ၊ ဘက်ပေါင်းစုံလွှမ်းခြုံပူးပေါင်းပါဝင်သည့် အဖွဲ့အစည်းများ၊ အင်အားစုများနှင့် ဝန်ဆောင်မှုများကို အကောင်အထည်ဖော်ဆောင်ရွက်သည့် ဖက်ဒရယ်ပြည်ထောင်စု လုံခြုံရေးစနစ် တစ်ရပ် တည်ဆောက်ရမည်။

**စီမံခန့်ခွဲခြင်းနှင့် ပြည်သူ့ဝန်ထမ်းခြင်း (Administration and Public Services)**

၆၁။ စီမံခန့်ခွဲခြင်းနှင့် ပြည်သူ့ဝန်ထမ်းခြင်း လုပ်ငန်းများတွင် တာဝန်ထမ်းဆောင်မည့်သူများအား လေ့ကျင့်သင်ကြားရေးအတွက် မူဝါဒများရေးဆွဲခြင်း၊ ဝန်ထမ်းလေ့ကျင့်သင်ကြားရေးကျောင်းများတွင် သင်ကြားမည့် သင်ရိုးညွှန်းတမ်းဆိုင်ရာ စံနှုန်းများ သတ်မှတ်ခြင်းကို ပြည်ထောင်စုနှင့် ပြည်နယ်အစိုးရများ၏ ပေါင်းစပ်ညှိနှိုင်းမှုဖြင့် ဆောင်ရွက်ပေးရမည်။ ဖြစ်ပေါ်တိုးတက်နေသော နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး နှင့် နည်းပညာ အခင်းအကျင်းများနှင့်အညီ သင်ရိုးညွှန်းတမ်းများကို လိုအပ်သလို ပြန်လည်သုံးသပ်ပြင်ဆင်ရမည်။

၆၂။ ပြည်သူ့ဝန်ထမ်းခြင်းဆိုင်ရာ ဝန်ထမ်းရွေးချယ် လေ့ကျင့်သင်ကြားရေးကျောင်းများ သီးခြားဖွင့်လှစ်ပိုင်ခွင့်၊ စီမံခန့်ခွဲပိုင်ခွင့် နှင့် ဝန်ထမ်းများအား ရွေးချယ်ခန့်အပ်ပိုင်ခွင့် ရှိသည်။

**အစိုးရအချင်းချင်းအကြားဆက်ဆံရေး (Inter-Governmental Relations)**

၆၃။ ဖက်ဒရယ်ပြည်ထောင်စုနှင့် ပြည်နယ်ကြားတွင်သော်လည်းကောင်း၊ ပြည်နယ်အချင်းချင်းကြားတွင်သော်လည်းကောင်း အငြင်းပွားစရာများ၊ ပြဿနာများ ပေါ်ပေါက်ပါက ပူးပေါင်းကိုင်တွယ်ဖြေရှင်းရန်နှင့် လုပ်ငန်းဆောင်တာများကို အတူတကွ ပူးပေါင်းလုပ်ကိုင်နိုင်ရန်အတွက် အကြီးအကဲများ ပူးတွဲကော်မတီကို သော်လည်း ကောင်း၊ လုပ်ငန်းကဏ္ဍအသီးသီးတို့တွင် ပူးပေါင်းဆောင်ရွက်ရန်အတွက် ကဏ္ဍအလိုက် ဝန်ကြီးများ ပူးတွဲကော်မတီကိုသော်လည်းကောင်း၊ မျှဝေသုံးစွဲရန် သတ်မှတ်ထားသော ဝင်ငွေများကို စီမံခန့်ခွဲရန်အတွက် ဘဏ္ဍာရေး ပူးတွဲကော်မတီကိုသော်လည်းကောင်း စသည့် ပူးတွဲကော်မတီတို့ကို ဖွဲ့စည်းနိုင်သည်။ ပူးပေါင်းဆောင်ရွက်သည့် ကိစ္စရပ်၏ လိုအပ်ချက်အရ ကော်မတီ သက်တမ်းကို သတ်မှတ်ထားရှိရမည်။

၆၄။ ပြည်နယ်အကြီးအကဲများသည် ပြည်ထောင်စုအဂါ်ခဉ်အရ ပြည်ထောင်စုဝန်ကြီးများ၏ အထက်တွင် ရှိသည်။

## အခန်း (၅)
## ဝန်ခံကတိပြုချက်

ဤဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်အား စစ်အာဏာရှင် ဆန့်ကျင်ရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု ပေါ်ပေါက်ရေးအတွက် လှုပ်ရှားမှုများတွင် ပါဝင်သော အဖွဲ့အစည်းအားလုံးက ပြည်သူ့ညီလာခံရှေ့မှောက်၌ အတူတကွ ကတိကဝတ်ပြု သန္နိဋ္ဌာန်ချ၍ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် သဘောတူအတည်ပြု (ratify) ကြခြင်း ဖြစ်သည်။ ဤပဋိညာဉ်အရ မိမိတို့သည် လက်ရှိတွေ့ကြုံနေရသည့် အကျပ်အတည်းဖြစ်နေသောအခြေအနေမှသည် de jure နှင့် de facto တို့၏ စုပေါင်းခေါင်းဆောင်မှုဖြင့် ဥပဒေစိုးမိုးမှုရှိသော၊ ဒီမိုကရေစီအားကောင်းသော၊ တာဝန်ယူမှုရှိသည့် အစိုးရရှိသော အနေအထားသို့ ရောက်ရှိအောင် ဆောင်ရွက်သွားရန်ဖြစ်သည်။ လက်ရှိအချိန်တွင် ပြည်သူများအနေဖြင့် အာဏာသိမ်းစစ်တပ်၏ စိတ်အလိုရှိသည့်အတိုင်း အကြမ်းဖက်အုပ်ချုပ်နေမှုအောက်တွင် ဒုက္ခခံစားနေရပြီး တရားဝင်မှုရှိသည့် အစိုးရမရှိတော့ပေ။ အကျိုးဆက်မှာ မိမိတို့သည် ဖရိုဖရဲပရမ်းပတာ အခြေအနေနှင့် ရင်ဆိုင်ကြုံတွေ့နေရပါသည်။ ဤအခြေအနေတွင် မိမိတို့သည် တပ်မတော် အုပ်ချုပ်မှုကင်းစင်ပြီး တည်ငြိမ်မှုကို ပေးနိုင်မည့် တညီတညွတ်တည်း ရှိသော အစိုးရ တစ်ရပ်ကို လုံးဝ လိုအပ်နေပါသည်။ ဤ ပဋိညာဉ်ပါ အချက်များသည် မွေကို အခြေခံ၍ သက်ဆိုင်သူ (stakeholders) များမှ နက်နက်ရှိုင်းရှိုင်း သက်ဝင်ယုံကြည်ပြီး ပြည်သူ့ညီလာခံရှေ့မှောက်၌ အတူတကွ ကတိကဝတ်ပြု သန္နိဋ္ဌာန်ချ၍ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် သဘောတူ အတည်ပြု (ratify) ကြခြင်း ဖြစ်သည်။

ကျွန်ုပ်တို့အတွက် နိုင်ငံရေးလမ်းပြမြေပုံအတိုင်း ဆောင်ရွက်ရမည့် အလုပ်များမှာ အရေးကြီး၍ မြင့်မြတ်သော လုပ်ငန်းများဖြစ်ပါသည်။ မိမိတို့သည် ပရမ်းပတာ လုံခြုံမှုကင်းမဲ့သည့် အခြေအနေမှ တည်ငြိမ်မှု ပြန်လည်ရရှိရန်၊ ဥပဒေမဲ့ ဆောင်ရွက်နေမှုများမှ တရားမျှတမှုရှိလာရန်၊ အကြမ်းဖက်မှုများမှ ပြန်လည်ငြိမ်းချမ်းမှု ရရှိရန်၊ စစ်အုပ်ချုပ်ရေးမှ ဒီမိုကရေစီ ပြန်လည်ထွန်းကားရန်၊ ရက်စက်ကြမ်းတမ်းမှုများမှ လုံခြုံစိတ်ချရမှု ပြန်လည်ရရှိရန်၊ မုန်းတီးမှုများမှ အမှန်တရားကိုအခြေခံသည့် ဂရုဏာစိတ်ထားများ ပြန်လည်တည်ဆောက်နိုင်ရန် နှင့် ဖိနှိပ်မှုများမှ လွတ်မြောက်ရန် စသည်တို့အတွက်

အတူတကွ အပြန်အလှန် ကတိကဝတ်ပြုခြင်းဖြင့် ရှေ့ဆက် ဆောင်ရွက်သွားရမည် ဖြစ်သည်။ ထိုလုပ်ငန်းစဉ်များနှင့် သဘောတူညီချက်များကို အမှန်တကယ် လေးစားစွာ၊ တာဝန်ရှိစွာ နှင့် ကတိကဝတ် ခိုင်မြဲစွာ ဆောင်ရွက်သွားမည်။

ဤပဋိညာဉ်သည် တရားဝင် စည်းနှောင်ချုပ်ဆိုထားခြင်းဖြစ်သည်။ ထို့ပြင် ကိုယ်ကျင့်တရားကို အခြေခံ၍ ဆောင်ရွက်ခြင်းဖြစ်ကြောင်းလည်း မှတ်ယူသည်။ ထိုတာဝန်ရှိမှုများနှင့် ပတ်သက်၍ သဘောတူအတည်ပြုသည့် အဖွဲ့တိုင်းသည် အခြား ကတိကဝတ်ပြု၍ သဘောတူအတည်ပြုသည့် အဖွဲ့အစည်းတစ်ခုချင်း အပေါ်တွင် လည်းကောင်း၊ အဖွဲ့အစည်းအသီးသီး၏ အဖွဲ့ဝင်များအပေါ်တွင်လည်းကောင်း၊ ပြည်ထောင်စု မြန်မာနိုင်ငံ ပြည်သူများ အပေါ်တွင်လည်းကောင်း၊ အနာဂတ် မျိုးဆက်သစ်များအပေါ်တွင် လည်းကောင်း တာဝန်ခံသည်ဟု ကျွန်ုပ်တို့ ယုံကြည်ပါသည်။

၁။ ဤပဋိညာဉ်ပါ ဦးတည်ချက်၊ ရည်ရွယ်ချက်များအား ပြည်သူ့ညီလာခံ (People's Assembly) ၏ စုပေါင်းဦးဆောင်မှုနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ကာ လွတ်လပ်မှု၊ တရားမျှတမှု၊ တန်းတူညီမျှမှုရှိပြီး ငြိမ်းချမ်းသည့် ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုကို တည်ဆောက်မည်။

၂။ ထိုသို့တည်ဆောက်ရာတွင် အပိုင်း (၃) ပြည်ထောင်စုအသွင်သဏ္ဌာန် အပိုဒ် ၁၊ ၂၊ ၃နှင့် ပြည်ထောင်စုအချုပ်အခြာအာဏာ အပိုဒ် ၄ တို့တွင် သဘောတူညီမှုရရှိထားပြီး ဖြစ်သည့် ပြည်ထောင်စု၏ အချုပ်အခြာအာဏာနှင့် စံတန်ဖိုးများကို အခြေခံ၍ ကိုယ်ပိုင်ဆုံးဖြတ်ပိုင်ခွင့် အခွင့်အရေးနှင့် ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များသည် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများအား အပြည့်အဝ ကျင့်သုံးပိုင်ခွင့်ရှိစေရမည်။

၃။ အခြေခံအခွင့်အရေးများ၊ ကျား/မ တန်းတူညီမျှရေးနှင့် လူနည်းစုတို့၏ အခွင့်အရေးများ ရရှိစေရမည်။ နိုင်ငံသားတိုင်း၏ လူမှုဘဝ လုံခြုံမှုရှိစေရေးအတွက် လူသားလုံခြုံမှုကို အခြေခံသည့် ဖက်ဒရယ်ပြည်ထောင်စု၏ လုံခြုံရေးနှင့် ကာကွယ်ရေးဆိုင်ရာ မူဝါဒ များကို ချမှတ်ဆောင်ရွက်သွားမည်။

၄။ နိုင်ငံသားတို့၏ လူနေမှုဘဝ အဆင့်အတန်း ပိုမိုမြင့်မား၍ ဆန်းသစ် ပြောင်းလဲမှု နှင့် စွန့်ဦးတီထွင်မှုတို့ကို အားပေးထောက်ကူပြုသည့် မူဝါဒများကို ချမှတ် ဆောင်ရွက်သွားမည်။

၅။ လူတိုင်းလက်လှမ်းမီနိုင်သည့် အားလုံးအကျုံးဝင် ပညာရေးစနစ် (Universal Education Coverage)၊ မိခင်ဘာသာစကားအခြေပြု ဘာသာစကားစုံ ပညာသင်ကြားရေးစနစ် (Mother Tongue-based Multi-lingual Education) နှင့် လူတိုင်းလက်လှမ်းမီနိုင်သည့် အားလုံးအကျုံးဝင် ကျန်းမာရေးစနစ် (Universal Health Coverage) မသန်စွမ်းသူများ၊ ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများ၊ ကိုယ်ဝန်ဆောင်များ အပါအဝင် အမျိုးသမီးဆိုင်ရာအခွင့်အရေးများ၊ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများ အလွဲသုံးမှုဆိုင်ရာ အန္တရာယ်လျှော့ချရေး (Harm Reduction)၊ ကုသရေးနှင့် ပြန်လည်ထူထောင်ရေးအတွက် ထိရောက်သော မူဝါဒများကို ချမှတ် ဆောင်ရွက်သွားမည်။

၆။ ပြည်သူ့ဆန္ဒနှင့်အညီ အပ်နှင်းခြင်းမဟုတ်သော အခွင့်အာဏာများအား ပြန်လည် ရုပ်သိမ်းရမည်။ ရွေးကောက်ခံများကို အခြေခံသော အရပ်သား အုပ်ချုပ်ရေးစနစ်ကို တည်ဆောက်မည်။ တာဝန်ယူမှု၊ တာဝန်ခံမှု မရှိသော အစိုးရများအား ပြည်သူ့အင်အားဖြင့် ဖြိုချပါမည်။ အချုပ်အခြာ၏ မူလရင်းမြစ်သည် ပြည်သူ့အများ

ဖြစ်ကြောင်း အာမခံနိုင်ရမည်။ နိုင်ငံ့အာဏာသည် ပြည်သူလက်ထဲတွင် ရှိကြောင်း သေချာစေရမည်။

၇။ ဤပဋိညာဉ်ပါ အကြောင်းအရာများ၊ ဖော်ပြချက်များနှင့် မူဝါဒများသည် မကြာမီ ကာလတွင် ပေါ်ပေါက်လာမည့် ကြားကာလအစိုးရ၊ ကြားကာလ ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာ အစီအစဉ်များတွင် ဆောင်ရွက်မည့် ကိစ္စရပ်များအတွက်သာမက ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာ၌လည်း လိုက်နာကျင့်သုံးရမည့် အခြေခံလမ်းညွှန်ချက်များ ဖြစ်သည်။

## နိဂုံး

တိုင်းရင်းသားခေါင်းဆောင်ကြီးများသည် ၁၉၄၇ ခုနှစ်တွင် ပင်လုံစာချုပ်ကို ချုပ်ဆိုကာ လွတ်လပ်ရေးကို အတူတကွ ရယူခဲ့ပြီး ပြည်ထောင်များ စုပေါင်း၍ ပြည်ထောင်စုနိုင်ငံအဖြစ် တည်ထောင်ရန် ကြိုးပမ်းခဲ့ကြသည်။ လွတ်လပ်ခြင်း၊ တန်းတူခြင်း၊ စုံလင်ကွဲပြားခြင်း၊ စုပေါင်းခေါင်းဆောင်ခြင်းနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိခြင်းတို့ကို ပြည်ထောင်စု၏ စံတန်ဖိုးများအဖြစ် ကိုင်စွဲ၍ လူမျိုးပေါင်းစုံ အေးအတူပူအမျှ ငြိမ်းချမ်းစွာဖြင့် အတူတကွ ယှဉ်တွဲ နေထိုင်နိုင်မည့် ဖက်ဒရယ်ပြည်ထောင်စုအား တည်ဆောက်ရန် ရည်မျှော်ခဲ့ကြသည်။

သို့ပါ၍ ငြိမ်းချမ်းသာယာသည့် ဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်နိုင်ရန် အတွက် ပြည်ထောင်စု၏ မူရင်းပဋိညာဉ် ဖြစ်သည့် ပင်လုံစာချုပ်၊ ပင်လုံကတိကဝတ်နှင့် ပင်လုံမူတို့ကို ပြန်လည်အကောင်အထည်ဖော်ရန် လိုအပ်ပါသည်။ ဖက်ဒရယ် ပြည်ထောင်စု၏ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြန်လည်ရေးဆွဲရမည်။ ဖွဲ့စည်းပုံအခြေခံ ဥပဒေအရ အုပ်ချုပ်သော ဖွဲ့စည်းပုံအခြေခံဥပဒေစနစ် (Constitutionalism) ကို ကျင့်သုံးမည်။ လိုအပ်သော ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်မည်။ ပြည်ထောင်စု၏အင်္ဂါရပ်များနှင့် ပြည့်စုံရန် လုပ်ဆောင်မည်။ ပြည်ထောင်စုလက္ခဏာ တည်ဆောက်ရေးဖြစ်သည့် အသွင်သဏ္ဌာန် လက္ခဏာတည်ဆောက်ရေးနှင့် အနှစ်သာရ လက္ခဏာတည်ဆောက်ရေးတို့ကို အကောင်အထည်ဖော်မည်။ စုပေါင်း တည်ထောင်ခဲ့သော ပြည်ထောင်စုကြီးအား စုပေါင်း ခေါင်းဆောင်မှုဖြင့် ကမ္ဘာ့အလယ်တွင် တင့်တယ်စေရမည်။

စံတန်ဖိုးများနှင့် နိုင်မာသည့်မူဝါဒများကို လေးစားယုံကြည်လိုက်နာသော လွတ်လပ်၊ ငြိမ်းချမ်း၊ ကြီးပွား၊ တိုးတက်သော ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုသစ်ကြီးကို ထုဆစ်ပုံဖော်ရန်အတွက် ဤပဋိညာဉ်ကြီးကို စုပေါင်း ရေးဆွဲပြဋ္ဌာန်း အတည်ပြုကာ စုပေါင်းခေါင်းဆောင်မှုဖြင့် စုပေါင်းအကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

# ဖက်ဒရယ်ဒီမိုကရေစီ ပဋိညာဉ်
# အစိတ်အပိုင်း (၂)
# ကြားကာလဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အစီအမံ
# ၂၀၂၁ ခုနှစ်

Federal Democracy Charter

Part -2

Interim Constitutional Arrangements

2021

၂၀၂၁ ခုနှစ် မတ်လ ၃၁ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။ ၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၂၇ ရက်နေ့မှ ၂၉ ရက်နေ့အထိ ကျင်းပခဲ့သည့် ပထမအကြိမ်ပြည်သူ့ညီလာခံတွင် ပြင်ဆင်ဖြည့်စွက်ချက်များဖြင့် အတည်ပြုခဲ့သည်။

မာတိကာ

နိဒါန်း
အခန်း (၁) ကြားကာလဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာအစီအမံ၏ ရည်ရွယ်ချက်
အခန်း (၂) ပြည်သူ့ညီလာခံ
အခန်း (၃) အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ
အခန်း (၄) ကြားကာလအမျိုးသားညီညွတ်ရေးအစိုးရ၏ လုပ်ငန်းတာဝန်များ
အခန်း (၅) ကြားကာလ ဥပဒေပြုရေး
အခန်း (၆) ကြားကာလ အုပ်ချုပ်ရေး
အခန်း (၇) ကြားကာလ တရားစီရင်ရေး
အခန်း (၈) ပြည်နယ်/ ဖက်ဒရယ်ယူနစ်များ၏ အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားစီရင်ရေး
အခန်း (၉) အသွင်ကူးပြောင်းရေးကာလဆိုင်ရာ ပြင်ဆင်မှု အစီအမံများ
အခန်း (၁၀) ပဋိညာဉ်အား ပြင်ဆင်ဖြည့်စွက်ခြင်း
အခန်း (၁၁) အထွေထွေပြဋ္ဌာန်းချက်များ (General Provisions)
အခန်း (၁၂) ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုတည်ဆောက်ရေးဆိုင်ရာ ကတိပြုချက်များ

## နိဒါန်း

ပြည်ထောင်စုအတွင်း နေထိုင်ကြသည့် တိုင်းရင်းသားလူမျိုးပေါင်းစုံအပါအဝင် ပြည်သူလူထု တစ်ရပ်လုံး တို့၏ နိုင်မာသည့် လိုလားတောင့်တချက်မှာ လွတ်လပ်မှု၊ တန်းတူညီမျှမှု၊ တရားမျှတမှု တို့ကိုအခြေခံသည့် ဒီမိုကရေစီရေး၊ တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများကို အပြည့်အဝ အာမခံချက် ပေးနိုင်သော ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုကြီး ပေါ်ပေါက်လာရေးပင် ဖြစ်သည်။ တိုင်းရင်းသား လူမျိုးပေါင်းစုံတို့၏ မွေးရာပါအခွင့်အရေးနှင့် လူ့ဂုဏ်သိက္ခာတို့ကို လေးစားတန်ဖိုးထားသော စံတန်ဖိုးများ၊ ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုကြီး တည်ဆောက်ရေးအတွက် အခြေခံရမည့် အခြေခံမူများ၊ လမ်းညွှန်အခြေခံမူများ၊ အကောင်အထည် ဖော်ရမည့် လုပ်ငန်းစဉ် (သို့မဟုတ်) နိုင်ငံရေးလမ်းပြ မြေပုံတို့ကို ဤပဋိညာဉ်၏ အစိတ်အပိုင်း (၁) တွင် ဖော်ပြခဲ့ပြီးသည်။ ဖက်ဒရယ် ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေးကို စုပေါင်း အင်အားဖြင့် ကြိုးပမ်းဆောင်ရွက်ကြမည့် သက်ဆိုင်ရာအင်အားစု အသီးသီးတို့ကလည်း သန္နိဋ္ဌာန်ချမှတ် ကတိပြုကြပြီး ဖြစ်သည်။ ဖက်ဒရယ်ဒီမိုကရေစီ ပဋိညာဉ်အစိတ်အပိုင်း (၁) တွင် ဖော်ပြထားသည့် ဦးတည်ချက်၊ ရည်ရွယ်ချက်များကို လက်တွေ့ အကောင်အထည်ဖော်ရန်နှင့် ရှေ့ဆက်သွားမည့် နိုင်ငံရေးလမ်းပြ မြေပုံအဆင့်ဆင့်အား လက်တွေ့အကောင်အထည်ဖော်ခြင်းဖြင့် ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုကြီး တည်ဆောက်နိုင်ရန်အလို့ငှာ ကြားကာလတွင် အခြေခံ ရမည့် "ကြားကာလ ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ အစီအစဉ်များ (Interim Constitutional Arrangements)" ကို ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်၏ အစိတ်အပိုင်း (၂) အဖြစ် အတည်ပြု ပြဋ္ဌာန်းလိုက်သည်။ ဤကြားကာလ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အစီအစဉ်များ၏ သက်တမ်းသည် အသွင်ကူးပြောင်းရေးကာလ ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းပြီး စတင်အသက်ဝင်သည့် အချိန်အထိ ဖြစ်သည်။

### အခန်း (၁)
### ကြားကာလဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာအစီအစဉ်၏ ရည်ရွယ်ချက်

၁။ စစ်အာဏာရှင်စနစ်အပါအဝင် မည်သည့်အာဏာရှင်စနစ်မဆိုအပြီးတိုင် ချုပ်ငြိမ်းရေးကို ဦးတည်သည့် လုပ်ငန်းစဉ်များနှင့် အသွင်ကူးပြောင်းရေးကာလဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်သည်အထိ လိုအပ်သည့် လုပ်ငန်းစဉ်များအား အကောင်အထည်ဖော် ဆောင်ရွက်ရန်၊

၂။ စစ်အာဏာရှင်စနစ်အပါအဝင် မည်သည့်အာဏာရှင်စနစ်မဆို အပြီးတိုင် ချုပ်ငြိမ်းရေးနှင့် ဖက်ဒရယ် ဒီမိုကရေစီ ပြည်ထောင်စုနိုင်ငံ တည်ဆောက်ရေးအတွက် ဘုံပန်းတိုင်တူ အင်အားစုအားလုံး ပါဝင်သော ပြည်သူ့ညီလာခံတစ်ရပ်ကို စတင်ခေါ်ယူ ကျင်းပရန်၊

၃။ ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်၏ အစိတ်အပိုင်း (၁) ပါ ဦးတည်ချက်၊ ရည်ရွယ်ချက်နှင့် နိုင်ငံရေးလမ်းပြ မြေပုံ အဆင့်ဆင့်တို့ကို ဦးဆောင်အကောင်အထည်ဖော်မည့် အမျိုးသား ညီညွတ်ရေး အတိုင်ပင်ခံ ကောင်စီအား အတည်ပြု ဖွဲ့စည်းရန်၊

၄။ ပြည်ထောင်စု လွှတ်တော်ကိုယ်စားပြုကော်မတီသည် အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံ ကောင်စီ၏ ညှိနှိုင်းသဘောတူညီချက်ဖြင့် ကြားကာလအမျိုးသားညီညွတ်ရေးအစိုးရကို ဖွဲ့စည်းကာ ၎င်း၏ ဖွဲ့စည်းပုံ၊ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို သတ်မှတ်ပြဋ္ဌာန်းရန်၊

၅။ ဖက်ဒရယ်ဒီမိုကရေစီ တော်လှန်ရေးကာလအတွက် လိုအပ်သောစုဖွဲ့မှုများကိုပြုလုပ်ရန်နှင့် ၎င်းတို့၏ ဖွဲ့စည်းပုံ၊ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို သတ်မှတ်ပြဋ္ဌာန်းရန်၊

၆။ အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီက အသွင်ကူးပြောင်းရေးကာလဆိုင်ရာ ပြင်ဆင်မှု အစီအစဉ်များ ရေးဆွဲရန်၊

## အခန်း (၂)
## ပြည်သူ့ညီလာခံ

### ရည်ရွယ်ချက်

၇။ အသာအရှင်စနစ်အပြီးတိုင်ချုပ်ငြိမ်းရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံတည်ဆောက်ရေး အတွက် ဖက်ဒရယ်ဒီမိုကရေစီအင်အားစုများ စုပေါင်း၍ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ လုံခြုံရေးနှင့် အာဏာရှင်စနစ်တိုက်ဖျက်ရေးဆိုင်ရာ အခြေခံမူများ၊ မူဝါဒများ၊ မဟာဗျူဟာများနှင့် အသွင် ကူးပြောင်းမှုဆိုင်ရာ အစီအစဉ်များ ညှိနှိုင်းဆွေးနွေး အတည်ပြု ဆောင်ရွက်ရန် ဤပြည်သူ့ညီလာခံကို ကျင်းပခြင်းဖြစ်သည်။

### ညီလာခံဖွဲ့စည်းကျင်းပပုံ တာဝန်နှင့် လုပ်ငန်းစဉ်

၈။ အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီသည် ပြည်သူ့ညီလာခံကို ဦးဆောင်ကျင်းပ ရမည်။ ပြည်သူ့ညီလာခံ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြည်သူ့ညီလာခံကျင်းပပုံ လုပ်ထုံးလုပ်နည်းများ ကို ရေးဆွဲရမည်။

၉။ ပြည်သူ့ညီလာခံတွင် အောက်ပါနယ်ပယ်များမှ ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်ကို သဘောတူ သော အစုအဖွဲ့များ၏ ကိုယ်စားလှယ်များပါဝင်မည်။

(က) ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ အပါအဝင် ရွေးကောက်ခံ လွှတ်တော် ကိုယ်စားလှယ်များ

(ခ) နိုင်ငံရေးပါတီများ

(ဂ) သမဂ္ဂများ၊ အမျိုးသမီးများ၊ လူငယ်နှင့်လူနည်းစုဆိုင်ရာ အဖွဲ့အစည်းများ အပါအဝင် အရပ်ဖက်အဖွဲ့အစည်းများ၊ အာဏာရှင်စနစ်ဆန့်ကျင်ရေးတွင် ပါဝင်နေကြသော နိုင်ငံ့ဝန်ထမ်းများအပါအဝင် CDM လှုပ်ရှားမှုဆိုင်ရာ အဖွဲ့အစည်းများ၊ လူထုသပိတ် လှုပ်ရှားမှုဆိုင်ရာ အဖွဲ့အစည်းများ

(ဃ) တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများ

(င) ကြားကာလ ပြည်နယ်/ဖက်ဒရယ်ယူနစ် ကိုယ်စားပြုနှင့် လူမျိုးအခြေပြု အဖွဲ့အစည်း/ ကောင်စီများ

၁၀။ ဤပြည်သူ့ညီလာခံတွင် ပါဝင်သည့် အဖွဲ့ဝင်များသည် သက်ဆိုင်ရာအဖွဲ့အစည်းများအား တရားဝင် ကိုယ်စားပြုသူများဖြစ်၍ ပြည်သူ့ညီလာခံ၏ ဆုံးဖြတ်ချက်များအတိုင်း ရပ်တည်၍ ပူးပေါင်း အကောင်အထည် ဖော်ဆောင်ရမည်။

### လုပ်ပိုင်ခွင့်နှင့် တာဝန်များ

၁၁။ ပြည်သူ့ညီလာခံသည် အောက်ပါတာဝန်နှင့်လုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်ရမည်။

(က) လွတ်လပ်မှု၊ တန်းတူညီမျှမှု၊ တရားမျှတမှုနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တို့ကို အခြေခံသော ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုကို ဖွဲ့စည်းတည်ထောင်သွားရန်အတွက် လမ်းညွှန် မှုများပေးရန်၊ မိတ်ဖက်များအဖြစ် တာဝန်ခွဲဝေမှု ပြုလုပ်သွားရန်။

(ခ) နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ လုံခြုံရေးနှင့် အာဏာရှင်စနစ် တိုက်ဖျက်ရေးဆိုင်ရာ အခြေခံမူများ၊ မူဝါဒများ၊ မဟာဗျူဟာများ ကို ဆွေးနွေးအတည်ပြုရန်။

(ဂ) အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီ (ယာယီ)မှ သဘောတူတင်သွင်းသော ဖက်ဒရယ် ဒီမိုကရေစီပဋိညာဉ်ကို ဆွေးနွေးအတည်ပြုရန်။

(ဃ) ပြည်သူ့ညီလာခံတက်ရောက်သည့် အင်အားစုအားလုံးမှ ကိုယ်စားပြုပါဝင်သော အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံ ကောင်စီအားဖွဲ့စည်းရန်။

(င) အမျိုးသားညီညွတ်ရေးအစိုးရကို အတည်ပြုပေးရန်။

(စ) ပြည်သူ့ညီလာခံသည် အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီနှင့် အမျိုးသားညီညွတ်ရေးအစိုးရ (NUG) တို့၏ မူဝါဒများကို သုံးသပ်ပြီး ဆုံးဖြတ်အတည်ပြုပေးခြင်း၊ အစိုးရက လုပ်ဆောင်သွားမည့် လုပ်ငန်းနယ်ပယ်များကို ချမှတ်ပေးခြင်းနှင့် ၎င်းတို့၏ ဆောင်ရွက်ချက်များကို သုံးသပ်ခြင်းတို့ကို ဆောင်ရွက်ရန်။

(ဆ) ပြည်သူ့ညီလာခံသည် အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီက ဖွဲ့စည်းသော ကော်မတီ၊ ကောင်စီ၊ ကော်မရှင်များကို အတည်ပြုပေးရန်။

(ဇ) အသွင်ကူးပြောင်းမှုဆိုင်ရာ အစီအမံများနှင့် အကောင်အထည်ဖော်ဆောင်ရေး လုပ်ငန်းစဉ်များကို ဆွေးနွေးအတည်ပြုရန်။

(ဈ) အသွင်ကူးပြောင်းရေး ဖွဲ့စည်းပုံအခြေခံဥပဒေအတည်ပြုရန်။

(ည) ဖက်ဒရယ်ဒီမိုကရေစီ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ လုပ်ငန်းစဉ်များကို အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီမှ ချမှတ်ပြီး ပြည်သူ့ညီလာခံတွင် အတည်ပြုရန်

၁၂။ ညီလာခံကျင်းပခြင်း

(က) ပြည်သူ့ညီလာခံအား (၆) လ တစ်ကြိမ် ကျင်းပရမည်။

(ခ) လိုအပ်ပါက အရေးပေါ် ညီလာခံအားလည်း ကျင်းပနိုင်သည်။

(ဂ) ညီလာခံ ကိုယ်စားလှယ်များ၏ ၆၀ ရာနိုင်နှုန်းတက်ရောက်မှသာလျှင် ညီလာခံ အထမြောက်သည်။ ပုံမှန်ညီလာခံများတွင် မမျှော်လင့်ထားသည့် အကြောင်းတစ်စုံတစ်ရာ ပေါ်ပေါက်လာသည့် အခြေအနေများနှင့် အရေးပေါ် ညီလာခံများတွင် ညီလာခံ အထမြောက်မှုကို အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံ ကောင်စီက ဆုံးဖြတ်နိုင်သည်။

၁၃။ ညီလာခံတွင် ဆုံးဖြတ်ချက်ချမှတ်ခြင်း

(က) လုံလောက်သော ဘုံသဘောတူညီမှု (Sufficient Consensus) ၆၅ ရာနိုင်နှုန်းကျော်ဖြင့် ဆုံးဖြတ်ချက် ချမှတ်ရမည်။

## အခန်း (၃)
## အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ

### ရည်ရွယ်ချက်

၁၄။ အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်။

(က) ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်ပါ ဦးတည်ချက်၊ ရည်ရွယ်ချက်နှင့် နိုင်ငံရေးလမ်းပြမြေပုံများကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ဦးဆောင်ရန်၊

(ခ) ပြည်သူ့ညီလာခံက ချမှတ်လိုက်သောမူဝါဒနှင့် မဟာဗျူဟာများကို တာဝန်ခံ အကောင်အထည်ဖော်ရာတွင် ပြည်သူ့ညီလာခံတစ်ခုနှင့်တစ်ခုအကြား ညှိနှိုင်းလုပ်ဆောင်ရန်နှင့် မူဝါဒရေးရာများအား စုပေါင်းခေါင်းဆောင်မှုဖြင့် ကြီးကြပ်မှုပေးရန်

(ဂ) စစ်အာဏာရှင် ချုပ်ငြိမ်းရေး ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေးအတွက် ဘုံပန်းတိုင်တူသော အင်အားစုများအားလုံးကို စုစည်းနိုင်ရန်နှင့် ဖက်ဒရယ်ဒီမိုကရေစီ ပဋိညာဉ်နှင့်အညီ မဟာဗျူဟာ လုပ်ငန်းစဉ်များကို လက်တွေ့အကောင်အထည်ဖော်ရေးတွင် အင်အားစုအားလုံး ပါဝင်လာနိုင်ရန် ပေါင်းစပ်ညှိနှိုင်းပေးရန်။

**ဖွဲ့စည်းပုံ**

၁၅။ အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီကို အောက်ပါအစုအဖွဲ့များမှ ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းရမည်။

(က) ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ အပါအဝင် ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်များ

(ခ) နိုင်ငံရေးပါတီများ

(ဂ) သမဂ္ဂများ၊ အမျိုးသမီးများ၊ လူငယ်နှင့်လူနည်းစုဆိုင်ရာ အဖွဲ့အစည်းများ အပါအဝင် အရပ်ဖက်အဖွဲ့အစည်းများ၊ အာဏာရှင်စနစ်ဆန့်ကျင်ရေးတွင် ပါဝင်နေကြသော နိုင်ငံ့ဝန်ထမ်းများအပါအဝင် CDM လှုပ်ရှားမှုဆိုင်ရာ အဖွဲ့အစည်းများ၊ လူထုသပိတ်လှုပ်ရှားမှုဆိုင်ရာ အဖွဲ့အစည်းများ

(ဃ) တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများ

(င) ကြားကာလ ပြည်နယ်/ ဖက်ဒရယ်ယူနစ်/လူမျိုး ကိုယ်စားပြု အဖွဲ့အစည်း/ ကောင်စီများ

၁၆။ အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီတွင်း၌ သဘာပတိအဖွဲ့၊ နည်းပညာဆိုင်ရာ အတွင်းရေးမှူးအဖွဲ့ တို့ကို သင့်လျော်သော လူဦးရေဖြင့် ဖွဲ့စည်းထားရှိရမည်။

**လုပ်ပိုင်ခွင့်နှင့် တာဝန်များ**

၁၇။ အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည်။

(က) ပြည်သူ့ညီလာခံက အပြီးသတ်အတည်ပြုမည့် ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်ကို ဦးဆောင် ရေးဆွဲရန်၊

(ခ) အာဏာရှင်စနစ် ချုပ်ငြိမ်းရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေးအတွက် ဘုံပန်းတိုင်တူ အင်အားစုများအားလုံး လက်တွေ့ပူးပေါင်းပါဝင်လာရေးအတွက် စည်းရုံးစုစည်းရန် နှင့် ပေါင်းစပ်ညှိနှိုင်းရန်၊

(ဂ) ပြည်သူ့ညီလာခံ တစ်ခုနှင့်တစ်ခုအကြား ကာလများတွင် ညီလာခံအား တာဝန်ခံ၍ မူဝါဒရေးရာကိစ္စရပ်များကို ဆွေးနွေးချမှတ်ရန်၊

(ဃ) စစ်အာဏာရှင်စနစ် အပါအဝင် အာဏာရှင်စနစ်မှန်သမျှ ပပျောက်ရေး၊ ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုတည်ဆောက်ရေး အတွက် မဟာဗျူဟာ ရေးဆွဲချမှတ်ရန်၊

(င) ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်နှင့်အညီ ချမှတ်အတည်ပြုထားသော မဟာဗျူဟာ လုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေ ဖျက်ပြယ်ပြီးဖြစ်သည့် အခြေခံပေါ်မူတည်၍ မူဝါဒဆိုင်ရာ ဦးဆောင်မှုပေးရန်၊ ကြီးကြပ်ထိန်းကျောင်းရန်နှင့် ပေါင်းစပ်ညှိနှိုင်းရန်၊

(စ) အသွင်ကူးပြောင်းမှုဆိုင်ရာ အစီအမံများကို ဆွေးနွေးချမှတ်၍ ပြည်သူ့ညီလာခံသို့ တင်ပြကာ အတည်ပြုချက်ရယူရန်၊

(ဆ) အသွင်ကူးပြောင်းရေးကာလ ဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း) ရေးဆွဲရေး လုပ်ငန်းစဉ်ကို ဦးဆောင်ရန်နှင့် အဆိုပါမူကြမ်းကို ပြည်သူ့ညီလာခံ၌ အတည်ပြုချက် ရယူရန်၊

(ဇ) ပြည်သူ့ညီလာခံသို့ တင်ပြကာ အတည်ပြုချက်ရယူထားသော ဖက်ဒရယ်ဒီမိုကရေစီ ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ လုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ဦးဆောင်ရန်၊

(ဈ) အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီသည် ပြည်သူ့ညီလာခံကို တာဝန်ခံရမည်။

(ည) အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ အစည်းအဝေးများတွင် ဆွေးနွေးမည့် အကြောင်းအရာအလိုက် အမျိုးသား ညီညွတ်ရေးအစိုးရ၏ သက်ဆိုင်ရာဝန်ကြီးများကို ဖိတ်ကြားနိုင်သည်။

(ဋ) အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီသည် လုပ်ငန်းများထိရောက် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် နည်းပညာအထောက်အကူပြု အဖွဲ့များကို လိုအပ်သလို ဖွဲ့စည်းနိုင်သည်။

**ကော်မတီ၊ ကော်မရှင်များ နှင့် လုပ်ငန်းအဖွဲ့များ**

၁၈။ ဖက်ဒရယ် ဒီမိုကရေစီ ပြည်ထောင်စုကို ဖော်ဆောင်ရေးအတွက် လိုအပ်မည့် ကဏ္ဍ အလိုက် ချိတ်ဆက်လုပ်ဆောင်နိုင်စေရန် အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီ အဖွဲ့ဝင် အဖွဲ့အစည်းများအပြင် အမျိုးသား ညီညွတ်ရေး အစိုးရ (NUG) ၏ ကိုယ်စားလှယ်များ ဖြင့် ဖွဲ့စည်းရမည်။ ထိုသို့ဖွဲ့စည်းရာတွင် အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ နှင့်အမျိုးသား ညီညွတ်ရေး အစိုးရ တို့မှ အမည်စာရင်း တင်သွင်းသည့် သက်ဆိုင်ရာ ကဏ္ဍအလိုက် ကျွမ်းကျင်သူများ ပါဝင်သည့် ပေါင်းစပ်ညှိ နှိုင်းရေး ကော်မတီများ၊ ကော်မရှင်များနှင့် လုပ်ငန်းအဖွဲ့များ (Joint Coordination Committees, Commissions and Working Groups) စသည်တို့ကို လိုအပ်သလို ဖွဲ့စည်းနိုင် သည်။

၁၉။ အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီက ဖွဲ့စည်းလိုက်သည့် ကော်မတီ၊ ကော်မရှင်များ နှင့် လုပ်ငန်းအဖွဲ့များ သည် ၎င်းတို့၏ လုပ်ငန်းတာဝန်များကို ရှင်းလင်းတိကျစွာ ရေးဆွဲပြီး အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီတွင် ဆွေးနွေး အတည်ပြုချက်ရယူရမည်။ ကော်မတီ၊ ကော်မရှင်များသည် သက်ဆိုင်ရာ နည်းပညာ အထောက်အကူပြုအဖွဲ့များကို အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ၏ အတည်ပြုချက်ဖြင့် ဖွဲ့စည်း တာဝန်ပေးအပ် နိုင်သည်။

## အခန်း(၄)
## ကြားကာလအမျိုးသားညီညွတ်ရေးအစိုးရ၏ လုပ်ငန်းတာဝန်များ

၂၀။ ကြားကာလအမျိုးသားညီညွတ်ရေးအစိုးရသည် ဤပဋိညာဉ်ပါ နိုင်ငံရေးရည်ရွယ်ချက်များ၊ ဦးတည်ချက်များနှင့် နိုင်ငံရေးလမ်းပြမြေပုံကို အကောင်အထည်ဖော်ဆောင်ရွက်ရမည်။

၂၁။ အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီမှ ချမှတ်ထားသော ရေးလုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် မိတ်ဖက်နိုင်ငံရေးပါတီများ၊ တိုင်းရင်းသား တော်လှန်ရေးအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများနှင့် လက်တွဲ လုပ်ဆောင် ရမည်။

၂၂။ အာဏာရှင်စနစ်ချုပ်ငြိမ်းရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုတည်ဆောက်ရေး အတွက် အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီမှ ဦးဆောင်ရေးဆွဲထားသော မဟာဗျူဟာများနှင့်အညီ အမျိုးသားညီညွတ်ရေးအစိုးရက မူဝါဒနှင့် မဟာဗျူဟာများ ချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်ရမည်။

(က) ပဋိညာဉ်ပါ ဦးတည်ချက်၊ ရည်ရွယ်ချက်များ၊ နိုင်ငံရေးလမ်းပြမြေပုံတို့နှင့်အညီ ကြားကာလ အမျိုးသားညီညွတ်ရေးအစိုးရ၏ မူဝါဒနှင့် မဟာဗျူဟာလုပ်ငန်းစဉ်များကို ဝန်ကြီးဌာနအလိုက် ချမှတ်အကောင်အထည်ဖော်ရမည်။

(ခ) စစ်အာဏာရှင်စနစ်အပါအဝင် အာဏာရှင်စနစ်မှန်သမျှ ပပျောက်ရေးအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံခြားရေးနှင့် သံတမန်ရေး၊ လုံခြုံရေးနှင့် ကာကွယ်ရေးစသည့် နည်းလမ်းပေါင်းစုံဖြင့် ဆောင်ရွက်ရမည်။

၂၃။ နိုင်ငံရေး

(က) ပြည်သူလူထုကို အကြမ်းဖက် ဖိနှိပ်လျက်ရှိသည့် အာဏာသိမ်းစစ်အုပ်စု၏ စီမံအုပ်ချုပ်မှုယန္တရားများကို ချိနဲ့ရပ်တန့်စေပြီး ကြားကာလ အမျိုးသားညီညွတ်ရေး အစိုးရအနေဖြင့် ၎င်း၏ အကောင်အထည်ဖော်လုပ်ဆောင်မှုများ နိုင်မာအားကောင်း စေရန် အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီနှင့် ညှိနှိုင်းဆောင်ရွက်မည်။

(ခ) ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု တည်ထောင်ရေးအတွက် အမျိုးသား ညီညွတ်ရေးအတိုင်ပင်ခံကောင်စီ (NUCC) ၏ မူဝါဒရေးရာ ဦးဆောင်မှုနှင့်အညီ ဆောင်ရွက်မည်။

(ဂ) ပြည်သူလူထုတစ်ရပ်လုံးကို ဖိနှိပ်သော ဥပဒေများကို ပြင်ဆင်ပယ်ဖျက်နိုင်ရန်၊ အခြေခံလူ့အခွင့်အရေးများကို အကာအကွယ်ပေးနိုင်သော ဥပဒေကြမ်းများကို ရေးဆွဲအဆိုပြု၍ ကြားကာလဥပဒေပြုရေး အခန်း (၅) နှင့်အညီ အတည်ပြု ချက်ရယူပြီး ပြည်သူတို့၏ လုံခြုံရေး နှင့် တရားဥပဒေ စိုးမိုးရေးတို့ကို အကောင်အထည် ဖော်ဆောင်ရွက်မည်။

(ဃ) အကြမ်းမဖက် ပြည်သူ့အာဏာဖီဆန်ရေးလှုပ်ရှားမှု (Civil Disobedience Movement) အပါအဝင် လူထုလှုပ်ရှားမှုများ စဉ်ဆက်မပြတ် ဆက်လက် ဖြစ်ပေါ်နေ စေရေးအတွက် လိုအပ်သည့် ကူညီပံ့ပိုးမှု၊ စည်းရုံးမှု၊ စုစည်းမှု၊ ညှိနှိုင်းမှု၊ စုပေါင်းခေါင်းဆောင်မှုများဖြင့် ဆက်လက် အကောင်အထည်ဖော်မည်။

(င) အာဏာသိမ်းစစ်အုပ်စု၏ အကြမ်းဖက်ယန္တရားကို အထောက်အပံ့ဖြစ်စေသည့် စီးပွားရေး နှင့် ဘဏ္ဍာရေး အရင်းအမြစ်များကို လျော့ပါးချိနဲ့စေရန် ပြည်တွင်းပြည်ပ ဖက်ဒရယ် ဒီမိုကရေစီအရေးလှုပ်ရှားမှုအား ထောက်ခံသော အဖွဲ့အစည်းများနှင့်အတူ ပြည်သူများနှင့် ပူးပေါင်း၍ ဆောင်ရွက်မည်။

(စ) ကြားကာလ အမျိုးသားညီညွတ်ရေးအစိုးရ၏ နိုင်ငံရေးရည်မှန်းချက် ပန်းတိုင်များကို အလျင်အမြန် ရောက်ရှိရန်ဆောင်ရွက်သော မဟာဗျူဟာ လုပ်ငန်းစဉ်အတွက် လိုအပ်သော စီးပွားရေးနှင့် ဘဏ္ဍာရေးလိုအပ်ချက်များကို ပြည်တွင်းပြည်ပရှိ မြန်မာ့ဖက်ဒရယ်ဒီမိုကရေစီအရေးလှုပ်ရှားမှုအား ထောက်ခံသော လူပုဂ္ဂိုလ်များနှင့်အတူ ပြည်သူများနှင့် ပူးပေါင်း၍ ဖြည့်ဆည်းဆောင်ရွက်မည်။

(ဆ) နိုင်ငံတကာဖိုရမ်များ၊ အစည်းအဝေးများအားလုံးတွင် စစ်အုပ်စုအား အသိအမှတ် မပြုရေးကို မြန်မာ့ဖက်ဒရယ်ဒီမိုကရေစီ အရေးလှုပ်ရှားမှုအား ထောက်ခံသော အဖွဲ့အစည်းများ အားလုံးနှင့် ပူးပေါင်းဆောင်ရွက်မည်။

၂၄။ နိုင်ငံခြားရေး

(က) ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်နိုင်ရေးအတွက် နိုင်ငံတကာအစိုးရ များမှ အသိအမှတ်ပြုရေး၊ ထောက်ခံရေးနှင့် ပူးပေါင်းဆောင်ရွက်လာရေးအတွက် ဆောင်ရွက်သွားမည်။

(ခ) နိုင်ငံခြားရေးမူဝါဒအရ ကမ္ဘာ့ကုလသမဂ္ဂ အပါအဝင် နိုင်ငံတကာ အစိုးရများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ကာ ကြားကာလအမျိုးသား ညီညွတ်ရေးအစိုးရအား နိုင်ငံတကာအသိုက်အဝန်းက တရားဝင်အသိအမှတ်ပြုလာ စေရေး ဆောင်ရွက်မည်။

(ဂ) နိုင်ငံတကာဥပဒေများနှင့်အညီ ပြည်ထောင်စုနှင့် ပြည်ထောင်စုအတွင်းရှိ ပြည်သူ လူထုအား အကာအကွယ်ပေးနိုင်မည့် နိုင်ငံတကာစာချုပ်စာတမ်းများအား လက်မှတ် ရေးထိုးနိုင်ရေး ဆောင်ရွက်မည်။

(ဃ) ဖက်ဒရယ်ဒီမိုကရေစီအရေးလှုပ်ရှားမှုအား ထောက်ခံသော မိတ်ဖက်နိုင်ငံများနှင့် မဟာဗျူဟာလုပ်ငန်းစဉ်များ ကို ပူးပေါင်း ဆောင်ရွက်မည်။

(င) အာဏာသိမ်းစစ်အုပ်စုအား နိုင်ငံတကာအသိုက်အဝန်းက ထိရောက်စွာ ပိတ်ဆို့အရေးယူနိုင်ရေးနှင့် နိုင်ငံတကာတရားရုံးများတွင် တရားစွဲဆိုအရေးယူနိုင်ရေးအတွက် သံတမန်နည်းလမ်းများဖြင့် ဆောင်ရွက်မည်။

၂၅။ စီးပွားရေး

(က) အာဏာသိမ်းစစ်အုပ်စု၏ အကြမ်းဖက်လုပ်ရပ်များကို အထောက်အပံ့ဖြစ်စေသည့် စီးပွားရေးနှင့်ဘဏ္ဍာရေးအရင်းအမြစ်များကို လျော့ပါးချိန့်သွားစေရန် နိုင်ငံတကာ စံနှုန်းများ ကို လိုက်နာ၍ တာဝန်ခံမှု၊ တာဝန်ယူမှု၊ ပွင့်လင်းမြင်သာမှုရှိသော ပြည်တွင်း ပြည်ပရှိ အဖွဲ့အစည်းများနှင့်အတူ ပူးပေါင်း ဆောင်ရွက်မည်။

(ခ) ပြည်သူလူထု၏ အခြေခံစီးပွားရေးကောင်းမွန်လာစေရန်၊ ငွေကြေးစီးဆင်း လည်ပတ်မှု အဆင်ပြေချောမွေ့စေရန်နှင့် ငွေကြေးလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရန် ဆောင်ရွက်မည်။

(ဂ) အာဏာသိမ်းစစ်အုပ်စု၏ လုပ်ရပ်များကြောင့် ပြည်သူလူထုအပေါ်တွင် ဖြစ်ပေါ်လာမည့် စီးပွားရေးဝန်ထုပ်ဝန်ပိုးများကို အကာအကွယ်ပေးနိုင်ရေးနှင့် ဖြေလျှော့ပေးနိုင်ရေးတို့အတွက် လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်မည်။

(ဃ) ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေးကာလနှင့် ကိုက်ညီသည့် စီးပွားရေး မူဝါဒရေးဆွဲရန် စတင်ဆောင်ရွက်မည်။

၂၆။ လူမှုရေး

(က) အာဏာရှင်စနစ်တိုက်ဖျက်ရေးတွင် ခေတ်အဆက်ဆက် ပါဝင်လာခဲ့ခြင်း သို့မဟုတ် အာဏာရှင်စနစ်၏ စီးပွားရေး၊ လူမှုရေး၊ စစ်ရေးအရဖိနှိပ်ရက်စက်ခြင်းတို့ကြောင့် နိုင်ငံတကာတွင် ရွှေ့ပြောင်းနေထိုင်ရသည့် တိုင်းရင်းသားလူမျိုးပေါင်းစုံတို့အား မြန်မာနိုင်ငံသားအဖြစ် ပြန်လည်လျှောက်ထားလိုပါက အဆင်ပြေချောမွေ့စေရေး ဆောင်ရွက်ပေးရမည်။ ထို့ပြင် မြန်မာနိုင်ငံတွင်း အမြဲတမ်းနေထိုင်ခွင့်ဆိုင်ရာ အစီအမံများကိုလည်း စီစဉ်ဆောင်ရွက်ပေးရမည်။

(ခ) အာဏာသိမ်းစစ်အုပ်စု၏ ဖိနှိပ်အကြမ်းဖက်မှုများကြောင့် နေရပ်စွန့်ခွာရသူများ၊ လူမှုစီးပွားနှင့် ဘဝရပ်တည်မှု ထိခိုက်ရသူများအတွက် လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့များ ပေးနိုင်ရန် ကမ္ဘာ့ကုလသမဂ္ဂ၊ နိုင်ငံတကာအကူအညီ ပေးရေး အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မည်။

(ဂ) လက်လုပ်လက်စား အခြေခံလူတန်းစားများ၏ စားဝတ်နေရေး အဆင်ပြေစေရေး အတွက် တတ်နိုင်သမျှ စီစဉ်ဆောင်ရွက်မည်။

(ဃ) နိုင်ငံတကာသို့ ရောက်ရှိနေကြသည့် အသိပညာရှင်၊ အတတ်ပညာရှင်များ၏ နည်းပညာပံ့ပိုးမှုများအား ရယူနိုင်ရေး ဆောင်ရွက်ရမည်။

၂၇။ လုံခြုံရေးနှင့် ကာကွယ်ရေး

(က) ကြားကာလအမျိုးသားညီညွတ်ရေးအစိုးရသည် အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီနှင့်ညှိနှိုင်း၍ ပြည်သူ့လုံခြုံရေးနှင့်ကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ပြည်ထောင်စု ကာကွယ်ရေးတို့အတွက် အမျိုးသားအဆင့် ကာကွယ်ရေး အစီအမံများကို ရေးဆွဲအကောင်အထည်ဖော်ရမည်။

(ခ) ကြားကာလအမျိုးသားညီညွတ်ရေးအစိုးရသည် တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူများ၏ လုံခြုံရေးကို အကာအကွယ်ပေးနိုင်ရေးအတွက် ပြည်သူ့ကာကွယ်ရေး အစီအမံကို အမြန်ဆုံး ချမှတ် ဆောင်ရွက်ရမည်။

(ဂ) ကြားကာလ အမျိုးသားညီညွတ်ရေးအစိုးရသည် သက်ဆိုင်ရာ ပြည်နယ်အတွင်းရှိ ပြည်သူများအားကာကွယ်ရန် ပြည်သူ့ကာကွယ်ရေးအစီအမံကို ဆောင်ရွက်သည့် အခါ ပြည်နယ်အတွင်း အခြေစိုက်လှုပ်ရှားနေသည့် တိုင်းရင်းသား တော်လှန်ရေး အဖွဲ့အစည်းများ၏ အခန်းကဏ္ဍကို အသိအမှတ်ပြုရင်း ညှိနှိုင်းဆောင်ရွက်ရမည်။

## အခန်း (၅)
## ကြားကာလ ဥပဒေပြုရေး

ဖက်ဒရယ်ပြည်ထောင်စုဥပဒေပြုရေး

၂၈။ ကြားကာလအတွက် ဖက်ဒရယ်ပြည်ထောင်စု၏ ဥပဒေပြုရေးအာဏာသည် ၂၀၂၀ ပြည့်နှစ် ပါတီစုံ အထွေထွေရွေးကောက်ပွဲတွင် ရွေးကောက်ခံရပြီး အကြမ်းဖက် အာဏာသိမ်း စစ်အုပ်စုနှင့် ပူးပေါင်းဆောင်ရွက်ခြင်းမပြုသော ပြည်ထောင်စုအဆင့် လွှတ်တော် ကိုယ်စားလှယ်များ၌ တည်သည်။

၂၉။ ၂၀၂၀ ပြည့်နှစ် ပါတီစုံ အထွေထွေရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့ပြီး "ဖက်ဒရယ်ဒီမိုကရေစီ ပဋိညာဉ်" ကို လက်ခံသဘောတူ၍ ပူးပေါင်း အကောင်အထည်ဖော်ရန် သဘောတူညီသော၊ အကြမ်းဖက်အာဏာသိမ်းစစ်အုပ်စုနှင့် ပူးပေါင်းဆောင်ရွက်ခြင်း မပြုသော ပြည်ထောင်စုအဆင့် ရွေးကောက်ခံလွှတ်တော် ကိုယ်စားလှယ်များ၏ ပါဝင်မှုဖြင့် ပြည်ထောင်စု လွှတ်တော်ကိုယ်စားပြုကော်မတီကို ဖွဲ့စည်းရမည်။

၃၀။ ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီသည် ဖက်ဒရယ်ပြည်ထောင်စု၏ ကြားကာလ ဥပဒေပြုရေးဆိုင်ရာ ကိစ္စရပ်များကို ဆောင်ရွက်ရာတွင် "ဖက်ဒရယ်ဒီမိုကရေစီ ပဋိညာဉ်" ပါ ဦးတည်ချက်၊ ရည်မှန်းချက်၊ နိုင်ငံရေးလမ်းပြမြေပုံတို့နှင့်အညီ အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီက ချမှတ်ထားသော မူဝါဒနှင့်မဟာဗျူဟာလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်နိုင်ရေးအတွက် လိုအပ်သောဥပဒေများကို ပြဋ္ဌာန်းပေး ရမည်။

၃၁။ ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီသည် ဥပဒေပြုရေးကိစ္စရပ်များကို ဖက်ဒရယ် ဒီမိုကရေစီပဋိညာဉ်အရ အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီက ချမှတ်ရေးဆွဲထား သော မဟာဗျူဟာမူဘောင်များနှင့်အညီ မူဝါဒဆိုင်ရာ ဆွေးနွေးညှိနှိုင်းသဘော တူညီချက် ရယူ၍ ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း၊ ပြဋ္ဌာန်းခြင်းတို့ကို ဆောင်ရွက်ရမည်။

၃၂။ ဤပဋိညာဉ်နှင့်အညီ နိုင်ငံရေးလမ်းပြမြေပုံနှင့် မဟာဗျူဟာလုပ်ငန်းစဉ်များကို အကောင် အထည်ဖော်ဆောင်ရန်အတွက် လိုအပ်သော ဥပဒေပြုရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ပြည်ထောင်စု လွှတ်တော်ကို ခေါ်ယူကျင်းပနိုင်သည်။

၃၃။ ပြည်သူလူထုတစ်ရပ်လုံးကို ဖိနှိပ်သော ဥပဒေများအား ပြင်ဆင်၊ ပယ်ဖျက်၍ အခြေခံ လူ့အခွင့် အရေးများကို အကာအကွယ်ပေးနိုင်သည့် ဥပဒေများ ရေးဆွဲပြဋ္ဌာန်းရမည်။

## အခန်း (၆)
## ကြားကာလ အုပ်ချုပ်ရေး

ဖက်ဒရယ်ပြည်ထောင်စု အုပ်ချုပ်ရေး

၃၄။ ကြားကာလအုပ်ချုပ်ရေးကို အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် အမျိုးသား ညီညွတ်ရေးအစိုးရကို ဖွဲ့စည်းရမည်။

၃၅။ ပြည်ထောင်စုလွှတ်တော် ကိုယ်စားပြုကော်မတီသည် ကြားကာလအမျိုးသား ညီညွတ်ရေး အစိုးရကို ဖွဲ့စည်းရာတွင်အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီ၏ ညှိနှိုင်းသဘော တူညီချက်ဖြင့် ဖွဲ့စည်းရမည်။

၃၆။ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများသည် နိုင်ငံတော်ကို ကိုယ်စားပြုသော နိုင်ငံ့ဥသျှောင် အကြီးအကဲများဖြစ်သည်။

၃၇။ ပြည်ထောင်စုဝန်ကြီးချုပ်သည် ကြားကာလ အမျိုးသားညီညွတ်ရေးအစိုးရအဖွဲ့၏ အကြီးအကဲဖြစ်သည်။

၃၈။ ပြည်ထောင်စုဝန်ကြီးချုပ်နှင့် ကြားကာလအမျိုးသား ညီညွတ်ရေးအစိုးရသည် အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီနှင့် ပြည်သူ့ညီလာခံအား တာဝန်ခံရမည်။

၃၉။ ကြားကာလအမျိုးသားညီညွတ်ရေးအစိုးရအဖွဲ့အား အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းသည်။

(က) နိုင်ငံတော်သမ္မတ

(ခ) နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်

(ဂ) ဒုတိယသမ္မတ (၁)

(ဃ) ဒုတိယသမ္မတ (၂)

(င) ပြည်ထောင်စုဝန်ကြီးချုပ်

(စ) ပြည်ထောင်စုဝန်ကြီးများ နှင့် ဒုတိယဝန်ကြီးများ

(ဆ) ပြည်ထောင်စုရှေ့နေချုပ်

(ဇ) ပြည်ထောင်စုစာရင်းစစ်ချုပ်

၄၀။ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်ပါ နိုင်ငံရေးလမ်းပြမြေပုံနှင့် နိုင်ငံရေးရည်မှန်းချက်များ အကောင်အထည်ဖော်နိုင်ရေးအတွက် ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်နှင့်အညီ ရေးဆွဲထားသော မဟာဗျူဟာအရ အမျိုးသားညီညွတ်ရေးအစိုးရကို အကြံပေးရမည်။

၄၁။ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်၏ ရာထူးသက်တမ်းသည် ကြားကာလအမျိုးသား ညီညွတ်ရေးအစိုးရ၏ သက်တမ်းနှင့်အညီ ဖြစ်သည်။

၄၂။ ပြည်ထောင်စုဝန်ကြီးချုပ်သည် ပဋိညာဉ်ပါ ဦးတည်ချက်များနှင့် ကြားကာလ အမျိုးသားညီညွတ်ရေးအစိုးရ၏ မူဝါဒနှင့် မဟာဗျူဟာလုပ်ငန်းစဉ်များကို ရေးဆွဲအကောင် အထည်ဖော်ဆောင်ရွက်ရန်အတွက် အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီနှင့် ညှိနှိုင်းလျက် အာဏာပိုင်အဖွဲ့အစည်းတစ်ရပ်ရပ်ကိုသော်လည်းကောင်း၊ ပုဂ္ဂိုလ်တစ်ဦးဦးကိုသော်လည်းကောင်း၊ ပုဂ္ဂိုလ်များအားလည်းကောင်း တာဝန်နှင့် လုပ်ပိုင်ခွင့်များ ပေးအပ်နိုင်သည်။

၄၃။ ကြားကာလအမျိုးသားညီညွတ်ရေး အစိုးရသည် အမျိုးသား ညီညွတ်ရေး အတိုင်ပင်ခံကောင်စီနှင့်ညှိနှိုင်း၍ ပြည်ထောင်စုအဆင့် ကြားကာလ အုပ်ချုပ်ရေး စီမံချက်ကို ရေးဆွဲအတည်ပြု ပြဋ္ဌာန်းနိုင်သည်။

၄၄။ ပြည်သူ့ညီလာခံက တရားဝင်အတည်ပြုပေးထားသည့် အမျိုးသား ညီညွတ်ရေး အတိုင်ပင်ခံကောင်စီ၏ မူဝါဒများနှင့်အညီ ကြားကာလ အမျိုးသားညီညွတ်ရေးအစိုးရ၏ မူဝါဒနှင့် မဟာဗျူဟာလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် ကဏ္ဍ အလိုက် ကော်မတီနှင့် ကော်မရှင်များကို သက်ဆိုင်ရာ ဝန်ကြီးများက ပေါင်းစပ်ညှိနှိုင်းပေးပြီး (Facilitate) လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများ၊ နိုင်ငံရေး ပါတီများ၊ အရပ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် အခြားပါဝင်သင့်ပါဝင်ထိုက်သူများဖြင့် လိုအပ်သလို ဖွဲ့စည်းရမည်။

၄၅။ နိုင်ငံတော်သမ္မတသည် တာဝန်ထမ်းဆောင်နိုင်ခြင်း မရှိလျှင် ဒုတိယသမ္မတ (၁) က နိုင်ငံတော်သမ္မတ ကိုယ်စား တာဝန်ထမ်းဆောင်ရမည်။ ဒုတိယသမ္မတ (၁) သည် နိုင်ငံတော်သမ္မတ တာဝန်ထမ်းဆောင်နိုင်ခြင်း မရှိလျှင် ဒုတိယသမ္မတ (၂) က ယာယီသမ္မတအဖြစ် တာဝန်ထမ်းဆောင်ရမည်။

## အခန်း (၇)
## ကြားကာလ တရားစီရင်ရေး

၄၆။ ကြားကာလအတွင်း တရားစီရင်ရေးကဏ္ဍနှင့်စပ်လျဉ်း၍ ဖက်ဒရယ်ပြည်ထောင်စုတွင် ရှိရင်းစွဲ တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများ၏ နယ်မြေများတွင် ၎င်းတို့၏ တရားစီရင်ရေး စနစ်သည် တရားဝင်ဖြစ်သည်။

၄၇။ ကြားကာလအတွင်း ဖက်ဒရယ်ပြည်ထောင်စု၏ တရားစီရင်မှုအာဏာသည် "အမျိုးသား ညီညွတ်ရေးအစိုးရ" က အသိအမှတ်ပြုထားသော အရပ်ဘက် တရားရုံးများတွင် လည်းကောင်း၊ တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများ၏ နယ်မြေများအတွင်း ဖွဲ့စည်း တည်ရှိထားရှိသည့် အဆင့်ဆင့်သော အရပ်ဘက် တရားစီရင်ရေးစနစ်တွင်လည်းကောင်း တည်ရှိရမည်။ တရားစီရင်ရေးအာဏာကို အဆိုပါ တရားရုံးများနှင့် တရားရေး စနစ်များတွင် ကျင့်သုံးပိုင်ခွင့်ရှိပြီး လွတ်လပ်၍ တရားမျှတသော တရားစီရင်ရေးစနစ် ဖြစ်ရမည်။

၄၈။ ပြည်နယ်/ဖယ်ဒရယ်ယူနစ်များ[1]အတွင်း တရားစီရင်ရေးနှင့် ပတ်သက်ပြီး အငြင်းပွားမှု များအား ကိုင်တွယ်ဖြေရှင်းရန် လိုအပ်ပါက ဖြေရှင်းဆောင်ရွက်ရန်အတွက် အမျိုးသား ညီညွတ်ရေးအတိုင်ပင်ခံကောင်စီက တရားရေး ဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေး ကော်မတီကို သက်ဆိုင်ရာဒေသများမှ တရားစီရင်ခွင့် အာဏာပိုင်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းပေး ရမည်။

၄၉။ ဖက်ဒရယ်ပြည်ထောင်စုအဖွဲ့ဝင် ဖက်ဒရယ်ပြည်နယ်များနှင့် ဖက်ဒရယ်ယူနစ်ရှိ တရားသူကြီး များသည် လွတ်လပ်စွာ တရားစီရင်ပိုင်ခွင့်ရှိပြီး တရားဥပဒေကိုသာ တာဝန်ခံ ရမည်။ လူ့အခွင့်အရေးများနှင့် မဆန့်ကျင်သော ရိုးရာဓလေ့ထုံးတမ်းဥပဒေများကိုလည်း လေးစား လိုက်နာကျင့်သုံးရမည်။

၅၀။ ကြားကာလ တရားသူကြီးများအား တင်ကူးကြိုရွယ်ချက်ကြောင့်သော်လည်းကောင်း၊ အဂတိကြောင့်သော်လည်းကောင်း ဥပဒေချိုးဖောက်ခြင်းမှတစ်ပါး ၎င်းတို့၏ တရားစီရင်ရေးဆိုင်ရာ ဆုံးဖြတ်ချက်များနှင့်ပတ်သက်ပြီး အရေးယူ တရားစွဲဆိုခံရခြင်းမှ ကင်းလွတ်စေရမည်။

၅၁။ ကြားကာလအတွင်း တရားရုံးတစ်ခု၏ အမိန့်တစ်ရပ် (သို့) ဆုံးဖြတ်ချက်သည် သက်ဆိုင်သူ အားလုံးနှင့် အုပ်ချုပ်ရေးယန္တရားအားလုံးအပေါ် စည်းနှောင်မှုရှိရမည်။

[1] ယခုလက်ရှိဖြစ်တည်နေသော နိုင်ငံရေး အုပ်ချုပ်ရေးအခြေအနေအရ ပြည်နယ်နှင့် တိုင်းဒေသကြီး အပိုင်းအခြားများကို ကြားကာလအတွင်းတွင် ပြည်နယ်/ဖက်ဒရယ်ယူနစ်ဟု ခေါ်ဆိုသည်။

## အခန်း (၈)
## ပြည်နယ်/ ဖက်ဒရယ်ယူနစ်များ၏ အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားစီရင်ရေး

၅၂။ ဤပဋိညာဉ်ပါ ဖက်ဒရယ်တည်ဆောက်မှု အခြေခံဖြင့် ပြည်နယ်/ဖက်ဒရယ်ယူနစ်များ၏ ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်အရ သက်ဆိုင်ရာ ပြည်နယ်/ဖက်ဒရယ် ယူနစ်များ၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး ယန္တရားများကို လိုအပ်သလို ဖွဲ့စည်းဆောင်ရွက်သွားရမည်။

၅၃။ ပြည်ထောင်စုနှင့် ပြည်နယ်/ဖက်ဒရယ်ယူနစ်များအကြား ဥပဒေပြုရေး၊ အုပ်ချုပ်ရေး နှင့် တရားစီရင်ရေးဆိုင်ရာ အရေးကိစ္စများကို အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီတွင် ညှိနှိုင်းဆောင်ရွက်မည်။

## အခန်း (၉)
## အသွင်ကူးပြောင်းရေးကာလဆိုင်ရာ ပြင်ဆင်မှု အစီအစဉ်များ

၅၄။ ကြားကာလမှာပင် အသွင်ကူးပြောင်းရေးကာလဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေး လုပ်ငန်းအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်မည်။

၅၅။ အသွင်ကူးပြောင်းရေးကာလဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်းကို အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီ တွင် ကနဦးအတည်ပြု၍ ပြည်သူ့ ညီလာခံသို့ တင်ပြအတည်ပြုမည်။

၅၆။ ကြားကာလလွှန်မြောက်သည်နှင့် အင်အားစုအသီးသီး ပိုမိုကျယ်ပြန့်စွာ ပါဝင်သော အသွင်ကူးပြောင်းရေး ကာလ အမျိုးသားညီညွတ်ရေးအစိုးရ (Transitional National Unity Government – TNUG) ကို အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီက အသွင်ကူးပြောင်းရေးကာလဆိုင်ရာ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဖွဲ့စည်းပေးရမည်။

၅၇။ တဆက်တည်းမှာပင် ကြားကာလအမျိုးသားညီညွတ်ရေးအစိုးရက အသွင်ကူးပြောင်းရေး ကာလ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အသွင်ကူးပြောင်းရေးကာလ အမျိုးသား ညီညွတ်ရေးအစိုးရကို လုပ်ပိုင်ခွင့် တာဝန်လွှဲပြောင်းအပ်နှင်းရမည်။

၅၈။ ဖော်ပြပါပုဒ်မ ၅၆ နှင့် ၅၇ ကို ပြည်သူ့ညီလာခံတွင် ဆောင်ရွက်ပြီးစီးအတည်ပြုပြီးသည်နှင့် တပြိုင်နက် ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ် အစိတ်အပိုင်း (၂) ကြားကာလဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အစီအစဉ်ကို ဖျက်သိမ်းပြီးကြောင်း အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီက ကြေညာရမည်။

## အခန်း (၁၀)
## ပဋိညာဉ်အား ပြင်ဆင်ဖြည့်စွက်ခြင်း

၅၉။ ဖြစ်ပေါ်တိုးတက်လာသော နိုင်ငံရေးအခြေအနေများနှင့်အညီ ဤကြားကာလဖွဲ့စည်းပုံဥပဒေဆိုင်ရာ အစီအစဉ်အား ပြင်ဆင်လိုပါက အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံ ကောင်စီတွင် လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြင်ဆင်ဖြည့်စွက်ပြီး ပြည်သူ့ညီလာခံသို့ တင်သွင်းအတည်ပြုချက် ရယူရမည်။

## အခန်း (၁၁)
## အထွေထွေပြဋ္ဌာန်းချက်များ (General Provisions)

၆၀။ ဤဖက်ဒရယ် ဒီမိုကရေစီ ပဋိညာဉ် အစိတ်အပိုင်း (၂) ၏ သက်တမ်းသည် အသွင်ကူးပြောင်းရေးကာလ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းပြီး စတင်အသက်ဝင်သည့် အချိန်အထိ ဖြစ်သည်။

၆၁။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ (၁) ရက်နေ့မှစ၍ အာဏာသိမ်းစစ်အုပ်စု က ထုတ်ပြန်ခဲ့သော ဥပဒေ၊ ညွှန်ကြားချက် နှင့် အမိန့်များ အားလုံးသည် တရားဝင်ခြင်းမရှိကြောင်း အမိန့်ထုတ်ပြန်ရမည်။

၆၂။ ဤဖက်ဒရယ် ဒီမိုကရေစီပဋိညာဉ်ကို ပြဋ္ဌာန်းအတည်ပြုနိုင်ခြင်းမရှိသေးမီ ကာလအတွင်း ပြည်ထောင်စုလွှတ်တော် ကိုယ်စားပြုကော်မတီမှ ထုတ်ပြန်ခဲ့သည့် ဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လက်စွဲများသည် ဤဖက်ဒရယ်ဒီမိုကရေစီ ပဋိညာဉ်နှင့် မဆန့်ကျင်ပါက အတည်ဖြစ်သည်။ ပြည်ထောင်စုလွှတ်တော် ကိုယ်စားပြုကော်မတီသည် ဤပဋိညာဉ်နှင့် ကိုက်ညီမှုမရှိသော ဥပဒေ၊ အမိန့်၊ ညွှန်ကြားချက် နှင့် လက်စွဲများကို အမျိုးသား ညီညွတ်ရေးအတိုင်ပင်ခံကောင်စီက ချမှတ်ရေးဆွဲထားသော မဟာဗျူဟာ မူဘောင်များ နှင့်အညီ မူဝါဒဆိုင်ရာ ဆွေးနွေးညှိနှိုင်း သဘောတူညီချက်ဖြင့် ပြင်ဆင်ပြဋ္ဌာန်းခြင်း၊ ပယ်ဖျက်ခြင်းများ ပြုလုပ်နိုင်သည်။

၆၃။ ဤပဋိညာဉ်ပါ ဦးတည်ချက်၊ မဟာဗျူဟာလုပ်ငန်းစဉ်များနှင့်အညီ ဆောင်ရွက်နေချိန်တွင် ဖြစ်ပေါ်လာသော နိုင်ငံရေးအပြောင်းအလဲများကြောင့် မဟာဗျူဟာလုပ်ငန်းစဉ်များကို မဖြစ်မနေ ထပ်မံပေါင်းစပ်ချမှတ်ဖော်ဆောင်ရန် လိုအပ်လာပါက အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီက တာဝန်ပေးအပ်ထားသည့် သက်ဆိုင်ရာ အစုအဖွဲ့ကို ရေးဆွဲစေပြီး ပြည်သူ့ညီလာခံတွင် အတည်ပြုသွားရန်ဖြစ်သည်။

၆၄။ အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ အဖွဲ့ဝင်အဖွဲ့အစည်းတိုင်းသည် အမျိုးသား ညီညွတ်ရေး အတိုင်ပင်ခံကောင်စီကို တာဝန်ခံရမည်။

## အခန်း (၁၂)
## ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုတည်ဆောက်ရေးဆိုင်ရာ ကတိပြုချက်များ

အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ၏ လုပ်ဆောင်ချက်များ၊ ကြားကာလ အစိုးရ၏ လုပ်ဆောင်ချက်များ၊ ကြားကာလတွင် ကျင့်သုံးဆောင်ရွက်သည့် ဥပဒေပြုရေးဆိုင်ရာ ကိစ္စရပ်များ၊ တရားစီရင်ရေးဆိုင်ရာ ကိစ္စရပ်များကို ပဋိညာဉ် အစိတ်အပိုင်း(၁)ပါ ပြည်ထောင်စု မျှော်ရည်ချက်၊ စံတန်ဖိုး၊ ဦးတည်ချက်၊ ရည်ရွယ်ချက်၊ နိုင်ငံရေး လမ်းပြမြေပုံများနှင့် ပဋိညာဉ်အစိတ်အပိုင်း (၂)ပါ ပြဋ္ဌာန်းချက်များနှင့် အညီ စုပေါင်းခေါင်းဆောင်မှု၊ စုပေါင်းတာဝန်ခံမှုတို့ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားပါမည်ဟု သဘောတူအတည်ပြု (ratify) ကြပါသည်။

ဤပဋိညာဉ်ကို သဘောတူအတည်ပြုထားကြသော အစုအဖွဲ့အားလုံးသည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံခြားရေး၊ ကာကွယ်ရေးနှင့် လုံခြုံရေး ဆိုင်ရာ ကိစ္စရပ်များကို အကောင်အထည် ဖော်ဆောင်ရွက်ရာတွင် ဖက်ဒရယ်ပြည်ထောင်စုနှင့် ပြည်သူလူထု တစ်ရပ်လုံး၏ အကျိုးစီးပွားကို ဦးတည်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကတိပြုအပ်ပါသည်။

# နိုင်ငံတကာ
# အခန်းကဏ္ဍ

# စစ်တပ်အာဏာသိမ်းပြီးနောက် အာဆီယံ၏ တုံ့ပြန်မှုများ

အဖွဲ့ဝင်နိုင်ငံတစ်ခု၏ ပြည်တွင်းအရေးကို "ဝင်ရောက်မစွက်ဖက်ရ"ဆိုသည့် အာဆီယံမူကြောင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများသည် မြန်မာနိုင်ငံ၏ ကိစ္စရပ်များတွင် ဝင်ရောက်ပြောဆိုခဲလှသည်။ သို့သော်လည်း မြန်မာနိုင်ငံတွင် စစ်တပ်အာဏာသိမ်းပြီး နိုင်ငံတကာ၏ ကျယ်ကျယ်လောင်လောင်တုံ့ပြန်မှုများ ထွက်ပေါ်လာပြီးနောက် စင်ကာပူ၊ မလေးရှား၊ အင်ဒိုနီးရှားနိုင်ငံများ၏ နိုင်ငံခေါင်းဆောင်များ၊ နိုင်ငံခြားရေးဝန်ကြီးများကလည်း မြန်မာ့အရေးကို ပြင်းပြင်းထန်ထန်တုံ့ပြန်ခဲ့ကြသည်။

ရက်စွဲမှတ်တမ်း

| နေ့စွဲ | အကြောင်းအရာ | မှတ်ချက် |
|---|---|---|
| ၁-၂-၂၀၂၁ | အာဆီယံဥက္ကဋ္ဌ ဘရူနိုင်းက ကြေညာချက်ထုတ်ပြန်။ | သက်ဆိုင်သူများအကြား တွေ့ဆုံဆွေးနွေးပွဲပြုလုပ်ရန်၊ ရင်ကြားစေ့ရေးနှင့် ပုံမှန်အခြေအနေပြန်ရောက်ရန် တောင်းဆို။ |
| ၂၄-၂-၂၀၂၁ | စစ်တပ်ခန့် နိုင်ငံခြားရေးဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် ထိုင်းနှင့် အင်ဒိုနီးရှား နိုင်ငံခြားရေးဝန်ကြီးများနှင့် ထိုင်းနိုင်ငံတွင် တွေ့ဆုံခဲ့သည်။ | |

| | | |
|---|---|---|
| ၂-၃-၂၀၂၁ | အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အလွတ်သဘောအစည်းအဝေးကျင်းပ။ | |
| ၁၉-၃-၂၀၂၁ | အင်ဒိုနီးရှားသမ္မတ ဂျိုကိုဝီဒိုဒို မြန်မာအရေး အာဆီယံ အထူးအစည်းအဝေး ခေါ်ယူရန် တောင်းဆို။ | ၎င်း၏တောင်းဆိုချက်ကို မလေးရှား ဝန်ကြီးချုပ်က ထောက်ခံခဲ့သည်။ |
| ၂၄-၄-၂၀၂၁ | အင်ဒိုနီးရှားနိုင်ငံဂျကာတာတွင် မြန်မာ အရေး အာဆီယံ အထူးအစည်းအဝေး ကျင်းပ။ | ဘုံသဘောတူညီချက်(၅)ချက်ဆုံးဖြတ် ခဲ့သည်။ |
| ၄-၆-၂၀၂၁ | အာဆီယံအထွေထွေအတွင်းရေးမှူးချုပ်နှင့် ဘရူနိုင်း ဒုတိယနိုင်ငံခြားရေးဝန်ကြီးတို့ မြန်မာနိုင်ငံသို့လာရောက်။ | မင်းအောင်လှိုင်နှင့်တွေ့ဆုံ။ လူသားချင်းစာနာထောက်ထားမှုကိစ္စ များနှင့်ပတ်သတ်ပြီး ပူးပေါင်း ဆောင် ရွက်ရန်ဆွေးနွေးခဲ့ကြောင်း စစ်တပ် သတင်းထုတ်ပြန်။ |
| ၄-၈-၂၀၂၁ | အာဆီယံနိုင်ငံခြားရေးဝန်ကြီးများသည် ဘရူနိုင်း ဒုတိယနိုင်ငံခြားရေးဝန်ကြီး အီရာ ဝမ်ယူဆွတ်ကို အာဆီယံ အထူး ကိုယ်စား လှယ်အဖြစ် ခန့်အပ်ရန်သဘောတူ။ | |
| ၁၃-၁၀-၂၀၂၁ | အာဆီယံ အထူးကိုယ်စားလှယ်၏ မြန်မာ နိုင်ငံခရီးစဉ်ကိုဖျက်သိမ်း။ | ဒေါ်အောင်ဆန်းစုကြည်နှင့်တွေ့ဆုံရန် တောင်းဆိုချက်ကိုမြန်မာဘက်က ငြင်းဆိုခြင်းကြောင့် ခရီးစဉ် ဖျက်သိမ်း ခြင်းဖြစ်။ |
| ၁၅-၁၀-၂၀၂၁ | အာဆီယံအလှည့်ကျဥက္ကဋ္ဌ ဘရူနိုင်းက ကြေညာချက်ထုတ်ပြန်။ | ဧပြီလတွင် အာဆီယံနှင့် သဘောတူခဲ့ သော ငြိမ်းချမ်းရေးအစီအစဉ်နှင့် ပတ် သက်၍ တိုးတက်မှုမရှိသဖြင့် အာဆီ ယံထိပ်သီးအစည်းအဝေးသို့မင်းအောင် လှိုင်ကိုမဖိတ်ဘဲနိုင်ငံရေးနယ်ပယ်မှ မဟုတ်သူကိုဖိတ်ကြားရန် အာဆီယံက ဆုံးဖြတ်ခဲ့သည်။ |
| ၁၅-၁၂-၂၀၂၁ | ကမ္ဘောဒီးယားနိုင်ငံခြားရေးဝန်ကြီးကို မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် အဖြစ် ခန့်အပ်။ | |
| ၇/၈-၁-၂၀၂၂ | ကမ္ဘောဒီးယားဝန်ကြီးချုပ်ဟွန်ဆန် မြန်မာ နိုင်ငံသို့ လာရောက်ပြီး စိုလ်ချုပ်မှူးကြီး | |
| | မင်းအောင်လှိုင်နှင့်တွေ့ဆုံ။ | |
| ၂-၂-၂၀၂၂ | အာဆီယံအလှည့်ကျဥက္ကဋ္ဌ ကမ္ဘောဒီးယားက ကြေညာချက်ထုတ်ပြန်။ | |
| ၂၁-၃-၂၀၂၂ | အာဆီယံအထူးကိုယ်စားလှယ် မြန်မာ နိုင်ငံသို့(၃)ရက်ကြာ ခရီးလာရောက် | |

## စစ်အာဏာသိမ်းပြီးနောက် ကနေဒါ၏ တုံ့ပြန်မှုများ

၂၀၂၁ ဖေဖော်ဝါရီ - ၁

ကနေဒါနိုင်ငံနိုင်ငံခြားရေးဝန်ကြီး၏ မြန်မာနိုင်ငံဆိုင်ရာကြေညာချက်ကို ထုတ်ပြန်ခဲ့သည်။

'မြန်မာစစ်တပ်၏ လတ်တလောလုပ်ရပ်များ၊ အရေးပေါ်အခြေအနေ တစ်နှစ် ကြေညာခြင်း၊ တိုင်းပြည်အုပ်ချုပ်ရေးအာဏာကို သိမ်းလိုက်ခြင်းနှင့် အရပ်သားအစိုးရ ထိပ်ပိုင်းခေါင်းဆောင်များကို ဖမ်းဆီးခြင်းတို့အပေါ် ကနေဒါနိုင်ငံအနေဖြင့် များစွာ စိုးရိမ်ပူပန်မိပါသည်။ မြန်မာနိုင်ငံတွင် ငြိမ်းချမ်းစွာ ဒီမိုကရေစီ အကူးအပြောင်းဖြစ်ရေးကို ထိခိုက်စေသည့် အဆိုပါလုပ်ရပ်များကို ကနေဒါနိုင်ငံအနေဖြင့် ရှုတ်ချပါသည်။ ကနေဒါနိုင်ငံသည် မြန်မာနိုင်ငံ၏ ဒီမိုကရေစီဆိုင်ရာ အင်စတီကျူးရှင်းများ ဖွံ့ဖြိုးတိုးတက်ရေး ပဋိပက္ခများကို ငြိမ်းချမ်းစွာအဖြေရှာနိုင်ရေးတို့ တိုးတက်ကောင်းမွန်လာစေရန် ထောက်ပံ့လျက်ရှိပါသည်။ မြန်မာစစ်တပ်ကို ယခုလုပ်ဆောင်ချက်တွင် ထိန်းသိမ်းထားသူများအား ပြန်လွှတ်ပေးရန်နှင့် ဒီမိုကရေစီဖြစ်စဉ်ကို နှောင့်ယှက်ဖျက်ဆီးမည့် လုပ်ရပ်များအား ချက်ချင်း ရပ်တန့်ရန် ကနေဒါနိုင်ငံက တောင်းဆိုလိုက်သည်။ ယခုဖြစ်စဉ်ကို ကနေဒါနိုင်ငံအနေဖြင့် ဆက်လက်၍ အနီးကပ် စောင့်ကြည့်သွားပါမည်' ဟု ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

၂၀၂၁ ဖေဖော်ဝါရီ - ၁၈

မြန်မာနိုင်ငံ၏စစ်အာဏာသိမ်းမှုကို တုံ့ပြန်သည့်အနေဖြင့် ကနေဒါနိုင်ငံသည် မြန်မာ့စစ်အရာရှိ ကိုးဦးအပေါ် (မြန်မာနိုင်ငံဆိုင်ရာ) အထူးစီးပွားရေးဆောင်ရွက်ချက် စည်းမျဉ်းများအရ အရေးယူပိတ်ဆို့မှုများ ချမှတ်လိုက်ကြောင်း နိုင်ငံခြားရေးဝန်ကြီး Marc Garneau က ကြေညာလိုက်သည်။

၂၀၂၁ မေ - ၁၇

မြန်မာနိုင်ငံတွင် စစ်တပ်က မြန်မာပြည်သူများအပေါ် ရက်ရက်စက်စက်ဖိနှိပ်မှုများ ဆက်လက်လုပ်ဆောင်နေပြီး ဒီမိုကရေစီပြန်လည်အသက်ဝင်လာရေးအတွက် ဆောင်ရွက်ရန် ငြင်းဆန်နေမှုများအား တုံ့ပြန်သည့်အနေဖြင့် နိုင်ငံခြားရေးဝန်ကြီး Marc Garneau မှ အထူးစီးပွားရေးစီမံဆောင်ရွက်ချက်များ (မြန်မာနိုင်ငံ) ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများအရ လူပုဂ္ဂိုလ် ၁၆ ဦးနှင့် အဖွဲ့အစည်း ၁၀ ဖွဲ့အား အရေးယူပိတ်ဆို့မှုများ ပြုလုပ်ကြောင်း ထုတ်ပြန်လိုက်သည်။

၂၀၂၁ ဒီဇင်ဘာ - ၆

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် သမ္မတဦးဝင်းမြင့်တို့ အပါအဝင် မြန်မာနိုင်ငံ၏ ဒီမိုကရေစီနည်းလမ်းကျ ရွေးကောက်တင်မြှောက်ထားသော အရပ်သားခေါင်းဆောင်များကို ဖမ်းဆီးထိန်းသိမ်းကာ ပြစ်ဒဏ်များချမှတ်နေခြင်းအပေါ် ကနေဒါနိုင်ငံက ရှုတ်ချလိုက်သည်။

၂၀၂၁ ဒီဇင်ဘာ - ၁၀

မြန်မာစစ်တပ်၏ မြန်မာပြည်သူလူထုအပေါ် ဆက်လက်ဖိနှိပ်မှုများ၊ နိုင်ငံတွင်း အကြမ်းဖက်မှုများ တိုးပွားလာခြင်း၊လူ့အခွင့်အရေးအခြေအနေများ ယိုယွင်းလာခြင်း၊ လူသားချင်းစာနာမှုဆိုင်ရာ အရေးပေါ် အခြေအနေ ပိုမိုဆိုးရွားလာခြင်းနှင့် ဒီမိုကရေစီ ပြန်လည်ရရှိစေရေးအတွက် လုပ်ဆောင်ရမည့် လုပ်ရပ်များအား စစ်တပ်က လုပ်ဆောင်ရန် ငြင်းပယ်နေခြင်းတို့ကြောင့် နိုင်ငံခြားရေးဝန်ကြီး MélanieJoly က (မြန်မာနိုင်ငံဆိုင်ရာ) အထူးစီးပွားရေး အရေးယူဆောင်ရွက်ချက် စည်းမျဉ်းများအရ အဖွဲ့ အစည်းလေးခုကို ထပ်မံပိတ်ဆို့ အရေးယူလိုက်သည်။

၂၀၂၂ ဇန်နဝါရီ - ၃၁

မြန်မာပြည်သူများ၏ လူ့အခွင့်အရေးများနှင့် ဒီမိုကရေစီဆိုင်ရာ တောင်းဆိုမှုများကို မြန်မာစစ်တပ်က ဆက်လက်လျစ်လျူရှုထားမှုအပေါ် တုံ့ပြန်သည့်အနေဖြင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မယ်လာနီဂျိုလီက မြန်မာနိုင်ငံဆိုင်ရာ အထူးစီးပွားရေး စည်းမျဉ်းစည်းကမ်းများ အောက်တွင် လူပုဂ္ဂိုလ် သုံးဦး၏ အမည်ကို ထပ်မံထည့်သွင်း၍ အရေးယူပိတ်ဆို့လိုက်သည်။

၂၀၂၂ မတ် - ၂၅

ကနေဒါသည် လေတပ်ဦးစီးချုပ် ထွန်းအောင် အပါအဝင် စစ်လက်နက်များ တင်သွင်းသည့် လူပုဂ္ဂိုလ်လေးဦးကို ထပ်မံအရေးယူပိတ်ဆို့ခဲ့ပြီး ကုမ္ပဏီနှစ်ခုကိုလည်း အမည်ပျက်စာရင်း သွင်းခဲ့သည်။

ကနေဒါနိုင်ငံသည် လူပုဂ္ဂိုလ်ပေါင်း ၇၃ ဦးနှင့် အဖွဲ့ အစည်းပေါင်း ၅၈ ဖွဲ့ တို့ကို မြန်မာ(ဘားမား) နိုင်ငံဆိုင်ရာ အထူးစီးပွားရေး စည်းမျဉ်းစည်းကမ်းများအောက်တွင် ထည့်သွင်းထားပြီး ဖြစ်သည်။

## စစ်အာဏာသိမ်းကာလအတွင်း တရုတ်အစိုးရ၏ ပြုမူဆောင်ရွက်ချက်များ

တရုတ်နိုင်ငံသည် မြန်မာနိုင်ငံအပေါ် နိုင်ငံတကာ၏ ပြစ်တင်ဝေဖန်မှုများကို ကာကွယ်ပေးသည့် ငြိမ်းချမ်းရေး ပွဲစားနိုင်ငံတစ်ခုပင်ဖြစ်သည်။ ကုလသမဂ္ဂအစည်းအဝေးများတွင်လည်း မြန်မာနိုင်ငံအား အရေးယူပြစ်တင်မှုများကို ကာကွယ်ပေးလေ့ရှိသည်။ တရုတ်နိုင်ငံသည် ယခင်နှစ်များစွာကတည်းက အစိုးရ၊ စစ်တပ်၊ တိုင်းရင်းသား လက်နက်ကိုင်များနှင့် ထိတွေ့ဆက်ဆံမှုပြုလုပ်နေသည့်နိုင်ငံ ဖြစ်သည်။

ရက်စွဲမှတ်တမ်း

| နေ့စွဲ | အကြောင်းအရာ | မှတ်ချက် |
|---|---|---|
| ဇန်နဝါရီ-၁ | တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယီသည် နိုင်ငံတော်သမ္မတဦးဝင်းမြင့်၊ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့နှင့် တွေ့ဆုံခဲ့သည်။ | မြန်မာတရုတ်စီးပွားရေးစင်္ကြံစီမံကိန်း၊ နှစ်နိုင်ငံ နယ်စပ် တည်ငြိမ်ရေးကိစ္စ၊ ငြိမ်းချမ်းရေးကိစ္စများအား အဓိကထား ဆွေးနွေးခဲ့ကြပါသည်။ |
| ဇန်နဝါရီ-၁ | ကာချုပ်မင်းအောင်လှိုင်နှင့်တရုတ်နိုင်ငံခြားရေးဝန်ကြီးဝမ်ယီတို့တွေ့ဆုံ။ | အထွေထွေရွေးကောက်ပွဲအတွင်း မဲမသမာမှုများ ရှိနိုင်သည်ဆိုသော စစ်တပ်၏ တစ်ဖက်သတ်စွပ်စွဲချက်များကိုလည်း ကာချုပ်က တင်ပြခဲ့သည်။ |
| ဖေဖော်ဝါရီ-၄ | ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ တံခါးပိတ်အစည်းအဝေးကျင်းပ | အာဏာသိမ်းစစ်အုပ်စုအား အရေးယူပိတ်ဆို့ရေးအဆိုကို တရုတ်အစိုးရကိုယ်စားလှယ်က ကန့်ကွက်ခဲ့ပါသည်။ |
| မတ်-၁၁ | ငြိမ်းချမ်းစွာဆန္ဒပြမှုဖြိုခွင်း ကုလသမဂ္ဂလုံခြုံရေး ကောင်စီအထူးအစည်းအဝေးကျင်းပ | မြန်မာနိုင်ငံကို ဒဏ်ခတ်အရေးယူမည့်ကိစ္စရပ်အား တရုတ်အစိုးရကိုယ်စားလှယ်က ထပ်မံပယ်ချခဲ့သည်။ |
| မတ်-၇ | တရုတ်နိုင်ငံခြားရေးဝန်ကြီးက ဝမ်ယီက မြန်မာနိုင်ငံတွင် တင်းမာမှုများလျော့ချရေး အဆိုပြုချက် (၃)ချက်တင်ပြခဲ့သည်။ | မြန်မာနိုင်ငံအတွင်းဖြစ်ပေါ် နေသည့်ပြဿနာများအပေါ် ဘက်မလိုက်ဘဲ ဝင်ရောက်စေ့စပ်ပေးရန်ဆန္ဒရှိကြောင်း သတင်းမီဒီယာကိုပြောဆိုပါသည်။ |
| မတ်-၁၄ | ရန်ကုန်မြို့လှိုင်သာယာစက်မှုဇုန်ရှိ တရုတ်စက်ရုံအချို့ မီးရှို့ခံရပြီးနောက်ပိုင်း မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးမှ ထုတ်ပြန်ခဲ့သည်။ | တရုတ်လုပ်ငန်းနှင့် တရုတ်လူမျိုးများ၏ လုံခြုံရေးအတွက် အာမခံချက်ပေးရန် အာဏာသိမ်းစစ်ကောင်စီလက်အောက်ခံ ရုပ်သံမှတဆင့် တောင်းဆိုခဲ့သည်။ |
| ဇွန်-၇ | ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ ကောင်စီ(UNHRC)၏ ညီလာခံ တစ်ရပ်ကို ကျင်းပ | မြန်မာနိုင်ငံအတွင်း လူ့အခွင့်အရေးအခြေအနေများနှင့် ပတ်သက်ပြီး ဆွေးနွေးမှုကိုပြင်းမရှိဘဲ ဆိုင်းငံ့ထားရန် တရုတ်သံတမန်က တိုက်တွန်းခဲ့သည်။ |
| ၇-၆-၂၀၂၁ | တရုတ်နိုင်ငံခြားရေးဝန်ကြီးဝမ်ယီ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများနှင့် တရုတ်နိုင်ငံတွင်တွေ့ဆုံ။ | အပြုသဘောဆောင်သည့် အခန်းကဏ္ဍမှ ဆက်လက် ပါဝင်ရန် ဆန္ဒရှိကြောင်းနှင့်မြန်မာအရေးနှင့်ပတ်သက်ပြီး အာဆီယံနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ရန်အသင့်ရှိကြောင်း ဝမ်ယီပြောကြား။ |
| ၂၁-၆-၂၁ | တရုတ်-အာဆီယံအစည်းအဝေးကျင်းပ | မြန်မာနိုင်ငံ၏ အခြေအနေသည် တရုတ်နိုင်ငံ၏ အကျိုးစီးပွားနှင့် တိုက်ရိုက်သက်ဆိုင်နေကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယီက ဝန်ခံပြောကြားခဲ့သည်။ |
| ဩဂုတ် ၂၁-၂၈ | တရုတ်အစိုးရ၏အာရှရေးရာ အထူးကိုယ်စားလှယ် စွန်ကော့ရှန် မြန်မာနိုင်ငံသို့လာရောက်။ | မင်းအောင်လှိုင်အပါအဝင် စစ်ကောင်စီတာဝန်ရှိသူများနှင့် တွေ့ဆုံခဲ့ပြီး Covid19 ကာကွယ်ဆေးများ ထောက်ပံ့ခြင်းနှင့် မြန်မာနိုင်ငံအတွင်း ၎င်းတို့နှင့်ဆက်စပ်သည့်ဖွံ့ဖြိုးရေး စီမံကိန်း(၂၁)ခု အတွက် ရံပုံငွေအဖြစ်အမေရိကန်ဒေါ်လာ(၆)သန်းကျော်ကို စစ်ကောင်စီထံ လွှဲပြောင်းပေးခဲ့သည်။ |
| နိုဝင်ဘာ-၁၅ | တရုတ်အစိုးရ၏ အာရှရေးရာ အထူးကိုယ်စားလှယ်စွန်ကော့ရှန် မြန်မာနိုင်ငံသို့ ဒုတိယအကြိမ်လာရောက်။ | မြန်မာနိုင်ငံ၏ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဥပဒေဘောင်အောက်တွင် တွေ့ဆုံဆွေးနွေးခြင်းဖြင့် နိုင်ငံရေးအရပြေလည်မှုရရှိစေရန် မြန်မာနိုင်ငံ ရှိသက်ဆိုင်သူအားလုံးကို ထောက်ခံအားပေးခဲ့ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနပြောကြား။ |
| နိုဝင်ဘာ-၂၂ | တရုတ်-အာဆီယံ ထိပ်သီးအစည်းအဝေး ကျင်းပ | အဆိုပါ အစည်းအဝေးသို့ မင်းအောင်လှိုင် တက်ရောက်ခွင့် ငြင်းပယ် ခံရသည်။ |
| မတ်-၂၈၊ ၂၀၂၂ | ပြည်သူ့ပါတီဥက္ကဋ္ဌ ဦးကိုကိုကြီးအား တရုတ်သံအမတ်ကြီးချန်ဟိုင်က တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးတွင် လက်ခံတွေ့ဆုံခဲ့သည်။ | လက်ရှိမြန်မာနိုင်ငံရေးအခြေအနေများနှင့် ရှေ့ဆက် ဖြစ်ပေါ်လာနိုင်မည့်အနာဂတ်နိုင်ငံရေးအလားအလာအခြေအနေများအပေါ် ရင်းရင်းနှီးနှီး တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ |

# ဥရောပသမဂ္ဂ (အီးယူ)၏ အခန်းကဏ္ဍ

ဥရောပသမဂ္ဂ (အီးယူ) သည် မြန်မာနိုင်ငံတွင်စစ်အာဏာသိမ်းပြီးကတည်းက တုံ့ပြန်ဆောင်ရွက်မှုအများအပြားပြုလုပ်ခဲ့သည်။ [illegible] စစ်ကောင်စီ၏ အကြမ်းဖက်လုပ်ဆောင်မှု လူ့အခွင့်အရေးချိုးဖောက်မှုများကို ပြင်းပြင်းထန်ထန်ကန့်ကွက်ခဲ့သည်။ ထို့အပြင် စစ်ကောင်စီနှင့်ဆက်နွယ်သူများအပေါ် အရေးယူဆောင်ရွက်မှုများကိုပြုလုပ်ခဲ့သည်။ ဥရောပသမဂ္ဂသည် [illegible]

**မှတ်စုမှတ်တမ်း**

| ရက်စွဲ | အကြောင်းအရာ | မှတ်ချက် |
|---|---|---|
| ဖေဖော်ဝါရီ ၁ | အထူးကိုယ်စားလှယ် / ဒုတိယဥက္ကဋ္ဌ Josep Borrell၏ ထုတ်ပြန်ချက် | မြန်မာ့တပ်မတော်၏ အာဏာသိမ်းမှုကို [illegible] ၂၀၂၀ [illegible] |
| ဖေဖော်ဝါရီ ၂ | ဥရောပသမဂ္ဂကိုယ်စား အထူးကိုယ်စားလှယ်၏ ထုတ်ပြန်ကြေငြာချက် | ဥရောပသမဂ္ဂသည် မြန်မာနိုင်ငံတွင် တပ်မတော်၏ အာဏာသိမ်းမှုကို ပြင်းထန်စွာရှုတ်ချကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြသည်။ |
| ဖေဖော်ဝါရီ ၈ | Josep Borrell Fontelles, High Representative of the EU for Foreign Affairs and Security Policy | [illegible] EU က [illegible] |
| ဖေဖော်ဝါရီ ၁၀ | EU အထူးကိုယ်စားလှယ်က ဥရောပပါလီမန်တွင် ပြောကြား | မြန်မာနိုင်ငံတွင် အာဏာသိမ်းခံရခြင်းသည် ၁၀ နှစ်ကြာ ဒီမိုကရေစီ [illegible] |
| ဖေဖော်ဝါရီ ၁၈ | ဥရောပသမဂ္ဂ [illegible] "မြန်မာနိုင်ငံ [illegible]" [illegible] | |
| ဖေဖော်ဝါရီ ၂၂ | ဥရောပသမဂ္ဂကောင်စီ နိုင်ငံခြားရေးဝန်ကြီး (၂၇) ဦး၏ မြန်မာနိုင်ငံအခြေအနေဆိုင်ရာ ကြေညာချက် ထုတ်ပြန် | အဆိုပါထုတ်ပြန်ချက်တွင် အချက် (၈) ချက် ပါဝင်သည်။ တပ်မတော်၏ အာဏာသိမ်းမှုကို ပြင်းထန်စွာ ရှုတ်ချသည်။ |
| ဖေဖော်ဝါရီ ၂၆ | ၄၇ ကြိမ်မြောက် လူ့အခွင့်အရေးကောင်စီတွင် လူ့အခွင့်အရေးဆိုင်ရာ အထူးကိုယ်စားလှယ်အဖွဲ့ ထုတ်ပြန်ချက် | [illegible] |
| မတ်၄ | ဥရောပသမဂ္ဂ(EU)၏ လုံခြုံရေးနှင့် ကာကွယ်ရေးဆိုင်ရာ ထိပ်တန်းတာဝန်ရှိ EU စစ်ဘက်ဦးစီးဌာန(EUMS) ညွှန်ကြားရေးမှူးချုပ် ဒုတိယရေတပ်ဗိုလ်ချုပ်ကြီး HerveBléjeanက မြန်မာ့တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ကို [illegible] | [illegible] |

| | | |
|---|---|---|
| မတ်-၂၂ | ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ လ (၁) ရက် က ဖြစ်ပွားခဲ့သည့် စစ်အာဏာသိမ်းမှုနှင့် နောက်ဆက်တွဲ ငြိမ်းချမ်းစွာ ဆန္ဒပြသူများကို စစ်တပ်နှင့် ရဲတို့က ဖိနှိပ်မှုများ ပြုလုပ်ခြင်းအပေါ် တာဝန်ရှိသူအတွက် ပိတ်ဆို့ အရေးယူမှုများ ချမှတ်။ | EU ကောင်စီက လူ (၁၁) ဦးကို ပိတ်ဆို့ အရေးယူမှုများ ချမှတ်လိုက်သည်။ |
| ဧပြီ-၁၉ | ဥရောပသမဂ္ဂက ဒုတိယမြောက် အရေးယူပိတ်ဆို့မှုများ ထုတ်ပြန် | လူပုဂ္ဂိုလ်ငါးယောက်နှင့် စစ်တပ်ထိန်းချုပ်ထားသည့်လုပ်ငန်းနှစ်ခု ဖြစ်သည့်မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက် နှင့် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းတို့ကို စီးပွားရေးပိတ်ဆို့မှုပြုလုပ်သည်။ |
| ဇွန်-၂၁ | ဥရောပသမဂ္ဂကောင်စီက မြန်မာနိုင်ငံ၏ စစ်အာဏာသိမ်းမှုနှင့် နောက်ဆက်တွဲငြိမ်းချမ်းစွာ ဆန္ဒပြသူများကို စစ်တပ်ကဖိနှိပ်မှုများပြုလုပ်ခြင်းနှင့် ပတ်သက်ပြီးပိတ်ဆို့အရေးယူမှုပြုလုပ်။ | လူ(၈)ဦးနှင့် ကုမ္ပဏီ(၃)ခုကိုထပ်မံပိတ်ဆို့အရေးယူမှုများ ချမှတ်လိုက်သည်။ |
| ဇူလိုင်-၉ | အသေးစိတ်စီမံချက်ဖြင့်ကာကွယ်ရေးဆိုင်ရာ အစည်းအဝေးကိုဖိတ်ကြားခဲ့ခြင်းနှင့် ကျင်းပခဲ့ခြင်းနှင့် ပတ်သက်ပြီး သဘောထားထုတ်ပြန်ခြင်း | ဥရောပသမဂ္ဂက မြန်မာနိုင်ငံ၏ အခြေအနေအပေါ် စိုးရိမ်ကြောင်းထပ်လောင်းပြောကြားပြီး နိုင်ငံခြားသားများအပါအဝင် ထိန်းသိမ်းထားသူအားလုံးကို ပြန်လွှတ်ပေးရန်တောင်းဆိုခဲ့သည်။ |
| ဩဂုတ်-၁၈ | မြန်မာနိုင်ငံအတွက် အသေးစားလုပ်ငန်းရှင်စာနာထောက်ထားမှု အကူအညီ(MSMEs)ထောက်ပံ့ရေး ကော်မတီပြုလုပ်သည့် ညီလာခံတွင် EUသည် [illegible] EU MSMEs ၏ [illegible] မြန်မာနိုင်ငံအတွင်း အသေးစားအရေးပေါ်ထိခိုက်ခံစားရမှု [illegible] နိုင်ငံအစိုးရ [illegible] အတွက် ငွေ [illegible] အတွက် ယူရို [illegible] ကြေညာခဲ့သည်။ | EUသည်အရေးပေါ်ဆိုင်ရာ ငွေကြေးဆိုင်ရာကူညီမှုများအပါအဝင် မြန်မာနိုင်ငံအတွင်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးအတွက် ယူရိုသန်း(၂၅)သန်းကို ထပ်မံခွဲဝေချထားပေးခဲ့သည်။ |
| အောက်တိုဘာ-၁၃ | အသေးစားစီးပွားရေးလုပ်ငန်းများ၏ လုပ်ငန်းဆောင်ရွက်ချက်များကို ပံ့ပိုးကူညီရေးနှင့်စပ်လျဉ်း၍ ဥရောပသမဂ္ဂကိုယ်စားအဆင့်မြင့်ကိုယ်စားလှယ်၏ ထုတ်ပြန်ကြေညာချက်။ | |
| နိုဝင်ဘာ-၈ | မြန်မာနိုင်ငံအခြေအနေနှင့်စပ်လျဉ်း၍ ဥရောပသမဂ္ဂကိုယ်စားအဆင့်မြင့်ကိုယ်စားလှယ်၏ ထုတ်ပြန်ကြေညာချက် | မြန်မာတပ်မတော် [illegible] ဖြစ်သည့် [illegible] အသေးစား [illegible] ဥရောပသမဂ္ဂ [illegible] နိုင်ငံတော်သမ္မတ [illegible] နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည် အပါအဝင် [illegible] ထုတ်ပေးရန် တပ်ခံတောင်းဆိုပါသည်။ |
| နိုဝင်ဘာ-၂၂ | ဥရောပသမဂ္ဂသည် လူသားချင်းစာနာ ထောက်ထားမှု အကူအညီအဖြစ် ယူရို ၃၀၀,၀၀၀ ဖြင့် [illegible] ချမှတ်သည်။ | [illegible] ယူရို(၁၅,၀၀၀)ကျော် အတွက် အကူအညီ [illegible] မြန်မာနိုင်ငံ [illegible] (၂၅)သန်း [illegible] |
| ဒီဇင်ဘာ-၆ | မြန်မာနိုင်ငံအခြေအနေနှင့်စပ်လျဉ်း၍ ဥရောပသမဂ္ဂကိုယ်စားအဆင့်မြင့်ကိုယ်စားလှယ် ၂၇နိုင်ငံ၏ ထုတ်ပြန်ကြေညာချက် | နိုင်ငံတော်သမ္မတဦးဝင်မြင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်နှင့် ပြီးတော့ [illegible] နိုင်ငံရေး [illegible] ဥရောပသမဂ္ဂ [illegible] ထုတ်ပြန်ချက် ထုတ်ဖော်ပြထားသည်။ |

| | | |
|---|---|---|
| ဒီဇင်ဘာ-၃၀ | အကြမ်းဖက်မှုများဆိုင်ရာပြင်းထန်လာခြင်းနှင့် [illegible] ထုတ်ပြန်ကြေညာချက် | မြန်မာနိုင်ငံ ဒေသအသီးသီး အထူးသဖြင့် ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် [illegible] နေသည့်အရပ်သားပြည်သူများကို [illegible] ဒီဇင်ဘာ ၂၄ ရက်နေ့၌ ကယားပြည်နယ်တွင် အမျိုးသမီးများ ကလေးများနှင့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာလုပ်သားများ [illegible] အရပ်သားပြည်သူများနှင့်လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ရှား ဆောင်ရွက်သူများကို [illegible] လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ [illegible] နိုင်ငံတကာဥပဒေ [illegible] လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ [illegible] လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ [illegible] |
| ၂၁-၂-၂၀၂၂ | မြန်မာနိုင်ငံရှိ စစ်အာဏာသိမ်းမှုနှင့် စစ်အာဏာရှင်များက အရပ်သားပြည်သူများနှင့် ဒီမိုကရေစီ အရေး လှုပ်ရှားဆောင်ရွက်နေကြသော အင်အားစု များအပေါ် အကြမ်းဖက်မှုများ ဆက်လက် ကျူး လွန်နေခြင်းကို [illegible] ဥရောပသမဂ္ဂကောင်စီက [illegible] ၂၂ ဦးနှင့် အဖွဲ့အစည်း ၄ ခုအပေါ် ပြစ်ဒဏ်ခတ်ပိတ်ဆို့မှုများ ချမှတ်လိုက်သည်။ | |

## စစ်အာဏာသိမ်းကာလအတွင်း အိန္ဒိယ၏ အခန်းကဏ္ဍ

မြန်မာနိုင်ငံတွင် စစ်တပ်အာဏာသိမ်းမှုနှင့်ပတ်သက်ပြီး အလွန်စိုးရိမ်ကြောင်း အိန္ဒိယအစိုးရက ဖေဖော်ဝါရီလ ၁ ရက်က တရားဝင် ထုတ်ပြန်ခဲ့သည်။ အိန္ဒိယအနေဖြင့် မြန်မာနိုင်ငံ၏ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်ကို အမြဲ ထောက်ခံအားပေးနေပါသည်၊ မြန်မာ၏ တရားဥပဒေ စိုးမိုးရေးနှင့် ဒီမိုကရေစီလုပ်ငန်းစဉ်ကို လက်ကိုင်ထားရမည် ဖြစ်သည်။ အခြေအနေကို အနီးကပ် စောင့်ကြည့်နေကြောင်း အိန္ဒိယ ပြည်ပရေးရာဝန်ကြီးဌာနက သတင်းထုတ်ပြန်ခဲ့ပါသည်၊

အိန္ဒိယနိုင်ငံသည် မြန်မာနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့မှုများကို မည်သည့်အခါကမျှ ထောက်ခံအားပေးခြင်း မပြုလုပ်ခဲ့ပါ။ အာဆီယံ H အထူးအစည်းအဝေးက ချမှတ်လိုက်သည့် မြန်မာအရေးနှင့် ပတ်သက်သည့် ဘုံသဘောတူညီချက် ငါးခုကို ထောက်ခံခဲ့သည်၊

မြန်မာနိုင်ငံ၏ တရားဥပဒေစိုးမိုးရေးနှင့် ဒီမိုကရေစီလုပ်ငန်းစဉ်ကို လက်ကိုင်ထားရမည်ဖြစ်ပြီး ဖမ်းဆီးထိန်းသိမ်းခံထားရသည့် နိုင်ငံရေးခေါင်းဆောင်များကို ပြန်လွှတ်ပေးရမည်ဖြစ်ကြောင်း ၂၀၂၁ ခုနှစ်ဖေဖော်ဝါရီလ ၁၂ ရက်က အိန္ဒိယနိုင်ငံဆိုင်ရာ ကုလကိုယ်စားလှယ်က ဂျီနီဗာတွင် ပြောကြားခဲ့သည်။ ထို့အပြင် အိန္ဒိယအနေဖြင့် လက်တွေ့ကျသည့်အဖြေကို ရှာဖွေရန်အတွက် သက်ဆိုင်သူများအား ထောက်လျှောက် တိုက်တွန်းအားပေးနေကြောင်း အိန္ဒိယနိုင်ငံဆိုင်ရာ ကုလ သမဂ္ဂ အမြဲတမ်းကိုယ်စားလှယ်က ပြောကြားခဲ့သည်၊

အိန္ဒိယနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန နိုင်ငံခြားရေးအတွင်းဝန်သည် အလုပ်သဘောခရီးစဉ် အဖြစ် မြန်မာနိုင်ငံသို့ ၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၂၂ ရက် မှ ၂၃ ရက်အထိ လာရောက်ခဲ့ပါသည်။ အဆိုပါ ခရီးစဉ်အတွင်း နိုင်ငံခြားရေးအတွင်းဝန်သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့် အခြား အဆင့်မြင့်ကိုယ်စားလှယ်များအား သွားရောက်တွေ့ဆုံခဲ့ကြောင်း ရန်ကုန်အိန္ဒိယသံရုံးက သတင်းထုတ်ပြန်ခဲ့သည်။

နိုင်ငံခြားရေးအတွင်းဝန်သည် နိုင်ငံရေးပါတီများနှင့် လူမှုရေးအဖွဲ့အစည်းများမှ အဖွဲ့ဝင်များ နှင့်တွေ့ဆုံဆွေးနွေးခဲ့သည်၊ ထို့အပြင် မြန်မာအခြေစိုက်သံအမတ်ကြီးများနှင့် ကုလကိုယ်စားလှယ် များနှင့်လည်း တွေ့ဆုံခဲ့သည်၊

သက်ဆိုင်သူအားလုံးနှင့် တွေ့ဆုံစဉ် မြန်မာနိုင်ငံတွင် ဒီမိုကရေစီလမ်းကြောင်းဆီသို့ စောလျင်စွာ ပြန်သွားရေး၊ ထိန်းသိမ်းခံထားရသူများနှင့်အကျဉ်းသားများအား ပြန်လွှတ်ပေးရေး၊ တွေ့ဆုံဆွေးနွေးရေးမှတစ်ဆင့် ပြဿနာများ ဖြေရှင်းရေးနှင့် အကြမ်းဖက်မှုအားလုံးကို အပြီးအပိုင် အဆုံးသတ်ရေးအပေါ် အိန္ဒိယနိုင်ငံမှ မြင်တွေ့လိုကြောင်း အလေးပေး ပြောကြားခဲ့သည်။ အာဆီယံ၏ ဆောင်ရွက်ချက်များအတွက် အိန္ဒိယနိုင်ငံ၏ ခိုင်မာပြီး တစ်သမတ်တည်း ထောက်ခံမှုကို ထပ်မံ အတည်ပြု ပြောကြားခဲ့ပြီး ဘုံသဘောတူညီချက် ငါးချက်ကို အခြေခံပြီး လက်တွေ့ကျသည့် အပြုသဘောဆောင်သော နည်းလမ်းဖြင့် ဆောင်ရွက်မှုမှတစ်ဆင့် တိုးတက်မှုရနိုင်မည်ဟု မျှော်လင့်ကြောင်း ပြောကြားခဲ့သည်၊

## ဂျပန်အစိုးရ၏ တုံ့ပြန်ဆောင်ရွက်ချက်များ

မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်နေသည့်ဂျပန်နိုင်ငံသည် မြန်မာစစ်တပ်က အာဏာသိမ်းပြီးနောက် အလွန်ပင်စိုးရိမ်ပူပန်ကြောင်းနှင့် ဖမ်းဆီးထိန်းသိမ်းခံခဲ့ရသော သက်ဆိုင်ရာပုဂ္ဂိုလ်များအား အမြန်ဆုံးပြန်လွှတ်ပေးရန်တိုက်တွန်းခဲ့သည်။ အာဏာသိမ်းမှုကိုတုန့်ပြန်သည့်အနေဖြင့် မြန်မာနိုင်ငံကိုပေးအပ်မည့် အကူအညီအထောက်အပံ့အသစ်များကို ရပ်ဆိုင်းကြောင်း ဂျပန်နိုင်ငံခြားရေးဝန်ကြီးက ကြေညာခဲ့သည်။ စစ်အာဏာသိမ်းပြီးကတည်းက ယခုအချိန်ထိအမေရိကန်ဒေါ်လာသန်း(၂၀)ဖိုး လူသားချင်းစာနာထောက်ထားမှုအကူအညီများပေးအပ်ခဲ့ပြီးဖြစ်သည်။

**ရက်စွဲမှတ်တမ်း**

| နေ့စွဲ | အကြောင်းအရာ | မှတ်ချက် |
|---|---|---|
| ၁-၂-၂၀၂၁ | မြန်မာ့နိုင်ငံရေးအခြေအနေနှင့် စပ်လျဉ်း၍ ဂျပန်နိုင်ငံခြားရေး ဝန်ကြီးက သဘောထားထုတ်ပြန်ချက် ထုတ်ပြန် | အရေးပေါ်အခြေအနေကြေညာပြီး ဒီမိုကရေစီစနစ် ကူးပြောင်းမှုဖြစ်စဉ်များ ဆုံးရှုံးလိုက်ရသည့်အခြေအနေများ ဖြစ်ပေါ်ခဲ့ခြင်းအပေါ် အလွန်ပင်စိုးရိမ်ပူပန်လျက်ရှိပါသည်။ ဖမ်းဆီးထိန်းသိမ်းခံခဲ့ရသော နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အပါအဝင် သက်ဆိုင်ရာ ပုဂ္ဂိုလ်များအား အမြန်ဆုံးပြန်လွှတ်ပေးပါရန် တိုက်တွန်း။ |
| ၂၁-၂-၂၀၂၁ | မြန်မာနိုင်ငံတွင်ဖြစ်ပွားခဲ့သော ဆန္ဒဖော်ထုတ်သူများ သေဆုံး၊ ဒဏ်ရာရမှုများနှင့်ပတ်သက်၍ ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက သတင်းထုတ်ပြန်ခဲ့ပါသည်။ | |
| ၂၈-၂-၂၀၂၁ | မြန်မာနိုင်ငံတွင်ဖြစ်ပွားခဲ့သော ဆန္ဒဖော်ထုတ်သူများသေဆုံး၊ ဒဏ်ရာရမှုများနှင့်ပတ်သက်၍ ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာနပြောရေးဆိုခွင့်ရှိသူက သတင်းထုတ်ပြန်ခဲ့သည်။ | |
| ၈-၃-၂၀၂၁ | မြန်မာ့ရုပ်မြင်သံကြား(MRTV)၏ သတင်းကြေညာချက်နှင့်စပ်လျဉ်း၍ ဂျပန်သံရုံးက ထုတ်ပြန်ကြေညာချက် ထုတ်ပြန်ခဲ့ပသည်။ | |
| ၂၈-၃-၂၀၂၁ | မြန်မာနိုင်ငံတွင် အရပ်သားပြည်သူအများအပြားသေဆုံး၊ ဒဏ်ရာရမှုများနှင့် ပတ်သက်၍ ဂျပန်နိုင်ငံခြားရေးဝန်ကြီး၏ သဘောထားထုတ်ပြန်ချက်ကို ထုတ်ပြန်ခဲ့ပါသည်။ | အရပ်သားပြည်သူ အများအပြားသေဆုံး၊ ဒဏ်ရာရမှုများနှင့်ပတ်သက်၍ ပြင်းထန်စွာ ရှုတ်ချ။ |

| | | |
|---|---|---|
| ၃၀-၃-၂၀၂၁ | အာဏာသိမ်းမှုကို တုန့်ပြန်သည့်အနေဖြင့် မြန်မာနိုင်ငံကိုပေးအပ်မည့် အကူအညီအထောက်အပံ့အသစ်များကို ရပ်ဆိုင်းကြောင်း ဂျပန်နိုင်ငံခြားရေးဝန်ကြီး ပြောကြား။ | |
| ၁၅-၅-၂၀၂၁ | အရေးပေါ် စားနပ်ရိက္ခာအကူအညီ အမေရိကန်ဒေါ်လာ(၄)သန်းဖိုးထောက်ပံ့မည်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနကြေညာ။ | |
| ၁၃-၇-၂၀၂၁ | အရေးပေါ်လူသားချင်းစာနာထောက်ထားမှုအကူအညီနောက်ထပ်ဒေါ်လာ(၅.၈)သန်းကူညီမည်ဖြစ်ကြောင်း ဂျပန်နိုင်ငံခြားရေးဝန်ကြီးပြောကြား။ | |
| ၁၃-၁၁-၂၀၂၁ | နိပွန်ဖောင်ဒေးရှင်းဥက္ကဋ္ဌ မစ္စတာ ဆာဆာကာဝ မြန်မာနိုင်ငံသို့ လာရောက်။ | ကာကွယ်ရေးဦးစီးချုပ်မင်းအောင်လှိုင်နှင့် တွေ့ဆုံ။ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ခွင့်မရ။ |
| ၁၆-၁၁-၂၀၂၁ | မစ္စတာဆာဆာကာဝါ၏ မြန်မာနိုင်ငံခရီးစဉ်နှင့်ပတ်သတ်ပြီး ဂျပန်နိုင်ငံခြားရေးဝန်ကြီးသတင်းစာရှင်းလင်း ပွဲပြုလုပ်သည်။ | ဆာဆာကာဝါသည် ဂျပန်အစိုးရ၏အထူးကိုယ်စားလှယ်အဖြစ် သွားရောက်ခြင်း မဟုတ်ကြောင်း ဂျပန်နိုင်ငံခြားရေးဝန်ကြီး ရှင်းလင်း။ |
| ၈-၂-၂၀၂၂ | အာဏာသိမ်းပြီးကတည်းက ယခုအချိန်ထိ အမေရိကန်ဒေါ်လာ သန်း(၂၀)ဖိုးလူသားချင်း စာနာထောက်ထားမှု အကူအညီများပေးအပ်ပြီးဖြစ်ကြောင်း ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာနသတင်းထုတ်ပြန်။ | |
| ၇-၃-၂၀၂၂ | မစ္စတာဆာဆာကာဝါသည် ကမ္ဘောဒီးယားနိုင်ငံ၊ ဖနွမ်းပင်မြို့တော်တွင် အာဆီယံအလှည့်ကျ ဥက္ကဋ္ဌဖြစ်သူ ကမ္ဘောဒီးယားဝန်ကြီးချုပ်ဟွန်ဆန်၊ ကမ္ဘောဒီးယားနိုင်ငံခြားရေးဝန်ကြီး Prak Sokhonn တို့နှင့် တွေ့ဆုံခဲ့သည်။ | |
| ၁၀-၃-၂၀၂၂ | ဂျပန်နိုင်ငံ၏မြန်မာနိုင်ငံအမျိုးသား ပြန်လည်သင့်မြတ်ရေးဆိုင်ရာအထူးကိုယ်စားလှယ်မစ္စတာဆာဆာကာဝါနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အချို့ ထိုင်းနိုင်ငံချင်းမိုင်မြို့တွင် တွေ့ဆုံခဲ့သည်။ | လူသားချင်း စာနာထောက်ထားမှု အကူညီများပေးနိုင်ရေး ဆွေးနွေးခဲ့သည်။ |

## စစ်အာဏာသိမ်းပြီးနောက် ယူကေ၏ တုံ့ပြန်မှုများ

မြန်မာ့အရေးနှင့်ပတ်သက်ပြီး ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ အထူးအစည်းအဝေးတစ်ရပ်ကို ခေါ်ယူကျင်းပပေးရန်ယူကေကပန်ကြားခဲ့သည်။ အာဏာသိမ်းပြီးချိန်မှစပြီးယူကေအစိုးရက အမေရိကန်ဒေါ်လာသန်း(၃၀)ကျော်သုံးစွဲခဲ့ပြီး လူပေါင်း၆၀၀,၀၀၀ကျော်အတွက်စားနပ်ရိက္ခာ၊ နေထိုင်စရာနှင့်အခြားသော အရေးပေါ်အထောက်အပံ့များကူညီပေးခဲ့သည်။ မြန်မာနိုင်ငံတွင်ဖြစ်ပေါ်နေသည့်ကြီးလေးသောလူ့အခွင့်အရေးချိုးဖောက်မှုများ၏သက်သေအထောက်အထားများကို စုဆောင်း၊စစ်ဆေး၊ထိန်းသိမ်းပေးသည့်မြန်မာနိုင်ငံဆိုင်ရာယန္တရားတစ်ခုကို ထောက်ခံအားပေးသည့်အနေဖြင့် အပိုဆောင်းအရင်းအမြစ်များ ပံ့ပိုးကူညီမည့်အကြောင်းယူကေနိုင်ငံခြားရေးဝန်ကြီး ဒေါမနစ်ရဲဘ်က ဧပြီ ၁ ရက်နေ့တွင် ကြေညာခဲ့သည်။ နောင်တွင်ရာဇဝတ်မှုတရားစွဲဆိုမှုများတွင် အသုံးပြုနိုင်မည့်သက်သေအထောက်အထားများကို စုဆောင်းမှုဆောင်ရွက်ချက်တိုးမြှင့်လုပ်ဆောင်နိုင်ရန်ကုလသမဂ္ဂ၏မြန်မာနိုင်ငံဆိုင်ရာလွတ်လပ်သော စုံစမ်းစစ်ဆေးမှုယန္တရား (မြန်မာနိုင်ငံဆိုင်ရာယန္တရား)ကိုယူကေ အစိုးရကပေါင်သန်းတစ်ဝက် ထည့်ဝင်ကူညီမည်ဖြစ်သည်။

**ရက်စွဲမှတ်တမ်း**

| နေ့စွဲ | အကြောင်းအရာ | မှတ်ချက် |
|---|---|---|
| ဖေဖော်ဝါရီ- ၁ | မြန်မာ့တပ်မတော်၏ဖေဖော်ဝါရီလ ၁ ရက်နေ့ အရေးပေါ်ကြေညာချက်အပေါ် ယူကေအစိုးရ၏သဘောထားထုတ်ပြန်ချက် | အရေးပေါ်အခြေအနေကြေညာလိုက်ပြီး နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်၊ သမ္မတဦးဝင်းမြင့်အပါအဝင် အစိုးရအဖွဲ့ဝင်တွေနဲ့ အရပ်ဘက်အဖွဲ့အစည်းမှ လူပုဂ္ဂိုလ်တချို့ကို ဖမ်းဆီးထိန်းသိမ်းထားခြင်းအပေါ် ယူကေအစိုးရအနေဖြင့် ပြစ်တင်ရှုတ်ချပါတယ်။ တပ်မတော်အနေနဲ့တရားဥပဒေစိုးမိုးရေးနဲ့ လူ့အခွင့်အရေးတွေကိုလေးစားလိုက်နာဖို့၊ တရားမဝင်ဖမ်းဆီးထားတဲ့လူပုဂ္ဂိုလ်တွေကို လွှတ်ပေးဖို့တောင်းဆိုပါတယ်။ လွှတ်တော်ကို ငြိမ်းချမ်းစွာပြန်လည်ခေါ်ယူကျင်းပနိုင်ရန်နဲ့ ၂၀၂၀ ခုနှစ်နိုဝင်ဘာလမှာကျင်းပခဲ့တဲ့ အထွေထွေ ရွေးကောက်ပွဲရလဒ်နဲ့ မြန်မာပြည်သူလူထုဆန္ဒတွေကိုလေးစားလိုက်နာဖို့ကျွန်ုပ်တို့လိုလားပါတယ်။"ဟုယူကေအစိုးရ၏ပြောခွင့်ရပုဂ္ဂိုလ်က ပြောကြားခဲ့ပါသည်။ |
| ဖေဖော်ဝါရီ-၁၇ | ယူကေဝန်ကြီးချုပ်ဘောရစ်ဂျွန်ဆင်သည် နိုင်ငံတော်၏အတိုင်ပင်ခံ ပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အပေါ် ထပ်တိုးပုဒ်မနဲ့ စွဲချက်တင်ခြင်းနှင့် ပတ်သတ်ပြီးပြောကြားခြင်း။ | နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်အပေါ်ထပ်တိုးပုဒ်မနဲ့စွဲချက်တင်ထားတာတွေဟာမြန်မာတပ်မတော်ရဲ့မှန်မကန်လုပ်ကြံဖန်တီးမှုသာဖြစ်ပြီး သူမရဲ့ လူ့အခွင့်အရေးကို သိသိသာသာထင်ထင်ရှားရှားချိုးဖောက်လိုက်တဲ့ လုပ်ဆောင်ချက်ပဲဖြစ်ပါတယ်"ဟုထုတ်ပြန်ချက်တွင်ဖော်ပြသည်။ |
| ဖေဖော်ဝါရီ-၁၈ | မြန်မာနိုင်ငံစစ်အာဏာသိမ်းမှုအတွင်း လူ့အခွင့်အရေးချိုးဖောက်မှုများကြောင့် ယူကေနိုင်ငံကမြန်မာစစ်ဗိုလ်ချုပ်များကို ဒဏ်ခတ်အရေးယူ။ | ကာကွယ်ရေးဝန်ကြီးဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ပြည်ထဲရေးဝန်ကြီးဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်နှင့်ပြည်ထဲရေးဒုတိယဝန်ကြီးဒုတိယဗိုလ်ချုပ်ကြီး သန်းလှိုင်တို့အားအရေးယူဒဏ်ခတ်ပိတ်ဆို့။ |

| | | |
|---|---|---|
| ဖေဖော်ဝါရီ-၂၅ | ယူကေအစိုးရက မြန်မာတပ်မတော်အပေါ် နောက်ထပ်အရေးယူဒဏ်ခတ်ပိတ်ဆို့မှုများကိုထပ်မံကြေညာခဲ့သည်။ | ကြီးလေးသောလူ့အခွင့်အရေးချိုးဖောက်မှုများတွင်တာဝန်ရှိသည့်နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်(၆)ဦးကိုအရေးယူပိတ်ဆို့မှုများချက်ချင်းချမှတ်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်သည်။ |
| မတ်-၂၅ | ယူကေအစိုးရကမြန်မာ့စစ်အာဏာသိမ်းအစိုးရကိုဆန့်ကျင်ရှုတ်ချပြီး မြန်မာ့တပ်မတော်နှင့်ဆက်စပ်နေသောအမိကစီးပွားရေးလုပ်ငန်းများကိုထပ်တိုးဒဏ်ခတ်ပိတ်ဆို့မှုများအရေးယူဆောင်ရွက်လိုက်သည်။ | ယူကေနိုင်ငံခြားရေးဝန်ကြီးက မြန်မာ့တပ်မတော်ပိုင်စီးပွားရေးဦးပိုင်လီမိတက်ကို ယူကေအစိုးရကအရေးယ ူဒဏ်ခတ်ပိတ်ဆို့ကြောင်းကြေညာခဲ့ပါသည်။ |
| ဧပြီ-၁ | မြန်မာစစ်တပ်နှင့်ဆက်စပ်နေသည့်ကုမ္ပဏီများကို ထပ်တိုးအရေးယူဒဏ်ခတ် ပိတ်ဆို့ကြောင်း ယူကေအစိုးရကြေညာလိုက်သည်။ | မြန်မာစစ်တပ်နှင့်ဆက်စပ်နေသည့်မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း(MyanmarEconomicCooperation)ကိုဒဏ်ခတ်ပိတ်ဆို့မှုပြုလုပ်။ |
| ဧပြီ-၂၀ | အာရှဒေသဆိုင်ရာယူကေနိုင်ငံ ဝန်ကြီးနိုင်ဂျယ်အာဒမ်စ်ကဒေါက်တာဆာဆာနှင့်ဆွေးနွေးမှုပြုလုပ်ခဲ့သည်။ | ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ၏အရေးကြီးသောလုပ်ဆောင်မှုများနှင့် ကြားကာလအမျိုးသားညီညွတ်ရေးအစိုးရ၏ ဒီမိုကရေစီအတွက်ရပ်တည်ချက်ကို ကြိုဆိုခဲ့ပါသည်။ |
| မေ-၁၇ | မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(MGE)ကိုအရေးယူပိတ်ဆို့မှုအသစ်ဆောင်ရွက်ခြင်းဖြင့် မြန်မာအာဏာသိမ်းစစ်အစိုးရအား ထပ်တိုးအရေးယူမှုကိုကြေညာလိုက်သည်။ | ယခုနောက်ဆုံးချမှတ်လိုက်သောဒဏ်ခတ်ပိတ်ဆို့မှုများသည်ကလေးသူငယ်များကိုသတ်ဖြတ်မှုအပါအဝင်မြန်မာပြည်သူများအပေါ်လူ့အခွင့် အရေးချိုးဖောက်မှုများအတွက်တာဝန်ရှိသော အာဏာသိမ်းစစ်အစိုးရအတွက်အဓိကရန်ပုံငွေရင်းမြစ်များကို ဖြတ်တောက်ပစ်ရန်ရည်ရွယ်သည်။ |
| ဇွန်-၂၁ | အာဏာသိမ်းစစ်ကောင်စီနှင့်၎င်းတို့နှင့်ဆက်စပ်လျက်ရှိသောကုမ္ပဏီများအပေါ် ယူကေအစိုးရကထပ်တိုးအရေးယူပိတ်ဆို့မှုများကိုကြေညာလိုက်သည်။ | အာဏာသိမ်းစစ်အစိုးရ၏အဓိက ဝင်ငွေရလမ်းများဖြစ်ကြသည့် သစ်လုပ်ငန်းနှင့်ပုလဲလုပ်ငန်းတို့မှ အကျိုးအမြတ်များကို စစ်အစိုးရမရရှိစေရန်ပိတ်ဆို့နိုင်ရေးအတွက်အရေးယူဆောင်ရွက်မှုများကိုချမှတ်သွားမည်ဖြစ်သည်။ |
| ဇူလိုင်-၈ | အာရှဒေသဆိုင်ရာယူကေနိုင်ငံဝန်ကြီးနိုင်ဂျယ်အာဒမ်စ်သည်မြန်မာနိုင်ငံအမျိုးသားညီညွတ်ရေးအစိုးရမှဒေါ်ဇင်မာအောင်နှင့်တွေ့ဆုံဆွေးနွေးခဲ့သည်။ | |
| စက်တင်ဘာ-၂ | မြန်မာစစ်အာဏာရှင်နှင့်၎င်းတို့နှင့် ဆက်စပ်လျက်ရှိသောမိတ်ဖက်အဖွဲ့အစည်းများအပေါ်ဂုကြိမ်မြောက်ထပ်တိုးအရေးယူပိတ်ဆို့မှုများကို ယူကေအစိုးရက ကြေညာလိုက်သည်။ | မြန်မာ့စစ်တပ်လက်နက်ဝယ်ယူမှုကိုအကူအညီပေးနေသူ ဦးတေဇနှင့်သူ့ရဲ့ ထူးလုပ်ငန်းစုအားပိတ်ဆို့ အရေးယူသွားမည်ဖြစ်သည်။ |

| | | |
|---|---|---|
| နိုဝင်ဘာ-၄ | အာရှဒေသဆိုင်ရာယူကေဝန်ကြီး AmandaMillingနှင့်မြန်မာနိုင်ငံအမျိုးသားညီညွတ်ရေးအစိုးရမှဒေါ်ဇင်မာအောင်တို့အွန်လိုင်းမှတစ်ဆင့်တွေ့ဆုံဆွေးနွေးခဲ့သည်။ | |
| ဒီဇင်ဘာ-၁၀ | အရပ်သားပြည်သူများအပေါ်ပြင်းထန်ဆိုးရွားသောလူ့အခွင့်အရေးချိုးဖောက်မှုများအတွက်စစ်တပ်နှင့်ဆက်နွယ်နေသည့်အဖွဲ့အစည်းလေးခုအားအရေးယူပိတ်ဆို့မှုအသစ်ကိုအမေရိကန်နှင့်ကနေဒါနိုင်ငံတို့နှင့်အတူယူကေအစိုးရကပူးတွဲထုတ်ပြန်လိုက်သည်။ | အရေးယူပိတ်ဆို့ခံရသည့် အဖွဲ့အစည်းများမှာ (၁)စစ်ထောက်ချုပ်ရုံး(၂)ကာကွယ်ရေးပစ္စည်းစက်ရုံများညွှန်ကြားရေးမှူးရုံး(၃)ကာကွယ်ရေးပစ္စည်းဝယ်ယူရေးညွှန်ကြားရေးမှူးရုံး(၄)မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့တို့ဖြစ်သည်။ |
| ဇန်နဝါရီ-၁၄၊ ၂၀၂၂ | မြန်မာနိုင်ငံတွင်စစ်တပ်အာဏာသိမ်းပြီးချိန်မှစပြီးပြင်းထန်သောလူ့အခွင့်အရေးချိုးဖောက်မှုများနှင့်မြန်မာပြည်သူလူထုကိုဖိနှိပ်မှုများတွင်ပါဝင်ပတ်သက်မှုအတွက်လူပုဂ္ဂိုလ် ၂၄ဦးနဲ့အဖွဲ့အစည်း၉ခုတို့ကိုယူကေအစိုးရကပစ်မှတ်ထားပိတ်ဆို့အရေးယူမှုများပြုလုပ်ခဲ့ပါသည်။ | |
| ဇန်နဝါရီ-၃၁ | အာဏာသိမ်းမှုတစ်နှစ်ပြည့်ခါနီးတွင်မြန်မာစစ်အာဏာရှင်များအပေါ် ယူကေအစိုးရက ပိတ်ဆို့အရေးယူမှုအသစ်များချမှတ်ခဲ့သည်။ | ရှေ့နေချုပ်ဒေါက်တာသီတာဦး၊ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌဦးသိန်းစိုးနှင့်အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌဦးတင်တင်ဦးတို့ကို အမေရိကန်နှင့်ကနေဒါနိုင်ငံတို့နှင့်အတူပူးပေါင်း၍ ယူကေကဒဏ်ခတ်ပိတ်ဆို့မှုအသစ်များ ချမှတ်မည်ဖြစ်သည်။ |
| မတ်-၈ | အာရှဒေသဆိုင်ရာ ယူကေနိုင်ငံဝန်ကြီး AmandaMillingသည်ပြည်ထောင်စုဝန်ကြီးဒေါ်ဇင်မာအောင်နှင့်တွေ့ဆုံဆွေးနွေးခဲ့သည်။ | |
| မတ်-၂၅ | မြန်မာစစ်အာဏာရှင်ကိုစစ်လက်နက်နှင့်ဆက်စပ်ပစ္စည်းများထောက်ပံ့ပေးနေသည့်အဓိကကျသောလူပုဂ္ဂိုလ်နှစ်ဦးနှင့်ကုမ္ပဏီသုံးခုကိုယူကေအစိုးရကပိတ်ဆို့အရေးယူလိုက်သည်။ | လက်နက်ရောင်းဝယ်ဖောက်ကားရာတွင်ပါဝင်ဆောင်ရွက်သူများဖြစ်သည့်ဒေါက်တာအောင်မိုးမြင့်နှင့်အောင်လှိုင်ဦး၊ Dynasty International Company Ltd၊ Myanmar Chemical and Machinery Company Ltd နှင့် Miya Win InternationalLtd.တို့ကိုလည်းဒဏ်ခတ်အရေးယူသွားမည်ဖြစ်ပါသည်။ထို့အပြင်မကြာသေးမီကလေတပ်ဦးစီးချုပ်အဖြစ်ခန့်အပ်ခံရသောဗိုလ်ချုပ်ထွန်းအောင်အားယူကေအစိုးရကပိတ်ဆို့အရေးယူမှုများပြုလုပ်လျက်ရှိပါသည်။ |

## ကမ္ဘာ့ကုလသမဂ္ဂ၏ မြန်မာ့အရေးဆောင်ရွက်ချက်များ

မြန်မာအရေးနှင့်ပတ်သတ်ပြီး ကုလသမဂ္ဂအထွေထွေညီလာခံကို ၂၀၂၁ခုနှစ်ဇွန်လ(၁၈)ရက်နေ့က ကျင်းပခဲ့သည်။ အဆိုပါညီလာခံကမြန်မာနိုင်ငံစစ်အာဏာသိမ်းမှုကိုရှုတ်ချသည့် ဆုံးဖြတ်ချက်ကို ချမှတ်နိုင်ခဲ့သည်။အဆိုပါဆုံးဖြတ်ချက်အရအဖွဲ့ဝင်(၁၉၃)နိုင်ငံပါရှိသည့် ကုလသမဂ္ဂသည်မြန်မာနိုင်ငံသို့ လက်နက်ရောင်းချမှုကိုပိတ်ပင်ရန်နှင့်ဒီမိုကရေစီလမ်းကြောင်းပေါ်ပြန်သွားရန်တောင်းဆိုခဲ့ကြသည်။ ထို့အပြင်နိုဝင်ဘာရွေးကောက်ပွဲရလဒ်ကိုလေးစားရန်၊ဒေါ်အောင်ဆန်းစုကြည်အပါအဝင်နိုင်ငံရေး အကျဉ်းသားများကိုပြန်လွှတ်ပေးရန်စစ်တပ်ကိုတောင်းဆိုခဲ့သည်။အဆိုပါဆုံးဖြတ်ချက်ကိုနိုင်ငံပေါင်း (၁၁၉)နိုင်ငံကထောက်ခံခဲ့ကြပြီးဘီလာရုနိုင်ငံကကန့်ကွက်မဲပေးခဲ့ကာနိုင်ငံပေါင်း(၃၆)နိုင်ငံက မဲမပေးပဲကြားနေခဲ့ကြသည်။ကုလသမဂ္ဂသည်စစ်တပ်အာဏာသိမ်းပြီးလပေါင်းများစွာကြာမှ အဆိုပါဆုံးဖြတ်ချက်ကိုချမှတ်နိုင်ခဲ့ခြင်းဖြစ်သည်။

ကုလသမဂ္ဂသည်မြန်မာနိုင်ငံတွင်စစ်တပ်အာဏာသိမ်းပြီးနောက်ထုတ်ပြန်ချက်များ၊တိုက်တွန်းချက်များ ထုတ်ပြန်ခဲ့သော်လည်းစစ်ကောင်စီ၏အကြမ်းဖက်မှုနှင့်လူ့အခွင့်အရေးချိုးဖောက်မှုများကိုထိထိရောက် ရောက်အရေးယူဆောင်ရွက်မှုမပြုနိုင်သေးပါ။

**ကုလသမဂ္ဂ၊အထွေထွေအတွင်းရေးမှူးချုပ်၏တုံ့ပြန်မှုများ။**

| နေ့စွဲ | အကြောင်းအရာ |
|---|---|
| ၁၄.၁.၂၀၂၁ | သက်ဆိုင်သူများအားလုံး ရွေးကောက်ပွဲရလဒ်ကိုလေးစားရန် ကုလအထွေထွေအတွင်းရေးမှူးချုပ် တိုက်တွန်း |
| ၃၀.၁.၂၀၂၁ | နိုင်ငံရေးခေါင်းဆောင်များဖမ်းဆီးထိန်းသိမ်းထားမှုသည်ဒီမိုကရေစီပြုပြင်ပြောင်းလဲမှု အတွက်ဆိုးရွားသည့်ထိုးနှက်ချက်ဖြစ်ပြီး၊ ငြိမ်းချမ်းစွာအဖြေရှာကြရန် ကုလအထွေထွေအတွင်းရေးမှူးချုပ် တိုက်တွန်း။ |
| ၁၄.၂.၂၀၂၁ | ငြိမ်းချမ်းစွာဆန္ဒပြသူများအပေါ်အင်အားအလွန်အကျွံအသုံးပြုမှု၊လုံခြုံရေးတပ်ဖွဲ့ဝင် များ၏အကြမ်းဖက်မှု၊ခြိမ်းခြောက်မှုကိုယ်ထိလက်ရောက်စော်ကားမှုများနှင့် အင်တာ နက်ကန့်သတ်မှုအပေါ်စိုးရိမ်ကြောင်းပြောကြား။ |
| ၂၈.၂.၂၀၂၁ | ဆန္ဒပြသူများအပေါ်အကြမ်းဖက်ဖြိုခွင်းမှုအား ကုလအထွေထွေအတွင်းရေးမှူးချုပ် ပြင်းထန်စွာရှုတ်ချ။ |
| ၁၅.၃.၂၀၂၁ | စစ်တပ်၏ဖိနှိပ်ချုပ်ချယ်မှုများကိုအဆုံးသတ်ရန်အတွက်ပူးပေါင်းဆောင်ရွက်ကြရန် ကုလအထွေထွေအတွင်းရေးမှူးချုပ်ကနိုင်ငံတကာအသိုက်အဝန်းအားတိုက်တွန်း။ |
| ၁၉.၃.၂၀၂၁ | စစ်တပ်ကအကြမ်းဖက်မှုဆက်လက်ကျူးလွန်နေခြင်းအပေါ်ကုလအထွေထွေအတွင်း ရေးမှူးချုပ်ကပြင်းထန်စွာရှုတ်ချ။ |
| ၂၇.၃.၂၀၂၁ | လုံခြုံရေးတပ်ဖွဲ့များကကလေးငယ်နှင့်လူငယ်များအပါအဝင်လူဒါဇင်ပေါင်းများစွာ သတ်ဖြတ်မှုအားအပြင်းထန်ဆုံးရှုတ်ချပြီး၊ ခိုင်မာပြတ်သားစည်းလုံးသည့် နိုင်ငံတကာ တုံ့ပြန်မှုပြုလုပ်ရန်တောင်းဆို။ |

| | |
|---|---|
| ၁၁.၅.၂၀၂၁ | လူထု၏ဆန္ဒကိုလေးစားရန်နှင့်နိုင်ငံ၏ငြိမ်းချမ်းရေးနှင့်တည်ငြိမ်ရေးအတွက်လုပ်ဆောင်ရန်စစ်တပ်ကိုတိုက်တွန်း။လူသားချင်းစာနာထောက်ထားမှုအကူအညီနှင့် ရှင်းလင်းပြတ်သားသည့်နိုင်ငံတကာအရေးယူဆောင်ရွက်မှု လိုအပ်ဆဲဖြစ်ကြောင်းပြောကြား။ |
| ၄.၈.၂၀၂၁ | မြန်မာနိုင်ငံဆိုင်ရာ အာဆီယံအထူးကိုယ်စားလှယ်ခန့်အပ်ခြင်းအတွက်ကြိုဆိုကြောင်းပြောကြား။ |

**ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏တုံ့ပြန်မှုများ။**

| နေ့စွဲ | အကြောင်းအရာ |
|---|---|
| ၄.၂.၂၀၂၁ | စစ်တပ်ကအာဏာသိမ်းပြီး အရေးပေါ်အခြေအနေကြေငြာမှုနှင့် အစိုးရအဖွဲ့ဝင်များအားအကြောင်းမဲ့ဖမ်းဆီးထိန်းသိမ်းမှုအပေါ် အလွန်စိုးရိမ်ကြောင်းဖော်ပြ၊ ဖမ်းဆီးထားသူများအားလုံးကို ချက်ချင်းပြန်လွှတ်ပေးရန်တောင်းဆို။ |
| ၁၀.၃.၂၀၂၁ | ငြိမ်းချမ်းစွာဆန္ဒပြသူများအပေါ်အကြမ်းဖက်ဖြိုခွင်းမှုကိုပြင်းထန်စွာရှုတ်ချ။ ဆေးဝန်ထမ်းများ၊အရပ်ဘက်အဖွဲ့အစည်းများ၊အလုပ်သမားသမဂ္ဂအဖွဲ့ဝင်များ၊ဂျာနယ်လစ်များအပေါ် ကန့်သတ်မှုများကိုစိုးရိမ်ကြောင်းဖော်ပြ။ ဖမ်းဆီးထားသူများ အားလုံးကိုချက်ချင်းပြန်လွှတ်ပေးရန်တောင်းဆို။ |
| ၁၀.၁၁.၂၀၂၁ | အဖွဲ့ဝင်နိုင်ငံများသည်မြန်မာနိုင်ငံအဝှမ်းတွင်နောက်ထပ်အကြမ်းဖက်မှုများအတွက်အလွန်စိုးရိမ်ကြောင်းဖော်ပြ။အကြမ်းဖက်မှုများချက်ချင်းရပ်တန့်ရန်နှင့်အရပ်သားများလုံခြုံစိတ်ချရေးအတွက်တောင်းဆို။ကိုဗစ်၁၉ကာကွယ်ဆေးများကိုလုံလုံခြုံခြုံနှင့်မျှမျှတတပို့ဆောင်ဖြန့်ဖြူးရေးအပါအဝင်ကျန်းမာရေးနှင့်လူသားချင်းစာနာထောက်ထားမှုအခြေအနေများတိုးတက်စေရန်အတွက် အဆင့်များ၏အရေးပါမှုကို ထောက်ပြခဲ့ကြသည်။အာဆီယံသဘောတူညီချက်(၅)ချက်ကိုလျှင်မြန်စွာနှင့်အပြည့်အဝအကောင်အထည်ဖော်ရေးအတွက်တောင်းဆိုမှုကိုထပ်မံပြောဆိုခဲ့သည်။ |
| ၈.၁၂.၂၀၂၁ | နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်၊သမ္မတဦးဝင်းမြင့်နှင့်အခြားသူများအပေါ်ပြစ်ဒဏ်များချမှတ်ခြင်းအတွက်စိုးရိမ်ကြောင်းဖော်ပြ။ ဖေဖော်ဝါရီလ(၁)ရက်နေ့ကတည်းကအကြောင်းမဲ့ဖမ်းဆီးထိန်းသိမ်းထားသူများအားပြန်လွှတ်ပေးရန်ထပ်မံတောင်းဆိုသည်။ |
| ၂၉.၁၂.၂၀၂၁ | ဒီဇင်ဘာ(၂၄)ရက်နေ့ကကယားပြည်နယ်တွင်ကလေးငယ်(၄)ယောက်နှင့် SavetheChildrenမှဝန်ထမ်း(၂)ဦးအပါအဝင်အနည်းဆုံး လူ (၃၅) ယောက်သတ်ဖြတ်ခံရခြင်းအတွက်ရှုတ်ချခဲ့သည်။ |
| ၂.၂.၂၀၂၂ | အရေးပေါ်ကာလသက်တမ်းတိုးခြင်းအတွက်စိုးရိမ်ကြောင်းဖော်ပြ။PrakSokhonn အား အာဆီယံအထူးကိုယ်စားလှယ်အဖြစ် ခန့်အပ်မှုကိုကြိုဆိုခဲ့သည်။ |

# အမေရိကန်၏ တုံ့ပြန်ဆောင်ရွက်ချက်များ

မြန်မာနိုင်ငံအခြေအနေနှင့်ပတ်သက်၍ သမ္မတဘိုင်ဒင်ကကြေညာချက်ထုတ်ပြန်ခဲ့သည်။ မြန်မာစစ်တပ်က သိမ်းယူထားသော အာဏာကိုချက်ချင်းစွန့်လွှတ်ရန်၊ ဖမ်းဆီးထိန်းသိမ်းထားသောတက်ကြွလှုပ်ရှားသူများနှင့် တာဝန်ရှိပုဂ္ဂိုလ်များအားလွှတ်ပေးရန်၊ ဆက်သွယ်ရေးကန့်သတ်ချက်အားလုံးကိုရုပ်သိမ်းပေးရန်နှင့် အရပ်သား ပြည်သူများအပေါ် အကြမ်းဖက်ခြင်းမှရှောင်ကြဉ်ရန်အတွက် နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့်မြန်မာစစ်တပ် အပေါ် တစ်သံတည်းဖြင့်ညီညွတ်စွာအတူတကွ ပူးပေါင်းဖိအားပေးသင့်ကြောင်းထုတ်ပြန်ချက်တွင် ဖော်ပြထား သည်။

"အမေရိကန်ပြည်ထောင်စုမှာရှိနေတဲ့ မြန်မာအစိုးရရဲ့ရန်ပုံငွေဒေါ်လာဘီလီယံကို စစ်ဗိုလ်ချုပ်တွေ တရား နည်း လမ်းမကျရယူမှုကနေ တားဆီးဟန့်တားသွားဖို့ အမေရိကန်အစိုးရကဆောင်ရွက်နေပါတယ်။ စစ်တပ်ခေါင်း ဆောင်တွေနဲ့သူတို့ရဲ့စီးပွားရေးလုပ်ငန်းတွေအပြင်သူတို့ရဲ့အနီးကပ်မိသားစုဝင်တွေကိုချက်ချင်းဒဏ်ခတ်ပိတ်ဆို့ နိုင်မယ့်သမ္မတအမိန့်အသစ်တစ်ရပ်ကိုခွင့်ပြုလိုက်ပါပြီ။ ဒါ့အပြင်ပို့ကုန်တွေထိန်းချုပ်မှုဆိုင်ရာနိုင်မာတဲ့ အရေးယူ ဒဏ်ခတ်ပိတ်ဆို့မှုကိုလည်းချမှတ်သွားမှာဖြစ်ပါတယ်။မြန်မာအစိုးရအကျိုးရှိစေမယ့်ပိုင်ဆိုင်မှုတွေကို ထိန်းချုပ် ပိတ်ပင်ထားမှာဖြစ်ပြီးမြန်မာပြည်သူလူထုအတွက်တိုက်ရိုက်အကျိုးရှိစေမယ့်ကျန်းမာရေးစောင့်ရှောက်မှု၊ အရပ် ဘက်လူမှုအဖွဲ့အစည်းတွေနဲ့အခြားသောကဏ္ဍတွေအတွက်ဆက်လက်ပြီး အကူအညီတွေပေးသွားမှာဖြစ်ပါ တယ်။" ဟု အာဏာသိမ်းခေါင်းဆောင်များအပေါ် နောက်ဆက်တွဲအနေဖြင့်ဒဏ်ခတ်ပိတ်ဆို့မည့် အရေးယူ ဆောင်ရွက်မှု အစီအစဉ်များကိုသမ္မတဘိုင်ဒင်ကကြေညာခဲ့သည်။

အမေရိကားတွင်ရောက်ရှိနေသည့် မြန်မာနိုင်ငံသားများအတွက်လည်း အမေရိကန်ပြည်ထောင်စုအတွင်း၌ (၁၈) လကြာ ဆက်လက်နေထိုင်ခွင့်ရရှိစေမည့် ယာယီထိန်းသိမ်းစောင့်ရှောက်ခံအခြေအနေကို အမေရိကန်အစိုးရက တိုးမြှင့် သတ်မှတ်ပေးခဲ့သလို အမေရိကန်မိတ်ဖက်နိုင်ငံတွေအနေနှင့်လည်းအလားတူ ကာကွယ်စောင့် ရှောက်မှု မျိုးပေးအပ်ရန်တိုက်တွန်းအားပေးခဲ့သည်။အာဏာသိမ်းခြင်းကိုကန့်ကွက်ရှုတ်ချရေးနှင့်အကြမ်းဖက်နေမှုများရပ် တန့်ရေးအတွက်ကုလသမဂ္ဂလုံခြုံရေးကောင်စီ၊ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီနှင့်ဂျီဆဲဗင်းစက်မှုထိပ်သီးနိုင်ငံ များကတိုက်တွန်းတောင်းဆိုသည့်ကြေညာချက်များအစိုင်အမာထုတ်ပြန်ရေးအတွက်လည်း အမေရိကန်အစိုးရက ဦးဆောင်ကူညီခဲ့ပါသည်။

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီတွင် သမ္မတဘိုင်ဒင်မှအာဏာသိမ်းမှုကိုတုံ့ပြန်သောအားဖြင့် အမေရိကန်အစိုးရက ဘဏ္ဍာရေး ဒဏ်ခတ်ပိတ်ဆို့ အရေးယူမှုများကိုပြုလုပ်နိုင်စေသည့် သမ္မတ၏အမိန့်ကို လက်မှတ်ရေးထိုးခဲ့သည့် အချိန်မှစပြီးအမေရိကန်အစိုးရသည်စစ်တပ်၏ထိပ်တန်းခေါင်းဆောင်များနှင့်စစ်တပ်အတွက်ဝင်ငွေရှာဖွေပေးလျှ က်ရှိသည့်စီးပွားရေးလုပ်ငန်းများအပါအဝင် လူပုဂ္ဂိုလ်(၇၁)ဦးနှင့်လုပ်ငန်းသို့မဟုတ် အဖွဲ့အစည်း(၂၇)ခုတို့ကို ဒဏ်ခတ်ပိတ်ဆို့အရေးယူပြီးဖြစ်သည်။

၂၀၂၁-ရက်စွဲမှတ်တမ်း

| နေ့စွဲ | အကြောင်းအရာ | မှတ်ချက် |
|---|---|---|
| ဖေဖော်ဝါရီ-၁ | နိုင်ငံခြားရေးဝန်ကြီး အန်တိုနီဘလင်ကင်၏ ကြေညာချက် | အစိုးရတာဝန်ရှိသူအားလုံးနှင့် အရပ်ဘက်အဖွဲ့အစည်းခေါင်းဆောင်များ ကိုပြန်လွှတ်ပေးရန်နှင့် နိုဝင်ဘာရွေးကောက် ပွဲကနေရွေးချယ်ထားတဲ့ ဒီမိုကရေစီနည်းကျ ရွေးကောက် ပွဲတွင် ထုတ်ဖော်ပြသခဲ့ပြီးဖြစ်ကြသည့်မြန်မာနိုင်ငံသားများ၏ဆန္ဒကို လေးစားလိုက်နာရန်မြန်မာတပ်မတော်ခေါင်းဆောင်များကို တောင်းဆို ပါသည်။ |
| ဖေဖော်ဝါရီ-၁၂ | မြန်မာနိုင်ငံအတွင်း စစ်အာဏာသိမ်းမှုနှင့်ဆက်နွယ်သည့် တာဝန်ရှိသူများနှင့် လုပ်ငန်းအဖွဲ့အစည်းများကို သတ် မှတ်ခြင်း သတင်းထုတ်ပြန်ချက် | အာဏာသိမ်းမှုကို ဦးဆောင်ခဲ့သောလက်ရှိ တပ်မတော်အရာရှိများနှင့် ယခင်တပ်မတော်အရာရှိများကိုဒဏ်ခတ်ပိတ်ဆို့ရန် ထုတ်ပြန် သတ်မှတ်ခြင်းဖြင့် အမေရိကန်ပြည်ထောင်စုကတုံ့ပြန်လိုက်သည်။ ထို့ အပြင် အသစ်ဖွဲ့စည်းလိုက်သောနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်တစ်ဦးနှင့်တပ်မတော်ကထိန်းချုပ်သောသို့မဟုတ်ပိုင်ဆိုင်သော လုပ်ငန်းအဖွဲ့အစည်းသုံးခုကိုလည်း ဒဏ်ခတ်ပိတ်ဆို့ရန်ထုတ်ပြန် သတ်မှတ်လိုက်သည်။ |

| | | |
|---|---|---|
| ဖေဖော်ဝါရီ-၂၂ | နိုင်ငံခြားရေးဝန်ကြီးအန်တိုနီဘလင်ကင်၏ ထုတ်ပြန်ချက် | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှစ်ဦးဖြစ်သောမောင်မောင် ကျော်နှင့် မိုးမြင့်ထွန်းတို့ကိုဒဏ်ခတ်အရေးယူသည့် စာရင်း၌ ယနေ့ထပ်မံထည့်သွင်းခြင်းဖြင့်အမေရိကန်ပြည်ထောင်စုက တုံ့ပြန်လိုက်ပါသည်။ |
| မတ်-၅ | မြန်မာနိုင်ငံအတွင်းဆန္ဒပြသူများအပေါ် ထိတ်လန့်ဖွယ်ရာ ပစ်ခတ်သေဆုံးစေခဲ့သောအကြမ်းဖက်မှုကိုတုံ့ပြန်သည့် အနေဖြင့်အမေရိကန်ကုန်ပစ္စည်းများနှင့်နည်းပညာများကို မြန်မာစစ်အစိုးရကရယူနိုင်ခြင်းမရှိစေရန်ကန့်သတ်ချုပ်ချယ် လိုက်သည့်အကြောင်းအပ်တင်ပို့ကန့်သတ်ချက်ကိုအမေရိကန် ကုန်သွယ်ရေးဝန်ကြီးဌာနကကြေညာ။ | |
| မတ်-၁၀ | မြန်မာတပ်မတော်ကာကွယ်ရေးဦးစီးချုပ်မင်းအောင်လှိုင်၏ အရွယ်ရောက်ပြီးသားသားသမီးနှစ်ဦးနှင့် ၎င်းတို့၏ကုမ္ပဏီများကို ဒဏ်ခတ်ပိတ်ဆို့မှုစာရင်းတွင်ထည့်သွင်းကြောင်းကြေညာ။ | |
| မတ်-၂၂ | ရုံချုပ်စစ်ဆင်ရေးအထူးအဖွဲ့မှူးနှင့်တပ်မနှစ်ခုကို ဒဏ်ခတ် ပိတ်ဆို့အရေးယူကြောင်းကြေညာ။ | |
| မတ်-၂၆ | စစ်အာဏာသိမ်းခြင်းနှင့်ငြိမ်းချမ်းစွာဆန္ဒပြသူများအပေါ် ဆက်လက်၍ အကြမ်းဖက်နှိမ်နင်းနေခြင်းတို့ကို တုံ့ပြန်သည့် အနေဖြင့်အမေရိကန်ပြည်ထောင်စုသည် မြန်မာစီးပွားရေး ဦးပိုင်လီမိတက်နှင့်မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းတို့ကို ဒဏ်ခတ်ပိတ်ဆို့သည့်စာရင်းအတွင်းထည့်သွင်းချိတ်ပိတ် အရေးယူလိုက်သည်။ | |
| ဧပြီ-၈ | မြန်မာနိုင်ငံ၏နိုင်ငံပိုင်လုပ်ငန်းအပေါ် ဒဏ်ခတ်ပိတ်ဆို့ အရေးယူခြင်း သတင်းထုတ်ပြန်ချက်။ | နိုင်ငံတော်ပိုင်လုပ်ငန်းတစ်ခုဖြစ်သော မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းကို ဒဏ်ခတ်ပိတ်ဆို့စာရင်းတွင် ထပ်မံ ထည့်သွင်းခြင်းဖြင့်အရေးယူလိုက်သည်။ |
| မေ-၁၄ | အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနအရှေ့အာရှနှင့်ပစိဖိတ် ရေးရာဆိုင်ရာအကြီးတန်းဒုတိယလက်ထောက်နိုင်ငံခြား ရေးဝန်ကြီး သံအမတ်ကြီး အတုလ်ကေရှပ်သည် ဒေါက်တာဆာ ဆာနှင့် အမျိုးသားညီညွတ်ရေးအစိုးရ၏ လုပ်ဆောင်ကိုင်ဆောင် တွေများနှင့်တွေ့ဆုံခဲ့သည်။ | |
| မေ-၁၇ | မြန်မာစစ်အာဏာရှင်နှင့်ဆက်နွယ်သော အဖွဲ့အစည်း တစ်ခုနှင့်လူပုဂ္ဂိုလ် ၁၆ဦးတို့အား ဒဏ်ခတ်ပိတ်ဆို့အရေး ယူရန် သတ်မှတ်ခြင်းအပေါ်သတင်းထုတ်ပြန်ချက် | မြန်မာနိုင်ငံနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဝင်လေးဦး၊ စစ်တပ်ကခန့်အပ်ထားသော အစိုးရအဖွဲ့ဝင် ကိုးဦးနှင့် ယခင်ကဒဏ်ခတ်ပိတ်ဆို့အရေးယူထားသော စစ်အရာရှိများ ၏ အရွယ်ရောက်ပြီးသော သားသမီးသုံးဦးတို့ကိုလည်း ဒဏ်ခတ်ပိတ်ဆို့ အရေးယူလိုက်သည်။ |
| ဇူလိုင်-၂ | အရှေ့အာရှနှင့်ပစိဖိတ်ရေးရာဌာန၏အကြီးတန်းအရာရှိ Kin Moy သည် အမျိုးသားညီညွတ်ရေးအစိုးရကိုယ်စားလှယ် ဒေါ်ဇင်မာအောင်နှင့်တွေ့ဆုံခဲ့သည်။ | မြန်မာနိုင်ငံ၏ပြင်းထန်စွာဆိုးရွားနေသောကိုဗစ်အခြေအနေအ တွက် လုပ်ဆောင်နေကြသည့်ဒီမိုကရေစီလိုလားသူများနှင့်အရပ်ဘက် အဖွဲ့အစည်းဝင်များအတွက် အမေရိကန်ပြည်ထောင်စု၏ခိုင်မာသည့် အားပေးထောက်ခံမှုကိုထပ်လောင်းအတည်ပြုခဲ့သည်။ |
| ဇူလိုင်-၂ | စစ်အာဏာသိမ်းမှုနှင့်ဆက်နွယ်သော လူပုဂ္ဂိုလ် ၂၂ဦးကို အမေရိကန်ဘဏ္ဍာရေးဝန်ကြီးဌာန၏ နိုင်ငံခြားပိုင်ဆိုင်မှု များ ထိန်းချုပ်ရေးရုံးက ဒဏ်ခတ်ပိတ်ဆို့အရေးယူ လိုက်သည်။ | အရေးယူမှုများတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် နောက်ထပ် သုံးဦးစစ်တပ်ကခန့်အပ်ထားသောအစိုးရအဖွဲ့ဝင်လေးဦးတို့အပြင် ယခင်က ဒဏ်ခတ်ပိတ်ဆို့အရေးယူထားသောစစ်အရာရှိများ၏အရွယ် ရောက်ပြီးသောသားသမီးများနှင့် အိမ်ထောင်ဖက် ၁၅ ဦးတို့လည်း ပါဝင် သည်။ ထို့အပြင် အမေရိကန်ကုန်သွယ်ရေးဝန်ကြီးဌာနက လည်း ဝမ်ပေါင်သတ္တုတူးဖော်ရေးလီမိတက်၊ ၎င်း၏လက်အောက်ခံ ကုမ္ပဏီနှစ်ခုနှင့် KingRoyalTechnologies ကုမ္ပဏီတို့ကိုလည်း ဒဏ် ခတ်ပိတ်ဆို့မှုစာရင်းအတွင်းထည့်သွင်းလိုက်သည်။ |
| ဇူလိုင်-၉ | နိုင်ငံခြားရေးဝန်ကြီးအန်တိုနီဘလင်ကင်သည် မြန်မာနိုင်ငံမှ အရပ်ဘက်လူမှုအဖွဲ့အစည်းကိုယ်စားလှယ်များနှင့် တွေ့ဆုံခဲ့သည်။ | |
| အောက်တိုဘာ-၈ | အမေရိကန်ပြည်ထောင်စုသည် ဒီမိုကရေစီပြန်လည်ရရှိရေး တောင်းဆိုနေကြသည့် မြန်မာပြည်သူလူထုအတွက် ကိုယ် စားပြုပြောဆိုရာတွင်အားကောင်းမှုနှင့် သတ္တိကို ဆက်လက် ပြသလျက်ရှိသောသံအမတ်ကြီးဦးကျော်မိုးထွန်းနှင့်အတူ ခိုင် ခိုင်မာစွာရပ်တည်ကြောင်းနှင့် သံအမတ်ကြီးဦးကျော်မိုးထွန်း၏ အပေါ်ခြိမ်းခြောက်မှုကို မိမိတို့တစ်ညီတစ်ညွတ်တည်း ကန့် ကွက်ရှုတ်ချကြောင်း ကုလသမဂ္ဂဆိုင်ရာ အမေရိကန်သံ အဖွဲ့က သတင်းထုတ်ပြန်ခဲ့သည်။ | |

| | | |
|---|---|---|
| အောက်တိုဘာ-၁၁ | အကြမ်းဖက်နှိမ်နင်းမှုများကြောင့် နေရပ်စွန့်ခွာထွက်ပြေးနေရသူများ အပါအဝင်မြန်မာပြည်သူများအတွက် လူသားချင်း စာနာမှုဆိုင်ရာအထောက်အကူအညီပေါင်းဒေါ်လာသန်း၃၀ ကျော် အမေရိကန်ပြည်ထောင်စုက ပေးအပ်သည့်အကြောင်းကို လူသားမှုရေးဆိုင်ရာအမေရိကန်သံအမတ်ကြီး ဘေးမတ်ဇ်လင်ဒါတူးမတ်စ်ဂရင်းဖီးလ်ကထိုင်းနိုင်ငံသို့သွားရောက်သည့်ခရီးစဉ်အတွင်းကကြေညာခဲ့ပါသည်။ | အမေရိကန်ပြည်သူများထံမှ ယခုအကူအညီဖြင့် လူသားချင်းစာနာမှုဆိုင်ရာ အကူအညီပေးရေးမိတ်ဖက်အဖွဲ့ အဖွဲ့အစည်းများသည် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံအတွင်းရှိ ထိခိုက်ခံစားရသူ ပြည်သူများကို အကူအညီများပေးနိုင်မည်ဖြစ်ပြီး မြန်မာပြည်သူ ၇၀,၀၀၀ကျော်အတွက် အကျိုးရှိစေမည်ဖြစ်ကာ လူ့အသက်ကယ်ဆယ်စောင့်ရှောက်ရေး အကူအညီအတွက်လည်း ကူညီပံ့ပိုးပေးနိုင်မည်ဖြစ်ပါသည်။ |
| စက်တင်ဘာ-၂၆ | အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန အတိုင်ပင်ခံ ဒဲရက်ချောလက်သည် ကုလသမဂ္ဂဆိုင်ရာ မြန်မာနိုင်ငံအမြဲတမ်း ကိုယ်စားလှယ်ဦးကျော်မိုးထွန်းနှင့် နယူးယောက်မှာတွေ့ဆုံခဲ့သကဲ့သို့ မြန်မာနိုင်ငံ၏အမျိုးသားညီညွတ်ရေးအစိုးရကိုယ်စားလှယ်တွေနှင့်လည်းတွေ့ဆုံခဲ့သည်။ | |
| အောက်တိုဘာ-၁၅ | နိုင်ငံခြားရေးဝန်ကြီးအန်တိုနီဘလင်ကင်နှင့် အာဆီယံနိုင်ငံ ဥက္ကဋ္ဌနိုင်ငံခြားရေးဝန်ကြီးအီရာဝမ်ယူဆွန်တို့ တွေ့ဆုံခဲ့သည်။ | |
| အောက်တိုဘာ-၂၅ | အမျိုးသားလုံခြုံရေးအကြံပေး ဂျိတ်ဆူလီဗန်သည် မြန်မာအမျိုးသားညီညွတ်ရေးအစိုးရကိုယ်စားလှယ်များဖြစ်ကြသည့် ဒုဝန်ကြီးဒေါ်စင်မာအောင်တို့နှင့်အွန်လိုင်းကတစ်ဆင့်တွေ့ဆုံခဲ့သည်။ | မြန်မာနိုင်ငံအတွင်း ဒီမိုကရေစီအရေးလှုပ်ရှားမှုအတွက် အမေရိကန်ပြည်ထောင်စု၏ဆက်လက်ထောက်ခံအားပေးနေမှုကိုမစ္စတာဆူလီဗန်ကအထူးအလေးပေးပြောကြားခဲ့ပြီးမြန်မာနိုင်ငံဒီမိုကရေစီလမ်းကြောင်းပေါ်ပြန်လည်ရောက်ရှိရေးအတွက်ဆက်လက်ကြိုးပမ်းအားထုတ်နေမှုများနှင့်ပတ်သက်၍ဆွေးနွေးခဲ့ကြပါသည်။ |
| ဒီဇင်ဘာ-၁၁ | သမ္မတအမိန့် အမှတ် ၁၄၀၁၄ အရ ဒဏ်ခတ်ပိတ်ဆို့ အရေးယူမှုနှုတ်ခြင်း။ | ပဲခူးတိုင်းဝန်ကြီးချုပ်မျိုးဆွေဝင်း၊ ကရင်ပြည်နယ်ဝန်ကြီးချုပ် စောမြင့်ဦးမန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်မောင်ကိုကရင်ပြည်နယ်ဝန်ကြီးချုပ်ဟောင်းထိန်နှင့်ကာကွယ်ရေးဦးစီးချုပ်ရုံးအရာရှိများနှင့်စစ်ထောက်ချုပ်ရုံးနှင့်မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းများအဖွဲ့ တို့အား ဒဏ်ခတ်ပိတ်ဆို့အရေးယူနှုတ်ယူမှုတ်လိုက်သည်။ |

၂၀၂၂ ခုနှစ်မှတ်တမ်း

| | | |
|---|---|---|
| ဇန်နဝါရီ-၃၁ | ထင်ရှားကျော်ကြားသည့်စီးပွားရေးသမားဦးတေဇနှင့် ၎င်း၏သားများဖြစ်သော ထူးထက်တေဇ၊ ပြည့်ဖြိုးတေဇ၊ စစ်အာဏာရှင်အား ပံ့ပိုးကူညီသူထင်ရှားကျော်ကြားသည့် စီးပွားရေးသမား (ဦး) ကျော်နေသန်းမြို့ကျော်ဆောင်းနှင့်၎င်း၏ KTServicesandLogistics(KTSL) ကုမ္ပဏီလီမိတက်တို့ကို အမေရိကန်ပြည်ထောင်စုမှ ဒဏ်ခတ်ပိတ်ဆို့အရေးယူမှုများပြုလုပ်မည်ဖြစ်သည်။ပြည်ထောင်စုတရားလွှတ်တော်ချုပ်ပြည်ထောင်စုတရားသူကြီးချုပ်(ဦး)ထွန်းထွန်းဦး၊ပြည်ထောင်စုရှေ့နေချုပ်(ဒေါ်)သီတာဦးနှင့်အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ(ဦး)တင်ဦးတို့သည်စစ်အာဏာရှင်အတွက်ဆောင်ရွက်ပေးကြသည့်အတွက်ဒဏ်ခတ်ပိတ်ဆို့အရေးယူသွားမည်ဖြစ်သည်။ | |
| မတ်-၂၅ | အမေရိကန်ပြည်ထောင်စုနှင့်မဟာမိတ်များမှမြန်မာနိုင်ငံသားပေါင်းဦးနှင့်လုပ်ငန်း၊အဖွဲ့အစည်းငါးခုကို ဒဏ်ခတ်ပိတ်ဆို့အရေးယူခြင်း။ | ဆောင်လိုင်ဦးနိုင်ထွဋ်အောင်၊စစ်တိုင်းအောင်ဖော်ဟိန်းနှင့်ကိုကိုဦး၊ Myanmar Chemical & Machinery Company Limited (MC&M)၊ International Gateways Groups of Company Limited (IGG)၊HtooGroupofCompanies(HtooGroup) နှင့် theAsianGreenDevelopmentBank(AGDB) တို့ကိုအမေရိကန်ဘဏ္ဍာရေးဝန်ကြီးဌာနအောက်ရှိ နိုင်ငံခြားပိုင်ဆိုင်မှုထိန်းချုပ်ရေးရုံး(OFAC)မှ ဒဏ်ခတ်ပိတ်ဆို့အရေးယူမှုစာရင်းတွင် ထည့်သွင်းခဲ့သည်။ |

# ကမ္ဘာ့နိုင်ငံများနှင့် မြန်မာ့အရေး အလေးပေးမှုကို ဆန်းစစ်ခြင်း

ဖေဖော်ဝါရီ၊ ၂၀၂၂။

## နိဒါန်း

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်၊ လင်းအရုဏ်တွင် ကာချုပ်မင်းအောင်လှိုင် ဦးဆောင်သည့် စစ်အုပ်စုသည် ပြည်သူလူထု ရွေးကောက်တင်မြှောက်ထားသည့် နိုင်ငံတော်သမ္မတဦးဝင်းမြင့် အပါအဝင် အစိုးရအဖွဲ့ခေါင်းဆောင်များကို ဖမ်းဆီးပြီး နိုင်ငံတော်အာဏာအရပ်ရပ်ကို သိမ်းယူခဲ့သည်။ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွင်း မဲစာရင်းမှားယွင်းမှုများကို အခြေအမြစ်မရှိဘဲ အကြောင်းပြကာ နိုင်ငံတော်သမ္မတနှင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ် အောင်ဆန်းစုကြည်တို့ကို ဖမ်းဆီးပြီး စစ်ကိုလ်ချုပ်ဟောင်း ဒုသမ္မတဦးမြင့်ဆွေက အာဏာသိမ်းစစ်အုပ်စုအား တိုင်းပြည်အာဏာ လွှဲအပ်ကြောင်း ပုံရိပ်များကို ပြည်သူလူထုအား ရုပ်သံမှတစ်ဆင့် ချပြခဲ့သည်။

အာဏာသိမ်းစစ်အုပ်စုသည် တိုင်းပြည် အာဏာမသိမ်းခင်ကတည်းကပင် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ မဲရလဒ်များနှင့် ပတ်သက်ပြီး ရွေးကောက်ပွဲဆိုင်ရာ ပြဋ္ဌာန်းထားသည့် ဥပဒေ၊ နည်းဥပဒေများဖြင့် ဖြေရှင်းရန် မကြိုးစားဘဲ 'မဲစာရင်း ဖြေရှင်းပေးရန်' ဟုဆိုကာ လူကြား

ကောင်းရဲ့ ပြောဆိုခြင်း၊ ထုတ်ပြန်ချက်များ အလီလီထုတ်ပြန်ခြင်းတို့ကိုသာ ပြုလုပ်ခဲ့ပြီး ဖေဖော်ဝါရီ ၁ ရက် ပြည်သူ့လွှတ်တော်အစည်းအဝေးကျင်းပရန် နာရီပိုင်းအလိုတွင် တိုင်းပြည်အာဏာကို သိမ်းယူခဲ့ခြင်းဖြစ်သည်။

ကုလသမဂ္ဂ အပါအဝင် ဒီမိုကရေစီ ရင့်သန်နေပြီသော အမေရိကန်နှင့် နိုင်ငံတကာ အသိုင်းအဝိုင်းက ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ မဲရလဒ်ကို လေးစားလိုက်နာဖို့ ဒီမိုကရေစီစံနှုန်းများကို စောင့်ထိန်းဖို့ အကြိမ်ကြိမ် တိုက်တွန်းခဲ့သည့်အကြားမှ သက်ပြည့်ပင်စင်ယူရတော့မည့် စစ်ခေါင်းဆောင်၏အာဏာရူးမှု ချင်ခြင်းတပ်ပြီး အာဏာသိမ်းယူခဲ့ခြင်းကြောင့် ကုလသမဂ္ဂအပါအဝင် ကမ္ဘာ့နိုင်ငံများ၏ တရားဝင်အသိအမှတ်ပြုခြင်းကို အာဏာသိမ်းကာလ တစ်နှစ်ပြည့်သည်အထိ ရရှိခဲ့ခြင်း မရှိသေးပေ။ အထူးသဖြင့် ၎င်းတို့နှင့် အလွန်းသင့်သော တရုတ်၊ ရုရှားနိုင်ငံများပင် အာဏာသိမ်း စစ်အုပ်စုအား တရားဝင် အသိအမှတ်ပြုကြောင်း လူသိရှင်ကြား မဖွင့်ဟရဲသေးသည်ကို တွေ့ရပါသည်။

စစ်အာဏာသိမ်းကာလအတွင်း မြန်မာတစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မြို့ပြ ကျေးလက်ဒေသပါ မကျန် စစ်အာဏာသိမ်းမှုဆန့်ကျင်ရေး လှုပ်ရှားမှုသပိတ်များသည် ဖေဖော်ဝါရီလ ၆ ရက်က စပြီး နေ့စဉ်နှင့်အမျှ ပုံသဏ္ဍာန်အမျိုးမျိုး၊ အသွင်သဏ္ဍာန်အမျိုးမျိုး ဖြစ်တည်လာခဲ့ပြီး စစ်အာဏာသိမ်းမှုနှင့်အတူ  မြန်မာ့နွေဦးတော်လှန်ရေးသည် အရှိန်အဟုန် မြင့်တက်လာခဲ့ပါသည်။ လက်နက်မဲ့ ငြိမ်းချမ်းစွာ ဆန္ဒဖော်ထုတ်ခဲ့ကြသည့် တိုင်းရင်းသားပြည်သူလူထုအား အကြမ်းဖက်ဖြိုခွင်းခြင်း၊ ကျည်ဆန်အစစ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခြင်းများကို နေပြည်တော်၊ ရန်ကုန်၊ မန္တလေးကဲ့သို့ မြို့ကြီးများတွင် အာဏာသိမ်း စစ်အုပ်စု၏ လက်နက်ကိုင်များက ကျူးလွန်ခဲ့ပါသည်။

ကာချုပ်မင်းအောင်လှိုင် ဦးဆောင်သည့် အာဏာသိမ်းစစ်ကောင်စီအနေဖြင့် ၎င်းတို့အား ဆန့်ကျင်သော လက်နက်မဲ့ပြည်သူများအား အကြမ်းဖက် ဖြိုခွင်း၊ ဖမ်းဆီး၊ သတ်ဖြတ်စသည့် လုပ်ရပ်များကို ကုလသမဂ္ဂ အပါအဝင် အမေရိကန်နှင့် မဟာမိတ်အင်အားကြီးနိုင်ငံများအတွက် ရပ်တန့်ရန်တောင်းဆိုခြင်းနှင့် မြန်မာပြည်သူလူထုအတွက် စိုးရိမ်ကြောင်း နှစ်သိမ့်စာမှတစ်ပါး အားရကျေနပ်ဖွယ် စွမ်းဆောင်ချက်မျိုးကို မမြင်တွေ့ခဲ့ရပေ။ မြန်မာပြည်သူလူထုအနေဖြင့်တော့ အကြမ်းဖက်ဖိနှိပ်မှုမျိုးစုံကို တောင်တန်းမြေပြန့်၊ ကျေးလက်မြို့ပြပါမကျန် ရက်စက်စွာ ပြုမူနေသော အာဏာသိမ်းစစ်ခေါင်းဆောင်နှင့် အစေအပါးများကို စစ်ရေးအရ အရေးယူမှုမျိုး ဖြစ်သည့် R2P (The Responsibility To Protect - ကာကွယ်ပေးရန် တာဝန်ရှိမှု) ဝင်ရောက်လာရေးအထိပင် နိုင်ငံတကာအသိုင်းအဝိုင်းထံမှ မျှော်လင့်နေခဲ့ကြပါသည်။

ကုလသမဂ္ဂဆိုင်ရာ အစည်းအဝေးများ ပြုလုပ်သည့် အချိန်တိုင်း၊ အမေရိကန်နှင့် အင်အားကြီးနိုင်ငံခေါင်းဆောင်များ တွေ့ဆုံဆွေးနွေးသည့် အချိန်တိုင်းအတွက် စစ်အာဏာသိမ်းအုပ်စု၏ ဖိနှိပ်မှုအောက်မှ လွတ်မြောက်ရေးမျှော်လင့်ချက်များ ပေါက်ဖွားလာတတ်မြဲ ဖြစ်ပါသည်။ သို့သော်လည်း မြန် မာနှစ်သစ်ကူးအချိန်၊ ၂၀၂၁ ခုနှစ် ဧပြီလ ၁၆ ရက်တွင် ဖွဲ့စည်းလာသည့် အမျိုးသားညီညွတ်ရေးအစိုးရ (NUG) နှင့် အမျိုးသား ညီညွတ်ရေးအတိုင်ပင်ခံကောင်စီ (NUCC) တို့ ဖြစ်ပေါ်လာချိန်တွင်တော့ အာဏာသိမ်းစစ်အုပ်စု၏ဦးတည် ရည်မှန်းချက်ကို ဖြိုခွင်းနိုင်မည့် အလင်းတန်းများကို မြင်တွေ့ရသကဲ့သို့ ဖြစ်လာပြီး အာဏာသိမ်း စစ်အုပ်စုအား ကိုယ့်အားကိုယ်ကိုးကာ ခုခံတွန်းလှန်ရေးအတွက် ပြင်ဆင်လာခဲ့ကြပါသည်။

၂၀၂၁ ခုနှစ် ဧပြီလအကုန် မေလဆန်းပိုင်းမှစ၍ ငြိမ်းချမ်းစွာ ဆန္ဒဖော်ထုတ်နေကြသည့် စစ်

အာဏာသိမ်းမှု ဆန့်ကျင်ရေးလှုပ်ရှားသည့် ပြည်သူလူထုအနေဖြင့် ချင်းပြည်နယ်၊ ကရင်နီ (ကယား) ပြည်နယ်ကဲ့သို့သော ဒေသများမှစကာ ရရာလက်နက်စွဲကိုင်ပြီး ခုခံ တော်လှန်ရေးလှုပ်ရှားမှုများ စတင်လာခဲ့ပါသည်။ ယင်းသို့ အခြေအနေမျိုးတွင်လည်း အာဏာသိမ်းခေါင်းဆောင်နှင့် နောက်လိုက် အစေအပါးများသည် လူအင်အား၊ လက်နက်အင်အား အလွန်အကျွံ အသုံးပြုကာ လက်နက်မဲ့လူထုကို အကြမ်းဖက်ဖြိုခွင်းခြင်း၊ ဖမ်းဆီးသတ်ဖြတ်ခြင်းနှင့် လေကြောင်းတိုက်ခိုက်မှုများအပြင် မီးရှို့ စနစ် လက်နက်ကြီးများပါ ပစ်စတ်အသုံးပြု လုပ်လာသည့်အတွက် နိုင်ငံတကာအသိုင်းအဝိုင်းအတွက် 'စိုးရိမ်ကြောင်း' အစား 'အလွန်အမင်း စိုးရိမ်ကြောင်း' ဟု ပြောင်းလဲသုံးစွဲခဲ့ရပါသည်။

မြန်မာပြည်သူလူထုအတွက် အာဏာသိမ်းစစ်အုပ်စုပြုတ်ကျရေး၊ စစ်အာဏာရှင်စနစ် အမြစ်ပြုတ်ချေမှုန်းရေး၊ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေးဆိုသည့် နွေဦးတော်လှန်ရေး၏ ဦးတည်ချက်များကို စုစည်းညီညွတ်မှုများရယူကာ နေ့စဉ်နှင့်အမျှ လှုပ်ရှားလှုပ်ရှားလျက်ရှိပါသည်။ လူဦးရေ သန်းနှင့်ချီသော စုဝေးဆန္ဒဖော်ထုတ်မှုကြီးကို ရန်ကုန်မြို့လယ်ကောင်တွင် လုပ်ပြခဲ့သလို လူတစ်ဦးတစ်ယောက်မျှ လမ်းပေါ် မထွက်ဘဲ စစ်အာဏာရှင်စနစ်ဆန့်ကျင်ရေး 'တိတ်ဆိတ်ငြိမ်သက်ခြင်း' လှုပ်ရှားမှုကြီးကို နိုင်ငံတစ်ဝန်းလုံး ကျေးလက်မြို့ပြ၊ ဈေးဆိုင်၊ စူပါမားကက်များက အစ လုပ်ဆောင်ပြသခဲ့ကြသည်။ မြန်မာနိုင်ငံအတွင်းရှိ စစ်အာဏာရှင်စနစ်အမြစ်ပြုတ်ရေး 'တိတ်ဆိတ်ငြိမ်သက်ခြင်း'လှုပ်ရှားမှုကြီးကို အမေရိကန်အပါအဝင် နိုင်ငံတကာအသိုင်းအဝိုင်းမှ အံ့ဩမှင်တက်စွာ အသိအမှတ်ပြုခဲ့ရပြီး ကမ္ဘာ့နိုင်ငံအသီးသီးတွင် ရောက်ရှိနေကြသည့် မြန်မာပြည်ဖွား တိုင်းရင်းသားပြည်သူများအနေဖြင့် မိမိတို့ရောက်ရှိရာ အရပ်ဒေသများမှတစ်ဆင့် စစ်အာဏာရှင်စနစ် အမြစ်ပြုတ်ရေးအတွက် ပူးပေါင်း ဆန္ဒဖော်ထုတ်လျက်ရှိသည်ကို တွေ့ရပါသည်။

ကုလသမဂ္ဂနှင့် အာဆီယံအပါအဝင် ကမ္ဘာ့နိုင်ငံများ၏ အာဏာသိမ်းစစ်ခေါင်းဆောင်နှင့် အစေအပါးများအပေါ် ဖိအားပေး၊ ပိတ်ဆို့ခြင်းများသည် စစ်အုပ်စု၏ ဖိနှိပ်ခံမြန်မာပြည်သူလူထုအတွက် အားရကျေနပ်ဖွယ်ရာ မရှိသေးသော်လည်း အာဏာသိမ်းစစ်ခေါင်းဆောင် ကာချုပ်မင်းအောင်လှိုင်နှင့် အစေအပါးတစ်သိုက်အား လူသိရှင်ကြား တရားဝင် အသိအမှတ်ပြုခြင်းမျိုး မရှိသေးသည်ကလည်း နွေဦးတော်လှန်ရေးအတွက် ခွန်အားတစ်ရပ် ဖြစ်စေခဲ့ပါသည်။

စစ်အာဏာသိမ်းကာလ တစ်နှစ်ပြည့်ချိန်အတွင်း ကမ္ဘာ့နိုင်ငံအသီးသီး၏ မြန်မာပြည်သူလူထု ကြုံတွေ့နေရသည့် အကျပ်အတည်း အခက်အခဲများကို မည်မျှ အလေးပေးဆောင်ရွက်ခဲ့သလဲဆိုသည့်အချက်ကို ယခုသုတေသနစာတမ်းတွင် သရုပ်ခွဲ တင်ပြသွားပါမည်။

## နိုင်ငံမြင်းလောင်းမည့် တရုတ်

'တခြားနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြင်းမပြု' ဟူသည့် တရုတ်အစိုးရ၏ လက်သုံးစကားသည် 'ငါးတို့အကျိုးစီးပွားအတွက်မူ ခြွင်းချက်'ဆိုသည့် စကားရပ်တစ်ခု ထပ်ပေါင်းထည့်ရန် လိုအပ်ပါလိမ့်မည်။ မိမိတို့ Myanmar Peace Monitor ၏ မြန်မာပြည်ငြိမ်းချမ်းရေးဖြစ်စဉ် လေ့လာစောင့်ကြည့်မှုကာလ တစ်လျှောက်တွင် တရုတ်အစိုးရသည် မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းအတွင်း 'မီးစတစ်ဖက်၊ ရေမှုတ်တစ်ဖက်' ရပ်တည်ချက်မျိုးကို မြင်တွေ့ခဲ့ရပါသည်။ တရုတ်နိုင်ငံ၊ တရုတ်အစိုးရနှင့် တရုတ်နိုင်ငံသားများ အကျိုးစီးပွားအတွက်မူကား မြန်မာနိုင်ငံအတွင်းရှိ စစ်အုပ်ချုပ်

ရေး၊ စစ်သားတစ်ပိုင်း အုပ်ချုပ်ရေး၊ အရပ်သားအုပ်ချုပ်ရေး စသည့် မည်သို့သော အစိုးရပုံစံမျိုးဖြင့် အုပ်ချုပ်နေသည်ဖြစ်စေ 'ဝါးပင်များ'ပမာ ယိမ်းနွဲ့ဆက်ဆံလေ့ရှိသည်ကို သတိပြုမိပါသည်။

မြန်မာနိုင်ငံအတွင်း စစ်အာဏာမသိမ်းခင် ရက်သတ္တ သုံးပတ်အလိုတွင် တရုတ်နိုင်ငံခြားရေး ဝန်ကြီး ဝမ်ယိ (Wang Yi)သည် မြန်မာနိုင်ငံသို့ရောက်ရှိလာပြီး အာဏာသိမ်းစစ်ခေါင်းဆောင် ကာချုပ် မင်းအောင်လှိုင်နှင့် နေပြည်တော်တွင် တွေ့ဆုံခဲ့သည်။ နှစ်ဖက်တွေ့ဆုံစဉ် ဆွေးနွေးခဲ့သည့် အရေး အရာများအနက် ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်တွင် ကျင်းပပြုလုပ်ခဲ့သော အထွေထွေ ရွေး ကောက်ပွဲအတွင်း မဲမသမာမှုများ ရှိနိုင်သည်ဆိုသော စစ်တပ်၏ တစ်ဖက်သတ် စွပ်စွဲချက်များကိုလည်း ကာချုပ်က တင်ပြခဲ့သည်ကို တွေ့ရပါသည်။ ရွေးကောက်ပွဲကျင်းပပြီးမှ 'မဲစာရင်းမှားယွင်းမှု' ရှိနိုင် ကြောင်း အကြောင်းပြချက်များကိုလည်း တရုတ်နိုင်ငံခြားရေးဝန်ကြီးထံ တင်ပြခဲ့ပါသည်။ ထူးခြားချက် အနေဖြင့် ၎င်းတို့ နှစ်ဦး တွေ့ဆုံဆွေးနွေးမှုအတွင်း 'ဒီမို ကရေစီ မယိမ်းယိုင်အောင် ဆက်လက် ဆောင်ရွက်မည့် အခြေအနေများ' ကို လည်း အာဏာသိမ်း စစ်ခေါင်းဆောင်က တင်ပြခဲ့ကြောင်း ကာချုပ်က ၎င်း၏ ဝက်ဘ်ဆိုက်ဒ် (www.seniorgeneralmin-aung-hlaing.com.mm) တွင် ဖော်ပြထား ပါသည်။

ဒီမိုကရေစီ မယိမ်းယိုင်အောင်
ဆက်လက်ဆောင်ရွက်မည့်အခြေအနေများထဲတွင်
ဖေဖော်ဝါရီ ၁ ရက်၊ ရွေးကောက်ခံအစိုးရအဖွဲ့
ခေါင်းဆောင်များအား ဖမ်းဆီးပြီး
စစ်အာဏာသိမ်းမည့် အစီအစဉ်များ ပါဝင်ခဲ့
သလားဆိုသည်ကတော့ အာဏာသိမ်း
စစ်ခေါင်းဆောင်ကာချုပ်မင်းအောင်လှိုင်နှင့်
တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိတို့သာ
သိနိုင်လိမ့်မည် ဖြစ်သည်။

ယင်းဒီမိုကရေစီမယိမ်းယိုင်အောင် ဆက်လက် ဆောင်ရွက်မည့်အခြေအ နေများထဲတွင် ဖေဖော်ဝါရီ ၁ ရက်၊ ရွေးကောက်ခံအစိုးရအဖွဲ့ခေါင်းဆောင် များအားဖမ်းဆီးပြီးစစ်အာဏာသိမ်းမည့် အစီအစဉ်များပါဝင်ခဲ့သလားဆိုသည်က တော့ အာဏာသိမ်းစစ်ခေါင်းဆောင် ကာချုပ်မင်းအောင်လှိုင်နှင့် တရုတ် နိုင်ငံ ခြားရေးဝန်ကြီး ဝမ်ယိတို့သာ သိနိုင်လိမ့် မည် ဖြစ်သည်။

စစ်အာဏာသိမ်းမှုစတင်ပြီးရက် ပိုင်းမျှအကြာတွင်တော့ မြန်မာနိုင်ငံအတွင်းစစ်အာဏာသိမ်းမှုကို တရုတ်အစိုးရက ထောက်ခံကြောင်း နှင့် တိတ်တဆိတ်သဘောတူညီမှုများ ရှိခဲ့သည်ဆိုသည့် ဝေဖန် သုံးသပ်ချက်များကို တရုတ်နိုင်ငံခြားရေး ဝန်ကြီးဌာန ပြောခွင့်ရသူ ဝမ်ဝင်ဘင်း(Wang Wenbin)က တရားဝင် ငြင်းဆိုခဲ့ရပါသည်။ ဖေဖော်ဝါရီ ၄ ရက်တွင် ပြုလုပ်သည့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ တံခါးပိတ်အစည်းအဝေးတွင်တော့ အာဏာ သိမ်းစစ်အုပ်စုအား အရေးယူပိတ်ဆို့ရေးအဆိုကို တရုတ် အစိုးရကိုယ်စားလှယ်က ကန့်ကွက်ခဲ့ပါသည်။ စစ်အာဏာသိမ်းကာလ ပထမပတ်အတွင်း တရုတ် လေယာဉ်များ မြန်မာနိုင်ငံအတွင်း အချိန်မတော် ဝင်ရောက်လာခဲ့ခြင်းကိုမူ 'ပင်လယ်စာနှင့် ပို့ကုန်

သွင်းကုန်များသာ' ဖြစ်ကြောင်း မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးက စုစုပေါင်းကြေညာခဲ့ပါသည်။

ဗြိတိန်နိုင်ငံ၏တောင်းဆိုမှုဖြင့် ကျင်းပပြုလုပ်သည့် မတ်လ ၃၁ ရက်နေ့ ကုလသမဂ္ဂလုံခြုံရေး ကောင်စီ အထူးအစည်းအဝေးတွင်လည်း မြန်မာနိုင်ငံကို ဒါဏ်ခတ်အရေးယူမည့်ကိစ္စရပ်အား တရုတ် အစိုးရကိုယ်စားလှယ်က ထပ်မံပယ်ချခဲ့ပြန်ပါသည်။ တရုတ်နိုင်ငံ၏ ကုလသမဂ္ဂဆိုင်ရာ အမြဲတမ်း ကိုယ်စားလှယ်က ၎င်းတို့အနေဖြင့် မြန်မာ့အရေးကို အနီးကပ်စောင့်ကြည့်နေပြီး မြန်မာနိုင်ငံအတွင်းရှိ ပြည်သူလူထုနှင့်စီးပွားရေးလုပ်ငန်းများအပေါ် တိုက်ရိုက်သည့် မည်သည့် လုပ်ရပ်မျိုးကိုမဆို လက်မခံ နိုင်ကြောင်း ပြောဆိုခဲ့ပါသည်။ သို့သော်လည်း 'ပြည်သူလူထုနှင့် စီးပွားရေးလုပ်ငန်း' ဆိုသည်ကတော့ မြန်မာပြည်သူလူထုကို ဆိုလိုရင်းဟုတ်မဟုတ်ကြောင်း တောက်ချက်ချရပါလိမ့်မည်။

အဘယ်ကြောင့်ဆိုသော် ဖေဖော်ဝါရီ ၆ ရက်မှ စတင်ပြီး အာဏာသိမ်းစစ်အုပ်စုကို မြန်မာ ပြည်သူလူထု၏ ဆန့်ကျင်ဆန္ဒဖော်ထုတ်မှုများသည် မြန်မာတစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျယ်ပြန့် နေခဲ့ပြီဖြစ်ပြီး အထူးသဖြင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးရှေ့တွင်ပင် အာဏာသိမ်းစစ်အုပ်စုဘက်မှ မရပ်တည်ဘဲ မြန်မာပြည်သူလူထုဘက်မှ ရပ်တည်ပေးရန် တောင်းဆိုဆန္ဒပြမှုများ ရှိနေသည့်အတွက် ကြောင့် ဖြစ်သည်။ တရုတ်သံရုံးရှေ့မှ 'ပြည်သူ့တရားရှင် ပေါင်မုန့်နှင့် ကျွန်ကျောင်း' ဝတ်စုံများ ဝတ် ဆင်ပြီး ဆန္ဒဖော်ထုတ်မှုမြင်ကွင်းများသည့် ကမ္ဘာ့သတင်းမီဒီယာများထက်တွင်ပင် ပျံ့နှံ့ရောက်ရှိ နေခဲ့ပြီဖြစ်ပါသည်။

မတ်လ ၇ ရက်နေ့တွင်တော့ အာဏာသိမ်းစစ်ခေါင်းဆောင်နှင့် စစ်အာဏာမသိမ်းခင် နောက်ဆုံး တွေ့ဆုံခဲ့ဖူးသူ တရုတ်နိုင်ငံခြားရေးဝန်ကြီးက မြန်မာနိုင်ငံအတွင်းဖြစ်ပေါ် နေသည့် ပြဿနာများအပေါ် ဘက်မလိုက်ဘဲ ဝင်ရောက်စေ့စပ်ပေးရန် ဆန္ဒရှိကြောင်း သတင်းမီဒီယာကို ပြောဆိုလာပါသည်။ မတ် လ ၃၁ ရက်၊ ကုလသမဂ္ဂလုံခြုံရေးညီလာခံအတွင်း တရုတ်ကိုယ်စားလှယ်၏ ကန့်ကွက်ပယ်ချမှု အကြားမှပင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အပါအဝင် ဖမ်းဆီးခံအရပ်သား ခေါင်းဆောင်များကို ပြန်လွှတ်ပေးရေးဆိုသည့် ဆုံးဖြတ်အတည်ပြုထုတ်ပြန်ချက် ထွက်ပေါ် လာခဲ့သည်။ တရုတ်နိုင်ငံခြားရေးဝန်ကြီးကတော့ မြန်မာနိုင်ငံအတွင်း စစ်အာဏာသိမ်းမှုကို မြင်တွေ့လိုခြင်းမရှိ ခဲ့ကြောင်းလည်း ရှင်းလင်းပြောဆိုပါသည်။

၂၀၂၁ ခုနှစ် မတ်လ ၁၄၊ ရန်ကုန်မြို့၊ လှိုင်သာယာစက်မှုဇုန်ရှိ တရုတ်စက်ရုံအချို့ မီးရှို့ခံရပြီး နောက်ပိုင်းတွင်တော့ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးမှ ထုတ်ပြန်ချက်ထုတ်ကာ 'တရုတ်လုပ်ငန်းနှင့် တရုတ်လူမျိုးများ၏ လုံခြုံရေးအတွက် အာမခံချက်ပေးရန် အာဏာသိမ်းစစ်ကောင်စီလက်အောက်ခံ ရဲတပ်ဖွဲ့ထံ တောင်းဆိုခဲ့သည်။ စက်တင်ဘာလအတွင်း ထွက်ပေါ် လာသည့် သတင်းများအရတော့ ရန်ကုန်တိုင်း၊ မှော်ဘီမြို့နယ်အတွင်းရှိ မြောင်းတကာစက်မှုဇုန်မှ တရုတ်စက်ရုံ ၃၀ အတွက် အာဏာ သိမ်းစစ်ကောင်စီ လက်အောက်ခံ စစ်သားနှင့် ရဲ ၁၀၀ ခန့် လုံခြုံရေးရယူပေးထားသည်ဟု ဆိုပါ သည်။

ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး (UNHRC) ၏ ညီလာခံတစ်ရပ်ကို ဇွန်လ ၇ ရက်တွင် ကျင်းပခဲ့ရာ စစ်အာဏာ သိမ်းခံထားရသည့် မြန်မာနိုင်ငံအတွင်း လူ့အခွင့်အရေး အခြေ အနေများနှင့် ပတ်သက်ပြီး ဆွေးနွေးလိုခြင်းမရှိဘဲ ဆိုင်းငံ့ထားဖို့ တရုတ်သံတမန်က တိုက်တွန်းခဲ့သည်။ ဂျီနီဗာမြို့ရှိ ကုလသမဂ္ဂဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမြင့်သူက အာဏာသိမ်းစစ်ကောင်စီလက် အောက်တွင် တာဝန်မထမ်းဆောင်တော့ဘဲ အနားယူသွားခဲ့သည်။ အာဏာသိမ်းစစ်ကောင်စီနှင့် အစေအပါးများအနေဖြင့် ၎င်းတို့အား ဆန့်ကျင်သည့် မြန်မာပြည်သူလူထုအား အကြမ်းဖက်ဖြိုခွင်းမှုများ။

အကြောင်းမဲ့ ဖမ်းဆီးမှုများ၊ သတ်ဖြတ်မှုများကို တိုင်းသိ၊ ပြည်သိ၊ ကမ္ဘာသိ ကျူးလွန်နေချိန်တွင် UNHRC ၏ လျစ်လျူရှုမှုကိုကြုံတွေ့ခဲ့ရ သည်ဟု ဆိုရပါမည်။

တရုတ်အစိုးရသည် ကမ္ဘာ့နိုင်ငံများ၏ ပြစ်ရှုတ်ပြုခြင်းကို ရှောင်လွှဲနိုင်ရေးအတွက် အာဏာသိမ်းစစ်ကောင်စီကို တရားဝင် အသိအမှတ်ပြုကြောင်း လူသိရှင်ကြား မကြေညာသေးသော်လည်း သွယ်ဝိုက်သောနည်းဖြင့် အာဏာသိမ်းစစ်ခေါင်းဆောင်အား အကူအညီ၊ အထောက်အပံ့ပေးနေသလားဆိုသည့်အချက်ကတော့ ယနေ့အထိ မေးခွန်းထုတ်နေကြဆဲဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် တရုတ်အစိုးရ၏ အာရှရေးရာ အထူးကိုယ်စားလှယ် ဆွန်ဂေါ်ရှန် (Sun Guoxiang)၏ ဩဂုတ်လ ၂၁ ရက်မှ ၂၈ ရက်အထိ တစ်ပတ်ကြာ မြန်မာပြည်ခရီးစဉ်သည် လျှို့ဝှက်မှုများရှိနေပြီး အာဏာသိမ်းစစ်ခေါင်းဆောင် ကာချုပ်မင်းအောင်လှိုင် အပါအဝင် စစ်ကောင်စီတာဝန်ရှိသူများနှင့် တွေ့ဆုံခဲ့ကြောင်းမှအပ အခြား မည်သည့် သတင်းအချက်အလက်မျှ တရားဝင်ထုတ်ပြန်ခြင်း မရှိသေးသည်ကို တွေ့ရှိရပါသည်။

အာဏာသိမ်းစစ်ကောင်စီအား COVID-19 ကာကွယ်ရေးဆေးများ ထောက်ပံ့ခြင်းအပြင် မြန်မာနိုင်ငံအတွင်း ၎င်းတို့နှင့် ဆက်စပ်သည့် ဖွံ့ဖြိုးရေးစီမံကိန်း ၂၁ ခုအတွက်ဟုဆိုကာ ရန်ပုံငွေအဖြစ် အမေရိကန်ဒေါ်လာ ခြောက်သန်းကျော်ကို စစ်ကောင်စီထံ လွှဲပြောင်းပေးခဲ့ပါသည်။ တရုတ်-မြန်မာလမ်းကြောင်းသစ်အဖြစ် တင်စားထားသည့် ယူနန်ပြည်နယ်မြောက်ပိုင်း နယ်စပ်ကုန်သွယ်ရေးမြို့ဖြစ်သည့် ချင်းရွှေဟော်မြို့၏ တစ်ဖက်ကမ်းရှိ ယူနန်ပြည်နယ်၊ လင်ချမ်းခရိုင်အတွင်း မြန်မာနိုင်ငံနှင့် ဆက်သွယ်မည့် ရထားလမ်းပိုင်းဖွင့်ပွဲကို ဩဂုတ်လ ၂၅ ရက်က ဖွင့်ပွဲပြုလုပ်ခဲ့ပါသည်။

ဇွန်လ ၂၁ ရက်တွင်ပြုလုပ်သည့် တရုတ်-အာဆီယံ အစည်းအဝေးတွင်တော့ မြန်မာနိုင်ငံ၏ အခြေအနေသည် တရုတ်နိုင်ငံ၏ အကျိုးစီးပွားနှင့် တိုက်ရိုက် သက်ဆိုင်နေကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယီ (Wang Yi) က ဝန်ခံထားပြီး ၎င်းတို့ လက်ကိုင်ထားသော 'တခြားနိုင်ငံ၏ ပြည်တွင်းရေးကို စွက်ဖက်ခြင်းမပြု' မူအား တစ်ဆင့်တက်ကာ အပြုသဘောဆောင်သည့်ဘက်မှ ဆက်လက်ပါဝင်သွားမည်ဟု ပြောဆိုလာသည်ကို တွေ့ရပါသည်။

ချုပ်၍ ဆိုရသော် တရုတ်နိုင်ငံသည် မြန်မာနိုင်ငံနှင့် ရှည်လျားသည့် နယ်နိမိတ်ချင်း ထိစပ်မှုရှိခြင်း၊ မြန်မာနိုင်ငံအတွင်း ဖြစ်တည်လာသော အစိုးရများအပေါ် ဩဇာညောင်းခြင်းနှင့် မြန်မာနိုင်ငံအတွင်း ၎င်းတို့၏ အမျိုးသားအကျိုးစီးပွားများ၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ များစွာရှိသည့်အတွက် မြန်မာနိုင်ငံအတွင်း ဖြစ်တည်လာသော ငြိမ်းချမ်းရေး၊ နိုင်ငံရေး၊ စီးပွားရေးနှင့် တရုတ်လူမျိုးများအရေး စသောအရေးအရာများစွာအတွက် ပတ်သက်ဆက်စပ်နေရမည်ကတော့ ငြင်း၍ မရပေ။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်း တရုတ်အစိုးရ၏ 'ဓါးစတဖက်၊ ရှေ့ပုတ်တစ်ဖက်' ရပ်တည်ချက်ကို သတိပြုရပါမည်။

သို့နှင့်တိုင် မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်း၌သာ ၎င်းတို့၏ 'ဓါးစတဖက်၊ ရှေ့ပုတ်တစ်ဖက်' ရပ်တည်ချက်သည် ၎င်းတို့ တရုတ်အကျိုးစီးပွားအတွက် အလုပ်ဖြစ်နိုင်သော်လည်း လက်ရှိ မြန်မာနိုင်ငံအတွင်း ဖြစ်ပေါ်လာသော အာဏာသိမ်းစစ်ကောင်စီနှင့် အစေအပါးများအား ခုခံတော်လှန်စစ်ဆင်နွှဲနေကြသည့် ပြည်နယ်နှင့်တိုင်း၊ မြို့ရွာအလိုက် ဒေသကာကွယ်ရေးတပ်ဖွဲ့များ (LDF)၊ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (PDF)များအတွက် မဖြစ်မနေ ထည့်သွင်းစဉ်းစားလိမ့်မည်ဟု ဆိုရပါမည်။ နွေဦးတော်လှန်ရေးနှင့်အတူ ဖြစ်ပေါ်လာသည့် အာဏာရှင်စနစ်အမြစ်ပြုတ်ရေး၊ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုတည်ဆောက်ရေးသည် တရုတ်အစိုးရအတွက် ထည့်တွက်ရမည့် မြန်မာပြည်၏ အနာဂတ် ဦးတည်ရာ အခင်းအကျင်းများ ဖြစ်လာပေလိမ့်မည်။

မြန်မာပြည်အတွင်း ဖြစ်တည်လာသော အစိုးရများနှင့် 'ဝါးပင်များ'ကဲ့သို့ ယိမ်းနွဲ့က တရုတ်နိုင်ငံ၏ အကျိုးစီးပွားအတွက် ဆယ်စုနှစ်ပေါင်းများစွာ ရှာဖွေနိုင်ခဲ့သည့် တရုတ်အစိုးရခေါင်းဆောင်များ အနေဖြင့် မြန်မာ့ခေ့ဦးတော်လှန်ရေး၏ ဦးတည်ရာများကို ဖမ့်လျော့နေလိမ့်မဟုတ်ကြောင်း သုံးသပ်မိပါသည်။ သို့သော် အချိန်မနှောင်းမီ ဘက်ရွေးတတ်ရန်သာ သတိပြုရမည်ဟု တိုက်တွန်းရပါမည်။ တရုတ်အစိုးရအနေဖြင့် အာဏာသိမ်းစစ်ကောင်စီဘက်တွင် ဆက်လက်ရပ်တည်နေခဲ့သည့်တိုင် အာဏာသိမ်း စစ်ကောင်စီနှင့် အစေအပါးများအား စုစံတွန်းလှန်နေကြသော မြန်မာပြည်သူလူထုအတွက်မူ ဝမ်းနည်းနေမည့်ပုံ မပေါ်ကြောင်း သုံးသပ် တင်ပြအပ်ပါသည်။

## ဒီမိုကရေစီအရေး အပြင်းထန်ဆုံး ဟစ်ကြွေးလာသည့် အမေရိကန်

၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၈ ရက်၊ မြန်မာနိုင်ငံအတွင်း ကျင်းပပြုလုပ်ခဲ့သည့် အထွေထွေရွေးကောက်ပွဲရလဒ်များကို ပြောင်းလဲဖို့အတွက် စစ်အင်အားသုံး ခြိမ်းခြောက်ကြိုးပမ်းမှုမှန်သမျှ လက်ခံမည်မဟုတ်ကြောင်း အမေရိကန်အစိုးရက ပြောဆိုပြီးနောက် သုံးရက်အကြာ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်တွင် စစ်အာဏာသိမ်းလိုက်ခြင်းကို ထောက်ရှုကြည့်ပါက ကာချုပ်မင်းအောင်လှိုင် ဦးဆောင်သော အာဏာသိမ်းစစ်ကောင်စီနှင့် အပေါင်းအပါများသည် အမေရိကန်အစိုးရ၏ ဖိအားပေးမှုကို နှမ်းစေ့မျှပင် ဂရုမစိုက်ကြောင်း ပေါ်လွင်လှပါသည်။ ထို့ပြင် စစ်အာဏာသိမ်းပြီး ရက်ပိုင်းအတွင်း အမေရိကန်ပူးတွဲစစ်ဦးစီးချုပ်များအဖွဲ့ ဥက္ကဋ္ဌ ကြည်းတပ်ဗိုလ်ချုပ်ကြီး မာ့ခ်မလ်လီ (Mark Miley)၏ ဆက်သွယ်ကြိုးပမ်းချက်ကိုလည်း အာဏာသိမ်းစစ်အုပ်စုက လျစ်လျူရှုနိုင်ခဲ့သည်ဟု ဆိုရပါမည်။

ဖေဖော်ဝါရီ ၁၀၊ အမေရိကန်သမ္မတဂျိုးဘိုင်ဒင်(Joe Biden)၏ မိန့်ခွန်းတွင်တော့ အာဏာသိမ်းစစ်တပ်အနေဖြင့် သိမ်းယူထားသည့် နိုင်ငံ့အာဏာကို စွန့်လွှတ်ရမည်ဟု ခပ်ပြတ်ပြတ်ပြောဆိုခဲ့သည်။ ထို့အပြင် အကြောင်းမဲ့ ဖမ်းဆီးထားသည့် နိုင်ငံရေးခေါင်းဆောင်များ၊ တက်ကြွလှုပ်ရှားသူများ၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် နိုင်ငံတော်သမ္မတဦးဝင်းမြင့် အပါအဝင် ဖမ်းဆီးထိန်းသိမ်းထားသူများကို အမြန်ဆုံးပြန်လွှတ်ပေးရန် ဂျိုးဘိုင်ဒင်က တောင်းဆိုခဲ့သည်။ အမေရိကန်ပြည်ထောင်စုတွင် ရှိနေသော အမေရိကန်ဒေါ်လာ တစ်ဘီလီယံ (သန်းတစ်ထောင်) တန်ဖိုးရှိ မြန်မာအစိုးရ၏ ရန်ပုံငွေများကို အာဏာသိမ်းစစ်တပ် မရယူနိုင်ရန် ပိတ်ပင်သွားမည့်အပြင် အာဏာသိမ်းစစ်ခေါင်းဆောင်နှင့် ၎င်းတို့၏ စီးပွားရေးလုပ်ငန်းများ၊ မိသားစုဝင်များအား ဒဏ်ခတ်ပိတ်ဆို့ရေး အမိန့်သစ်တစ်ရပ်ကို ဂျိုးဘိုင်ဒင်က လက်မှတ်ရေးထိုးခဲ့သည်။

မြန်မာနိုင်ငံအတွင်း စစ်အာဏာသိမ်းမှုကို ဆန့်ကျင်နေကြသော လက်နက်မဲ့ငြိမ်းချမ်းစွာ ဆန္ဒဖော်ထုတ်မှုများအား အာဏာသိမ်းစစ်အုပ်စု၏ လက်ပါးစေများက အကြမ်းဖက်ဖြိုခွင်း၊ ဖမ်းဆီး သတ်ဖြတ်မှုများကိုလည်း အမေရိကန်အစိုးရအနေဖြင့် ပြင်းထန်စွာ ပြစ်တင်ရှုတ်ချခဲ့ပြီး ငြိမ်းချမ်းစွာ ဆန္ဒဖော်ထုတ်ကြသည့် ပြည်သူလူထုအား အကြမ်းဖက်သူတိုင်းကို အရေးယူဖို့အတွက် တွန့်ဆုတ်နေမည် မဟုတ်ကြောင်း ဖေဖော်ဝါရီ ၂၂ ရက်တွင် ထုတ်ပြန်ခဲ့သည်။ ဖေဖော်ဝါရီ ၂၅ ရက်တွင်တော့ ဖမ်းဆီးခံ အရပ်သားအစိုးရခေါင်းဆောင်များ၊ လွှတ်တော်ကိုယ်စားလှယ်များကို ပြန်လွှတ်ပေးရန် တောင်းဆိုချက်နှင့်အတူ စစ်အာဏာသိမ်းမှုတွင် တာဝန်ရှိသူများအား အရေးယူနိုင်ရန်အတွက် ဥပဒေတစ်ရပ် ပြဋ္ဌာန်းရန် အမေရိကန် အောက်လွှတ်တော်တွင် တင်ပြခဲ့သည်။

အမေရိကန်သမ္မတအနေဖြင့် မြန်မာအာဏာသိမ်းစစ်အုပ်စုအား အရေးယူဆောင်ရွက်ရေး

အတွက် မတ်လ ၁၉ ရက်တွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီမှ အမြဲတမ်းကိုယ်စားလှယ်များနှင့် အစည်းအဝေးတစ်ရပ် ပြုလုပ်ခဲ့ပြီး အရေးယူဆောင်ရွက်မှုများကို အဆောတလျင်လုပ်ဆောင်ကြရန် ပန်ကြားခဲ့ကြောင်း အိမ်ဖြူတော်က ကြေညာချက်ထုတ်ပြန်ခဲ့သည်။ မေလ ဒုတိယအပတ်တွင်တော့ ရန်ကုန်မြို့အပါအဝင် မြို့ကြီးများတွင် ဗုံးပေါက်ကွဲမှုများ ဖြစ်ပေါ်ခဲ့ပြီးနောက်ပိုင်း မြန်မာနိုင်ငံအတွင်းရှိ အမေရိကန်နိုင်ငံသားများအနေဖြင့် နိုင်ငံအတွင်းမှ အမြန်ဆုံးထွက်ခွာကြရန် အမေရိကန်သံရုံးက သတိပေးခဲ့ရပါသည်။

အာဏာသိမ်းစစ်ကောင်စီနှင့် လက်ပါးစေများအနေဖြင့် ၎င်းတို့အား ဆန့်ကျင်သော လက်နက်မဲ့ ငြိမ်းချမ်းစွာဆန္ဒဖော်ထုတ်သူများအား အကြမ်းဖက်ဖိနှိပ်ခြင်း၊ ဖမ်းဆီးသတ်ဖြတ်ခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်းများကို နေ့စဉ်နှင့်အမျှ ကျူးလွန်နေသည့်အတွက် အာဏာသိမ်းစစ်ကောင်စီအတွက် အရေးပါသော စီးပွားရေးအရင်းမြစ်များဖြစ်သည့် မြန်မာ့ကျောက်မျက်လုပ်ငန်း၊ သစ်လုပ်ငန်းနှင့် ပုလဲလုပ်ငန်းများကို အရေးယူပိတ်ဆို့ကြောင်း ဧပြီလထဲတွင် အမေရိကန်ဘဏ္ဍာရေးဝန်ကြီးဌာနက ကြေညာခဲ့ပါသည်။ အာဏာသိမ်းစစ်အုပ်စုထံ စီးဝင်မည့် အခြား ငွေကြေးလမ်းကြောင်းများကိုလည်း ဆက်လက်ပစ်မှတ်ထား ပိတ်ဆို့သွားမည်ဟု အမေရိကန်နိုင်ငံခြားရေးဝန်ကြီးက ပြောပါသည်။

ကာချုပ်မင်းအောင်လှိုင်ဦးဆောင်သည့် အာဏာသိမ်းစစ်အုပ်စုကတော့ အမေရိကန်အစိုးရ၏ ဆိုခဲ့ပါ ဖိအားပေးပိတ်ဆို့မှုများအား ကြိုတင်သိမြင်ထားသကဲ့ ၎င်းတို့အား အသိအမှတ်ပြုမည့် နိုင်ငံများနှင့် လက်တွဲလုပ်ဆောင်မည်ဟုပင် လေသံပစ်ကာ လေရှူးလျက်ရှိနေပါသည်။ စစ်အာဏာသိမ်းမှု ဆန့်ကျင်သော ရဟန်းရှင်လူ ပြည်သူများအား ကလေးလူကြီး၊ ယောကျ်ား မိန်းမ မရွေး အကြမ်းဖက် ဖိနှိပ်သည့် လုပ်ရပ်များ၊ ဖမ်းဆီးသတ်ဖြတ်သည့် လုပ်ရပ်များအား အာဏာသိမ်းစစ်အုပ်စု၏ လက်ပါးစေများက ပြောင်ပြောင်တင်းတင်း ကျူးလွန်ပြခဲ့ပါသည်။

မေလ ၄ ရက်တွင် ပြုလုပ်သည့် အမေရိကန်အောက်လွှတ်တော် နိုင်ငံခြားရေးကော်မတီ၏ မြန်မာ့အရေးကြားနာပွဲတွင်တော့ အမျိုးသားညီညွတ်ရေးအစိုးရ(NUG)ကို ကိုယ်စားပြုထားသူ ကုလသမဂ္ဂဆိုင်ရာ အမြဲတမ်းသံအမတ်ကြီး ဦးကျော်မိုးထွန်း တက်ရောက်ဆွေးနွေးခဲ့ပြီး ခေါင်းဆောင်လှန်ရေးနှင့်အတူ ဖြစ်တည်လာသည့် NUG ကို တရားဝင်အစိုးရတစ်ရပ်အဖြစ် အသိအမှတ်ပြုရေး တင်ပြခဲ့ပါသည်။ ထို့အပြင် အမေရိကန်ပြည်ထောင်စုရှိ မြန်မာအစိုးရ၏ ရန်ပုံငွေများကို မြန်မာပြည်သူလူထု၏ အကျိုးစီးပွားအတွက် NUG အား ထိန်းချုပ်ခွင့်ပြုရေးနှင့်အတူ အာဏာသိမ်းစစ်တပ်၏ ငွေကြေးအရင်းအမြစ်များ ဖြစ်သည့် မြဝတီဘဏ်၊ အင်းဝဘဏ်၊ နိုင်ငံခြားကုန်သွယ်ရေးဘဏ် (MFTB)၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း(MOGE)တို့ကို အမေရိကန်အစိုးရ၏ ပိတ်ဆို့မှုစာရင်းတွင် ထည့်သွင်းထိန်းချုပ်ရန် အကြံပြု တိုက်တွန်းခဲ့ပါသည်။ အဆိုပါ အောက်လွှတ်တော်ကြားနာပွဲတွင် Progressive Voice တည်ထောင်သူ ဒေါ်ခင်ဥမ္မာနှင့် အမေရိကန်သံအမတ်ဟောင်း Kelley E. Currie တို့လည်း သက်သေအဖြစ် ထွက်ဆိုခဲ့ကြပါသည်။

မြန်မာ့ဒီမိုကရေစီအရေး၊ လူ့အခွင့်အရေးနှင့် တရားဥပဒေ စိုးမိုးရေးကို အထောက်အကူပြုနိုင်ရေးအတွက် မြန်မာအရပ်ဘက် အဖွဲ့အစည်း(CSO)ကိုယ်စားလှယ်များနှင့် တန်နိုင်ငံခြားရေးဝန်ကြီးအကြား တွေ့ဆုံဆွေးနွေးမှုတစ်ရပ်ကို ဇူလိုင်လ ၈ ရက်တွင် ပြုလုပ်ခဲ့ကြောင်း ဌာနပြောရေးဆိုခွင့်ရှိသူ နက်ဒ်ပရိုက်စ်(Ned Price)က ပြောပါသည်။ အမေရိကန်ပြည်ထောင်စု ကာကွယ်ရေးဝန်ကြီး၏ အရှေ့တောင်အာရှ ခရီးစဉ်အတွင်း ဇူလိုင် ၂၇ ရက်၊ စင်ကာပူနိုင်ငံ နိုင်ငံတကာ မဟာဗျူဟာလေ့လာရေးဌာန (IISS) တွင် ကာကွယ်ရေးဝန်ကြီးက မိန့်ခွန်းပြောကြားရာတွင်လည်း မြန်မာအာဏာသိမ်းစစ်တပ်၏

လုပ်ရပ်များအပေါ် ပြစ်တင်ရှုတ်ချခဲ့ပြီး လက်ခံနိုင်စရာမရှိကြောင်း ပြောဆိုသွားခဲ့သည်၊

မည်သို့ဆိုစေ မြန်မာအာဏာသိမ်းစစ်အုပ်စုနှင့် အစေအပါးတစ်သိုက်ကတော့ အမေရိကန်ပြည်ထောင်စု၊ နယူးယောက်မြို့တွင် နေထိုင်သူ ကုလသမဂ္ဂဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးကျော်မိုးထွန်းကို လုပ်ကြံသတ်ဖြတ်ရန်ပင် အတင့်ရဲစွာ ကြံစည်ခဲ့ပါသည်၊ သံအမတ်ကြီးကို လုပ်ကြံရန် ပူးပေါင်း ကြံစည်မှုဖြင့် မြန်မာနိုင်ငံသား ဖြိုးဟိန်းထွဋ်နှင့် ရဲဟိန်းဇော်တို့နှစ်ဦးအား ဩဂုတ်လ ၆ ရက်က ဖမ်းဆီးလိုက်ကြောင်း နယူးယောက်တောင်ပိုင်းခရိုင် တရားသူကြီး၊ အမေရိကန်ပြည်ထောင်စု စုံစမ်းစစ်ဆေးရေးဗျူရို (FBI) နယူးယောက်ရုံးနှင့် နယူးယောက်ရဲတပ်ဖွဲ့ကော်မရှင်နာရုံးက ကြေညာခဲ့ပြီး နောက် ဩဂုတ်လ ၉ ရက်တွင် အာဏာသိမ်းစစ်ကောင်စီက ၎င်းတို့နှင့်မသက်ဆိုင်ကြောင်း သတင်းထုတ်ပြန် ပါသည်။

အာဏာသိမ်းစစ်အုပ်စုနှင့် အစေအပါးတစ်သိုက်၏ လက်အောက်မှ ရုန်းထွက်တွန်းလှန်နေကြသည့် နွေဦးတော်လှန်ရေး ကာလအတွင်းတွင်တော့ အမေရိကန်ပြည်ထောင်စု၏ ရပ်တည်ချက်နှင့် လုပ်ရပ်များသည် စစ်အာဏာရှင်စနစ်အမြစ်ပြုတ်ရေး ကြိုးပမ်းနေကြသော မြန်မာပြည်သူများအတွက် မားမားမတ်မတ် ရှိနေသည်ဟု ဆိုရပါလိမ့်မည်။ အာဏာသိမ်းစစ်အုပ်စု၏ အကြမ်းဖက် ဖိနှိပ်မှုများကြောင့် ထွက်ပြေးတိမ်းရှောင်နေကြရသည့် မြန်မာတိုင်းရင်းသားပြည်သူများအတွက် အရေးပေါ် လိုအပ်နေသည့် စားနပ်ရိက္ခာ၊ နေရေးထိုင်ရေးအစ ကျန်းမာရေးကိစ္စရပ်များအတွက် အမေရိကန် ဒေါ်လာ သန်း ၅၀ ကူညီကြောင်းဩဂုတ်လ ၁၀ ရက်တွင် ထုတ်ပြန်ခဲ့ပြီး အစိုးရမဟုတ်သောအဖွဲ့အစည်းများမှတစ်ဆင့် ကူညီသွားမည့်အကြောင်း အမေရိကန်နိုင်ငံခြားရေးဌာန အရှေ့အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ဗျူရိုက ယခုလို ပြောပါသည်။

"အကူအညီလိုအပ်နေသူတွေကို တိုက်ရိုက်ပေးအပ်နိုင်ဖို့ ကုလသမဂ္ဂအေဂျင်စီတွေနဲ့ နိုင်ငံတကာ NGO အဖွဲ့တွေနဲ့ ပူးပေါင်းဆောင်ရွက်နေပါတယ်၊ အခုကြေညာလိုက်တဲ့ ဒေါ်လာ သန်း ငါးဆယ်ကို အဲဒီ နိုင်ငံတကာ အေဂျင်စီအဖွဲ့တွေကနေတစ်ဆင့် ပေးအပ်သွားမှာဖြစ်ပါတယ်။ ဒီငွေတွေကို ကိုဗစ်ရောဂါတိုက်ဖျက်ရေး ရန်ပုံငွေနဲ့ ထိုင်း-မြန်မာနယ်စပ်မှာ ရောက်နေတဲ့ စစ်ပြေးဒုက္ခသည်တွေအတွက် အသုံးပြုသွားမှာဖြစ်ပါတယ်"

ဇက်တင်ဘာ ၂၃ ရက်၊ ကုလသမဂ္ဂအထွေထွေညီလာခံဆွေးနွေးပွဲ ပြင်ပတွင် အမေရိကန်နိုင်ငံ ရေးခြားရေးဝန်ကြီးနှင့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ တွေ့ဆုံခဲ့ပြီး မြန်မာ့အရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။ ဆွေးနွေးပွဲအတွင်း နိုင်ငံခြားရေးဝန်ကြီး အန်တိုနီဘလင်ကန်(Antony Blinken) က အာဆီယံဘုံသဘောတူညီချက် ငါးချက်ကို မြန်မာအာဏာသိမ်းစစ်ခေါင်းဆောင်များ လိုက်နာရန် ဖိအားပေးတောင်းဖို့ အရေးတကြီးလိုအပ်နေကြောင်း ပြောဆိုခဲ့ပါသည်၊ ကြိုတင်ကြေညာခြင်းမရှိဘဲ အမေရိကန်ဗဟိုထောက်လှမ်းရေး အေဂျင်စီ(CIA) လက်ထောက်ညွှန်ကြားရေးမှူး ဒေးဗစ်ကိုဟန် (David Cohen)နှင့် ထိုင်းဝန်ကြီးချုပ်ပရာယွပ် (Prayut) တို့ နိုဝင်ဘာ ၁၉ ရက်က ဘန်ကောက်မြို့ရှိ အစိုးရ အိမ်တော်တွင်တွေ့ဆုံခဲ့ပြီး မြန်မာ့အရေးဆွေးနွေးခဲ့ကြောင်း သိရပါသည်။ ၄၅ မိနစ်ကြာ တံခါးပိတ်ဆွေးနွေးမှုအတွင်း မြန်မာနိုင်ငံ၏ လုံခြုံရေးအခြေအနေများ၊ ဒေသတွင်းတည်ငြိမ်ရေးနှင့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးကိစ္စရပ်များကို အဓိက ဆွေးနွေးခဲ့ကြောင်း သိရပါသည်။

ချုပ်၍ဆိုရသော် နွေဦးတော်လှန်ရေးကာလအတွင်း အမေရိကန်အစိုးရအနေဖြင့် စစ်အာဏာသိမ်းမှုဆန့်ကျင်သော မြန်မာပြည်သူလူထုဘက်တွင် အစဉ်တစိုက် ရပ်တည်နေသည်ကို တွေ့ရပြီး

အာဏာသိမ်းစစ်အုပ်စုနှင့် အစေအပါးများကိုမူ အခွင့်ကြုံသည့်အခါတိုင်း ပြစ်တင်ရှုတ်ချခြင်းနှင့် ဖိအားပေး ပိတ်ဆို့ခြင်းများကို ပြုမူလျက်ရှိသည်ကို တွေ့ရပါသည်။ ကမ္ဘာ့ကုလသမဂ္ဂအခင်းအကျင်းနှင့် အာဆီယံအဝန်းအဝိုင်းတွင်လည်း 'နိုင်သည့်မြင်းဘက်မှ လောင်းကြေးထပ်ဖို့' စောင့်ကြည့်နေသည့် တရုတ်နှင့် ဒီမိုကရေစီအရေး ဟစ်ကြွေးလျက်ရှိသည့် အမေရိကန်အကြား ပွတ်တိုက်မှုများ မကြာခဏ မြင်တွေ့ရလေ့ရှိပါသည်။

## စိုးရိမ်ထိတ်လန့် တုန်လှုပ်မှုများနှင့် ကမ္ဘာ့ကုလသမဂ္ဂ

အဖွဲ့ဝင်နိုင်ငံပေါင်း ၁၉၃ နိုင်ငံပါဝင်သည့် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ (UN) သည်လည်း စစ်အာဏာသိမ်းမှုဆန့်ကျင်နေကြသော မြန်မာပြည်သူလူထုကြီးအတွက် 'မျှော်လင့်ချက် တစ်စုံတစ်ရာ' ဖြစ်ခဲ့ပါသည်။ ကုလသမဂ္ဂအနေဖြင့် အာဏာသိမ်းစစ်ခေါင်းဆောင် ကာချုပ်မင်းအောင်လှိုင်နှင့် အပေါင်းအပါ တစ်သိုက်အား အစိုးရတစ်ရပ်အဖြစ် အသိအမှတ်မပြုဘဲ ရှုတ်ချပြစ်တင်ပေးနေသည့်အချက် တစ်ခုတည်းကပင် နွေဦးတော်လှန်ရေးအတွက် ခွန်အားတစ်ရပ်ဖြစ်စေသည်ဟု ဆိုရပါမည်။

အာဏာသိမ်းစစ်အုပ်စုအတွက်မူ ကုလသမဂ္ဂသည်လည်း 'ဂရုမူစရာမလိုသော အစုအဖွဲ့' တစ်ခု ကဲ့သို့ သဘောရှိပါလိမ့်မည်။ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲရလဒ်များအား တစ်ဖက်သတ် အကြောင်းပြ စွပ်စွဲချက်များဖြင့် ပြောင်းလဲရန် ကြိုးပမ်းနေသည့် စစ်အုပ်စု၏ အရိပ်အမြွက်ကို သတိပြုမိနေသည့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာဂူတာရက်စ်က နိုဝင်ဘာ ၈ ရက်၊ အထွေထွေ ရွေးကောက်ပွဲ ရလဒ်များကို လေးစားလက်ခံဖို့အတွက် ကြေညာချက်ထုတ်ပြန် တိုက်တွန်းခဲ့သော်လည်း အာဏာရူးမက် ယစ်မူးလိုသည့် စစ်အုပ်စုက ၂၀၂၁ခုနှစ် ဖေဖော်ဝါရီ ၁ ရက်တွင် အာဏာသိမ်းပြခဲ့ပါသည်။

ထိုနေ့တွင်ပင် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ အထူးသံတမန် တွမ်အန်ဒရူးစ် (Tom Andrews) က မြန်မာနိုင်ငံစစ် အာဏာသိမ်းမှုသည် လုံးဝ လက်မခံနိုင်စရာ လုပ်ရပ်ဖြစ်ပြီး အာဏာသိမ်းစစ်တပ်သည် ၎င်းတို့ကိုယ်တိုင် ရေးဆွဲပြဋ္ဌာန်းထားသည့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ကတိကဝတ်များကို ချိုးဖောက်လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း ထောက်ပြဝေဖန်ပါသည်။

အာဏာသိမ်းစစ်အုပ်စုကတော့ ရွေးကောက်ပွဲခံ အစိုးရခေါင်းဆောင်များကို ဖမ်းဆီးပြီး ၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပါဝင်ခြင်းမရှိသည့် "ဒုသမ္မတဖြစ်သူက အာဏာလွှဲအပ်ခြင်း" အစီအစဉ်ကို ပြသကာ မြန်မာပြည်သူလူထုတစ်ရပ်လုံးနှင့်ကမ္ဘာ့အသိုင်းအဝိုင်းတစ်ခုလုံးကို မျက်လှည့်ပြဖို့ ကြိုးစားခဲ့ပါသည်။ သို့သော် ၎င်းတို့၏ တိုင်းပြည်အာဏာလုယူမှုကြီးသည် 'လယ်ပြင်တွင် ဆင်သွားသကဲ့သို့' ပေါ်လွင်ထင်ရှားနေခဲ့ပြီး လုယူထားသည့် အာဏာတည်မြဲရေးအတွက် စစ်အာဏာသိမ်းမှုအား ဆန့်ကျင်ကြသည့် ရဟန်းရှင်လူ ပြည်သူများအပေါ် အကြမ်းဖက်ဖြိုခွင်းခြင်း၊ အဓမ္မဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်းများကိုကျူးလွန်ကာ ၎င်းတို့၏ 'ဘီလူးခေါင်းစွပ်' ကို ခွာချွတ်ပြသလာခဲ့သည်။ ထို့ကြောင့် ကမ္ဘာ့နိုင်ငံကြီးများနှင့် ကုလသမဂ္ဂအဖွဲ့ကြီးအတွက် စိုးရိမ်ပူပန်ခဲ့ရပြန်ပါသည်။

စစ်အာဏာသိမ်းကာလအတွင်း ဒုတိယအကြိမ်မြောက် ပြုလုပ်သည့် မတ်လ ၁၀ ရက်၊ ကုလသမဂ္ဂ လုံခြုံရေးကောင်စီအစည်းအဝေးမှ အာဏာသိမ်းစစ်ခေါင်းဆောင်နှင့် အစေအပါးတစ်သိုက်၏ အကြမ်းဖက်လုပ်ရပ်များအပေါ် အပြင်းအထန်ရှုတ်ချကြောင်း တရုတ်နှင့် ရုရှားအပါအဝင် နိုင်ငံပေါင်း

၁၅ နိုင်ငံ၏ ဆုံးဖြတ်ချက်တစ်ရပ် ထွက်ပေါ်လာပါသည်။ ယင်းဆုံးဖြတ်ချက်အတွက် ထုတ်ပြန်ရာတွင် မြန်မာနိုင်ငံအတွင်း အမျိုးသမီးများ၊ လူငယ်များနှင့် ကလေးငယ်များအပါအဝင် ငြိမ်းချမ်းစွာ ဆန္ဒဖော်ထုတ်သူများအပေါ် အကြမ်းဖက်လုပ်ရပ်များအား အပြင်းအထန် ရှုတ်ချသည်ဟု ဆိုပါသည်။ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်အနေဖြင့် ၂၀၂၀ ပြည့်နှစ်ရွေးကောက်ပွဲမှ ရွေးကောက်ခံအမတ်များဖြင့် ဖွဲ့ထားသည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ (CRPH)၏ အထူးသံတမန် ဒေါက်တာဆာဆာမှ တစ်ဆင့် အာဏာသိမ်းစစ်တပ်၏ အကြမ်းဖက်လုပ်ရပ်များကို ရပ်တန့်နိုင်ရန် 'အကာအကွယ်ပေးရန် တာဝန်ရှိမှု-R2P' ကတိကဝတ်များကို အသုံးပြုကာ ကုလလုံခြုံရေးကောင်စီမှ အရေးယူပေးရေး တောင်းဆိုစာကို လက်ခံရရှိထားကြောင်း မတ်လ ၈ ရက်တွင် သတင်းမီဒီယာသို့ ပြောပါသည်။

> **မြန်မာစစ်တပ်ဟာ ရက်ရက်စက်စက်ပိန်နိုင်တာတွေကို တိုးပြီး လုပ်ဆောင်လာနေတယ်။ ဒီလုပ်ရပ်တွေအတွက် တာဝန်ခံမှုရှိရမှာ ဖြစ်ပါတယ်။ အင်အား အလွန်အကျွံ အသုံးပြုနေတာတွေ ရပ်ပြီး မြန်မာပြည်သူတွေကို သူတို့ရဲ့ အခွင့်အရေးအတိုင်း လုပ်ဆောင်ခွင့် ပြုရပါမယ်**

ကုလသမဂ္ဂ၏ မြန်မာနိုင်ငံဆိုင်ရာ စုံစမ်းစစ်ဆေးရေးအဖွဲ့ (IIMM) အနေဖြင့်လည်း အာဏာသိမ်းစစ်ခေါင်းဆောင်များကို နိုင်ငံတကာတရားရုံးတွင် အရေးယူ အမှုတည်ဆောက်နိုင်ရေးအတွက် ဖေဖော်ဝါရီ ၁ ရက် စစ်အာဏာသိမ်းချိန်မှစ၍ ၎င်းတို့ အမိန့်ပေး ကျူးလွန်ခဲ့သော ရာဇဝတ်မှုများနှင့်ပတ်သက်ပြီး စုဆောင်းထိန်းသိမ်းထားကြရန် မတ်လ ၁၇ ရက်တွင် အကြံပြု တောင်းဆိုခဲ့ပါသည်။ ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး (OHCHR) ကလည်း အာဏာသိမ်းစစ်ကောင်စီနှင့် အစေအပါးများ၏ မြန်မာပြည်သူလူထုအပေါ် အသက်သေဆုံးသည်အထိ အကြမ်းဖက်ဖိနှိပ်နေခြင်းအား အကာအကွယ်ပေးနိုင်ရေးအတွက် R2P သတိပေးချက်တစ်ရပ်ကိုထုတ်ပြန်ခဲ့ပါသည်။ ထိုကာလအတွင်း စစ်အာဏာသိမ်းမှုဆန့်ကျင် ဆန္ဒဖော်ထုတ်နေကြသည့် မြန်မာပြည်သူလူထုကြီးသည် 'Welcome R2P' ဆိုင်းဘုတ်များ ကိုင်ဆောင်ကာ ကုလသမဂ္ဂနှင့် ကမ္ဘာ့အသိုင်းအဝိုင်းကို တောင်း ဆိုခဲ့ကြပါသည်။

မတ်လ ၂၄ ရက်၊ ဆွစ်ဇာလန်နိုင်ငံ၊ ဂျီနီဗာမြို့တွင် ကျင်းပသည့် ၄၆ ကြိမ်မြောက် ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ ညီလာခံတွင်တော့ ကာချုပ်မင်းအောင်လှိုင် ဦးဆောင်သည့် အာဏာသိမ်းစစ်ကောင်စီ၏ လူ့အခွင့်အရေး ချိုးဖောက်မှုများကို အပြည်ပြည်ဆိုင်ရာ ရာဇဝတ်တရားရုံး (ICC) တွင် အရေးယူရေးအဆိုကို သဘောတူ ဆုံးဖြတ်ခဲ့ကြပါသည်။ ယင်းဆုံးဖြတ်ချက်တွင် ကုလလူ့အခွင့်အရေးကောင်စီအနေဖြင့် ICC အပါအဝင် နိုင်ငံတကာတရားရုံးများနှင့် နီးကပ်စွာ ဆက်သွယ်ဆောင်ရွက်သွားရန်လည်း ပါဝင်နေသည်။ ဆုံးဖြတ်ချက်မချခင် မူကြမ်းအဆိုကို ဦးဆောင်တင်သွင်းခဲ့သူ ကုလ

သမဂ္ဂဆိုင်ရာ ပေါ်တူဂီအမြဲတမ်းကိုယ်စားလှယ်က ယခုလိုပြောပါသည်။

"မြန်မာစစ်တပ်ဟာ ရက်ရက်စက်စက် ဖိနှိပ်တာတွေကို တိုးပြီး လုပ်ဆောင်လာနေတယ်။ ဒီလုပ်ရပ်တွေအတွက် တာဝန်ခံမှုရှိရမှာ ဖြစ်ပါတယ်။ အင်အား အလွန်အကျွံ အသုံးပြုနေတာတွေ ရပ်ပြီး မြန်မာပြည်သူတွေကို သူတို့ရဲ့ အခွင့်အရေးအတိုင်း လုပ်ဆောင်ခွင့် ပြုရပါမယ်"

စစ်အာဏာသိမ်းခံထားရသည့် မြန်မာနိုင်ငံကို စစ်လက်နက် တင်ပို့မှုများ ရပ်တန့်ဖို့၊ အာဏာသိမ်းစစ်တပ်အနေဖြင့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲရလဒ်များကို လေးစားလိုက်နာဖို့နှင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အပါအဝင် ဖမ်းဆီးထိန်းသိမ်းခံထားရသည့် နိုင်ငံရေးအကျဉ်းသားများအားလုံးကို ပြန်လွှတ်ပေးဖို့ဆိုသည့် ဆုံးဖြတ်ချက်တစ်ရပ်ကို ဇွန်လ ၁၇ ရက်တွင် ပြုလုပ်သည့် ကုလသမဂ္ဂအထွေထွေညီလာခံတွင် မဲခွဲ ဆုံးဖြတ်နိုင်ခဲ့ပါသည်။ ယင်း ဆုံးဖြတ်ချက်သည် အာဏာသိမ်းစစ်အုပ်စုအတွက် နိုင်ငံတကာဖိအားတစ်ရပ်အဖြစ် ရှုမြင်နိုင်သော်လည်း မြန်မာပြည်သူလူထုတောင်းဆိုနေသည့် R2P မျှော်လင့်ချက်ထက်များစွာ လျော့နည်းနေခဲ့ပါသည်။ 'အဆိုးထဲမှ အကောင်း'ဟု ဆိုနိုင်သည်ကတော့ နိုင်ငံပေါင်း ၁၉၃ နိုင်ငံ၏ မဲခွဲဆုံးဖြတ်မှုအတွင်း 'နိုင်မြင်းလောင်းမည့် လောင်းကစားနိုင်ငံများ' နှင့် မြန်မာပြည်သူထုဘက်မှ ရပ်တည်ပေးသော နိုင်ငံများစာရင်းကို တွေ့မြင်ခဲ့ရပါသည်။

အဆိုပါ မဲခွဲမှုအတွင်း တရုတ်၊ ရုရှားနှင့် အာဆီယံအဖွဲ့ဝင်များထဲ မှ ဘရူနိုင်း၊ ကမ္ဘောဒီးယားနှင့် ထိုင်းနိုင်ငံအပါအဝင် နိုင်ငံပေါင်း ၃၆ နိုင်ငံက မဲမပေးဘဲ နေခဲ့ကြသည်။ ဆုံးဖြတ်ချက်ထောက်ခံသည့် အထဲတွင်တော့ အာဆီယံအဖွဲ့ဝင်များထဲမှ အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူနှင့် ဗီယက်နမ် နိုင်ငံအပါအဝင် နိုင်ငံပေါင်း ၁၁၉ နိုင်ငံ ရှိခဲ့ပြီး ဘယ်လာရုစ်နိုင်ငံတည်းကသာ ကန့်ကွက်မဲပေးခဲ့ခြင်း ဖြစ်ပါသည်။ ထို့ကြောင့် အာဏာသိမ်းအုပ်စု၏ နိုင်ငံတကာ အသိုင်းဝိုင်းအတွင်း ဝင်ဆံ့ရေးသည် ပိုမို ကျပ်တည်းလာခဲ့ပြီး မြန်မာပြည်သူလူထုတစ်ရပ်လုံး၏ နွေဦးတော်လှန်ရေးအတွက်တော့ ခွန်အား တစ်ရပ်ဖြစ်စေခဲ့ပါသည်။

ဇူလိုင်လ ၂၉ ရက်တွင်တော့ ကုလသမဂ္ဂလုံခြုံရေးကောင်စီအနေဖြင့် မြန်မာနိုင်ငံဆိုင်ရာ အလွတ်သဘော ဆွေးနွေးပွဲတစ်ရပ်ကို ပြုလုပ်ခဲ့ပြီး အမျိုးသားညီညွတ်ရေး အစိုးရ (NUG)၏ အမျိုးသမီး၊ လူငယ်နှင့် ကလေးသူငယ်ရေးရာ ပြည်ထောင်စုဝန်ကြီး၊ ကချင်ပြည်နယ် ကြားကာလနိုင်ငံရေး ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(KPICT) အတွင်းရေးမှူးနှင့် ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်သံအမတ်ကြီး ဦးကျော်မိုးထွန်းတို့ တက်ရောက်ဆွေးနွေးခဲ့သည်။ အဆိုပါဆွေးနွေးပွဲတွင် နိုင်ငံတကာ အသိုင်းအဝိုင်းအနေဖြင့် အမျိုးသားညီညွတ်ရေးအစိုးရ(NUG)ကို အသိအမှတ်ပြုရေး အတွက် ပြတ်ပြတ်သားသား မဆောင်ရွက်နိုင်ပါက အာဏာသိမ်းစစ်ကောင်စီလက်အောက်တွင် COVID -19 ပိုးရပ်စ် မထိန်းချုပ်နိုင်ဘဲ စီးပွားရေးပျက်ယွင်းမှုများနှင့်အတူ မြန်မာနိုင်ငံသည် ပျက်သုဉ်း နိုင်ငံတစ်ခုအထိ ရောက်ရှိသွားနိုင်ကြောင်း ဝန်ကြီး နော်စူစဲန်နာလှလှစိုးက ထောက်ပြပါသည်။

KPICT အတွင်းရေးမှူး အန်ဆန်ဂွန်ဆန်ကလည်း အာဏာသိမ်းစစ်ကောင်စီ၏ အကြမ်းဖက်မှုများကို ရပ်တန့်နိုင်ရေးအတွက် မြန်မာနိုင်ငံအတွင်း စစ်လက်နက်တင်သွင်းမှု ထိန်းချုပ်ရေး၊ တရုတ်၊ ထိုင်းနှင့် အိန္ဒိယနယ်စပ်ဒေသများတွင် စစ်လေယာဉ်မပျံသန်းရ ဇုန်များ သတ်မှတ်ပေးရေး၊ အာဏာသိမ်းစစ်အုပ်စုနှင့် ၎င်းတို့၏ မိသားစုဝင်များ၊ စီးပွားရေးလုပ်ငန်းများကို ပိတ်ဆို့အရေးယူရေး၊ အာဏာသိမ်းစစ်ကောင်စီအား တရားဝင်အစိုးရအဖြစ် အသိအမှတ်မပြုရေးနှင့် ၎င်းတို့၏ ပြည်သူများအပေါ် ကျူးလွန်ထားသည့် ရာဇဝတ်မှုများအတွက် နိုင်ငံတကာတရားရုံးများတွင် အရေးယူစွဲချက်တင်နိုင်ရေး စသည့် အချက်များကို တင်ပြခဲ့သည်။ သံအမတ်ကြီးဦးကျော်မိုးထွန်းကတော့ စစ်အာဏာသိမ်းကာလ

အတွင်းပေးဆပ်ခဲ့ရသည့် အသက်ပေါင်းများစွာအတွက် မြန်မာပြည်သူလူထုအနေဖြင့် အလျှော့မပေးဘဲ စစ်အာဏာရှင်အမြစ်ပြုတ်ရေးအတွက် အဆုံးထိ တွန်းလှန်သွားမည့်အကြောင်း ပြောဆိုခဲ့သည်။ ကုလသမဂ္ဂအဖွဲ့(UN)အနေဖြင့်တော့ အာဏာသိမ်းစစ်အုပ်စုကို အသိအမှတ်ပြုခြင်းမရှိဘဲ နွေဦးတော်လှန်ရေးကာလအတွင်း မြင်တွေ့ခဲ့ရသည့် အာဏာသိမ်းစစ်ကောင်စီနှင့် အစေအပါးတစ်သိုက်၏ အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုများ၊ မြို့အလိုက် ရွာအလိုက် မီးရှို့ဖျက်ဆီးခံရမှုများ၊ အရပ်သားပြည်သူများကို ဖမ်းဆီးကာ စစ်မြေပြင်အတွင်း လူသားဒိုင်းကာအဖြစ် အသုံးပြုနေခြင်းနှင့်အတူ ကျေးရွာမြို့ပြ တိုင်းနှင့်ပြည်နယ်များကို တစ်ပြေညီ ဖြင်းထန်သော လေကြောင်းတိုက်ခိုက်မှုများအပေါ် နေ့စဉ်နှင့်အမျှ စိုးရိမ်ပူပန်ကြောင်းနှင့် ၎င်းစစ်ကောင်စီတပ်၏ အကြမ်းဖက်လုပ်ရပ်များကို ရပ်တန့်ရန်အတွက် တောင်းဆိုနေခဲ့ရပါသည်။

သို့နှင့်တိုင် အာဏာသိမ်းစစ်ကောင်စီတပ်ကတော့ ရန်သူ၊ မိတ်ဆွေမခွဲခြားဘဲ ကရင်နီ (ကယား) ပြည်နယ် ဖရူဆိုမြို့နယ်အတွင်း အရပ်သားပြည်သူ ၄၀ နီးပါးကို အစုလိုက်အပြုံလိုက် မီးရှို့သတ်ဖြတ်ပြခဲ့သည့်ဖြစ်စဉ်အတွင်း စစ်ဘေးရှောင်ပြည်သူများအား ကူညီပေးနေသည့် Save The Children မှ ဝန်ထမ်းနှစ်ဦးလည်း ပါဝင်သွားခဲ့ပါသည်။ ထိုဖြစ်စဉ်အတွက်လည်း ကုလသမဂ္ဂအနေဖြင့် စိုးရိမ်ပူပန်ထိတ်လန့်တုန်လှုပ်ရကြောင်းပါသည်။ ယင်းသို့ စိုးရိမ်ပူပန် ထိတ်လန့်တုန်လှုပ်ရသည့်အကြားမှပင် အာဏာသိမ်းစစ်ကောင်စီအားဆန့်ကျင်ပြီး အမျိုးသားညီညွတ်ရေးအစိုးရ(NUG)နှင့် ပူးပေါင်းခဲ့သည့် ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် သံအမတ်ကြီးဦးကျော်မိုးထွန်းကို တာဝန်ဆက်လက်တည်မြဲရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့သည်ကတော့ မြန်မာ့နွေဦးတော်လှန်ရေးအတွက် ခွန်အားတစ်ရပ်ဖြစ်စေခဲ့ပါသည်။

ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ကတော့ ဧပြီလ ၁၉ ရက်ကတည်းက ၎င်းတို့အား နေ့စဉ်နှင့်အမျှ စိုးရိမ်ပူပန်စေခဲ့သည့် 'မြန်မာအရေးအရာ အပူလုံးကြီး' ကို ငြိမ်းသတ်နိုင်ရေးအတွက် ဒေသတွင်း အဖွဲ့အစည်းတစ်ခုဖြစ်သည့် အာဆီယံအဖွဲ့ကြီး၏ အရေးပါမှုကို မီးမောင်းထိုးပြကာ ကုလသမဂ္ဂနှင့် အာဆီယံအဖွဲ့အကြား ပူးပေါင်းဆောင်ရွက်ရေး အလွန်အရေးကြီးကြောင်း ထောက်ပြပြောဆိုခဲ့ပါသည်။ ရှေ့တွင် အနီးအဖွဲ့ကြီးနှစ်ဖွဲ့၏ ပူးပေါင်းဆောင်ရွက်မှုများကို စောင့်ကြည့်ရမည်ဟု ဆိုရပါမည်။

## ဘုံ ငါးချက်နှင့် တိုင်ပတ်နေသည့် အာဆီယံ

စစ်အာဏာသိမ်းကာလ လေးလတာအတွင်း အာဏာသိမ်းစစ်ကောင်စီနှင့် အစေအပါးတစ်သိုက်၏ ပြည်သူလူထုအပေါ် အကြမ်းဖက်ခြိမ်းခြောက်၊ အကြောင်းမဲ့ ဖမ်းဆီးသတ်ဖြတ်မှုများနှင့်ပတ်သက်ပြီး အာဆီယံအဖွဲ့ကြီး၏ ထုတ်ပြန်ပြောဆိုမှု တစ်စုံတစ်ရာ မြင်တွေ့ကြားသိခွင့် မရရှိခဲ့ခြင်းကပင် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ဒေသတွင်းပြည်သူလူထုအပေါ် ထားရှိသော ပွင့်လင်းမြင်သာမှုမရှိသည့် စိတ်ရင်းစေတနာကို သက်သေပြမိပါသည်။ စစ်အာဏာသိမ်းမှုကို ဆန့်ကျင်တော်လှန်နေကြသော နွေဦးတော်လှန်ရေး၏ အလွှာအသီးသီးတွင် ပါဝင်နေကြသော မြန်မာပြည်သူလူထုသည် အာဆီယံအဖွဲ့ကြီးထံမှ စစ်အာဏာရှင်အမြစ်ပြုတ်ရေး ရောင်ခြည်ကို မျှော်လင့်သည်မျိုးမတွေ့ရဘဲ အာဏာသိမ်းစစ်ခေါင်းဆောင် ကာချုပ်မင်းအောင်လှိုင်နှင့် အပေါင်းပါတစ်သိုက်ကသာ အာဆီယံအဖွဲ့ကြီးထံမှ အသိအမှတ်ပြုမှု တစ်စုံတစ်ရာ မျှော်လင့်နေခဲ့သည်ဟု ဆိုရပါလိမ့်မည်။

အာဆီယံအဖွဲ့ကြီးအနေဖြင့်လည်း တရုတ်နိုင်ငံနည်းတူ 'တခြားနိုင်ငံပြည်တွင်းရေး ဝင်စွက်ခြင်း မပြု' ဆိုသည့် ပြည်သူလူထုဘက်တွင် မရပ်တည်ဘဲ ဖြစ်ပေါ်လာသည့် အစိုးရများ (တစ်နည်း) ရေပေါ်ဆီ အလွှာတစ်သိုက်နှင့် ဖေါက်ရိုက်ရန်သာ အားထုတ်နေသလားဟု မေးခွန်းထုတ်ဖွယ်ဖြစ်နေပါသည်။ အကြောင်းမူ မြန်မာပြည်သူလူထု၏ ဟစ်ကြွေးတောင်းဆိုချက်များကို လျစ်လျူရှုပြီး အာဏာသိမ်းစစ်ခေါင်းဆောင် ကာချုပ်မင်းအောင်လှိုင်ကို တက်ရောက်ခွင့်ပြုခဲ့သည့် ဧပြီ ၂၄ ရက် အာဆီယံ အရေးပေါ်အစည်းအဝေးက သက်သေပြနေပါသည်။

နိုင်ငံတကာအစိုးရများ၏ တရားဝင် အသိအမှတ်ပြုခြင်း တစ်စုံတစ်ရာ မရရှိသေးသည့် အာဏာသိမ်း စစ်ခေါင်းဆောင်ကလည်း အရေးပေါ်အစည်းအဝေး တက်ရောက်ပြီး ဘုံသဘောတူညီချက် ငါးချက်ကို လက်ခံခဲ့ပါသည်။ အဆိုပါ အချက်များမှာ (၁) မြန်မာနိုင်ငံမှ အကြမ်းဖက်မှုများကို ချက်ချင်းရပ်တန့်ရေး (၂) ပြည်သူလူထု၏ အကျိုးစီးပွားအတွက် ငြိမ်းချမ်းသော အဖြေတစ်ခုကို ရှာဖွေရန် သက်ဆိုင်ရာ အဖွဲ့အစည်းများအားလုံးကြား အပြုသဘောဆောင် ဆွေးနွေးရေး (၃) အာဆီယံဥက္ကဋ္ဌ၏ သံတမန်တစ်ဦးက အထွေထွေအတွင်းရေးမှူး၏ အကူအညီဖြင့် ဖျန်ဖြေပေးရေး (၄) အာဆီယံ၏ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ ညှိနှိုင်းဆောင်ရွက်ရေးစင်တာ (AHA Centre) မှ လူသားချင်း စာနာထောက်ထားမှု အကူအညီပေးအပ်ရေး (၅) သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့်တွေ့ဆုံရန် အထူးကိုယ်စားလှယ်နှင့် ကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ သွားရောက်ရေးတို့ ဖြစ်ပါသည်။

သို့နှင့်တိုင် အောက်တိုဘာ ၂၆ ရက်၊ အာဆီယံ ထိပ်သီး အစည်းအဝေးကျင်းပချိန်အထိ ခြောက်လတာ အတွင်း အာဆီယံ ဥက္ကဋ္ဌ၏ သံတမန်တစ်ဦး ခန့်အပ်နိုင်ခြင်းမှအပ အခြားမည်သည့် သဘောတူညီမှုကိုမျှ အကောင်အထည်ဖော်နိုင်ခြင်း မရှိသည်ကို တွေ့ရသည်။ ၂၀၂၂ ခုနှစ်အတွက် အာဆီယံ အလှည့်ကျ ဥက္ကဋ္ဌတာဝန်အတွက် ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်ဆန်က တာဝန်လွှဲပြောင်းယူခဲ့ပြီး အာဆီယံအထူးကိုယ်စားလှယ်အား မြန်မာနိုင်ငံအတွင်း ဝင်ရောက်ရေးနှင့် သက်ဆိုင်သူများအားလုံး ပါဝင်သည့် ညှိနှိုင်းဆောင်ရွက်ခွင့်ရရေးအတွက် အာဏာသိမ်း စစ်ခေါင်းဆောင်အား ဖိအားပေးမည်ဟု ၎င်း၏ကြေညာချက်တွင် ဖော်ပြခဲ့ပါသည်။

လက်တွေ့တွင်တော့ အာဆီယံဥက္ကဋ္ဌသာ ကိုင်ဆောင်ရသော 'တူ' လွှဲပြောင်းရယူပြီးသည့် ဟွန်ဆန်က မြန်မာပြည်သူလူထု၏ ဟစ်ကြွေးတောင်းဆိုမှုများကို မျက်ကွယ်ပြုကာ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ ၇ ရက်တွင် မြန်မာနိုင်ငံသို့ ရောက်ရှိလာပြီး အာဏာသိမ်းစစ်ခေါင်းဆောင်နှင့် တွေ့ဆုံဆွေးနွေးခဲ့ပါသည်။ အာဆီယံဥက္ကဋ္ဌသစ် ဟွန်ဆန်အနေဖြင့် ၎င်းလုပ်ရည်ကိုင်ရည်ကို ပြသလိုခြင်းကြောင့်လား၊ 'ပုလင်းတူ ဘူးဆို့' အာဏာရှင်ကို အားပေးလို၍လား အတိအကျ မသိရသော်လည်း စစ်အာဏာရှင်စနစ် အမြစ်ပြုတ်ရေးအတွက် ပန်းတိုင်ပြုဦးတည်နေသည့် မြန်မာ့နွေဦးလှန်ရေးအတွက်မူ ဟွန်ဆန်နှင့် အာဏာသိမ်းစစ်ခေါင်းဆောင်တို့တွေ့ဆုံခြင်းသည်စိုးစဉ်းမျှပင် အထောက်အကူမပြုခဲ့ဟု ဆိုရပါမည်။ အကြောင်းမူ ဟွန်ဆန်၏ မြန်မာပြည်ခရီးစဉ်နောက်ပိုင်း အာဏာသိမ်းစစ်ကောင်စီနှင့် အစေအပါး၏ လေကြောင်းတိုက်ခိုက်မှုများ၊ ထိုးစစ်ဆင်မှုများသည် တိုင်းနှင့် ပြည်နယ်အလိုက် စုစံ တော်လှန် စစ်ဆင်နွှဲနေကြသည့် ပြည်သူ့ကာကွယ်ရေးအဖွဲ့များနှင့် အရပ်သားပြည်သူများအပေါ် ပိုမို ပြင်းထန်လာခြင်းကြောင့် ဖြစ်ပါသည်။

ချုပ်၍ဆိုရသော် အာဆီယံဥက္ကဋ္ဌသစ် ဟွန်ဆန်အပါအဝင် အာဆီယံအဖွဲ့နှင့် အာဏာသိမ်း စစ်ခေါင်းဆောင် ကာချုပ်မင်းအောင်လှိုင်တို့အကြား ရရှိထားသည့် ဘုံသဘောတူညီချက်က အာဆီ

ယံ၏ ရပ်တည်လုပ်ဆောင်ချက်များသည် မြန်မာပြည်သူလူထုအတွက် ပြတ်သားသည့် ဆောင်ရွက်ချက်မျိုးကိုမမြင်တွေ့ရဘဲ အာဏာသိမ်းစစ်အုပ်စုအတွက်သာ အခွင့်လှပေးထားသည့် အာဏာတည်မြဲရေး၊ အရပ်သားပြည်သူများအပေါ် အကြမ်းဖက် ဖိနှိပ်ဖြိုခွင်းရေးလုပ်ရပ်များ ကျူးလွန်ချိန် ပိုမိုရရှိရေးအတွက် အချိန်ရရှိနေသည်ကို သတိပြုမိပါသည်။

အာဆီယံအလှည့်ကျ ဥက္ကဋ္ဌဟွန်ဆန်ကတော့ ၎င်း၏ မြန်မာပြည်ခရီးစဉ်အလွန် ဇန်နဝါရီ ၂၆ ရက်တွင် အာဏာသိမ်းစစ်ခေါင်းဆောင် ကာချုပ်မင်းအောင်လှိုင်နှင့် အွန်လိုင်းမှ ချိတ်ဆက်ဆွေးနွေးခဲ့ပြီး ဘုံသဘောတူညီချက် ငါးချက် လိုက်နာဖို့၊ အကြမ်းဖက်မှုလုပ်ရပ်များ အဆုံးသတ်ဖို့နှင့် မြန်မာပြည်သူလူထုအား လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ပေးအပ်ခွင့်ပြုဖို့ တောင်းဆိုခဲ့ကြောင်း ကမ္ဘောဒီးယားနိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့ပါသည်။ ဟွန်ဆန်သည် အာဏာသိမ်းစစ်ခေါင်းဆောင်အတွက် ကူဖော်လောင်ဖက်ဖြစ်လာမလား ဆိုသည်ကတော့ သတိထားစောင့်ကြည့်ရမည်ဖြစ်သည်။

မြန်မာပြည်သူလူထုအတွက်မူ ဖွန်လ ၁၇ ရက်နေ့ ကုလသမဂ္ဂအထွေထွေညီလာခံအတွင်း မဲခွဲဆုံးဖြတ်ကတည်းက အမျိုးသားညီညွတ်ရေးအစိုးရ(NUG)ကို ကိုယ်စားပြုသည့် သံအမတ်ကြီးဦးကျော်မိုးထွန်းအပါအဝင် အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူနှင့် ဗီယက်နမ်နိုင်ငံတို့သည်မိမိတို့၏ နေ့ဦးတော်လှန်ရေးအတွက် ရပ်တည်ခဲ့သည်ကိုတွေ့မြင်ရပြီး ဖြစ်သကဲ့သို့ ထိုင်း၊ ဘရူနိုင်းနှင့်ဟွန်ဆန်၏ ကမ္ဘောဒီးယားနိုင်ငံတို့သည် တရုတ်၊ ရုရှားနိုင်ငံများနည်းတူ နိုင်မည့် မြင်း ဘက်တွင်လောင်းကြေးထပ်မည့်သူများအဖြစ် သတိပြုမိနေကြပြီဟု ဆိုရပါမည်။ ဥရောပသမဂ္ဂ (EU) နိုင်ငံများအပါအဝင် ရာနှင့်ချီသော ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများသည်လည်း အာဆီယံ ဘုံသဘောတူညီချက်ငါးချက် အကောင်အထည်ဖော်မှုကို အမြဲတစေစောင့်ကြည့်နေကြပါသည်။

အာဆီယံအဖွဲ့သည် အာဏာရှင်များအတွက် ဖွဲ့စည်းထားသည့် ရေပေါ်စီအသိုင်းအဝိုင်းတစ်ခုလားဆိုသည်က မြန်မာ့နွေဦးတော်လှန်ရေးကာလအတွင်း ထွက်ပေါ်လာသော မေးခွန်းတစ်ခု ဖြစ်လာပါသည်။ ၈၈ မျိုးဆက်ခေါင်းဆောင်များနှင့် စုဖွဲ့ထားသည့် ၈၈ မျိုးဆက်ငြိမ်းချမ်းရေးနှင့် ပွင့်လင်း လူ့အဖွဲ့အစည်းကတော့ အာဆီယံအဖွဲ့အနေဖြင့် အကြမ်းဖက်အာဏာလုစစ်ကောင်စီကို လူရာသွင်းရန်ကြိုးပမ်းမှုအပေါ် ပြင်းထန်စွာကန့်ကွက် ရှုတ်ချပြီး စစ်ကောင်စီ၏ အကြမ်းဖက်သတ်ဖြတ်မှုများအတွက် တာဝန်ခံရလိမ့်မည်ဟု ဧပြီလ ၁၉ ရက်ကတည်းက ထုတ်ပြန်ခဲ့ပါသည်။

## အိန္ဒိယ ဘာလုပ်နေသလဲ

ဒီမေးခွန်းအတွက် အဖြေသည် ရှာဖွေရခက်ခဲ့ပါလိမ့်မည်။ သို့သော် အာဏာသိမ်းစစ်အုပ်စုနှင့် ပတ်သတ်ပြီး နှုတ်ဆိတ်နေခဲ့သည့် နိုင်ငံဟုတော့ ဆိုနိုင်ပါသည်။ ထူးခြားသည်ကတော့ ၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၂၂ ရက်၊ ၂၃ ရက်နေ့များအတွင်း လာရောက်ခဲ့သည့် အိန္ဒိယနိုင်ငံခြားရေးဌာန အတွင်းဝန်၏ မြန်မာပြည်ခရီးစဉ်ဖြစ်သည်။ မြန်မာနိုင်ငံနှင့် ရှည်လျားသည့် နယ်နိမိတ်ချင်းထိစပ်နေသည့် အိန္ဒိယနိုင်ငံအတွက် မြန်မာနိုင်ငံအတွင်း ဖြစ်ပေါ်ပြောင်းလဲမှုများသည် သက်ရောက်မှုကြီးမားသည်ကတော့ ငြင်းပယ်၍ မရဟု ဆိုရပါမည်။ ဒီဇင်ဘာ ဒုတိယအပတ်ထဲတွင် မြန်မာဘက်တွင် ဖမ်းဆီးရမိထားသည့် နယ်စပ်အခြေစိုက် အိန္ဒိယတော်လှန်ရေးတပ်ဖွဲ့ဝင် ငါးဦးကို အာဏာသိမ်းစစ်ကောင်စီက အိန္ဒိယရဲတပ်ဖွဲ့သို့ လွှဲပြောင်းပေးခဲ့ကြောင်း AP သတင်းဌာနက ဖော်ပြခဲ့ပါသည်။

အာဏာသိမ်းစစ်ခေါင်းဆောင် ကာချုပ်မင်းအောင်လှိုင်နှင့်တွေ့ဆုံခဲ့သည့် အိန္ဒိယနိုင်ငံခြားရေးအတွင်းဝန်က မြန်မာနိုင်ငံ ဒီမိုကရေစီ အမြန်ဆုံးပြန်လည်ရရှိရေး၊ ဖမ်းဆီးထိန်းသိမ်းခံထားရသူများ အမြန်ဆုံးပြန်လွှတ်ပေးရေးနှင့် အကြမ်းဖက်မှုအားလုံးကို လုံးဝရပ်ဆိုင်းရန်ဆိုသည့် ကြေညာချက်တစ်ခုသာ ထုတ်ပြန်နိုင်ခဲ့ပါသည်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အပါအဝင် နိုင်ငံရေးပါတီများ၏ ခေါင်းဆောင်များနှင့် တွေ့ဆုံခဲ့ကြောင်းကိုလည်း ပဟေဠိဆန်စွာ သတင်းပါးခဲ့သည်အတွက် အာဏာသိမ်းစစ်ကောင်စီ၏ ဖမ်းဆီးခြင်းမှ လွတ်မြောက်နေသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ထိပ်ပိုင်းခေါင်းဆောင်များ၏ ဝေဖန်ခြင်းခံခဲ့ရပါသည်၊

Justice for Myanmar ၏ ဇွန်လ ၁၄ ရက်နေ့ ထုတ်ပြန်ချက်တွင်တော့ အိန္ဒိယအစိုးရမှ ရှယ်ယာအများစု ပိုင်ဆိုင်သည့် Bharat Electronics Limited (BEL) သည် အာဏာသိမ်းစစ်ကောင်စီထံသို့ ကမ်းရိုးတန်း စောင့်ကြည့်စစ်ဆေးရေး စနစ် ပါဝင်သော ရေဒါနည်းပညာဆိုင်ရာ အထောက်အကူပစ္စည်းများ ပေးပို့ခဲ့သည်ဟု ဆိုပါသည်။ BEL သည် ဆွီဒင်၊ ပြင်သစ်၊ နယ်သာလန်၊ ဒိန်းမတ်၊ အစ္စရေး၊ အီတလီစသည့် နိုင်ငံများမှ နည်းပညာကုမ္ပဏီများနှင့် ပူးတွဲလုပ်ကိုင်နေပြီး အမေရိကန်၊ ဂျပန်၊ တောင်ကိုရီးယား၊ ဗြိတိန်စသည့် နိုင်ငံများမှ ကုမ္ပဏီကြီးများတွင်လည်း အစုရှယ်ယာ အများအပြား ထည့်ဝင်ထားသည့် ကုမ္ပဏီဖြစ်ပါသည်။

> **စစ်အာဏာရှင်စနစ် အမြစ်ပြုတ်ချေမှုန်းရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု တည်ဆောက်ရေးအတွက် ဦးတည်နေသည့် မြန်မာ့နွေဦးတော်လှန်ရေး ကာလအတွင်း အိန္ဒိယနိုင်ငံ၏ ရပ်တည်ချက်သည် တရုတ်နိုင်ငံကဲ့သို့ နိုင်မည့်မြင်း ကို စောင့်ကြည့်နေသည့် အနေအထားထက် နှစ်ဖက်ခွထိုင်ထားသည့် အခြေအနေတွင် ရှိနေကြောင်း ...**

တစ်ဖက်တွင်တော့ အာဏာသိမ်းစစ်ကောင်စီတပ်များနှင့် ချင်းဒေသကာကွယ်ရေးတပ်ဖွဲ့များအကြား တိုက်ပွဲများ ဖြစ်ပွားနေသည့် ချင်းပြည်နယ်တစ်ခုလုံးမှမြို့နယ်များအပါအဝင် စစ်ကိုင်းတိုင်း၊ ကလေးမြို့နယ်တို့မှ ဒေသခံ ပြည်သူ ပေါင်း သောင်းနှင့်ချီကာ အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ်အတွင်း ထွက်ပြေးတိမ်း ရှောင်နေကြရပါသည်။ မီဇိုရမ်ပြည်နယ် အစိုးရအနေဖြင့် မြန်မာပြည်ဘက်မှ ရောက်ရှိလာသည့် စစ်ဘေးရှောင် ၁၀၀၀၀ ကျော်ကို ဒုက္ခသည် အသိအမှတ်ပြုကတ်ပြား(Refugee ID) ထုတ်ပေးရန် စီစဉ်နေပါကြောင်း သိရပါသည်။

ချုပ်၍ ဆိုရသော် စစ်အာဏာရှင်စနစ် အမြစ်ပြုတ်ချေမှုန်းရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုတည်ဆောက်ရေးအတွက် ဦးတည်နေသည့် မြန်မာ့နွေဦးတော်လှန်ရေး ကာလအတွင်း အိန္ဒိယနိုင်ငံ၏ ရပ်တည်ချက်သည် တရုတ်နိုင်ငံကဲ့သို့ 'နိုင်မည့်မြင်း' ကို စောင့်ကြည့်နေသည့် အနေအထားထက် နှစ်ဖက်ခွထိုင်ထားသည့် အခြေအနေတွင်ရှိနေကြောင်း ရှုမြင်မိပါသည်။

## E U နှင့် နိုင်ငံတကာအသိုင်းအဝိုင်း

ဂျာမနီ၊ ပြင်သစ်၊ ဩစတြီးယား၊ ဒိန်းမတ်၊ ချက် စသည့် နိုင်ငံပေါင်း ၂၇ နိုင်ငံ ပါဝင်သည့် ဥရောပသမဂ္ဂ (EU)၏ မူဝါဒဆိုင်ရာ အကြီးအကဲကတော့ မြန်မာအာဏာသိမ်းစစ်တပ်၏ လုပ်ရပ်များကို တရားဝင်မှုဖြစ်စေမည့် အပြုအမူများမပြုလုပ်မိစေရန် အသေအချာဆောင်ရွက်နေပြီး မြန်မာပြည်သူလူထုအပေါ် ဆက်လက် ပံ့ပိုးပေးသွားမည့်အကြောင်း ဖေဖော်ဝါရီ ၉ ရက်၊ ဥရောပကော်မရှင် ဆွေးနွေးပွဲအဖွင့်တွင် ထုတ်ဖော်ပြောဆိုခဲ့ပါသည်။ ထို့ပြင် ၂၀၁၆ ခုနှစ်ကတည်းက စတင်ကာ ငွေကြေးထောက်ပံ့ပေးလာသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ပြုပြင်ပြောင်းလဲရေး အကူအညီစီမံကိန်းကိုလည်း ယာယီ ရပ်ဆိုင်းလိုက်ကြောင်း ဖေဖော်ဝါရီ ၁၆ ရက်တွင် ကြေညာခဲ့ပါသည်။

အာဏာသိမ်းစစ်အုပ်စုအနေဖြင့် ပြည်သူများအပေါ် အကြမ်းဖက်မှုများ ရပ်တန့်ရန်၊ ဖမ်းဆီးထားသူအားလုံး ပြန်လွှတ်ပေးရန်၊ စစ်အုပ်ချုပ်ရေးနှင့် နိုင်ငံတော်အရေးပေါ် အခြေအနေ ကြေညာထားသည်ကို ရုပ်သိမ်းပေးရန်၊ ဆက်သွယ်ရေးကန့်သတ်ထားမှုများ ပယ်ဖျက်ပေးရန်နှင့် ဒီမိုကရေစီနည်းကျ ရွေးကောက်တင်မြှောက်ထားသော အစိုးရကို အာဏာပြန်လည်ပေးအပ်ရန် မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂသံရုံးနှင့် ဥရောပသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများ၏ သံရုံးများက မတ်လ ၁၉ ရက်တွင် ထုတ်ပြန်ခဲ့သည်။ ထို့ပြင် အာဏာသိမ်း စစ်ခေါင်းဆောင် ကာချုပ်မင်းအောင်လှိုင် အပါအဝင် စစ်တပ်အရာရှိ ၁၀ ဦးနှင့် ၎င်းတို့ အသစ်ခန့်အပ်လိုက်သည့် ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌတို့အား အရေးယူပိတ်ဆို့မှုစာရင်းတွင် ထည့်သွင်းခဲ့သည်။

ထို့ပြင် အာဏာသိမ်းစစ်အုပ်စုမှ အဓိကထိန်းချုပ်ထားသည့် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက် (MEHL)နှင့် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း (MEC) တို့၏ ပိုင်ဆိုင်မှုများကို ထိန်းချုပ်ခြင်းနှင့် ဗီဇာ ပိတ်ပင်ခြင်းတို့ကိုလည်း တစ်ပြိုင်နက်ပြုလုပ်ခဲ့ကြောင်း မတ် ၁၉ ရက် ထုတ်ပြန်ချက်တွင် ဖော်ပြထားပါသည်။ စစ်အာဏာသိမ်းမှုကို ငြိမ်းချမ်းစွာဆန္ဒ ဖော်ထုတ်ပြသနေသည့် မြန်မာပြည်သူလူထုအပေါ် အာဏာသိမ်းစစ်ခေါင်းဆောင်နှင့် အစေအပါးတစ်သိုက်က အကြမ်းဖက်ဖြိုခွင်း ဖမ်းဆီးသတ်ဖြတ်မှုများ ပိုမိုပြုမူကျူးလွန်လာချိန် ဧပြီလ ၅ ရက်တွင်တော့ မြန်မာနိုင်ငံအတွင်းရှိ ၎င်းတို့ဆောင်ရွက်နေသော ဖွံ့ဖြိုးရေးစီမံကိန်းများအားလုံးကို လုံးဝရပ်ဆိုင်းကြောင်းကြေညာခဲ့ပါသည်။ မြန်မာနိုင်ငံစစ်အာဏာသိမ်းကာလအတွင်း အာဏာသိမ်းစစ်အုပ်စုအပေါ် ဖိအားပေးသည့် ဥရောပသမဂ္ဂ (EU) ၏ ပြုမူလုပ်ဆောင်ချက်များသည် ပိုမို မြန်ဆန်နေသည်ကို တွေ့ရပြီး စစ်အာဏာသိမ်းမှု ဆန့်ကျင်သော မြန်မာပြည်သူလူထုတစ်ရပ်လုံးအတွက် စိတ်အားတက်ဖွယ်ဖြစ်ခဲ့သည်ဟု ဆိုရပါမည်။

နွေဦးတော်လှန်ရေးကာလအတွင်း ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ (CRPH) မှ တစ်ဆင့် ဖွဲ့စည်းပေါ်ထွက်လာသည့် အမျိုးသားညီညွတ်ရေးအစိုးရ (NUG) နှင့် ပတ်သက်ပြီးလည်း နဂို ကတည်းက ထိတွေ့ဆက်ဆံမှုများ ရှိနှင့်ပြီးဖြစ်ကြောင်း ဥရောပသမဂ္ဂ လုံခြုံရေးနှင့် နိုင်ငံခြားရေးရာ မူဝါဒဌာန ပြောခွင့်ရပုဂ္ဂိုလ် မစ္စနာဘီလာ မက်စ်ရာလီ(Nabila Massrali)က ဧပြီ ၂၀ ရက်တွင် အသိ ပေးခဲ့ပါသည်။ တိုင်းရင်းသားနှင့် အမျိုးသမီးများ ပါဝင်ဖွဲ့စည်းထားသည့် NUG သည် မြန်မာနိုင်ငံ အတွင်း လက်ရှိဖြစ်ပွားနေသည့် အကျပ်အတည်းများကိုဖြေရှင်းရာတွင် အရေးပါသည့် အခန်းကဏ္ဍ တွင် ရှိနေကြောင်း သူမက သုံးသပ် ရှုမြင်နေပါသည်။

EU နှင့်အတူ အခြားသော နိုင်ငံတကာအသိုင်းအဝိုင်းအတွင်း မြန်မာနိုင်ငံစစ်အာဏာသိမ်းမှုအပေါ် အလေးအနက်ထား ဖိအားပေးသည့် နိုင်ငံများရှိသကဲ့သို့ 'နိုင်မည့်မြင်း' လောင်းမည့် အစုအဖွဲ့များကို

လည်း မြင်တွေ့ရပါသည်။ ထို့အပြင် အာဏာသိမ်းစစ်အုပ်စုနှင့် ခုခံဆန့်ကျင်နေသော မြန်မာပြည်သူလူထုကိုယ်စားပြု အစုအဖွဲ့များအကြား နှစ်ဖက်စလုံးတွင် ပါဝင်ပတ်သက်နေသည့် နိုင်ငံများကိုလည်း သတိပြုမိပါသည်။

မကြာသေးခင်ကမှ EU မှ နုတ်ထွက်ထားသည့် ဗြိတိန်အစိုးရအနေဖြင့် မြန်မာနိုင်ငံ စစ်အာဏာသိမ်းမှု လေးရက်မြောက်နေ့ကတည်းက နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဖမ်းဆီးထိန်းသိမ်းခံထားရသော နိုင်ငံရေးခေါင်းဆောင်များအားလုံးကို ချက်ချင်း ပြန်လွှတ်ပေးရန် တောင်းဆိုခဲ့ပြီး မြန်မာနိုင်ငံအတွင်း ဒီမိုကရေစီနောက်ကြောင်းပြန်မှုများ မဖြစ်ရေး ဆက်လက် လုပ်ဆောင်သွားမည်ဟု ဆိုပါသည်။ မြန်မာ့အရေးနှင့်ပတ်သက်ပြီး ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ (UNHRC) အထူးအစည်းအဝေး ခေါ်ယူပေးရန်အတွက်လည်း ဗြိတိန်သံအမတ်ကြီး ဂျူလီယန်ဘရိုက်ဝိတ်သ်(Dame Barbara Woodward) က ဖေဖော်ဝါရီ ၈ ရက်တွင် EU နှင့်အတူ ရပ်တည်တောင်းဆိုခဲ့ပါသည်။

ဖေဖော်ဝါရီ ၁၈ ရက်တွင် ဂျပန်အမျိုးသားလုံခြုံရေး ဗျူရိုအကြီးအကဲ မစ္စတာရှိဂဲရုကီတာ မူရာ (Shigeru Kitamura) နှင့် အမေရိကန်သမ္မတ၏ အမျိုးသားလုံခြုံရေးအကြံပေး ဂျိတ်ဆူလီဗန်(Jake Sullivan)တို့ မြန်မာ့အအရေးနှင့်ပတ်သက်ပြီး တယ်လီဖုန်းဖြင့် ဆက်သွယ်ဆွေးနွေးခဲ့သကဲ့သို့ ဂျပန်၊ အမေရိကန်၊ သြစတြေးလျနှင့် အိန္ဒိယနိုင်ငံများအကြား နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရေးသဘောတူညီခဲ့သည်ဟု သိရပါသည်။ တောင်ကိုးရီးယား အမျိုးသား လုံခြုံရေးကောင်စီ (NSC)ဆိုလျှင်လည်း စစ်တပ်အာဏာသိမ်းမှုကြောင့် မတည်မငြိမ်ဖြစ်နေသည့် မြန်မာနိုင်ငံအရေးအတွက် စိုးရိမ်ပူပန်ကြောင်းနှင့် မြန်မာနိုင်ငံအတွင်းရှိ စစ်အာဏာသိမ်းမှု ဆန့်ကျင်သော ပြည်သူလူထုအပါအဝင် ၎င်းတို့၏ ကိုရီးယားနိုင်ငံသားများ၏ လုံခြုံရေးအတွက်လည်း အကာအကွယ်ပေးနိုင်ရေး လုပ်ဆောင်သွားမည် အကြောင်း ထုတ်ဖော်ပြောဆိုလာပါသည်။

နော်ဝေးနိုင်ငံ၊ နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးကလည်း စစ်အာဏာသိမ်းမှုနှင့်အတူပြောင်းလဲသွားသော မြန်မာနိုင်ငံအတွင်း အခြေအနေများကြောင့် နှစ်နိုင်ငံအစိုးရအဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်နေသည့် အသိပညာပေးဆိုင်ရာ အစီအစဉ်များအားလုံးကို ရပ်ဆိုင်းလိုက်ပြီဖြစ်ကြောင်း ဖေဖော်ဝါရီ တတိယအပတ်ထဲတွင် ကြေညာခဲ့ပါသည်။ ကနေဒါနိုင်ငံဆိုလျှင်လည်း မြန်မာနိုင်ငံအတွင်း စစ်အာဏာသိမ်းမှုကို တုံ့ပြန်သည့်အနေဖြင့် အာဏာသိမ်းစစ်ခေါင်းဆောင် ကာချုပ်မင်းအောင်လှိုင်နှင့် အပေါင်းပါ ကိုးဦးကို စီးပွားရေးအရ ပိတ်ဆို့အရေးယူကြောင်း ကြေညာခဲ့ပါသည်၊

ချုပ်၍ဆိုရသော် ကာချုပ်မင်းအောင်လှိုင် ဦးဆောင်သော မြန်မာနိုင်ငံအတွင်း စစ်အာဏာသိမ်းမှုကြောင့် ဖြစ်ပေါ်လာသည့် နိုင်ငံတကာ အသိုင်းအဝိုင်း ဖိအားပေးမှုများ၊ ပိတ်ဆို့အရေးယူမှုများသည် အာဏာသိမ်းစစ်အုပ်စုကိုသာ အဓိကပစ်မှတ်ထားသည်ကိုတွေ့ရသည့်အပြင် ရွေးကောက်ခံအစိုးရများ အုပ်ချုပ်စဉ်ကာလအတွင်း ရရှိခဲ့သည့် မြန်မာပြည်သူလူထု၏ အခွင့်အရေးများ၊ အကျိုးစံစားခွင့်များပါ ဆုံးရှုံးခဲ့ရသည်ကို တွေ့ရှိရပါသည်၊

စစ်အာဏာသိမ်းကာလအတွင်း မြန်မာနိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ရပ်ဆိုင်းထွက်ခွာသော အင်အားကြီး လုပ်ငန်းပေါင်း ဆယ်နှင့်ချီပြီး ရှိနေပြီဖြစ်သည်။ ထိုအနက် ပြင်သစ်နိုင်ငံမှ Total ရွှမ်းအင်လုပ်ငန်း၊ အမေရိကန်မှ Chevron ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ အိန္ဒိယမှ Andani Ports ဆိပ်ကမ်းစီမံကိန်း၊ ဗြိတိန်မှ ဆေးလိပ်ထုတ်လုပ်ရေးကုမ္ပဏီ၊ နော်ဝေးမှ Telenor ဆက်

သွယ်ရေးကုမ္ပဏီ၊ တောင်ကိုးရီးယားမှ POSCO သံမဏိလုပ်ငန်း၊ ဩစတြေးလျမှ Woodside ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ဂျာမနီမှ Metro ကုန်တိုက်နှင့် လက်လီလက်ကား အရောင်းအဝယ်လုပ်ငန်း စသဖြင့် အင်အားကြီးရင်းနှီးမြှုပ်နှံမှုလုပ်ငန်းကြီးများ ပါဝင်နေပါသည်။

နွေဦးတော်လှန်ရေးကာလအတွင်း နိုင်ငံတကာအစိုးရများနည်းတူ အစိုးရမဟုတ်သော နိုင်ငံတကာ အရပ်ဘက်အဖွဲ့အစည်းများ၏ စစ်အာဏာသိမ်းမှုဆန့်ကျင်ရေး ပူးပေါင်းဆောင်ရွက်မှုများကိုလည်း မြင်တွေ့ခဲ့ရပါသည်။ ဧပြီလ ဒုတိယအပတ်အတွင်း လှုပ်ရှားခဲ့သည့် ဟောင်ကောင်၊ ထိုင်ဝမ်၊ ထိုင်း၊ အင်ဒိုနီးရှား၊ အိန္ဒိယနှင့် မြန်မာနိုင်ငံသားများ ပူးပေါင်းပါဝင်သော 'Milk Tea Alliance' စစ်အာဏာရှင်ဆန့်ကျင်ရေးလှုပ်ရှားမှု၊ ဒီမိုကရေစီအရေးလှုပ်ရှားမှုဆိုင်ရာ အာဏာသိမ်းစစ်ခေါင်းဆောင်တိုင်းအတွက် တုန့်လှုပ်ဖွယ်မြင်တွေ့ခဲ့ရပါသည်။ နိုင်ငံတကာရောက် မြန်မာနိုင်ငံသားများ၏ စစ်အာဏာသိမ်းမှုဆန့်ကျင်ရေး လှုပ်ရှားမှုများသည်လည်း နွေဦးတော်လှန်ရေး သရုပ်သကန်ကို ပိုမိုပေါ်လွင်စေခဲ့သည်ဟု ဆိုရပါမည်။

ယခုအခါ စစ်အာဏာသိမ်းကာလ တစ်နှစ်ပြည့်အချိန်အတွင်း လက်နက်မဲ့ငြိမ်းချမ်းစွာ ဆန့်ကျင်ဆန္ဒပြခဲ့ရာမှ အာဏာသိမ်းစစ်အုပ်စု၏ အကြမ်းဖက်လုပ်ရပ်များ၊ ဖမ်းဆီးသတ်ဖြတ်မှုများကြောင့် မြန်မာပြည်သူလူထုအနေဖြင့် ရရာလက်နက်စွဲကိုင်ပြီး မိမိကိုယ်မိမိ စုစည်းကာကွယ်ခြင်းမှတစ်ဆင့် စစ်အာဏာရှင် အမြစ်ပြတ်ချေမှုန်းရေးအထိ ဦးတည်ကာ စုစုစည်းတော်လှန်စစ် ကျယ်ပြန့်လာခဲ့ခြင်းသည် ကမ္ဘာ့နိုင်ငံများ၏ မြန်မာ့အရေး အလေးပေးဆောင်ရွက်နိုင်ခြင်း၏ အရေးပါမှုကို ပြသနေပါသည်။ ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအသိုင်းအဝိုင်း၏ စိုးရိမ်ပူပန်မှုများ၊ တုန့်လှုပ်ချောက်ချားမှုများကြားက အာဏာသိမ်းစစ်အုပ်စု၏ အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုဖြစ်စဉ်များ၊ လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်မှုများကို မြင်တွေ့နေရခြင်းသည်ပင် နိုင်ငံတကာအသိုင်းအဝိုင်း၏ လုပ်ဆောင်ချက်များသည် မြန်မာနိုင်ငံ စစ်အာဏာသိမ်းမှုကျရှုံးရေးအတွက် လုံလောက်ခြင်း မရှိသေးသည်ကို ပြသနေပါသည်။

## သုံးသပ်ချက်

မြန်မာနိုင်ငံအတွင်း စစ်အာဏာသိမ်းမှု တစ်နှစ်ပြည့် ဆန့်ကျင်ဆန္ဒပြပွဲကို ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့တော်တွင် ဩစတြီးယားရောက် မြန်မာအသိုင်းအဝိုင်းနှင့် အဆိုပါ နိုင်ငံအတွင်းရှိ စစ်အာဏာသိမ်းမှုဆန့်ကျင်ရေး ထောက်ခံသူများအပြင် ဩစတြီးယားနိုင်ငံ လွှတ်တော်အမတ်အချို့က ပါဝင်ပြုလုပ်ခဲ့ပြီး ဇန်နဝါရီ ၂၉ ရက်၊ ဗီယင်နာမြို့၏ Stephansplatz ရင်ပြင်တွင် စစ်အာဏာသိမ်းကာလအတွင်း ကျဆုံးခဲ့ရသူများအတွက် အောက်မေ့ဂုဏ်ပြုခဲ့ကြပါသည်၊ တောင်ကိုရီးယားနိုင်ငံ၊ ဆိုးလ်မြို့တွင်လည်း တောင်ကိုရီးယားဘုန်းတော်ကြီးများက မြန်မာသံရုံးမှ မြန်မာစစ်ကောင်စီရုံးအထိ သွားရာလမ်းတစ်လျှောက်တွင် ထိခြင်းငါးပါးဖြင့် သုံးနာရီကြာ ကြွချီပြီး အာဏာသိမ်းစစ်ကောင်စီ လက်အောက်ခံ အစေအပါးများ၏ ပစ်ခတ်၊ ဖမ်းဆီးနှိပ်စက်မှုများကြောင့် အသက်ဆုံးပါးခဲ့ရသော ဒီမိုကရေစီအရေး ဆောင်ရွက်ခဲ့သူများအတွက် ဆုတောင်းပွဲတစ်ခုကို ဇန်နဝါရီ ၂၈ ရက်တွင် ပြုလုပ်ခဲ့ပါသည်၊ မြန်မာတစ်နိုင်ငံလုံးတွင်တော့ စစ်အာဏာရှင်စနစ် အမြစ်ပြတ်ချေမှုန်းရေးအတွက် နွေဦးတော်လှန်ရေး ပွင့်ဖတ်များထဲက တစ်ခုဖြစ်သည့် ဒုတိယအကြိမ်မြောက် 'အသံတိတ်သပိတ်' ဆင်နွှဲခဲ့ကြပါသည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနအတိုင်ပင်ခံ ဒါးရက်ခ်ချိုလက်(Derek Chollet)နှင့် အမျိုးသားညီညွတ်ရေး အစိုးရ (NUG) ယာယီသမ္မတ ဒူဝါလရှီးလတို့အကြား ဇန်နဝါရီ ၂၇ ရက်က တွေ့ဆုံခဲ့ပြီး မြန်မာ့အကျပ်အတည်း ကျော်လွှားနိုင်ရေးအတွက် အာဆီယံနှင့် ကုလသမဂ္ဂ အထူးသံ ကိုယ်စားလှယ်တို့၏ ဆောင်ရွက်ချက်များအပေါ် ဆွေးနွေးခဲ့ကြပြီး အမေရိကန်အစိုးရအနေဖြင့် မြန်မာပြည်သူလူထုနှင့်အတူ ဒီမိုကရေစီရေး ပြန်လည်တည်ဆောက်နေခြင်းအပေါ် အခိုင်အမာထောက်ခံပြီး ဆက်လက် ရပ်တည်ကူညီထောက်ပံ့သွားမည့်အကြောင်း ဒါးရက်ခ်ချိုလက်က ပြောဆိုခဲ့ပါသည်။ ဒါးရက်ခ်ချိုလက်(Derek Chollet)နှင့် NUG ခေါင်းဆောင်များအကြား ယခု တွေ့ဆုံဆွေးနွေးမှုသည် ဒုတိယအကြိမ်မြောက် ဖြစ်ပါသည်။

'တခြားနိုင်ငံ၏ ပြည်တွင်းရေး ဝင်မစွက်' ဟု အသံကောင်းဟစ်နေသည့် တရုတ်အစိုးရကမူ ၎င်းတို့၏ နှစ်ကူးကာလ အားကစားပြိုင်ပွဲများ ကျင်းပရန်ရှိသည့်အတွက် ကချင်ပြည်နယ်နှင့် ရှမ်းပြည်မြောက်ပိုင်းဒေသများတွင် လှုပ်ရှားကာ နွေဦးတော်လှန်ရေးကာလအတွင်း မွေဘက်မှ ရပ်တည်ပြီး အာဏာသိမ်းစစ်အုပ်စုကို ခုခံတော်လှန်တိုက်ပွဲဝင်နေသည့် ကချင်လွတ်လပ်ရေးတပ် (KIO/KIA) ထံ စစ်ပွဲများ ရပ်တန့်ပေးရန် တိုက်တွန်းထားသည်ဟု KIO/KIA က ထုတ်ပြန်ပါသည်။ ဇန်နဝါရီ ၂၈ ရက်၊ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ မြန်မာ့အရေးတံခါးပိတ်အစည်းအဝေးတွင်လည်း မြန်မာနိုင်ငံအတွင်း ပြည်တွင်းစစ်ဖြစ်မလာရေးအတွက် အဓိကရည်မှန်းသင့်ကြောင်း ကုလသမဂ္ဂဆိုင်ရာ တရုတ်သံအမတ်က ပြောဆိုခဲ့ပါသည်။ ၎င်း၏ ပြောဆိုချက်ကို ထောက်ရှုသော် မြန်မာနိုင်ငံအတွင်း ၁၉၄၈ ခုနှစ် လွတ်လပ်ရေးနှင့် ဖြစ်တည် အမြစ်တွယ်နေသည့် ပြည်တွင်းစစ်မီးနှင့် စစ်ဘေးဒုက္ခသည်များကို လျစ်လျူရှုထားပုံရပါသည်။ မြန်မာနိုင်ငံအတွင်း ပြည်နယ်၊ ပြည်မ၊ မြို့ပြကျေးလက်၊ နယ်မြေဒေသအလိုက် တစ်တိုင်းပြည်လုံး ခုခံတော်လှန်စစ် အပြန့်ကျယ်လာခြင်းသည် အာဏာသိမ်းစစ်ခေါင်းဆောင်ကာချုပ် မင်းအောင်လှိုင်နှင့် အစေအပါးတစ်သိုက်၏ အမွှအာဏာလုယူခြင်း၏ နောက်ဆက်တွဲရလဒ်များဖြစ်ကြောင်းကိုမူ တရုတ်သံအမတ်အနေဖြင့် လျစ်လျူရှုထားသည်ကို သတိပြုမိပါသည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီ အလှည့်ကျ ဥက္ကဋ္ဌ နော်ဝေးနိုင်ငံ သံအမတ်ကြီးကတော့ မြန်မာနိုင်ငံအတွင်း စစ်အာဏာသိမ်းကာလ တစ်နှစ်ပြည့်အချိန်အတွင်း နိုင်ငံရေး၊ စီးပွားရေး၊ လူ့အခွင့်အရေးနှင့် လူသားစာနာမှုဆိုင်ရာ အကူအညီရရှိနိုင်မှု စသဖြင့် ဆိုးဝါးသည့် အခြေအနေများ ကြုံတွေ့နေရပြီး နိုင်ငံပြိုလဲမည့် အနေအထားအထိ ရောက်ရှိနေပြီဟု တံခါးပိတ်အစည်းအဝေးတွင် သုံးသပ်ပြောဆိုခဲ့ပါသည်။ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂလူ့အခွင့်အရေး အထူးကိုယ်စားလှယ် တွမ်အန်ဒရူးကလည်း အာဏာသိမ်းစစ်ကောင်စီနှင့် အစေအပါးတစ်သိုက်သည် မြန်မာပြည်သူလူထုအပေါ် ရန်သူသဖွယ် ပြုမူဆက်ဆံနေကြောင်း ရှုမြင်ပြောဆိုထားပါသည်။ ထို့ပြင် အာဏာသိမ်းစစ်ခေါင်းကာချုပ်မင်းအောင်လှိုင်သည်လည်း အာဆီယံအပါအဝင် နိုင်ငံတကာအသိုင်းအဝိုင်းတစ်ခုလုံးကို ခြောင်ကျကျ လိမ်လည်နေကြောင်း မစ္စတာတွမ်အန်ဒရူးက ယခုလိုသုံးသပ်ပါသည်။

"ဧပြီလကလုပ်ခဲ့တဲ့ ၂၄ ကြိမ်မြောက် အာဆီယံထိပ်သီးဆွေးနွေးပွဲမှာ ဒီ ၅ ချက် သဘောတူညီချက်ချမှတ်ခဲ့တာကို မင်းအောင်လှိုင်ကတော့ ဝါဒဖြန့်ပြီး ဝိုင်းကြဲစည်တာလို့ မြင်ထားပုံရပါတယ်။ တကယ်က သူလည်း ဒီထိပ်သီးဆွေးနွေးပွဲမှာ ပါပြီးတော့ ကိုယ်တိုင် သဘောတူခဲ့တာပဲ။ ဒီ ၅ ချက်သဘောတူချက်ထဲက တစ်ခုကတော့ အကြမ်းဖက်မှုတွေကို ရပ်ဖို့ပါ။ ဒါပေမယ့် သူ မြန်မာပြည်ထဲ ပြန်ရောက်တော့ ဒါက ၅ ချက်သဘောတူထားချက်မဟုတ်ဘူးလို့ ထ လုပ်ပြန်ရော။ ဒီအချက်တွေက အကြံပေးချက်တွေသာပါလို့ သူပြောင်းပြောတယ်လေ"

အာဆီယံအလှည့်ကျ ဥက္ကဋ္ဌ ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်ဆန်ကတော့ မြန်မာပြည်သူလူထု၏ တောင်းဆိုဟစ်ကြွေးမှုများကို ဥပက္ခာပြုကာ အာဏာသိမ်းစစ်ခေါင်းဆောင်အပါအဝင် အစေအပါး တစ်သိုက်နှင့် ချိတ်ဆက်ဆွေးနွေးမှုများကို ပြောင်ပြောင်တင်းတင်း ပြုမူလျက်ရှိပါသည်။ သို့နှင့်တိုင် ဖေဖော်ဝါရီ ၁၆ ရက်နှင့် ၁၇ ရက်များတွင် ပြုလုပ်ရန် လျာထားသည့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးတွင် ဘုံသဘောတူညီချက်ငါးချက် အကောင်အထည်ဖော်မှုပေါ် မူတည်ပြီး အာဏာ သိမ်းစစ်ခေါင်းဆောင်နှင့်အစေအပါးများအား ဖိတ်ကြားသွားမည်ဟု သိရပါသည်။ သို့သော်လည်း တရုတ်နှင့် အလွမ်းသင့်သူ ဟွန်ဆန်အနေဖြင့် အာဏာသိမ်းစစ်အုပ်စု၏ သဘောတူညီချက် ငါးချက် အကောင်အထည်ဖော်မှုကို မည်ကဲ့သို့ တိုင်းတာမည်ဆိုသည်ကတော့ သံသယဖြစ်ဖွယ် ရှိပါသည်။

ချုပ်၍ ဆိုရသော် စစ်အာဏာသိမ်းကာလ တစ်နှစ်ပြည့်ချိန်အထိ မြန်မာနိုင်ငံအတွင်း မြင်တွေ့ခဲ့ရ သည့် အာဏာသိမ်းစစ်အုပ်စု၏ အကြမ်းဖက်လုပ်ရပ်များ၊ အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုဖြစ်စဉ် များ၊ အကြောင်းမဲ့ ဖမ်းဆီးသတ်ဖြတ်မှုများ၊ ဖမ်းဆီးခံပြည်သူများအား လူသားဒိုင်းအဖြစ် တိုက်ပွဲ အတွင်း အသုံးပြုမှုများ၊ လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်မှုများစသည့် လူသားမဆန်သော လုပ်ရပ်များ အတွက် တာဝန်ယူ၊ တာဝန်ခံမှုရှိစေရေးအတွက် ကြိုးပမ်းအားထုတ်ရာတွင် အာဆီယံ ဘုံသဘောတူ ညီချက် ငါးချက်ကိုသာ ဆွဲကိုင် ဖိအားပေးနေသည်ကို တွေ့ရပါသည်။ ၎င်းသဘောတူညီချက် ငါးချက်သည် တရုတ်၊ အမေရိကန်၊ ဥရောပသမဂ္ဂနှင့် ကုလသမဂ္ဂစသည်တို့၏ ဆုံချက်ဖြစ်နေသည်ဟု ဆိုရပါမည်။

လက်ရှိမြန်မာနိုင်ငံအတွင်း အာဏာသိမ်းစစ်အုပ်စု၏ အကြမ်းဖက်လုပ်ရပ်များကို ရပ်တန့်နိုင် ရေးအတွက် အရေးပါသည့် 'စစ်ရေးအရ လေယာဉ်မပျံသန်းရဇုန်များ သတ်မှတ်ကြေညာကာ လိုက် နာမှုရှိစေရန် တာဝန်ယူစောင့်ကြပ်ပေးခြင်း'၊ 'အရပ်သားပြည်သူများအား အကာအကွယ်ပေးနိုင်မည့် လုံခြုံသောနေရာများ တိကျစွာ သတ်မှတ်ကြေညာပေးခြင်း'၊ 'နိုင်ငံတကာ လူသားချင်းစာနာထောက် ထားမှုဆိုင်ရာ စင်္ကြံများကြေညာပြီး ပိတ်ပင်တားဆီးမှုမရှိဘဲ နယ်စပ်ဖြတ်ကျော်အကူအညီများပေးအပ် ခြင်း' စသည့် တောင်းဆိုချက်များသည် ဆိုခဲ့ပါသဘောတူညီချက် ငါးချက်ထက် မြန်မာပြည်သူများ အတွက် အမှန်တကယ် အကျိုးပြုနိုင်လိမ့်မည်ဟု ရှုမြင်မိပါသည်။

ထို့အပြင် အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ (NUCC) က ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ နောက်ဆုံးအပတ်အတွင်း ပြုလုပ်ခဲ့သည့် ပထမအကြိမ် ပြည်သူ့ညီလာခံမှ ထပ်မံအတည်ပြုလိုက်သည့် အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ကို တရားဝင် အသိအမှတ်ပြုရေး၊ အာဏာသိမ်းစစ်အုပ်စုအတွင်း စီးဝင်မည့် ဝင်ငွေရလမ်းကြောင်းများအား ပိတ်ဆို့အရေးယူခြင်းနှင့် ကုလသမဂ္ဂအပါအဝင် မည်သည့် အဖွဲ့အစည်းကမှ အာဏာသိမ်းစစ်အုပ်စုနှင့် ပရောပရည် မပြုမိကြရန်အတွက် နိုင်ငံတကာ အသိုင်း အဝိုင်းအနေဖြင့် ဂရုပြုသင့်ပါသည်။

နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် မြန်မာနိုင်ငံအတွင်း စစ်အာဏာသိမ်းမှုနှင့် နောက်ဆက်တွဲ အကြမ်းဖက်လုပ်ရပ်များအတွက် ဆန့်ကျင်ရှုတ်ချပြစ်တင်မှုများကို အကျယ်တဝင့် ပြုမူနေကြသည့်တိုင် ၎င်းတို့၏ ဖိအားပေးတုံ့ပြန်မှုများကမူ အာဏာသိမ်းစစ်အုပ်စုအတွက် ထိရောက်မှုမရှိခဲ့ဘဲ မြန်မာ နိုင်ငံအတွင်း ဖြစ်ပွားနေသည့် အကျပ်အတည်း အတိုင်းအတာနှင့်အညီ အရေးပေါ် တုံ့ပြန်ဆောင်ရွက် ချက်များကို မြင်တွေ့ခဲ့ရခြင်းမရှိဟု ဆိုရပါမည်။ မြန်မာပြည်သူလူထုအတွက်မူ နွေဦးတော်လှန်ရေး ကာလအတွင်း မြန်မာ့အရေး အလေးပေးခဲ့ကြသည့် ကမ္ဘာ့နိုင်ငံများကို ရှုကြည့်ရာတွင် 'နိုင်ငံမြင်း လောင်းမည့်နိုင်ငံများ' နှင့် 'စိုးရိမ်ကြီးသောနိုင်ငံများ' ကို ခွဲခြားမြင်တွေ့ခဲ့ရပြီဟု ဆိုရပါလိမ့်မည်။

ထူးခြားသည့် တွေ့ရှိချက်များအဖြစ် သတိပြုရမည်ကတော့ လက်ရှိ ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးသံကိုယ်စားလှယ် မစ္စနိုလင်ဟေဇာနှင့် အာဆီယံ အလှည့်ကျ ဥက္ကဋ္ဌ ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်ဆန်တို့၏ မြန်မာ့အရေးချဉ်းကပ်မှု ခြေလှမ်းများ ဖြစ်ပါသည်။ မစ္စနိုလင်ဟေဇာသည် မြန်မာပြည်သူလူထုတစ်ရပ်လုံးက ဆန့်ကျင်တော်လှန်နေကြသည့် အာဏာသိမ်းစစ်အုပ်စုသည် မြန်မာတစ်နိုင်ငံလုံးကို ထိန်းချုပ်ထားသည်ဟု ထင်မှတ်နေဟန်ရှိပြီး မြန်မာပြည်သူလူထု၏ 'လုံးဝ အုပ်ချုပ်ခွင့် မရစေရ' ဆိုသည့် ကြွေးကြော်သံကို ပြက်ရယ်ပြုခဲ့သည်ဟု ဆိုရပါမည်။

အလားတူ မစ္စတာဟွန်ဆန်သည်လည်း မြန်မာပြည်သူလူထု၏ စိတ်ဆန္ဒနှင့် တောင်းဆိုချက်များကို မျက်ကွယ်ပြုကာ အာဏာသိမ်းစစ်ခေါင်းဆောင်ကို သူကောင်းပြုကာ မြန်မာနိုင်ငံသို့ လာရောက် တွေ့ဆုံခဲ့သည်။ ထို့နောက် အွန်လိုင်းမှ ချိတ်ဆက်ဆွေးနွေးမှုများလည်း ပြောင်ပြောင်တင်းတင်း လုပ်ဆောင်ခဲ့ပါသည်။ ၎င်းအတွက် ရလဒ်ကာမှ ဩစတြေးလျနိုင်ငံသား မစ္စတာရှောင်တာနဲ့အား လွှတ်ပေး လိုက်ပြီဆိုသည့် သတင်းအမှားတစ်ခုသာ ရှိခဲ့သည်ဟု ဆိုရပါလိမ့်မည်။

သို့နှင့်တိုင် တရုတ်၊ ရုရှားနည်းတူ မစ္စနိုလင်ဟေဇာနှင့် မစ္စတာဟွန်ဆန်တို့၏ ရပ်တည် လုပ်ဆောင်ချက်များသည် အာဏာသိမ်းစစ်ခေါင်းဆောင်နှင့် အစေအပါးတစ်သိုက်အတွက် 'ထွက်ပေါက်' တစ်ရပ် ဖြစ်သွားနိုင်သည်ကို သတိပြုရပါမည်။ စစ်အာဏာသိမ်းကာလ တစ်နှစ်ကျော်အတွင်း အာဏာ သိမ်းစစ်ကောင်စီနှင့် အစေအပါးတစ်သိုက်၏ အကြမ်းဖက်ဖြိုခွင်း၊ ဖမ်းဆီးသတ်ဖြတ်မှုများကြောင့် ပေးဆပ်ခဲ့ရသည့် မြန်မာပြည်သူများ၏ အသက်များ၊ ဘဝများကို မြန်မာ့အရေးအလေးပေးမည့် ကမ္ဘာ့ နိုင်ငံတိုင်းအတွက် သတိပြု ချဉ်းကပ်ရလိမ့်မည်ဟု တင်ပြအပ်ပါသည်။

# အထူးလေ့လာ
# သုံးသပ်ချက်များ

# မြင်သားရွာ အစုလိုက်အပြုံလိုက် သတ်ဖြတ်မှု

(အပတ်စဉ် သတင်းသုံးသပ်ချက်၊ အမှတ်စဉ် ၂၃)

## နိဒါန်း

'သွေးကြွေးမှာ ဈေးနှုန်းစရာမရှိ'
'ဇက်ဆစ်စစ်တပ် အမြစ်ဖြတ်'
'စစ်ကျွန်ဘဝမှ လွတ်မြောက်ရေး၊ ပြည်သူ အားလုံးပါဝင်ပေး'
'နယ်ပယ်ပေါင်းစုံ ဆန့်ကျင်ပေး၊ ငါတို့တော်လှန်ရေး'

ဝေသာကြွေးကြော်သံများသည် နွေဦးတော်လှန်ရေးအတွက် လက်နက်မဲ့ ငြိမ်းချမ်းစွာ ဆန္ဒဖော်ထုတ်နေကြသည့် ပြည်သူ့လှုပ်ရှားမှုများထဲမှ အချို့သာ ဖြစ်ပါသည်။ အဆိုပါ ကြွေးကြော်သံများသည်ပင် အာဏာသိမ်းစစ်ခေါင်းဆောင်များ၏ ရက်စက်ကြမ်းကြုတ်မှုများ၊ အကြမ်းဖက်သတ်ဖြတ်မှုများကို အထင်းသား မြင်တွေ့နေရပြီး အာဏာသိမ်းစစ်ခေါင်းဆောင်များနှင့် အစေအပါးများ လက်အောက်မှ လွတ်မြောက်ရေးအတွက် ဟစ်ကြွေးမှုများ ဖြစ်ပါသည်။

စက်တင်ဘာ ၇ ရက်၊ အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ယာယီသမ္မတ ဒူဝါလရှီးလ၏ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လူထုခုခံစစ်ဆင်နွှဲကြရန် တိုက်တွန်းချက်အပြီးတွင်တော့ အာဏာသိမ်းစစ်ကောင်စီတပ်ကို ခုခံစစ်တော်လှန်ဆင်နွှဲကြရန် တိုက်တွန်းချက်အပြီးတွင်တော့ အာဏာသိမ်းစစ်ကောင်စီတပ်

၏ ၎င်းတို့အားဆန့်ကျင်သော ပြည်သူလူထုအပေါ် ရက်စက်စွာ ဖိနှိပ်သတ်ဖြတ်မှုများကို ပိုမိုမြင်တွေ့လာရပါသည်။

ယခုတစ်ပတ် Myanmar Peace Monitor ၏ အပတ်စဉ်သတင်းသုံးသပ်ချက်တွင် မကွေးတိုင်း ဂန့်ဂေါမြို့နယ်ထဲက မြင်သာရွာ အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုဖြစ်စဉ်နှင့် တွေ့ဆုံစရာများကို လက်လှမ်းမီသမျှ တင်ပြသွားပါမည်။

## ဖြစ်စဉ်

စက်တင်ဘာ ၉ ရက် နံနက် ၁၁ နာရီဝန်းကျင်တွင် မကွေးတိုင်း၊ ဂန့်ဂေါမြို့နယ်၊ မြင်သာရွာသို့ အာဏာသိမ်းစစ်ကောင်စီတပ် အင်အား ၃၀ ခန့် လာရောက်ပြီး လက်နက်ကြီးများဖြင့် စတင်ပစ်ခတ်ခဲ့သည်။ ကျေးရွာတောင်ပိုင်းရှိ နေအိမ် ၃၀ ကျော် မီးရှို့ဖျက်ဆီးခံရပြီး ကျေးရွာသားအချို့ ဖမ်းဆီးခံခဲ့ရသည့်အပြင် အသက် ၁၂ နှစ်အရွယ် ကလေး ၁၂ ဦး အပါအဝင် ရွာသား ၁၈ ဦး စစ်ကောင်စီတပ်၏ သတ်ဖြတ်ခြင်း ခံခဲ့ရပါသည်။

အမျိုးသားညီညွတ်ရေးအစိုးရ (NUG)၊ လူ့အခွင့်အရေးဆိုင်ရာ ဝန်ကြီးဌာန၏ ဖော်ပြချက်အရ ယင်းမြင်သာရွာ အစုလိုက်အပြုံလိုက် သတ်ဖြတ်ခံရခြင်းဖြစ်စဉ်တွင် ရှစ်ဦးသည် ဦးခေါင်းကို သေနတ်ဒင်ဖြင့် ထုနက်ခံထားရသလို ဦးခေါင်းသေနတ်ဒဏ်ရာဖြင့် သေဆုံးခဲ့ရပါသည်၊ သေဆုံးသူများထဲမှ သက်ကြီးရွယ်အို သုံးဦးအနက် တစ်ဦးသည် လက်ပြန်ကြိုးတုပ်ခံရပြီး နောက်ကျော ဒဏ်ရာဖြင့် သေဆုံးနေသကဲ့သို့ တခြားတစ်ဦးသည် ကုလားထိုင်တွင် ကြိုးတုပ်လျက်သား သေနတ်ဖြင့် ပစ်သတ်ခံထားရသည်ဟုဆိုပါသည်။ မြင်သာရွာသည် လူဦးရေ တစ်သိန်းသုံးသောင်းကျော်သာ ရှိသော ဂန့်ဂေါမြို့နယ်ထဲက ကျေးရွာကလေး ဖြစ်ပါသည်၊

## တွေ့ရှိချက်များ

ပြည်တွင်းသတင်းဖော်ပြချက်များအရ ဂန့်ဂေါ - ကလေးကားလမ်းမှ တစ်မိုင်နီးပါးအကွာ မြစ်သာမြစ် အရှေ့ဘက်ကမ်းရှိ သာလင်းရွာကို စစ်ကောင်စီတပ်များ ဝင်ရောက်ပြီး နေအိမ်တစ်လုံး မီးရှို့ဖျက်ဆီးသည့် သတင်းကြားသည်နှင့် မြင်သာရွာလုံခြုံရေးအတွက် စုဖွဲ့ထားသော ဒေသကာကွယ်ရေးအဖွဲ့များက စုစံရေးအတွက် ပြင်ဆင်ခဲ့သည်။ မြင်သာရွာသို့ တစ်ခုတည်းသော ဝင်ပေါက်ဖြစ်သည့် တံတားထိပ်တွင် ကျေးရွာလုံခြုံရေးအတွက် စုဖွဲ့ထားသော ဒေသကာကွယ်ရေးအဖွဲ့များက နေရာယူထားသည်။

မြစ်သာမြစ် အနောက်ဘက်ကမ်းတွင် နေရာယူထားသည့် စစ်ကောင်စီတပ်အင်အား ၃၀ ခန့်နှင့် တစ်နာရီနီးပါးကြာ စုစံတိုက်ခိုက်နိုင်ခဲ့သော်လည်း တိုက်ပွဲအချိန် ၄၅ မိနစ်ခန့်အကြာတွင်တော့ တောင်ရေန်းရွာရဲ့စခန်းတွင် တပ်စွဲထားသည့် စစ်ကောင်စီတပ်အင်အား ၃၀ ခန့် ထပ်မံရောက်ရှိလာပြီး လက်နက်ကြီးများဖြင့် တရစပ် ပစ်ခတ်သည့်အခါတွင်တော့ ဒေသခံကာကွယ်ရေးအဖွဲ့ဝင်များ အများအပြားဒဏ်ရာရရှိခဲ့ပြီး နောက်ဆုတ်ပေးခဲ့ရကြောင်း စုစံတိုက်ခိုက်မှုတွင် ပါဝင်သူ မြင်သာရွာ ဒေသခံတစ်ဦးက မြန်မာနောင်းသတင်းဌာနကို ပြောဆိုထားပါသည်။

ထို့နောက် မြစ်သာတံတားပေါ်ရှိ ဝါးကပ်၊ စတီးသံပြားဖြင့် ပြုလုပ်ထားသည့် တံခါးကို ပစ်ခတ်ဖျက်ဆီးကာ စစ်ကောင်စီတပ်သားများ မြင်သာရွာအတွင်း ဝင်ရောက်လာပြီး ရွာဦးဘုန်းကြီးကျောင်း

တွင် တိမ်းရှောင်နေကြသော အမျိုးသမီး၊ သက်ကြီးရွယ်အိုပါ မကျန် နေ့ပူကျဲကျဲတွင် ဒူးထောက်ခိုင်းခြင်း၊ ရွာသူရွာသားများ၏ လက်ကိုင်ဖုန်းအလုံး ၄၀ ခန့်ကို ရိုက်ခွဲဖျက်ဆီးခြင်းများ ပြုလုပ်ခဲ့သည့်အပြင် နေအိမ်များ မီးရှို့ဖျက်ဆီးခြင်းများကို ရက်စက်စွာ ကျူးလွန်ခဲ့ကြပါသည်။ စစ်ကောင်စီတပ်၏ အကြမ်းဖက်လုပ်ရပ်နှင့် ပတ်သက်ပြီး မြင်သားရွာ ဒေသခံ အမျိုးသမီးတစ်ဦးက "ကျွန်မတို့ကတော့ စိတ်နာတယ်ရှင်၊ ကမ္ဘာတည်သရွေ့ ဘယ်တော့မှ မမေ့ဘူး" ဟု ပြောဆိုထားပါသည်။

ယောမြို့နယ် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (YPDF) ခေါင်းဆောင်တစ်ဦးကတော့ မြင်သားရွာဖြစ်စဉ်နှင့်ပတ်သက်ပြီး စက်တင်ဘာ ၉ ရက် ညပိုင်းအထိ စစ်ကောင်စီတပ်မှ လက်နက်ကြီးများ အပြင်းအထန် ပစ်ခတ်နေသည့်အတွက် သူတို့အဖွဲ့အနေဖြင့် မြင်သားရွာအတွင်း မဝင်ရောက်နိုင်ခဲ့ဟု ဆိုပါသည်။ စက်တင်ဘာ ၁၀ ရက် နံနက်ပိုင်းတွင်တော့ ရွာအတွင်းရှိ ဈေးဆိုင်များ၊ အိမ်ကြီးအိမ်ကောင်းများကို မီးရှို့ကာ စစ်ကောင်စီတပ်သားများ ဆုတ်ခွာသွားပါသည်။ YPDF အနေဖြင့် မြင်သားရွာထိပ်ရှိ မြစ်သာတံတားကိုရောက်ရှိချိန်တွင်တော့ ဒဏ်ရာဗရပွနှင့် အစုလိုက်အပြုံလိုက် သေဆုံးနေသည့် မြင်းကွင်းကို ကြေကွဲဖွယ် မြင်တွေ့ခဲ့ရသည်ဟု ဆိုပါသည်။

YPDF ခေါင်းဆောင်တစ်ဦးက "ဒီလို ရိုးနှိမ်တဲ့အတွက်ကြောင့် တိုင်းသူပြည်သားတွေက တဖြည်းဖြည်းနဲ့ သူ့အပေါ်မှာ ဆန့်ကျင်တွန်းလှန်ချင်တဲ့ စိတ်က အလျှံတကြီးကြီးတောက်လောင်လာပြီး ကျွန်တော်တို့ ဒီ နာကြည်းမှုကို အင်အားအဖြစ်နဲ့ သုံးပြီး အရေးတော်ပုံ အောင်မြင်ဖို့အတွက် အသုံးပြုကြပါ။ ဒီပွဲက ကျွန်တော်တို့ ကျိန်းသေနိုင်ပြီး မင်းအောင်လှိုင် ကျိန်းသေ ရှုံးရမယ့်ပွဲ ဖြစ်ပါတယ်" ဟု RFA သတင်းဌာနကို ပြောဆိုထားပါသည်။

တွေ့ရှိချက်များအရတော့ အာဏာသိမ်းစစ်ကောင်စီတပ်၏ အကြမ်းဖက်လုပ်ရပ်များ၊ ဒေသအလိုက် ခုခံတော်လှန်နေသော ပြည်သူများအပေါ် လူ့အင်အား၊ လက်နက်အင်အား အလွန်အကျွံအသုံးပြုသည့် ဖြစ်စဉ်များသည် စက်တင်ဘာ ၇ ရက် နောက်ပိုင်း ဖြစ်စဉ်ဖြစ်ရပ်များအနက် မြင်သားရွာ ဖြစ်စဉ်သည် တစ်ခုသာ ဖြစ်ပါသည်။ ဂန့်ဂေါမြို့နယ်အတွင်းတွင်ပင် စက်တင်ဘာ ၁၀ ရက်က မြင်သားရွာနှင့် တစ်ဆက်တည်းရှိသည့် နမ်းခါးရွာရှိ လူနေ အိမ် ၃၆ လုံးအား မီးရှို့ဖျက်ဆီးခြင်း၊ စက်တင်ဘာ ၁၂ ရက်က ထယ်လော့ရွာမှ အိမ်ခြေ ၂၀ နီးပါး မီးရှို့ဖျက်ဆီးခြင်းတို့ကို စစ်ကောင်စီတပ်သားများ ကျူးလွန်ခဲ့ကြပါသည်။

အာဏာသိမ်းစစ်ကောင်စီနှင့် အစေအပါးများသည် ၎င်းတို့၏ စစ်အာဏာသိမ်းကာလအတွင်း ပြည်နယ်ပြည်မ မခွဲခြားဘဲ ၎င်းတို့အား ဆန့်ကျင်သူအားလုံးကို ရန်သူသဖွယ် ပြုမူဆက်ဆံခဲ့သည့် လုပ်ရပ်များကို မကွေးတိုင်းအတွင်း ကင်းမရွာ မီးရှို့မှုဖြစ်စဉ်၊ ဧရာဝတီတိုင်း ကျုံပျော်မြို့နယ် လေ့ဆွဲရွာ ပစ်ခတ်သတ်ဖြတ်မှုဖြစ်စဉ်၊ စစ်ကိုင်းတိုင်းအတွင်း ကနီ၊ ဒီပဲယင်း၊ မင်းကင်းနှင့် တန့်ဆည် စသော ဒေသများရှိ အစုလိုက်အပြုံလိုက် သတ်ဖြတ်မှု ဖြစ်စဉ်များကို တိုင်းသိပြည်သိ ကမ္ဘာသိ ကျူးလွန်ခဲ့ပါသည်။ ရန်ကုန်မြို့ တောင်ဒဂုံမြို့နယ်အတွင်း ဆန္ဒပြလူငယ်များ၏ ခုခံမှုကို RPG ကဲ့သို့ လက်နက်ကြီး အသုံးပြု ဖြိုခွင်းမှုများကို ထောက်ရှုပါက စစ်ကောင်စီ၏ ပြည်သူလူထုအပေါ် ထားရှိသော သဘောထားကို အကဲခတ်နိုင်လိမ့်မည်ဖြစ်သည်။

## သုံးသပ်ချက်

အာဏာသိမ်းစစ်ကောင်စီသည် ဖေဖော်ဝါရီ ၁ ရက် အာဏာသိမ်းသည့်နေ့မှစကာ ယနေ့အချိန်အထိ တစ်နေ့တစ်ရက်မျှ ရပ်တန့်မသွားသော ပြည်သူလူထု၏ ဆန့်ကျင်မှုများကို ပုံသဏ္ဍာန်မျိုးစုံဖြင့် ရင်ဆိုင်နေရပါသည်။ ၎င်းတို့အား ဆန့်ကျင်သော ပြည်သူများအနေဖြင့် လမ်းပေါ် ထွက်ပြရ

မလား၊ နေအိမ်အတွင်း နေပြရမလား၊ လက်နက်ကိုင်ရမလားစသော မည်သို့သော ပုံသဏ္ဍာန်နှင့် မဆို စစ်အာဏာရှင် အမြစ်ပြုတ်ရေးအတွက် ကိုယ်နိုင်ရာလမ်းမှ ပူးပေါင်းပါဝင်နေကြသည်ကို မြန်မာတစ်နိုင်ငံလုံးရှိ တောရော မြို့ပါ မကျန် နေ့စဉ်မြင်တွေ့ ကြားသိနေရပါသည်။

စစ်ကောင်စီအနေဖြင့်လည်း ၎င်းတို့အား ဆန့်ကျင်ကြသော ပြည်သူတိုင်းကို ရန်သူသဖွယ် ပြုမူနှိမ်နင်း၊ အကြမ်းဖက် သတ်ဖြတ်နေသည်ကို တွေ့ရသကဲ့သို့ ၎င်းတို့ အာဏာတည်မြဲရေးအတွက် အမိန့်ညွှန်ကြားချက်များ ထုတ်ပြန်ကာ လူငယ်လူရွယ်၊ အမျိုးသမီး၊ အမျိုးသား၊ အသက်ပြည့်ခြင်း မပြည့်ခြင်း၊ အိုမင်းမစွမ်းသူက အစ အားလုံးကို ဖမ်းဆီးချုပ်နှောင်ခြင်း၊ အရေးယူ အပြစ်ပေးခြင်း စသည်များကို ရဲတင်းစွာ ပြုမူနေဆဲဖြစ်ပါသည်။

မကွေးတိုင်း၊ မြင်သာရွာ အစုလိုက် အပြုံလိုက် သတ်ဖြတ်မှုဖြစ်စဉ်သည် အာဏာသိမ်း စစ်ကောင်စီတပ်သားများ ကျူးလွန်ခဲ့သည့် ပထမဆုံး ရက်စက်ကြမ်းကြုတ်မှု မဟုတ်သကဲ့သို့ နောက်ဆုံးဖြစ်စဉ်ဟုလည်း ဆိုနိုင်မည် မဟုတ်ပါ။ ထို့ကြောင့် အာဏာသိမ်းစစ်ခေါင်းဆောင် ကာချုပ် မင်းအောင်လှိုင်၏ စစ်ကောင်စီကို ဆန့်ကျင်တော်လှန်နေကြသော အမျိုးသားညီညွတ်ရေး အစိုးရ (NUG)အပါအဝင် နယ်ပယ်အသီးသီးမှ ဦးဆောင်လှုပ်ရှားသူများအနေဖြင့် စစ်ကောင်စီ၏ အကြမ်းဖက်လုပ်ရပ်များကို အမြန်ဆုံး ရပ်တန့်နိုင်မည့် နည်းလမ်းများ အမြန်ဆုံးရှာဖွေကာ စစ်အာဏာရှင်စနစ် အလိုမရှိသော ပြည်သူလူထုအား အကာအကွယ်ပေးရန် လိုအပ်နေပြီဟု တင်ပြအပ်ပါသည်။

# အကြပ်အတည်းကာလအတွင်းမှ အမျိုးသမီးဦးဆောင်မှု

(အပတ်စဉ် သတင်းသုံးသပ်ချက်၊ အမှတ်စဉ် ၂၄)

## နိဒါန်း

'အမျိုးသမီးတွေမပါရင် ဒီတိုက်ပွဲက မအောင်မြင်နိုင်ပါဘူး' ဆိုသည့် အဖြူရောင်ပိုက်စပေါ်က အနီရင့်ရင့်စာလုံးများသည် နွေဦးတော်လှန်ရေး၏ သရုပ်သကန်ကို လှစ်ဟပြသနေပါသည်။ မန္တလေးမြို့ရှိ အမျိုးသမီးငယ်များ ဦးဆောင်သည့် စစ်အာဏာသိမ်းမှုဆန့်ကျင်ရေး ဆန္ဒပြ သပိတ်စစ်ကြောင်းသည် 'လိင်အကြမ်းဖက် ဖက်ဆစ်စစ်တပ် အမြစ်ပြတ် ... အမြစ်ပြတ်၊ အာဏာရှင်ကို မောင်းထုတ်မယ်ဆို အမျိုးသမီးတွေ ရှေ့ထွက်ခဲ့ ... ရှေ့ထွက်ခဲ့' ဟု သံပြိုင် ဟစ်ကြွေးခဲ့ကြပါသည်။ ဖေဖော်ဝါရီ ၆ ရက်က စပြီး ယနေ့အချိန် နွေဦးတော်လှန်ရေးလှုပ်ရှားမှု ပုံရိပ်လွှာများကို တစ်လွှာချင်းစီ လှပ်ကြည့်မိရာ အံ့သြဖွယ် မြန်မာအမျိုးသမီးထု၏ အားမာန်နှင့် စွန့်လွှတ်စွန့်စားမှုများကို အံ့မိုး မကုန် မြင်တွေ့ခဲ့ရပါသည်။ ဦးခေါင်းကို တည့်တည့်ချိန်ပြီး ပစ်ခတ်သတ်ဖြတ်ခံခဲ့ရသည့် နေပြည်တော်က အသက် ၁၉ နှစ်အရွယ် မသွဲ့သွဲ့ခိုင်၏ အသက်ဆုံးရှုံးမှုမှသည် ရန်ကုန်မြို့ ၄၄ လမ်း အထပ်မြင့်တိုက်ပေါ်မှ ခုန်ချပြခဲ့သည့် မပန်းသီးအထိ အမျိုးသမီးများ၏ စွန့်လွှတ်စွန့်စားမှု၊ အနစ်နာခံ ပေးဆပ်မှုများကို ရင်နင့်ဖွယ် မြင်တွေ့ခဲ့ရပါသည်။

ယခုတစ်ပတ် Myanmar Peace Monitor ၏ အပတ်စဉ်သုံးသပ်ချက်တွင် နွေဦးတော်လှန်ရေးနှင့်အတူ မာန်ဟုန်ပြင်းပြင်း ချီတက်နေကြသည့် အမျိုးသမီးထု၏ အခန်းကဏ္ဍကို စေ့စေ့လေ့လာ တင်ပြသွားပါမည်။

## မြန်မာအမျိုးသမီးထု ဆိုရာဝယ်

မူလကတည်းက အမျိုးသမီး အမျိုးသား တန်းတူအခွင့်အရေး ရရှိရေး ခွဲခြားဆက်ဆံမှု ရပ်တန့်ရေး၊ အမျိုးသမီးများအပေါ် ဖိနှိပ်မှုရပ်တန့်ရေး၊ အိမ်တွင်းအကြမ်းဖက်မှု ရပ်တန့်ရေးစသည့် လှုပ်ရှားမှုများအတွင်း နေ့စဉ်နှင့်အမျှ လုံးပန်းတိုက်ပွဲနေကြရသည့် မြန်မာအမျိုးသမီးထုဟု ဆိုရာတွင် ကွဲပြားစုံလင်လှသော မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားမျိုးနွယ်စု တစ်စုချင်းအလိုက် အမျိုးသမီးများအားလုံး ပါဝင်ကြောင်း ဦးစွာ တင်ပြအပ်ပါသည်။

၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းကောက်ယူမှုအရ ၅၁ ဒသမ ၄၉ သန်းသော တိုင်းရင်းသားပြည်သူများအနက် အမျိုးသမီးထု၏ အရေအတွက်သည် ၂၆ ဒသမ ၆၆ သန်းရှိပြီး တိုင်းပြည်အတွင်း အမျိုးသားအရေအတွက်ထက် နှစ်သန်းခန့် ပိုမိုများပြားပါသည်။

အမျိုးသမီးထု၏ အယူအဆ၊ အမျိုးသမီးထု၏ အတွေးအခေါ် နှင့် စဉ်းစားဆင်ခြင်နိုင်စွမ်းသည် ပြည်တွင်းစစ် သက်ဆိုးရှည်သော မြန်မာနိုင်ငံအတွက် ငြိမ်းချမ်းရေးတည်ဆောက်ရာတွင် ဖြစ်စေ၊ တိုင်းပြည်အတွက် အရေးပါသည့် ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် ဖြစ်စေ အရေးကျကြောင်း သတိပြုရပါလိမ့်မည်။

အမျိုးသမီးထု၏ အခန်းကဏ္ဍနှင့်ပတ်သက်ပြီး ဗြိတိန်ဝန်ကြီးချုပ်ဟောင်းလည်း ဖြစ်၊ ကွန်ဆာဗေးတစ်ပါတီခေါင်းဆောင်လည်းဖြစ်သည့် မာဂရက်သက်ချာ 'အိမ်တွင်းရေးကို စီမံခန့်ခွဲနိုင်တဲ့ အမျိုးသမီးတိုင်းဟာ တိုင်းပြည်ရဲ့ ပြဿနာတွေကို နားလည်ဖို့ ပို နီးစပ်လိမ့်မယ်' ဟု ပြောဆိုဖူးပါသည်။

## နွေဦးတော်လှန်ရေးနှင့် အမျိုးသမီးထု၏ ပုံရိပ်များ

စစ်အာဏာသိမ်းပြီး ၆ ရက်က စပြီး ယနေ့အချိန်ထိ စစ်အာဏာသိမ်းမှု ဆန့်ကျင်နေကြသော နွေဦးတော်လှန်ရေး၏ လှုပ်ရှားမှုပုံရိပ် တစ်လျှာချင်းစီတိုင်းတွင် အသက်ငါးနှစ်အရွယ်က အစ အသက် ၇၀ ကျော်အရွယ်အထိ အမျိုးသမီးများ၏ ပုံရိပ်များကို မြင်တွေ့ရပါသည်။ စစ်အာဏာရှင် အလိုမရှိ စစ်အာဏာသိမ်းမှု ဆန့်ကျင်ကြသော အကြမ်းမဖက် ငြိမ်းချမ်းစွာ ဆန္ဒဖော်ထုတ်ကြသည့် သပိတ်စစ်ကြောင်းများ၊ အကြမ်းမဖက် ပြည်သူ့အာဏာ ဖီဆန်ရေးလှုပ်ရှားမှု (CDM) နှင့် နေအိမ်အတွင်း ည ရှစ်နာရီ အချိန်တိုင်း သံပုံးများ တီးခတ် ဆန္ဒဖော်ထုတ်ကြသော လှုပ်ရှားမှုတိုင်းတွင် အမျိုးသမီးများ ပါဝင်နေပါသည်။

ကရင်နီပြည်နယ်မှ 'စစ်အာဏာရှင်စနစ် ချုပ်ငြိမ်းရန် အမျိုးသမီးများ စိန်ခေါ်သံ'၊ 'ပြည်သူ့ မျက်ရည်စက် အာဏာရူးတို့ အဆုံးသတ်' မျက်ရည်သပိတ် ၊ စစ်ကိုင်းတိုင်း ကလေးမြို့မှ 'တပ်ကို ကြိုက်မယ့် မိန်းမများ၊ သံတိုင်ကြားက လက်တောင်တား'၊ မုံရွာမြို့မှ 'အမျိုးသမီးတို့ဘုန်းနဲ့ ဖက်ဆစ် စစ်တပ်ကို ချေမှုန်းမယ်'၊ 'ပုဆက်လွှဲတဲ့ ငါတို့လက် အာဏာရှင်ကို အမြစ်ဖြတ်'၊ ပျဉ်းမနားမြို့တွင်း ထဘီအလံလွှင့်ကာ လှည့်လည်ချီတက်ခဲ့သည့် နေပြည်တော် အမျိုးသမီးများ သပိတ်စစ်ကြောင်း၊ ရန်ကုန်မြို့မှ 'အိမ်စောင့်ခွေးကို မောင်းထုတ်ဖို့ တို့အမျိုးသမီးများ ရှေ့ထွက်စို့' စသည့် မြန်မာ

အမျိုးသမီးတို့၏ လှုပ်ရှားမှုများသည် နေ့ဦးတော်လှန်ရေး၏ ပြောင်းလဲလာသည့် အခြေအနေတိုင်းတွင် ပုံစံမျိုးစုံ၊ ကြွေးကြော်သံမျိုးစုံဖြင့် စစ်အာဏာရှင်ကို ဆန့်ကျင် တော်လှန်နေကြပါသည်။

ဖေဖော်ဝါရီ ၂၅ ရက် 'မြန်မာ့သနပ်ခါးတိုက်ပွဲ'၊ မတ်လ ၈ ရက် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးနေ့ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် 'စစ်အာဏာရှင် ပြုတ်ကျဖို့ ထဘီအလံထူကြစို့'၊ 'ငါတို့ထဘီ၊ ငါတို့အလံ၊ ငါတို့ အောင်ပွဲ' ဆိုသည့် လှုပ်ရှားမှုများသည်လည်း မြန်မာနိုင်ငံကို ကျော်ကာ ကမ္ဘာ့အရပ်ရပ်ရှိ ပြည်သူများကပင် ချီးမွမ်းထောပနာ ပြုခဲ့ကြရပါသည်။

## စွန့်လွှတ်၊ စွန့်စား အမျိုးသမီးများ

အာဏာသိမ်းစစ်ခေါင်းဆောင် ကာချုပ်မင်းအောင်လှိုင်နှင့် အပေါင်းအပါတစ်သိုက်သည် ၎င်းတို့အား ဆန့်ကျင်သူများအပေါ် ဖိနှိပ်၊ ဖမ်းဆီး သတ်ဖြတ်ရာတွင် အမျိုးသမီး၊ အမျိုးသား၊ သက်ကြီးရွယ်အိုနှင့် ကလေးသူငယ်ကအစ ခွဲခြားခြင်းမရှိခဲ့ဟု ဆိုရပါမည်။ ထို့ကြောင့် နွေဦးတော်လှန်ရေးအတွင်း အမျိုးသမီးများ၏ စွန့်လွှတ်စွန့်စားမှု၊ အနစ်နာခံပေးဆပ်မှုသည် တိုင်းတာပြရန်ပင် ခက်ခဲပါလိမ့်မည်။

စစ်ကောင်စီတပ်၏ ပစ်ခတ်သတ်ဖြတ်မှုကြောင့် စစ်အာဏာသိမ်းကာလအတွင်း ထောင်နှင့်ချီသော အသက်ပေးဆပ်ခဲ့ရသူများထဲတွင် အမျိုးသမီးအရေအတွက်သည် ရာနှင့်ချီနေပြီဟု မြန်မာ့အမျိုးသမီးသမဂ္ဂ (BWU) က ဆိုပါသည်။ စက်တင်ဘာ ၂၇ ရက် BWU ၏ မှတ်တမ်းအရ အာဏာသိမ်းစစ်ကောင်စီ၏ ဖမ်းဆီးခြင်းခံရသည့် အမျိုးသမီးအရေအတွက် ၁၁၇၆ ဦးအထိ ရှိနေကြောင်း သိရပါသည်၊ စစ်ကောင်စီတပ်၏ ဖမ်းဆီးသတ်ဖြတ်ခံရသူများအနက် အသက်မပြည့်သေးသည့် မိန်းကလေးငယ်နှင့် ကိုယ်ဝန်ဆောင်မိခင်များပင် ပါဝင်နေသည်ကို နေ့စဉ်သတင်းများတွင် ဖတ်ရှုရပါသည်။

UNFPA နှင့် UN Womenတို့၏ ပူးတွဲထုတ်ပြန်ချက်အရ စစ်အာဏာသိမ်းပြီး ခြောက်လအတွင်း ပဋိပက္ခဖြစ်ပွားမှုများ မြင့်တက်လာမှုနှင့်အတူ အမျိုးသမီးများနှင့် မိန်းကလေးငယ်များ၏ ဘဝများသည် လွန်စွာ စိုးရိမ်ရဖွယ်ရှိနေပြီး လူမှုစီးပွားဆိုင်ရာ အခြေအနေများ ယိုယွင်းပျက်စီးလာခြင်းကြောင့် ယခင်က လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အထောက်အပံ့ပေးမှုအောက်တွင် မပါဝင်ခဲ့သည့် လူပေါင်းသိန်းချီကာ လူသားချင်းစာနာထောက်ထားမှု အကူအညီများ လိုအပ်ပြီဟု ဆိုပါသည်။ ထို့ပြင် ဖေဖော်ဝါရီလ ၁ ရက် နောက်ပိုင်း အမျိုးသမီး အလုပ်သမားများအပေါ် သက်ရောက်မှုအနေဖြင့် ခန့်မှန်းခြေ အမျိုးသမီးဦးရေ ၅၀၀၀၀၀ ခန့် အလုပ်အကိုင် ဆုံးရှုံးခဲ့ရပြီး ကျန်းမာရေးစနစ်ပြိုလဲခြင်း၊ ဆေးရုံများအား တိုက်ခိုက်ခံရခြင်း၊ ငွေကြေးဆိုင်ရာ အခက်အခဲများကြုံရခြင်းနှင့် လှုပ်ရှားသွားလာမှုကန့်သတ်ချက်များကြောင့် အမျိုးသမီးများနှင့် မိန်းကလေးငယ်များသည် လိင်မှုနှင့်မျိုးဆက်ပွား ကျန်းမာရေးဝန်ဆောင်မှုများရရှိရန် စိန်ခေါ်မှုများစွာ ရင်ဆိုင်နေရကြောင်း ပူးတွဲထုတ်ပြန်ချက်က ဆိုပါသည်။

မြန်မာနိုင်ငံအတွင်းရှိ ကိုယ်ဝန်ဆောင် အမျိုးသမီးအရေအတွက် ၆၈၅၀၀၀ ကျော်သည်လည်း သင့်တင့်လျောက်ပတ်သော အရေးပေါ် သားဖွားပြုစုစောင့်ရှောက်မှု မရရှိပါက နောက်လတစ်လတည်းတွင်ပင် ကြိုတင်ကာကွယ်နိုင်သည့် မိခင်သေဆုံးမှု ၂၅၀ ခန့်ရှိမည် ဖြစ်ကြောင်း ခန့်မှန်းထားပြီး မြန်မာနိုင်ငံရှိ အသက် ၁၀ နှစ်နှင့် ၁၉ နှစ်ကြားရှိ ဆယ်ကျော်သက် မိန်းကလေးငယ်ပေါင်း ငါးသန်းနီးပါးတွင် ပြည်သူ့ကျန်းမာရေး ထိခိုက်မှု၊ စာသင်နှစ် ဆုံးရှုံးမှုနှင့် လုံခြုံရေးဆိုင်ရာ တားမြစ်ချက်များ၊ အကြောက်တရားများကို ဆိုးရွားစွာ ရင်ဆိုင်နေရကြောင်း ဩဂုတ် ၁ ရက် ထုတ်ပြန်ချက်တွင် ဖော်ပြထားပါသည်။

## တွေ့ရှိ သုံးသပ်ချက်

ဆိုခဲ့ပါ လေ့လာတွေ့ရှိချက်များအတွင်း စစ်အာဏာရှင် အမြစ်ပြုတ်ရေးအတွက် မြန်မာအမျိုးသမီးထု၏ ညီညွတ်မှု၊ ဦးဆောင်နိုင်မှုများသည် စကားလုံးဖြင့် နှိုင်းနှိုင်းဂုဏ်ပြုရန် ခက်ခဲပေလိမ့်မည်။ ကမ္ဘာကျော် တိုင်းမ်မဂ္ဂဇင်းကတော့ ၂၀၂၁ ခုနှစ်အတွင်း ကမ္ဘာ့ဩဇာအရှိဆုံးလူပုဂ္ဂိုလ် ၁၀၀ ကို ထုတ်ပြန်ရာတွင် နွေဦးတော်လှန်ရေးလှုပ်ရှားမှုကို ဦးဆောင်လှုပ်ရှားသူများထဲမှ မြန်မာအမျိုးသမီးငယ် နှစ်ဦးကို ရွေးချယ်ဂုဏ်ပြုခဲ့ပါသည်။

ကချင်အမျိုးသမီး အက်သာဇေနော်နှင့် ရှမ်းနီအမျိုးသမီး မအိသင်္ဇာမောင်တို့ ဖြစ်သည်။ သူတို့နှစ်ဦးသည် ရန်ကုန်မြို့ရှိ စစ်အာဏာသိမ်းမှု ဆန့်ကျင်ဆန္ဒပြပွဲများတွင် ဦးဆောင်လှုပ်ရှားခဲ့သူများ ဖြစ်ပါသည်။ အလားတူ အင်္ဂါဂြိုဟ် လေ့လာစူးစမ်းရေးတွင် Ingenuity မောင်းသူမဲ့ စူးစမ်းရေး ဝက်ရဟတ်ယာဉ်လွှတ်တင်ရေးစီမံကိန်း ဦးဆောင်သူ မြန်မာအင်ဂျင်နီယာ ဒေါက်တာမီမီအောင်သည်လည်း ကမ္ဘာ့ဩဇာအရှိဆုံးလူပုဂ္ဂိုလ် ၁၀၀ တွင် ရွေးချယ်ခြင်း ခံခဲ့ရပါသည်။

နွေဦးတော်လှန်ရေးနှင့်အတူ ဖြစ်တည်လာခဲ့သည့် အမျိုးသားညီညွတ်ရေးအစိုးရ (NUG)၏ ဝန်ကြီးဌာန ၁၇ ခု အနက် ပြည်ထောင်စုအဆင့် ဝန်ကြီး၊ ဒုဝန်ကြီးအဆင့်များတွင် အမျိုးသမီး ရှစ်ဦးအထိ ပါဝင်ပြီး အမျိုးသမီး၊ လူငယ်နှင့် ကလေးသူငယ်ရေးရာဝန်ကြီးဌာနတစ်ခုကို ထည့်သွင်းကာ မြန်မာအမျိုးသမီးထုအတွက် အလေးထား လုပ်ဆောင်နိုင်ရန် ပြင်ဆင်ထားသည်ကို တွေ့ရပါသည်။ စစ်အာဏာသိမ်းမှုဆန့်ကျင်ရေး ဆန္ဒပြသပိတ်များတွင် ဦးဆောင်ပါဝင်ခဲ့သူ မအိသင်္ဇာမောင်ကိုလည်း အမျိုးသမီး၊ လူငယ်နှင့် ကလေးသူငယ်ရေးရာဝန်ကြီးဌာန၏ ဒုဝန်ကြီးအဖြစ် တာဝန်ပေးထားသည်ကို တွေ့ရပါသည်။

သို့နှင့်တိုင် နွေဦးတော်လှန်ရေးနှင့်အတူ တိုင်းရင်းသားမျိုးနွယ်စု အားလုံးပါဝင်သော မြန်မာအမျိုးသမီးထု၏ စွန့်လွှတ်စွန့်စားမှုများ၊ အနစ်နာခံမှုများ၊ ပေးဆပ်ခဲ့ရသည့် အသက်သွေးနှင့် ဘဝများသည် များပြား ကြီးမားလှပါသည်။ မတ်လ ၈ ရက်၊ နွေဦးတော်လှန်ရေးလှုပ်ရှားမှု ပုံရိပ်များတွင် အမျိုးသားများသည် အမျိုးသမီးများ၏ ထဘီများကို အလှူခံကာ ဦးခေါင်းတွင် စည်းပတ်ခြင်း၊ နွားကိုယ်တွင်ခြုံထိုင်းခြင်း၊ထဘီအလံပြုလုပ်စွဲကိုင်ခြင်းများပြုလုပ်ကာနွေဦးတော်လှန်ရေးအတွင်း အမျိုးသမီးထု၏ အခန်းကဏ္ဍကို ဂုဏ်ပြုကာ စစ်အာဏာသိမ်းမှုကို ဆန့်ကျင်ခဲ့ကြပါသည်။

စစ်အာဏာရှင်စနစ် အမြစ်ပြုတ်ချေမှုန်းပြီး နွေဦးတော်လှန်ရေး အောင်မြင်သည့် တစ်နေ့တွင် အမျိုးသမီးထုအပေါ် ဖိနှိပ်မှုများ၊ ခွဲခြားဆက်ဆံမှုများ၊ အကြမ်းဖက်မှုများလည်း တစ်ပါတည်း ချုပ်ငြိမ်းသွားရေးသည် ကျွန်ုပ်တို့အားလုံးတွင် တာဝန်ရှိကြောင်းကို လက်ခံယုံကြည်ရပေလိမ့်မည်။ နွေဦးတော်လှန်ရေးကာလအတွင်း အမျိုးသမီးထု၏ အခန်းကဏ္ဍကို အသိအမှတ်ပြုသောအားဖြင့် အနာဂတ် မျှော်ရည်ရာ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေးနှင့် တိုင်းရေးပြည်ရာ ဆုံးဖြတ်ချက် ချမှတ်ရာတွင် အမျိုးသမီးများ၏ အတွေးအခေါ် အယူအဆများကို အလေးထား နေရာပေးကြရပါလိမ့်မည်။

'အမျိုးသမီးတွေ မပါရင် ဒီတိုက်ပွဲ မအောင်မြင်နိုင်ပါဘူး' ဆိုသည့် ဇူလိုင် ၁၀ ရက်၊ မန္တလေးမြို့တွင်း စစ်အာဏာသိမ်းမှုဆန့်ကျင်ရေး ဦးဆောင်သူ အမျိုးသမီးငယ်တစ်ဦးက ယခုလို တင်ပြထားပါသည်။

"ဒီတော်လှန်ရေးက စစ်အာဏာရှင်စနစ်ကို အမြစ်ဖြတ်တိုက်ထုတ်ရုံတင် မကဘူး ၊ ကျား/မ တန်းတူအခွင့်အရေးရရှိရေး၊ ခေတ်အဆက်ဆက် အရိုးစွဲနေတဲ့ အမျိုးသမီးတွေဟာ နိမ့်ကျတယ်ဆိုတဲ့ အဖိနှိပ်ခံဆိုတဲ့ စိတ်ဓာတ်တွေကိုပါ တိုက်ထုတ်တော်လှန်နေတာ ဖြစ်တယ်"

# ပဋိပက္ခအတွင်းမှ မေ့ရင်သွေးငယ်များ လိမ်လည်မှုများနှင့် မြန်မာပြည်မှ အပစ်ရပ်ခြင်း

(အပတ်စဉ် သတင်းသုံးသပ်ချက်၊ အမှတ်စဉ် ၂၅)

## နိဒါန်း

" ဘယ်နှလရပ်ရပ်၊ ရပ်တယ်လို့ ပြောလာကတာမှ ပိုပိုပြီး ဖြစ်လာတာ၊ ဘယ်ဟာကို ပြောတာလဲ ကျွန်မတို့တော့ ကောင်းကောင်း နားမလည်ချင်တော့ဘူး။ ငါးလရပ်လိုက် သုံးလရပ်လိုက် အဲဒါတွေက စာထဲမှာပဲ ရပ်တယ်လို့ မြင်တာပဲ" ဟု ပန်ဆိုင်းမြို့ခံ အမျိုးသမီးတစ်ဦးက အာဏာသိမ်း စစ်ကောင်စီ၏ ငါးလတာ အပစ်ရပ်ကြေညာချက်ကို မြေပြင်အခြေအနေနှင့် နှိုင်းယှဉ်ပြပါသည်။ သူသည် စစ်ရေး၊ နိုင်ငံရေးလေ့လာသုံးသပ်သူ၊ ကျွမ်းကျင်သူ ပညာရှင်တစ်ဦးမဟုတ်ဘဲ စစ်ကောင်စီ တပ်၏ တိုးစစ်ဆင် စစ်ရေးလှုပ်ရှားရာ မြန်မာပြည်မြောက်ပိုင်း မုံကိုးဒေသမှ သာမန်အရပ်သား အမျိုးသမီးတစ်ဦး ဖြစ်ပါသည်။

ထာဝရငြိမ်းချမ်းရေးအတွက်ဟု လုပ်သည့် စကားလုံးဖြင့် ညွှန်းပြထားသော အာဏာသိမ်း စစ်ကောင်စီ၏ စာရွက်ပေါ်မှ အပစ်ရပ်ကြေညာချက်အပေါ် လက်လှမ်းမီသမျှ အချက်အလက်၊ အဖြစ်အပျက်များ စုစည်းကာ ယခုတစ်ပတ်အတွက် Myanmar Peace Monitor မှ သုံးသပ်တင်ပြ သွားပါမည်။

## အကြောင်းအချက်နှင့် အဖြစ်အပျက်

တာဝရငြိမ်းချမ်းရေးအတွက် ငါးလတာအပစ်ရပ်ကြောင်း အာဏာသိမ်းစစ်ကောင်စီ ကြေညာလိုက်သည့် စက်တင်ဘာ ၂၇ ရက် ည ၁၀ နာရီခန့်တွင် ရှမ်းပြည်နယ်မြောက်ပိုင်း လောက်ကိုင်အခြေစိုက်စစ်ကောင်စီတပ်မှ ပစ်ခတ်သော လက်နက်ကြီးကျည် ထိမှန်ပြီး မုံးကိုးမြို့နယ်ခွဲ မူဝမ်ကျေးရွာအုပ်စု မန်ခါးရွာရှိ အသက် ကိုးနှစ်အရွယ် ကလေးငယ်၏ ဦးခေါင်း၊ နားအရင်း၊ ကိုယ်ခန္ဓာနှင့် ခြေထောက်စသည်တို့ ပြင်းထန်စွာ ဒဏ်ရာရရှိခဲ့ပြီး ဆေးရုံ မပို့နိုင်သည့်အတွက် ၂၈ ရက် ညနေ လေးနာရီခွဲခန့်တွင် သေဆုံးခဲ့ရပါသည်၊ ကလေးငယ်နှင့်အတူ လက်နက်ကြီးကျည်စ ထိမှန်ခဲ့သည့် မိခင်ဖြစ်သူလည်း ၂၈ ရက်မှပင် ခြေထောက်မှ ကျည်စ ထုတ်နိုင်ခဲ့ကြောင်း သိရပါသည်၊

ကချင်သတင်းဌာန (KNG) ၏ သတင်းပေးပို့ချက်အရ စစ်ကောင်စီ၏ အပစ်ရပ်မကြေညာခင် စက်တင်ဘာ ၂၆ ရက် ညနေ ၃ နာရီဝန်းကျင်ကတည်းက အာဏာသိမ်းစစ်ကောင်စီတပ်များ စစ်ကြောင်းထိုးကာ ကိုးကန့်တပ်ဖွဲ့ (MNDAA) လှုပ်ရှားရာ မုံးကိုးဒေသ ပန်ဆိုင်း - ဖိုင်ကောင်းဘက်သို့ ဆင်းလာပြီး ကျေးရွာများအတွင်း တပ်နေရာ ချထားကြောင်း သိရပါသည်။ မုံးကိုးမြို့နယ် နော့ဂုကျေးရွာအတွင်း စခန်းချတပ်စွဲပြီး ပစ်ခတ်မှုများ ပြုလုပ်ခဲ့သည့်အပြင် ဘာသာရေးဆိုင်ရာ ဘုရားကျောင်းများတွင်ပါ နေရာယူထားသည်ဟု ဒေသခံများက ပြောဆိုထားပါသည်။

စက်တင်ဘာ ၂၉ ရက် မွန်းလွဲပိုင်းတွင် မူဆယ်ခရိုင် မုံးကိုးမြို့နယ်ခွဲ ကောင်းအုပ်နှင့် ကောင်းလုံရွာအကြားတွင် စစ်ကောင်စီတပ်နှင့် ကိုးကန့်တပ်ဖွဲ့ (MNDAA) အကြား လေးနာရီနီးပါးကြာ တိုက်ပွဲပြင်းထန်ခဲ့ပါသည်။ ယင်းနေရာတွင်ပင် စက်တင်ဘာ ၃၀ ရက် နံနက် ၁၁ နာရီခန့်မှ စတင်ပြီး ထပ်မံတိုက်ပွဲဖြစ်ပွားခဲ့ပါသည်၊ တိုက်ပွဲကြောင့် စစ်မြေပြင်အနီးရှိ ကျေးရွာ ခုနစ်ရွာခန့်မှ ဒေသခံပြည်သူ ၇၀၀ ကျော်သည် မုံးကိုးမြို့ပေါ်တွင် စစ်ဘေးရှောင်နေကြရပါသည်၊

အလားတူ အာဏာသိမ်းစစ်ကောင်စီ၏ အကြိမ် ၂၀ မြောက် အပစ်ရပ်ကြေညာချက်မတိုင်မီ စက်တင်ဘာ ၂၆ ရက် နံနက်ပိုင်း ၈ နာရီဝန်းကျင်တွင် ကချင်ပြည်နယ် တနိုင်းဒေသဘက် ဦးတည်လာသော စစ်ကောင်စီတပ်နှင့် ကချင်လွတ်လပ်ရေးတပ်မတော်(KIA)တို့ လီဒိုလမ်းမပေါ်ရှိ စွမ်ဆိုင်ယန်နှင့် ဒွမ်ဘန်ရွာအကြားတွင် တိုက်ပွဲပြင်းထန်စွာ ဖြစ်ပွားခဲ့ပါသည်၊ စက်တင်ဘာ ၂၅ ရက် ညနေပိုင်းကတည်းက စွမ်ဆိုင်ယန်ကျေးရွာ အတွင်းအပြင်နေရာများတွင် စစ်ကောင်စီတပ်အင်အား ၁၀၀ ကျော် တပ်စွဲနေရာချထားသည့်အတွက် ကျေးရွာဒေသခံ ၁၅၀ ကျော်သည် အနီးရှိ လဝါးရွာဘက်သို့ ထွက်ပြေးတိမ်းရှောင်နေကြရကြောင်း KNG က ဖော်ပြပါသည်၊

စက်တင်ဘာ ၂၉ ရက် နံနက် ၁၁နာရီဝန်းကျင်၊ လီဒိုလမ်းမပေါ်ရှိ တိန်ကောက်နှင့် ကောင်ရာရွာအကြားတွင် အာဏာသိမ်းစစ်ကောင်စီတပ်နှင့် KIA အကြား တိုက်ပွဲဖြစ်ပွားခဲ့ပါသည်၊ စစ်ကောင်စီတပ်အနေဖြင့် စစ်ရိက္ခာသယ်ယူရန်အတွက် လီဒိုလမ်းမကြီးတစ်လျှောက်တွင် လုံခြုံရေးတင်းကြပ်ထားပြီး နမ္မတီးမြို့အနီး မရန်ကဘောင်ရွာမှ ဒွမ်ဘန်ရွာအထိ စစ်အင်အား ၂၀၀ ကျော်ခန့် အထိ လုံခြုံရေးချထားကြောင်း ဒေသခံများက ပြောဆိုပါသည်၊ စက်တင်ဘာ ၃၀ ရက် နံနက် ၁၀ နာရီဝန်းကျင်၊ မိုးမောက်မြို့နယ် လုံဂျာကျေးရွာအုပ်စု ကျောက်စခန်းရွာဘက် စစ်အင်အားတိုးချဲ့ လာသော မိုးမောက်အခြေစိုက် နယ်မြေခံတပ်ရင်း ခမရ၄၃၇မှ စစ်အင်အား၁၀၀ကျော်ရှိခြေကျင်စစ်ကြောင်းကို KIA တပ်မဟာ - ၃ က တိုက်ခိုက်ခဲ့ပြီး တိုက်ပွဲဖြစ်ပွားခဲ့ပါသည်။

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးထားသည့် ကရင်အမျိုးသားအစည်းအရုံး (KNU) ထိန်းချုပ်နယ်မြေအတွင်းတွင်ပင် ၂၀၂၁ ခုနှစ် စက်

တင်ဘာလ တစ်လတည်း စစ်ကောင်စီတပ် တိုက်ပွဲဖြစ်ပွားမှု အကြိမ်ပေါင်း ၂၆၅ ကြိမ် ဖြစ်ပွားခဲ့ကြောင်း KNU က အောက်တိုဘာ ၄ ရက်တွင် ထုတ်ပြန်ပါသည်။

## အပစ်ရပ်ကြေညာချက် လားရာ

နိုင်ငံတော်ကာကွယ်ရေးနှင့် အုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များ၊ နိုင်ငံတော်အစိုးရ၏ လုံခြုံရေးနှင့် အုပ်ချုပ်ရေး ယန္တရားများအား နှောင့်ယှက်ထိပါးတိုက်ခိုက်ချိန်မှအပသာ ၎င်းတို့၏ စစ်ရေးလှုပ်ရှားမှုများကို ရပ်ဆိုင်းပေးမည်ဆိုသော အာဏာသိမ်းစစ်ကောင်စီ၏ အပစ်ရပ်ကြေညာချက်ပါ စာသားများသည် ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၂၁ ရက် ပထမအကြိမ် ကြေညာချက်ကတည်းက ပါဝင်လာခဲ့ခြင်းဖြစ်သော်လည်း ပန်ဆိုင်းဒေသခံ အမျိုးသမီးကဲ့သို့ သာမန်အရပ်သားပြည်သူတစ်ဦး မဆိုထားနှင့် စောင့်ကြည့်လေ့လာ အကဲခတ်နေသူများပင် နားလည်ရန် ခက်ခဲနေလိမ့်မည်ဟု ရှုမြင်မိပါသည်။

NCA လက်မှတ်ရေးထိုးခြင်း၊ မထိုးခြင်းသည် အဓိကမဟုတ်တော့ဘဲ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ ထိန်းချုပ်နယ်မြေများအတွင်း အကြောင်းအမျိုးမျိုး ပြ၍ အာဏာသိမ်းစစ်ကောင်စီတပ်မှ နယ်မြေချဲ့ထွင် တိုးစစ်ဆင်နေခဲ့သည်မှာ မိမိတို့ Myanmar Peace Monitor မှ လစဉ်ထုတ် ငြိမ်းချမ်းရေးနှင့် ပဋိပက္ခဆိုင်ရာ အချက်လက်များ ( https://bit.ly/3mwH8sP ) ကို လေ့လာကြည့်လျှင် သိရှိနိုင်ပါသည်။

ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့်၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်နှင့် တန်းတူအခွင့်အရေးရရှိရေးကို ဦးတည်ကိုင်စွဲကာ ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုတည်ဆောက်ရေးအတွက် ဦးရှက်ဖြ တော်လှန်တိုက်ပွဲဝင်နေကြသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် စစ်အာဏာသိမ်းပြီးနောက်ပိုင်း စစ်ကောင်စီနှင့် အပေါင်းအပါများအား ခုခံတော်လှန်တိုက်ပွဲဝင်နေကြသည့် တိုင်းနှင့် ပြည်နယ်၊ မြို့နယ်၊ ရပ်ကွက် ရပ်ရွာအလိုက် အမည်နာမမျိုးစုံ၊ ပုံသဏ္ဌာန်မျိုးစုံဖြင့် ခုခံတော်လှန်နေကြသော ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (PDF) များအကြား ဦးတည်ရာမတူကြောင်း စစ်ကောင်စီက ၎င်း၏ အပစ်ရပ်စာရွက်တွင် ထည့်သွင်းရေးသားထားသည်။

တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းအလိုက် ခေါင်းဆောင်များနှင့် နိုင်ငံရေး လေ့လာသုံးသပ်သူများကတော့ စစ်ကောင်စီ၏ ငါးလတာ အပစ်ရပ်ကြေညာချက်သည် မြေပြင်အခြေအနေများအရ လက်ခံယုံကြည်နိုင်စရာမရှိဟု ရှုမြင်ကြသည့်အပြင် အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ၏ စက်တင်ဘာ ၇ ရက် 'တစ်နိုင်ငံလုံး လူထုနေလေအောင်း မြင်းဖောင်းမကျွန် ခုခံစစ် ဆင်နွှဲကြရန်' နိုးဆော်ကြေညာချက်အား ဖိနှိပ်ဖြိုခွင်းရန် ပြင်ဆင်မှုသာ ဖြစ်နိုင်ကြောင်း သုံးသပ် ကြပါသည်။

အကြောင်းမှု စစ်ကောင်စီအနေဖြင့် ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၂၁ ရက်မှ ယခုအကြိမ် ၂၀ မြောက် အပစ်ရပ် ကြေညာချက်မတိုင်ခင် နှစ်နှစ်ကိုးလာတာ ကာလအတွင်း တအာင်းတပ်ဖွဲ့ (TNLA)၊ ကိုးကန့်တပ်ဖွဲ့ (MNDAA) နှင့် စစ်အာဏာသိမ်းပြီးနောက်ပိုင်း အပစ်ရပ်ထားသည့် ရက္ခိုင့်တပ်တော် (AA)တို့လှုပ်ရှားရာ ရှမ်းပြည်နယ်မြောက်ပိုင်းဒေသများနှင့် ရခိုင်ပြည်နယ်အတွင်း အပြင်းအထန် ထိုးစစ်ဆင်ခဲ့သည်ကို ထောက်ပြခဲ့ပြီး စစ်ကောင်စီတပ်အနေဖြင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စစ်မျက်နှာဖွင့်ခြင်းခံရမည့် အရေးကို ရှောင်ကွင်းရန် ပြင်ဆင်မှုသာ ဖြစ်နိုင်ကြောင်း သုံးသပ်ကြပါသည်။

ဖေဖော်ဝါရီ၁ရက်၊စစ်အာဏာသိမ်းပြီးကတည်းကစစ်ကောင်စီတပ်၏အကြမ်းဖက်ဖြိုခွင်းခြင်း၊ ဖမ်းဆီးသတ်ဖြတ်ခြင်း၊ အစုလိုက်အပြုံလိုက် သတ်ဖြတ်ခြင်း၊ ကျေးရွာများ မီးရှို့ဖျက်ဆီးခံရခြင်း စသော လူသားမဆန်သည့် လုပ်ရပ်များအပေါ် ခုခံတော်လှန်စစ်သည် မြန်မာတစ်နိုင်ငံလုံးအတိုင်း

အတာဖြင့် ကျေးလက်မြို့ပြ အချိန်နေရာမရွေး ဖြစ်ပွားနေသည်ကို နေ့စဉ်သတင်းများကို လေ့လာကြည့်လျှင် သိနိုင်ပါသည်။

၎င်းတို့ အပစ်ရပ်ကြေညာသည့် ၂၇ ရက်တွင် စစ်ကိုင်းတိုင်း၊ ခင်ဦးမြို့နယ်အတွင်း စစ်ကောင်စီတပ်ယာဉ်တန်း မိုင်းခွဲတိုက်ခိုက်ခံရခြင်း၊ ယင်းမာပင်မြို့နယ်အတွင်း စစ်ကောင်စီတပ် ယာဉ်တန်း မိုင်းခွဲတိုက်ခိုက်ခံရခြင်း၊ ချင်းပြည်နယ် ထန်တလန်မြို့နယ်အတွင်း ချင်းဒေသကာကွယ်ရေးတပ်ဖွဲ့ (CDF) နှင့် တိုက်ပွဲ၊ ရှမ်းပြည်နယ် ဖယ်ခုံမြို့နယ်အတွင်း ကရင်နီအမျိုးသားကာကွယ်ရေးတပ်ဖွဲ့ (KNDF) နှင့် တိုက်ပွဲ၊ ပဲခူးတိုင်း ကျောက်ကြီးမြို့နယ် မုံးဒေသတွင် ကရင်အမျိုးသားအစည်းအရုံး (KNU) နှင့် တိုက်ပွဲ စသည်တို့ ဖြစ်ပွားခဲ့သည့်အပြင် စစ်အာဏာရှင်စနစ် အမြစ်ပြုတ်ရေး ဆန္ဒပြ သပိတ်တိုက်ပွဲများလည်း ရှမ်း၊ ကချင်၊ မန္တလေးနှင့် စစ်ကိုင်းတိုင်းတို့ရှိ မြို့နယ်၊ ကျေးရွာများတွင် ဖြစ်ပွားခဲ့ပါသည်။

စက်တင်ဘာ ၂၈ ရက်တွင်လည်း စစ်ကိုင်းတိုင်း ဟုမ္မလင်းမြို့နယ်၊ ပင်လည်ဘူးမြို့နယ်၊ ဒီပဲယင်းမြို့နယ်၊ ဘုတလင်မြို့နယ်၊ ချောင်းဦးမြို့နယ်များတွင် ဒေသခံ PDF များနှင့် တိုက်ပွဲဖြစ်ပွားခြင်း၊ စစ်ကောင်စီတပ်ယာဉ်တန်းများ မိုင်းခွဲတိုက်ခိုက်ခံရခြင်းများ ဖြစ်ပွားခဲ့သည်။ မကွေးတိုင်း ပခုက္ကူမြို့ပေါ်ရှိ စစ်ကောင်စီလက်အောက်ခံ ကင်းလှည့်ယာဉ်အား မိုင်းပစ်တိုက်ခိုက်ခံရပြီး နှစ်ဦး သေဆုံးခဲ့သည်။ ထိုနေ့တွင်ပင် မိုးမောက်မြို့နယ် KIA နှင့် တိုက်ပွဲ၊ ကိုးကန့်ဒေသ MNDAA နှင့် တိုက်ပွဲ ၊ ဖယ်ခုံမြို့နယ် KNDF နှင့် တိုက်ပွဲ၊ ဖာပွန်မြို့နယ် KNU နှင့် တိုက်ပွဲများ ဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်အနေဖြင့် စစ်မျက်နှာအစုံဖွင့် ထိုးစစ်ဆင်နေရသည်ကို လေ့လာတွေ့ရှိရ ပါသည်။

ထို့ကြောင့် အာဏာသိမ်းစစ်ကောင်စီ၏ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလအထိ ငါးလတာ အပစ်ရပ်ကြေညာချက်သည် မည်သည့်နိုင်ငံမှ အသိအမှတ်ပြုခြင်း မခံရသေးသော နိုင်ငံတကာမျက်နှာစာအတွက် ဖြစ်စေ၊ ၎င်းတို့အား ဘက်ပေါင်းစုံမှ ခုခံစစ်ဆင်နွှဲနေကြသော ပြည်သူ့ကာကွယ်ရေး တပ်ဖွဲ့များ၊ တိုင်းရင်းသားလက်နက်အဖွဲ့အစည်းများအကြား စုစည်းမှု ပျက်ပြားစေရေးအတွက် ဖြစ်စေ ရိုးသားမှုမရှိသည့် 'ဟန်ပြ' ကြေညာချက်သာ ဖြစ်နိုင်ကြောင်း လေ့လာသူများက သုံးသပ် ရှုမြင်ကြပြီး ကိုးကန့်ဒေသ ပန်ဆိုင်းမြို့က အရပ်သားအမျိုးသမီးကတော့ "စစ်ဖြစ်ရာဒေသအတွက်ကတော့ ဒီကြေညာချက်က ဘာမှ အသုံးမဝင်ဘူး" ဟု ပြောဆိုထားပါသည်။

## သုံးသပ်ချက်

ဆိုခဲ့ပါ အကြောင်းအချက်၊ အဖြစ်အပျက်များနှင့် အပစ်ရပ်ကြေညာချက်ပါ လားရာများကို ထောက်ရှုကြည့်ပါက အာဏာသိမ်းစစ်ကောင်စီ၏ အပစ်ရပ်ကြေညာချက်သည် ပြည်သူ့အာဏာ ပြည်သူ ပြန်ရရေး၊ စစ်အာဏာရှင်စနစ် အမြစ်ပြုတ်ရေး၊ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေး စသည်တို့အတွက် စိုးစဉ်းမျှပင် မျှော်လင့်စရာမရှိကြောင်း ကောက်ချက်ချရပါလိမ့်မည်။

ပြည်သူလူထု ရွေးချယ်တင်မြှောက်ထားသော အစိုးရအဖွဲ့ခေါင်းဆောင်များကို အဓမ္မ ဖမ်းဆီးကာ တိုင်းပြည်အာဏာကို ကိုယ့်သဘောနှင့် ကိုယ် ရယူပြီး စစ်ကောင်စီကို ဖွဲ့စည်းကာ တိုင်းပြည် အုပ်ချုပ် မင်းလုပ်ရန် ကြံရွယ်ထားသည့် အာဏာသိမ်းစစ်ခေါင်းဆောင် ကာချုပ်မင်းအောင်လှိုင်နှင့် အပေါင်းအပါတစ်သိုက်ကို ယခုအခါမြန်မာပြည်သူလူထုတစ်ရပ်လုံးနှင့်နိုင်ငံတကာအသိုင်းအဝိုင်းကပါ အစိုးရတစ်ရပ်အဖြစ် အသိအမှတ်ပြုခြင်း မရှိသေးသည့်အတွက် အပစ်ရပ်ကြေညာချက်ပါ 'နိုင်ငံတော် ကာကွယ်ရေးနှင့် အုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များ၊ နိုင်ငံတော်အစိုးရ၏ လုံခြုံရေးနှင့် အုပ်ချုပ်ရေး

ယန္တရားများအား နှောင့်ယှက် ထိပါး တိုက်ခိုက်မှုမျိုးနှင့် အပ' ဆိုသည်ကလည်း နားလည်ရန် ခက်ခဲနေဆဲ ဖြစ်ပါသည်။

မဲမသမာမှုဟု တွင်တွင်ရွတ်ပြီး နိုင်ငံတော်အုပ်ချုပ်မှုအာဏာကို လက်နက်အားကိုးဖြင့် အဓမ္မရယူထားသော်လည်း စစ်ခေါင်းဆောင်နှင့် အပေါင်းအပါများအတွက် အစိုးရအဖွဲ့၊ ပညာရေး၊ ကျန်းမာရေး ရဲတပ်ဖွဲ့၊ တပ်မတော်အပါအဝင် သိန်းနှင့်ချီသော နိုင်ငံ့ဝန်ထမ်းများ၏ အကြမ်းမဖက် ပြည်သူ့အာဏာဖီဆန်ရေးလှုပ်ရှားမှု (CDM) ပြုလုပ်ကာ ဆန့်ကျင်နေမှုများ၊ တိုင်းနှင့် ပြည်နယ် မြို့နယ် ရပ်ကွက် ရပ်ရွာအလိုက် အကြမ်းမဖက် ငြိမ်းချမ်းစွာ ဆန့်ကျင်ဆန္ဒပြ သပိတ်စစ်ကြောင်းများနှင့် စစ်ကောင်စီတပ်၏ အကြမ်းဖက် သတ်ဖြတ်ဖမ်းဆီးမှုများအား ခုခံတော်လှန်နေကြသည့် နွေဦးတော်လှန်ရေးလှုပ်ရှားမှုကြီးကိုသာ နေ့စဉ်နှင့်အမျှ ရင်ဆိုင်နေရသည်ကို တွေ့ရှိရပါသည်။

စစ်ကောင်စီတပ်၏ ၎င်းတို့အာဏာတည်မြဲရေးအတွက် ပြည်သူလူထုအပေါ် ထားရှိသော စိတ်သန္တာန်သည် စစ်အာဏာသိမ်းကာလအတွင်း ပြည်နယ်ပြည်မ နေရာဒေသမရွေး၊ တိုင်းရင်းသား လူမျိုးမရွေး ဖိနှိပ်ခံရခြင်း၊ သတ်ဖြတ်ခံရခြင်း၊ ဖမ်းဆီးခံရခြင်း စသည့် လူမဆန်သော ရက်စက်ကြမ်းကြုတ်မှုများကို မြင်တွေ့ခဲ့ရသောကြောင့် ၎င်းတို့၏ အပစ်ရပ်ကြေညာချက်သည် တာရှက်အဆင့်သာ ရှိသည်ကို ယင်းကြေညာသည့် စက်တင်ဘာ ၂၇ ရက်၊ မုံးကိုးမြို့နယ်ခွဲ ကျေးရွာများအတွင်း စစ်မြေပြင်အခြေအနေဖြင့် နှိုင်းယှဉ်ကာ ပန်ဆိုင်းမြို့ ဒေသခံအရပ်သား အမျိုးသမီးက ယခုလို ပြောပါသည်။

"အဲဒီ စတိတ်မန့်၊ ငါးလ ရပ်မယ်လို့ ကြေညာလိုက်တာနဲ့ အဲဒီမှာ ကလေးရော ထိပြီလေ။ မျက်နှာတစ်ပြင်လုံး ထိတာ ။ သူတို့ ပရမ်းပတာပစ်လို့ ထိတာ"

အထက်ပါပြောစကားပါ 'သူတို့' သည် စစ်ကောင်စီတပ်သားများကို ဆိုလိုခြင်းဖြစ်ပြီး 'ကလေး' ဆိုသည်ကတော့ စစ်ကောင်စီတပ်မှ ပစ်ခတ်သည့် လက်နက်ကြီးကျည် ထိမှန်ပြီး သေဆုံးခဲ့ရသော ကိုးနှစ်အရွယ် 'မာဘုံ' အမည်ရှိ ကလေးငယ်ကို ရည်ညွှန်းခြင်း ဖြစ်ပါသည်။

# ပြည်သူ့ရင်ခွင်ရောက် တပ်နှင့်ရဲများ CDM တို့အတွက် ပြန်စဉ်းစားရမည့် အချိန်

(အပတ်စဉ် သတင်းသုံးသပ်ချက်၊ အမှတ်စဉ် ၂၆)

## နိဒါန်း

"ဒီတိုက်ပွဲဟာ ပြည်သူတွေနိုင်ပြီး အာဏာရှင်စနစ်ကို အာဏာရူးတို့နဲ့အတူ အဆုံးသတ်ပစ်မယ့် နောက်ဆုံး တိုက်ပွဲဖြစ်တာကြောင့် တပ်မတော်သားတွေ၊ ရဲတပ်ဖွဲ့ဝင်တွေအနေနဲ့ အာဏာရူး အလိုကျ မိုက်ပြ ရမ်းပြမနေဘဲ ပြည်သူ့ဘက်ရပ်ပြီး အာဏာရူးတွေဘက်ကို သေနတ်ပြောင်း လှည့်ကြဖို့ အချိန်တန်ပါပြီ"

အောက်တိုဘာ ၇ ရက်၊ အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ဝန်ကြီးချုပ် မန်းဝင်းခိုင်သန်း၏ 'ပြည်သူ့ရင်ခွင်ခိုလှုံရေး' နိုးဆော်ချက် ရုပ်သံမှ ကောက်နုတ်ထားခြင်း ဖြစ်ပါသည်။ စက်တင်ဘာ ၈ ရက်မှ အောက်တိုဘာ ၆ ရက်အထိ ရက်ပေါင်း ၂၉ ရက်အတွင်း အမျိုးသားညီညွတ်ရေးအစိုးရ (NUG)နှင့် ပူးပေါင်းလုပ်ကိုင်နေသည့် ပြည်သူ့ရင်ခွင် (People's Embrace) သို့ ဆက်သွယ်လာသည့် တပ်နှင့်ရဲCDMအရေအတွက်ဂုဂဂနီးပါးရှိနေပါပြီ။ အကြမ်းမဖက်ပြည်သူ့အာဏာဖီဆန်ရေးလှုပ်ရှားမှု (CDM) တွင် ပါဝင်ဖို့ ဆက်သွယ်လာသူ တပ်မတော်မှ ၄၀၄ ဦးနှင့် ရဲတပ်ဖွဲ့မှ ၂၉၅ ဦး ရှိနေကြောင်း သိရပါသည်။

ယခုတစ်ပတ် Myanmar Peace Monitor ၏ တစ်ပတ်အတွင်း သုံးသပ်ချက်တွင် CDM တွင် ပါဝင်လာသော နိုင်ငံ့ဝန်ထမ်းများ အထူးသဖြင့် တပ်နှင့်ရဲများ၏ အခန်းကဏ္ဍကို လေ့လာတင်ပြသွားပါမည်။

## တွေ့ရှိချက်

ဖေဖော်ဝါရီ ၁၈ ရက်၊ နန့်နက်ပိုင်း၊ စစ်ကိုင်းတိုင်း မုံရွာမြို့ဒေသခံများ၏ စစ်အာဏာရှင် ဆန့်ကျင်ရေး သပိတ်စစ်ကြောင်းတွင် ခမရ ၁၆ (မုံရွာ)မှ တပ်ကြပ်စာရေး သန်းလွင် (ကိုယ်ပိုင်နံပါတ် – ၅၅၁၀၉၆) ဆိုသူ တပ်မတော်သားတစ်ဦး ပူးပေါင်းပါဝင်လာပြီး ဗိုလ်ချုပ်ကြေးရုပ်ရှေ့ ထိုင်သပိတ် နားသည့်အခါ ၎င်းက ဆန္ဒပြလူထုအား စကားပြောဆိုခဲ့ပါသည်။ ပြည်သူ့ဘက်မှ ရပ်တည်လာသည့် ၎င်းအတွက် ကြိုဆိုခဲ့ကြသော်လည်း နောက်တစ်ရက်တွင်တော့ ၎င်းကို အရက်တိုက်ကာ ဆန္ဒပြ ပြည်သူကပင် ခေါ်ဆောင်စည်းရုံးခဲ့သလို ရုပ်သံဖိုင်ကို အာဏာသိမ်းစစ်ကောင်စီက ထုတ်ပြန်ခဲ့ပါ သည်။

ရဲတပ်ဖွဲ့ဝင် ၂၄၀ ဦးသာရှိသည့် ကယား(ကရင်နီ) ပြည်နယ်တွင် ဖေဖော်ဝါရီ ၁၃ ရက်တွင် ရဲတပ်ဖွဲ့ဝင် ၇၀ အထိ စစ်အာဏာသိမ်းမှုဆန့်ကျင်သော ပြည်သူ့လူထုဘက်မှ ရပ်တည်ကာ CDM တွင် ပါဝင်လာခဲ့ကြပါသည်။ သို့သော် အာဏာသိမ်းစစ်ကောင်စီကတော့ ၎င်းတို့သည် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ မဟုတ်ကြောင်း ဝါဒဖြန့် ထုတ်ပြန်မှုများ ပြုလုပ်ခဲ့ပါသည်။

သို့နှင့်တိုင် ဖေဖော်ဝါရီ ၂ ရက်မှ မေလ ၁၆ ရက်အထိ စစ်အာဏာသိမ်းကာလ ရက်ပေါင်း ၈၀ ကျော်အတွင်း အကြမ်းမဖက် ပြည်သူ့အာဏာဖီဆန်ရေးလှုပ်ရှားမှု (CDM) တွင် ပါဝင်လာသော တစ်နိုင်ငံလုံးရှိ ရဲတပ်ဖွဲ့ဝင်ပေါင်း ၈၀၀ ကျော်အထိ ရှိလာခဲ့ပါသည်။ ချင်းပြည်နယ်တွင် ၂၀၈ ဦး၊ ကယား(ကရင်နီ)ပြည်နယ်တွင် ၁၅၈ ဦး၊ နေပြည်တော်တွင် ၈၇ ဦး၊ မန္တလေးတိုင်းတွင် ၇၃ ဦး၊ တနင်္သာရီတိုင်းတွင် ၇၃ ဦး၊ ကချင်ပြည်နယ်တွင် ၆၀ ဦး၊ စစ်ကိုင်းတိုင်းတွင် ၃၆ ဦး၊ ရန်ကုန်တိုင်းတွင် ၃၁ ဦး၊ မကွေးတိုင်းတွင် ၂၇ ဦး၊ ဧရာဝတီတိုင်းတွင် ၂၂ ဦး၊ ပဲခူးတိုင်းတွင် ၂၂ ဦး၊ မွန်ပြည်နယ်တွင် ၁၁ ဦး စသဖြင့် ရဲတပ်ဖွဲ့ဝင်များ CDM ပြုလုပ်လာသည်ကို တွေ့ရှိခဲ့ရပါသည်။

စက်တင်ဘာ ၇ ရက်၊ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် 'လှည်းနေလှေအောင်း မြင်းဇောင်း မကျန် ခုခံတော်လှန်စစ်' ဆင်နွှဲရန် နိုးဆော်တိုက်တွန်းချက်အပြီး CDM တွင် ပါဝင်ဖို့ ဆက်သွယ်လာ သည့် တပ်မတော်သားနှင့် ရဲတပ်ဖွဲ့ဝင်များ နေ့စဉ် မြင်တွေ့လာခဲ့ရပါသည်။

ယခု အောက်တိုဘာလအတွင်း အာဏာသိမ်း စစ်ကောင်စီလက်အောက်ခံ ဟားခါးအခြေစိုက် အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဒုတိုင်းမှူး၏ ကိုယ်ရေးအရာရှိနှင့် ယာဉ်မောင်းတို့နှစ်ဦး စစ်တပ် မှ ထွက်ပြေးလာပြီး တပ်တွင်းအခြေအနေများကို ဝန်ခံကာ ခိုလှုံလာကြောင်း ချင်းလူ့အခွင့်အရေး အဖွဲ့မှ ထုတ်ပြန်ခဲ့ပါသည်။ အဆိုပါ ထုတ်ပြန်ချက်နှင့်ပတ်သက်ပြီး စစ်ကောင်စီမှ ငြင်းဆိုလျက် ရှိသော်လည်း နေ့စဉ်သတင်းဖော်ပြချက်များအရတော့ အဆိုပါ ထွက်ပြေးခိုလှုံလာသူနှစ်ဦး၏ မိသားစုဝင်များကို စစ်ကောင်စီမှ ဖမ်းဆီးစစ်ဆေးနေကြောင်း သိရပါသည်။ ခမရ (၅) အင်းမ၊ တမခ (၆၆)မှ သူရဘွဲ့ရ တပ်ကြပ်ကြီးမာန်သည်လည်း CDM ပြုလုပ်ကာ ပြည်သူ့ဘက်မှ ရပ်တည်လာကြောင်း တပ်မတော်သား CDM များစုဖွဲ့ထားသည့် ပြည်သူ့စစ်သား (People's Soldiers) အဖွဲ့က အောက် တိုဘာ ၁၂ ရက်တွင် ကြေညာထားပါသည်။

နေ့စဉ်သတင်း ဖော်ပြချက်များအရ လက်ရှိ စစ်အာဏာသိမ်းကာလအတွင်း ပြည်သူလူထု ဘက် ရပ်တည်လာသော တပ်မတော်သား ၃၅၀၀ အထက်တွင် ရှိနေပြီး ရဲတပ်ဖွဲ့ဝင် ၁၅၀၀ ကျော် ရှိနေကြောင်း လေ့လာတွေ့ရှိရပါသည်။

## သူတို့ ဘာလုပ်နေကြသလဲ

စစ်အာဏာသိမ်းကာလအတွင်း စစ်ကောင်စီနှင့် အပေါင်းအပါများ၏ ပြည်သူလူထုအပေါ် အကြမ်းဖက်ဖိနှိပ် ဖမ်းဆီးသတ်ဖြတ်စသည့် လူသားမဆန်သော လုပ်ရပ်များအပေါ် ဆန့်ကျင်ကာ ပြည်သူလူထုဘက်မှရပ်တည်လာသည့်တပ်မတော်သားများစုပေါင်းကာပြည်သူ့စစ်သား(People's Soldiers)အဖွဲ့ ဖွဲ့စည်းပြီး အာဏာသိမ်းစစ်တပ်အတွင်းမှ ပြည်သူ့ဘက် ရပ်တည်လာနိုင်မည့် တပ်မတော်သားများကို ဖိတ်ခေါ်ခြင်း၊ ကူညီခြင်း၊ သတင်းအချက်အလက် မျှဝေခြင်းများ ပြုလုပ်လျက် ရှိသည်ကို တွေ့ရပါသည်။ တစ်ဖက်တွင်လည်း အမျိုးသားညီညွတ်ရေးအစိုးရ (NUG) နှင့် ပူးပေါင်းကာ ပြည်သူ့ရင်ခွင် (People's Embrace)အမည်ဖြင့် အဖွဲ့ ဖွဲ့စည်းပြီးပြည်သူ့ဘက်ရပ်တည်လာမည့် တပ်မတော်သားနှင့် ရဲတပ်ဖွဲ့ဝင်များကို ဖိတ်ခေါ်ခြင်းများ ပြုလုပ်နေသည်ကို တွေ့ရပါသည်။

ကယား(ကရင်နီ)ဒေသရှိ CDM ရဲတပ်ဖွဲ့ဝင် ၃၂၀ ဦးကို စုစည်းကာ ပြည်နယ်အတွင်းရှိ ပြည်သူလူထု၏ လုံခြုံရေး တရားဥပဒေစိုးမိုးရေးအတွက် ဝန်ဆောင်မှုပေးနိုင်ရန်အတွက် ကရင်နီပြည်နယ် ရဲတပ်ဖွဲ့ (KPS)ကို ဩဂုတ်လ ၂၅ ရက်တွင် ဖွဲ့စည်းခဲ့သည်။ KPS အနေဖြင့် ကရင်နီပြည်နယ် အတိုင်ပင်ခံကောင်စီ (KSCC) ၏ နိုင်ငံရေးဦးဆောင်မှုအောက်မှတစ်ဆင့် ပြည်သူလူထု၏ အကျိုးစီးပွားနှင့် ဘဝလုံခြုံရေးအတွက် ဆောင်ရွက်သွားမည်ဟု ဆိုပါသည်။

အမျိုးသားညီညွတ်ရေးအစိုးရ (NUG)၏ ပြည်ထဲရေးနှင့် လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာနကလည်း CDM ပြည်သူ့ရဲတပ်ဖွဲ့ ယာယီအုပ်ချုပ်ရေးကော်မတီ ဖွဲ့စည်းကြောင်း အောက်တိုဘာ ၇ ရက်တွင် ကြေညာပါသည်။ CDM ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ ဘေးကင်းလုံခြုံရေး အခက်အခဲများ ကူညီဖြေရှင်းရေးနှင့် ၎င်းတို့အား စုစည်းကာ အနာဂတ် ဖက်ဒရယ်ပြည်သူ့ရဲတပ်ဖွဲ့ ဖွဲ့စည်းနိုင်ရေးအတွက်ဟု ဆိုထားပါသည်။

အောက်တိုဘာ ၁၃ ရက်၊ နိုင်ငံတော်သမ္မတဦးဝင်းမြင့်၏ နေပြည်တော်တရားခွင်မှ ထွက်ဆိုချက်ကို အခြေခံပြီး 'နိုင်ငံတော်ပုန်ကန်မှု ကျူးလွန်ခဲ့သော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် စစ်တပ်အကြီးအကဲများအား တာဝန်မှ ရပ်စဲကြောင်း' ပြည်သူ့စစ်သားအဖွဲ့ (People's Soliders) က ကြေညာခဲ့ပါသည်။ ဖေဖော်ဝါရီ ၁ ရက်က နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ကို စစ်တပ်အကြီးအကဲ နှစ်ဦးက ရာထူးမှ နုတ်ထွက်ပေးဖို့ အတင်းအဓမ္မ ခြိမ်းခြောက်ခဲ့ပြီး နိုင်ငံတော်အာဏာ လုယူခဲ့ခြင်းသည် ရာဇသတ်ကြီး ဥပဒေပုဒ်မ ၁၂၂ (၁) အရ နိုင်ငံတော်သစ္စာဖောက်ဖျက် ပုန်ကန်မှု ကျူးလွန်ခြင်းဖြစ်ပြီး တပ်မတော်၏ စစ်စည်းကမ်းများကို ချိုးဖောက်ခဲ့ခြင်းလည်း ဖြစ်ကြောင်း ထောက်ပြခဲ့ပါသည်။

## လေ့လာသုံးသပ်ချက်

ဖေဖော်ဝါရီ ၁ ရက်၊ စစ်အာဏာသိမ်းကတည်းက ကျန်းမာရေး၊ ပညာရေး၊ မီးရထားနှင့် အခြားသော အစိုးရအဖွဲ့ ဌာနဆိုင်ရာအလိုက် နိုင်ငံဝန်ထမ်းပေါင်း သိန်းနှင့်ချီကာ စစ်အာဏာသိမ်းမှုကို

ဆန့်ကျင်ပြီး CDM တွင် ပါဝင်ကာ ပြည်သူလူထုနှင့်အတူ ရပ်တည် တိုက်ပွဲဝင်ခဲ့ကြပါသည်။ ပြည်သူလူထုအနေဖြင့်လည်း အလုပ်အကိုင်နှင့်အတူ ဝင်ငွေရရှိမှုပါ ရပ်တန့်သွားခဲ့သည့် CDM နိုင်ငံ့ဝန်ထမ်းများကို တတ်စွမ်းသမျှ ကူညီထောက်ပံ့ခဲ့ကြပါသည်။ အမျိုးသားညီညွတ်ရေးအစိုးရ (NUG) အနေဖြင့် CDM နိုင်ငံ့ဝန်ထမ်းများအား စနစ်တကျ ကူညီထောက်ပံ့နေသည် ဆိုသော်လည်း လက်တွေ့တွင် အထောက်အပံ့ တစ်စုံတစ်ရာ မရရှိသေးသည့် CDM နိုင်ငံ့ဝန်ထမ်းပေါင်းများစွာ ရှိနေသေးသည်ကို တွေ့ရှိနေရပါသည်။

အလားတူ ပြည်သူလူထုဘက်မှ ရပ်တည်လာသော CDM တပ်မတော်သားနှင့် ရဲတပ်ဖွဲ့ဝင်များ အပေါ် စီမံခန့်ခွဲနိုင်မှုသည်လည်း ယိုပေါက်စိမ့်ပေါက်များ မဖြစ်စေရေး သတိပြုရပါလိမ့်မည်။ ပြည်သူလူထုအနေဖြင့် တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ ပြည်သူ့ဘက်မှ ရပ်တည်လာသည့်အခါ ဝမ်းသာအားရ ကြိုဆိုကြသကဲ့သို့ စနစ်တကျ သပ်လျှိုဝင်ရောက်မည့် ဖောက်ပြန်ရေးသမားများ၏ အန္တရာယ်ကိုလည်း စိုးရိမ်မကင်း ရှိနေကြပါသည်။ စစ်ကောင်စီအနေဖြင့် ၎င်းတို့၏ လက်ပါးစေများအား အဝတ်အစားမျိုးစုံ၊ အသွင်သဏ္ဌာန်မျိုးစုံ ပြုမူပုံများရိုက်ကာ လက်နက်မဲ့ပြည်သူများအား အကြမ်းဖက်ဖြိုခွင်းခြင်း၊ ဖမ်းဆီးသတ်ဖြတ်ခြင်းများ ပြုလုပ်နေသည့် ဖြစ်စဉ်ဖြစ်ရပ်ပေါင်းများစွာကို မြင်တွေ့ကြားသိနေရပြီ မဟုတ်ပါလား။

အာဏာသိမ်း စစ်ကောင်စီအနေဖြင့် ဝါဒဖြန့်သတင်းများ၊ သူလျှိုနှင့် သတင်းပေး အလန်များကို အသုံးပြုကာ နွေဦးတော်လှန်ရေး၏ ထောက်တိုင်များကို ဖြိုချက်ဖို့ အစဉ်တစိုက် ကြိုးပမ်းနေသည့် အတွက် အမျိုးသားညီညွတ်ရေးအစိုးရ (NUG) အနေဖြင့်လည်း စစ်ကောင်စီလက်အောက်ခံ တပ်မတော်သားနှင့် ရဲတပ်ဖွဲ့ဝင်များအား CDM တွင် ပါဝင်လာရေး ဖိတ်ခေါ်နေသကဲ့သို့ တန်ပြန် ထောက်လှမ်းမှုအစီအစဉ်များလည်း စနစ်တကျ ရှိစေရေး လိုအပ်ကြောင်း သုံးသပ်မိပါသည်။

မည်သို့ပင်ဆိုစေ ပြည်သူလူထုအနေဖြင့် အမှန်နှင့် အမှား၊ အဓိန့်နှင့် တာဝန် ခွဲခြားသိမြင်ပြီး အာဏာလု စစ်ကောင်စီ၏ လက်ပါးစေအဖြစ်မှ ရုန်းထွက်လာကြမည့် နိုင်ငံ့ဝန်ထမ်းများ၊ အထူးသဖြင့် တပ်မတော်သားနှင့် ရဲတပ်ဖွဲ့ဝင်များကို ဝမ်းပန်းတသာ ကြိုဆိုနေကြဆဲဖြစ်ကြောင်း သတိပြုမိပါသည်။

# စစ်ကိုင်း ခရီးကြမ်းကို ဦးစွာ လျှောက်လှမ်းခဲ့ကြသူများ

(အပတ်စဉ် သတင်းသုံးသပ်ချက်၊ အမှတ်စဉ် ၂၇)

## နိဒါန်း

"စစ်တပ်က ဒေသခံ PDF တွေကို အငြိုးကြီးကြီးနဲ့ ကျေးရွာတွေဝင်ပြီး ဖျက်ဆီးတာတွေ၊ ရွာသူရွာသားတွေကို သံသယနဲ့ ဖမ်းဆီးတာတွေ မလုပ်အောင် ကမ္ဘာ့နိုင်ငံကရော တတ်စွမ်းသမျှ ကူညီပေးကြပါ"

စစ်ကိုင်းတိုင်း၊ ပင်လည်ဘူးမြို့နယ် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ဝင် တစ်ဦးနှင့် အမေးအဖြေမှ ပြောစကားကို ကောက်နုတ်ထားခြင်း ဖြစ်ပါသည်။ အင်တာနက်နှင့် ဖုန်းလိုင်းများ ဖြတ်တောက်ပိတ်ဆို့ပြီး ပင်လည်ဘူးမြို့နယ်အတွင်းရှိ ကျေးရွာ ၁၂ ရွာတွင် အင်အား ၁၂၀၀ ခန့် စစ်ကောင်စီတပ်များ တပ်စွဲထားသည်ဟု ဆိုပါသည်။ ထို့ပြင် စက်တင်ဘာနောက်ဆုံးအပတ်တွင် ပင်လည်ဘူးမြို့နယ်အတွင်း နေရာသုံးခုထက် မနည်း စစ်လေယာဉ်ဖြင့် လှည့်ပတ်ပစ်ခတ်ခဲ့သည့်အတွက် ဒေသခံပြည်သူ ၂၀၀၀ ကျော်သည် ဘေးလွတ်ရာသို့ ထွက်ပြေး တိမ်းရှောင်ခဲ့ရကြောင်း သိရပါသည်။

ယခုတစ်ပတ် Myanmar Peace Monitor ၏ အပတ်စဉ်သုံးသပ်ချက်တွင် စစ်ကိုင်းတိုင်း အခြေပြု စစ်ရေးအခြေအနေများကို လေ့လာတင်ပြသွားပါမည်။

## တွေ့ရှိချက်များ

မိမိတို့ စုဆောင်းထားသည့် သတင်းအချက်အလက်များအရ စက်တင်ဘာလအတွင်း အာဏာသိမ်းစစ်ကောင်စီ တပ်နှင့် တိုင်း၊ ပြည်နယ်၊ မြို့နယ်အလိုက် ခုခံစစ် ဆင်နွှဲနေကြသည့် ဒေသအလိုက် ကာကွယ်ရေးတပ်ဖွဲ့များအကြား တိုက်ပွဲဖြစ်ပွားမှုပေါင်း ၇၆ ကြိမ် ဖြစ်ပွားခဲ့ပါသည်။ ယင်းတို့အနက် စစ်ကိုင်းတိုင်းအတွင်း တိုက်ပွဲဖြစ်ပွားမှုသည် အများဆုံးဖြစ်ခဲ့ပြီး မကွေးတိုင်းနှင့် ချင်းပြည်နယ်တို့သည် ဒုတိယနှင့် တတိယမြောက် တိုက်ပွဲဖြစ်ပွားမှု အများဆုံးဒေသများ ဖြစ်ခဲ့ပါသည်။ ကရင်နီပြည်နယ်၊ မန္တလေးတိုင်း၊ ရှမ်းပြည်တောင်ပိုင်း၊ တနင်္သာရီတိုင်း၊ ကရင်ပြည်နယ်၊ ရန်ကုန်တိုင်း၊ ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင်လည်း စစ်ကောင်စီတပ်များအား ခုခံ စစ်ပွဲအချို့ ဖြစ်ပွားခဲ့ပါသည်။

အမျိုးသားညီညွတ်ရေးအစိုးရ (NUG) မှ ထုတ်ပြန်သော စက်တင်ဘာလအတွင်း တိုင်းနှင့် ပြည်နယ်အလိုက် ဖြစ်ပွားခဲ့သော တိုက်ပွဲများနှင့် ပဋိပက္ခဖြစ်စဉ်များတွင်လည်း စစ်ကိုင်းတိုင်းသည် တိုက်ပွဲနှင့် ပဋိပက္ခဖြစ်စဉ်ပေါင်း ၁၈၄ ခုရှိခဲ့ပြီး တစ်နိုင်ငံလုံးအတိုင်းအတာအားဖြင့် အများဆုံး ဖြစ်ခဲ့ပါသည်။ အခြားသော တိုင်းနှင့် ပြည်နယ်များရှိ တိုက်ပွဲနှင့် ပဋိပက္ခဖြစ်စဉ်များအဖြစ် ရန်ကုန်တိုင်းအတွင်း ၁၂၃ ခု၊ မန္တလေးတိုင်းအတွင်း ၉၅ ခု၊ မကွေးတိုင်းအတွင်း ၅၁ ခု၊ ချင်းပြည်နယ်အတွင်း ၃၆ ခု၊ ရှမ်းပြည်နယ်အတွင်း ၃၃ ခု၊ ကရင်နီပြည်နယ်အတွင်း ၃၂ ခုနှင့် ကချင်၊ ကရင်၊ မွန်၊ တနင်္သာရီနှင့် ဧရာဝတီတိုင်းတို့တွင် ၂၀ ခုအထက် ရှိခဲ့ပြီး ပဲခူးတိုင်းအတွင်း ၁၉ ခု ရှိခဲ့ပါသည်။ ရခိုင်ပြည်နယ်တွင်တော့ တိုက်ပွဲနှင့် ပဋိပက္ခဖြစ်စဉ် မရှိခဲ့ဟု ဆိုပါသည်။

ဆိုခဲ့ပါအချက်အလက်များကို ထောက်ရှုကြည့်ပါက အာဏာသိမ်းစစ်ကောင်စီအတွက် စစ်ကိုင်း၊ မကွေးနှင့် ချင်းဒေသတစ်ကြောဖြစ်သည့် မြန်မာပြည် အနောက်မြောက်တစ်ရှောက်သည် အထူးအာရုံစိုက်ရရာ ဖြစ်နေပြီး ၎င်းတို့လက်အောက်ခံတပ်ဖွဲ့၊ တပ်ရင်းနှင့် သတင်းပေးအလန်များအတွက် အချိန်မရွေး အန္တရာယ်ပြုနိုင်သည်ဟု တွက်ဆနေပါလိမ့်မည်။ 'လေထဲကအစိုးရ' ဟု အာဏာသိမ်းစစ်ခေါင်းဆောင်များ ယုံကြည်ထင်မှတ်ထားကြသည့် အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ၏ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် 'ခုခံစစ်ဆင်နွှဲရန်' နှိုးဆော်ချက်အလွန် ဖြစ်ပွားခဲ့သည့် စစ်ကောင်စီတပ်နှင့် ၎င်း၏ထောက်တိုင် ယန္တရားများကို ဖြိုချက်ခံရခြင်း၊ တိုက်ခိုက်ခံရခြင်းများကြောင့် အာဏာသိမ်းစစ်ကောင်စီအတွက် မည်မျှ ဆုံးရှုံးနေသနည်းဆိုသည်က ၎င်းတို့သာ အသိဆုံး ဖြစ်ပါလိမ့်မည်။

၎င်းတို့အား ခုခံစစ်ဆင်နွှဲနေသည့် တိုင်းနှင့်ပြည်နယ်များအတွင်းရှိ ကျေးရွာများအား မီးရှို့ဖျက်ဆီးခြင်း၊ ဒေသခံပြည်သူများအား အကြောင်းမဲ့ ပစ်ခတ်ဖမ်းဆီးခြင်း၊ အရှင်လိုက်အပြုံလိုက် သတ်ဖြတ်ခြင်း၊ ဖမ်းဆီးခံပြည်သူများအား လူသားဒိုင်းကာအဖြစ် အသုံးပြုခြင်း၊ တိုက်ပွဲများအတွင်း သာလွန်အင်အားအသုံးပြုခြင်း၊ လက်နက်ကြီး အလွန်အကျွံ အသုံးပြုခြင်းအပြင် စစ်လေယာဉ်များ အသုံးပြုပစ်ခတ်ခြင်းများ အကန့်အသတ်မဲ့ ပြုလုပ်နေသည့် အာဏာသိမ်းစစ်ကောင်စီနှင့် ၎င်းတို့၏ အစေအပါးများကို တွေ့မြင် ကြားသိနေရသည်က 'သူရူးတစ်ယောက် မီးဒိုင်းခံနေရသည့်အလား' ရှုမြင်မိပါသည်။

## စစ်ကောင်စီတပ် လှုပ်ရှားမှုနှင့် ပြည်သူ့ ခုခံစစ်

စက်တင်ဘာ ၁၂ ရက်မှစကာ ချင်းတွင်းမြစ်ရိုးတစ်လျှောက် အစုန်အဆန်ပြုပြီး လက်နက်ခဲယမ်းနှင့် သံချပ်ကာကားများ သယ်ဆောင်လာကာ ကနီမြို့နယ်အတွင်း အထိုင်ချနေသည့် စစ်ကောင်စီတပ်များကို ဒေသခံပြည်သူများက သတိပြုမိနေပါပြီ။ ထို့ပြင် လေကြောင်း၊ ကုန်းကြောင်း နှစ်မျိုးသုံးကာ စစ်ကောင်စီတပ် အင်အားအများအပြားကို ကနီမြို့နယ်၊ မုံရွာမြို့နယ်နှင့် မင်းကင်းမြို့နယ်များအတွင်း ဖြည့်တင်း ပို့ဆောင်နေကြောင်း လေ့လာသိရှိရပါသည်။

ယခု အောက်တိုဘာ ပထမအပတ်အတွင်း သတင်းတွေ့ရှိချက်များအရ အာဏာသိမ်း စစ်ကောင်စီသည် အင်အား ၃၀၀၀ ခန့်ရှိ ၎င်းလက်အောက်ခံတပ်ရင်း လေးခုပေါင်းကာ စစ်ကိုင်းတိုင်း အပါအဝင် နယ်မြေထိစပ်နေသော မကွေးနှင့် ချင်းဒေသများရှိ ဒေသခံ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များအား စစ်ဆင်ရေးများ ပြုလုပ်ရန်အတွက် စစ်ကောင်စီ၏ ပြည်ထဲရေးဝန်ကြီး တာဝန်ယူထားသည့် ဒုဗိုလ်ချုပ်ကြီးသန်းလှိုင်နှင့် အမှတ် ၁ စစ်ဆင်ရေး အထူးအဖွဲ့မှူး ဒုဗိုလ်ချုပ်ကြီး ဇေဇော် တို့ကို တာဝန်ပေးထားကြောင်း သိရပါသည်။ စစ်ကိုင်းတိုင်း မုံရွာအခြေစိုက် အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မြို့သန့်ကို ဖမ်းဆီးထားကြောင်း သတင်းများ ထွက်ပေါ်နေပြီး စစ်ကောင်စီဘက်ကတော့ ငြင်းဆိုထားဆဲ ဖြစ်ပါသည်။

အာဏာသိမ်းစစ်ကောင်စီအနေဖြင့် စစ်ကိုင်းတိုင်းနှင့် ချင်းပြည်နယ်တို့တွင် အင်အားအလုံးအရင်း တိုးမြှင့်ချထားပြီး အောက်တိုဘာ ၁၂ ရက် နံနက်ပိုင်းတွင်တော့ သံချပ်ကာကား သုံးစီး အပါအဝင် စစ်ကောင်စီတပ်ကား အစီး ၆၆ စီး ပါသည့် ယာဉ်တန်းသည် မကွေးတိုင်း၊ ပခုက္ကူမြို့မှ ချင်းပြည်နယ် ကန်ပက်လက်မြို့ဘက်သို့ ဦးတည်ထွက်ခွာသွားကြောင်း သိရပါသည်။ အဆိုပါ ယာဉ်တန်းသည် စစ်ကိုင်းတိုင်း ယောဒေသ ကျောက်ထုမြို့ လေယာဉ်ကွင်းတွင် တပ်စွဲထားကြောင်း ဒေသအခြေစိုက် သတင်းဌာနများက ဖော်ပြပါသည်။

အောက်တိုဘာ ၈ ရက်တွင် မကွေးတိုင်း ဂန့်ဂေါမြို့မှ သံချပ်ကာကား နှစ်စီး အပါအဝင် စစ်ကောင်စီတပ် ကားအစီး ၄၀ ကျော်သည် ကလေးမြို့သို့ ရောက်ရှိခဲ့ပြီး အောက်တိုဘာ ၉ ရက်တွင်တော့ သံချပ်ကာကား နှစ်စီးနှင့် စစ်ကား ၁၄ စီးသည် တီးတိန်မြို့ဘက် ထွက်သွားကာ ကျန်ရှိသည့် သံချပ်ကာနှင့် စစ်ကားများသည် အောက်တိုဘာ ၁၁ ရက်တွင် ချင်းပြည်နယ် အထက်ပိုင်းသို့ ဆက်လက်ထွက်ခွာသွားကြောင်း သိရပါသည်။ အောက်တိုဘာ ၁၀ ရက် ညပိုင်းတွင်တော့ ကလေးမြို့မှ စစ်ကောင်စီ တပ်မိသားစုဝင် ၃၀ နီးပါးကို လေယာဉ်ဖြင့် ပြောင်းရွှေ့ ခေါ်ဆောင်သွားကြောင်း သိရပါသည်။

စစ်ကိုင်းတိုင်း ရေဦးမြို့နယ် ရေဦး - ပခုက္ကူလမ်းပေါ်ရှိ မှန်ချီရွာအကျော်တွင် စစ်ကောင်စီတပ် ယာဉ်တန်းကို အောက်တိုဘာ ၁၁ ရက်တွင် ရေဦး ပြည်သူ့ကာကွယ်ရေးတပ်က မိုင်းခွဲတိုက်ခိုက်ခဲ့သကဲ့သို့ နယ်မြေထိစပ်နေသည့် မကွေးတိုင်း ရေစကြိုမြို့နယ် ဖူလုံရွာရှိ စစ်ကောင်စီလက်အောက်ခံ ခြေလျင်တပ်ရင်းတစ်ခုကိုလည်း ရှော့တိုက်ဒုံး သုံးလုံးဖြင့် တိုက်ခိုက်ခဲ့ကြောင်း ရေစကြိုပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့က ပြောပါသည်။ မကွေးနှင့် စစ်ကိုင်းတိုင်းအတွင်းရှိ ရေစကြို၊ စစ်ကိုင်း၊ ရွှေဘို၊ မုံရွာ၊ ရေဦး၊ မြောင်၊ အရာတော်၊ ဖော်လိုက်၊ မြင်းခြံ၊ မြင်းမူမြို့နယ်တို့တွင် အခြေစိုက်သည့် ဒေသခံပြည်သူ့ကာကွယ်ရေးတပ် (PDF) ၁၀ ဖွဲ့သည် စစ်အာဏာရှင်တော်လှန်ရေးကာလအတွင်း မဟာမိတ်အဖြစ် ပူးပေါင်းကြောင်း ဩဂုတ်လ ၃၁ ရက်ကတည်းက သဘောတူထားကြပါသည်။

အာဏာသိမ်းစစ်ကောင်စီအနေဖြင့် စစ်ကိုင်း၊ မကွေးတို့နှင့် နယ်မြေချင်းထိစပ်နေသော ချင်းပြည်နယ်ကို ထိုးစစ်ဆင်ရန်အတွက် ပြင်ဆင်မှုများ ရှိနေပြီး မကွေးတိုင်း ပခုက္ကူ - ပေါက်- ကျောက်ထုလမ်းပိုင်းမှတစ်ဆင့် ချင်းတောင်ပိုင်း မင်းတပ်၊ မတူပီမြို့သို့ လည်းကောင်း၊ စစ်ကိုင်းတိုင်း ကလေး - တမူးလမ်းမှ တစ်ဆင့် ချင်းမြောက်ပိုင်း ဖလမ်းမှ မြို့တော်ဟားခါးသို့ လည်းကောင်း စစ်ကြောင်းနှစ်ခု ချီတက်လာခဲ့ရာ ဖလမ်းမြို့မှ ဟားခါးသို့ သွားရာ လမ်းပေါ်ရှိ သံချပ်ကာယာဉ်နှစ်စီး အပါအဝင် စစ်သုံး ထရပ်ကား ၃၅ စီးကျော်ပါ ယာဉ်တန်း၏ ထက်ဝက်ကျော်ကို အောက်တိုဘာ ၁၃ ရက်တွင် တိုက်ခိုက်ဖျက်ဆီးနိုင်ခဲ့ကြောင်း ချင်းအမျိုးသားတပ်ဦး (CNF) ပြောခွင့်ရသူ ပူးထက်နီက ပြောဆိုထားပါသည်။

အောက်တိုဘာ ၁၆ ရက်တွင်လည်း ဖလမ်းမြို့အကျော် တလန်ရောန်ရွာအနီး စစ်ကောင်စီ တပ်စစ်ကြောင်းတစ်ခုကို ကြားဖြတ်တိုက်ခိုက်ရာ စစ်ကောင်စီတပ်သား လေးဦးထက်မနည်း သေဆုံးပြီး ၁၅ ဦးခန့် ဒဏ်ရာရရှိခဲ့ကာ စစ်ကား ခုနစ်စီးကို ဖျက်ဆီးနိုင်ခဲ့သလို အောက်တိုဘာ ၁၇ ရက်တွင်လည်း ထိုနေရာနှင့် သုံးမိုင်ခန့်ဝေးသည့် တားလ်ကျေးရွာအနီး တိုက်ပွဲတွင် စစ်ကောင်စီတပ်၏ စစ်သုံးယာဉ် ကိုးစီးကို CNF က ဖျက်ဆီးနိုင်ခဲ့ကြောင်း သိရပါသည်။

ဖလမ်း - ခိုင်၊ ဖလမ်း - ဟားခါးလမ်းကြောင်း တစ်လျှောက်တွင် စစ်ကောင်စီတပ်က ခရီးသွားပြည်သူများကို ဖမ်း၍ လူသားဒိုင်းသဖွယ် အကာအကွယ် ယူနေသဖြင့် ဒေသရေး ရှင်ရေးမှ အပ ခရီးသွားလာခြင်း မပြုကြရန် ချင်းအမျိုးသားအဖွဲ့ချုပ်က အောက်တိုဘာ ၁၃ ရက်တွင် ထုတ်ပြန်ထားပါသည်။

ချင်းအမျိုးသားတပ်ဦး (CNF) မှ ပူးထက်နီကတော့ "တစ်တိုင်းတစ်ပြည်လုံးက တော်လှန်ရေး နယ်မြေလို ဖြစ်နေပြီ၊ အဲဒီလိုနယ်မြေတွေ ဖြစ်လာတာ စစ်ကောင်စီက ဖန်တီးတာ" ဟု ပြောဆိုထားပါသည်။

ကချင်ပြည်နယ်နှင့် နယ်ချင်းထိစပ်နေသည့် စစ်ကိုင်းတိုင်း မြောက်ပိုင်းဒေသများ ဖြစ်သည့် ကောလင်း၊ ဝန်းသို၊ အင်းတော်၊ ထီးချိုင့်၊ ကသာ၊ ပင်လည်ဘူး၊ ဖန်းမောက်မြို့နယ်များတွင်လည်း ဒေသခံ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များနှင့် စစ်ကောင်စီတပ်အကြား တိုက်ပွဲများပြင်းထန်စွာ ဖြစ်ပွားနေပြီး စက်တင်ဘာ ၂၃ ရက်မှ စကာ အရာတော်၊ ကနီ၊ ပုလဲ၊ ရေဦး၊ ဘုတလင်၊ တန့်ဆည်၊ ဝန်းသို၊ ကောလင်းနှင့် ပင်လည်ဘူးမြို့နယ်များကို အင်တာနက်နှင့် ဆက်သွယ်ရေးလိုင်းများကို စစ်ကောင်စီက ဖြတ်တောက်ခဲ့ပါသည်။

## လေ့လာသုံးသပ်ချက်

ပြည်တွင်းပြည်ပစစ်ရေးလေ့လာအကဲခတ်သူများကတော့ အာဏာသိမ်းစစ်ကောင်စီအနေဖြင့် မြေလျင်တပ်ရင်းများသာမက စစ်ယန္တရားတပ်များ၊ အမြောက်တပ်နှင့် သံချပ်ကာတပ်များကိုပါ ပြောင်းရွှေ့နေရာချ ပြင်ဆင်နေခြင်းသည် စစ်ကိုင်းတိုင်းကို ဗဟိုပြုပြီး ထိစပ်နေသော ချင်းပြည်နယ်၊ မကွေးတိုင်းနှင့်ကချင်ပြည်နယ်အထိ ထိုးစစ်ဆင်မည့် အရိပ်အယောင်များ ရှိနေကြောင်း သုံးသပ်ကြပါသည်။ သို့နှင့်တိုင် အာဏာသိမ်းစစ်ကောင်စီတပ်အတွက် စစ်မျက်နှာဖွင့်ရမည့် နယ်မြေသည် မြန်မာတစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျယ်ပြန့်နေသည့်အတွက် စစ်ကြောင်းများ ကျယ်ကျယ်ပြန့်ပြန့် ချီတက်သည့်အခါတိုင်း ထောက်ပံ့ရေးလမ်းကြောင်းများ ဖြန့်ထုတ်ရမည်ဖြစ်သဖြင့် နယ်မြေတိုင်းကို ရေရှည်ထိန်းချုပ်နိုင်ရန် ခက်ခဲလိမ့်မည်ဟု ဆိုကြပါသည်။

စစ်အာဏာသိမ်းမှု စတင်ပြီး ပြည်သူလူထုအပေါ် အကြမ်းဖက်၊ ဖိနှိပ်၊ ဖမ်းဆီး၊ သတ်ဖြတ်စသော ရက်စက်ကြမ်းကြုတ်မှုများကို အချိန်မရွေး၊ နေရာမရွေး ကျူးလွန်ခဲ့ပြီး လက်ရှိလည်း ကျူးလွန်နေဆဲဖြစ်သည့် အာဏာသိမ်းစစ်ခေါင်းဆောင်နှင့် အစေအပါးများအတွက် ၎င်းတို့ လုပ်ယူထားသော အာဏာတည်မြဲရေးအတွက် မည်သို့သော ကောက်ကျစ်မှုမျိုးကို မဆို လုပ်ဆောင်ရန် ဝန်လေးနေလိမ့်မည်မဟုတ်ကြောင်း စစ်အာဏာသိမ်းကာလအတွင်း နေ့စဉ်နှင့်အမျှ ဖြစ်ပျက်နေမှုများကို လေ့လာကြည့်လျှင် သိနိုင်ပါသည်။

စစ်ကိုင်းတိုင်း ဆားတောင်မြို့ ဒေသခံကာကွယ်ရေးတပ်ဖွဲ့ (PDF) ယာယီသင်တန်းစခန်းနေရာကို အောက်တိုဘာ ၁၇ရက် နံနက် ၅ နာရီဝန်းကျင်တွင် လူမှုကူညီရေးအသင်းကားတစ်စီး အပါအဝင် ဆိုင်ကယ်များဖြင့် စစ်ကောင်စီတပ်အင်အား ၃၀ ခန့် ဝင်ရောက်စီးနင်းပြီး အပြန်အလှန်ပစ်ခတ်ရာ PDF အဖွဲ့ဝင်နှစ်ဦး သေဆုံးခဲ့ပြီး တစ်ဦး ဖမ်းဆီးခံခဲ့ရပါသည်။

အာဏာသိမ်းစစ်ကောင်စီအနေဖြင့် အမျိုးသား၊ အမျိုးသမီး၊ ကလေးလူကြီး မရွေးဘဲ ၎င်းတို့ကို ဆန့်ကျင်သူ မည်သူမဆို လက်နက်ရှိသည် ဖြစ်စေ၊ လက်နက်မရှိသည် ဖြစ်စေ အင်အားသုံး၊ အကြမ်းဖက်ဖြိုခွင်း၊ အသွင်ယူအရောင်ပြောင်း စသည့် နည်းလမ်းမျိုးစုံ အသုံးပြုနေသည့်အတွက် ၎င်းတို့ထိုးစစ်ဆင်ဖို့ ဟန်ရေးပြနေသည့် အခြေအနေသည်လည်း ဆိုခဲ့ပါ ရက်စက်ကြမ်းကြုတ်မှုများကိုပင် ထပ်မံ မြင်တွေ့ရလိမ့်မည်ဟု ယူဆမိပါသည်။

အင်တာနက်နှင့် ဆက်သွယ်ရေးလိုင်းများ ဖြတ်တောက်ခြင်း၊ အစားအသောက် ရိက္ခာဖြတ်တောက်ခြင်း၊ ငွေကြေးစီးဆင်းမှု ဖြတ်တောက်ခြင်း၊ သတင်းအချက်အလက် ဖြတ်တောက်ခြင်း၊ ပြည်သူလူထုနှင့် ဆက်သွယ်မှု ဖြတ်တောက်ခြင်း၊ ကျေးရွာများ မီးရှို့ဖျက်ဆီးခြင်းစသည်တို့သည် ရှေ့တွင် မြင်တွေ့ကြုံတွေ့ခဲ့ရပြီး ဖြစ်သည့်အတွက် မြန်မာတစ်နိုင်ငံလုံးရှိ အာဏာသိမ်းစစ်ကောင်စီနှင့် အစေအပါးများကို ဆန့်ကျင်သူများအတွက် အထူးသဖြင့် စစ်ကိုင်း၊ မကွေး၊ ချင်းစသော ဒေသများရှိ ပြည်သူလူထုအနေဖြင့် အထူးသတိချပ် ရှောင်ရှားနိုင်ဖို့ ပြင် ဆင်ရလိမ့်မည်ဟု ရှုမြင်မိပါသည်။ ဒေသအလိုက် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (PDF) များအနေဖြင့်လည်း အင်အားစုစည်းမှု ကောင်းမွန်စွာဖြင့် တန်ပြန်တိုက်ခိုက်ခြင်းများ ပြုလုပ်နိုင်သကဲ့သို့ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လှုပ်နေလှေအောင်း မြင်းဇောင်းမကျန် စုစုစည်းစည်းတင်ဖို့ နှီးဖော်ထားသည့် အမျိုးသားညီညွတ်ရေးအစိုးရအနေဖြင့်လည်း ရရာလက်နက်စွဲကိုင်ပြီး စုစ်တော်လှန်နေရသည့် ဒေသခံပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များအတွက် အထောက်အကူပြုနိုင်မည့် နည်းလမ်းကို ရှာဖွေထောက်ပံ့ပေးရလိမ့်မည်ဟု သုံးသပ်ပါသည်။

ပြည်သူလူထု၏ ထောက်ခံမှုကို တစ်စွန်းတစ်စမျှ မရရှိထားသည့် အာဏာသိမ်းစစ်ကောင်စီနှင့် အစေအပါးများအတွက် လက်နက်မဲ့တစ်မျိုး၊ လက်နက်ဖြင့်တစ်ဖုံ အစုံအလင် ဆန့်ကျင်ခြင်းသည် ၎င်းတို့၏ အကြောက်တရားကို ထိုးဆွပေးရာရောက်နေပြီး တုတ်၊ ဓား၊ လေးခွကိုပင် ကြောက်စိတ်ဝင်နေသည့် လက်နက်ကိုင်စစ်ကောင်စီ တပ်သားများအတွက် လိုက်ဖက်မည့် ပြောစကားတစ်ခုကို ရှာဖွေထားပါသည်။

"စစ်ကောင်စီတပ်ဟာ သူ့နေရာက ထွက်လိုက်တာနဲ့ ရန်သူ့နယ်မြေ ဖြစ်သွားပြီ။ အချိန်မရွေး တိုက်ခိုက်ခံရနိုင်တယ်။ ပြည်သူ့ထောက်ခံမှုကို မရတဲ့အတွက် ပြည်သူကြားထဲမှာ လိပ်ပြာသန့်သန့် မသွားလာရဲတော့ဘူး"

# လေးကေ့ကော်ဒေသအတွင်း စစ်ပွဲဖန်တီးခြင်း

(အပတ်စဉ် သတင်းသုံးသပ်ချက်၊ အမှတ်စဉ် ၃၅)

## နိဒါန်း

ဒီဇင်ဘာ ၁၅ ရက်၊ နံနက် ၁၁ နာရီခွဲအချိန်၊ ငြိမ်းချမ်းရေးမြို့သစ်အဖြစ် တင်စားခဲ့ကြသည့် လေးကေ့ကော်မြို့သစ်အတွက် ဂြိုဟ်ဆိုးဝင်ချိန်ဟု ဆိုရမည်။ သို့သော် မြန်မာတစ်နိုင်ငံလုံးအတိုင်းအတာအားဖြင့် ဂြိုဟ်ဆိုးဝင်ချိန်ထက်တော့ ၁၀ လကျော် နောက်ကျခဲ့ပါသည်။ အာဏာသိမ်း စစ်ကောင်စီတပ်များ ကျူးကျော်မလာမီ ဒီဇင်ဘာ ၁၄ ရက် မတိုင်မီအထိတော့ လေးကေ့ကော်မြို့သစ်လေး တည်ငြိမ်နေသေးသည်ဟု ဆိုရပါမည်။

နယ်မြေကျူးကျော်ဝင်ရောက်လာသည့် အာဏာသိမ်းစစ်ကောင်စီတပ်နှင့် ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော် (KNU/ KNLA) အကြားတိုက်ပွဲကြောင့် လေးကေ့ကော်ဒေသအတွင်းရှိ ကျေးရွာများမှ ဒေသခံပြည်သူပေါင်း ၁၀၀၀၀ ကျော် ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်နေကြရပြီ ဖြစ်သည်။

ယခုတစ်ပတ် Myanmar Peace Monitor ၏ အပတ်စဉ် သတင်းသုံးသပ်ချက်ကဏ္ဍတွင် လေးကေ့ကော်ဒေသမှ စစ်ဘေးရှောင်ပြည်သူများ းအပါအဝင် အာဏာသိမ်းစစ်ကောင်စီတပ်နှင့် အစေအပါးများ၏ ဘေးဆိုးမှ လွတ်မြောက်ရာသို့ ထွက်ပြေးတိမ်းရှောင်နေကြရသည့် စစ်ဘေးရှောင် ပြည်သူများနှင့် ပတ်သက်ပြီး လက်လှမ်းမီသမျှ တင်ပြသွားပါမည်။

## လေးကေ့ကော်ဆိုရာဝယ်

ကရင်အမျိုးသားအစည်းအရုံး (KNU/KNLA) ထိန်းချုပ်နယ်မြေအတွင်းရှိ လေးကေ့ကော်မြို့သစ်ကို ငြိမ်းချမ်းရေး တည်ဆောက်ရန် ဆောင်ရွက်ခြင်းအဖြစ် KNU ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးစောမူတူးစေးဖိုးနှင့် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်းတို့က ဂျပန်နိုင်ငံ နိပ္ပွန်ဖောင်ဒေးရှင်း၏ အကူအညီဖြင့် ၂၀၁၅ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ လူနေရပ်ကွက် ခြောက်ခု ရှိပြီး အိမ်ခြေ ၆၀၀ ကျော်၊ လူဦးရေ ၃၀၀၀ ခန့် နေထိုင်ကြပြီး အများစုသည် စစ်ဘေးဒုက္ခသည် ပြည်သူများ ဖြစ်သည်။ လေးကေ့ကော်မြို့သစ်၏ လုံခြုံရေးကို KNU ဒူးပလာယာခရိုင်က တာဝန်ယူထားပြီး ကရင်အမျိုးသားအစည်းအရုံး (KNU) ၏ KNLA တပ်များ အဓိကလှုပ်ရှားကာ ကရင်ငြိမ်းချမ်းရေးကောင်စီ (KNU/KNLA-PC)၊ ဒီမိုကရေစီအကျိုးပြု ကရင့်တပ်မတော် (DKBA)၊ အာဏာသိမ်းစစ်ကောင်စီတပ်နှင့် ၎င်း၏ လက်အောက်ခံ နယ်ခြားစောင့်တပ် (BGF) တို့ ရှိပါသည်။

အာဏာသိမ်းစစ်ကောင်စီနှင့် အစေအပါးများအနေဖြင့် ၎င်းတို့၏ အာဏာသိမ်းမှုကို ဆန့်ကျင်သူများအား ဝင်ရောက်ရှာဖွေရန် အကြောင်းပြချက်ဖြင့် ၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၁၄ ရက် နံနက်ပိုင်းတွင် လေးကေ့ကော်မြို့သစ်၊ အမှတ် ၆ ရပ်ကွက်အတွင်း ကျူးကျော်ဝင်ရောက်ကာ ရှာဖွေစစ်ဆေးခဲ့ပြီး အရပ်သားပြည်သူ ၃၀ ကျော်ကို ဖမ်းဆီးရာမှ အင်အား ၂၀၀ ကျော်ဖြင့် ဝင်ရောက်လာသည့် စစ်ကောင်စီတပ်သားများ ပြန်လည်ထွက်ခွာနိုင်ခြင်း မရှိခဲ့ဘဲ ဒီဇင်ဘာ ၁၅ ရက် နံနက်ပိုင်းတွင်တော့ KNU/KNLA တပ်နှင့် တိုက်ပွဲစတင်ခဲ့ပြီး မူလကတည်းက စစ်ဘေးရှောင်များ နေထိုင်ရာ လေးကေ့ကော်မြို့သစ်နှင့် အနီးအနားရှိ ဒေသခံပြည်သူများအတွက် ထပ်ဆင့် စစ်ဘေးရှောင်များအဖြစ်သို့ ရောက်ရှိခဲ့ရပါသည်။ ယခုအခါ ဒီဇင်ဘာ ၂၀ ရက်အထိ လေးကေ့ကော်ဒေသမှ စစ်ဘေးရှောင် ပြည်သူပေါင်း ၁၀၀၀၀ ကျော်ရှိနေပြီး မြန်မာဘက်ခြမ်းတွင် ၆၀၀၀ ကျော်နှင့် ထိုင်းနိုင်ငံဘက်အခြမ်းတွင် ၄၀၀၀ ကျော် ရှိနေပြီဟု ဆိုပါသည်။

## တွေ့ရှိချက်

စစ်အာဏာသိမ်းကာလအတွင်း အကြမ်းဖက် ဖြိုခွင်းမှုများ၊ ဖမ်းဆီးညှဉ်းပန်းသတ်ဖြတ်မှုများ၊ မီးရှို့ဖျက်ဆီးမှုများ၊ အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုများ၊ လေကြောင်းတိုက်ခိုက်မှုများ၊ လက်နက်ကြီးပစ်ခတ်မှုများ စသဖြင့် အာဏာသိမ်းစစ်ခေါင်းဆောင်နှင့် အစေအပါးများ၏ လူသားမဆန်သော လုပ်ရပ်များကို တိုင်းသိ၊ ပြည်သိ၊ ကမ္ဘာသိ မြင်တွေ့ခဲ့ရပြီး ဖြစ်ပါသည်။ ဆိုခဲ့ပါ လေးကေ့ကော်မြို့သစ်ကဲ့သို့သော ဖြစ်စဉ်များသည် ကယား (ကရင်နီ) ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မကွေးတိုင်းနှင့် ကချင်ပြည်နယ်အတွင်းရှိ မြို့နယ် ကျေးရွာများတွင်လည်း ရှိသည်။ ရန်ကုန်နှင့် မန္တလေးကဲ့သို့ မြို့ကြီးများတွင်ပင် စစ်ကောင်စီနှင့် အစေအပါးများ၏ ဘေးအန္တရာယ်မှ ထွက်ပြေးတိမ်းရှောင်နေရသူများ ရှိနေပါသည်။

ကုလသမဂ္ဂ လူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးရုံး (OCHA) ၏ ဒီဇင်ဘာ ၁၃ ရက် စာရင်းအရ စစ်အာဏာသိမ်းကာလ (၁ ရက် ဖေဖော်ဝါရီ - ၁၃ ဒီဇင်ဘာ ၊ ၂၀၂၁)အတွင်း တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စစ်ဘေးရှောင် တိုင်းရင်းသားပြည်သူပေါင်း သုံးသိန်းနီးပါးအထိ ရှိနေခဲ့ပြီး စစ်အာဏာမသိမ်းခင်အတွင်း ရှိနေသည့် စစ်ဘေးရှောင် ပြည်သူ ၃၇၀၀၀၀ ခန့် ထပ်ပေါင်းပါက မြန်မာတစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စစ်ဘေးရှောင် တိုင်းရင်းသားပြည်သူပေါင်း ခြောက်သိန်းကျော်

အထိ ရှိနေပြီဟု ဆိုရပါမည်။

စစ်အာဏာသိမ်းကာလ ၁၀ လ ကျော်အတွင်း စစ်ကောင်စီတပ်များအား တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ခုခံတော်လှန်စစ် ဆင်နွှဲလာခဲ့ရာ မြန်မာတစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ပြည်တွင်းစစ် အပြန့်ကျယ်လာခဲ့ပြီး စစ်အရှိန်မြင့်တက်လာကာ စစ်ပွဲပြင်းထန်ရာ အရပ်ဒေသများတွင် စစ်ဘေးရှောင် တိုင်းရင်းသားပြည်သူအရေအတွက်လည်း များပြားလာခဲ့ပါသည်။ အထူးသဖြင့် ကယား (ကရင်နီ)ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ ကရင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့သည် စစ်အာဏာသိမ်းကာလအတွင်း စစ်ဘေးရှောင်ပြည်သူ အများဆုံးရှိရာ ဒေသများ ဖြစ်လာခဲ့ပါသည်။ ဖော်ပြပါဇယားတွင်တော့ ရခိုင်ဒေသအတွင်းရှိ စစ်ဘေးရှောင် နှစ်သိန်းကျော်အခြေအနေသည် စစ်ကောင်စီတပ်၏ နယ်မြေရှင်းလင်းဖြစ်စဉ်၊ ရက္ခိုင့်တပ်တော် (AA) နှင့် တိုက်ပွဲအတွင်း ဖြစ်ပေါ်ခဲ့သည့် စစ်ဘေးရှောင်အရေအတွက်များ ဖြစ်ပြီး ကချင်ပြည်နယ်အတွင်းရှိ စစ်ဘေးရှောင်အရေအတွက်တွင်တော့ အာဏာမသိမ်းခင်ကာလတစ်လျှောက် ကချင်လွတ်လပ်ရေးတပ်မတော် (KIA) နှင့် တိုက်ပွဲဖြစ်စဉ်များကြောင့် ဖြစ်ပြီး ၂၀၂၁ ခုနှစ် အာဏာသိမ်းကာလအတွင်း စစ်ဘေးရှောင်ပြည်သူ ၄၀၀၀ ခန့်သာ ရှိခဲ့ကြောင်း OCHA၏ အစီရင်ခံစာတွင် ဖော်ပြထားပါသည်။

ဒီဇင်ဘာ ၁၃ ရက်အထိ မှတ်တမ်းပြုထားသည့် OCHA အစီရင်ခံစာတွင် စစ်အာဏာသိမ်းကာလအတွင်း စစ်ကောင်စီတပ်၏ တိုင်းနှင့် ပြည်နယ်အလိုက် ဘုရားကျောင်းအပါအဝင် နေအိမ်မီးရှို့မှုများကို မြင်တွေ့ရပြီး ချင်းပြည်နယ်အတွင်း နေအိမ် ၆၃၉ လုံး၊ စစ်ကိုင်းတိုင်းအတွင်း နေအိမ် ၃၉၀ လုံးနှင့် မကွေးတိုင်းအတွင်း နေအိမ် ၂၀၃ လုံး မီးရှို့ဖျက်ဆီးခံခဲ့ရပါသည်။ ကရင်နီလူ့အခွင့်အရေးအဖွဲ့၏ ဒီဇင်ဘာ ၂၀ ရက်အထိ စာရင်းအရ ကရင်နီ (ကယား) ပြည်နယ်အတွင်း ဘာသာရေးအဆောက်အုံနှင့် ဆေးပေးခန်းအပါအဝင် နေအိမ်ပေါင်း ၂၇၂ လုံးကို စစ်ကောင်စီတပ်များက မီးရှို့ဖျက်ဆီးခဲ့ကြောင်း မှတ်တမ်းပြုထားပါသည်။

မိမိတို့ Myanmar Peace Monitor ၏ မှတ်တမ်းအရ စစ်အာဏာသိမ်းကာလ ၁၀ လအတွင်း ခုခံတော်လှန်စစ် ဆင်နွှဲနေကြသည့် တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့များ (EAOs)၊ ဒေသအလိုက် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (PDF) များနှင့် စစ်ကောင်စီတပ်အကြား တိုက်ပွဲဖြစ်ပွားမှု ရက်ပေါင်း ၃၀၀ ကျော် ဖြစ်ပွားခဲ့ပါသည်၊ ချင်း၊ စစ်ကိုင်း၊ မကွေး၊ ကချင်၊ ရှမ်းမြောက်၊ ရှမ်းတောင်၊ ကရင်နီ(ကယား)၊ ကရင် စသည့်ဒေသများ အားလုံးသည် စစ်ကောင်စီတပ်အတွက် ခုခံတော်လှန်ခံနေရသည့် ဒေသများ ဖြစ်လာခဲ့သည့်အပြင် ရန်ကုန်၊ မန္တလေးနှင့် အာဏာသိမ်းစစ်ခေါင်းဆောင် ကာချုပ် မင်းအောင်လှိုင်နှင့် အပေါင်းအပါများ ရုံးစိုက်ရာ နေပြည်တော်ကောင်စီနယ်မြေအတွင်းတွင်ပင် အာဏာသိမ်းစစ်တပ်အတွက် ခုခံတော်လှန်ခံနေရသည့် နယ်မြေများ ဖြစ်လာခဲ့ပါသည်။

ယင်းသို့ EAOs ၊ PDFs တို့၏ ခုခံတော်လှန်စစ် အပြင်းအထန်ခံရပြီး ၎င်းတို့ အထိအနိုက်အကျအဆုံးများရာ ဒေသများတွင်မူ အာဏာသိမ်းစစ်ကောင်စီအနေဖြင့် လေကြောင်းမှ တိုက်ခိုက်မှုများကိုပါ နေရာဒေသမရွေး အချိန်မရွေး ပြုမူလျက်ရှိသည်ကို တွေ့ရပါသည်။ ဒီဇင်ဘာလ ၂၂ ရက်အထိ စစ်ကောင်စီတပ်မှ လေကြောင်းဖြင့် တိုက်ခိုက်သည့် မြို့နယ်ပေါင်း ၁၈ မြို့နယ်အထိ ရှိလာခဲ့ပြီး ချင်း၊ စစ်ကိုင်း၊ မကွေး၊ ကချင်နှင့် ကယား (ကရင်နီ) ပြည်နယ်များမှ မြို့နယ်များ ဖြစ်ကြသည်။

## သုံးသပ်ချက်

ဆိုခဲ့ပါ စစ်အာဏာသိမ်းကာလအတွင်း ထွက်ပေါ်လာသည့် မြန်မာတစ်နိုင်ငံလုံး အတိုင်းအတာဖြင့် စစ်ဘေးရှောင်ပြည်သူ ၃၀၀၀၀၀ နီးပါးတွင် ဒီဇင်ဘာ ၁၅ ရက် နောက်ပိုင်း ဖြစ်တည်လာသည့် ငြိမ်းချမ်းရေးမြို့သစ်ဟု တင်စားခေါ်ဝေါ်ကြသည့် လေးကေ့ကော်ဒေသမှ စစ်ဘေးရှောင်ပြည်သူ တစ်သောင်းနီးပါး မပါဝင်သေးဟု ဆိုရပါမည်၊ ယခုကဲ့သို့ နွေဦးတော်လှန်ရေးနှင့်အတူ အာဏာသိမ်းစစ်ကောင်စီနှင့် အစေအပါးတစ်သိုက်အား ရရာလက်နက်စွဲကိုင်ကာ ခုခံတော်လှန်စစ်ဆင်နွှဲနေကြသည့် အခြေအနေတွင် လေးကေ့ကော်ဒေသကဲ့သို့ နာရီပိုင်း၊ ရက်ပိုင်းအတွင်း စစ်ဘေးရှောင်ပြည်သူ ထောင်ဂဏန်း၊ သောင်းဂဏန်းအထိ ဖြစ်တည်မှုမျိုး မြန်မာနိုင်ငံအတွင်း ဖြစ်ပေါ်လာနိုင်သည်ကို သတိပြုရပါမည်။

ထို့အပြင် စစ်ရေးအရ အနိုင်မရသည့် အခြေအနေတိုင်းတွင် အင်အားအလွန်အကျွံ သုံးခြင်း၊ လက်နက်ကြီးများ ရမ်းသမ်းပစ်ခတ်ခြင်းနှင့် လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်ခြင်း စသော အာဏာသိမ်း စစ်ကောင်စီတပ်၏ လူသားမဆန်သော အပြုအမူများကိုလည်း နိုင်ငံတကာအသိုင်းအဝိုင်း အနေဖြင့် ဟန့်တားနိုင်ရန် အရေးတကြီး လိုအပ်နေပြီဟုဆိုပါမည်။ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးထားသည့် ကရင်အမျိုးသားအစည်းအရုံး (KNU) သည်ပင် လေးကေ့ကော်ဒေသအတွင်း စစ်ကောင်စီတပ်၏ လေကြောင်း တိုက်ခိုက်မှုများ ဟန့်တားနိုင်ရေးအတွက် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများကို တောင်းဆိုထားပါသည်။

အဘယ်ကြောင့်ဆိုသော် စစ်ကောင်စီတပ်၏ လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်မှုသည် ၎င်း၏ တပ်ရင်းတပ်ဖွဲ့များကိုပင် အလွတ်မပေးနိုင်သည်ကို လူမှုကွန်ယက်သတင်းများတွင် ဖတ်ရှုနေရပါသည်။ ဒီဇင်ဘာ ၂၀ ရက်၊ KIC သတင်းဌာန၏ ဖော်ပြချက်အရ စစ်ကောင်စီတပ်၏ လေကြောင်း တိုက်ခိုက်မှုကို စိုးရိမ်နေသည့် လေးကေ့ကော်ဒေသမှ စစ်ဘေးရှောင်ပြည်သူများ အခြားသော ဘေးလွတ်ရာ အရပ်ဒေသများသို့ပင် ထပ်မံ တိမ်းရှောင်နေရပြီ ဖြစ်သည်။

အာဏာသိမ်းစစ်ခေါင်းဆောင်နှင့် အပေါင်းအပါတစ်သိုက်ကာတော့ 'မလုပ်ရဲတာ ဘာမှ မရှိဘူး' ဟု ဆိုခဲ့သည့်အတိုင်း ၎င်းတို့ကိုယ်တိုင် လက်မှတ်ရေးထိုးထားသည့် NCA ကို ချိုးဖောက်ကာ KNU နယ်မြေအတွင်းရှိ လေးကေ့ကော်မြို့သစ်ကို ဝင်ရောက်ကျူးကျော်ပြီး စစ်ပွဲတစ်ခု ဖန်တီးပြခဲ့ခြင်းသည် ၎င်းတို့၏ ဥပဓိရုပ်ကို လှစ်ဟပြလိုက်ခြင်းဖြစ်ကြောင်း ရှုမြင်မိပါသည်။

ယခုသုံးသပ်ချက် အဆုံးမသတ်ခင် နောက်ဆုံးရ သတင်းတစ်ပုဒ် တင်ပြပါမည်၊

အထူးသဖြင့် လေးကေ့ကော်ဒေသအတွက် နောက်ထပ် ကြိုဟ်ဆိုးဝင်ချိန်ဟု ဆိုရပါမည်။ ဒီဇင်ဘာ ၂၃ ရက် ည ၁၀ နာရီခန့် အချိန်၊ အာဏာသိမ်းစစ်ကောင်စီတပ်၏ တိုက်လေယာဉ်များ ပျံဝဲကာ လေးကေ့ကော်ဒေသကို ဗုံးကြဲတိုက်ခိုက်မှု စတင်လာခဲ့ပါပြီ။ တစ်ဆက်တည်းတွင် စစ်ကောင်စီတပ်များ အခြေစိုက်ရာ အမြောက်ကုန်းမှတစ်ဆင့် လက်နက်ကြီးများ ဆက်တိုက် ပစ်ခတ်နေသည့်အတွက် လေးကေ့ကော်ဒေသအတွင်း စစ်ဘေးရှောင်ပြည်သူများ ညတွင်းချင်းပင် ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်နေရပြီ ဖြစ်သည်၊

လူသားမဆန်သော အာဏာသိမ်းစစ်တပ်နှင့် အစေအပါးများ ဘေးမှ ကင်းဝေးကြပါစေ၊

# အစုလိုက်အပြုံလိုက် သတ်ဖြတ်ခြင်း

(အပတ်စဉ် သတင်းသုံးသပ်ချက်၊ အမှတ်စဉ် ၃၆)

## နိဒါန်း

"အစုလိုက်အပြုံလိုက် သတ်ဖြတ်ခြင်း၊
လက်မြန် ကြိုးတုပ်၊
ပါးစပ် အဝတ်ဆို့၊
ရုပ်ပျက်ဆင်းပျက် မီးကျွမ်းရုပ်အလောင်းများ၊
သတ်ဖြတ်ပြီးမှ မီးရှို့ခဲ့သလား ၊
အရှင်လတ်လတ် မီးရှို့သတ်ဖြတ်ခဲ့လေသလား"။

ယခုတစ်ပတ် Myanmar Peace Monitor ၏ အပတ်စဉ် သတင်းသုံးသပ်ချက်တွင် ဒီဇင်ဘာ ၂၄ ရက်၊ ကရင်နီပြည်နယ် ဖရူဆိုမြို့နယ်အတွင်း ဖြစ်ပွားခဲ့သည့် အာဏာသိမ်းစစ်ကောင်စီတပ်သားများ ကျူးလွန်ခဲ့သော အရပ်သားပြည်သူများအပေါ် အစုလိုက်အပြုံလိုက် မီးရှို့သတ်ဖြတ်ခြင်း ဖြစ်စဉ်ကို မှတ်တမ်းပြု တင်ပြသွားပါမည်။

## ဖြစ်စဉ်နှင့် တွေ့ရှိချက်များ

ကရင်နီ(ကယား)ပြည်နယ် ဖရူဆိုမြို့နယ် အနောက်မြောက်ဘက် မိုဆိုကျေးရွာအနီး ကျေးရွာချင်းဆက်လမ်းမပေါ်တွင် ၂၀၂၁ ခုနှစ် ဒီဇင်ဘာလ ၂၄ ရက်၊ ခရစ္စမတ်အကြိုနေ့က အရပ်သားပြည်သူများ အစုလိုက်အပြုံလိုက် မီးရှို့သတ်ဖြတ်ခံရမှု ဖြစ်ပွားခဲ့သည်။ ယင်းသို့ လူမဆန်စွာ မီးရှို့သတ်ဖြတ်ခံထားရသည့် ရုပ်အလောင်းများသည် မီးလောင်ကျွမ်းထားသောကြောင့် မည်သူမည်ဝါ၊ ယောကျ်ား၊ မိန်းမ ခွဲခြားရန်ပင် ခက်ခဲနေပါသည်။ သို့နှင့်တိုင် ဓာတ်ပုံမှတ်တမ်းများအရတော့ မြင်ရသူတိုင်း၏ စိတ်နှလုံးကို ဆို့နင့်ကြေကွဲစေပါသည်။

ဒီဇင်ဘာ ၂၅ ရက်၊ ခရစ္စမတ်နေ့ နံနက် ၆ နာရီခန့်ကစပြီး မီးလောင်ကျွမ်းထားသည့် ရုပ်အလောင်းများအား သယ်ယူရန် ကြိုးပမ်းခဲ့သော်လည်း စစ်ကောင်စီတပ်မှ လက်နက်ကြီးများ ပစ်ခတ်နေသည့်အတွက် ဒီဇင်ဘာ ၂၇ ရက်တွင်မှသာ ရုပ်အလောင်း ၃၀ လောင်းနှင့် အလောင်းဆက်၍ မရဘဲ ဖြစ်နေသည့် ရုပ်အလောင်းအပိုင်းအစများ ထည့်ထားသည့် အိတ်နှစ်လုံးကို သယ်ဆောင်နိုင်ခဲ့ကြောင်း ကရင်နီပြည်ရဲဌာန (KSP) ပြောခွင့်ရသူ ကိုဘိုဘိုက ပြောပါသည်။ ဒီဇင်ဘာ ၂၈ ရက်တွင် အဆိုပါ ရုပ်အလောင်း ၃၁ လောင်းအား ခွဲစိတ်ခဲ့ရာ အမျိုးသား ၂၆ ဦးနှင့် အမျိုးသမီး ၅ ဦး ဖြစ်ကြောင်း တွေ့ရှိရသည်ဟု ခွဲစိတ်မှုတွင် ပါဝင်သူ CDM ဆရာဝန်က ဆိုပါသည်။ ယင်းတို့အနက် ၁၂ နှစ်အောက် မိန်းကလေးတစ်ဦးနှင့် ၁၆ နှစ်၊ ၁၇ နှစ်အရွယ်ရှိ အမျိုးသားနှစ်ဦးလည်း ပါဝင်ကြောင်း သုံးသပ်ထားပါသည်။

ဆိုခဲ့ပါ ဒီဇင်ဘာ ၂၄ ရက်၊ အစုလိုက်အပြုံလိုက် သတ်ဖြတ်ခံရမှုဖြစ်စဉ်အတွင်း မီးရှို့ခြင်းမခံရသည့် ကရင်နီပြည် လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးတပ်ဦး (ကလလတ)မှ တပ်ဖွဲ့ဝင်လေးဦး ပါဝင်သည့်အတွက် စုစုပေါင်းသတ်ဖြတ်ခံရသူပေါင်း ၃၅ ဦး ရှိနေပါသည်။ ဒီဇင်ဘာ ၂၅ ရက်တွင် ထုတ်ပြန်သော ကလလတ၏ သဘောထားကြေညာချက်တွင်တော့ ၎င်းတို့၏ နယ်ခြားစောင့်တပ်(BGF)အဖွဲ့ဝင်တပ်သား လေးဦးကို အာဏာသိမ်းစစ်ကောင်စီတပ်သားများက လက်ပြန်ကြိုးတုပ်ပြီး ဦးခေါင်းကိုသေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခဲ့သည့်အပြင် ကလေးငယ်နှင့် အမျိုးသမီးများအပါအဝင် ဖမ်းဆီးခံ အရပ်သား ၃၅ ဦးကို ကားပေါ်တင်ကာ ဓာတ်ဆီလောင်းပြီး အရှင်လတ်လတ်မီးရှို့သတ်ဖြတ်ခဲ့သည်ဟု ဆိုပါသည်။

အကြမ်းမဖက် ပြည်သူ့အာဏာဖီဆန်ရေးလှုပ်ရှားမှု (CDM) ပြုလုပ်သည့် ရဲတပ်ဖွဲ့ဝင်များဖြင့်ဖွဲ့စည်းထားသော KSP အနေဖြင့် အဆိုပါ လူမဆန်စွာ မီးရှို့သတ်ဖြတ်မှု ကျူးလွန်ခဲ့သည့် အချိန်အတွင်း အခင်းဖြစ်ပွားရာ နေရာတစ်ဝိုက်တွင် သွားလာပျောက်ဆုံးနေသူများနှင့် ပတ်သက်ပြီး လူမှုကွန်ရက်မှ တစ်ဆင့် စာရင်းကောက်ခံခဲ့ရာ ယနေ့ အချိန်ထိ ပျောက်ဆုံးနေသူပေါင်း ၄၂ ဦးအထိရှိကာ အမျိုးသား ၄၀ ဦး၊ အမျိုးသမီး နှစ်ဦးဖြစ်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၃ ရက်တွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် KSP တာဝန်ရှိသူက ပြောပါသည်။

KSP မှ ရရှိထားသည့် သက်သေမှတ်တမ်းများအရ မီးလောင်ကျွမ်းထားသည့် ရုပ်အလောင်းများ၊ ပြာကျနေသည့် ရုပ်အလောင်းများနှင့်အတူ မီးလောင်ပျက်စီးနေသည့် ကားကြီး၊ ကားသေးစုစုပေါင်း ၁၀ စီးနှင့် မော်တော်ဆိုင်ကယ် ၆ စီးတို့ကို တွေ့ရှိထားပါသည်။ ထို့အပြင် ကလေးအဝတ်အစားအချို့၊ အမျိုးသမီးသုံး ဝန်းတိုတစ်ခု၊ သွေးကွက်များထဲမှ အာဏာသိမ်းစစ်တပ် ကာပစ ထုတ်ကျည်ဆန်အခွံနှစ်ခုနှင့် မော်တာကျည်အခွံတို့ကိုလည်း သက်သေအဖြစ် တွေ့ရှိထားသည်ဟု ဆိုပါသည်။

ကရင်နီပြည် ရဲဌာန(KSP)အနေဖြင့်တော့ ကရင်နီပြည်နယ် အတိုင်ပင်ခံကောင်စီ (KSCC)နှင့်

အမျိုးသားညီညွတ်ရေးအစိုးရ(NUG) တို့၏ လမ်းညွှန်ချက်များအတိုင်း ရုပ်အလောင်းများမှ ရယူထားသည့် အသားစများဖြင့် DNA (မျိုးရိုးဗီဇ) စစ်ဆေးခြင်း၊ ပျောက်ဆုံးနေသူများကို စိစစ်ခြင်းနှင့် အစုအပြုံလိုက် မီးရှို့သတ်ဖြတ်ခဲ့သည့် တရားခံများကို နိုင်ငံတကာ ရာဇဝတ်မှုတရားရုံး (ICC) တွင် အရေးယူနိုင်ရေး ဆောင်ရွက်သွားမည်ဟု ပြောပါသည်။ အစုလိုက်အပြုံလိုက် မီးရှို့သတ်ဖြတ်ခံရသည့် ဖြစ်စဉ်အတွင်း စစ်ဘေးရှောင်များအား အကူအညီပေးနေသည့် Save The Children မှ ဝန်ထမ်းနှစ်ဦးလည်း ပါဝင်ခဲ့ကြောင်း အဆိုပါအဖွဲ့က ထုတ်ပြန်ထားပါသည်။

ရရှိထားသည့် သက်သေအထောက်အထားများအရ အာဏာသိမ်းစစ်ကောင်စီတပ်၏ ဒေသကွပ်ကဲမှုစစ်ဌာနချုပ် (လွိုင်ကော်) လက်အောက်ခံ ဇရှုဆိုအခြေစိုက် ခမရ ၅၃၁ နှင့် တပ်မ ၆၆ လက်အောက်ခံ စစ်ကောင်စီတပ်သားများက ဆိုခဲ့ပါ အစုလိုက်အပြုံလိုက် မီးရှို့သတ်ဖြတ်မှုကို ကျူးလွန်ခဲ့ခြင်းဖြစ်ကြောင်း KSP က တွေ့ရှိ သုံးသပ်ထားသည်။

## သုံးသပ်ချက်

ဖရူဆိုမြို့နယ်အတွင်း ကျူးလွန်ခဲ့သည့် အာဏာသိမ်းစစ်ကောင်စီတပ်သားများ၏ အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုဖြစ်စဉ်သည် စက်ဆုပ်ရွံရှာဖွယ်ကောင်းသော၊ လူသားမဆန်သော စစ်ရာဇဝတ်မှု ဖြစ်သော်လည်း ကုလသမဂ္ဂ အပါအဝင် အင်အားကြီးနိုင်ငံများကအစ စိုးရိမ်တုန်လှုပ်ရကြောင်း ထုတ်ပြန်ချက်၊ စာနာထောက်ထားကြောင်း သဘောထားမှတ်ချက်မှ တစ်ပါး စစ်ရာဇဝတ်မှု ကျူးလွန်သော အာဏာသိမ်းစစ်ခေါင်းဆောင်နှင့် အစေအပါးတစ်သိုက်အား တရားဥပဒေဘောင်အတွင်းမှ ကင်းလွတ်ခွင့် ပြုထားသလို ဖြစ်နေပါသည်။

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်၊ စစ်အာဏာသိမ်းမှုစတင်ကတည်းက ယနေ့အချိန်ထိ မြင်တွေ့ခဲ့ရသည့် အာဏာသိမ်းစစ်ခေါင်းဆောင်နှင့် အစေအပါးတစ်သိုက်၏ ပြည်သူလူထုအပေါ် ဥပဒေမဲ့ ဖိနှိပ်မှုများ၊ ဖမ်းဆီးသတ်ဖြတ်မှုများ၊ ရွာလုံးကျွတ် မီးရှို့ဖျက်ဆီးမှုများ၊ အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုများ၊ လေယာဉ်ဖြင့် ဗုံးကြဲတိုက်ခိုက်မှုများ စသောဖြစ်စဉ်များသည် ဖရူဆိုမြို့နယ် အပါအဝင် ကရင်နီပြည်နယ်အတွင်းရှိ မြို့ရွာများ၊ ချင်းပြည်နယ်အတွင်းရှိ မြို့ရွာများ၊ စစ်ကိုင်းတိုင်းအတွင်းရှိ မြို့ရွာများ၊ မကွေးတိုင်းအတွင်းရှိ မြို့ရွာများ၊ ကချင်ပြည်နယ်အတွင်းရှိ မြို့ရွာများ၊ ကရင်ပြည်နယ်အတွင်းရှိ မြို့ရွာများ အားလုံးတွင် ရင်ဆိုင်ကြုံတွေ့ခဲ့ရပြီး ဖြစ်ပါသည်၊ အမျိုးသားညီညွတ်ရေးအစိုးရ (NUG)၏ ပြည်ထဲရေးဝန်ကြီးဌာနမှ ထုတ်ပြန်ချက်အရ ၂၀၂၁ ခုနှစ် ဒီဇင်ဘာလ တစ်လတည်းတွင် အာဏာသိမ်းစစ်ကောင်စီနှင့် အစေအပါးတစ်သိုက် ကျူးလွန်ခဲ့သော ရာဇဝတ်မှုပေါင်း ၅၀၀ ကျော် ရှိသည်ဟု ဆိုပါသည်။

အမျိုးသားညီညွတ်ရေးအစိုးရ (NUG)၊ လူ့အခွင့်အရေးဆိုင်ရာ ဝန်ကြီးဌာနကတော့ ဖရူဆိုမြို့နယ်အတွင်း ဖြစ်စဉ်ကဲ့သို့ အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုများ ဆက်တိုက်ကျူးလွန်နေသည့် အာဏာသိမ်း စစ်ကောင်စီအား အရေးယူနိုင်ရေးအတွက် ကုလသမဂ္ဂ လုံခြုံရေးကောင်စီအနေဖြင့် မျက်နှာစုံညီအစည်းအဝေးတစ်ရပ် ချက်ချင်းခေါ်ယူရန် တောင်းဆိုထားပါသည်။ ထို့ပြင် လုံခြုံရေးကောင်စီအနေဖြင့် စစ်ကောင်စီထံ လက်နက်နှင့် ငွေကြေးစီးဆင်းမှု ပိတ်ဆို့ရေးနှင့် စစ်အုပ်စု၏ ရက်စက်ကြမ်းကြုတ်သော ရာဇဝတ်မှုများအတွက် နိုင်ငံတကာ ရာဇဝတ်တရားရုံး (ICC) သို့ လွှဲပြောင်းပေးရေး ဆုံးဖြတ်ချက်တစ်ရပ် ချမှတ်ပြီး ကျူးလွန်မှုများနှင့် လျော်ညီစွာ အကြမ်းဖက်အဖွဲ့အစည်းအဖြစ် စာရင်းသွင်း ကြေညာရန် တိုက်တွန်းထားပါသည်။

မြန်မာပြည်သူလူထုအတွက်မူ အာဏာသိမ်းစစ်ခေါင်းဆောင်နှင့် အစေအပါးတစ်သိုက် ကျူးလွန်ထားသော ဥပဒေမဲ့ လုပ်ရပ်များသည် နိုင်းယှဉ်ဖွယ်စကားမျှပင် မရှိတော့ဟု ဆိုရပါလိမ့်မည်။

# လူသားဒိုင်း

(အပတ်စဉ် သတင်းသုံးသပ်ချက်၊ အမှတ်စဉ် ၃၇)

## နိဒါန်း

လူသားဒိုင်း။ စစ်ပွဲတိုင်းတွင် အယုတ်ညံ့ အရိုင်းစိုင်းဆုံးသော လုပ်ရပ်။ ထိုလုပ်ရပ်ကို စစ်အာဏာသိမ်းကာလအတွင်း စစ်ခေါင်းဆောင်မင်းအောင်လှိုင်၏ အစေအပါးများသည် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဖျော်ဖျော်ကြီး ကျူးလွန်နေကြပါသည်။

ယခုတစ်ပတ် Myanmar Peace Monitor ၏ အပတ်စဉ် သတင်းသုံးသပ်ချက်တွင် အာဏာသိမ်းစစ်ကောင်စီတပ်သားများ၏ အရပ်သားပြည်သူများအား ဖမ်းဆီးကာ စစ်ပွဲအတွင်း လူသားဒိုင်းအဖြစ်အသုံးပြုခြင်းနှင့် သတ်ဖြတ်ခြင်းဖြစ်စဉ်များကို လေ့လာတင်ပြသွားပါမည်။

## ဖြစ်စဉ်များ

၂၀၂၂ ဇန်နဝါရီ ၉ ရက်၊ စစ်ကိုင်းတိုင်း ဝက်လက်မြို့နယ် ရှားကွဲရွာနှင့် သစ်စိမ့်ရွာများမှ အရပ်သားပြည်သူ ၁၀၀ ကျော်ကို ဖမ်းဆီးကာ ဒေသခံပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့(PDF)များအား ရှာဖွေရာတွင် လူသားဒိုင်းအဖြစ် အသုံးပြုပြီး အကာအကွယ်ပြုခဲ့သည့် အာဏာသိမ်း စစ်ကောင်စီ

တပ်သားများ၏ လုပ်ရပ်သည် စစ်အာဏာသိမ်းကာလအတွင်း ကြုံတွေ့ မြင်တွေ့ခဲ့ရသည့် ပထမဆုံးဖြစ်စဉ် မဟုတ်သလို နောက်ဆုံးဖြစ်စဉ်ဟုလည်း ယူဆနိုင်လိမ့်မည် မဟုတ်ပေ။ ထိုနေ့တွင်ပင် ချင်းပြည်နယ် ဖလမ်းမြို့နယ်အတွင်းရှိ ဓလဘူလမြို့ပေါ်ရပ်ကွက်မှ အရပ်သားပြည်သူ ငါးဦးအား ဖမ်းဆီးကာ ၎င်းတို့၏ ဓလဘူလမြို့မှ တောလမ်းအတိုင်း ခြေလျင်စစ်ကြောင်းထိုးရာတွင် လမ်းပြ လူသားဒိုင်းအဖြစ် စစ်ကောင်စီတပ်သားများက အသုံးပြုခဲ့ပါသည်။

မတူပီမြို့နယ်တွင်လည်း ဇန်နဝါရီ ၆ ရက်၊ ၇ ရက်နေ့များအတွင်း ဒေသခံအရပ်သား ၁၁ ဦးကို အာဏာသိမ်းစစ်ကောင်စီတပ်သားများက ဖမ်းဆီးကာ လူသားဒိုင်းအဖြစ် အသုံးပြုခဲ့ပြီးနောက် အသက် ၁၃ နှစ်အရွယ် ကလေးငယ်တစ်ဦး အပါအဝင် ၁၀ ဦးကို သတ်ဖြတ်ခဲ့ကြောင်း ချင်းအမျိုးသား အတိုင်ပင်ခံကောင်စီ (ICNCC)က ဇန်နဝါရီ ၁၁ ရက်တွင် ထုတ်ပြန်ပါသည်။ ဇန်နဝါရီ ၅ ရက်ကလည်း ပလက်ဝမြို့နယ် ပါးဝကျေးရွာမှ အရပ်သားပြည်သူ ၂၅ ဦးကို ဖမ်းဆီးကာ လူသားဒိုင်းအဖြစ် အသုံးပြုခဲ့ကြောင်း သိရပါသည်။

၂၀၂၁ ခုနှစ် နိုဝင်ဘာ ၁၇ ရက်၊ မကွေးတိုင်း ရေစကြိုမြို့နယ် ရေလယ်ကျွန်းပေါ်ရှိ ကျေးရွာများအား ဝင်ရောက်စီးနင်းခဲ့သည့် အာဏာသိမ်းစစ်ကောင်စီ လက်အောက်ခံ ခြေလျင်တပ်ရင်း ၁၀၁ သည် အဆိုပါ ရေစကြိုမြို့နယ်အတွင်းရှိ ကျေးရွာများမှ အရပ်သားပြည်သူ ၁၀ ဦးကို ဖမ်းဆီးကာ ၎င်းတို့စစ်ကြောင်းရှေ့မှ သွားစိုင်းပြီး လူသားဒိုင်းအဖြစ် အသုံးပြုခဲ့ပါသည်။ ရှမ်းပြည်နယ်တောင်ပိုင်းနှင့် ကရင်နီ (ကယား) ပြည်နယ်အစပ် ဖယ်ခုံမြို့မြောက်ဘက် သုံးမိုင်ခန့်အကွာရှိ ကသဲ (ရွှေပြည်အေး) ရွာမှ ဒေသခံအရပ်သား ၁၉ ဦးကို ၂၀၂၁ ခုနှစ် အောက်တိုဘာ ၂၇ ရက်တွင် အာဏာသိမ်းစစ်ကောင်စီ တပ်သားများက ကြိုးဖြင့် တုပ်နှောင်ကာ ဖမ်းဆီးသွားပြီး စစ်ပွဲအတွင်း လူသားဒိုင်းကာများအဖြစ် အသုံးပြုခဲ့ပြီး ဖမ်းဆီးခံတချို့ သေဆုံးပြီဟု သတင်းများ ထွက်ပေါ်ခဲ့သော်လည်း ယနေ့အချိန်အထိ အဆက်အသွယ်မရဘဲ ဖြစ်နေပါသည်။

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ပိုင်ကလာဒုံကျေးရွာအုပ်စုအတွင်း စစ်ကောင်စီတပ်နှင့် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA)အကြား ဖြစ်ပွားသည့် တိုက်ပွဲဖြစ်ပွားပြီးနောက် ၂၀၂၁ ခုနှစ် စက်တင်ဘာ ၁ ရက် မွန်းလွဲ ၂ နာရီခန့်တွင် အသက် ၃၀ အရွယ် ဒေသခံ အမျိုးသမီးတစ်ဦးကို စစ်ကောင်စီတပ်သားများက ဖမ်းဆီးပြီး လမ်းပြအဖြစ် လူသားဒိုင်းသဖွယ် အသုံးပြုကာ ကရင်အမျိုးသားအစည်းအရုံး (KNU) ထိန်းချုပ်နယ်မြေအတွင်း ခေါ်ဆောင်သွားခဲ့ပါသည်။ ၂၀၂၁ ခုနှစ် ဩဂုတ် ၁၉ ရက် မွန်းလွဲ ၁ နာရီခန့်ကလည်း စစ်ကောင်စီလက်အောက်ခံ ခြေလျင်တပ်ရင်း ခလရ အမှတ် - ၃၄၁ နှင့် အမှတ် - ၄၁၀ တို့သည် ဘူးသိုမြို့နယ် ခေါပူကျေးရွာအုပ်စုအတွင်း ရပ်နား တပ်စွဲခဲ့ပြီး ဒေသခံအမျိုးသမီး သုံးဦးကို ဖမ်းဆီးကာ ၎င်းတို့စစ်ကြောင်းရှေ့မှ သွားစိုင်းပြီး လူသားဒိုင်းအဖြစ် အသုံးပြုခဲ့ပါသည်။

ဆိုခဲ့ပါ စစ်ကောင်စီတပ်များ၏ အရပ်သားပြည်သူများအပေါ် လူသားဒိုင်းအဖြစ် အသုံးပြုသည့် ဖြစ်စဉ်များသည် မိမိတို့ လက်လှမ်းမီသမျှ သတင်းအချက်အလက်များအပေါ် အခြေပြု တင်ပြထားခြင်းသာ ဖြစ်ပြီး တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် အာဏာသိမ်းစစ်တပ်အား ခုခံတော်လှန်စစ်ဆင်နွှဲရာ အရပ်ဒေသတိုင်း၊ စစ်မြေပြင်တိုင်းတွင် မည်မျှ ကျူးလွန်ထားသည် ဆိုတာကတော့ အာဏာသိမ်းစစ်ခေါင်းဆောင်နှင့် အစေအပါးများ၏ ဥပဓိရုပ်ကို အကဲခတ်ကြည့်လျှင် သိနိုင်ပါလိမ့်မည်။

## တွေ့ရှိချက်များ

'မလုပ်ရဲတာ ဘာမှမရှိဘူး' ဆိုသည့်အတိုင်း လက်နက်မဲ့ပြည်သူများအား ကျည်ဆန်အစစ်ဖြင့် ပစ်ခတ်သတ်ဖြတ်ပြခြင်း၊ ငြိမ်းချမ်းစွာ ဆန္ဒဖော်ထုတ်နေကြသည့် သပိတ်စစ်ကြောင်းများကို ကားဖြင့် တိုက်မိုက်ကာ သတ်ဖြတ် ဖမ်းဆီးခြင်း၊ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် မြို့ပြ ကျေးလက်မရွေး မီးရှို့ဖျက်ဆီးပြခြင်း၊ အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုဖြစ်စဉ်များ၊ လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်ခြင်းသည် ဆယ်စုနှစ်ပေါင်းများစွာ လေ့ကျင့်ပြီး အချိန်ယူ တည်ဆောက်ထားသည့် အာဏာသိမ်းစစ်ခေါင်းဆောင်နှင့် အစေအပါးတစ်သိုက်၏ ဥပဓိရုပ်များ ဖြစ်ပါသည်။ သို့နှင့်တိုင် စစ်အာဏာသိမ်းကာလအတွင်း ၎င်းတို့အား လက်မခံ ဆန့်ကျင်သော တိုင်းရင်းသားပြည်သူများ၏ လက်ဝယ်တွင်မှ လေးခွ၊ တူမီး၊ ဒုတ်၊ ဓားကအစ မထားမှုံသည့် စစ်ခေါင်းဆောင်နှင့် အစေအပါးတစ်သိုက်၏ သတ္တိသည်လည်း အံ့ဖွယ် ဥပဓိရုပ်အဖြစ် မြင်တွေ့ခဲ့ရပါသည်။

အာဏာသိမ်းစစ်ကောင်စီတပ်အနေဖြင့် ၎င်းတို့ အရေးမသာသည့် စစ်ရေးအခင်းအကျင်းတွင် လေကြောင်းတိုက်ခိုက်မှုများကို အသုံးပြုသကဲ့သို့ ၎င်းတို့အတွက် ပြန်လမ်းမရှိတော့သည့် စစ်ရေးအခင်းအကျင်းတွင်လည်း အရပ်သားပြည်သူများကို ဖမ်းဆီးသတ်ဖြတ်ခြင်း၊ အရပ်သားပိုင် နေအိမ်များကို မီးရှို့ဖျက်ဆီးခြင်းနှင့် ဖမ်းဆီးခံပြည်သူများအား လူသားဒိုင်းကာအဖြစ် အသုံးပြုလေ့ရှိသည်ကို တွေ့ရပါသည်။ အထူးသဖြင့် စစ်ကောင်စီတပ်အား ခုခံတော်လှန်စစ်ပြင်းထန်ရာ မကွေးတိုင်း၊ စစ်ကိုင်းတိုင်း၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် ကရင်နီ (ကယား) ပြည်နယ်တို့တွင် ဆိုခဲ့ပါဖြစ်စဉ်များကို အများဆုံး တွေ့ရှိရပါသည်။

လက်ရှိအချိန်ထိ တိုင်းနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ်ပေါင်း ၂၀ တွင် စစ်ကောင်စီတပ်၏ လေကြောင်းတိုက်ခိုက်မှုများကို မြင်တွေ့ခဲ့ရပြီး အချို့သော မြို့နယ်များတွင် နှစ်ကြိမ်၊ သုံးကြိမ်အထိ လေကြောင်းတိုက်ခိုက်မှုများကို ကြုံတွေ့ခဲ့ရပါသည်။ အလားတူ အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုဖြစ်စဉ်များကိုလည်း စစ်ကိုင်းနှင့် မကွေးတိုင်းအတွင်းရှိ မြို့နယ်ကျေးရွာများအတွင်း တွေ့ရှိခဲ့ရပါသည်။ အထူးသဖြင့် ၂၀၂၁ ဒီဇင်ဘာ ၂၄ ရက်၊ ကရင်နီပြည်နယ် ဖရူဆိုမြို့နယ်အတွင်း ကျူးလွန်ခဲ့သည့် စစ်ကောင်စီတပ်သားများ၏ အရပ်သားပြည်သူများအပေါ် အစုလိုက်အပြုံလိုက် မီးရှို့ သတ်ဖြတ်မှုဖြစ်စဉ်သည် လွန်စွာ စိတ်နှလုံးဆို့နင့်ဖွယ် ဖြစ်ခဲ့ပါသည်။

## သုံးသပ်ချက်

၂၀၂၁ ဖေဖော်ဝါရီ ၁ ရက်၊ စစ်အာဏာသိမ်းမှု စတင်ကတည်းက ယနေ့အချိန်ထိ မြန်မာပြည်သူလူထု၏ စစ်အာဏာသိမ်းမှုဆန့်ကျင်ရေး လှုပ်ရှားမှုသည် မြို့ပြကျေးရွာအလိုက် သက်ဝင်လှုပ်ရှားလျက်ရှိသလို အာဏာသိမ်းစစ်ခေါင်းဆောင်နှင့် အစေအပါးတစ်သိုက်၏ လူသားမဆန်သော ဖိနှိပ်မှုမျိုးစုံကိုလည်း ပုံသဏ္ဍာန်မျိုးစုံဖြင့် တော်လှန်လျက်ရှိပါသည်။

အာဏာသိမ်းစစ်ခေါင်းဆောင်နှင့် အစေအပါးတစ်သိုက်၏ ဖိနှိပ်မှုများအောက်တွင် ပေးဆပ်ခဲ့ရသည့် အသက်ပေါင်း ၁၄၀၀ ကျော် လာခဲ့ပါပြီ၊ ဖမ်းဆီးခံရသူပေါင်း သောင်းဂဏန်းကျော်အထိ ရှိလာပါပြီ။ ခုခံတော်လှန်စစ်ဆင်နွှဲရာ အရပ်ဒေသများအတွင်း စစ်ကောင်စီတပ်၏ လက်နက်ကြီး

ပစ်ခတ်မှုများ၊ လေကြောင်းတိုက်ခိုက်မှုများနှင့် မြို့ရွာအလိုက် မီးရှို့ဖျက်ဆီးမှုများ၊ အကြောင်းမဲ့ ဖမ်းဆီးမှုများကြောင့် ဘေးလွတ်ရာသို့ ထွက်ပြေး တိမ်းရှောင်နေကြသည့် အရပ်သားပြည်သူပေါင်း သိန်းနှင့် ချီသည်အထိ ဖြစ်လာသကဲ့သို့ စားသောက်နေထိုင်ရေးပင် အခက်ကြုံလျက် ရှိသည်ကို မြေပြင်သတင်းဖော်ပြချက်များအရ သိရပါသည်။

သို့နှင့်တိုင် အာဏာသိမ်းစစ်ခေါင်းဆောင်နှင့် အစေအပါးတစ်သိုက်အတွက်မူ အရပ်သား ပြည်သူများအပေါ် ဥပဒေမဲ့ ပြုကျင့်မှုများအား အပြန်အလှန်အတားမဲ့ ကျူးလွန်လျက်ရှိသည်ကို တွေ့ရပါ သည်။ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၏ အာဏာသိမ်းစစ်အုပ်စုအပေါ် အရေးယူ ဆောင်ရွက်ချက် များကလည်း မေးခွန်းထုတ်စွယ် ဖြစ်လာပါသည်။ နွေဦးတော်လှန်ရေးနှင့်အတူ စစ်အာဏာရှင်စနစ် အမြစ်ပြုတ်ရေးအတွက် မြန်မာပြည်သူလူထု၏ တော်လှန်လှုပ်ရှားမှုများကတော့ လက်ရှိအချိန်အထိ အားကောင်းနေဆဲ ဖြစ်သကဲ့သို့ ရရာလက်နက် စွဲကိုင် တော်လှန်နေကြသည့် ဒေသအလိုက် ခုခံ ကာကွယ်ရေးတပ်ဖွဲ့ (PDF) များ၊ တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့ (EAOs) များ၊ နွေဦးတော်လှန်ရေးမှ ပေါက်ဖွားလာသည့် အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ (NUCC)၊ အမျိုးသားညီညွတ်ရေးအစိုးရ (NUG) နှင့် မြေပြင်သပိတ်လှုပ်ရှားရေးအဖွဲ့များအကြား ချိတ်ဆက် ပူးပေါင်းဆောင်ရွက်မှုများသည်သာ ပြည်သူလူထု ရရှိထားသည့် အကျေအကျေချက်များကို တုံ့စားနိုင် လိမ့်မည်ဟု ရှုမြင်မိပါသည်။

ရှမ်းတောင်ပိုင်း ဖယ်ခုံမြို့နယ် ချွေပြည်အေးရွာမှ လူသားဒိုင်းအဖြစ် ဖမ်းဆီးခေါ် ဆောင်ခံထား ရသည့် အရပ်သား ၁၉ ဦးသည် ယနေ့အထိ အဆက်အသွယ်မရသေးသည်ကို သတိပြုရပါလိမ့်မည်။ ချင်းပြည်နယ် မတူပီမြို့နယ်အတွင်းမှ လူသားဒိုင်းအဖြစ် အသုံးပြုပြီး သတ်ဖြတ်ခံလိုက်ရသည့် အရပ်သားများ၏ ပုံရိပ်များသည် မေ့ပျောက်ပစ်၍ မရနိုင်ပါ။ သူတို့သည် ကလေးငယ်၊ သတင်းသမား၊ အရပ်သားဒေသခံပြည်သူများ ဖြစ်သည်။

လက်နက်မဲ့ အရပ်သားပြည်သူများအား စစ်မြေပြင် လူသားဒိုင်းအဖြစ် အသုံးပြုနေသည့် အာဏာသိမ်းစစ်ခေါင်းဆောင်၏ အစေအပါးများသည် အုံ့ဖွယ်အကြောက်တရားများကို ပိုင်ဆိုင် ထားသည်ဟု ဆိုရမည် ဖြစ်သည်။

# နွေဦးတော်လှန်ရေး–ပြည်သူ့အရေးလော၊ ပါတီအရေးလော

(အပတ်စဉ် သတင်းသုံးသပ်ချက်၊ အမှတ်စဉ် ၇)

## နိဒါန်း

စစ်အာဏာသိမ်းကာလအတွင်း တစ်ရက်မျှပင် ငြိမ်သက်မှုမရှိနိုင်ဘဲ အာဏာသိမ်းစစ်ကောင်စီကိုဆန့်ကျင်နေကြသည့် မြင်ကွင်းများသည် ပုံသဏ္ဍာန်မျိုးစုံဖြင့် ဆက်လက်လှုပ်ရှား ဗီဆန်နေကြဆဲဖြစ်သည်။ မူလက လက်နက်ဟုဆိုနိုင်စရာ အပ်တိုတစ်ချောင်းပင် မပါသည့် စစ်အာဏာသိမ်းမှုဆန့်ကျင်ရေး လမ်းလျှောက်ချီတက်သပိတ်စစ်ကြောင်းများ၊ အထိုင်သပိတ်များ၊ ကြွေးကြော်သံများမှသည် အာဏာသိမ်းစစ်ကောင်စီ၏ အကြမ်းဖက်ဖြိုခွင်းမှုများကြောင့် မိမိကိုယ်မိမိ ခုခံကာကွယ်ရေးအစီအစဉ်များကို စီမံလှုပ်ရှားလာခဲ့ကြပါသည်။

ယခုတွင်မူ ယင်းသို့ ခုခံကာကွယ်ရေး အခြေအနေများမှတစ်ဆင့် အာဏာသိမ်းစစ်တပ်နှင့် သူ၏အပေါင်းအပါများအား ဖြိုချက်ရှင်းလင်းတွန်းလှန်ရေးအတွက်ပင် ပြည်သူလူထုအနေဖြင့် အပြင်းအထန် ကြိုးပမ်းလာခဲ့ကြပါပြီ။ ချင်းပြည်နယ် မင်းတပ်၊ စစ်ကိုင်းတိုင်း ကနီ၊ ချင်းပြည်နယ် ဒီမောဆို၊ မိုးဘြဲ စသည့်ဒေသများရှိ စစ်အာဏာရှင်စနစ်အလိုမရှိသော ပြည်သူများ၊ အထူးသဖြင့် လူငယ်လူရွယ်များ၏ အာဏာသိမ်းစစ်တပ်အား တော်လှန်ရေးအစီအမံများနှင့် လှုပ်ရှားမှုများသည် မြန်မာ့နွေဦးတော်လှန်ရေး၏ အမှတ်သရုပ်များအဖြစ် တင်စားဖွယ်ရာ ဖြစ်လာပါသည်။

တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့များနှင့် အာဏာသိမ်းစစ်တပ်အကြား တိုက်ပွဲဖြစ်ပွားမှုများ၊ ပြည်သူလူထုအားဖြင့် စုဖွဲ့ထားသည့် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များနှင့် အာဏာသိမ်းစစ်တပ်အကြား တိုက်ပွဲများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်၊ မြို့နယ်အလိုက် ဝုံးပေါက်ကွဲမှုများစသည့် စိုးရိမ်ထိတ်လန့်ဖွယ် အခြေအနေများအကြားတွင် ရွေးကောက်ခံ အစိုးရခေါင်းဆောင်များကိုဖမ်းဆီးကာ အဓမ္မ အာဏာရယူထားသည့် အာဏာသိမ်းစစ်ကောင်စီသည် ကြိုတင်ခန့်မှန်းထားပြီးသားဖြစ်သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ကို ဖျက်သိမ်းရေးအတွက် စဉ်းစားနေကြောင်း ပြည်သူလူထုအား သွေးတိုးစမ်းကာ အသိပေးလာခဲ့ပြီ ဖြစ်သည်၊

မေလ တတိယပတ်အတွက် Myanmar Peace Monitor အနေဖြင့် NLD အား ဖျက်သိမ်းရန် ကြိုးပမ်းလာခြင်းနှင့် အာဏာသိမ်းစစ်ကောင်စီ၏ နိုင်ငံရေးမျှော်ရည်ရာကို အချက်အလက်အချို့အပေါ် မူတည်၍ အလေးပေး တင်ပြသွားပါမည်။

## အာဏာသိမ်းစစ်တပ်၊ NLD နှင့် တိုင်းရင်းသားပြည်သူများ

ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သည့် ရဲဘော်သုံးကျိပ်ဖြင့် စတင်ခဲ့သည့် မြန်မာ့တပ်မတော်သည် ၁၉၆၂ ခုနှစ်မှ စပြီး ၂၀၁၆ ခုနှစ်အထိ ပုံစံမျိုးစုံဖြင့် မြန်မာ့လူ့အဖွဲ့အစည်းကို အုပ်ချုပ်ခဲ့သည်ဟု ဆိုရပါမည်၊ ယင်းသို့အုပ်ချုပ်ရာတွင် စစ်တပ်ယူနီဖောင်းဖြင့် တစ်မျိုး၊ စစ်ယူနီဖောင်းချွတ်၍ တစ်ဖုံ အရပ်သားအချို့ ထည့်သွင်းကာ ဆယ်စုနှစ်ပေါင်းများစွာ အုပ်ချုပ်ခဲ့ပါသည်။ ထို့ကြောင့် မြန်မာ့နိုင်ငံရေးတွင် စစ်တပ်ကို ဖယ်ထား၍မရ ဟူသည့် အယူအဆကိုပင် စွဲကိုင်ယုံကြည်သူများ ရှိလာခဲ့ပါသည်၊

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) အား ၁၉၈၈ ခုနှစ်တွင် ဖွဲ့စည်းတည်ထောင်ခဲ့ပြီး ၁၉၉၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် ပြည်သူလူထု၏ ဆန္ဒမဲ အများဆုံးရရှိခဲ့ပြီး အစိုးရအဖွဲ့ ဖွဲ့စည်းနိုင်သည်အထိ အနိုင်ရရှိခဲ့ပါသည်၊ သို့သော် ထိုအချိန်က တပ်မတော်အကြီးအကဲများက အာဏာမလွှဲပြောင်းခဲ့ဘဲ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေး အကြောင်းပြပြီး အမျိုးသားညီလာခံ ခေါ်ယူခဲ့သည်၊ NLD ခေါင်းဆောင်များကိုလည်း ဖမ်းဆီး ထောင်သွင်း အကျဉ်းချခဲ့သည်။

ထို့နောက် စစ်ဗိုလ်ချုပ်ဟောင်းဦးသိန်းစိန်လက်ထက် ၂၀၁၂ ခုနှစ်ကြားဖြတ်ရွေးကောက်ပွဲတွင် NLD ပင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ပင်ရောက်ယှဉ်ပြိုင်သည့် မဲဆန္ဒနယ်တိုင်းနီးပါး အနိုင်ရရှိကာ ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သည့် NLD ကိုယ်စားလှယ် ၄၀ ကျော် ပြည်ထောင်စုလွှတ်တော်အတွင်း ရောက်ရှိခဲ့သည်၊ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင်တော့ NLD က တောင်ပြိုကမ်းပြို အနိုင်ရရှိခဲ့ပြီး စစ်တပ်နှင့် စစ်ယူနီဖောင်းချွတ် အစိုးရများ ကြီးစိုးနေမှုကို အဆုံးသတ်သည်။ သို့တိုင် စစ်ခေါင်းဆောင်များ စိတ်ကြိုက်ရေးဆွဲထားသည့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကြောင့် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် တပ်မတော်သည် ပြည်ထဲရေး၊ ကာကွယ်ရေးနှင့် နယ်စပ်ရေးရာဝန်ကြီးများကို ခန့်အပ်ပိုင်ခွင့်ရှိနေပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ် တစ်ခုလုံးတွင် တပ်မတော်သည် အဓိက နေရာယူခဲ့သည်၊

တိုင်းရင်းသားပြည်သူများအနေဖြင့်တော့ တိုင်းပြည်အတွင်း ဖြစ်ပေါ်လာသည့် ရွေးကောက်ပွဲတိုင်းတွင် မိမိတို့ရရှိသော ဆန္ဒမဲများဖြင့် စစ်ယူနီဖောင်းချွတ်များ ကြီးစိုးမှုကို ဆန့်ကျင်ကြောင်း သက်သေပြခဲ့ကြပါသည်။ အထူးသဖြင့် စစ်တပ်နှင့် ဆက်နွယ်သော မည်သည့် နိုင်ငံရေးပါတီကိုမျှ ပြည်သူများအနေဖြင့် မျက်နှာသာပေးခဲ့ခြင်း မရှိသည်ကို မဲရလဒ်များက ပြသနေပါသည်။ ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သည့် NLD သည် အချို့သော တိုင်းရင်းသားဒေသများတွင်ပင် ပြည်သူ့ဆန္ဒမဲများကို ရရှိခဲ့ပါသည်၊

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင်လည်း NLD ကပင် အမတ်နေရာ အများဆုံး အနိုင်ရရှိခဲ့ပါသည်။ ၂၀၂၁ ဖေဖော်ဝါရီ ၁ ရက်၊ ပြည်သူ့လွှတ်တော် စတင်ခေါ်ယူသည့် နေ့ နံနက် နှစ်နာရီခန့်တွင် မဲမသမာမှု အကြောင်းပြချက်ဖြင့် ရွေးကောက်ခံ အစိုးရခေါင်းဆောင်များကို ဖမ်းဆီးကာ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ စစ်တပ်က အာဏာသိမ်းယူခဲ့သည်။ (၎င်းတို့ကမူ အာဏာထိန်းသည်ဟုသာ တွင်တွင် ပြောဆိုနေဆဲ ဖြစ်သည်။)

## NLD ဖျက်သိမ်းရေး အာဏာသိမ်း စစ်ကောင်စီ ခြေလှမ်း

အာဏာသိမ်းစစ်ကောင်စီသည် ၎င်း၏ အာဏာသိမ်းရက်ပေါင်း ၁၂၀ ကျော်လာသည်အထိ တိုင်းပြည်အတွင်း အုပ်ချုပ်ရေးယန္တရားကို ထိရောက်စွာ လည်ပတ်နိုင်ခြင်း မရှိသေးသည့်တိုင် ၂၀၁၀ ပြည့်နှစ်တုန်းကကဲ့သို့ NLD မပါဝင်သည့် အထွေထွေရွေးကောက်ပွဲကို မျှော်လင့်အိပ်မက် မက်နေကြပုံရပါသည်။ သို့တည်းမဟုတ် ၎င်းတို့ အာဏာသိမ်းစစ်အုပ်စုအား ဖြိုချက် တော်လှန် နေကြသော ပြည်သူ့အာဏာဖီဆန်ရေး လှုပ်ရှားမှုများအား တစ်ဖက်တစ်လမ်းမှ ဟန့်တားနိုင်မည် ဆိုသည့် ထင်မှတ်မှုဖြင့် ပြည်သူ့ထောက်ခံမှု တစ်ခဲနက်ရရှိခဲ့သော NLD ကို ဖျက်သိမ်းမည်ဟု ခွေး တိုးစမ်းသည်လားတော့ အာဏာသိမ်း စစ်ကောင်စီသာ သိပေလိမ့်မည်။

မည်သို့သော အကြံအစည်ကြောင့် ဖြစ်စေ အာဏာသိမ်း စစ်ကောင်စီ၏ NLD အား ဖျက်သိမ်း ရေး ပြောဆိုချက်ကတော့ နွေဦးတော်လှန်ရေးအစ ကြွေးကြော်သံများအထဲက တစ်ခုဖြစ်သည့် 'မင်းတို့ ဦးနှောက် ၈၈၊ ငါတို့ ဦးနှောက် ၂၁' ဆိုသည်ကို ပြန် ကြားယောင်မိစေပါသည်။

၎င်းတို့အား ဆန့်ကျင်သော ရဟန်းရှင်လူ၊ ကျောင်းသားပြည်သူများ၊ နိုင်ငံ့ဝန်ထမ်းများ၊ နိုင်ငံရေးသမားများ၊ အနုပညာရှင်များ၊ တက်ကြွလှုပ်ရှားသူများ အားလုံးကို ဖမ်းဆီးခြင်း၊ သတ်ဖြတ် ခြင်းအပါအဝင် အကြမ်းဖက်ဖြိုခွဲခြင်း နည်းပေါင်းစုံကို အာဏာသိမ်း စစ်ကောင်စီနှင့် သူ၏ အပေါင်း အပါများက ရက်စက်စွာ ကျင့်သုံးနေကြခြင်းသည် ၁၉၈၈ လူထုလှုပ်ရှားမှု၊ ၂၀၀၇ ခုနှစ် ရွှေဝါရောင် တော်လှန်ရေးတို့ကို မြင်တွေ့ ကြုံတွေ့ခဲ့သူများအတွက် ထူးဆန်းသည့် လုပ်ရပ်၊ နည်းသစ် လမ်း သစ်များအဖြစ် မယူဆတော့ပါ။

ယခု NLD ကို ဖျက်သိမ်းရေးအစီအစဉ်သည်လည်း ကြိုတင်တွေးဆထားသည့် အရာဟု ဆိုရပါ မည်။ အာဏာသိမ်းစစ်ကောင်စီကတော့ ၎င်းတို့အသာစီးရထားသည့် ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံ ဥပဒေသည်ပင် ၎င်းတို့ စစ်အုပ်စုကြီးစိုးမှု တည်တံ့ရေးအတွက် မလုံလောက်တော့ကြောင်း ရိပ်စားမိ နေသဖြင့် အချိုးကျ ကိုယ်စားပြုစနစ် (PR) ဖြင့် ရွေးကောက်ပွဲ ကျင်းပနိုင်ရေးအတွက် ခြေလှမ်းပြင် နေပါသည်။

## စစ်ကောင်စီက NLD ကို ဖျက်သိမ်းချင်တဲ့ အကြောင်းရင်း

ပြီးခဲ့သည့် ဆယ်နှစ်ခန့်တွင် ဦးသိန်းစိန် ဦးဆောင်သည့် ဘောင်းဘီချွတ်အစိုးရသည် မြန်မာ့ ဒီမိုကရေစီစနစ်ကို စခဲ့သည်။ သမ္မတမဖြစ်မီ ဦးသိန်းစိန်သည် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည် ဆောက်ရေးအဖွဲ့တွင် အဖွဲ့ဝင်ဖြစ်ခဲ့ပြီး ၂၀၀၇ မှ ၂၀၁၁ အာဏာရှင်သန်းရွှေ၏ ကက်ဘိနက်တွင် ဝန်ကြီးချုပ်လုပ်ခဲ့သည်။ ၎င်းနှင့် အခြားစစ်ခေါင်းဆောင် ၂၀ ဦးသည် USDP ပါတီအား တည် ထောင်ခဲ့ပြီး အငြင်းပွားဖွယ်ရာ ရလဒ်ဖြင့် ၂၀၁၀ ရွေးကောက်ပွဲတွင် အနိုင်ရရှိကာ မြန်မာနိုင်ငံ၏ ရှစ်ဦးမြောက် သမ္မတ ဖြစ်လာခဲ့သည်။

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကြောင့် မြန်မာနိုင်ငံတွင် အစိုးရနှစ်ဖွဲ့ အုပ်ချုပ်သည်ဟု ဆိုကြသည်။ ပြည်သူလူထုက တင်မြှောက်သော အစိုးရနှင့် ၂၀၀၈ ဖွဲ့စည်းပုံက စစ်တပ်အားပေးထားသည့် အစိုးရ ဟူ၍ ဖြစ်သည်၊ ဒုသမ္မတ နှစ်ဦးတွင် တစ်ဦး၊ အရေးပါသည့် ဝန်ကြီးဌာန သုံးခု၊ အမျိုးသားလုံခြုံရေးကောင်စီ အဖွဲ့ဝင် ၁၁ ဦးတွင် ၆ ဦး၊ သက်ဆိုင်ရာ ပြည်နယ်နှင့် တိုင်းဒေသကြီးလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်တို့တွင် ၂၅ ရာခိုင်နှုန်းတို့ကို လွယ်ကူစွာ ရယူထားသည်။ ယင်းတို့ကို ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ခန့်အပ်သည်။

NLD သည် ၂၀၁၂ ကြားဖြတ်ရွေးကောက်ပွဲဖြင့် လွှတ်တော်အတွင်းသို့ ရောက်လာသည်။ ၂၀၁၅ အထွေထွေရွေးကောက်ပွဲတွင် ပြည်သူ့လွှတ်တော်နေရာ ၄၄၀ တွင် ၃၃၀၊ အမျိုးသားလွှတ်တော် ၂၂၄ တွင် ၁၆၈ နေရာ ရခဲ့သည်။ ၂၀၂၀ အထွေထွေရွေးကောက်ပွဲတွင် ပြည်သူ့လွှတ်တော်တွင် ၂၅၈၊ အမျိုးသားလွှတ်တော်တွင် ၁၃၈ နေရာ ရခဲ့သည်။ NLD နှင့် စစ်ကောင်စီ အကြား ကွဲပြဲမှုအစသည် အစိုးရဖွဲ့စည်းပုံကိစ္စနှင့် ဖြစ်သည်။ ဒေါ်အောင်ဆန်းစုကြည်သည် အစိုးရအား နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်အဖြစ် ဦးဆောင်သည်။ ၂၀၁၅ အကျော်တွင် နားနိုင်သည့် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က နောက်ထပ် ငါးနှစ်သက်တမ်းကို တာဝန်ဆက်ယူသည်။

၂၀၁၉ ဇန်နဝါရီတွင် NLD သည် ဖွဲ့စည်းပုံအခြေခံဥပဒေအား ပြင်ဆင်ရန် လွှတ်တော်တွင် လုပ်ခဲ့သည်။ ယင်းက စစ်ကောင်စီ၏ အမျိုးသားနိုင်ငံရေး အသာစီးရရှိထားမှုနှင့် စစ်တပ်၏ အာဏာအား တိုက်ရိုက်ခြိမ်းခြောက်ရာ ရောက်ခဲ့ဟန်တူသည်။ ၂၀၂၀ ရွေးကောက်ပွဲအပြီး မဲစာရင်းမှားသည်ဟူသည့် အကြောင်းပြချက်မျိုးစုံဖြင့် အာဏာလုခဲ့သည်၊ ယင်းကား ဥပဒေပြုရေး ဆုံးဖြတ်ချက်ချမှတ်သည့်နေရာတွင် အရပ်ဘက် အသာရသွားမည်ကို သတိလွန်ကဲပြီး NLD အား ယုံမှားသံသယလွန်ဖြစ်ကာ လုပ်ဆောင်ခဲ့သည့် ဆုံးဖြတ်ချက်အမှား ဖြစ်လာတော့သည်။

## နွေဦးတော်လှန်ရေးသည် ပြည်သူ့အရေး

ဆိုခဲ့ပါအတိုင်း NLD ဖျက်သိမ်းရေးအစီအစဉ်သည် အရှိန်မြင့်နေသော နွေဦးတော်လှန်ရေး လှုပ်ရှားမှုများအား ဟန့်တားနိုင်မည်ဟု အာဏာသိမ်းစစ်ကောင်စီမှ တွေးဆယုံကြည်နေပါက ၎င်းတို့၏ တွက်ကိန်းသည် အခြေရလိမ့်မည် မဟုတ်ပေ။

လက်ရှိ နွေဦးတော်လှန်ရေး အရှိန်အဟုန်နှင့် ပန်းတိုင်သည် NLD ဦးဆောင်သော အစိုးရဖွဲ့စည်းရေး မဟုတ်တော့ပေ။ ကိုလိုနီအစိုးရလက်ထက်မှ လွတ်လပ်ရေးရရှိပြီးကတည်းက ဆုံးရှုံးခဲ့ရသော အမျိုးသားတန်းတူရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ ကိုယ် ပိုင်အုပ်ချုပ်ခွင့်နှင့် ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုတည်ဆောက်ရေးဖြစ်သည်၊ အာဏာသိမ်းစစ်တပ်ကို ဖြိုချက်ပြီး ဖက်ဒရယ်ပြည်ထောင်စုတပ်မတော် တည်ထောင်ရေးကတော့ ထပ်ဝိုးရည်မှန်းချက်ပန်းတိုင် ဖြစ်လာပါသည်၊

ထို့ကြောင့် အမျိုးသားညီညွတ်ရေးအစိုးရ (NUG)၊ ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ (CRPH) နှင့် အာဏာသိမ်း စစ်တပ်၏ အကြမ်းဖက်နှိမ်နင်းမှုများအား ခုခံတွန်းလှန်ဖြိုဖျက်မည့် ပြည်သူ့ကာကွယ်ရေးတပ်မတော် (PDF)၊ အာဏာသိမ်းစစ်တပ်ကို စစ်မျက်နှာဖွင့် တော်လှန်နေကြသော တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့များသည်သာ တိုင်းရင်းသားပြည်သူများ၏ အတွေးစိတ်ကူး၊ ယုံကြည်အားကိုးရာများ ဖြစ်တည်လာပါသည်၊ ထို့ကြောင့် အဆုံးသတ်တိုက်ပွဲ၊ စစ်အာဏာရှင်စနစ် မုချ ကျဆုံးရေး ဆိုသည့် ကြွေးကြော်သံများကို နေ့စဉ် ကြားနေရခြင်း ဖြစ်သည်။

## သုံးသပ်ချက်

နွေဦးတော်လှန်ရေးအရှိန်ကို ဟန့်တားဖို့အတွက် ဖြစ်စေ၊ စစ်ယူနီဖောင်းချွတ်များ အုပ်စိုးနိုင်ရေးအတွက် ဖြစ်စေမည်သို့ တွေးထင်ချက်အတွက်ကိုမျှ NLD ဖျက်သိမ်းရေး စဉ်းစားချက်က ပံ့ပိုးပေးနိုင်လိမ့်မည်ဟုမယူဆနိုင်ပါ။ နိုင်ငံတော်သမ္မတ အပါအဝင် ရွေးကောက်ခံ အစိုးရအဖွဲ့ ခေါင်းဆောင်များကို ဖမ်းဆီး၊ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကပင် ခွင့်ပြုမထားသည့် စစ်ကိုလ်ချုပ်ဟောင်း ဒုသမ္မတကို ယာယီသမ္မတခန့်၊ အရေးပေါ်ကာလ ကြေညာပြီး တပ်မတော်ကို နိုင်ငံတော်အာဏာလွှဲကာ တိုင်းပြည်အာဏာအရပ်ရပ်ကို ရယူအုပ်ချုပ်မည့် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ဟု မျှော်မှန်းချက်များကို ယနေ့အထိ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက လက်မခံ ဗီဆန့်တွန်းလှန်နေကြဆဲ ဖြစ်သည်။ နိုင်ငံ့ဝန်ထမ်းများ၏ အကြမ်းမဖက် ပြည်သူ့အာဏာ ဗီဆန့်ရေးလှုပ်ရှားမှု (CDM) အားကောင်းနေဆဲဖြစ်သလို မြန်မာပြည်သူများအပေါ် ပြသသော ကမ္ဘာ့နိုင်ငံများ၏ စာနာ ထောက်ထားမှုများသည် ယနေ့အထိ အရှိန်တက်နေဆဲ ဖြစ်ပါသည်။

'ပြည်သူလူထု ရှိနေသရွေ့ NLD ဆက်ရှိမည်' ဆိုသည့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ် အောင်ဆန်းစုကြည်၏ သတင်း စကားသည် NLD ထောက်ခံသော နွေဦးတော်လှန်ရေးလှုပ်ရှားမှုအတွင်းက ဖာတ်လိုက်များအတွက် ခွန်အားတစ်ရပ် ဖြစ်နေသည့်တိုင် နွေဦးတော်လှန်ရေး၏ အန္တိမပန်းတိုင်သည် စစ်အာဏာရှင် ကျဆုံးရေး၊ စစ်အာဏာရှင်စနစ် အမြစ်ပြတ်ချေမှုန်းရေး၊ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေး၊ ဖက်ဒရယ်ဒီမိုကရေစီ ဖွဲ့စည်းပုံအခြေခံဥပဒေ တစ်ရပ် ပေါ်ပေါက်ရေးနှင့် ဖက်ဒရယ်ပြည်ထောင်စုတပ်မတော်တစ်ရပ် ဖြစ်တည်ရှင်သန်ရေးတို့သာ ဖြစ်ကြောင်း သတိချပ်သင့်ပါသည်။ ၂၀၃၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကဲ့သို့သော စစ်တပ်နှင့် သူ၏ အပေါင်းအပါများ ကြီးစိုးရေးအတွက် အာဏာသိမ်းစစ်ခေါင်းဆောင်ကတော့ အိပ်မက်မက်နေပြီဖြစ်ကြောင်း သတိပြုရပါလိမ့်မည်။

# ကနီမြို့က အစုလိုက်အပြုံလိုက် လူသတ်မှု

(အပတ်စဉ် သတင်းသုံးသပ်ချက်၊ အမှတ်စဉ် ၁၈)

## နိဒါန်း

'မလုပ်ရဲတာ ဘာမှမရှိဘူး' ဆိုသည့်အတိုင်း အာဏာသိမ်းစစ်ခေါင်းဆောင် ကာချုပ် မင်းအောင်လှိုင်၏ စစ်ကောင်စီတပ်သည် စစ်ကိုင်းတိုင်း၊ ကနီမြို့နယ်အတွင်း ဒေသခံပြည်သူ ၄၀ ဦးကို အစုလိုက်အပြုံလိုက် သတ်ဖြတ်ကာ ၎င်းတို့၏ စက်ဆုပ်ရွံရှာဖွယ် စွမ်းပကားကို ပြသခဲ့ပါသည်။ ပြည်သူလူထု၏ယုံကြည်မှု စိုးစဉ်းမျှပင်မရရှိသေးသော အာဏာသိမ်းစစ်ခေါင်းဆောင်အတွက် ယင်းအစုလိုက်အပြုံလိုက်သတ်ဖြတ်မှုဖြစ်စဉ်သည် ပထမဦးဆုံးမဟုတ်သကဲ့သို့ နောက်ဆုံးအကြိမ်လည်း မဖြစ်နိုင်သေးဟု ဆိုရပါမည်။

ယခုတစ်ပတ် Myanmar Peace Monitor ၏ အပတ်စဉ် သုံးသပ်ချက်ကဏ္ဍတွင် အာဏာသိမ်းစစ်ခေါင်းဆောင်နှင့် အပေါင်းအပါများ ကျူးလွန်ခဲ့သော ကနီဒေသ လူအစုလိုက်အပြုံလိုက် သတ်ဖြတ်မှုဖြစ်စဉ်ကို အခြေပြုတင်ပြသွားပါမည်။

## ကနီဒေသအကြောင်း အကျဉ်းချုပ်

ကနီမြို့နယ်သည် မြန်မာနိုင်ငံ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင်ရှိ မြို့နယ်တစ်ခု ဖြစ်ပါသည်။ အကျယ်အဝန်းအားဖြင့် အရှေ့မှ အနောက်သို့ မိုင် ၅၀ နှင့် တောင်မှ မြောက်သို့ ၄၁ မိုင် ကျယ်ဝန်းသည်၊ ကနီမြို့နယ်အား ရပ်ကွက် သုံးခု၊ ကျေးရွာအုပ်စု ၄၅ ခုနှင့် ကျေးရွာပေါင်း ၁၈၈ ရွာတို့နှင့် ဖွဲ့စည်းထားပါသည်။ မြောက်ဘက်တွင် မင်းကင်းနှင့် ရေဦးမြို့နယ်၊ အနောက်ဘက်တွင် မင်းကင်းနှင့် ဂန့်ဂေါမြို့နယ်၊ တောင်ဘက်တွင် ပုလဲနှင့် ယင်းမာပင်မြို့နယ်နှင့် အရှေ့ဘက်တွင် ဘုတလင်၊ ဒီပဲယင်းမြို့နယ်များနှင့် နယ်နိမိတ်ချင်း ထိစပ်နေပါသည်။ ဆက်စပ်မြို့များသည် စစ်ကောင်စီအား တော်လှန်ရာတွင် ထင်ရှားသည်၊ ချင်းတွင်းမြစ်သည် ကနီမြို့နယ်အတွင်း ဖြတ်၍ မြောက်မှတောင်သို့ ဖြတ်သန်းစီးဆင်းသွားသည်၊ ချင်းတွင်းမြစ်၏ အနောက်ဘက်ခြမ်းတွင် တောင်တန်းများနှင့် တောင်များ ပေါ်များပြီး အရှေ့ဘက်ခြမ်းသည် လွင်ပြင်ဒေသဖြစ်၍ မြစ်ချောင်းများ ပေါ်များသည်။ ကနီမြို့နယ် အတွင်းတည်ရှိသော မဟာ့တောင်တန်း။ ပုံတောင်၊ လက်ပံတောင်တို့သည် တောင်မှမြောက်သို့ သွယ်တန်းလျက်ရှိကြောင်း ၂၀၁၉ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စာရင်းအရ သိရသည်။ ထိုတောင်တန်းများအနီးတွင် ဒုက္ခသည်များ၊ တိုက်ပွဲများလည်း ရှိနေပါသည်။ မြန်မာ နွေဦးတော်လှန်ရေးအတွင်း ဝမ်းနည်းဖွယ်ရာ အကြိမ်ကြိမ် အစုလိုက်အပြုံလိုက် လူသတ်မှုများ ဖြစ်ပွားခဲ့ရာ အရပ်အဖြစ်လည်း ရှိလာခဲ့ပါသည်။

## ဘာကြောင့် ကနီဒေသ ဖြစ်ရသလဲ

စစ်အာဏာသိမ်းမှုနှင့် စစ်အာဏာရှင်ကို ဆန့်ကျင်ဗီဆန့်သဖြင့် အာဏာသိမ်းစစ်ကောင်စီ တပ်များ၏ ရက်စက်စွာ အကြမ်းဖက်ဖြိုခွင်း၊ ဖမ်းဆီးသတ်ဖြတ်မှုများအလွန် မိမိကိုယ်ကိုယ် ခုခံကာကွယ်ရေးအတွက် မြန်မာနိုင်ငံတစ်ဝန်းရှိ ဒေသအလိုက် ဖွဲ့စည်းထွက်ပေါ်လာသော ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့(PDF) များသည် အကြမ်းဖက်စစ်ကောင်စီတပ်များကို အခွင့်အခါသင့်သလို ခုခံတော်လှန်လျက်ရှိပါသည်၊ ထိုအနက် စစ်ကိုင်းဒေသကြီးအတွင်း မြို့နယ်၊ ရပ်ရွာများရှိ ဒေသခံ PDF များသည် ထင်ရှားသည်ဟု ဆိုရပါမည်။

ကရင်နီပြည်နယ်အတွင်း ကရင်နီအမျိုးသားကာကွယ်ရေးတပ်ဖွဲ့ (KNDF)၊ ချင်းပြည်နယ်အတွင်း ချင်းဒေသကာကွယ်ရေး တပ်ဖွဲ့(CDF)၊ ကချင်ပြည်နယ်အတွင်း မြို့နယ်အလိုက် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (PDF) တို့သည် နွေဦးတော်လှန်ရေးကာလအတွင်း အကြမ်းဖက် စစ်ကောင်စီတပ်များကို ထင်ရှားစွာခုခံတော်လှန်ပြခဲ့သလို တိုင်းဒေသကြီးမြို့နယ်အလိုက် ပြည်သူ့ ကာကွယ်ရေးတပ်ဖွဲ့ (PDF) များတွင်လည်း စစ်ကိုင်းတိုင်း မြို့နယ်အလိုက် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (PDF)များအနေဖြင့် အကြမ်းဖက် စစ်ကောင်စီတပ်များကို ခုခံတော်လှန်ခြင်း၊ ချုံခိုတိုက်ခိုက်ခြင်းများအား ထင်ရှားစွာ လုပ်ပြခဲ့ကြပါသည်။

Myanmar Peace Monitor မှ စုဆောင်းမှတ်တမ်းပြုထားသည့် စာရင်းအရ မေလ ၇ ရက်မှ ဩဂုတ်လ ၉ ရက်အထိ စစ်ကိုင်းတိုင်းဒေသကြီး မြို့နယ် ၁၅ ခုတွင် အာဏာသိမ်း အကြမ်းဖက် စစ်ကောင်စီတပ်နှင့် မြို့နယ်အလိုက် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (PDF) များအကြား တိုက်ပွဲဖြစ် ရက်ပေါင်း ၄၆ ရက် ဖြစ်ပွားခဲ့ပါသည်၊ ယင်းသို့ တိုက်ပွဲဖြစ်ပွားမှုများအနက် ချင်းပြည်နယ် အစပ်မြို့နယ်ဖြစ်သည့် ကလေးမြို့နယ်ပြီးလျှင် ကနီမြို့နယ်သည် စစ်ကိုင်းတိုင်းအတွင်း ဒုတိယမြောက်

တိုက်ပွဲဖြစ်ပွားမှု အများဆုံးဒေသဖြစ်ပါသည်၊ ကနီမြို့နယ်နှင့်အတူ မင်းကင်းနှင့် ပုလဲမြို့နယ်တို့သည်လည်း အကြမ်းဖက်စစ်ကောင်စီတပ်များကို ခုခံတော်လှန်မှု ဒုတိယအများဆုံးဒေသများ ဖြစ်ပါသည်။

အာဏာသိမ်းစစ်ခေါင်းဆောင် ဟာချုပ်မင်းအောင်လှိုင်၏ အကြမ်းဖက် စစ်ကောင်စီတပ်သည် ၎င်းတို့အား ခုခံတော်လှန်ရေး အားကောင်းသည့် ဒေသများကို အစွမ်းကုန် ရက်စက်စွာ ချေမှုန်းခဲ့သည်မှာ ရှင်းပြည်နယ်၊ မင်းတပ်မြို့နယ်အတွင်း PDF များအား လေကြောင်းဖြင့် တိုက်ခိုက်မှုများက သက်သေပြနေပါသည်။

## ကနီဒေသ အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုဖြစ်စဉ်

ဇူလိုင်လ ၈ ရက်ကတည်းက နယ်မြေရှင်းလင်းရေး စစ်ဆင်လာသည့် အကြမ်းဖက် စစ်ကောင်စီတပ်များနှင့် ကနီမြို့နယ် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (PDF) အကြား ဇူလိုင်လ ၇ ရက်၊ ၉ ရက်၊ ၁၅ ရက်၊ ၂၃ ရက်၊ ၂၆ ရက်များအတွင်း တိုက်ပွဲများ ဖြစ်ပွားခဲ့သည်၊ ယင်းနောက် အကြမ်းဖက် စစ်ကောင်စီတပ်များအနေဖြင့် ကျေးရွာများအတွင်း ဝင်ရောက်ကာ မြင်မြင်သမျှသော အရပ်သားပြည်သူ တိုင်းကို PDF များဟု စွပ်စွဲကာ လိုက်လံဖမ်းဆီးသဖြင့် ရွာသူရွာသားများ ဘေးလွတ်ရာသို့ ထွက်ပြေး တိမ်းရှောင်ခဲ့ကြသည်။ သို့သော် အကြမ်းဖက် စစ်ကောင်စီတပ်၏ လက်မှ 'အားလုံး မလွတ်မြောက်ခဲ့' ဟု ဆိုရပါမည်။

ကနီမြို့နယ်၊ ယင်းရွာနှင့် တစ်မိုင်ခန့်အကွာရှိ တောအတွင်း အရပ်သား ရုပ်အလောင်း ၁၆ လောင်းကို ဇူလိုင်လ ၁၁ ရက်၊ ၁၂ ရက်များတွင် တွေ့ရှိခဲ့ပြီး ကနီမြို့နယ် ယင်းရွာ၊ ကုန်းသာရွာ၊ ထောက်ကြံ့ကုန်းရွာနှင့် ရေဦးမြို့နယ် ပလူဇရွာမှ ရွာသားများ ဖြစ်ကြောင်း မျက်မြင်တွေ့ရှိခဲ့သည့် ဒေသခံများက ပြောပါသည်။ ဇူလိုင်လ ၂၈ ရက်တွင်လည်း ကနီမြို့နယ် ဇီးပင်တွင်းရွာ အနောက်ဘက် ယာတောထဲတွင် အရပ်သား ရုပ်အလောင်း ခုနစ်လောင်းကို တွေ့ရှိခဲ့ပြီး အသက် ၆၀ အထက်ရှိသူ နှစ်ဦး၊ မသန်စွမ်းသူတစ်ဦးနှင့် အသက် ၁၈ နှစ်နှင့် ၃၀ နှစ်ကြားရှိသူ လေးဦး ဖြစ်ကြောင်း မျက်မြင်တွေ့ရှိပြီး သဂြိုဟ်မှု ပြုပေးခဲ့သူ ဒေသခံများက ဆိုပါသည်။

ဇူလိုင်လ ၂၉ ရက်၊ ဇီးပင်တွင်းရွာ အနောက်ဘက် ယာတောထဲတွင်ပင် ပုပ်ပွနေပြီး အတည်ပြုရန် ခက်ခဲသည့် အရပ်သား ရုပ်အလောင်းငါးလောင်းကို ထပ်မံတွေ့ရှိခဲ့ရသည်၊ ဇူလိုင်လ ၃၀ ရက်၊ ကနီမြို့နယ် တောင်ပေါက်(အရှေ့) ရွာအနီး တောထဲတွင် အရပ်သား ရုပ်အလောင်း ၁၂ လောင်း တွေ့ရှိခဲ့ပြီး ဗိုတွင်းရွာမှ နှစ်ဦး၊ သရက်တောရွာမှ ၁၄ နှစ်အရွယ် ကလေးအပါအဝင် ခုနစ်ဦးနှင့် ကနီမြို့ပေါ်မှသုံးဦးတို့ဖြစ်ကြောင်း မျက်မြင်တွေ့ရှိသူများက သတင်းဌာနများကို ပြောဆိုထားပါသည်။

အဆိုပါ ကနီဒေသ အစုလိုက်အပြုံလိုက် သတ်ဖြတ်ခံရသည့် ဖြစ်စဉ်အတွင်း အရပ်သား ရုပ်အလောင်း ၄၀ အထိ တွေ့ရှိထားပြီးဖြစ်သော်လည်း ကျန်ရှိနေသေးသော မြှုပ်နှံထားသည့် ရုပ်အလောင်းများကိုမူ အကြမ်းဖက်စစ်ကောင်စီတပ်များက မိုင်းများထောင်ထားသဖြင့် တူးဖော်ရန် အခက်အခဲရှိနေကြောင်း မျက်မြင်တွေ့ရှိသူ ဒေသခံများက ဆိုပါသည်။ ယခုလို သတ်ဖြတ်ခံကြရသူ

များသည် အာဏာသိမ်း အကြမ်းဖက် စစ်ကောင်စီတပ်များအား ကြောက်လန့် ထွက်ပြေးကြသည့် ဒေသခံပြည်သူများသာ ဖြစ်ပြီး ပြည်သူကာကွယ်ရေးတပ်ဖွဲ့ PDF အဖွဲ့ဝင်များ မဟုတ်ကြဟု ဆိုပါသည်။

## လက်နက်မဲ့ ပြည်သူများကို ကာကွယ်ပေးပါ

အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ၏ ကုလသမဂ္ဂ အမြဲတမ်းကိုယ်စားလှယ် ဦးကျော်မိုးထွန်းကတော့ ကနီမြို့နယ်အတွင်း အရပ်သားများ အစုလိုက်အပြုံလိုက် သတ်ဖြတ်ခံရမှုဖြစ်စဉ်များကို ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် မစ္စတာဂူတာရက်ထံ တိုင်ကြားထားသကဲ့သို့ ကုလသမဂ္ဂအထွေထွေညီလာခံ ဥက္ကဋ္ဌနှင့် အမြဲတမ်းကိုယ်စားလှယ်များထံလည်း အကြောင်းကြားစာ ပေးပို့ခဲ့ပါသည်။ စစ်အာဏာသိမ်းမှုနှင့်အတူ မြန်မာနိုင်ငံအတွင်း အလုံးစုံ ပျက်ယွင်းနေသော တရားစီရင်ရေးအခြေအနေတွင် အာဏာသိမ်းစစ်ခေါင်းဆောင် ကာချုပ်မင်းအောင်လှိုင်နှင့် အပေါင်းအပါများ၏ အရပ်သားပြည်သူများအပေါ် အစုလိုက်အပြုံလိုက် သတ်ဖြတ်ခြင်းအား နိုင်ငံတကာ တရားရုံးများမှ တစ်ဆင့် အရေးယူနိုင်ရေး ကြိုးပမ်းနေကြောင်း ဦးကျော်မိုးထွန်းက ပြောဆိုခဲ့ သည်။

ကာချုပ် မင်းအောင်လှိုင်၏ အကြမ်းဖက် စစ်ကောင်စီတပ်များအနေဖြင့် ၎င်းတို့၏ ရက်စက်ကြမ်းကြုတ်မှုများကို ကရင်နီပြည်နယ်တွင်လည်း တွေ့နိုင်ပါသည်။ အကြမ်းဖက် စစ်ကောင်စီတပ် တပ်စွဲထားသည့် ဒီမောဆိုမြို့နယ် ဝံပြခြောက်မိုင်ရွာတွင် အရပ်သားပြည်သူ ရုပ်အလောင်း လေးလောင်းကို ဇူလိုင်လ ၁၁ ရက်က တွေ့ရှိခဲ့ရကြောင်း ကရင်နီပြည်နယ်အခြေစိုက် ကန္တာရဝတီ တိုင်းမ်သတင်းဌာနက ဖော်ပြခဲ့ပါသည်။ ဇွန်လ ၁၅ ရက်ကလည်း မကွေးတိုင်းဒေသကြီး၊ ပေါက်မြို့နယ်အတွင်း အိမ်ခြေ ၂၀၀ ကျော်ရှိသည့် ကင်းမရွာ မီးရှို့ခံခဲ့ရပြီး ကျေးရွာ၏ သုံးပုံနှစ်ပုံခန့် မီးလောင်ပြာကျခဲ့ရကာ သက်ကြီးရွယ်အိုအချို့ သေဆုံးခဲ့ရသည်။

စစ်အာဏာသိမ်းကာလအတွင်း အကြမ်းဖက်စစ်ကောင်စီတပ်နှင့် အပေါင်းအပါများ၏ လက်ရက်ဖြင့် အသက်ပေးခဲ့ရသူပေါင်း ၉၆၅ ဦး ကျော်လာပြီဖြစ်သည်။ ဖမ်းဆီးခံရသူပေါင်း ၇၀၀၀ ကျော်ရှိပြီး ဖမ်းဆီးစစ်ဆေးနေစဉ်အတွင်း အသက်သေဆုံးခဲ့ရသူ ပေါင်း ၃၂ ဦး အထိ ရှိသည်ဟု နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအဖွဲ့ (AAPP) က ဆိုပါသည်။ RFA သတင်းဌာန၏ အဆိုအရ 'ယနေ့ ဖမ်းဆီးခံရပြီး နောက်တစ်နေ့တွင် အလောင်းလာယူခိုင်းသည့် ဖြစ်စဉ်ပေါင်း အနည်းဆုံး ၃၀' ရှိနေပါသည်။

ကာချုပ် မင်းအောင်လှိုင်၏ အကြမ်းဖက် စစ်ကောင်စီတပ်သည် ကနီဒေသ အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုဖြစ်စဉ် နည်းတူ ၂၀၁၇ ခုနှစ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဦးဆောင်သည့် အစိုးရလက်ထက်တွင်လည်း ရခိုင်ပြည်နယ်၊ မောင်တောမြို့နယ်၊ အင်းဒင်ရွာတွင်လည်း အရပ်သားပြည်သူ ၁၀ ဦးကို အစုလိုက်အပြုံလိုက် သတ်ဖြတ်ခဲ့သည်။ အင်းဒင်ဖြစ်စဉ်နှင့်ပတ်သက်ပြီး ကာချုပ် မင်းအောင်လှိုင်၏ စစ်တပ်အနေဖြင့်မဟုတ်မှန်ကြောင်း ငြင်းဆိုခဲ့သော်လည်း နောက်ဆုံးတွင် ဖုံးမနိုင်ဖိမရဖြစ်ကာ လူသိရှင်ကြားလက်ခံခဲ့ရပြီး ယခုအခါ နယ်သာလန်နိုင်ငံ၊ သည်ဟိဂ်မြို့ရှိ နိုင်ငံတကာ တရားရုံး (ICJ) တွင် ဂမ်ဘီယာနိုင်ငံနှင့် တရားရင်ဆိုင်နေရပါသည်။ ထို့ပြင် ရက္ခိုင့်တပ်တော် (AA)

နှင့် တိုက်ပွဲများအတွင်း ကျောက်တော်မြို့နယ်၊ တင်းမရွာသား ၁၈ ဦးကို ဖမ်းဆီးကာ အစဖျောက်ခဲ့ပြီး တင်းမရွာကိုလည်း မီးရှို့ဖျက်ဆီးခဲ့ပါသည်။

ဆိုရသော် အာဏာသိမ်း စစ်ခေါင်းဆောင် ကာချုပ်မင်းအောင်လှိုင်၏ အကြမ်းဖက် စစ်ကောင်စီ တပ်သည် ၎င်းတို့၏ နယ်မြေ ရှင်းလင်းရေးခေါင်းစဉ်အောက်တွင် ရက်စက်စွာ သတ်ဖြတ်ခံခဲ့ရသည့် အရပ်သားပြည်သူပေါင်းများစွာရှိနေပြီဟု ဆိုရပါလိမ့်မည်။ ဆယ်စုနှစ်ပေါင်းများစွာအတွင်း နဂို ကတည်းက ကျူးလွန်ခဲ့ဖူးသည့်ဖြစ်စဉ်ဖြစ်ရပ်များသည် ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ ကရင်ပြည် နယ် စသော တိုင်းရင်းသားဒေသများတွင် ဖုံးဖိတိမ်မြုပ်နေသော ရက်စက်ကြမ်းကြုတ်မှုပေါင်း များ စွာ ရှိနေခဲ့ပြီး ယခု ကဲ့သို့ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ၎င်းတို့အား ဆန့်ကျင်တော်လှန်နေကြသည့် နွေဦးတော်လှန်ရေးကာလတွင်မူ ၎င်းတို့၏ ရက်စက်ကြမ်းကြုတ်မှုများ၊ ဖမ်းဆီးသတ်ဖြတ်မှုများ၊ အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုများကို ပိုမိုထင်ရှားစွာ မြင်တွေ့လာရခြင်း ဖြစ်ပါသည်။

အာဏာသိမ်း အကြမ်းဖက်စစ်ကောင်စီတပ်များ၏ အရပ်သားပြည်သူများအပေါ် ဖမ်းဆီး စစ် ဆေး နှိပ်စက် သတ်ဖြတ်မှုများနှင့်ပတ်သက်ပြီး အကြမ်းမဖက် ပြည်သူ့အာဏာဖီဆန်ရေးလှုပ်ရှားမှု (CDM) တွင် ပါဝင်လာသည့် ဗိုလ်ကြီးဟိန်းဇော်ဦးက "ဒီလိုလုပ်ဖို့ ဝန်လေးနေမှာတော့ မဟုတ်ဘူး။ ဒီနေ့ ဖြစ်စဉ်မှာ ပိုပြီးတော့ ပေါ်ပေါ်ထင်ထင်လုပ်လာတာ" ဟု ဆိုပါသည်။

"သေဆုံးသွားတဲ့သူတွေရဲ့ အသက်တွေ၊ ဘဝတွေ အလဟဿ မဖြစ်ဖို့ မျိုးဖောက်ခဲ့တဲ့သူတွေ ကို ပြန်ပြီးတော့ တရားဥပဒေအရ အရေးယူနိုင်ဖို့၊ နောက်တစ်ခါ ဒီလိုမျိုးထပ်မဖြစ်အောင် သမိုင်းမှာ လုပ်ဆောင်ခဲ့တယ်ဆိုတဲ့ သက်သေပြနိုင်ဖို့၊ နောက်တစ်ခါမဖြစ်ဖို့ တားဆီးနိုင်ဖို့အတွက် လုပ်ဆောင် နေပါတယ်" ဟု အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ၏ လူ့အခွင့်အရေးဆိုင်ရာ ပြည်ထောင်စု ဝန်ကြီး ဦးအောင်မျိုးမင်းက ပြောဆိုထားပါသည်။

## သုံးသပ်ချက်

စစ်ကိုင်းတိုင်း၊ ကနီမြို့နယ် ကျေးရွာများအတွင်း အစုလိုက်အပြုံလိုက် သတ်ဖြတ်ခံခဲ့ရသည့် ဖြစ်စဉ်နှင့်ပတ်သက်ပြီး ယနေ့ အထိတော့ ကာချုပ် မင်းအောင်လှိုင်နှင့် အပေါင်းအပါများအနေဖြင့် သတင်းတစ်စုံတစ်ရာ ထုတ်ပြန်ထားခြင်း မရှိသေးသည်ကို တွေ့ရသည်။ မကွေးတိုင်း၊ တင်းမရွာ မီးရှို့မှု ဖြစ်စဉ်ကဲ့သို့ သတင်းအမှားများ ဖြန့်ကာ ဖုံးဖိရန် ကြိုးစားနေသလား၊ မန္တလေးတိုင်း၊ ချမ်းမြ သာစည်မြို့နယ်အတွင်းက အရပ်သားများကို အကြမ်းဖက် စစ်ကောင်စီတပ်၏ ဖမ်းဆီးနှိပ်စက်ခံရ ခြင်းထက် အသက်သေသည်က သာ၍ မြတ်ကြောင်း ပြသသွားခဲ့သည့် ဩဂုတ်လ ၁၀ ရက်၊ ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ် ၄၄ လမ်းရှိ ဖြစ်ရပ်ကိုပင် ကာချုပ် မင်းအောင်လှိုင်နှင့် အပေါင်း အပါများကတော့ ၎င်းတို့ ပဒေသာဂကင်းသဖွယ် ထုတ်ပြန်နေပါသည်။

အချုပ်အားဖြင့်ဆိုရသော် အာဏာသိမ်း စစ်ခေါင်းဆောင်ကာချုပ်မင်းအောင်လှိုင်၏ အကြမ်း ဖက် စစ်ကောင်စီတပ်၏ ပြည်သူလူထုအပေါ် ကျူးလွန်မျိုးဖောက်ခဲ့သော ဖြစ်စဉ်ဖြစ်ရပ်၊ လုပ်ရပ် တိုင်းအတွက် ၎င်းအနေဖြင့် ပြန်လည်တာဝန်ယူ၊ တာဝန်ခံရမှသာ နွေဦးတော်လှန်ရေးနှင့်အတူ ပေးဆပ်ခဲ့ရသည့် အသက်တိုင်း၊ ဘဝတိုင်းအတွက် မျှတပါလိမ့်မည်။

ကနီဒေသ အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုဖြစ်စဉ်နှင့်ပတ်သက်ပြီး ကုလသမဂ္ဂထံ တိုင်ကြား ခဲ့သည့် အမေရိကန်ပြည်ထောင်စုတွင် နေထိုင်သော ဦးကျော်မိုးထွန်းကိုပင် လုပ်ကြံ သတ်ဖြတ်ရန်

ကြံစည်နေသည့်လုပ်ရပ်များကို မြင်တွေ့နေရသည့်အတွက် အာဏာသိမ်းစစ်ခေါင်းဆောင် ကာချုပ်မင်းအောင်လှိုင်၏ 'မလုပ်ရဲတာ ဘာမှ မရှိဘူး' ဆိုသည့် စကားသည် အစဉ် သတိပြုနေရပေလိမ့်မည်။

နောက်ထပ် ကနီဒေသ အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုမျိုး မကျူးလွန်နိုင်တော့ဟု မည်သူမျှ အာမခံနိုင်လိမ့်မည် မဟုတ်ပေ။ ထို့ကြောင့် ကုလသမဂ္ဂ အပါအဝင် နိုင်ငံတကာ အသိုင်းအဝိုင်း အနေဖြင့် ကာချုပ်မင်းအောင်လှိုင်၏ အကြမ်းဖက် စစ်ကောင်စီတပ်အား လက်နက်ရောင်းချနေမှု ပိတ်ပင်ရေးအပါ အခြားသောနည်းလမ်းများဖြင့် ကြားဝင်ဖြေရှင်းရေး ဆောင်ရွက်နေရခြင်း ဖြစ်ကြောင်း ရှုမြင်မိပါတော့သည်။

# အကြမ်းဖက်သမားများရန်မှ လွတ်ကင်းရေး

## (စစ်ကောင်စီလက်ချက်ကြောင့် သေဆုံးရသူ ၁၀၀၀ ပြည့်ပြီ)

(အပတ်စဉ် သတင်းသုံးသပ်ချက်၊ အမှတ်စဉ် ၁၉)

## နိဒါန်း

'အလေလောင်းအမှတ်...
သုည
တစ်ယောက် ပြာကျသွားပြန်ပြီ'

ကဗျာဆရာ ဇော်ဝေး ရေးသည့် 'မီးလောင်ပြင်' အမည်ရှိ ကဗျာတစ်ပုဒ်၏ အစ ပထမအပိုဒ်။ နေ့ဦးတော်လှန်ရေးကာလအတွင်း လူကြီးလူငယ်၊ လူရွယ်လူလတ်၊ ထင်ပေါ်ကျော်ကြားသူနှင့် အညတရ ဖြစ်သော သူရဲကောင်းများ ကျဆုံးသွားခဲ့ရသည်က တိန်း ဂဏန်းများ မရေတွက်နိုင်တော့ပြီ။ Covid-19 ကပ်ဆိုးကြောင့် နှစ်လရှိကာ ထွက်ပေါက်မရှိဘဲ မွန်းကျပ်စွာ ရုန်းကန်ဖြတ်သန်းနေကြရသည့် မြန်မာပြည်သူများအတွက် အာဏာမက်သည့် စစ်ခေါင်းဆောင်တစ်သိုက်၏ စိတ်ကစဉ့်

ကလျားဖြစ်မှုကြောင့် မြန်မာနိုင်ငံ အတွင်း မှောင်မိုက်နေ့ မှောင်မိုက်ညပေါင်း ရက် ၂၀၀ ကျော်ခဲ့ပြီ။

အာဏာသိမ်းစစ်ခေါင်းဆောင် ကာချုပ် မင်းအောင်လှိုင်နှင့် အပေါင်းအပါများ၊ အကြမ်းဖက် စစ်ကောင်စီတပ်သားများလက်အတွင်း ဖမ်းဆီးနှိပ်စက်ခံရခြင်းထက် အသက်သေဆုံးခြင်းကပင် သာ၍ မြတ်ပြီး ပို၍ လွတ်လပ်ကြောင်းကို ဩဂုတ်လ ၁၀ ရက်၊ ရန်ကုန်မြို့၊ ၄၄ လမ်း အဖြစ်အပျက်က သက်သေပြနေသည်ဟု မြန်မာလူငယ်လူရွယ်များအကြား အကျယ်တဝင့် ပြောဆိုမှု ရှိလာပါသည်။

ယခုတစ်ပတ် Myanmar Peace Monitor ၏ အပတ်စဉ် သုံးသပ်ချက်ကဏ္ဍတွင် အဆိုပါ အဖြစ်အပျက်နှင့် ပြည်သူလူထု၏ မွန်းကျပ်နေမှုများမှသည် အသက်ကို စွန့်လွှတ်သည်အထိ ရှိလာခြင်းများကို တို့ထိကြည့်သွားပါမည်။

## ဖြစ်စဉ်

ဩဂုတ်လ ၁၀ ရက်၊ ညနေ သုံးနာရီဝန်းကျင် ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ၄၄ လမ်းရှိ နေအိမ်တစ်ခုတွင် အကြမ်းဖက် စစ်ကောင်စီတပ်ဖွဲ့ဝင်များ အရပ်ဝတ်ဖြင့် ဝင်ရောက်ဖမ်းဆီးရာ အမြင့်ပေ ၅၀ ကျော် ရှိသည့် လေးထပ်တိုက်ပေါ်မှ လူငယ် ငါးဦး ခုန်ချသွားခဲ့ပြီး နှစ်ဦး ကျဆုံးကာ သုံးဦး ဒဏ်ရာပြင်းထန်စွာ ရရှိခဲ့ကြောင်းနှင့် သုံးဦး ဖမ်းဆီးရမိကြောင်း အာဏာသိမ်း အကြမ်း ဖက် စစ်ကောင်စီမှ သတင်းထုတ်ပြန်ပါသည်၊

အာဏာသိမ်းစစ်ကောင်စီအနေဖြင့် ဖမ်းဆီးရမိသူ ကိုဝေဖြိုးအောင်၊ ကိုသီဟကောင်းဆက်နှင့် မပိုးကျော်ကျော်ခန့်တို့၏ ထွက်ဆိုချက်များဟုဆိုကာ တပ်မတော်ပိုင် မြဝတီရုပ်သံမှ ထုတ်လွှင့်ပြသ ခဲ့သော်လည်း ဒဏ်ရာပြင်းထန်စွာရရှိခဲ့သော လူငယ်သုံးဦးနှင့်ပတ်သက်ပြီး သေသလား၊ ရှင်သလား ဆိုသည်ကို ယခုအထိထုတ်ပြန်ခြင်းမရှိသေးသည်ကိုတွေ့ရသည်။ အဆိုပါ နေအိမ်တွင် ရှိနေခဲ့သည့် ကိုကောင်းမင်းခန့် ခေါ် Flex နှင့်ပတ်သက်ပြီး တစ်စုံတစ်ရာသတင်းထုတ်ပြန်နိုင်ခြင်းမရှိဘဲ သေနတ် ဖြင့် ပစ်ခတ်ခံရပြီး သေဆုံးသကဲ့သို့ ကောလာဟလများသာ ပျံ့နှံ့နေခဲ့သည်။ ထို့ပြင် အခင်းဖြစ်သည့် ညနေပိုင်းတွင် အကြမ်းဖက်စစ်ကောင်စီတပ်သား အချင်းချင်းစကားပြောဝက်မှုတစ်ဆင့် သတင်း ပေးပို့ချက်များသည်လည်း လူမှုကွန်ရက်စာမျက်နှာများတွင် ပျံ့နှံ့လာခဲ့ပါသည်၊

ဩဂုတ်လ ၁၇ ရက်တွင်တော့ အသက်သေဆုံးသွားပြီဟု သတင်းထွက်ခဲ့သည့် ကိုကောင်းမင်း ခန့်သည် အသက်မသေဘဲ လွတ်မြောက်နယ်မြေတစ်ခုမှတစ်ဆင့် တွေ့ဆုံမေးမြန်းချက်ကို DVB ရုပ်သံမှထုတ်လွှင့်ခဲ့ပါသည်။ အကြမ်းဖက်စစ်ကောင်စီ၏ ထုတ်ပြန်ချက်များနှင့်ပတ်သက်ပြီး ကိုကောင်းမင်းခန့်က "ဘာတစ်ခုမှ အမှန်မရှိဘူး၊ ၄၄ လမ်းကို ဝင်ဖမ်းတယ်၊ ခုန်ချတယ်ဆိုတာပဲ မှန်တယ်၊ သူတို့တွေ သေနတ်ပစ်ဖောက်တာ၊ သေနတ်ဒင်နဲ့ထုတာတွေ အကုန်လုံးကို ဖုံးထားတယ်" ဟု ရှင်းပြပါသည်။

ကိုကောင်းမင်းခန့်သည် ပထမဆုံး ခုန်ချသွားသူကိုသာ မမြင်လိုက်ရသော်လည်း မပေဝေမြင့် အပါအဝင် လူငယ်လေးဦး ခုန်ချသွားသည်ကို မြင်ရကြောင်းနှင့် ပက်လက်ပုံစံဖြင့် အထပ်လိုက် အနေအထားဖြစ်ကြောင်း ၎င်းမြင်တွေ့ခဲ့သည်ကို DVB အား ပြန်ပြောပြပါသည်။ အသက် ငွေ့ ငွေ့ကျန်နေသူများကို အရပ်ဝတ်အကြမ်းဖက်စစ်ကောင်စီတပ်သားများက သေနတ်ဒင်ဖြင့် ထုနက် နေသည်ကိုတွေ့ရပြီး နှစ်ဦးကတော့ ချက်ချင်းသေဆုံးသွားခြင်းဖြစ်နိုင်ကြောင်း ကိုကောင်းမင်းခန့်က ပြောပါသည်၊

သို့သော် နောက်ဆက်တွဲသတင်းများအရ အကြမ်းဖက်စစ်ကောင်စီမှ သဘြိုဟ်သည့် ရေပေး သုသာန်အတန်းတစ်ခုတွင် အလောင်းလေးလောင်းကို မြင်တွေ့ခဲ့သည့်အတွက် လက်ရှိတွင် လေး

ဦးကျဆုံးပြီး ကိုမင်းသစ္စာအောင်ဆိုသူ လူငယ်လေးကတော့ စုတင် ၁၀၀၀ စစ်ဆေးရုံတွင် ဦးခေါင်းအက်ရာပြင်းထန်စွာဖြင့် ကုသမှု ခံယူနေသည်ဟုကြားသိရကြောင်း ကိုကောင်းမင်းခန့်က ပြောပါသည်။ ဖမ်းဆီးခံရသူသုံးဦးနှင့်ပတ်သက်ပြီး မြဝတီရုပ်သံမှ ထုတ်လွှင့်ချက်များသည်လည်း ဇာတ်လမ်းဆင်ကာ ပြောဆိုစိုင်းထားခြင်းသာ ဖြစ်ကြောင်း ၎င်းက သုံးသပ်ရှုမြင်ပါသည်။

## တွေ့ရှိချက်များ

၄၄ လမ်းအဖြစ်အပျက်နှင့်ပတ်သက်ပြီးအကြမ်းဖက်စစ်ကောင်စီ၏သတင်းထုတ်ပြန်ချက်သည် ဇွန်လ ၂၂ ရက်တွင် ဖြစ်ပျက်ခဲ့သော မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ၅၄ လမ်း အပြန်အလှန် ပစ်ခတ်မှု၊ ၅၆ လမ်းနှင့် ၁၁၀ လမ်းထောင့် ပစ်ခတ်မှု ဖြစ်စဉ်များကို သတိရစေပြီး လုပ်ကြံသတင်းများ၊ မမှန်သတင်း ထုတ်လွှင့်မှုများကို ဖေါ်လွှင်စေပါသည်။

ပြည်သူလူထုအား အကြမ်းဖက် သတ်ဖြတ်ခြင်း၊ အသက်သေဆုံးသည်အထိ အကြပ်ကိုင်စစ်မေးခြင်း၊ လွတ်လပ်ခွင့်ဟူသမျှ ပိတ်ဆို့ထားဆီးခြင်း စသည့်အပြင် အရလိုက်အပြုံလိုက်သတ်ဖြတ်ရန်ပင် ဝန်မလေးတော့သည့် အာဏာသိမ်းစစ်ခေါင်းဆောင် ကာချုပ် မင်းအောင်လှိုင်နှင့် အစေအပါးများ၊ လက်အောက်ခံ အကြမ်းဖက် စစ်ကောင်စီတပ်သားများအနေဖြင့် ၎င်းတို့လုပ်ယူထားသည့် တိုင်းပြည်အာဏာ တည်မြဲရေးအတွက် တိုင်းသူပြည်သားတစ်ဦးချင်းစီ၏ အသက်တိုင်း၊ ဘဝတိုင်းကို နှုတ်ယူသွားမည်ဟု ခံယူထားသလား မေးခွန်းထုတ်စရာ ဖြစ်လာပါသည်။

ကာချုပ်မင်းအောင်လှိုင် ခြောက်လတာ စစ်အာဏာသိမ်းကာလအတွင်း တိုင်းရင်းသားပြည်သူတစ်ရပ်လုံးရင်ဆိုင်ကြုံတွေ့နေရသည့်ဖွှန်းကျပ်မှု၊လွတ်လပ်ခွင့်ဝတ်မှုတ်မှု၊အနာဂတ်မျှော်လင့်ချက်ပျောက်ရှုမှု စသည်တို့သည် နှစ်ပေါင်းခြောက်ဆယ်ကျော်ကြာ စစ်ခေါင်းဆောင်များ ကြီးစိုးအုပ်ချုပ်ခဲ့သော အတိတ်ကာလများထက်ပင် ပို၍ ဖွှန်းကျပ်နေခဲ့ပြီဟု ဆိုရပါလိမ့်မည်။

ဩဂုတ် ၁၇ ရက်အထိ AAPP မှ ထုတ်ပြန်သော စာရင်းအရပင် သေဆုံးသူ ၉၉၉ ဦး၊ ဖမ်းဆီးခံရသူ ၇၃၂၅ ဦး၊ ဖမ်းဆီးစစ်မေးစဉ် သေဆုံးသူ ၃၀ ကျော် ရှိနေပြီး AAPP ၏ စာရင်းမဝင်ဘဲ ကျဆုံးခဲ့သည့် နွေဦးတော်လှန်ရေးသူရဲကောင်းများ များစွာ ရှိနေနိုင်ပါသည်။ အလားတူ စစ်အာဏာမသိမ်းခင်က စနစ်တကျရှိနေသည့် Covid-19 ကြောင့် အသက်ပေးခဲ့ရသည့် တိုင်းရင်းသားပြည်သူများလည်း ထောင်နှင့်ချီသည်အထိပင် များပြားနေသည်ကို မျက်မြင် ကြုံတွေ့ခဲ့ရပြီး ဖြစ်ပါသည်။

ယခု ၄၄ လမ်း အဖြစ်အပျက်မှ ထူးခြားတုန်လှုပ်ဖွယ် တွေ့ရှိချက်ကတော့ အကြမ်းဖက်စစ်ကောင်စီတပ်၏ ဖမ်းဆီးခြင်းခံရပြီး လုပ်ဖော်ကိုင်ဖက်များအား ဖော်ကောင်ဖြစ်ရသည်ထက် အသက်အသေခံလိုက်မည် ဆိုသည့် အချက် ဖြစ်ပါသည်။ အကြမ်းဖက် စစ်ကောင်စီတပ်သားများပင် အံ့သြမှင်တက်ရသည်အထိ အမြင့်ပေ ၅၀ ကျော်ရှိ လေးထပ်တိုက်ပေါ် မှ ခုန်ချပြခဲ့ပြီး စစ်အာဏာရှင် အစေအပါးများလက်မှ လွတ်မြောက်ရာကို ရှာဖွေသွားခဲ့သည်။

အိမ်ခေါင်မိုးထက်တွင် ဒိုကာပ်နေရင်း လွတ်မြောက်ခဲ့သည်ဟု ဆိုထားသူ ကိုကောင်းမင်းခန့်က "အရှင်အဖမ်းမခံဘူး၊ လွတ် အောင် ပြေးမယ်။ မလွတ်ဘူးဆိုရင် အသေခံလိုက်မယ် ဆိုတဲ့ ပုံစံမျိုး၊ အရှင်အဖမ်းမခံနိုင်တဲ့ ဆုံးဖြတ်ချက်က ရှိပြီးသား" ဟု ဆိုပါသည်။

## သုံးသပ်ချက်

အာဏာသိမ်းစစ်ခေါင်းဆောင် ကာချုပ်မင်းအောင်လှိုင်အနေဖြင့် ၎င်းအမွေလုယူထားသည့် တိုင်းပြည်အာဏာအချုပ်ချုပ်ကို လည်ပတ်နိုင်ရေး၊ အခြေတည်နိုင်ရေး ရုန်းကန်နေရသကဲ့သို့ စစ်အာဏာသိမ်းမှုနှင့် စစ်အာဏာရှင်စနစ်အမြစ်ပြတ်ချေမှုန်းရေးအတွက် ဆန့်ကျင်တိုက်ပွဲဝင်နေကြရသည့် နွေဦးတော်လှန်ရေး၏ ပုံစံအမျိုးမျိုးသော လှုပ်ရှားမှုများသည်လည်း ကာလအတန်ကြာလာသည့်အလျောက် အရှိန်အဟုန်ကျမသွားရေး ရုန်းကန်နေကြသည်ကို တွေ့ရပါသည်။

ခေတ်အဆက်ဆက် စစ်အာဏာရှင်များ၏ အုပ်စိုးမှုကြောင့် နိုင်ငံနှင့် နိုင်ငံသူနိုင်ငံသားများအတွက် အဘက်ဘက်မှ ခေတ် နောက်ကျ ကျန်ခဲ့ရသည့် အခြေအနေများကို စစ်အာဏာရှင်များပေးသည့် အမည်ခံ ဒီမိုကရေစီခေတ် ၁၀ နှစ်တာ ကာလတစ်ခုသည် ကာချုပ်မင်းအောင်လှိုင်၏ စစ်အာဏာသိမ်းမှုနှင့်အတူ အိပ်မက်တစ်ခုသဖွယ် ပျက်သုဉ်းသွားခဲ့ရသည်။

ခြောက်လတာ စစ်အာဏာသိမ်း ကာလအတွင်း စီးပွားရေး မပြေလည်မှုများ၊ လူမှုရေး ကျပ်တည်းမှုများနှင့် လုံးချာလိုက်နေသည့် တိုင်းရင်းသားပြည်သူများကို မိမိပတ်ဝန်းကျင်တွင် ဘယ်လောက်ရှိနေပြီလဲဟု သတိချပ်ကြည့်ပါက သွားရေး၊ လာရေး၊ နေရေး၊ ထိုင်ရေးက အစ မလုံခြုံမှုများ၊ ကန့်သတ်မှုများအကြား ထွက်ပေါက်ရှာမတွေ့တော့သည့်အဖြစ်အပျက်များ၊ ကျပ်တည်းသည့် ဘဝများကို မြင်တွေ့ပါလိမ့်မည်။

မွန်းကျပ်လွန်းသည့် အခြေအနေတစ်ရပ်မှ လွတ်လပ်ခွင့်ရေးရေးလေး မြင်ရသည်ကိုပင် ကျေနပ်စွာ ခုန်ဆင်းပြမည့် ၄၄ လမ်း အဖြစ်အပျက်မှ လူငယ်လူရွယ်များ မည်မျှ ရှိနေပါသနည်း။ စစ်အာဏာရှင်စနစ် အမြစ်ပြတ်ချေမှုန်းရေး၊ ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု တည်ဆောက်ရေးအတွက် ဟစ်ကြွေးနေကြသည့် နိုင်ငံတကာအသိုင်းအဝိုင်းအပါအဝင် နွေဦးတော်လှန်ရေး၏ အစုအဖွဲ့ အသီးသီးအနေဖြင့် တိုင်းရင်းသားပြည်သူများ၏ မွန်းကျပ်နေသည့် အခြေအနေတစ်ရပ်ကို ထွက်ပေါက်ရှာပေးဖို့ မည်မျှအချိန်ယူဖို့ လိုအပ်နေပါသနည်း။ မြန်မာနိုင်ငံတွင် ဖေဖော်ဝါရီလ ၁ ရက် အာဏာသိမ်းမှုဖြစ်စဉ်ကြောင့် သေဆုံးရသူ စုစုပေါင်းသည် ဩဂုတ်လ ၁၈ ရက်၊ ဗုဒ္ဓဟူးနေ့တွင် ၁၀၀၀ ပြည့်သွားပြီဖြစ်ကြောင်း နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) မှတ်တမ်းအရ သိရသည်။ ၄၄ လမ်း ဖြစ်စဉ်ကဲ့သို့ ဖြစ်ရပ်များ ထပ်မံ ပေါ်ထွက်လာခြင်း မရှိစေရန် ဆုတောင်းနေမည် ဆိုပါကလည်း ထိုဆုတောင်းသည် စစ်ကောင်စီ ကြီးစိုးနေသမျှ ကာလပတ်လုံး ပြည့်မြောက်အောင်မြင်မည်ဟု မဆိုနိုင်သေးပေ။ အာဏာသိမ်းစစ်ခေါင်းဆောင် ကာချုပ် မင်းအောင်လှိုင်နှင့် အစေအပါးများအနေဖြင့်လည်း တိုင်းရင်းသားပြည်သူများ၏လွတ်လပ်ခွင့်အတွက် မည်သည့်အချိန်အထိ ဝိတ်လောင်ထားဖို့ ရည်ရွယ်ထားပါသနည်း။ အထက်ပါ မေးခွန်းများကို ရေရွတ်လျက် 'စီးလောင်ဖြင်' ကဗျာမှ နောက်ဆုံးစာပုဒ်လေးဖြင့် အဆုံးသတ်ချင်ပါသည်။

'ဘယ်သူလဲ...

ဘယ်သူတွေလဲဟင်...

အသက်ရှင်နေသူများ...

သွားစို့...'

